ဟောင်ကောင်ကျွန်း အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လွှဲပြောင်းပေးအပ်သည့် အခမ်းအနား ဧည့်ခံပွဲကို ရန်ကုန်မြို့၊ ဒဂုံမြို့နယ် ခရေပင်လမ်းရှိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံရုံးဌာနကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁)ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ဟောင်ကောင်ကိုတရုတ်ပြည်က အုပ်ချုပ်သည့် ပထမဆုံးနေ့ အရုဏ်တက်ချိန်တွင် ဟောင်ကောင်ကို အကာအကွယ်ပေးမည့် တရုတ်စစ်သား ၄၀၀၀ သည် သံချပ်ကာကား များ၊ ထရပ်ကား များ၊ သင်္ဘောများဖြင့် ဟောင်ကောင် ဒေသအတွင်းသို့ ဝင်ရောက်လာခဲ့ ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယညက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် ကျောင်းအုပ်ကြီး လေတပ် ဒုတိယ ဗိုလ်ချုပ်ကြီး ချန်ချိုင်းချန်ချစ်ချင်ချိုင်းနှင့် အဖွဲ့အား ရန်ကုန်မြို့၊ ကုန်းမြင့်သာရှိ ဇေယျာ သီရိ ဗိမာန်တပ်မတော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လေ့လာရေးခရီးလည်ပတ်ရန်အတွက် ထိုင်းနိုင်ငံ၊ နိုင်ငံတော် တက္ကသိုလ်မှ သင်တန်းသား သင်တန်းသူ ၁၉၅ ဦးတို့သည် ထိုင်း နိုင်ငံ၊ နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ် ကျောင်းအုပ်ကြီး လေတပ် ဒုတိယ ဗိုလ်ချုပ်ကြီး ချန်ချိုင်း ချန်ချစ်ချင်ချိုင်းနှင့် နည်းပြများ ဦးဆောင်၍ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကမ္ဘောဒီးယားမြို့တော်ဖနွမ်းပင် ၈ တွင် အိမ်ပြင်မထွက်ရ အမိန့်ကို အာဏာပိုင်များက ရုပ်သိမ်းပြီးနောက် မြို့တော်မှာ ပြန်လည် အေးဆေး ငြိမ်သက်လျက် ရှိသည်။

ဇွန် ၂၈ ရက် ဟဲမီးဝိတ် လက်ဝှေ့သရဖူလုပွဲတွင် ချန်ပီယံ ဟိုလီဖီးလ်၏ နားရွက်ကို ကိုက်ဖြတ်ခဲ့သူ ချန်ပီယံဟောင်း မိုက်တိုင်ဆန်အား လက်ဝှေ့ထိုးသတ်ခွင့် လိုင်စင် ရုပ်သိမ်းရန်နှင့် ဒဏ်ငွေအဖြစ် ဒေါ်လာ ၃ သန်း ပေးဆောင်စေရန် နိဗ္ဗာဒါ အားကစား ကော်မရှင်က ဆုံးဖြတ်ခဲ့သဖြင့် မိုက်တိုင်ဆန်သည် လက်ဝှေ့ ကြိုးဝိုင်းများအတွင်း ဝင်ခွင့် ပိတ်ပင်ခံလိုက်ရသည်။

အရှေ့တောင်အာရှ နိုင်ငံများ ၁၀ အသင်း (အာဆီယံ) အတွင်း ကမ္ဘောဒီးယား နိုင်ငံအား အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပေးရေးကို အချိန်အကန့်အသတ်မရှိ ဆိုင်းငံ့ထား ရန် အာဆီယံက ဆုံးဖြတ်လိုက်သည်ဟု မလေးရှားနိုင်ငံခြားရေး ဝန်ကြီး ဘာဒါဝိက ပြောကြား သည်။ အာဆီယံဆုံးဖြတ်ချက်ကို ကွာလာလမ်ပူတွင် ကျင်းပသော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

၁၁ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉၇) သင်တန်းဆင်းကုဏ်ပြု စစ်ရေးပြ အခမ်းအနားကို ဗထူးတပ်မြို့ တပ်မတော် (ကြည်း) ဗိုလ်သင်တန်း ကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဒုတိယ တပ်မတော် ကာကွယ် ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး တက်ရောက်၍ မိန့်ခွန်း ပြောကြား သည်။

ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ အရှေ့တောင်ဘက် ၁၂၅ မိုင်အကွာ အတ္တယာ ရှိ အခန်း ၄၀၀ ရှိသော ရွှိုင်ယယ်ကျမ် တိန် အပန်းဖြေ ဟိုတယ်တွင် မီးလောင်မှု ဖြစ်ပွားရာ နိုင်ငံခြားသား ၁၀ ဦး အပါအဝင် သေဆုံးသူပေါင်း ၈၁ ဦး ရှိပြီး ၇၀ ဒဏ်ရာ ရသည်။

၁၆ ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့၌ ဖမ်းဆီးရမှုယစ်ဆေးဝါး ဖျက်ဆီးသည့် အခမ်းအနားကို လောက်ကိုင်မြို့ အားကစားကွင်း၌ ကျင်းပသည်။

၁၇ တောင်အာဖရိက သမ္မတနယ်လဆင်မင်ဒဲလာ သည် ထိုင်းနိုင်ငံတွင် နှစ်ရက်ကြာ လည်ပတ် ရန် ဗန်ကောက်သို့ ရောက်ရှိလာသည်။

၁၇ ဒုတိယ သမ္မတ နာရာယာနန် အား အိန္ဒိယနိုင်ငံ၏ ဒသမမြောက် သမ္မတအဖြစ် ရွေးချယ် တင်မြှောက်လိုက်သည်။ အသက် (၇၆)နှစ်ရှိ နာရာယာနန်အား၊ အမတ် ၄၈၄၈ ဦး ပါဝင်သော



ဟောင်ကောင်ကျွန်းအား တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့တက်ရောက်လာသော အတွင်းရေးမှူး(၁)နှင့်ဧနီးကိုတရုတ်သံအမတ်ကြီးက ကြိုဆိုနှုတ်ဆက်စဉ်

သမ္မတ ရွေးကောက်ရေးအဖွဲ့က လျှို့ဝှက်မဲပေး ရွေးချယ်လိုက်ခြင်း ဖြစ်သည်။

၁၈ နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးသည် မန္တလေးတိုင်း၊ မြင်းခြံခရိုင် တောင်သာမြို့နယ်၌ ကျင်းပသည့် တောင်သာရေလှောင်တမံဖွင့်ပွဲ အခမ်း အနား သို့ တက်ရောက် အမှာစကား ပြောကြား သည်။

ဘရာဇီးနိုင်ငံမှ ကမ္ဘာကျော် ဘောလုံးသမားပီလီကို ကမ္ဘာတစ်ဝန်း လုံး၌ အနာကြီးရောဂါ ပပျောက်ရေးအတွက် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ (ဒဗလျူအိပ်ချ်အို)၏ ချစ်ကြည်ရေး သံတမန်အဖြစ် ခန့်အပ်လိုက်သည်ဟု ဒဗလျူအိပ်ချ်အို က ထုတ်ပြန်သော သတင်းကြေညာချက်၌ ဖော်ပြသည်။

ကမ္ဘောဒီးယား ပထမ တွဲဖက် ဝန်ကြီးချုပ် နိုရိုဒွန်ရာနာရစ်ဒ်သည် ဗန်ကောက်မြို့တွင် ကမ္ဘောဒီးယား နိုင်ငံရေး အကျပ်အတည်းနှင့် ပတ်သက်၍ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဆွေးနွေးသည်။

၂၃ မလေးရှားနိုင်ငံ ဆူဗန်ဂျာယာ: မြို့၌ အကြိမ် (၃၀) မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန်အတွက် စုဝေး ရောက်ရှိ နေသော အာဆီယံနိုင်ငံခြား ရေး ဝန် ကြီး များ သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အား အာဆီယံခေါ် အရှေ့တောင်အာရှနိုင်ငံ များအသင်း အဖွဲ့ဝင်အဖြစ် အခမ်းအနားတစ်ရပ် ကျင်းပကာ ကြိုဆိုလက်ခံခဲ့သည်။ အာဆီယံသို့ မြန်မာနိုင်ငံနှင့် အတူ လာအို ပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ကိုလည်း ကြိုဆိုလက်ခံခဲ့သည်။ နိုင်ငံခြားရေး ဝန်ကြီး ဌာန၊ ဝန်ကြီး ဦးအုံးကျော် အနေ ဖြင့် အရှေ့တောင် အာရှနိုင်ငံ များ အသင်း တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝင်ရောက်ကြောင်း၊ ကြေညာစာတမ်းနှင့် အာဆီယံ စာချုပ်များသို့ ပြည်ထောင်စု မြန်မာ နိုင်ငံတော်က သဘောတူဝင်ရောက်ကြောင်း အခြေပြု စာချုပ် တို့ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ကိုယ်စား တက်ရောက် ၍ လက်မှတ်ရေးထိုး သည်။ ကြိုဆို လက်ခံပွဲ အခမ်းအနား တွင် အဖွဲ့ဝင်သစ် နှစ်နိုင်ငံအတွက် အလံတင်ပွဲ အခမ်းအနား လည်း ပါဝင်သည်။

၂၄ - ၂၅ (၃၀) ကြိမ် မြောက် အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ) ဝန်ကြီးများ အစည်း အဝေးကို မလေးရှားနိုင်ငံ၊ ဆူဗန် ဂျာယာမြို့၊ ဆန်းဝေး လာဂွန်ရိဆော့ဟိုတယ် လာဂွန်း (၂) ခန်းမ၌ ကျင်းပရာ မလေးရှား နိုင်ငံ၊ ဝန်ကြီးချုပ်ဒေါက်တာ မဟာသီ မိုဟာမက် တက်ရောက်၍ မိန့်ခွန်း ပြောကြား သည်။



အဆိုပါ အစည်းအဝေးသို့ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အသင်းဝင် နိုင်ငံကိုးနိုင်ငံဖြစ်သည့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက် နမ် နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များနှင့် သတင်းစာဆရာများ တက်ရောက်ကြသည်။

၂၈ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ကုန်သွယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီး Mr . Le Van Triet နှင့် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံ တွေ့ဆုံသည်။

၂၉ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်တိုင်း၊ မော်ဘီမြို့ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ် (၁၁) သင်တန်းဖွင့် ပွဲ အခမ်းအနား သို့ တက်ရောက်၍ သင်တန်းဖွင့် ဩဝါဒ စကားမြွက်ကြားသည်။

ဟောင်ကောင်ကျွန်း လွှဲပြောင်း
ပေးအပ် သည့်နေ့က တရုတ်နိုင်ငံ
ပီကင်းမြို့တွင် တရုတ် တိုင်းရင်းသား
လူမျိုးများ ပျော်ပွဲရွှင်ပွဲ ကျင်းပနေပုံ

သဂျတ်လ

မြန်မာနိုင်ငံ အမျိုးသား အိုလံပစ် ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြား:မှုတည်ဆောက်ရေး အဖွဲ့. အတွင်:ရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် သည် အား:ကစား ဝန်ကြီးဌာန အား:ကစား နှင့် ကာ ယ ပ ညာ သိပ္ပံ၊ အား:ကစား နှင့် ပ ညာ ရေး ပေါင်း စပ် လေ့ကျင့် ရေး သင်တန်း:ကျောင်း၊ အဆောက်အအုံ ဖွင့်ပွဲနှင့် အား:ကစား နှင့် ပညာရေးပေါင်း စပ် လေ့ကျင့်ရေးသင်တန်း ဖွင့်ပွဲ အခမ်း:အနား သို့ တက်ရောက်၍ သင်တန်း:ကျောင်း အဆောက်အအုံကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေး ပြီး သင်တန်း:ဖွင့် အမှာစကား ပြောကြား သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြား:မှု တည်ဆောက်ရေး:အဖွဲ့၊ အတွင်:ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်မြို့ ရှိ ကုလ သမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာ မင်းကြီး:ရုံး:မှ ဌာနေ ကိုယ်စား:လှယ် (Chief of Mission, United Nations High Commission for Refugees) Mr. Canh Nguyen Tang အား: ကာကွယ်ရေး ဝန်ကြီး:ဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံ သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြား:မှု ဘည်ဆောက်ရေး အဖွဲ့. ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော် ငြိမ်ဝပ်ပိပြား:မှု တည်ဆောက် ရေး:အဖွဲ့. အတွင်:ရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီး:များ၊ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ကရင် ပြည်နယ်၊ ဘား:အံ မြို့နယ် သံလွင်တံတား:(ဘား:အံ) ဖွင့်ပွဲ အခမ်း:အနား:သို့ တက် ရောက်၍ နှုတ်ဆက်စကား ပြောကြား ပြီး ကရင်ပြည်နယ် အတွင်းရှိ တံတား တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ကမ္ဘောဒီးယား ဒုတိယတွဲဖက် ဝန်ကြီးချုပ် ဟွန်ဆန်နှင့် အာဆီယံကြား:ဝင် စေ့စပ်ဖျန်ဖြေရေး အဖွဲ့တို့ သည် ပဋိပက္ခ ပြီး:ဆုံး:ရေး၊ ရွေးကောက်ပွဲ များ ကျင်း:ပရေး လိုအပ်ကြောင်း:ကို သဘောတူညီမှု ရခဲ့ကြ သော်လည်း ဖယ်ရှား:ခံရသော မင်း:သား နိုရိုဒွန် ဂနာရစ်၏ အခန်း:ကဏ္ဍနှင့် ပတ်သက်၍ အဆုံး:အဖြတ် ပေး:ပုံမရ ကြောင်း ရိုက်တာက ရေး:သား:ဖော်ပြသည်။

၅ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြား:မှု တည်ဆောက်ရေး အဖွဲ့. ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် လာအို ပြည်သူ့ဒီမို ကရစ်တစ် သမ္မတနိုင်ငံ၊ နိုင်ငံခြား:ရေး ဝန်ကြီး:ဌာန ဝန်ကြီး: မစ္စတာ ဆွန်ဆာ ဗတ်လင်ဆာဗတ်နှင့် အဖွဲ့အား: ကာကွယ်ရေး ဝန်ကြီး:ဌာန ဒဂုံရိပ်သာ၌ လက်ခံ တွေ့ဆုံသည်။


၆ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြား:မှု ဘည်ဆောက်ရေး:အဖွဲ့၊ အတွင်:ရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အာဆီယံ နိုင်ငံတကာ ပါလီမန်များ:အသင်း၊ ဒုတိယ ဥက္ကဋ္ဌ မစ္စတာ ဆူဂီဟာတိုနှင့် အဖွဲ့အား: ကာကွယ်ရေး ဝန်ကြီး:ဌာန ဒဂုံရိပ်သာ၌ လက်ခံ တွေ့ဆုံသည်။

၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြား:မှု ဘည်ဆောက်ရေး:အဖွဲ့. ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီး:ချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ ဥယျာဉ် သို့ သွား:ရောက်၍ အာဆီယံနှစ် ၃၀ ပြည့် အထိမ်:အမှတ် အဖြစ် ပိတောက်ပင်ကို စိုက်ပျိုး:ပေး သည်။

အာဆီယံအဖွဲ့ဆိုင်ရာ ဦး:ဆောင် ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြား:မှု တည်ဆောက်ရေး:အဖွဲ့၊ အတွင်း:ရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်. နှင့်ဇနီး: ဒေါက်တာဒေါ်ခင်ဝင်း:ရွှေတို့က အာဆီယံ ဖွဲ့စည်း:တည်ထောင်သည့် နှစ် ၃၀ ပြည့် အထိမ်:အမှတ် အခမ်း:အနား နှင့် ညစာ စား:ပွဲကို ပြည်သူ့.လွှတ်တော် အဆောက် အအုံ၌ ကျင်း:ပသည်။

၁၁ လူတိုင်း:အတွက် ပညာရေးဆိုင်ရာ ပေါင်း:စပ်ညှိနှိုင်း:မှု ဗဟို ကော်မတီ (၁/၉၇) ကြိမ်မြောက် အစည်း:အဝေး:ကို အဆင့်မြင့်ပညာ ဦး:စီး:ဌာန အစည်း: အဝေး:ခန်း:မ၌ ကျင်း:ပ ရာ လူတိုင်း:အတွက် ပညာရေးဆိုင်ရာ ပေါင်း:စပ်ညှိနှိုင်း:မှုဗဟို ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြား:မှု တည်ဆောက် ရေး အဖွဲ့၊ အတွင်း:ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ဆွေး:နွေး: မှာကြား:သည်။

အာဆီယံအဖွဲ့ဆိုင်ရာ ဦး:ဆောင် ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြား:မှု တည်ဆောက်ရေး:အဖွဲ့၊ အတွင်း:ရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် အား: အာဆီယံယဉ်ကျေး:မှုနှင့် ပြန်ကြား: ရေး ပူး:ပေါင်း:ဆောင်ရွက်မှု အစီအစဉ် အရ အာဆီယံ နှစ် ၃၀ ပြည့် အထိမ်: အမှတ် အဖြစ် အင်ဒိုနီး:ရှား: သမ္မတနိုင်ငံ၊ ဂျကာတာ မြို့၌ ကျင်း:ပခဲ့သည့် ၁၉၉၇ ခုနှစ် အာဆီယံ ယဉ်ကျေး:မှုဆုနှင့် အာဆီယံပြန်ကြား:ရေးဆု လက်ခံရယူ ခဲ့သော ပုဂ္ဂိုလ်များ၊ အာဆီယံ သီချင်း ပွဲတော်တွင် ပါဝင် ဆင်နွှဲခဲ့ကြသော အနုပညာရှင်များက ပြည်လမ်းရှိ မြန်မာ့ ရုပ်မြင်သံကြား:နှင့် အသံလွှင့် ဦး:စီး:ဌာန အစည်း:အဝေး:ခန်း:မ၌ တွေ့ဆုံ နှုတ်ဆက် ကြသည်။



ဗိုလ်ချုပ်ကြီးမောင်အေးနှင့်အဖွဲ့ဝင်များ လားရှိုးမြို့နယ်နှင့်သီပေါမြို့နယ် အစပ်ရှိ စဉ့်အင်ဘေလီတံတားကို ကြည့်ရှုစစ်ဆေးကြစဉ်

၁၂ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြား:မှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ လူမှုစီးပွားရေး ဆိုင်ရာစီမံကိန်းရေးဆွဲရေး ဝန်ကြီးဌာန ဝန်ကြီးဒေါက်တာစီလီတို၊ အက်ဖ်၊ ဟာဘီတိုနှင့် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၁၃–၁၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြား:မှု တည်ဆောက် ရေး အ ဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ် ချုပ်ကြီး မောင်အေးနှင့် နိုင်ငံတော်ငြိမ်ဝပ် ပိပြား:မှု တည်ဆောက်ရေးအဖွဲ့၊ အတွင်း ရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး တို့သည် ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ် များနှင့်အတူ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် မန္တလေး တိုင်း၊ မိတ္ထီလာ မြို့များသို့ သွားရောက်ပြီး လုည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

၂၀ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြား:မှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဒေဂူးကော်ပိုးရေးရှင်း၊ ဒေဂူးအုပ်စုဥက္ကဋ္ဌ မစ္စတာ ဂူးချန်းကင်နှင့် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၂၁ အိန္ဒိယနိုင်ငံ၏ နှစ် ၅၀ မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြား ရာ၌ အိန္ဒိယဝန်ကြီးချုပ် အင်ဒါကူမာ ဂူဂျရယ်က နိုင်ငံကို ခြိမ်းခြောက်နေသော လာဘ်ပေး လာဘ်ယူမှုကို တိုက်ဖျက်ကြရန် တိုင်းသူပြည်သားများအား တိုက်တွန်း သွားသည်။

၁၆ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်စပ်မြို့ဖြစ်သော ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နှင့် ထိုင်းနိုင်ငံ၊ တပ်ခရိုင် မဲဆောက်မြို့နယ်ကြား သောင်ရင်းမြစ်ကို ဖြတ်၍ တည်ဆောက်ထားသည့် မြန်မာ–ထိုင်း ချစ်ကြည်ရေးတံတားဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

အရှေ့တောင်အာရှဒေသအတွင်း ပိုမိုငြိမ်းချမ်းစေရန်၊ တည်ငြိမ်စေရန်၊ တိုးတက်ပြီး ကြီးပွားချမ်းသာစေရန် အတွက် ဆောင်ရွက်ရာတွင် အာဆီယံသည် ပို၍ကျစ်လစ်ခိုင်မာစွာ ပူးပေါင်းရန် လိုအပ်မည်ဟု အင်ဒိုနီးရှား သမ္မတ ဆူဟာတိုကပြောကြားလိုက်သည်။


၁၇ အိန္ဒိယနိုင်ငံတွင် ဒုတိယသမ္မတအဖြစ် ခရစ်ရှန်ကန်အား ရွေးကောက်တင်မြှောက်လိုက်သည်။

၁၉ ရာထူးမှ ဖယ်ရှားခြင်းခံရသော ကမ္ဘောဒီးယား တွဲဖက်ဝန်ကြီး ချုပ်မင်းသား နိရိဒွန်ရာနာရစ်က ကမ္ဘောဒီးယားနိုင်ငံ၌ ပြည်တွင်းစစ် ဖြစ်မည့် အရေးကိစ္စကို တားဆီး ကာကွယ်ပေးရန် အ ရေ တောင် အာ ရှ နိုင် ငံ များ အား တိုက်တွန်းပြောဆိုကြောင်း ရိုက်တာက ရေးသား ဖော်ပြသည်။

၂၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ချစ်ကြည်ရေးခရီးအလည်အပတ် ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတ နိုင်ငံ၊ တပ်မတော် စစ်ဦးစီးအရာရှိချုပ် (ကြည်း) Major General Mohammad Anwar Hossainနှင့် အဖွဲ့အား ကုန်းမြင့်သာရှိ ဓေယျာသိရိ ဗိမာန် တပ်မတော်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။

၂၄ တိုင်းစစ်ဌာနချုပ်များမှ အငြိမ့် အဖွဲ့(၂၁) ဖွဲ့ ပါဝင် ယှဉ်ပြိုင်မည့် ၁၉၉၇ ခုနှစ်၊ ဒုတိယအကြိမ် မြဝတီ

ဩဂုတ် ၃၁ ရက်နေ့က ဒိုင်ယာနာ ယာဉ်တိုက်မှု ဖြစ်ပွားသည့်နေရာနှင့် ပျက်စီးနေသောကားကို တွေ့ရစဉ်



အငြိမ့်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

၂၅ ပြည်ထောင်စု ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြား မှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် မော်ဘိုမြို့ ဗဟို ပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စုခန်းမ၌ ပြည်ထောင်စု ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ် (၁၁) မှ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံမှာကြား သည်။

၂၆ ပြည်ထောင်စုကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း နာယက၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သည် ရန်ကုန်ကိုင်း၊ မော်ဘိုမြို့ရှိ ဗဟို ပြည်သူ့ ဆက်ဆံရေးတပ် ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ် (၁၁) သင်တန်းဆင်းပွဲ အခမ်းအနား သို့တက်ရောက်၍ သင်တန်းဆင်းသြဝါဒစကား မြွက်ကြား သည်။

၂၈ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး၊ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင်နှင့် ဝန်ကြီးများ လိုက် ပါလျက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ရတနာသဘာဝဓာတ်ငွေ့ စီမံကိန်း၊ ကမ်းလွန် ရေနံတွင်းတူးစင် အမှတ် (၂) ပေါ်သို့ ရောက်ရှိလာကြပြီး စီမံကိန်း လုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှု စစ်ဆေးသည်။

၂၉ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီး ချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး သည် ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိ နေ သော မ လေး ရှား နိုင် ငံ၊ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် Lt-General Dato Maulub bin Maamin အား ကုန်းမြင့်သာရှိ ဓေယျာ သိရိဗိမာန် တပ်မတော်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။

၃၀ လမ်းပန်းဆက်သွယ်မှုလုံခြုံရေး မွေ့စေရေး ကြိုးကြပ်မှု ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးသည် လူကူးတဲတား အဆင့်မှ (ယာဉ် + ကုန်) ငါး တန် ယာဉ် များ ဖြတ်သန်းနိုင်သည့် အဆင့်ရအောင် အထူး ပြင်ဆင်ခဲ့သည့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါပုံမြို့နယ်နှင့်

သာကေတ မြို့နယ်များသို့ ဆက်သွယ်သော ငမိုးရိပ် သံပေါင် တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးသည်။

ဒေသအတွင်း လုံခြုံရေးတည်တံ့ခိုင်မြဲစေရန်နှင့် အမေရိကန်ရေတပ်များ ဒေသတွင်း၌ရှိနေမှု အဆုံးသတ်စေရန် အတွက် ပင်လယ်ကွေ့ နိုင်ငံများ၏ ညှိနှိုင်း မဟာဗျူဟာတစ်ရပ် ဖော်ဆောင်ရန် အီရန် ကာကွယ်ရေးဝန်ကြီး သစ်က တိုက်တွန်း လိုက်သည်။


၃၁

တော်ဝင် ဗြိတိန် မင်းသမီး ဒိုင်ယာနာသည် ကားတိုက်မှု ဖြစ်ပြီး ဆေးရုံတွင် သေဆုံးသွားသည်ဟု ပြင်သစ် ပြည်ထဲရေးဝန်ကြီး ယွမ်ပီရေး ရှက်ဗ်နီမင့်က ပြောကြား သည်။

စက်တင်ဘာလ

၁ နိုင်ငံတော် ငြိမ်ဝပ် ပိပြား မှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် အား ရန်ကုန်မြို့တွင်ရောက်ရှိနေသော အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ ဒါတိုအာဂျစ်ဆင်းက ကာကွယ်ရေး ဝန်ကြီးဌာန၊ ဒဂုံရိပ်သာသို့ လာရောက် တွေ့ဆုံသည်။

၂ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော် (ကြည်း၊ရေ၊ လေ) ကွန်ပျူတာဌာနမှူးရုံးနှင့် ကွန်ပျူတာ ဂျာနယ်တို့ ပူးပေါင်းစီစဉ်သည့် ပထမ အကြိမ် မြန်မာနိုင်ငံတကာ ကွန်ပျူတာ ပြပွဲ ၉၇ ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်း ရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက်ချီးမြှင့်သည်။



ပြည်မြို့စွယ်တော်တိုက်တွင် ကိန်းဝပ်စံပယ်လျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖူးမြော်ကြည်ညိုစဉ်

၅ ‘စေတနာရှင် အဖွဲ့ချုပ်ကြီး’ကို စတင်တည်ထောင်ခဲ့သည့် သူဆင်းရဲတို့၏ သူတော်စင်သိလရှင်မာသာ ထရီဇာ(၈၇) နှစ်သည် အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့၌ ကွယ်လွန်သည်။

၆ ဩဂုတ်လ ၃၁ ရက်နေ့ နံနက် အစောပိုင်းတွင် ယာဉ်မတော် တဆမှုကြောင့် ကွယ်လွန်ခဲ့သော ဒိုင်ယာနာ မင်းသမီး၏ ဈာပနအခမ်း အနားကို ဝက်စမင်စတာအက်ဘေးဝတ် ကျောင်းတော်တွင် ကျင်းပခဲ့သည်။ ဂိုဏ်းချုပ် ဆရာတော် ဝက်စလေကား၏ ဆုတောင်းမေတ္တာပို့ စကားဖြင့် ဝတ်ပြုဆုတောင်းပွဲကို စတင်ခဲ့သည်။ အဆို တော် အယ်လ်တန်ဂျွန်က “လေထဲမှ ဖယောင်းတိုင်” သီချင်းကို သီဆို ဂုဏ်ပြုသည်။ ဝတ်ပြုဆုတောင်းပွဲအပြီး ဒိုင်ယာနာ၏ ရုပ်အလောင်းကို လန်ဒန် မြောက်ဘက် မိုင် ၈၀ အကွာရှိ ၁၆ ရာစုကတည်းက စပင်ဆာမိသားစု ဆွေစဉ် မျိုးဆက်ပိုင်ဆိုင်ခဲ့သည့် အယ်သော့စ်အိမ်ဝင်း အတွင်းသို့ပို့ဆောင်၍ မြေမြှုပ်သင်္ဂြိုဟ်သည်။

၉ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် သည် မူဆယ် မြို့နယ် ၁၀၅ မိုင် မိုင်းယုဒ္ဓ ကျင်းပသည့် မန္တလေး-လားရှိး မူဆယ် ပြည်ထောင်စုလမ်းမကြီး ပြုပြင် ဆောက် လုပ်ခြင်း စီမံကိန်း၊ လားရှိး-မူ ဆယ် လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက် ရောက် အမှာစကား ပြောကြားသည်။

၁၂ တပ်မတော် (ကြည်း) ဗိုလ် သင်တန်းကျောင်း၊ အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၅)



ကွယ်လွန်သူသီလရှင်ကြီး
မာသာထရိဇာ

ကွယ်လွန်သူဒိုင်ယာနာ၏ ခေါင်း: တင်
ထား:သောမြင်းခြောက်ကောင်ဆွဲ
အမြောက် လှည်း: သယ်ဆောင်လာစဉ်နှင့်
နောက်ဆုံး: ဂါရဝပြုကြသည့်
ဗြိတိန်ပြည်သူများ:



လုပ်ငန်း၊ အမှတ် (၂) စက်ရုံမှ ထုတ်လုပ်သည့် တွဲထွန်စက်နှင့် စက်ပစ္စည်း များ၊ မန်းချောင်း ရေလှောင် တမံနှင့် မုန်းချောင်း ရေ လှောင် တ မံ ဘက် စုံ စီ မံ ကိန်း တည် ဆောက် ရေး လု ပ် ငန် း များ ကို လည်လည် စစ်ဆေးကာ လိုအပ် သည်များ ကို လမ်းညွှန် မှာကြား သည်။

၂၄ နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မန္တလေး စံပြစက်မှုမြို့သစ်၊ မြန်မာ့ သစ်ထွက် ပစ္စည်းစက်ရုံ၊ ကြိမ်ချောနှင့် ကြိမ်ပရိဘောဂ စက်ရုံ၊ ကွန်ကရစ် ထုတ်လုပ် ရေးစက်၊ တောင်သမန်အင်း၊ ကမ်းနား လမ်း၊ မန္တလေး ကန်တော်ကြီး နှင့် ကန်ပတ်လမ်း အခြေ အနေများကို လှည့်လည်စစ်ဆေးပြီး လိုအပ် သည်များ လမ်းညွှန် မှာကြား သည်။

မိုးယက်နမ်အမျိုးသားလွှတ်တော်က နိုင်ငံတော်အကြီးအကဲလိဒတ်အန်၏ နေရာကိုအစားထိုးကာသမ္မတသစ် အဖြစ် ထရန်ဒပ်လွန် (အသက် ၆၀)ကို မဲရွေး ချယ် သည်။

၂၆ အင်ဒိုနီးရှား အဲယားဘတ်(စ) ခရီးသည်တင်ဂျက်လေယာဉ်ကြီး တစ်စင်းသည် အင်ဒိုနီးရှားသစ်တော ဒေသကိုဖြတ်၍ အကြီးအကျယ် လောင် ကျွမ်းသောတောမီးကြောင့် မီးခိုးများ ဖုံးအုပ်နေသည့် ဆူမတ္တရာ မြောက်ပိုင်းတွင် ပျက်ကျခဲ့ရာ ခရီးသည်နှင့် အမှုထမ်း ၂၃၄ ဦး သေဆုံးသည်။ ပတ်ဝန်းကျင် ထိန်းသိမ်း သူများက တောဟက်တာ ၅ သိန်းမှ ၆ သိန်းကြား မီးလောင်ကျွမ်းသည်ဟု ပြောဆိုသည်။

၂၇ ယူဂန္ဒာနိုင်ငံတွင် ၁၉၈၄ ခုနှစ် မှစပြီး ခုခံအားကျဆင်းသည့် ရောဂါနှင့်ဆက်နွယ်သည့်ရောဂါကြောင့် သင်တန်းဆင်းပွဲ အခမ်းအနားကို ဗထူး တပ်မြို့၊ ဗိုလ်သင်တန်းကျောင်း စစ်ရေး ပြကွင်း၌ ကျင်းပရာ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြား သည်။

ကွယ်လွန်သူသီလရှင် မာသာ ထရီဇာ၏ ဈာပနအခမ်းအနားကို အိန္ဒိယ နိုင်ငံ အရှေ့ပိုင်း၊ ကာလကတ္တား မြို့ရှိ မိုးလုံ လေလုံအားကစားရုံကြီးထဲ၌ ပြုလုပ်သည်။

၁၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှုတည်ဆောက်ရေးအဖွဲ့ အစိုးရ၏ တိုင်းကျိုးပြည်ပြု မှတ်တမ်း တင်စာတစ်ပုံ ၁၀၀၀ ပြပွဲဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ဥ.ဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ နိုင်ငံ တော် ငြိမ်ဝပ်ပိပြား မှုတည်ဆောက် ရေးအဖွဲ့ အတွင်း ရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက် အားပေးကြည့်ရှုသည်။

၁၄ ရန်ကုန်-မန္တလေး-ပုဂံ-ပြည်-ရန်ကုန် (ရိုးမ) ပတ်ရထား လမ်း ကြိုး၏ ပုဂံ-အောင်လံ-ပြည် ရထား လမ်း ပိုင်းသစ် ဖွင့်ပွဲအခမ်းအနားနှင့် ရိုးမ ပတ်ရထားလမ်း ဖောက်လုပ်ရာတွင် ပါဝင်ကြသည့် တပ်မ ဌာနချုပ်များအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ပုဂံ-ညောင်ဦးနှင့် ပြည်မြို့တို့၌ ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြား မှုတည်ဆောက် ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်ကြီး မောင်အေး တက်ရောက် အားပေး ချီးမြှင့်သည်။

မြို့ရွာနှင့် အိုးအိမ်ဖွဲ့ဖြိုးရေးဦးစီးဌာနနှင့် ဒေကမ္ဘာကုမ္ပဏီလီမိတက်တို့ ပူးပေါင်း ဆောင်ရွက်သည့် မင်္ဂလာဒုံညဟွဲ့မြို့တော် စီမံကိန်းဖွင့်ပွဲ အခမ်းအနားကို မင်္ဂလာဒုံ မြို့နယ်၊ အမှတ်(၃) လမ်းမကြီး နံဘေးရှိ မင်္ဂလာဒုံ ညဟွဲ့ မြို့တော်အဝင် မုခ်ဦး၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှုတည်ဆောက်ရေးအဖွဲ့၊ အတွင်း ရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ စက်ခလုတ်နှိပ်ကာ မင်္ဂလာဒုံ ညဟွဲ့ မြို့တော် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

၁၅ ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြား မှုတည်ဆောက် ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည် သင်းလုံးကျတ် အစည်းအဝေး(၁၉၉၇)သို့ တက်ရော က်၍ သြဝါဒစကား ပြောကြား ကာ ညပိုင်းတွင် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းများမှ ကိုယ်စားလှယ် များအား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်း ကျွေးခဲ့သည်။

၁၈–၂၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်မြို့မင်းကြီးတောင် နဝေးဒေး တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများအား နွတ်ဆက်စကား ပြောကြား၍ ညပိုင်းတွင် ပြည်မြို့ လေးဆူတတ်ပျော် ရွှေဆံတော်စေတီတော်အား သွား ရောက် ဖူးမြော်ကြည်ညိုသည်။ ယင်း နောက် ဧရာဝတီမြစ် အနောက်ဘက် ခြမ်း ဒေသ များ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ များဖြစ်သည့် မန်းရေနံမြေ၊ ထောက်ရှာပင် ကမ်းနံ ရေနံမြေ၊ မလွန်ရှိ အကြီးစား စက်မှု

လူ ၄ သိန်းထက်မနည်းသေဆုံးခဲ့သည် ဟု ယူဂန္ဒာ အေအိုင်ဒီအက်(စ) ကော်မရှင် အကြီးအကဲက ပထမဆုံးအကြိမ် အဖြစ် ထုတ်ပြန်ကြေညာသည်။ လူဦးရေ ၁၈ သန်းဝန်းကျင်ရှိသော ယူဂန္ဒာနိုင်ငံတွင် ၁.၅ သန်းခန့် မှာ အိပ်(ချ) အိုင်ဗို ဗိုင်းရပ်(စ) ပိုးစွဲကပ် နေသူများ ဖြစ်ကြောင်းကိုလည်း ပြောကြား၊သည်။

၂၈ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ် ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် သယ်နှုန်းကျွန်း မြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရှု (၁) ၌ ၁၉ ကြိမ်မြောက် အရှေ့တောင် အာရှ အားကစား ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ကြမည့် မြန်မာ့အားကစား အဖွဲ့အား တွေ့ဆုံ အမှာစကား ပြောကြားပြီး မြန်မာ့ အားကစား အဖွဲ့ခေါင်းဆောင် တွဖက် စစ်ထောက်ချုပ် ဗိုလ်မှူးချုပ် သိန်းထွန်းအား နိုင်ငံတော်အလံကို အပ်နှင်းသည်။

၂၉ မန္တလေးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နန်းမြို့ဆုတောင်းပြည့် ဘုရားကို ဖူးမြော်ကြည်ညိုကာ မြနန်းစံကျော် ရွှေနန်းတော်ကို လှည့်လည် စစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှာကြား သည်။

အောက်တိုဘာလ

၁ – ၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ ပုဂံ – ညောင်ဦးမှ ပခုက္ကူမြို့သို့ ရောက်ရှိသည်။ ပခုက္ကူမြို့ သိဟိုဠ်ရှင် မြတ်စွာဘုရား၊ ဘုရားကို ဖူးမြော် ကြည်ညိုသည်။ ရွှေတန့်တစ် ကျေးရွာတွင် မြစ်ရေတင် စိုက်ပျိုးရေးလုပ်ငန်း များကို ကြည့်ရှုစစ်ဆေး သည်။ ကမ္မစံပြကျေးရွာရှိ သဘာဝတတ်ငွေ့သုံး တတ် အားပေးစက်ရုံ တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်သည်။ တာဝန်ရှိသူများက သဘာဝတတ်ငွေ့သုံး တတ် အားပေးစက်ရုံ တည်ဆောက် အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဗိုလ်ချုပ်မှူးကြီးအား တင်ပြကြသည်။ ဗိုလ်ချုပ်မှူးကြီးက ဆောင်ရွက်ပေးသင့်သည့် အခြေအနေများကို လမ်းညွှန်မှာကြား သည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် မကွေးတိုင်း ပေါက်မြို့နယ်၊ လက်ပံတိုရေနံနှင့် သဘာဝတတ်ငွေ့ မြေသို့ လည်းကောင်း၊ မြိုင်မြို့နယ် ကျောက်ခွက် ရေနံနှင့် သဘာဝ တတ်ငွေ့မြေသို့ လည်းကောင်း သွားရောက်ပြီး တာဝန် ရှိသူများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြား သည်။ ထို့နောက် ပုဂံ-ညောင်ဦးသို့ ပြန်လည်ထွက်ခွာ သည်။ ပုဂံ-ညောင်ဦးမှ တစ်ဆင့် ရန်ကုန်သို့ ပြန်လည် ရောက်ရှိသည်။

၂ ပဉ္စမအကြိမ် မြန်မာ့ ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကို မြို့မကျောင်းလမ်းရှိ အမျိုးသား ဇာတ်ရုံတွင် ကျင်းပသည်။ ပဉ္စမအကြိမ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယက၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်. တက်ရောက် မိန့်ခွန်းပြော သည်။

၃ – ၄ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်. သည် မြန်မာ– စင်ကာပူ နှစ်နိုင်ငံဝန်ကြီး အဆင့် လုပ်ငန်းကော်မတီ၏ ဒုတိယ အကြိမ်အစည်းအဝေးသို့ တက်ရောက် ရန် စင်ကာပူ သမ္မတနိုင်ငံသို့ ထွက်ခွာ သည်။ အတွင်းရေးမှူး (၁) သည် ဤလ ၄ ရက်နေ့၌ စင်ကာပူနိုင်ငံမှ ပြန်လည် ရောက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် စင်ကာပူသမ္မတနိုင်ငံအစိုးရ တို့အကြား သဘောတူစာချုပ်ချုပ် ဆိုခြင်း အခမ်းအနားကို စင်ကာပူနိုင်ငံ ရှိ ရှန်ဂရီလာ ဟိုတယ်တွင် ကျင်းပသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ဘက်မှ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်အမှူးပြု ၍သက်ဆိုင်ရာဝန်ကြီးများတက်ရောက် ကြသည်။

၄ နိုပေါနိုင်ငံ အောက်လွတ်တော် တွင် အတိုက်အခံနိုပါလီကွန်ဂရက် ပါတီ (အင်စီ)က ဦးဆောင်ကာ အယုံ အကြည်မရှိ အဆို တင်သွင်း ခဲ့ရာ ၁၀၇ မဲ ၉၄ မဲ ဖြင့် မဲခွဲဆုံးဖြတ် လိုက်သောကြောင့် ဝန်ကြီးချုပ် လိုကန် ဒရာဗဟာဒူးချန် ခေါင်းဆောင်သော သက်တမ်း ခုနစ်လ ရှိ ညွန့်ပေါင်းအစိုးရ ပြုတ်ကျသွားသည်။

၆ နိုပေါဘုရင် ဘီရင်ဒရာက ဆူယာဘဟာဒူးသာပအား နိုပေါနိုင်ငံ၏ ဝန်ကြီးချုပ်သစ် အဖြစ် ခန့်အပ် လိုက်သည်။

၉ ဝိုင်အရက် ဖြူ၊ ဘီယာနှင့် အရက်များကို သင့်တင့်ရုံသောက်သုံး ခြင်းသည် ဝိုင်အနီကို မှုတရုံ သောက်သုံး ခြင်းနည်းတူ နှလုံးရောဂါ ဖြစ်ပွားမှုမှ ကာကွယ်နိုင်သည်ကို တွေ့ရှိ ရကြောင်း



ပဋ္ဌမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဒုံးပတ်တီး ပြိုင်ပွဲဝင်နေသော ဒုံးပတ်အဖွဲ့.

လန်ဒန်ရှိ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက ပြောသည်။ နိုင်ငံ တကာမှ ဧဝဗေဒ ပညာရှင်များ၊ နှလုံး အထူးကု ဆရာဝန်ကြီး များ၊ မူးယစ် ဆေးစွဲ အထူးကု ဆရာဝန်ကြီးများ၊ လူမှုရေး ပညာရှင်များ၏ နှိုးနော ဖလှယ်ပွဲတစ်ရပ်တွင် ဘီယာ၊ ဝိုင်အရက်ချို သို့မဟုတ် အရက် အသင့် အသင့် သောက်သုံးကြသူများသည် အရက် လုံးဝ မသောက်သူများ အောက် နှလုံးရောဂါ ဖြစ်ပွားမှု ၂၅ ရာခိုင်နှုန်းလျော့နည်း ကြောင်း ထုတ်ဖော်တင်ပြသည်။

မြန်မာနိုင်ငံတွင် ပထမဆုံး ဖွင့်လှစ် သည့် သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်း ဖွင့်ပွဲ အခမ်းအနား ကို ရန်ကုန်မြို့၊ မရမ်းကုန်း မြို့နယ်ရှိ ဝမ္မေသကသီလရှင် စသင် တိုက်တွင် ကျင်းပသည်။ နိုင်ငံတော် ငြိမ်ဝပ် ပိပြား မှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက်သည်။

ကူဝိတ်နိုင်ငံကို အီရတ်တို့ ကျူးကျော် သိမ်းပိုက်စဉ်က ဆုံရှုံး နစ်နာ သူများအတွက် ကူဝိတ်နိုင်ငံက ကုလ သမဂ္ဂလျော်ကြေး ကော်မရှင်(ယူအင်စီ) ထံမှ ဒေါ်လာ ၁၀၅ သန်း လက်ခံရရှိ ကြောင်း ကြညာ သည်။

၁၉ ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲ အလေး မ ၅၄ ကီလိုတန်းပြိုင်ပွဲတွင် မြန်မာ နိုင်ငံမှ ကြူးကြူဝင်းက စုစုပေါင်း ၁၈၇ ၁သမ ၅ ကီလိုမပြီး ရွှေတံဆိပ်ရရှိသည်။

၁၅–၁၇ ပြည်ထောင်စု မြန်မာနိုင်ငံတော် ငြိမ်ဝပ် ပိပြား မှု တည်ဆောက်ရေးအဖွဲ့. ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့.၏ ဖိတ်ကြား ချက်အရ ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတကြီး ဖီဒယ်လ်၊ ဗွီ၊ ရာမို့စ်နှင့် ဇနီး မဒမ်အမ်မီလီတာ၊ အမ်၊ ရာမို့စ် တို့ ခေါင်းဆောင် သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ် ရောက်ရှိသည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် တကွ နိုင်ငံတော်အကြီး အကဲများ၊ သံအမတ် ကြီးများ၊ သံတမန် အကြီးအကဲများက ရန်ကုန် အပြည်ပြည် ဆိုင်ရာ လေဆိပ် တွင် ကြိုဆိုကြသည်။ မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ပြီး ဖိလစ်ပိုင်သမ္မတကြီးနှင့် အဖွဲ့သည် ဤလ ၁၇ ရက်နေ့၌ ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာသည်။

၁၈–၁၉ နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှု တည်ဆောက်ရေးအဖွဲ့. ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီး ချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး



အမေရိကန်ပြည်ထောင်စုသို့ အလည်အပတ်ရောက်ရှိလာသည့် ဗာရတ်နိုင်ငံသမ္မတ ကျန်ဇီမင်းအား အမေရိကန်သမ္မတ ကလင်တန်နှင့်အတူ တွေ့ရစဉ်

မောင်အေးနှင့် နိုင်ငံတော်ငြိမ်ဝပ် ပိပြား:မှု တည်ဆောက်ရေးအဖွဲ့ အတွင်း ရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် ရှမ်းပြည်နယ် ဟဲဟိုးသို့ ရောက်ရှိသည်။ ရွှေညောင်-ရပ်စောက် -ကျောက်ကူ-တောင်ခမ်း-ကံကြီး-နောင်ချိုကား:လမ်း ဖောက်ရေးအတွက် ဆောင်ရွက်နေသည် များကိုစစ်ဆေး ကြည့်ရှုသည်။ ထို့နောက် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချို မြို့နယ် တောင်ခမ်း ကျေးရွာသို့ ရောက် ရှိပြီး ကံကြီး-တာပလန်း-အပိုင်းကား လမ်းဖောက်လုပ်မှု အခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက် များအပေါ် လမ်းညွှန်မှာကြား:သည်။ ဤလ ၁၉ ရက်နေ့၌ ဗိုလ်ချုပ်ကြီး မောင်အေးနှင့် အဖွဲ့သည် အင်းလေး ဖောင်တော်ဦး ဗုဒ္ဓ ရုပ်ပွား တော်များအား စံကျောင်းတော်သို့ ပြန်လည် ပင့်ဆောင်သည့် အခမ်းအနား ကို တက်ရောက် ကြည့်ရှုကြသည်။

၂၄ ထိုင်း နိုင်ငံ ဝန်ကြီးချုပ် ချာဗာလစ်ယောင်ချိုင်ယုဒ်သည် အစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်း လိုက် သည်။ ဘဏ္ဍာရေးဝန်ကြီး နေရာကို ဘဏ်လုပ်ငန်းရှင်ကြီး တစ်ဦးဖြစ်သူ ကိုဆစ်ပန်ပီ အမ်ရပ်စ်အား ခန့်အပ်လိုက် သည်။

၂၇ - ၂၉ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ် ပိပြား:မှု တည်ဆောက်ရေး အဖွဲ့၊ အဖွဲ့ဝင်နှင့် ဒုတိယ ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင်၏ ဖိတ်ကြား:ချက်အရ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဝူဘန်း:ကို ခေါင်း:ဆောင်သော ချစ်ကြည်ရေး:ကိုယ်စား:လှယ်အဖွဲ့သည် ချစ်ကြည်ရေး:ခရီး:လည်ပတ်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိသည်။ တရုတ်ဒုတိယ ဝန်ကြီး ချုပ်အား:ဤလ ၂၈ ရက်နေ့၌ ပြည် ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြား:မှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး:ဦး:စီး:ချုပ် ဗိုလ်ချုပ်မှူး:ကြီး:သန်း:ရွှေ ရန်ကုန်မြို့သို့ ရောက်ရှိ သည်။

၂၈ မြန်မာနိုင်ငံနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ:ရှိ မဟာ ဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေး ဌာနများ:အကြား ဆွေး:နွေး:ပွဲ ဖွင့်ပွဲ အခမ်း:အနား:ကို ရန်ကုန်မြို့ အပြည်ပြည် ဆိုင်ရာ စီး:ပွား:ရေး အဆောက်အအုံတွင် ကျင်း:ပ သည်။ နိုင်ငံခြား:ရေး:ဝန်ကြီး:ဌာန ဝန်ကြီး:နှင့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေး:ဌာန ဥက္ကဋ္ဌ ဦး:အုံး:ကျော်၊ တာဝန်ရှိ ပုဂ္ဂိုလ်များ:၊ သံအမတ်ကြီး:များ:ဘက်ရောက် ကြသည်။

၂၉ အမေရိကန်ပြည်ထောင်စု သို့ ရောက်ရှိလာသော ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတကျန်ဇီမင်း:အား: အမေရိကန် သမ္မတကလင်တန်က သမ္မတအိမ်ဖြူ တောင်ဘက်ရှိ မြက်ခင်း:ပြင်တွင် အမြောက် ၂၁ ချက် ပစ်ဖောက်ကြိုဆိုသည်။

၃၀ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ် ပိပြား:မှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး:ဦး:စီး:ချုပ် ဗိုလ်ချုပ်မှူး:ကြီး:သန်း:ရွှေ ရန်ကုန်မြို့သို့ ရောက်ရှိနေသော ထိုင်း:နိုင်ငံ နိုင်ငံ ခြား:ရေး:ဝန်ကြီး: မစ္စတာ ပရာဆွပ် ချိုင်ယာစန်နှင့် အဖွဲ့အား: ကာကွယ်ရေး ဝန်ကြီး:ဌာန ဒဂုရိပ်သာတွင် လက်ခံ တွေ့ဆုံသည်။

ရုံဝင်ဘာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
၇ နိုင်ငံတော်ငြိမ်ဝပ်ပိပြား:မှု
တည်ဆောက်ရေး: အဖွဲ့. ဒုတိယ ဥက္ကဋ္ဌ၊
ဒုတိယတပ်မတော်ကာကွယ်ရေး ဦး:စီး:ချုပ်၊
ကာကွယ်ရေးဦး:စီး:ချုပ် (ကြည်း:)
ဗိုလ်ချုပ်ကြီး: မောင်အေး:သည် ရန်ကုန်မြို့.
တွင် ရောက်ရှိနေသည့် လာအိုပြည်သူ့.
တပ်မတော်စစ်ဦး:စီး: အရာရှိချုပ်ဗိုလ်မှူးချုပ်
ဒေါင်ချိုင်: ပီချစ်နှင့် အဖွဲ့ဝင်များ:အား:
ကုန်:မြင့် သာယာရှိ ဧယျာသီရိဗိမာန်၌
လက်ခံ တွေ့.ဆုံ သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
၇ နိုင်ငံတော်ငြိမ်ဝပ်ပိပြား:မှု
တည်ဆောက်ရေးအဖွဲ့. ဥက္ကဋ္ဌ၊ တပ်မတော်
ကာကွယ်ရေးဦး:စီး:ချုပ် ဗိုလ်ချုပ်မှူး:ကြီး:
သန်:ရှေသည် ပြည်ထောင်စုမြန်မာ
နိုင်ငံတော်တွင် ချစ်ကြည်ရေး:အလည်
အပတ် ရောက်ရှိနေသော မလေး:ရှား: နိုင်ငံ
ကာကွယ်ရေး:ဝန်ကြီး: Mr. Dato Syed Hamid
Bin Syed Jaafar Albar ခေါင်:ဆောင်သော
ချစ်ကြည်ရေး: ကိုယ်စား:လှယ်အဖွဲ့.အား:
ကာကွယ်ရေး: ဝန်ကြီး:ဌာန ဒဂုံရိပ်သာ၌
လက်ခံ တွေ့.ဆုံသည်။


အဝိုက အတိုက်အခံ ဒီမိုကရက်
၉ တစ် ပါတီခေါင်:ဆောင်နှင့် ထိုင်:
နိုင်ငံ၏ ဘက္ထာရေးပြဿနာများ:ကို ဖြေရှင်:
နိုင်ဖွယ်အရှိဆုံ: ပုဂ္ဂိုလ်ဟု ယူဆ ရသော
ဆွမ်လိပိုင်အား ဝန်ကြီး:ချုပ် အဖြစ်
ရွေး:ချယ်ခန့်ထား:လိုက်သည်။

ရုရှား:သမ္မတဘောရစ်ယဲ့လ်ဆင်
၉ _ သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ
၁၁ သို့ သွား:ရောက်လည်ပတ် သည်။
အလည် အပတ် ခရီး:စဉ်အတွင်: ရုရှား:နှင့်
တရုတ် သမ္မတနှစ်ဦး:သည် အပြန်အလှန်
ဆက်ဆံ ရေး:နှင့် နိုင်ငံတကာ ပြဿနာများ:
ကို အမြင်ချင်း ဖလှယ်ကြပြီး: ပူး:တွဲ ကြေညာ
ချက်ကို လက်မှတ် ရေး:ထိုး:ခဲ့ကြသည်။
နှစ်နိုင်ငံ အပြန်အလှန် သဘောတူစာချုပ်
ရှစ်ခု ကိုလည်း: ချုပ်ဆိုနိုင်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
၁၂ နိုင်ငံတော်ငြိမ်ဝပ်ပိပြား:မှု
တည်ဆောက်ရေးအဖွဲ့.ဥက္ကဋ္ဌ၊
တပ်မတော် ကာကွယ်ရေး ဦး:စီး:ချုပ်
ဗိုလ်ချုပ်မှူး:ကြီး: သန်:ရှေသည် ရန်ကုန်မြို့.
တွင်ရောက်ရှိနေသောအာဆီယံအထွေထွေ
အတွင်: ရေး:မှူး:ချုပ် ဒါတို့ အာကျစ် ဆင်:အား:
ကာကွယ်ရေး:ဝန်ကြီး: ဌာန ဒဂုံရိပ်သာ၌
လက်ခံတွေ့.ဆုံသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်ငြိမ်ဝပ်ပိပြား:မှု တည်ဆောက်
ရေးအဖွဲ့.ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်
ကာကွယ်ရေးဦး:စီး:ချုပ်၊ ကာကွယ်ရေး
ဦး:စီး:ချုပ်(ကြည်း:) ဗိုလ်ချုပ်ကြီး: မောင်အေး:

**နိုင်ငံတော်ငြိမ်ဝပ်ပိပြား:မှု တည်ဆောက်ရေးအဖွဲ့.ဥက္ကဋ္ဌ၊ တပ်မတော်
ကာကွယ်ရေး ဦး:စီး:ချုပ် ဗိုလ်ချုပ်မှူးကြီး: သန်:ရှေက မလေး:ရှား:နိုင်ငံ
ကာကွယ်ရေး:ဝန်ကြီး:နှင့် အဖွဲ့အား: လက်ခံတွေ့.ဆုံစဉ်**



သည် ရန်ကုန် မြို့တွင် ရောက်ရှိနေသည့် တရုတ် ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်မှ လန်ကျူး:စစ်ဒေသမှူး: General Liu Jingsong ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စား:လှယ်အဖွဲ့ဝင်များ: အား: ကုန်:မြင့်သာရှိ ဧရယာသီရိမဟန်၌ လက်ခံတွေ့ဆုံသည်။

၁၅ နိုင်ငံတော်တွင်စည်:ကမ်: ပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်: ပေါ်ပေါက်လာရန်နှင့် အေး:ချမ်: သာယာပြီ: ခေတ်မီဖွံ့ဖြိ: တိုး:တက်သည့် နိုင်ငံတော်သစ်ကြီ: တည်ထောင်နိုင်ရန် ရည်မှန်:၍ ဆောင်ရွက်နိုင်ရန် အလို့ငှာ နိုင်ငံတော် ငြိမ်ဝပ်ပိပြာ:မှုတည်ဆောက်ရေ: အဖွဲ့ကို ဖျက်သိမ်:လိုက်ကြောင်: နိုင်ငံတော် ငြိမ်ဝပ်ပိပြာ:မှု တည်ဆောက်ရေ: အဖွဲ့ကြေညာချက် အမှတ် ၁/၉၇ ဖြင့် ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေး:ချမ်:သာယာရေး:နှင့် ဖွံ့ဖြိ:ရေး:ကောင်စီသည် ကြေညာချက် အမှတ် ၁/၉၇ ဖြင့် နိုင်ငံတော်အေး:ချမ်: သာယာရေး:နှင့် ဖွံ့ဖြိ:ရေး:ကောင်စီ ဖွဲ့စည်: ခြင်:ကိုလည်:ကောင်:၊ ကြေညာချက် အမှတ် ၂/၉၇ ဖြင့် အစိုး:ရအဖွဲ့ ပြင်ဆင် ဖွဲ့စည်:ခြင်:ကိုလည်:ကောင်:၊ ကြေညာချက် အမှတ် ၃/၉၇ဖြင့် အကြံပေး:အဖွဲ့ ဖွဲ့စည်: ခြင်:ကို လည်:ကောင်:၊ အမိန့်ကြော်ငြာစာ အမှတ် ၁/၉၇ ဖြင့် တပ်မတော်ရေး:ရာ ဝန်ကြီ: ဌာနနှင့် လျှပ်စစ်စွမ်:အား: ဝန်ကြီ: ဌာန တို့တိုး:ချဲ့ဖွဲ့စည်:ခြင်:ကိုလည်:ကောင်: ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေး:ချမ်:သာယာရေး:နှင့် ဖွံ့ဖြိ:ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး:ဦ:စီ:ချုပ်မှူ:ကြီ: သန်:ရှေသည် ရန်ကုန်မြို့တွင် ရောက်ရှိ နေသည့် အင်ဒိုနီ:ရှ:သမ္မတနိုင်ငံ တပ်မတော် ကာကွယ်ရေး:ဦ:စီ:ချုပ် ဗိုလ်ချုပ်ကြီ: Feisal Tanjung နှင့် အဖွဲ့ဝင်များ:အား: ကာကွယ်ရေး:ဝန်ကြီ: ဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ဝန်ကြီ:ချုပ် ဆွမ်လိပိုင် ဦ:ဆောင် သောအဖွဲ့ဝင် ၄၈ ဦ:ပါဝင်သည့် ထိုင်: အစိုး:ရသစ်သည် ဘုရင်ဘူမိဘော အဒူ လျာဒက်ရှ်၏ ရှေ့မှောက်၌ ကျမ်:သစ္စာ ကျိန်ဆိုခဲ့ပြီ: ပထမဆုံ:အကြိမ် ဝန်ကြီ: အဖွဲ့ အစည်:အဝေ: ကျင်:ပသည်။

၁၈ ကာကွယ်ရေ: ဝန်ကြီ: ဌာန စစ်မဟာဗျူဟာလေ့လာရေ: ရုံ:မှ ကြီ:မှူ:ကျင်:ပသည့် လူသား:စွမ်:ရည် အရင်:အမြစ်ဖွံ့ဖြိ:ရေး:နှင့် နိုင်ငံတော် တည်ဆောက်ရေး ဆွေ:နွေ:ပွဲကို ရန်ကုန်မြို့၊ ပြည်လမ်:ရှိ အပြည်ပြည်ဆိုင်ရာ စီ:ပွား:ရေး ဗဟိုအဆောက်အအုံ၌ ပြုလုပ်ရာ နိုင်ငံတော် အေး:ချမ်: သာယာရေး:နှင့် ဖွံ့ဖြိ:ရေး:ကောင်စီ အတွင်:ရေးမှူ: (၁) စစ်မဟာဗျူဟာ လေ့လာရေး ဌာန ကြီ:မှူ: ဒုတိယဗိုလ်ချုပ်ကြီ: ခင်ညွန့် တက်ရောက် မိန့်ခွန်: ပြောကြား: သည်။

၁၉၉၇ ခုနှစ်နိုင်ငံတကာရိ:ရာ ၁၉ လေလှော်ပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်: အန:ကို ရန်ကုန်မြို့၊ အင်:လျား: ကန်၌ကျင်:ပရာ ၁၉၉၇ခုနှစ်၊ နိုင်ငံတကာ ရိ:ရာလေလှော်ပြိုင်ပွဲ ကျင်:ပရေး: ဦ:စီးကော်မတီနာယက မြန်မာနိုင်ငံ အမျိုး:သား:အိုလံပစ် ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေး:ချမ်: သာယာရေး:နှင့် ဖွံ့ဖြိ:ရေး:ကောင်စီ အတွင်:ရေးမှူ: (၁) ဒုတိယဗိုလ်ချုပ်ကြီ: ခင်ညွန့် တတ်ရောက်၍ ဆုချီးမြှင့်သည်။

၂၁ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိ:ရေး:အသင်:နာယက နိုင်ငံတော် အေး:ချမ်:သာယာရေး:နှင့် ဖွံ့ဖြိ:ရေး:ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး:ဦ:စီ:ချုပ် ဗိုလ်ချုပ်မှူ:ကြီ: သန်:ရှေသည် ရန်ကုန်တိုင်:၊ မော်ဘိမြို့ရှိ ဗဟိုပြည်သူဆက်ဆံရေး:တပ်ပြည်ထောင်စု ခန်:မဲ့၌ ကျင်:ပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေး:နှင့် ဖွံ့ဖြိ:ရေး:အသင်း:အမှူ ဆောင်များ: စီမံခန့်ခွဲရေး:သင်တန်: အမှတ်စဉ် (၁၂) နှင့် ကွန်ပျူတာ ဒီပလိုမာ သင်တန်: အမှတ်စဉ် (၁) သင်တန်: ဖွင့်ပွဲ အခမ်:အန:သို့ တက်ရောက်၍ သင်တန်: ဖွင့်ဩဝါဒ စကား: မြွက်ကြား: သည်။

၂၈ သက်တမ်: ၁၇ လရှိသော အိန္ဒိယ ညွှန့်ပေါင်:အစိုး:ရသည် အဓိက ကျသော မဟာမိတ် ကွန်ကရက် ပါတီကဉ်:၏ထောက်ခံမှုကို ရုပ်သိမ်: သွား: သဖြင့် ပြုတ်ကျသွား:သည်။ သမ္မတ ကေအာရ်နာရာယာနန်က ဝန်ကြီ:ချုပ် အင်ဒါကူမာရူဂျာရာလ်နှင့် ၄င်:၏ ယူနိုက်တစ် ဖရန့် ပါတီမှ ဝန်ကြီ:များ:၏ နုတ်ထွက်ခြင်:ကို လက်ခံလိုက် သော်လည်: အိမ်စောင့်အစိုး:ရအဖွဲ့ အနေဖြင့် ဆက်လက် နေရန် မေတ္တာ ရပ်ခံထား:သည်။

၃၀ နိုင်ငံတော်အေး:ချမ်:သာယာရေး:နှင့် ဖွံ့ဖြိ:ရေး:ကောင်စီဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး: ဦ:စီ:ချုပ်၊ ကာကွယ်ရေး:ဦ:စီ:ချုပ်(ကြည်:) ဗိုလ်ချုပ်ကြီ: မောင်အေး:နှင့် အတွင်:ရေးမှူ: (၁) ဒုတိယဗိုလ်ချုပ်ကြီ: ခင်ညွန့် တို့သည် ရတနာသဘာဝ တတ်ငွေ့ စီမံကိန်: ကမ်:လွန်ရေအောက် ပိုက်လိုင်: သွယ်တန်: ပြီ:စီ:မှုနှင့် သဘာဝတတ်ငွေ့ထုတ်လုပ်ရေး: တွင်:မှာ: တူ:ဖော်မှု လုပ်ငန်: အောင်မြင် တို:တက်မှုတို့ကို စစ်ဆေ:သည်။

ဒီဇင်ဘာလ

၂ ပြန်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေး:ချမ်: သာယာရေး:နှင့် ဖွံ့ဖြိ:ရေး:ကောင်စီ၊ အတွင်:ရေးမှူ:

၁၅ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ တွင် ရောက် ရှိ နေသော ပြည် ထောင် စု မြန် မာ နိုင် ငံ တော် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် ခေါင်းဆောင်သော မြန်မာ ကိုယ်စား လှယ်အဖွဲ့သည် မလေးရှားနိုင်ငံ၊ ဝန်ကြီး ချုပ် ဒါတိုဆရီဒေါက်တာ မဟာသီဘင် မိုဟာမက်၏ ဖိတ်ကြား ချက်အရ ဒီဇင် ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ကျင်းပ မည့် ဒုတိယအကြိမ် အာဆီယံ ထိပ်သီး အလွတ် သဘော အစည်းအဝေး၊ အာဆီယံ ဖွဲ့စည်း တည်ထောင်သည့် နှစ် ၃၀ ပြည့် အထိမ်း အမှတ် ထိပ်သီးအစည်းအဝေး၊ အာဆီယံ နိုင်ငံ အစိုးရအကြီးအကဲများနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နှင့် ကိုရီးယား သမ္မတ နိုင်ငံတို့မှ အစိုးရအကြီးအကဲများ၏ အလွတ်သဘောဆွေးနွေးသည့် အစည်း အဝေးများသို့ တက်ရောက်ရန် အထူး လေယာဉ်ဖြင့် ရန်ကုန်မြို့မှ မလေးရှား နိုင်ငံ၊ ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွား ကြသည်။

(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ကုလသမဂ္ဂ လက်ထောက် အထွေထွေ အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီ အစဉ် လက်ထောက် အုပ်ချုပ်ရေး မှူးနှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြား ရေးမှူးဒေါက်တာနေထွန်းအား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံ သည်။

၁၀ အထူးစိမ်ကိန်းများ အကောင် အထည်ဖော်ရေး အဖွဲ့၏ (၂/၉၇) ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေး ဦးစီး ချုပ်ရုံး (ကြည်း) အစည်းအဝေး ခန်းမ၌ ကျင်းပရာ အထူး စိမ်ကိန်းများ အကောင် အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ လမ်းညွှန် အမှာစကား ပြောကြား သည်။

၁၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် ခေါင်းဆောင်သော မြန်မာ ကိုယ်စား လှယ်အဖွဲ့သည် မလေးရှားနိုင်ငံ၊ ဝန်ကြီးချုပ် ဒါတိုဆရီဒေါက်တာမဟာသီဘင်၊ မိုဟာမက်၏ ဖိတ်ကြားချက်အရ ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် ဒုတိယအကြိမ် အာဆီယံ ထိပ်သီး အလွတ်သဘော အစည်းအဝေး၊ အာဆီယံ ဖွဲ့စည်းတည်ထောင်သည့် နှစ် ၃၀ ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ အစိုးရအကြီးအကဲများ၏ အလွတ်သဘောဆွေးနွေးသည့် အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး အထူးလေယာဉ်ဖြင့် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ လာကြ သည်။

၁၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဦးဆောင်သော မြန် မာ ကိုယ်စားလှယ် အဖွဲ့သည် မလေးရှား နိုင်ငံ၊ ဝန်ကြီးချုပ် ဒါတိုဆရီ ဒေါက်တာမဟာသီ၊ ဘင်၊ မိုဟာမက်၏ ဖိတ်ကြားချက်အရ ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှားနိုင်ငံ၊ ကွာလာ လမ်ပူမြို့၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် အာဆီယံ ထိပ်သီး အလွတ် သဘော အစည်းအဝေး၊ အာဆီယံ ဖွဲ့စည်းတည်ထောင်သည့် နှစ် (၃၀) ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်း အဝေး၊ အာဆီယံနိုင်ငံ အစိုးရ အကြီး အကဲများနှင့် တရုတ်ပြည်သူ့ သမ္မတ နိုင်ငံ၊ ဂျပန်နှင့် ကိုရီးယားသမ္မတ နိုင်ငံတို့မှ အစိုးရ အကြီးအကဲများ၏ အလွတ်သဘော ဆွေးနွေးသည့် အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး အထူးလေယာဉ်ဖြင့် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ လာကြ သည်။

၁၉ မြန်မာနိုင်ငံ အမျိုးသား ကျန်းမာရေး ကောင်မတီနှင့် မြန်မာနိုင်ငံ ပညာရေး ကော်မတီသို့ လက်မှတ်ရပြည်သူ့

တောင်ကိုရီးယား သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် အတိုက်အခံခေါင်းဆောင် ဝါရင့်နိုင်ငံရေးသမား ကင်ဒေးဂျန်း



စစ်ရင်းကိုင်နှင့် ဘဏ္ဍာရေး အတိုင်ပင်ခံ ဦးလှထွန်း၏ (၇၅) နှစ်ပြည့် စိန်ရတုမွေးနေ့ အမှတ်တရ ငွေလွှဲခါန်းပွဲ အခမ်းအနား၊ ရန်ကုန်မြို့၊ကမ်းနား ဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်. တက်ရောက်သည်။

၂၀ တောင်ကိုရီးယား သမ္မတရွေး ကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲများကို ရေတွက်ပြီးစီးရာ အတိုက် အခံခေါင်းဆောင် ဝါရင့်နိုင်ငံရေးသမား ကင်ဒေးဂျန်းသည် အာဏာရပါတီ သမ္မတ လောင်း လီဟွိုင်းချန်အား သိုးကာသိကာ အနိုင်ရသွားသည်။

၂၁ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် နှင့် အေရာ်ဝေါလ်ကုမ္ပဏီ လီမိတက်တို့ အကျိုးတူ ပူးပေါင်းဆောင် ရွက် သော အမှတ် (၂) အလုံဆိပ် ခံတံတား အကြိုဖွင့်ပွဲ အခမ်းအနား၊ အလုံမြို့နယ် ကွင်းချောင်းရှိ အဆိုပါတံတား သစ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်. တက်ရောက်၍ စက်ခလုတ်နှိပ်ကာ ဆိပ်ခံတံတား ဆိုင်းဘုတ်ကို ဖွင့်လှစ် ပေးသည်။

၂၂ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့က ကြီးမှူး၍ ၁၃၅၉ ခုနှစ်၊ မြန်မာနိုင်ငံ စာဆိုတော်နေ့ အခမ်းအနား နှင့် သက်ကြီးစာပေ ပညာ ရှင်ကြီးများ ကန်တော့ပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ မြို့တော်ခန်းမ ပထမထပ် ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်. တက်ရောက်၍ ကန်တော့ခံ စာပေ ပညာရှင်ကြီးများအား ကန်တော့ ပြီး ကန်တော့ပစ္စည်းနှင့် အလှူငွေများ ပေးအပ်ကာ ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်သည်။

၂၃ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်တိုင်း၊ မော်ဘီ မြို့ရှိ ဗဟို ပြည် သူ့ ဆက် ဆံ ရေး တပ် ပြည်ထောင်စု ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၁၂) သင်တန်း ဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်း ဆင်း သြဝါဒစကား မြွက်ကြား သည်။

၂၄ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဧရာဝတီ ရေတပ်စခန်းဌာနချုပ် တပ်မတော်(ရေ) ဦးရိပ်သာ၌ ကျင်းပသော နှစ်(၅၀) ပြည့် ရွှေရတုတပ်မဆော် (ရေ) နေ့ အထိမ်း အမှတ် အခမ်းအနားသို့ တက်ရောက် ချီးမြှင့် သည်။

၂၅_၂၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)၊ ဗိုလ် ချုပ် ကြီး မောင်အေးသည် တောင်ကြီး မြို့၌ ကျင်းပသည့် တောင်ကြီး – ရွှေညောင်ရထား လမ်းပိုင်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အား ပေး ချီးမြှင့်သည်။ ၄င်းနောက် ဗိုလ်ချုပ်ကြီး မောင်အေး သည် နိုင်ငံတော် အေးချမ်း သာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများ လိုက်ပါ လျက် မိုင်းရှူး ရတနာပြေ၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့ ကျက်သရေဆောင် အဖြစ် တည်ထား ကိုးကွယ်မည့် မဟာကမ္မာဇ ပြည်ငြိမ်းအေး စေတီတော် ရတနာအုတ်မြစ်တော်စိ မဟာမင်္ဂလာ အခမ်းအနားသို့တက်ရောက် ၍ ရတနာ ကြွတ်တော်၊ ရတနာကြေးပြား တော်၊ မော်ကွန်း ကမ္ပည်း ရတနာ ကျောက်စာ နှင့် ရတနာ အုတ်မြစ်တော် တို့ကို စီထား လွှဲခါန်း ပေးသည်။

၂၆ ရာထူးမှဖယ်ရှားခံရသော ကမ္ဘောဒီးယား တွဲဖက်ဝန်ကြီး ချုပ် မင်းသား ရာနာရစ်သည် နေရင်း ကမ္ဘော ဒီးယားနိုင်ငံသို့ ၄င်းပြန်ရောက် သည့်အခါ နဂိုမူလရာထူး ပြန်ရရှိရေးကို ကြိုးပမ်း မည်မဟုတ်ဘဲ ထိုသို့ ကြိုးပမ်း မည့်အစား ဇူလိုင်၌ ကျင်းပမည့် အမျိုးသား ရွေးကောက် ပွဲ၌ အနိုင်ရရှိရေးကို အဓိကထား မည် ဖြစ်သည်ဟု ထိပ်တန်း လက်ထောက် အရာရှိတစ်ဦး က ပြောကြား လိုက်သည်။

၂၇ ၁၉၉၇ ခုနှစ်၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက် ပြိုင်ပွဲကို မင်္ဂလာဒုံ တပ်မတော် ဂေါက်ကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေတက်ရောက် ချီးမြှင့် အားပေး ပါဝင် ကစား သည်။

၂၈_၂၉ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်. သည် ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီး အကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ကချင်ပြည်နယ်သို့ သွားရောက်၍ ဒေသ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ စစ်ဆေးပြီး ကချင် တိုင်းရင်းသား ခေါင်းဆောင်များအား ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံ ဆွေးနွေး မှာကြား ခဲ့သည်။


၃၀ မိုယက် နမ်နိုင်ငံတွင် အာဏာ အထက် ဆုံးနိုင်ငံရေးရာထူး ဖြစ်သော မိုယက်နမ် ကွန်မြူနစ်ပါတီ ၏ အကြီးအကဲ နေရာတွင် ဒုတိယဗိုလ်ချုပ်ကြီး လီခါမူး (၆၆) နှစ်ကို ခန့်အပ် တာဝန် ပေးလိုက်သည်ဟု အစိုးရ ရေဒီယိုက ထုတ်လွှင့်သည်။



နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ က ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး မစ္စတာ ဒိုနွိုင်းအား စိမ်းလဲ့ကန်သာ နိုင်ငံတော် ဧည့်ဂေဟာတွင် တွေ့ဆုံနှုတ်ဆက်စဉ်



မြို့ပြဖွံ့ဖြိုးမှု ဒီဇိုင်ဆောင်ရွက်ချက်များတွင် တစ်ခုအပါအဝင်ဖြစ်သော
တည်ဆောက်ပြီးစီးပြီဖြစ်သည့် ရွှေဂုံပလာဇာ



အမျိုးသားပြတိုက်အတွင်း တခမ်းတနားပြသထားသည့် သီဟာသနပလ္လင်



ရန်ကုန်မြို့၊ ပြည်လမ်းရှိ အမျိုးသားပြတိုက်သစ်



တိုင်းကျိုးပြည်ပြုဓာတ်ပုံ ၁၀၀၀ ပြပွဲတွင် ပြသခဲ့သည့် လှိုင်သန်းတင့် (ရွှေပန်းချီ) ၏
ဓာတ်ပုံလက်ရာ



တိုင်းကျိုးပြည်ပြုဓာတ်ပုံ ၁၀၀၀ ပြပွဲတွင် အရှည်ကြီး (ကြေးမုံ) ၏ "သတ္တမအကြိမ်
ကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲ" ဓာတ်ပုံလက်ရာ



သင်းလုံးကျွတ် မြန်မာ့ပန်းချီပန်းပုလက်ရာမွန်ပြပွဲမှ
သိန်းမြင့်သိန်း၏ "ပဒေါင်အလှ" ပန်းချီကား



ပန်းချီဆရာကြီး အမ် တင်အေး ၏ " ရိတ်သိမ်းချိန် " ရေဆေးလက်ရာ

အပိုင်း - ၂

ယဉ်ကျေးမှု၊ ကျန်းမာရေး၊ တည်ဆောက်ပြုပြင်ရေး၊ ဘာသာရေးနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ

နှစ် ၅၀ ပြည့်ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်.....ဆရာဝန်တင်ရွှေ..... ၃၄

မဟာစည်သာသနာ့ရိပ်သာ (၁၉၄၇-၁၉၉၇)

သက်ကြီးရွယ်အို ကျန်းမာရေး.....ဒေါက်တာမောင်မောင်ညို.....၄၈

ပုံတောင်ဒေသကျောက်ဖြစ်ရုပ်ကြွင်း.....ဗိုလ်မှူးကြီးသန်းထွန်း.....၆၈

ရှာဖွေလေ့လာခြင်း

ရတနာမာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေး.....လေ့လာသူတစ်ဦး.....၈၆

စီမံကိန်း

မြို့ပြဖွံ့ဖြိုးမှု အထူးစီမံကိန်းများ.....အောင်နိုင်မြင့်.....၁၀၀

ကျောက်ကပ်အစားထိုးကုသခြင်း.....ဒေါက်တာ ပိုင်စိုး.....၁၁၄


သင်းလုံးကျွတ် မြန်မာ့ ပန်းချီ ပန်းပု.....ဦးမင်းနိုင်.....၁၂၈

လက်ရာမွန်ပြပွဲကြီး

အမျိုးသားပြတိုက်.....ဦးကျော်ဝင်း.....၁၃၄

(မန္တလေးကျော်ဝင်း)





နှစ် ၅၀ ပြည့် ဗုဒ္ဓသာသနာ နဂိုဟအဖွဲ့ချုပ် မဟာစည်သာသနာ့ရိပ်သာ ၁၉၄၇-၁၉၉၇

နိဒါန်း

မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေး ရသည့်အခါ ပြန်လည်တည်ဆောက်ရာတွင် လောကတွာရာသာသနာရေး ဘက်ကိုလည်း ပြန်လည်ထူထောင်ပေးရန် လိုအပ်သည်ဟူသော အမြင်အရ သာသနာတော်ဘက်၌ စေတနာသဒ္ဓါထက်သန်ကြသည့် သာသနာပြု ပုဂ္ဂိုလ်ကြီးများနှင့် အစိုးရဝန်ကြီးများ တိုင်ပင်ဆွေးနွေးကာ ၁၃၀၉ ခုနှစ်၊ နတ်တော်လဆန်း (၁) ရက်၊ (၁၃-၁၁-၁၉၄၇)နေ့တွင် အဖွဲ့ဝင် ၉ ဦး ပါဝင်သော ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာနဂိုဟခေါ် သာသနာပြုအဖွဲ့ကြီးကို တည်ထောင်ခဲ့ကြသည်။ အဖွဲ့ ကြီး၏ ဥက္ကဋ္ဌမှာ သူဌေးကြီး ဆာဦးသွင် ဖြစ်သည်။

အဖွဲ့ကြီး၏ ရည်ရွယ်ချက်မှာ -

(၁) ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွားတည်တံ့စေခြင်းငှာ ဆောင်ရွက်ရန်၊

(၂) ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာတော်ကြီးများကို အစွမ်းကုန် ချီးမြှင့်ဆောင်ရွက်ရန်၊

(၃) ဗုဒ္ဓဘာသာ ပိဋကတ်တိုက်ကြီး တည်ထောင်ရန်တို့ ဖြစ်ပါသည်။

အဖွဲ့ ဥက္ကဋ္ဌကြီး ဆာဦးသွင်က မိမိပိုင် ခြံမြေငါးဧကခွဲကို လှူဒါန်းခဲ့ရာ အဆိုပါနေရာများကို နောင်အခါ သာသနာ့ရိပ်သာဟု ခေါ်တွင်လာပါသည်။

အစပြုသော ပရိယတ္တိသာသနာ

အဖွဲ့ကြီး၏ ပထမဆုံး ဆောင်ရွက်ချက်မှာ မြန်မာနိုင်ငံ၌ ရှေးကတစ်ကြိမ်တစ်ခါမျှ မပေါ်ပေါက်သေးသော ပိဋကတ်သုံးပုံ နှုတ်ငုံဆောင် ဆရာတော်များ ပေါ်ထွက်လာရန် တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ၁၃၁၀ ပြည့်နှစ်က အစပြုပြီး ကျင်းပနိုင်ခြင်း ဖြစ်သည်။

ပထမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲကို သက္ကရာဇ် ၁၃၁၀ ပြည့်နှစ်၊ တပို့တွဲလဆန်း (၆) ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။ အရှင်မြတ် ၆ ပါး ဝင်ရောက်ဖြေဆိုတော်မူကြရာ စည်းကမ်းနှင့်အညီ တစ်ပါးမျှ အထောက်အမမလွတ်သည့်အတွက် အောင်ပုဂ္ဂိုလ်တစ်ပါးမျှ မပေါ်ပေါက်ခဲ့ချေ။ ရေးဖြေတွင်လည်း ဆက်လက်ဖြေဆိုခွင့် မရကြချေ။

ထိုသို့ တစ်ပါးမျှ မအောင်မြင်သဖြင့် ဗုဒ္ဓသာသနာနဂိုဟအဖွဲ့ချုပ်၏ မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်သွားရသည်။ သို့ကြောင့် ရဟန်းရှင်လူ ဗုဒ္ဓဘာသာဝင် သာသနာရေးဆိုင်ရာ အဖွဲ့အစည်းများက ဤ စာမေးပွဲကြီးကို ကန့်ကွက်ခဲ့ကြသည်။ သက်သက်မဲ့ ငွေဖြုန်းတီးရာ ရောက်ရုံမက ရဟန်းတော်များအားလည်း ညှဉ်းဆဲရာရောက်နေသည်ဟု စွပ်စွဲခဲ့ကြသည်။

၁၃၁၁ ခုနှစ်တွင် တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ဒုတိယအကြိမ်မြောက် ကျင်းပပါသည်။ နှစ်ကြိမ်ပြည့်အောင် ကျင်းပ၍ မအောင်မြင်လျှင် နောင်နှစ်များ၌ ဆက်လက်မကျင်းပတော့ပါဟု ဗုဒ္ဓသာသနာနဂိုဟ အဖွဲ့ချုပ်၏ သင်းလုံးကျွတ် အစည်းအဝေးမှ အတည်ပြုခဲ့ကြရသည်။

ကံအားလျော်စွာ ဒုတိယအကြိမ် စာမေးပွဲ၌ အရှင်ပညာသာရ အမည်ရှိ ရဟန်းတော်က ဝိနည်းပါဠိတော် ငါးကျမ်းကို အာဂုံပြန်ဆိုနိုင်ခဲ့သဖြင့် စာမေးပွဲများပျက်တော့မည့် အခြေအနေမှ အသက်ပြန်ဆက်ခဲ့သည်။ ၁၃၁၅ ခုနှစ်၊ ၆ ကြိမ်မြောက် ရွေးချယ်ပွဲကြီးတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို ဆွတ်ခူးနိုင်တော်မူသော အရှင်ဝိစိတ္တသာရာဘိဝံသ မထေရ်မြတ် မကြွစဖူး ထူးကဲအံ့သြ




တိပိဋကဝရဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာ ဘိဝံသ မထေရ် သင်္ဂါယနာ အဖြေတာဝန်ကိုဆောင်ရွက်တော်မူနေစဉ်

ဖွယ်ရာ ပေါ်ပေါက်လာခဲ့ပါသည်။ ဤ အောင်မြင်မှုက ၁၃၁၆ ခုနှစ်တွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို ဆင်နွှဲနိုင်ခဲ့ခြင်း၏ ကြီးစွာသော အကြောင်းတစ်ခု ဖြစ်ခဲ့ပါသည်။

၁၃၂၃ ခုနှစ်၊ ၁၄ ကြိမ်မြောက်မှစ၍ နိုင်ငံတော်အစိုးရက တိပိဋကဝရ ရွေးချယ်ရေးအဖွဲ့. အက်ဥပဒေအရ လွှဲပြောင်းယူကာ နှစ်စဉ်မပျက် ဆက်လက်ကျင်းပခဲ့ရာ ပိဋကတ်သုံးပုံဆောင် ဖ ပါး နှင့် ပိဋကတ်နှစ်ပုံဆောင်၊ တစ်ပုံဆောင် အမြောက်အမြား: ထွက်ပေါ်လာလျက်ရှိ၏။ ဤအချက်သည် ဗုဒ္ဓသာသနာနဂိုဟ အသင်းကြီး၏ သာသနာတော်ကို ချီးမြှောက်ရာတွင် မြန်မာသာသနာတော်တွင် အကြီးကျယ်ဆုံးနှင့် အမြင့်ဆုံးအောင်မြင်မှုဟု ယူမှတ်လို့ရပါသည်။

အဖွဲ့ကြီးသည် မူလရည်ရွယ်ချက်အတိုင်း ပရိယတ္တိသာသနာတော်ကြီးကို အမြင့်ဆုံးချီးမြှောက်နေချိန်မှာပင်



အဂ္ဂမဟာပဏ္ဍိတမဟာစည်ဆရာတော်ဘုရား သင်္ဂီယနာ အမေးတာဝန်ကို ဆောင်ရွက်တော်မူစဉ်

ပဋိပတ္တိသာသနာတော်ကြီး တိုးတက်ပြန့်ပွား၊ရေးကိုလည်း ဦးသွင် စစ်ကိုင်းသို့ရောက်စဉ် အဖွဲ့ကြီးက သတ်မှတ်ထား အလေးပေးဆောင်ရွက်ခဲ့သည်။ သို့သော် ပထမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲကြီး ကျင်းပချိန်အထိ ပဋိပတ္တိသာသနာတော်အတွက် ကမ္မဋ္ဌာန်းကျောင်း အဆောက်အအုံအချို့ကို ဆောက်လုပ်ပြီးသော်ငြား၊လည်း ကမ္မဋ္ဌာန်း နည်းပြဆရာတော်ကို ရှာမရခဲ့ပါ။

အဖွဲ့တည်ထောင်ပြီး တစ်နှစ်ကျော်မှ ဥက္ကဋ္ဌကြီး ဆာသည့် အင်္ဂါရုပ်မျာ၊နှင့် ညီညွတ်သည့် မဟာစည်ဆရာတော်ဘုရား၊ကို ဖူး၊တွေ့ခဲ့ရသည်။

ထို့ကြောင့် ရန်ကုန်ပြန်ရောက်ရောက်ချင်း ဆရာတော်၏ သတင်း၊ကို ထိုစဉ်က ဝန်ကြီး၊ချုပ် ဦးနထံ ပြောပြခဲ့ရာက ဝန်ကြီး၊ချုပ်ကိုယ်တိုင် ရွှေဘိုတွင် ဆရာတော်ကို ဖူး၊တွေ့ရပြီး ကျွန်ုပ်မှအပြည့်အဝ ရသဖြင့် ရန်ကုန်ရိပ်သာကြီး၊သို့ ပဋိ

သက်တော် ၅၄ နှစ်ကျိုက်ကူးထားသော ပုံတော်



ခင္ဗ်ားစုဝေးပြီးလာဆန္ဒးသဝ ဂုက် [သဂခက္ခ] တနင်္ဂါဂန္ဓမနုခ်က် ဥစာဂိုဂၢိုနိုးကြင် နယ္ဒေသလိုရှိသို့ အိန္ဒိယဝန်ကြီးချုပ်

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအား အိန္ဒိယဝန်ကြီးချုပ် ပဏ္ဍာစ်နေရူးက ၁၈.၁.၅၉ ရက်နေ့၌ နယူးဒေလီမြို့ရှိ အစိုးရအိမ်တော်သို့ ပင်ဖိတ်၍ ခရီးဦးကြိုနေပုံ

ပတ္တိ သာသနာပြုရန် ပင့်ဆောင်ခဲ့ပါသည်။ ဆရာတော် ဘုရားကြီးသည် သာသနာ့ရိပ်သာသို့ ရောက်ရှိတော်မူပြီး ၁၃၁၁ ခု၊ နတ်တော် လပြည့်နေ့၌ ရဟန်းရှင်လူ ယောဂိတို့အား ဝိပဿနာ အလုပ်ပေးတရား ကို စတင်ဟောကြား ပြသတော်မူခဲ့သည်။ ဆရာတော်၏ တရားတော်ကို ကြားနာအားထုတ်ကြရသူတိုင်း အလွန်နှစ်သက်သဘောကျသဖြင့် ရိပ်သာ၌ ယောဂိပရိသတ် တစ်နေ့တခြား တိုးတက်များပြားလာခဲ့ပါသည်။ မြန်မာပြည်တွင်မှာသာမကဘဲ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား စသော တိုင်းပြည်များကပင် လာရောက်အားထုတ်သူတွေ ရှိလာသည်။


ဆဋ္ဌသင်္ဂါယနာ မတင်မီ ၁၃၁၃ ခုနှစ်တွင် အဖွဲ့ကြီး၏ ကြီးစားချီးမြှောက်မှုကြောင့် ဆရာတော် ဘုရားကြီး၏ သြဝါဒခံ ကမ္မဋ္ဌာန်းဋ္ဌာနခွဲတို့မှာ မြန်မာနိုင်ငံအနှံ့အပြား၌ ၁၅ ဋ္ဌာနရှိလာ၍ ပဋိပတ္တိ သာသနာတော်ကြီးလည်း နေ့ချင်းညချင်း တစ်ရှိန်ထိုး တိုးတက်လာခဲ့သည်။ ရန်ကုန် သာသနာ့ရိပ်သာတွင် ယောဂီ ၂၀၀ ကျော် ၃၀၀ နီးပါးရှိ၍ ယာယီ ဓနိတန်းလျားကြီးများကိုပင် ထိုးပေးရသည်အထိ ဖြစ်ခဲ့သည်။ ဤ မဟာစည် ဆရာတော်ဘုရားနှင့် ဤအသင်းကြီးတို့သည် နှစ်ရွက်ပေါင်းမှ တစ်ရွက်ဖြစ်သော စွယ်တော်ရွက်ကဲ့သို့ ပမာပြုလောက်အောင် ဆရာတော် ပျံလွန်တော်မူချိန်အထိ လက်တွဲခဲ့ကြသည်။ အသင်းကြီးက နောက်ကျောမှ အားပေးသမျှပြုခဲ့၍ ဆရာတော်ဘုရား၏ ဂုဏ်တက်ခဲ့သလို ဆရာတော်ဘုရား၏ အရိပ်အာဝါသအောက်၌ နေထိုင်ရ၍ အသင်းကြီးက ပို၍ပို၍ ထင်ရှားလာခဲ့ပါသည်။

မဟာစည်ဟူသောအမည်

မဟာစည်ဆရာတော် မွေးဖွားသိတင်းသုံးတော်မူရာ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းတိုက်တွင်



ဗုဒ္ဓသာသနာနဂရဟအဖွဲ့ ကြီးကိုစတင်တည်ထောင် ခဲ့သူ သတိုးသီရိသုဓမ္မသူဌေးကြီး ဆာဦးသွင်



အလျား ၈ ပေ၊ လုံးပတ် ၁၀ ပေကျော်ရှိကုက္ကိုသား စည်တော်ကြီး တစ်ခုကို အစွဲပြု၍ ဆိပ်ခွန်ရွာရှိ မူလကျောင်းတိုက်ကြီးကို မဟာစည်ကျောင်းတိုက်ဟု ခေါ်တွင်ခဲ့ကြသည်။ ထိုဆိပ်ခွန်ရွာ မူလ မဟာ စည်ကျောင်းတိုက်မှ ရန်ကုန်မြို့ ကုက္ကိုင်း သာသနာ့ရိပ်သာသို့ ဆရာတော် ပြောင်းရွှေ့ရောက်ရှိကာ ကမ္မဋ္ဌာန်းတိုက်ကိုတည်ထောင်သည့် အခါတွင်လည်း မဟာစည်သာသနာ့ရိပ်သာဟု ဆက်လက် အမည်ခေါ်တွင်နေခြင်း ဖြစ်ပါသည်။


သာသနာတော်ကို အဖွဲ့ကြီး၏ အစွမ်းကုန် ချီးမြှောက်မှုကြောင့် ငွေရတုသဘင်ပွဲ ကျင်းပချိန်၌ မြန်မာနိုင်ငံ၌ ကမ္မဋ္ဌာန်းဌာနခွဲပေါင်း (၂၁၀) ဌာနရှိ၍ ယောဂီပေါင်း (၇၇၇၂၁၂) ဦး ရှိခဲ့သည်။ သိရိလင်္ကာနိုင်ငံ၌ ကမ္မဋ္ဌာန်းဌာနခွဲပေါင်း (၂၂) ဌာနရှိ၍ ယောဂီပေါင်း (၃၈၈၈) ဦး၊ ထိုင်းနိုင်ငံ၌ ဌာနခွဲ ပေါင်း (၃၀၀) ကျော်ရှိ၍ ယောဂီပေါင်း နှစ်သိန်းကျော် ရှိကြောင်း အဖွဲ့ကြီး၏ ငွေရတုစာစောင်၌ လေ့လာ တွေ့ရှိရပါသည်။

ယခု ရွှေရတုပွဲ ကျင်းပနေသောအချိန်၌ ပြည်တွင်းပြည်ပ သာသနာပြုကမ္မဋ္ဌာန်း ဌာနပေါင်း (၃၇၀) ဌာနရှိ၍ ယောဂီပေါင်း ၁.၂ သန်း ရှိသွားပြီဟု သိရသည်။

ဆရာတော်ဘုရားကြီး၏နိုင်ငံခြားသာသနာပြုခရီး

မဟာစည် ဆရာတော်ဘုရားသည် ပြည်တွင်းဒေသအနှံ့ တောင်ပေါ်မြေပြန့်မရွေး အနာကြီးရိပ်သာပါမကျန် ပင့်ဖိတ်သည့် နေရာမှန်သမျှကို ကြိုးစား၍ သာသနာပြုခဲ့သည်။ တစ်ချိန်တည်းမှာ –

* ၁၉၅၂ – ခုနှစ်ကစပြီး အိန္ဒိယ၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဂျပန်၊ ထိုင်း၊ အင်ဒိုနီးရှား စသည့် အာရှနိုင်ငံများသို့ ကြွရောက် သာသနာပြုတော် မူခဲ့သည်။



* ၁၉၇၉ (သက်တော် ၇၄)နှစ်တွင် အနောက်ဥရောပနှင့် အမေရိကတိုက်နိုင်ငံများသို့ ကြွရောက် သာသနာပြုတော် မူခဲ့သည်။

* သက်တော် ၇၆ နှစ် ၁၉၈၀ တွင် ဒုတိယအကြိမ် အနောက်ကမ္ဘာသို့ ဗုဒ္ဓသာသနာပြုရန် ကြွရောက်တော် မူခဲ့သည်။

ယင်းသို့ အပင်ပန်းခံကာ သာသနာပြုခရီးကို တွင်တွင်ကျယ်ကျယ် သွားရောက်ခဲ့၍လည်း မဟာစည်နှင့် သာသနာနဂိုဟ အသင်းကြီး၏ တပည့်များ ပြည်ပမှာ ထင်ရှားလာခဲ့ပါသည်။ နောင်အခါမြန်မာနိုင်ငံမှ ဆရာတော်များ နိုင်ငံခြား၌ သာသနာဆက်ပြုနိုင်ခြင်းမှာ မဟာစည်ဆရာတော်ဘုရား တောရှင်းနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု အများက ပြောဆိုလက်ခံကြပါသည်။

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့

သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် အရေးပါသော ဆောင်ရွက်ချက် နောက်တစ်ခုက နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကို မွေးထုတ်ပေးခဲ့ခြင်း ဖြစ်၏။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ဘာသာကြီးလေးဘာသာတို့အား ထောက်ပံ့ရန် သီးသန့်ဖွင့်လှစ်ထားသော ဘဏ္ဍာငွေများအနက် ဗုဒ္ဓဘာသာအတွက် ရသင့်သည့် ဘဏ္ဍာငွေကို အဖွဲ့ကြီးအား ပေးအပ်ခဲ့သည်။ သို့ရာတွင် ဗုဒ္ဓသာသနာနဂိုဟ အသင်းကြီးက ရရှိမည့်ငွေကို လက်မခံဘဲ တစ်နိုင်ငံလုံးရှိ ဗုဒ္ဓဘာသာ အသင်းအဖွဲ့ကိုယ်စားလှယ် ပေါင်းစုပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို အစိုးရဥပဒေဖြင့် ဖွဲ့စည်းသင့်ကြောင်း အမြင်ကျယ်ကျယ်သဘောထားကြီးစွာဖြင့် အကြံပြုကြရာက " နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့" ကြီး ပေါ်လာရခြင်းဖြစ်သည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က ဦးဆောင် ကျင်းပခဲ့သော်လည်း ထိုအဖွဲ့ကို ဗုဒ္ဓသာသနာနဂိုဟ အဖွဲ့ကြီးက နောက်ကွယ်မှ အစစအရာရာ ကူညီကာ သာသနာပြုခဲ့လေသည်။ တစ်ချိန်တည်းမှာ တောင်တန်းသာသနာပြုလုပ်ငန်း မူလသမိုင်းကို လေ့လာသည့်အခါတွင်လည်း သာသနာ နဂိုဟအဖွဲ့ချုပ်၌ မြစ်ဖျားခံသည်ကို တွေ့ရသည်။

သို့ကြောင့် ဤအဖွဲ့ကြီးကို စွယ်စုံသာသနာပြုအဖွဲ့ကြီးဟု တင်စားဆိုနိုင်သည်ဟု ဆိုရပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး

မန္တလေးမြို့သည် မင်းတုန်းမင်းကြီးလက်ထက် ပဋ္ဌမသင်္ဂါယနာ တင်တော်မူခဲ့ရာတွင် ပိဋကတ်စာပေကို အစဉ်တည်တံ့စေရန် စကျင်ကျောက်သား၌ပေါင်း (၇၂၉) ချပ်ပေါ်တွင် ထု၍ မှတ်တမ်းတင်ခဲ့သည်။

ထို့နောက် ပုံနှိပ်စက်များ ပေါ်လာသောခေတ်သို့ရောက်သောအခါ ကျောက်စာမူပါဠိတော်များကို စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့ကြသည်။ ပိဋကတ်စာမူ အမျိုးမျိုးဖြစ်လာသဖြင့် တစ်မူတည်း သန့်ရှင်းစေရန် ထေရဝါဒဂါးနိုင်ငံမှ ဆရာတော်များ၊ နိုင်ငံအကြီးအကဲများနှင့် ပြည်သူများက စုပေါင်းသင်္ဂါယနာ တင်ခဲ့ကြသည်။

သင်္ဂါယနာတင်ပွဲ၌ အရေးကြီးသော လုပ်ငန်းကြီး ၂ ရပ် ရှိသည်။ သင်္ဂါယနာအခမ်းအနား ထည်ဝါစွာ ကျင်းပနိုင်ရေးနှင့် ပိဋကတ်တော်များ သုတ်သင်ပုံနှိပ်ရေးတို့



ဖြစ်၏။ အဆိုပါ အခမ်းအနား နှစ်ခုစလုံးမှာ မဟာစည်ဆရာတော်၊ ဝိဇ္ဇာလင်္ကာရဆရာတော် ဦးဝိသုဒါဘိဝံသနှင့် တိပိဋကဓရ အရှင်ဝိစိတ္တာသာရာဘိဝံသတို့ ဦးဆောင်ခဲ့ကြသည်။ အဆိုပါဆရာတော် သုံးပါးအနက် နှစ်ပါးမှာ ဤအသင်းကြီးနှင့်အတူ ဖွားဖက်တော်များသဖွယ် ပျံလွန်တော်မူချိန်အထိ အတူလက်တွဲခဲ့သော ဆရာတော်များဖြစ်သည်ဟု ဆိုပါက မှားမည်မထင်ပါ။

ယနေ့ သာသနာနဂိုဟအဖွဲ့ကြီး ထမ်းဆောင်နေသော တာဝန်များ

ဗုဒ္ဓသာသနာ နဂိုဟအဖွဲ့ကြီး၏ ပဋိပတ္တိသာသနာအမြင့်မားဆုံး ချီးမြှောက်မှုအဖြစ် မဟာစည် သာသနာ့ရိပ်သာကြီး ပေါ်ထွန်းခဲ့ရာ ဆရာတော်ဘုရားကြီး၏ ပဋိပတ္တိဉာဏ် ထက်သန်မှုဖြင့် အောင်မြင်သော ပဋိပတ္တိရိပ်သာကြီးအဖြစ်သို့ ရောက်ရှိခဲ့သည်။

ယခင်က ကမ္မဋ္ဌာန်းတရား အားထုတ်လိုသူများ အနေနှင့် အရည်ဝါသီ တောရပ်မှိကြရာ ဆရာတော်ကြီး စွမ်းဆောင်မှုကြောင့် မြို့သူမြို့သား ရဟန်းရှင်လူများ တောရပ်မမှိရဘဲ ဝိပဿနာ ကျင့်ပွားခွင့် ရရှိကြ၍ ပါရမီဉာဏ် ဖြည့်ဆည်း နိုင်ခဲ့ကြပြီး မြို့ကြီးများတွင် ဝိပဿနာကမ္မဋ္ဌာန်းတရားရိပ်သာများ စဉ်ဆက်မပြတ် ပေါ်ထွန်းစေခဲ့ပါသည်။

ဗုဒ္ဓသာသနာနဂိုဟအဖွဲ့ကြီးသည် ၁၃၁၃ ခုနှစ်တွင် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့သို့ လွှဲပြောင်း၍ အဆင့်မြှင့် ပေးအပ်ပြီးနောက် မဟာစည် သာသနာ့ရိပ်သာတွင် အခြေစိုက်၍

ပဋိပတ္တိ သာသနာပြုလုပ်ငန်းကို ဆက်လက် ဆောင်ရွက်ခဲ့ရာ ယနေ့တိုင်ပင် ဖြစ်ပါသည်။

ယခုအခါ ဗုဒ္ဓ သာသနာနဂိုဟ အဖွဲ့.ချုပ်ကြီး၏ သက်တမ်းမှာ နှစ် (၅၀) ကြာမြင့်ခဲ့၍ ရွှေရတုသဘင် အခမ်းအနားကိုပင် ဆင်ယင်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

အဖွဲ့.ချုပ်ကြီး၏ မူလရည်ရွယ်ချက်အတိုင်း ပရိယတ္တိ သာသနာတော် အမြင့်မား၍ ချီးမြှောက်မှုအဖြစ် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဆရာတော်ဘုရားကြီးအား သက်သေပြုနိုင်သလို ပဋိပတ္တိသာသနာတော် အမြင့်မား၍ ချီးမြှောက်မှုအနေနှင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးအား သာဓက ပြုနိုင်ခဲ့ပါသည်။ ယခုအခါ အဖွဲ့.ချုပ်ကြီးနှင့် အဓိကဆက်နွယ်နေပြီး အဖွဲ့.ချုပ်ကြီး၏ ရည်ရွယ်ချက်တို့ကိုအောင်မြင်အောင် ရှေ့ဆောင်ပေးတော်မူကြသည့် ကျေးဇူးရှင် ဆရာတော် ၂ ပါးသည်လည်း အဖွဲ့.ချုပ်ကြီးအား တစ်စုံတစ်ရာသော စွမ်းအားမျာ်းကို ပေးအပ်ခဲ့၍ ဘုရားရဟန္တာတို့သော်မှ မလွန်ဆန်နိုင်သော သဘာဝဖြင့် လိုရာသို့ ကြွမြန်းသွားတော် မူခဲ့ကြလေပြီ။ အဖွဲ့.ချုပ်ကြီးကို ဦးစီးဦးဆောင်ခဲ့ကြသော သတိုးသီရိသုဓမ္မသူဌေးကြီး ဆာဦးသွင်၊ ပြီးနောက် အဖွဲ့.ဥက္ကဋ္ဌဟောင်းများ ဖြစ်ခဲ့ကြသည့် ချပ်သင်းဦးဘတင် (စည်သူ)၊ မြန်အောင်ဦးတင်၊ ဦးချစ်ဖေ၊ ဝဏ္ဏကျော်ထင်ဦးညီပု၊ ဦးပွင့်ကောင်းနှင့် တကွသော အဖွဲ့.ဝင်လူကြီးများလည်း နှောင်းလူတို့ထံ အမွေဆက်ခံစေကာ လိုရာဘဝသို့ ထွက်ခွာသွားခဲ့ကြပါပြီ။

သို့သော်လည်း ဆရာတော်ဘုရားကြီးတို့၏ တပည့်သံဃာ၊ ဥပသကာ၊ ဥပါသိကာမ အပေါင်းတို့သည် ဆရာတော်ဘုရားကြီး၏ ဩဝါဒအတိုင်း ခံယူကြလျက် မြန်မာနိုင်ငံတွင်းသာမက ကမ္ဘာအရပ်ရပ်သို့ ဖြန့်လျက် ပရိယတ္တိ၊ ပဋိပတ္တိသာသနာအမွေကို ဆက်ခံကျင့်သုံးလျက် တွေ့ရှိရသည်မှာ ဝမ်းမြောက်ဂုဏ်ယူစရာပင် ဖြစ်ပါသည်။ အဖွဲ့.ချုပ်ကြီး၏ အောင်မြင်မှုများသည် မျှော်မှန်းသည်ထက်ပင် ကြီးမားသော အောင်မြင်မှုကို ရနေကြသည်ဟု ဆိုနိုင်ပါပေသည်။ ထို အောင်မြင်မှုများရအောင် နောက်ကွယ်မှ ညီငယ်နှင့် ညီမငယ်တို့သဖွယ် အစဉ်တစိုက် အားပေးခဲ့ကြသော အသင်းကြီးနှစ်သင်းအကြောင်းကိုလည်း ချန်ထား၍ မရပါ။

ဟိတေသီအဖွဲ့.

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်နှင့် အညီ ဝိပဿနာတရား အားထုတ်သူတို့အား တရားထူးရကြ၍ မင်္ဂဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုသည်အထိ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် တရားအားထုတ်နိုင်ရန် မဟာစည်သာသနာ့ရိပ်သာအတွင်း တရားကျင့်ကြံ အားထုတ်သော ယောဂီများ၏ ဆွမ်းကွမ်း ဝေယျာဝစ္စ အတွက် ဆက်လက် ကျွေးမွေးလှူဒါန်းရန်အတွက် ရည်ရွယ်၍ ဦးဘညိန်ဦးဆောင်သော ဗိုလ်ချုပ်အောင်ဆန်းစွဲ၊ စွဲသူစွဲသား များက ဟိတေသီအဖွဲ့.ကို ၁၃၂၇ ခုနှစ်၊ တန်ခူးလပြည့် (၅-၄-၆၆) ရက်နေ့တွင် စတင်တည်ထောင် ဖွဲ့စည်းခဲ့ပါသည်။

ဟိတေသီဟူသော အမည်သညာသည် ဟိတံဧသ တိတိ ဟိတေသိ။ ဟိတံ= အကျိုးစီးပွားကို။ ဧသတ်= ရှာမှီးတတ်၏။ ဣတိသဒ္ဒါ= ထိုသို့ အကျိုးစီးပွားကို ရှာမှီးတတ်သောကြောင့် ။ ဟိတေသီ= ဟိတေသိမည်၏ ဟူသော အနက်တွင်အညီ အကျိုးစီးပွားကို ရှာမှီးတတ်သော ပုဂ္ဂိုလ် အပေါင်းအသင်းအဖွဲ့.၏ အနက်နှင့်လျော်သော အနက်တွင်အမည် ဖြစ်ပေသည်။

အဖွဲ့.ကြီး၏ အဓိကဆောင်ရွက်ချက်များက–

* တရားအားထုတ်ရန် ရောက်ရှိလာပါက သံဃာတော်များနှင့် ယောဂီသူတော်စင်တို့အား ဆွမ်းကပ်လှူဒါန်းခြင်း (၁၉၉၂ မှ ၁၉၉၆ ကာလအတွင်း နေ့စဉ် အနည်းဆုံး (၅၇) ဦးမှ အများဆုံး (၃၇၁) ဦးထိ)၊
* လစဉ် လပြည့်နေ့တိုင်း သက်သတ်လွတ် ဟင်းလျာများဖြင့် ဥပုသ်စောင့်ခြင်း၊ တရားရှုမှတ်ခြင်း၊
* စနေတရားပွဲ ကုသိုလ်တော်၊
* နှစ်သစ်ချိန်ခါ ပဒေသာပင်ဆွတ်ခူးပွဲ၊
* ဟိတေသီမိသားစု ရဟန်းခံရှင်ပြုလှူဒါန်းပွဲ (အနည်းဆုံး ရဟန်းတော် ၁၀၀ နှင့် ရှင်လောင်း ၁၀၀ ကို နှစ်စဉ် ရဟန်းခံ ရှင်ပြုပေးသည်)၊
* ယောဂီကျန်းမာမှု ဆေးပါကု၊
* ထမနဲပွဲတော်၊
* နှစ်သစ်ကူး စုဘူးအလှူတော် စသည်တို့ ဖြစ်ပါသည်။



ဗုဒ္ဓသာသနာနဂိုဟအဖွဲ့လက်ရှိဥက္ကဋ္ဌ ဦးလှကြိုင်

ဝဂ္ဂဖြ တွင် သာမန်အဖွဲ့ဝင် ၄၃၆၂၈ ဦးရှိရာ ရာသက်ပန်အဖွဲ့ဝင် ၂၀၉၄၆ ဦးရှိပါသည်။

အမျိုးသမီးယောဂီစောင့်ရှောက်ရေးအသင်း

မဟာစည် သာသနာ့ရိပ်သာ၌ ဝိပဿနာတရားများအားထုတ်ပွားများနေသော အမျိုးသမီးတို့မှာ ရိပ်သာကြီးအတွင်း၌ ကျောင်းအလှူရှင်၊ ဇရပ်အလှူရှင်၊ ရေတွင်းရေကန် အလှူရှင် အမျိုးသမီးများစွာ ပေါ်ပေါက်ခဲ့သည်။ မဟာစည် ဆရာတော်ဘုရားကြီးနှင့်တကွ ဆရာတော်သံဃာတော်များ၏ ရဟန်း၊ ရဟန်းဒါယကာမ အမျိုးသမီးကြီးများလည်း များစွာရှိနေသည်။ ထိုအမျိုးသမီးကြီးတို့သည် ကိုယ့်အစု၊ ကိုယ်အဖွဲ့နှင့် သီးခြားနေကြကာ ကုသိုလ်ဒါနကောင်းမှု အဝဝကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပြုနေကြ၏။ သာသနာပြု လုပ်ငန်းများကို အဆင်သင့်သလို လုပ်ဆောင်နေကြ၏။ လှူဒါန်းနေကြ၏။

ထိုသို့နေလာခဲ့ရာမှ မဟာစည်သာသနာ့ရိပ်သာနာယကဆရာတော် ဦးဇဝနက သာသနာ့အကျိုးကို ပိုမိုစည်းလုံးဆောင်ရွက်နိုင်ရန်၊ သာသနာပြုလုပ်ငန်းရပ်များတွင်ကျယ်၍ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသမီး အဖွဲ့တစ်ရပ် ဖွဲ့စည်းသင့်ကြောင်းကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးအားလျှောက်ထား တင်ပြခဲ့ပါသည်။ ဆရာတော်ဘုရားကြီးကလည်း သဘောတူ သဖြင့် ကျေနပ်စွာ အမျိုးသမီးအဖွဲ့ဖွဲ့ခွင့်ပြုတော်မူခဲ့ ပါသည်။

ဤသို့ဖြင့် ဗုဒ္ဓသာသနာ နဂိုဟအဖွဲ့မှ ခေါင်းဆောင်၍ အမျိုးသမီး ယောဂီစောင့်ရှောက်ရေး အဖွဲ့ ကြီးကို ၁၉၇၈ ခုနှစ်၊ မေလ ၂၁ ရက် (၁၃၄၀ ပြည့်၊ ကဆုန်လပြည့်) တနင်္ဂနွေနေ့တွင် စတင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

၄င်းအမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့သည် ပူဇော်ပွဲကြီးများ၊ ကထိန်ပွဲကြီးများ၊ အလှူရှင်များ၏ အလှူပွဲများ၊ ဆွမ်းပဒေသာ အလှူရှင်များ၏ အလှူပွဲများစသည်တို့ကို ပစ္စည်းအားနှင့်အတူ လူကိုယ်တိုင် အထူးပါဝင်ဆောင်ရွက်ကြသည့်အပြင် သံဃ မဟာနာယကအဖွဲ့နှင့်တကွ မြန်မာနိုင်ငံလုံးဆိုင်ရာ သာသနာပြုလုပ်ငန်းများ တိုင်းနှင့် မြို့နယ် သာသနာပြုလုပ်ငန်းများကို ဗုဒ္ဓသာသနာနဂိုဟ အဖွဲ့ချုပ်၏ ညွှန်ကြားချက်နှင့်အညီ ငွေအား၊ လူအား၊ အပြည့်အစုံနှင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြပါသည်။

အမျိုးသမီးအဖွဲ့ကြီး၏ ထူးခြားသည့် ဆောင်ရွက်ချက်များမှာ-

၁။ ဆွမ်းစားကျောင်းတွင် ဗုဒ္ဓသာသနာနဂိုဟအဖွဲ့ချုပ်၏ ဦးဆောင်ချက်အရ နေ့စဉ်တာဝန်ယူဆောင်ရွက်ခြင်း၊

၂။ ဝမ္မသာလာမဏ္ဍပ်တွင် အလှူကြီးများကို အမျိုးသမီးအဖွဲ့မှ အဝိုကတာဝန်ယူ၍ စည်ခဲ့ကျွေးမွေး လှူဒါန်းခြင်း၊

၃။ သင်္ကြန်ပွဲတော် အခါကြီးများတွင် ယောဂီ (၃၀၀၀) ကျော်တို့အား ဗုဒ္ဓသာသနာနဂိုဟ အဖွဲ့နှင့် ပူးတွဲ၍ နေရာထိုင်ခင်းပေးခြင်း၊ စည်ခဲ့ကျွေးမွေး လှူဒါန်းခြင်း၊


၄။ နွေရာသီ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းဖွင့်ပွဲတွင်



သာသနမလဝိသောဓနီ သိမ်တော်ကြီး

ဟိတေသိအဖွဲ့.ကြီး၏ နှစ်သစ်ကူးပဒေသာပင်လှူပွဲ





မဟာစည်သာသနာ့ရိပ်သာ၏ အဆောက်အအုံအနေအထ

သင်တန်းသူ သီလရှင်ငယ်ကလေး ၁၅၀ ကျော် ကို
ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊

၅။ ကဆုန်လပြည့်နေ့တွင် ကဆုန်ညောင်ရေ
သွန်းလောင်းပွဲနှင့် ဗုဒ္ဓယဉ်ကျေးမှု ဆုပေးပွဲကို
ဗုဒ္ဓသာသနာနဂိုဟအဖွဲ့၊ ဟိတေသီအဖွဲ့နှင့်
အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့တို့
ပူးတွဲ၍ တာဝန်ယူဆောင်ရွက်ရခြင်း၊

၆။ ပူဇော်ပွဲတော် ရက်ကြီးများတွင် အနယ်နယ်
အရပ်ရပ်မှ ကြွရောက်လာကြသော ရဟန်းရှင်လူ
ယောဂီ ဧည့်ပရိသတ် ၆၀၀၀ ကျော်တို့အား
ဗုဒ္ဓသာသနာနဂိုဟ အဖွဲ့ချုပ်နှင့် ပူးတွဲ၍ ဧည့်ခံ
ကျွေးမွေး လှူဒါန်းခြင်း၊ ကိစ္စအရပ်ရပ်ကို
ဆောင်ရွက်ခြင်း၊

၇။ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့သည်
ကမ္ဘာအေး၊ဆွမ်းလောင်း၊ ဆွမ်းကပ်ပွဲတွင်လည်း
နောက်မကျခဲ့ပါ။ ဗုဒ္ဓ သာသနာနဂိုဟအဖွဲ့နှင့်
ပူးပေါင်း၍ အလှူဒါနပြုခဲ့ခြင်း စသော သာသနာပြု
လုပ်ငန်းများကို စေတနာထက်သန်စွာဖြင့်
ကုသိုလ်ယူပြုလုပ်ဆောင်ရွက်နေကြပါသည်။

လက်ရှိဆရာတော် သံဃာတော်များ

ထမ်းဆောင်နေသော တာဝန်များ

မဟာစည် ဆရာတော်ဘုရား မရှိသည့်နောက်
သာသနာ့ရိပ်သာကြီး မယိမ်းမယိုင်ရအောင် ဆရာတော်
အဆက်ဆက်က တာဝန်ယူခဲ့ကြ၏။ လက်ရှိမဟာစည်
သာသနာ့ရိပ်သာများ၏ ဦးဆောင်ညွှတ်ဒါစရိယ ဆရာ
တော်ကြီးများမှာ–

ဘဒ္ဒန္တကောသလ္လ မဟာထေရ် (ရွှေဥမင်ဆရာတော်)၊
ဘဒ္ဒန္တ ပညာသာမိမဟာထေရ် (ရွှေရေးဆောင် ဆရာတော်)၊
ဘဒ္ဒန္တ ဝိမလမဟာထေရ် (ရင်ငြိမ်ဆရာတော်)၊
ဘဒ္ဒန္တ ဣန္ဒဝံသ (အိမ်မဲဆရာတော်)၊
ဘဒ္ဒန္တ ဥက္ကံသာစာရမထေရ် (ဇီးကုန်းဆရာတော်) တို့
ဖြစ်ကြ၍

လက်ရှိ မဟာစည်သာသနာ့ရိပ်သာကြီး၏ ဩဝါဒါ
စရိယ ဆရာတော်ကြီးတို့မှာ –

* ဘဒ္ဒန္တ သံဃရမဟာထေရ် အဂ္ဂမဟာဓမ္မဓာနစရိယ
(ချမ်းမြေ့အောင်စည်ဆရာတော်)၊



မဟာစည် သာသနာ့ရိပ်သာ၏ အဆောက်အအုံ
အနေအထားပြပုံ

* ဘဒ္ဒန္တ ပညာသိပ္ပမဟာထေရ် အဂ္ဂမဟာပဏ္ဍိတ (ရေဦး ဆရာတော်)
* ဘဒ္ဒန္တ သီလာနန္ဒာ ဘိဝံသအဂ္ဂမဟာ ပဏ္ဍိတ (ဆန်ဖရန် စစ္စကို ဆရာတော်) တို့ ဖြစ်ကြပါ သည်။

ဤဆရာတော် ဘုရားများ၏ လမ်းညွှန်ချက် အောက်တွင် ကမ္မဋ္ဌာန်းတရားနှင့် ပတ်သက်သမျှ ကိစ္စ အဝဝ အပြင်–

* မဟာစည်ရိပ်သာခွဲများ၊
* ကမ္ဘာ့သာသနာပြုလုပ်ငန်းများ၊
* မဟာစည်နယ်လှည့် ဓမ္မကထိကအဖွဲ့ချုပ်၊
* ရိပ်သာတွင်း ယဉ်ကျေးမှုသင်တန်း၊
* မဟာစည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု သင်တန်း ကျောင်း၊
* နိုင်ငံခြားဌာနများသို့ ကမ္မဋ္ဌာန်း ဆရာများအဖြစ် သာသနာပြုစေနိုင်ရန် ဓမ္မာစရိယ အောင်မြင်၍ မဟာစည် ဝိပဿနာတရားများ ကျယ်ကျယ်အောင် အားထုတ်ပြီး ရဟန်းတော်များကို အင်္ဂလိပ်ဘာသာဖြင့် ပြောပြောနိုင်သည်အထိ သင်ကြားပို့ချခြင်း

စသည်တို့ အစဉ်တိုးတက်ရေးအတွက် တာဝန်ယူ လျက် ရှိပါသည်။

အထက်ပါအတိုင်း ဆရာတော်များက ရှေ့က မားမား မတ်မတ် ရပ်တည်ပေးနေသလို သာသနာနဂိုဟအဖွဲ့ကြီး ကလည်း ညီတော်၊ နမတော် အသင်းအဖွဲ့ကြီး နှစ်ခုနှင့်အတူ လက်တွဲ၍ လက်ရှိဥက္ကဋ္ဌကြီး ဦးလှကြိုင်၏ လမ်းညွှန်မှု အောက် တွင်–

* အဆောက်အအုံတို့ကို အသစ်တည်ဆောက်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ ရဟန်းရှင်လူ ယောဂီများ၏ ဆွမ်းကွမ်း ဝေယျာဝစ္စ၊
* ဆရာတော်ဘုရား၏ စာအုပ်များ ဆက်လက်ပုံနှိပ်ထုတ်ဝေခြင်း၊ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသား ထုတ်ဝေခြင်း စသည့် မရေမတွက်နိုင်သော များပြားသော တာဝန်များကို ညီညီညွတ်ညွတ်ထမ်းဆောင် လျက် ရှိပါသည်။

အထက်ပါ အသင်းကြီးတည်ရှိရာ ဗဟန်းမဟာစည် သာသနာ့ရိပ်သာသို့ မရောက်ဖူးသေးပါက ကြွရောက် လေ့လာစေလိုပါသည်။

* မရေမတွက်နိုင်အောင် များပြားသော ရဟန်းတော်များ၊ သီလရှင်များ၊ ယောဂီများ စိတ်ငြိမ်စွာ တရားကျင့်ကြံ အားထုတ်နေကြသည်ကို ကြည့်နူးဖွယ်ရာ မြင်တွေ့ရမည် ဖြစ်သလို၊
* အဝင်ဝ၌ မြန်မာနိုင်ငံ၏ အာသောကမင်းကြီးဟု အချို့တင်စားပြောဆိုနေကြသော ဆာဦးသွင်ရုပ်တုနှင့်
* မဟာစည် ဆရာတော်ဘုရား၏ ဗိမာန်တော် (ဗိမာန်နံရံတစ်ခုလုံး၌ ဆရာတော်ဘုရား၏ ဝိပဿနာ အလုပ်ပေး တရားစာ ထုသွင်းထားပါသည်) သို့လည်း ဝင်ရောက်ဖူးမြော်နိုင်ကြောင်း တင်ပြပါသည်။

ဆရာဝန် တင်ရွှေ







သက်ကြီးရွယ်အို ကျန်းမာရေး

နိဒါန်း

မြန်မာလူမျိုးတို့က လူတစ်ယောက်၏အရွယ်ကို သုံးမျိုးသုံးစား ပိုင်းခြားထားသည်။ ပထမအရွယ်သည် ပညာရှာသည့် အရွယ်ဖြစ်၍ မွေးသည်မှ ပညာပြည့်စုံသည်အထိ ခန့်မှန်းခြေ အသက် ၂၀ ကျော် ၂၅ နှစ်ခန့်အထိ ဖြစ်သည်။ ဒုတိယအရွယ်သည် ပညာပြည့်စုံပြီးနောက် ကြင်ယာရှာရ၊ စီးပွားရှာရသည့် အရွယ်ဖြစ်သည်။ ခန့်မှန်းခြေအသက် ၂၀ ကျော်မှ အလုပ်မှ အနားယူသည့် အရွယ် အသက် ၆၀ ကျော် ၆၅ ခန့်အထိ ဖြစ်သည်။ တတိယအရွယ်သည် တရားရှာရမည့် အရွယ်ဖြစ်၍ အလုပ်မှ အနားယူချိန် (၀ါ) အသက် ၆၀ ကျော် ၆၅ မှ သေသည်အထိဖြစ်သည်။ သေဆုံးချိန်သည် ဗျမ်းမျှ အသက် ၇၀ – ၈၀ ကျော်အရွယ်အထိ ဖြစ်ပေသည်။

အနောက်တိုင်း လူမျိုးများကမူ အသက် ၄၀ အထိ အရွယ်ကို ပထမအရွယ်ဟု ယူဆ၍ ထိုအရွယ်၌ ပညာရှာရ၊ အလုပ်ရှာရ၊ အိမ်ထောင်ပြုရသည်။ ထိုမှ ဒုတိယအရွယ် (Middle Age) သည် အလုပ်မှ အနားယူသည့် အသက် ၆၀ ကျော် ၆၅ နှစ်အထိ ဖြစ်သည်။ ထိုအသက်၏ နောက်ပိုင်း ကိုကား သက်ကြီးရွယ်အို (Old Age) သို့မဟုတ် အထက်တန်း နိုင်ငံသား (Senior Citizen) ဟု ခေါ်လေသည်။ ထိုအခါ၌ အခြားသူများထက်ပို၍ အရိုအသေပေးခံရ၊ အခွင့်အရေးပေးခံရလေသည်။ အကြောင်းမှာ "ဂုဏ်ဝုဏ် ဝယဝုဏ်၊" ဖြင့် ပြည့်စုံသော သက်ကြီးရွယ်အို ပုဂ္ဂိုလ်များ ဖြစ်သောကြောင့် ပေတည်း။

မှန်ပေသည်။ အသက် ၆၀ ကျော် ပုဂ္ဂိုလ်များ၌ လူငယ်များတွင် မရှိသော အတွေ့အကြုံ၊ အမြော်အမြင်၊ အသိပညာနှင့် လုပ်ရည်ကိုင်ရည်၊ ဉာဏ်ရည်ဉာဏ်သွေးတို့ ရှိသည်။ ယင်းတို့ကို သုံးခြင်းအားဖြင့် တစ်ခုခုကို ဆုံးဖြတ်ရာတွင် အစွန်းနှစ်ဘက်လွတ်သော အချိန်အခါ အခြေအနေနှင့် အကိုက်အညီဆုံး ဆုံးဖြတ်ချက် (Optimum and Correct Decision) ကို ပေးနိုင်လေသည်။ သို့ဖြစ်၍ လူ့သမိုင်း၌ သက်ကြီးရွယ်အိုတို့၏ အတွေးအမြင်နှင့် အကြံပေးချက်၊ ဆုံးဖြတ်ချက်တို့ကို လူငယ်များက လေးစားလိုက်နာခဲ့ကြခြင်း ဖြစ်သည်။ သို့နှင့် လူ့လောကမှာ တိုးတက်လာခြင်းဖြစ်သည်။ သက်ကြီးစကား သက်ငယ်ကြားဖြင့် လူများ ယဉ်ကျေးလိမ္မာလာကြခြင်း၊ အသိပညာတိုးလာခြင်း ဖြစ်သည်။ နိုင်ငံများစွာ၌ အသက်ကြီးသောနိုင်ငံခေါင်းဆောင်များကြောင့်လည်း ယင်းနိုင်ငံများလည်း တိုးတက်လာခဲ့ကြရသည်။

သို့ရာတွင် သက်ကြီးရွယ်အိုတို့၏ ကျန်းမာရေးမှာကား လူငယ်တွေလောက် မကောင်းလှပေ။ သူတို့၏ အသားအရေသည် တွန့်လိမ်လာပြီး သူတို့၏ဆံပင်သည် ဖြူလာသည်။ သူတို့၏ မျက်စိအမြင်မှာ မှုန်မှိုင်းပြီး သူတို့ခါးမှာ ကိုင်းလာပြီ။ သူတို့၏ ဉာဏ်ရည်နှင့် မှတ်ဉာဏ်မှာလည်း ပြောင်းလဲလာတော့၏။

ယခု သက်ကြီးရွယ်အိုတို့၏ ပြဿနာများ အထူးသဖြင့် ကျန်းမာရေးပြဿနာများကို အောက်တွင်ရေးသား ဖော်ပြလိုက်ပါသည်။

အသက်အပိုင်းအခြား

ဘာသာရေးအရ (၀ါ) လူအများ၏ ယုံကြည်ပြောဆိုချက်အရ လူ၏သက်တမ်းမှာ ယခုအခါ အသက်နှစ်အားဖြင့် ရှစ်ဆယ်ပိုင်းမှာရှိ၏။ ဂေါတမဘုရားသခင် ပွင့်စဉ်က လူ့သက်တမ်းမှာ နှစ် ၁၀၀ ဖြစ်ပြီး ကဿပဘုရားပွင့်စဉ်က လူ့သက်တမ်းမှာ နှစ်တစ်သောင်းဖြစ်သည်ဟု သိရ၏။ ယခုအခါ "ဆုတ်ကပ်" ဖြစ်သဖြင့် လူ့သက်တမ်းမှာ လျော့လာတိုလာရသည်ဟု သိရသည်။ ဆေးပညာအရမူ မွေးသည့်အခါ နေနိုင်ရန် မျှော်မှန်းနိုင်သော အသက် (၀ါ) မျှော်မှန်းသက်တမ်း (Life Expectancy) မှာ လူမျိုးတစ်မျိုးနှင့်



ကမ္ဘာတွင်ဥက်ရည် (အိုင်ကျူ)

အမြင့်ဆုံးပုဂ္ဂိုလ်တစ်ယောက်အဖြစ်ယူဆခံရသော အကူမြူရူပမေဒ ပညာရှင်၊ အသက် ၇၆ နှစ်အရွယ် အဲ (လ) ဘတ်အိုင်းစတိုင်း

တစ်မျိုး၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံမတူပေ။ ထိုလူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံအတွင်းမှာပင် ယောကျ်ားနှင့် မိန်းမတို့၏ မျော်မှန်းသက်တမ်းမှာမတူ။ မိန်းမ၏ မျော်မှန်းအသက်က အမြဲတမ်းပိုရှည် တတ်လေသည်။ ဥပမာ ၁၉၉၃ - ၉၄ က ဂျပန်နိုင်ငံမှ အမျိုးသား၏ မျော်မှန်းသက်တမ်းမှာ ၇၆ .၃ နှစ်ဖြစ်၍ ဂျပန်အမျိုးသမီးများ မျော်မှန်းသက်တမ်းမှာ ၈၃ နှစ် ဖြစ်ပါ လေသည်။ မြန်မာနိုင်ငံ၏ ပျမ်းမျှမျော်မှန်းသက်တမ်း မှာ ၁၉၉၄-၁၉၉၅ က ၆၀.၉ နှစ်သာရှိရာ မိန်းမများက ၆၁ နှစ်၊ ယောကျ်ားများက ၅၈.၅ နှစ်ဖြစ်၍ မိန်းမများသက်တမ်းက ပိုရှည်ပါသည်။

သက်ကြီးရွယ်အို (၀၊) ဇရာ၏ လက္ခဏာများ

ဇရာ (၀၊) အိုခြင်း၏ လက္ခဏာများကို ဆေးပညာရှင်တို့သာမက လူတိုင်းပင် သိကြသည်။ လူတစ်ယောက် ခေါင်း ဖြူလျှင် အဘိုးကြီးဖြစ်ပြီဟူ၍ ပြောတတ်ကြသည်။ တကယ်ဆိုတော့ အဘိုးကြီးတိုင်းလိုလို ခေါင်းဖြူသော်လည်း ငယ်ငယ်ရွယ်ရွယ် ပုဂ္ဂိုလ်များလည်း ခေါင်းဖြူတတ်သည်သာ။ ထို့အတူ ခါးကုန်းလျှင်၊ သွားကျိုးလျှင် အဘိုးအဘွားဟု ခေါ်ကြကုန်၏။ ခါးကုန်းသော အကြောင်းများ၌ အသက်ကြီးလွန်းခြင်းသာမက အခြား အကြောင်းများလည်း ရှိသည်သာ။

တကယ်ဆိုတော့ ဇရာ၏ လက္ခဏာများမှာ မြင်ရသော လက္ခဏာလည်းရှိ၏။ မမြင်ရသော်လည်း အတွင်းတွင် ပြောင်းလဲနေသောလက္ခဏာများလည်း ရှိသည်သာ။ ဤသို့ပြောင်းလဲရာ၌ ခန္ဓာကိုယ်သို့မဟုတ် ရုပ်ပြောင်းလဲမှုများသာမက စိတ်ပြောင်းလဲမှုများ၊ အသိဉာဏ် ပြောင်းလဲမှုများ၊ တွေးခေါ်မှုပြောင်းလဲမှုများလည်းရှိ၏။ မိန်းမများဆိုက သွေးဆုံးခြင်းသည် ထူးခြားသော ပြောင်းလဲမှုတစ်ခုပင် ဖြစ်သည်။ ယောကျ်ားမျာ်းတွ်ကား သွေးဆုံးခြင်းကဲ့သို့သော ပြောင်းလဲမှုအတိအကျမရှိ။ သို့တိုင် အချို့လိင်ဘက်ဆိုင်ရာ ပြောင်းလဲမှုများသည် သွေးဆုံးသည်နှင့် တူသဖြင့် ယောကျ်ား သွေးဆုံးခြင်းဟုလည်း အချို့ကခေါ်ကြသည်။

သို့ဖြစ်၍ ဇရာ၏လက္ခဏာများကို (၁) ခန္ဓာကိုယ်ပြောင်းလဲမှုများ၊ (၂) စိတ်ပြောင်းလဲမှုများနှင့် (၃) အခြားပြောင်းလဲမှုများဟူ၍ ကဏ္ဍခွဲကာ ရေးသားဖော်ပြရပေသည်။

၁။ ခန္ဓာကိုယ်ပြောင်းလဲမှုများ

ခန္ဓာကိုယ်ပြောင်းလဲမှုများမှာ နှစ်မျိုးရှိသည်။ အပြင်ပုံပန်းသဏ္ဌာန် ပြောင်းလဲမှုနှင့် အတွင်း အင်္ဂါများ၏ ပြောင်းလဲမှုဟူ၍ ဖြစ်၏။

(က)အပြင်ပုံပန်းသဏ္ဌာန် ပြောင်းလဲမှု

လူ၏ခန္ဓာကိုယ်သည် မွေးစမှစ၍ တဖြည်းဖြည်းကြီး ထွားလာရာ အသက် ၂၁ နှစ်နှင့် ၂၅ နှစ်ကြား၌ လူကြီး၏ အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည် အလေးချိန်တို့ကို ရရှိသည်။ ခန္ဓာကိုယ်မှာ မတ်မတ်ရပ်၍ရသဖြင့် ထိုအရွယ်၌ အရပ်သည် အရှည်ဆုံးဖြစ်သည်။ အသက် ၂၅ နှစ်ကျော်သည်နှင့် အရိုး



၁၉၇၁ ခုနှစ်က အမေရိကန်ပြည်ထောင်စုရှိ
အသက်အကြီးဆုံး ပုဂ္ဂိုလ် ဖလော်ရီတာပြည်နယ်မှ
ချား စမစ် အသက် (၁၂၉) နှစ်

အဆစ်များတွင် ပြောင်းလဲမှုများကြောင့် အရပ်သည် တဖြည်းဖြည်း နိမ့်သွားသည်။

အကယ်၍ လူတစ်ယောက်၏ အရပ်သည် ၂၅ နှစ် အရွယ်၌ ၅ ပေ ၈ လက်မရှိပါက အသက် ၇၀ ရောက်လျှင် ၅ ပေ ၃လက်မသာ ရှိတော့သည်။ ဤသို့ဖြစ်သည်မှာ ခါးကုန်းလာခြင်းနှင့် အရိုးအဆစ်များ အတွင်းရှိ ရေများ လျော့သွားခြင်းကြောင့် ဖြစ်သည်။ ထို့အတူ အလေးချိန်မှာလည်း လျော့သွားသည်။ အသက် ၇၀ ရောက်လျှင် ပျမ်းမျှအားဖြင့် ၆ ပေါင်ခန့် လျော့တတ်သည်။

အရေပြားတွင်လည်း အဆီနှင့်ရေများ လျော့သွားသဖြင့် အတွန့်များပေါ်လာသည်။ သို့ဖြစ်၍ မျက်နှာ၊ လက် စသည်တို့၌ ပါးရေ၊ နာရေတွန့်လာသည်။ ဤသို့တွန့်ရာ၌ အမျှင်ကလာပ်စည်းများ ပေါများလာသဖြင့်လည်း အရေပြားမှာ မာကျောတောင့်တင်းလာသည်။ အရေပြားသာမဟုတ်၊ ကြွက်သားများလည်း မာကျော တောင့်တင်းလာသည်။ သို့ကြောင့် ပင်လျှင် ရင့်သော ကြက်၊ ဘဲ၊ ငှက်တို့၏ အသားများ မာခြင်း ဖြစ်သည်။

အရိုးအဆစ်များ ပြောင်းလဲမှုကြောင့် ရင်ခေါင်းသည် ပို၍တင်းလာပြီး အသက်ရှူရ ကျပ်လာတတ်သည်။ ထို့ကြောင့်ပင်လျှင် အသက်ကြီးသော သူများ၌ အသက် ရှူမဝသော ရောဂါများ ပိုရခြင်း ဖြစ်သည်။

အရိုးများ၏ ပြောင်းလဲမှုကြောင့် မျက်နှာတွင် မေးရိုးများ ပိုပေါ်လာသည်။ သွားများကျိုး၍ ယိုင်နဲ့လာသည်။ အသက် ၆၀ ကျော်ပါက သွားဖုံး တဖြည်းဖြည်းစားသွားသဖြင့် သွားများပို၍ ပေါ်လာကာ သွားများကျိုးလွယ်၊ ပြုတ်လွယ်သည်။ ဤအချက်ကြောင့်ပင် အဘိုး အဘွားကြီးများ၌ သွားမရှိရခြင်း ဖြစ်သည်။

အရိုးများသည် ထုံးဓာတ် နည်းပါးလာမှုကြောင့် ပို၍ ပျော့လာသည်။ သို့ဖြစ်၍ အသက်ကြီးလျှင် အရိုးများ ကျိုးလွယ်သည်။ ကျိုးလျှင်လည်း ပြန်ဆက်ရန် ခက်ခဲသည်။ များသောအားဖြင့် လက်ဖျံရိုး၊ ပေါင်ရိုးများ ကျိုးတတ်သည်။

ခန္ဓာကိုယ်၌ အဆီများ ပြောင်းလဲမှုကြောင့် မျက်နှာပုံပန်း၊ ခန္ဓာကိုယ်ပုံပန်းလည်း ပြောင်းလာသည်။ မျက်နှာ၌အဆီသည် မျက်လုံးအောက်နှင့် ပါးမေးအောက်၌ စုလာတတ်သည်။ ဤသည်မှာ ပါးရေ၊ နာရေတွန့်ခြင်းနှင့် နာခေါင်း၊ နား၌က်၊ နှုတ်ခမ်းစသော အင်္ဂါများ ပိုပေါ်လာခြင်းကြောင့်လည်း ဖြစ်သည်။ ဝပါက မေးနှစ်ထပ်နှင့် ဂုတ်ပိုးများ ထူနေတတ်သည်။ မိန်းမများတွင်ဆိုပါက ရင်သားမှာ ကြီး၍ တွဲလာတတ်သည်။ ခြေလက်တို့၌ အဆီနည်းလာ ပြီး ဝမ်းဗိုက်၊ ခါးစသည်တို့၌ အဆီများ စုလာတတ်သည်။ သို့ဖြစ်၍ အသက် ၄၀–၅၀ ကျော်လျှင် မိန်းမ များမှာ ခါးတုတ်၊ ဗိုက်ဖောင်း၊ ခြေသေး၊ လက်သေး ဖြစ်လာတတ်သည်။ သိပ်အသက်ကြီးသော အခါမှ သာလျှင် အဆီများလျော့ပြီး ပိန်ပိန် ကပ်ကပ် ပြန်ဖြစ်တတ်သည်။



ဘရပ်ဆယ်လ်စ်မြို့၊ တော်ဝင်ပြတိုက်မှ "စာထိုးနေသော သက်ကြီးရွယ်အို" အမည်ရှိ နီကောလပ်စ်မေဂျာ၏ ပန်းချီကား

ဦးနှောက်ကဲ့သို့ပင် အခြားသော အာရုံခံအင်္ဂါများသည်လည်း အသက်ကြီးလာသည်နှင့် ပြောင်းလဲချွတ်ယွင်းလာသည်။ မျက်စိဒ၌ဆိုပါက သူငယ်အိမ်ပတ်လည်တွင် အဖြူဝိုင်း ပေါ်လာတတ်သည်။ သူငယ်အိမ်ကိုယ်တိုင်လည်း မည်းရာမှ ဖြူလာတတ်သည်။ အတွင်းတိမ်များလည်း ပေါ်လာတတ်သည်။ မျက်မြင်လွှာချွတ်ယွင်း၍ မျက်စိလည်း မှုန်လာတတ်သည်။ မျက်စိကြွက်သားများ အိုလာသဖြင့် အဝေးမှ အနီး၊ အလင်းမှ အမှောင်သို့ ရုတ်တရက်ပြောင်းလဲကြည့်လျှင် ယခင်ကကဲ့သို့မဟုတ်ဘဲ မသဲမကွဲဖြစ်တတ်သည်။ ကြီးလျှင် စာဖတ်မျက်မှန်တပ်မှ စာဖတ်နိုင်သည်။ အရေးကြီးဆုံးကား မျက်လုံးသို့သွေးအရောက်နည်းသဖြင့် တစ်ခုခု အနာတရဖြစ်လျှင် အနာကျက် ခဲသည်။ မျက်ကြည်လွှာခွံဖုန်မှုန့်၊ သဲတို့ဝင်ပါက အနာမြန်စွာဖြစ်၍ အပြင်တိမ်ဖြစ်တတ်သည်။ မျက်မြေးရောင်ရောဂါလည်း ဤအရွယ်၌ ပိုဖြစ်တတ် သည်။

အသက်ကြီးလာလျှင် နားလည်း လေးလာတတ်သည်။ အသက် ၄၀-၅၀ ၌ တစ်ခါတစ်ရံ အလယ်နား အတွင်းရှိ အရိုးငယ်ကလေးများ ဆက်၍ နားကန်းတတ်သည်။ ယင်းရောဂါ မှာ ခွဲစိတ်ကုကာ ပျောက်သည်။ နားအာရုံကြောလည်း ပျက်တတ်သည်။ အနံ့ခံနိုင်သည့် သတ္တိလည်း လျော့သွားသည်။ အနံ့နှင့် အရသာမှာလွဲနေသဖြင့် အရသာခံမှုလည်း လျော့သွားသည်။ သို့ကြောင့် အသက်ကြီးလာသူများမှာ အစာအသောက် ပျက်လာတတ်သည်။ အသက် ၄၀-၅၀ ကျော်လျှင် ခန္ဓာကိုယ်တစ်ခုလုံးရှိ သွေးလွှတ်ကြောများသည် ကျဉ်းလာရုံမျှမက ထုံးတတ်များ၊ ကိုလက်စထရောတတ် များသည်နှံရှဲ၍ အနည်ထိုင်လာတတ်သည်။ အတွင်းလွှာမှာ ချောမောနေရာမှ ကြမ်းလာသည်။ သို့ဖြစ်၍ ခြေလက်များ မကြာခဏကျင်ခြင်း၊ သွေးကြောများ ရုတ်တရက်ပိတ်ခြင်း၊ ကိုယ်အင်္ဂါများ ပုပ်ခြင်း တို့ပင် ဖြစ်တတ်သည်။


သွေးကြောများတွင် ပြောင်းလဲမှု ရှိက သွေးတိုးအား နှင့် နှလုံး၌ ပြောင်းလဲမှုရှိလာသည်သာ။

ပါးရေ၊ နားရေတွန့်ခြင်းမှာ အသက် ၂၀-၃၀ ကတည်းက စသည်။ သို့သော် အသက် ၄၀ ကျော်မှ ထင်ရှားလာသည်။ အသက် ၄၀ လောက်ရောက်လျှင် ဆံပင်များ ဖြူလာတတ်သည်။ များသောအား ဖြင့် နားထင်မှ စဖြူလာတတ်သည်။ ဤသည်မှာ ဆံပင်၏ အနက်ရောင်ခြယ် ပစ္စည်းထုတ်လုပ်မှု နည်းပါးသောကြောင့် ဖြစ်သည်။ သို့ဖြစ်၍ ယင်းရောင်ခြယ်ပစ္စည်းထုတ်လုပ်မှု ချွတ်ယွင်းသော ခရုသင်း၊ ဆွတ်ဆွတ်ဖြူရောဂါ (Albinism)နှင့် သိုင်းရွိုက်စတ် ချွတ်ယွင်းသောရောဂါသည်တို့၌ ပို၍ ဖြူတတ်သည်။ ရိုးရိုးသားသားလူများ၌မူ ဆံပင်ဖြူခြင်းမှာ မျိုးရိုးလိုက်သည်။ အဖေအမေက အသက် ၃၀ – ၄၀ တွင် စဖြူလျှင် သားသမီးများလည်း ထိုအရွယ် ကျမှသာ ဖြူသည်။ ဆံပင်ဖြူခြင်းအတွက် ပျောက်စေသော ဆေးမရှိ။

ဆံပင်နှင့်ပတ်သက်၍ ယောကျ်ားများ၌ ဖြစ်တတ်သည်ကား ခေါင်းထိပ်ပြောင်ခြင်းပင် ဖြစ်သည်။ များသောအား ဖြင့် အသက် ၄၀-၅၀ အရွယ်၌ ဖြစ်တတ်သည်။ ဤထိပ်ပြောင်ခြင်းမှာ မျိုးရိုးလိုက်သည်ဟု သိရသည်။

(ခ) အတွင်းအင်္ဂါများပြောင်းလဲမှု

ဦးနှောက်၌ဆိုပါက ဦးနှောက်ကလာပ်စည်းများနည်း၍ သွားသည်။ ဦးနှောက်ကလာပ်စည်းများသော မွဲပြာရောင် အသား (Gray Matter) မှာ ပါးသွား၍ ဦးနှောက် အရွယ်ပမာဏမှာလည်း အနည်းငယ်သေးသွားသည်ဟု သိရသည်။ အထူးသိသာပြောင်းလဲမှုမှာ ဦးနှောက်သို့ သွားသော သွေးကြောများ ကျဉ်းခြင်းဖြစ်၏။ သွေးကြောကျဉ်း၍ ဦးနှောက်သို့ သွေးအရောက်နည်းက ဦးနှောက်လုပ်ငန်းများ ချွတ်ယွင်းလာတတ်သည်။ ထို့ကြောင့်ပင်လျှင် အသက်ကြီးလာလေ မှတ်ဉာဏ် လျော့လာလေ ရုတ်တရက် ထိုးထွင်းဉာဏ် နည်းသွားလေ ဖြစ်သည်။ အဖြစ်အပျက်များကို မှတ်မိရာ၌လည်း ငယ်စဉ်က အဖြစ်အပျက်များကို ပိုမှတ်မိ၍ လတ်တလော အဖြစ်အပျက်များကိုမူ မေ့တတ်သည်။



သက်ကြီးရွယ်အိုများဖြစ်လေ့ရှိသော အဆစ်ရောင်ရောဂါ (ဒူလာရောဂါ) ပုံစံအမျိုးမျိုး

အသက် ၄၀ ကျော်က သွေးတိုးရောဂါရနိုင်သည်။ နှလုံးသို့ သွေးရောက်မှုနည်း၍ ရင်ဘတ်နာရောဂါ ဖြစ်နိုင်သည်။ နှလုံးကိုယ်တိုင်လည်းကြီးလာပြီး နှလုံး၏ အခင်မျာ:၌ ထုံ:စာတ်မျာ: အနည်ထိုင်တတ်သည်။ ထိုအခါ နှလုံးရောဂါရတော့၏။

နှလုံးတွင်ဖြစ်ပါက အဆုတ်လည်:မသက်သာ။ အဆုတ်၌ သွေးကြောမျာ:ကျဉ်:သည်မှာ မပြောပလောက်သော်လည်း လေခန်းမျာ::ကကျယ်၍ကျယ်၍လာသည်။ သို့ဖြင့် အဆုတ်လေပွရောဂါ (Emphysema) ရတတ်သည်။ ထို့ကြောင့်ပင်လျှင် အသက်ကြီးသူမျာ:မှာ အသက်ရှူ မဝခြင်:၊ အမောမခံနိုင်ခြင်:ဖြစ်သည်။

အသည်:ကာ: အံ့သြဖွယ်ကောင်း၏။ ရောဂါမရဖူ:က မည်သည့်အရွယ်ဖြစ်ဖြစ် ဘာမျှမဖြစ်။ သန်တုန်:မြန်တုန်:၊ အလုပ်လုပ်နိုင်တုန်:။ သို့သော်ငယ်ငယ်က အသည်:ရောဂါရဖူ:က၊ အာဟာရချို့တဲ့က၊ အရက်သေစာ သောက်စာ:မူမျာ:ခဲ့က အသည်:မာ(ဝါ) အသည်:ကျပ်ရောဂါ (Cirrhosis) ရတတ်သည်။ အသည်:မာရောဂါရလျှင် အသက် ၆၀-၇၀ အရွယ်၌ စို:ရိမ်ဖို့ကောင်း၏။ အကြောင်:မှာ အသည်:မာရောဂါမှ အသည်:ကင်ဆာရောဂါသို့ ပြောင်:သွာ: နိုင်သောကြောင့် ဖြစ်သည်။

အသည်:ကဲ့သို့ပင် ပန်ကရိယမှန့်ချို့အိ (Pancreas) လည်: ဖြစ်တတ်သည်။ ပန်ကရိယမှာ သွေးအတွင်:ရှိဆေ:သကြာ: (Glucose) ကိုထိန်:သိမ်:သောအင်ဆူလင် ဟိုမုန်:နှင့် အစာခြေ အရည်မျာ:ကို ထုတ်ပေ:သော အကျိတ်ဖြစ်သည်။ ယင်း၏ သွေးကြောမျာ: အသက်ကြီး၍ ကျဉ်:ကုန်ကအင်ဆူလင်ထုတ်လုပ်မှု လျော့သွာ: တတ်သည်။ ထိုအခါ ဆီ:ချို့ရောဂါဖြစ်တတ်၏။ အစာခြေအင်ဇိုင်:ထုတ်လုပ်မှုနည်:သွာ:လျှင်ကာ: အစာမကြေလေပွဖြစ်တတ်သည်။


အစာခြေအင်ဇိုင်:မျာ:ကို ပန်ကရိယသာမက အစာအိမ်နှင့်အူသိမ်မျာ:ကလည်: ထုတ်ပေ:သည်။ ယင်:အင်္ဂါမျာ:သည်လည်: အသက်ကြီး၍ ကျဉ်:ကုန်ကတတ်သည်။ ထိုအခါ အစာမကြေလေပွဖြစ်ရုံသာမက ဝမ်:ပင်ခဏခဏချုပ်တတ်သည်။ ဝမ်:ချုပ်ဖန် မျာ:ကလိပ်ခေါင်:ထွက်တတ်၊ အူနံရံဖောင်:ထွက်လာတတ်သည်။ အူနံရံဖောင်:ထွက်မှုကြောင့် အူအတက်ရောင်သကဲ့သို့ ရောင်တတ်သည်။

အူနံရံပါ:၍ ဖောင်:လာသကဲ့သို့ ဝမ်:ဗိုက်ကြွက်သာ:မျာ: အာ:နည်:လာသဖြင့်လည်: အသက်ကြီးသူမျာ:၌ အူကျတတ်သည်။

ကျောက်ကပ်၌ ပြောင်:လဲမှုမျာ:ကာ: အသက်ကြီးသူမျာ:အတွက် အရေးကြီး:ဆုံ:ဖြစ်သည်။ အကြောင်:မှာ ကျောက်ကပ်ပျက်စီ:လာလျှင် ခန္ဓာကိုယ် ဓာတ်သဘာဝညီမျှမှုကို ပျက်စီ:စေသည်။ ထိုသို့ဓာတ်သဘာဝပျက်လျှင် တစ်ကိုယ်လုံ:ကို ပြန်လည်ထိခိုက်သည်။ အချို့က ဤအချက်ကြောင့်ပင် အိုရသည်ဟုဆိုသည်။ မည်သို့ပင်ဖြစ်စေ ကျောက်ကပ်ကိုထိခိုက်ကသွေးတိုးရောဂါလည်: ရနိုင်သည်။ ဆီ:လမ်:ကြောင်:တစ်လျှောက်တွင်ကျောက်မျာ:လည်: ဖြစ်နိုင်သည်။ မည်သည့်ရောဂါမျှ မဖြစ်သည့်တိုင် ကျောက်ကပ် မူရင်:နေရာမှ ရွေ့ပြီ: နေရာလွဲ၍ ဒုက္ခပေ:နိုင်သည်။

ဆီ:လမ်:ကြောင်:နှင့်သက်ဆိုင်သော ဆီ:အိမ်အောက် အကျိတ် (ဝါ) ဆီ:ကျိတ် (Prostate Gland) ကာ: အသက် ၅၀-၆၀ ကျော် အဘိုးကြီး:မျာ:အတွက် ဒုက္ခပင်ဖြစ်သည်။ အကြောင်:မှာ ဤအရွယ်၌ ယင်:အကျိတ်ကြီ:လာ၍ ဆီ:သွာ:ရခက်ခြင်:၊ ဆီ:ထဲသွေ:ပါခြင်:၊ ဆီ:ပိတ်ခြင်:၊ ဆီ:အိမ်ရောင်ခြင်:မျာ:အပြင်လိင်စိတ်မျာ:လည်:ပိုလာတတ်သောကြောင့် ဖြစ်သည်။

မိန်:မမျာ:၌ကာ: ဆီ:အိမ်အောက် အကျိတ်မရှိ။ သို့ဖြစ်၍ ၄င်:ဒဏ်ကို သူတို့မခံရ။ သို့သော် မမျိုးဥ အင်္ဂါအိုလာသဖြင့် မဟိုမုန်:ဓာတ် အထွက်လျော့လာသည်။ သို့ဖြင့် မိန်:မအင်္ဂါမျာ: ပျက်စီ:ယိုယွင်:လာကာ သွေးဆုံ:မှုမျာ:လည်: ဖြစ်လာသည်။



သက်ကြီးရွယ်အိုများတွင် ဦးနှောက်နှင့်အတူကျဉ်းလာသော နှလုံး၊ အသည်းနှင့် ကျောက်ကပ် သွေးလွှတ်ကြောများပုံ

သား:အိမ်မှာ သေးလာ၍ သား:အိမ်အတွင်း မြေးမွှာပါးလာသည်။ ဂုဿီကလည်း ရပ်သွား:သည်။ သို့ကြောင့် သား:အိမ်ရောဂါ အမျိုးမျိုးရနိုင်သည်။ ယောနိအင်္ဂါကင်ဆာ၊ သား:အိမ်ခေါင်း:ကင်ဆာ၊ သား:အိမ်ကိုယ်ကင်ဆာနှင့် သား:အိမ်လျှောခြင်း:တို့သည် ဤအရွယ်၌ အဖြစ်များ:သော ရောဂါများ:ဖြစ်သည်။

မိန်းမ၏ ကျင်ချောင်း:သည် ယောကျ်ား:၏ ကျင်ချောင်း:ထက် တိုသဖြင့်လည်း:ကောင်း၊ ဆီး:အိမ်နှင့်သား:အိမ်ကို ထောက်ထား:သော ကြွက်သား:များ အား:နည်း:လာသဖြင့် လည်း:ကောင်း ဤအရွယ် အမျိုး:သမီး:များ:သည် ဆီး:မထိန်း:နိုင်ရောဂါ ရတတ်သည်။

၂။ စိတ်ပြောင်း:လဲမှုများ

အသက်ကလေး:ထောက်လာသည်နှင့် မေ့တတ်လာသည်မှာ ဓမ္မတာပင်။ မေ့တတ်ရာမှ ကိုယ့်ရှေ့ရေး ကို

ကြိုတွေးပူပန်၍ ကိုယ့်အတွက်ချည်း ကြည့်တတ်လာသည်မှာလည်း အသက်ကြီးသူများ၏ စိတ်ပြောင်းလဲမှုဖြစ်၏။ အကယ်၍ သားထောက်သမီးခံမရှိ၊ အပေါင်းအသင်းမရှိပါမူ မိမိတစ်ယောက်တည်းသာ နေ၍ တစ်ယောက်တည်းအတွက်သာ စဉ်းစားသဖြင့် ကြာလေ ကိုယ့်ဘက်ယက်လေ၊ အများတကာကို မသက်ာလေ ဖြစ်လာတတ်သည်။

ဤကား မကောင်းသည့်ဘက်က။ ကောင်းသည့်ဘက်ကျတော့လည်း အသက်ကြီးလာလေပိုမိုရက်ရောလာလေ၊ ပိုမိုဒါနပြုလေ ဖြစ်သည်။ မိမိနေရမည့်ကာလမှာ သိပ်မရှိတော့သဖြင့် မိမိဘဝကို သူများ အကျိုးအတွက် မြှုပ်နှံထားကြတော့သည်။ သို့ဖြင့် အလုပ်ပိုလုပ်၊ ဒါနပိုပြု၊ စိတ်ပိုရှည်ကာ အားလုံးကို ခွင့်လွှတ်လာတော့သည်။ ဖြစ်သမျှအကြောင်း အကောင်းချည်းထားကာ ကောင်းသည့်ဘက်က တွေး၍ သာ ပြုမူပြောဆို နေတော့သည်။

မည်သို့ပင်ဖြစ်စေ၊ အသက်ကြီးလာလျှင်ကား ဦးနှောက်မှာ ငယ်ငယ်နှင့်မတူတော့။ သို့ဖြစ်၍ စိတ်ပြောင်းလဲမှုများကား အမြဲရှိသည်သာတည်း။ လူတိုင်း သိနေသည့် "သူငယ်ပြန်ခြင်း" (Second Childhood) မှာမူ အသက် ၇၀–၈၀ ကျော်မှ ဖြစ်တတ်၏။

သူတို့အနေဖြင့် အသက်အရ လည်းကောင်း၊ အတွေ့အကြုံအရလည်းကောင်း သူများထက် ပိုများ သဖြင့် သူတို့သာမှန်သည်ဟု အမြဲထင်နေတတ်သည်။ သို့ဖြင့် သူတို့ပြောသမျှ၊ လုပ်သမျှမှာအမှန်။ သူများပြောသမျှ လုပ်သမျှသည် မမှန်။ ဤနည်းဖြင့် ခေါင်းပို၍ ပို၍ မာလာတတ်သည်။ စကားပြောများ မာလာတတ်သည်။ စိတ်ကလည်း မတည်မငြိမ်နှင့် ဟိုရောက်သည်ရောက် ဖြစ်လာတတ်သည်။ ဤသည်ကို နီးစပ်သူများက ပြောပြလည်း လက်မခံ။ သို့သော် သူတို့ဘာသာသူတို့ သိလာသောအခါ အရင်ကနှင့် မတူသည်ကို သတိရလာပြီး အလိုလိုဝမ်းနည်းလာ တော့သည်။ သို့ဖြင့်ဇရာဓါဒဏ်ကို ခံရသည်ဟုသိကဲ့သည့် အခါငို၊ ရယ်သည့်အခါ ရယ်နှင့် အရူးပမာ ဖြစ် တော့သည်။

ဤသို့ဖြစ်သည်မှာ ဦးနှောက်သို့သွားသော သွေးလွှတ်ကြောများ ကျဉ်းကုန်၍ဖြစ်သည်။ ဤသို့ ကျဉ်းကုန်သဖြင့် ဦးနှောက်ကလပ်စည်းများသည် အောက်စီဂျင်နှင့် အာဟာရဓာတ်များ လုံလောက်စွာမရရှိသဖြင့် ပျက်စီးကုန်၍ ဖြစ်သည်။

အသက်ကြီးလျှင်ဖြစ်သည့် အထက်ပါစိတ်ပြောင်းလဲမှုများမဖြစ်အောင် မကာကွယ်၊ မပြုစုနိုင်ပြီလော။ ကာကွယ်ပြုစုနိုင်ပါ၏။

(၁) သွေးလွှတ်ကြောကျဉ်းခြင်းသည် အဓိက အကြောင်းရင်း ဖြစ်သဖြင့် ယင်းသို့ မကျဉ်းအောင် အဆီလျှော့စားခြင်း၊ ခန္ဓာကိုယ်မဝအောင် လေ့ကျင့်ခြင်း၊ စီးကရက်မသောက်ခြင်း၊ အစားအသောက် အလုပ်တို့ကို အလွန်အကျွံ မစား၊ မသောက်မလုပ်ခြင်း၊ ဆီးချိုရောဂါ စသည်တို့ရှိက သင့်တော်သလို ပြုစုမှုခံယူခြင်းတို့ကို ငယ်ရွယ်စဉ်ကတည်းက လုပ်လာခဲ့ရမည်။

(၂) မည်သည့် အဖျားအနာမဆို ဖြစ်သည်နှင့် ပျောက်ကင်းအောင် ကုသခဲ့ရမည်။

(၃) တန်ဆေးလွန်ဘေး ဟူသည့်အတိုင်း အစားအသောက် အနေအထိုင်ကို ငယ်စဉ်ကတည်းက ဆင်ခြင်ခဲ့ရမည်။ မူးယစ်ဆေးဝါးများကိုလည်း ရှောင်ကြဉ် ခဲ့ရမည်။

(၄) ငယ်ရွယ်စဉ်ကပင် ကိုယ်လက်လှုပ်ရှားအားကစားမှုကို လိုက်စားခဲ့ရမည်။ မည်သည့်အခါမျှ မဖြတ်ရ။ အသက်ကြီး၍ အပင်ပန်းမခံနိုင်လျှင် အနည်းဆုံးလမ်းမှန်မှန်လျှောက်ခြင်း၊ ပြေးခြင်း၊ ရေကူးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(၅) အသက်ကြီးလာလျှင် တစ်ကိုယ်ကောင်းဆန်လာတတ်သဖြင့် အသက် ၄၀ ကျော်လျှင်မူ လူမှုရေး၊ ဘာသာရေး၊ အသင်းအဖွဲ့များ၌ ပါဝင် အကျိုးပြုရမည်။ ထိုသို့ ပြုလုပ်ရာ၌ စေတနာနှင့် အလုပ်ကို အဓိကထား၍ ပြုလုပ်ရမည်။ ဤအချက်နှင့် ပတ်သက်၍ မြန်မာလူမျိုးတို့အနေဖြင့် ဘာသာတရားအရ အသက်ထောက်လာလျှင် အလှူအတန်းပေးခြင်းနှင့် အများနှင့် တရားဘာဝနာပွားများခြင်းသည် စိတ်ပညာရှုထောင့်မှကြည့်သော် ဇရာအိုတို့အတွက် ကောင်းသောအလုပ်ပင် ဖြစ်သည်။



၃။ အခြားပြောင်းလဲမှုများ

အသက်ကြီးလာသောအခါ၌ ခန္ဓာကိုယ်ပြောင်းလဲမှုများနှင့် စိတ်ပြောင်းလဲမှုများကို အထက်တွင် ဖော်ပြပြီးဖြစ်သည်။အခြားသော ပြောင်းလဲမှုများ ဆိုသည်မှာလည်း တကယ်တော့ ဤရုပ်၊ ဤခန္ဓာကိုယ်၌ပင် ဖြစ်သဖြင့် အထက်ပါခေါင်းစဉ်များ အောက်တွင်ပင် ပြောဆိုနိုင်သည်။ သို့ရာတွင် ဤပြောင်းလဲမှုများမှာ ထူးခြားသဖြင့် သီးသန့်ထား ပြောဆိုရခြင်းဖြစ်သည်။ အဝိုက ပြောဆိုလိုသည်ကား မိန်းမများတွင် သွေးဆုံးခြင်းနှင့် ယောကျ်ားမိန်းမနှစ်ဦးစလုံးတွင်ပင် လိင်စိတ် (ဝါ) ကာမဆန္ဒ ပြောင်းလဲလာခြင်းပင် ဖြစ်သည်။

(က) သွေးဆုံးခြင်း

သွေးဆုံးခြင်းဆိုသည်မှာ ရာသီမှန်မှန်လာနေသော မိန်းမတစ်ယောက်သည် အသက် ၄၀ ကျော် ၅၀ နှစ်အတွင်း၌ ရာသီလာရပ်သွားခြင်းကို ခေါ်သည်။

ဤသို့သွေးဆုံးလျှင် မိန်းမတို့သည် သန္ဓေထပ်မရနိုင်တော့။ အကြောင်းမှာ သန္ဓေတည်မှုကို ဖြစ်စေသော မမျိုးဥ အဂီါမကြွေတော့သဖြင့် ဖြစ်သည်။ ဤသို့ ဥမကြွေသော အခါ မဟိမုန်း (Oestrogen)၊ သန္ဓေတည် ဟိမုန်း (Progesterone) တို့လည်း မထွက်တော့ပေ။ အသက် ၁၅ နှစ်မှ ယခု ၄၀-၅၀ နှစ်အထိ ဤဟိမုန်းနှစ်ခုနှင့် နေလာခဲ့ရသောမိန်းမသည် ယခု ဤဟိမုန်းနှစ်ခု မရသောအခါ သဘာဝအရ စိတ်ရောကိုယ်ပါ ပြောင်းလဲမှုများ ဖြစ်လာသည်။

ယင်းပြောင်းလဲမှုများကား အောက်ပါအတိုင်း ဖြစ် သည်။

မိန်းမများတွင် မျက်နှာ၊ လည်ပင်း၊ ရင်ဘတ် စသည်တို့၌ အကြောင်းမဲ့ သွေးပူလာ၊ နီလာတတ်သည်။ တစ်ခါတစ်ခါဖြစ်လျှင် ၁၅ မိနစ်ခန့်ကြာ၏။ ပြီးလျှင် အလိုလိုပျောက်သွား၏။ ခြေလက်များလည်း ထုံနာ၊ ကျင်နာဖြစ်လာ

တတ်သည်။ အစာအသောက်ပျက်ခြင်း၊ အစာမကြေခြင်းများ ခဏခဏဖြစ်တတ်သည်။ ခေါင်းကိုက်ခြင်း၊ စိတ်တိုစိတ်ဆတ်ခြင်း၊ စိတ်ညစ်ခြင်း၊ တွေဝေ ငေးမှိုင်ခြင်းများလည်း ဖြစ်တတ်သည်။ စိတ်ဓာတ် မတည်ငြိမ်သဖြင့် ခဏခဏ အစားစားသဖြင့် ပုံပျက်ပန်းပျက် ဝလာနိုင်သည်။ ဤသို့ ဝလာသော်လည်း အရိုးများကမူ ပျော့လာသဖြင့် အနည်းငယ် ထိခိုက်မိရုံ၊ လဲရုံနှင့် အရိုးများကျိုးနိုင်သည်။ သွေးအားတိုး၍လည်း နှလုံးတုန်၊ ရင်ခုန်လာတတ်သည်။ ကိုယ်လက် ကိုက်ခဲခြင်းများလည်း ဖြစ်တတ်သည်။ ခန္ဓာကိုယ်၏ ကြွက်သားများ အားပျော့လာသဖြင့် သားအိမ်၊ ဆီးအိမ်များ လျှောကျနိုင်သည်။

(ခ) လိင်စိတ်ပြောင်းလဲမှု

သွေးဆုံးသော အချို့မိန်းမများသည် ယောနိအင်္ဂါကျဉ်းလာသဖြင့် လိင်ဆက်ဆံရန် ကြောက်လာရာမှ ယောကျ်ားနှင့် အဆင်မပြေဖြစ်လာတတ်သည်။ နဂိုရင်းကပင် သွေးဆုံးသဖြင့် ယောကျ်ားက မချစ်တော့မှာစိုးရိမ်နေရာ ထိုသို့အဆင်မပြေဖြစ်က ပို၍ဆိုးသွားသည်။ ဤတွင် အချို့မိန်းမများ၌ လင်စိတ်သားစိတ် လုံးဝကုန်သွား၍ လိင်ဘက်တွင် လုံးဝစိတ်မဝင်စားတော့ဘဲ ရှိတတ်သည်။

အချို့ယောကျ်ားများသည် အသက် ၄၀ ကျော်လာလျှင် အလုပ်များ၊ သားသမီးတွေကြီးလာ၍ လိင်ဘက်တွင် စိတ်လျော့လာသည်။ မိမိ၏စိတ်ကို မိမိအလုပ်အကိုင်၊ မိမိအိမ်ထောင်နှင့် မိမိသားရေး၊ သမီးရေးတို့တွင်သာထားတော့သည်။ သို့မဟုတ် ဘာသာရေး အပေါင်းအသင်းဘက်တို့တွင်သာ ဒုံးဒုံးချလိုက်တော့သည်။ သို့ဖြင့် ဤအရွယ် ယောကျ်ားများသည် ဘာသာရေး အသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အားကစားဘက်တွင် တွင်ကျယ်လာတော့သည်။

အချို့ယောကျ်ားများကား ဤအရွယ်၌ လိင်စိတ်တက်ကြွလာတတ်သည်။ အိမ်ထောင်မရှိသော ယောကျ်ားပင်ဖြစ်စေ ဤအရွယ်၌ လိင်စိတ်တက်ကြွလာ၍ အိမ်ထောင်ပြုချင်လာသည်။

အိမ်ထောင်ရေးမှာ အဆင်မပြေပါက သားသမီးများနှင့် သိုက်သိုက်ဝန်းဝန်း မရှိပါက ဤအရွယ်မှာ အိမ်ထောင်ကွဲရန် အခွင့်အလမ်း အများဆုံးအချိန်ပင် ဖြစ်သည်။

အကြောင်းမှာ အသက် ၂၀ ကျော် ၂၅ ကလက်ထပ်လာခဲ့ဦး၊ အသက် ၄၀ ထိမှ မပျော်ရွှင်၊ သဘောမတိုက်ဆိုင်လျှင် နောက်ထပ် အသက် ၆၀၊ ၇၀ အထိ အတူနေရန်မှာ မဖြစ်နိုင်တော့၍ ဖြစ်သည်။ အရွယ်ကောင်းစဉ်အခါကမှ သဘောမတည့်လျှင် အသက်ကြီးက ပိုတည့်ရန်အကြောင်းမမြင်။ အကြောင်းမှာ အသက်ကြီးလေ လူတိုင်းဇီဇာကြောင်လေ၊ ချေးများလေ၊ ကိုယ့်ဘက်ကိုယ်ယက်လေ ဖြစ်သောကြောင့် ပေတည်း။

(ဂ) အယ်လ်ဇိန်းမားရောဂါ (Alzheimer's Disease)

ယခု နှစ်ဆယ်ရာစုနှစ်ကုန်ခါနီး၌ ကမ္ဘာကြီးတွင် ထူးခြားသော အဖြစ်အပျက်များ ဖြစ်ပေါ်လျက် ရှိသလို ထူးဆန်းသောရောဂါများလည်း ပေါ်လာလျက်ရှိ၏။ ဥပမာအားဖြင့် လူတိုင်းကြောက်လန့်နေသော ခုခံအားကျဆင်းမှုရောဂါ (ဝါ) အိတ်(ဒ်)(စ်)(A I D S) ရောဂါမှာ ယခင်ကလုံးဝမရှိခဲ့။ ၁၉၈၁ ခုနှစ်ကျော်လွန်မှ ယင်းရောဂါကို စတင်တွေ့ရှိပြီး ၁၉၈၃ ခုနှစ်ကျော်မှ ရောဂါအမည်ပေးနိုင်၍ ရောဂါဖြစ်သည့် ဗိုင်းရပ်စ်ပိုးကို စတင်တွေ့ရှိခဲ့သည်။ ယခု ၁၉၉၅ ခုနှစ်တွင်မူ ယင်းရောဂါသည် တစ်ကမ္ဘာလုံးပျံ့နှံ့လျက် ရောဂါရသူ ၁၂ သန်းကျော်မျှရှိမည်ဟု ခန့်မှန်းရရှိသည်။

ထို့အတူ မိမိနေထိုင်သော အိမ်၊ ပတ်ဝန်းကျင်နှင့် မိမိအသုံးပြုသော မော်တော်ကား၊ ဓာတ်ဆီ၊ စက်ဆီနှင့် အခြားလူသုံးကုန်များကို အထိမခံသည့် နောက်ဆုံးပေါ် ဓာတ်မတည့်ရောဂါ (**Ultimate Allergy To Chemicals**) သည်လည်း ယခုအခါ အနောက်နိုင်ငံများ၌ ဖြစ်ပွားနေ၏။ ဖြစ်ပွားနေသူတို့မှာ အထက်ပါပစ္စည်းများကို ကိုင်တွယ်ရန် မဆိုထား၊ အနံ့ပင် မခံနိုင်။ ထိုအခါ လေလုံခန်း၊ အအေးခန်းမှာနေပြီး အောက်စီဂျင်ဓာတ်ငွေ့ကို ရှူနေရ၏။ ကမ္ဘာကျော် အဆိုတော် မိုက်ကယ်ဂျက်ဆင်သည် တစ်ခါတစ်ရံ မှန်လုံခန်းထဲဝင်ပြီး အောက်စီဂျင် ရှူရသကဲ့သို့ ဖြစ်၏။ ထိုရောဂါမျိုး ကုသခမှာ တစ်ခါကု အမေရိကန်ဒေါ်လာ ၅ သောင်းခန့် ဖြစ်၏။

ထို့ထက် ထူးခြားသည်ကား ယခုအခါ အာရုံကြောကလာပ်စည်း ရောဂါဆန်းတစ်ခုသည် လူကြီးပိုင်း ခေါင်းဆောင်ဟောင်း ခေါင်းဆောင်ကောင်းများကို ဖြစ်ပွား

သက်ကြီးရွယ်အို ကျန်းမာရေး



တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အစဉ်တစိုက် ခေါင်းဆောင်မှုပေးခဲ့သော အသက် (၈၀) ကျော်အထိ နေသွားသည့် မော်စီတုန်းနှင့် အသက် (၉၀) အထိ နေသွားသော တိန့်ရှောင်ဖိန်တို့အား တွေ့ရစဉ်။

နေခြင်း ဖြစ်၏။ ဤရောဂါမှာ အသက် ၈၀ ကျော် နိုင်ငံရေး ခေါင်းဆောင်များနှင့် သူဌေးကြီးများ၊ စစ်ဗိုလ်ကြီးများကို ထိခိုက်နေခြင်း ဖြစ်၏။ ဤရောဂါသည် ရုတ်တရက် မဖြစ်၊ တဖြည်းဖြည်းသာ ဖြစ်၏။ ဖြစ်စတွင် ဖြစ်သူရော၊ သူ၏ ပတ်ဝန်းကျင်ကပါ မသိ။ ဖြစ်သည်မှာ ၄-၅-၁၀ နှစ်ကြာမှ သိရသည်။ ဖြစ်စ၌ ရောဂါရသူသည် အမည်များ၊ မနေ့တစ်နေ့က အဖြစ်အပျက်များကို မမှတ်မိ၊ ဟိုး ရှေးနှစ်ပေါင်းများစွာက အဖြစ်အပျက်များကို မှတ်မိ၏။ သို့ဖြင့် သူငယ်စဉ်က ရွေထီးဆောင်းခဲ့ရပုံများကို ပြန်ပြောင်း ပြောတတ်သည်။ သူ့ကိုယ်သူလည်း အထင်ကြီး၏။ သူသာ ခေါင်းဆောင်ကောင်း။ သူနှင့်ခေတ်ပြိုင် ပုဂ္ဂိုလ်များမှာ သူ့လောက်မတော်။ သူသည် မဟာ ကရဏာရှင်နှင့် ကယ်တင်ရှင်။ သူ့ကြောင့်သာ သူ့တိုင်းသူပြည်သားတွေ ငြိမ်းချမ်းစွာ နေရသည်။ ဝမ်းဝအောင်စားရသည်။ ရှေ့ရေးကို မျှော်တွေးလုပ်ဆောင်နိုင်ကြသည်ဟု သူက ထင်သည်။ ပြောလည်းပြောသည်။ သူ့လက်အောက်ငယ်သားများကိုလည်း သူ့ချီးကျူးခန်း ဖွင့်စေသည်။ သို့သော် အဖြစ်မှန် မဟုတ်။ သူလုပ်ခဲ့သော ကို့ရိုးကားယားကိစ္စများ၊ လူသတ်မှုများ၊ ပြည်သူ့အသက်အိုးအိမ် စည်းစိမ်ဆုံးရှုံးမှုများမှာ အလွန်များပြား၏။ ဤသည်ကို သူက ဝန်မခံ။ သူက ဤအဖြစ်များကို သူများအပေါ်လွှဲချသည်။ သူ့ အမြင်မှာ သူကတော့ ခြောက်ပြစ်ကင်းသဲလည်းစင်။ သို့သော် ဤရောဂါရပြီး ၅ နှစ်မှ ၁၀ နှစ်အတွင်း သူသေဆုံးရပည်ဆိုသည်ကို သူမသိ။ တကယ်တော့ ရူး၍ သေဆုံးရမည်ဖြစ်သည်။ ဤရောဂါကို ယခု အယ်(လ်)ဇိန်းမားရောဂါ (Alzheimer's Disease)ဟု ခေါ်လေသည်။ အနောက်ဥရောပမှ ခေါင်းဆောင်ကြီးနှစ်ဦးနှင့် အရှေ့အာရှမှ ခေါင်းဆောင်ကြီး တစ်ဦးတို့သည် ဤရောဂါဖြင့် ကွယ်လွန်ခဲ့ပေပြီ။ အခု သက်ကြီးရွယ်အို ခေါင်းဆောင်များလည်း ဤရောဂါကို ခံစားရလျက်ရှိ၏။ သို့သော် ထုတ်ဖော်မပြောရဲကြ။

ထူးခြားသော သမ္မတကြီးနှင့် ရောဂါဆန်း

အမေရိကန် ပြည်ထောင်စုမှ ၄၀ ယောက်မြောက် သမ္မတကြီး (အငြိမ်းစား) ရော်နယ်(လ်)ရီဂင် (Ronald Reagan) သည် "မိမိမှာ အသက် ၈၃ နှစ်ရှိ၍ ထိုရောဂါခံစားနေရပါကြောင်း၊ မိမိနှင့် မိမိ၏ဇနီး နန်စီတို့သည် ဤအတွက် စိတ်မကောင်းပါကြောင်း၊ သို့သော် မည်သူ့ကိုမျှ ဒုက္ခမပေးဘဲ ဤရောဂါကို ဆက်လက် တိုက်ပွဲဝင်သွားမည် ဖြစ်ကြောင်း" ၁၉၉၄ ခု၊ နိုဝင်ဘာလ ၅ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့၏။ ဤသည်ကို အေပီသတင်း (Associated Press) က ၁၉၉၄ ခု၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် တစ်ကမ္ဘာလုံးသို့ သတင်းဖြန့်ဝေခဲ့သည်။ ဤကိစ္စနှင့် ပတ်သက်၍ ၁၉၉၅ ခု၊ ဧန်နဝါရီလ ၁၃ ရက်နေ့ကလည်း သမ္မတကြီး (အငြိမ်းစား) ရော်နယ်ရီဂင်၏ အထူးပုဂ္ဂိုလ်ရေးသူ သမိုင်းဆရာ အက်ဒမန်မောရစ် (စ်) (Historian Edmund Morris) က "သမ္မတကြီးရော်နယ်ရေဂင်၏ ရောဂါမှာ အလွန် အခြေအနေဆိုးနေကြောင်း၊ သူသည်မိမိကိုလည်းကောင်း၊ သူ၏ ပတ်ဝန်းကျင်ကိုလည်းကောင်း၊ လုံးဝမမှတ်မိတော့ကြောင်း၊ သတ္တုစစ်သားရုပ်များကို ထားရန် သစ်ပင်တွေရှေ့ရမည်ဟု ပြောကြောင်း၊ သူပြောသည့် သစ်ပင်တွေဆိုသည်မှာ သူ၏ သမ္မတမှတ်တမ်းစာအုပ်များ ဖြစ်ကြောင်း" ဟု ထုတ်ဖော် ပြောကြားလေသည်။ "မိမိကိုယ်တိုင်လည်း သမ္မတကြီးကို မမှတ်မိနိုင်တော့ ကြောင်း၊ သူ၏ရုပ်ရည်နှင့် ကိုယ်ရည်ကိုယ်သွေးမှာ ပြောင်းလဲနေကြောင်း" ဆက်၍ ပြောကြားခဲ့လေသည်။

စင်စစ် လူတစ်ယောက်ရူးနေပြီဆိုသည်ကို ကာယကံရှင်ကလည်း မသိသလို၊ သူများကို အသိမပေးစေချင်သလို သူနှင့်နီးစပ်သောဆွေမျိုး၊ မိတ်သင်္ဂဟ အသိုင်းအဝိုင်းကလည်း အသိမပေးစေချင်ကြပါ။ တတ်နိုင်သမျှ ဖုံးအုပ်ထားလိုကြသည်။ သေမှသာ၊ မလွဲမရှောင်သာမှ ထုတ်ဖော်ကြေညာ ဝန်ခံချင်ကြပါသည်။ ဥပမာ - ရောမဘုရင် နီရိုး၊ အင်္ဂလန်မှ ချာလ်စ်ဘုရင် (၂) နှင့် (၃)၊ ဂျာမနီမှ ဟစ်တလာနှင့် ဂျပန်မှ ဗိုလ်ချုပ်ကြီးတိုဂျိုတို့ ဖြစ်ပါသည်။ သူတို့သည် တိုင်းပြည်နှင့် လူမျိုးများစွာကို အမှောင် တိုက်သွင်း၊ ဆင်းရဲတွင်းနက်စေပြီး နောက်ဆုံး ဘုံးဘုံးလဲကျဆုံးသည်အထိ သူတို့၏အရူးရောဂါကို ဖုံးအုပ်ထားခဲ့သည် မဟုတ်ပါလော။ ယခု သမ္မတကြီး (အငြိမ်းစား) ရီဂင်ကား ရိုးသားလှပါတကား။

ဤအယ်လ်ဇိန်းမားရောဂါသည် သက်ကြီးရွယ်အိုများ၌ ဖြစ်ပွားသော ဦးနှောက်အာရုံကြောကလာပ်စည်း

ရောဂါဖြစ်သည်။ ၁၉၈၃ ခုနှစ်၌ အမေရိကန် ပြည်ထောင်စု ရှိ အသက် ၆၅ နှစ်ကျော် လူဦးရေ ၁၅ ရာခိုင်နှုန်း (၀၊) သက်ကြီးရွယ်အို ၁ သိန်း ၂ သောင်းကျော်တွင် ဖြစ်ပွား နေ၏။ ယခုအမေရိကန် တစ်ပြည်လုံး၌ လူ ၄ သန်း ရောဂါ ခံစားနေရ၏။ တစ်ကမ္ဘာလုံး၌ လူသန်း ၂၀ ကျော်ဖြစ်နေ သည်။ သက်ကြီးရွယ်အို ပုဂ္ဂိုလ်များတွင် သေဆုံးစေသော ရောဂါကြီးများအနက် စတုတ္ထအသေစေဆုံး ရောဂါဖြစ်၏။ ဤရောဂါထက် ပိုသေစေသည်မှာ နှလုံးရောဂါ၊ ကင်ဆာနှင့် သွေးတိုးကြောင့် လေသင်တုန်း ဖြတ်ခြင်းတို့သာ ဖြစ်၏။ ဤရောဂါရှင်များကို ပြုစုကုသ၍ ကုန်ကျသည့် စရိတ်မှာ ၁၉၈၀ ပြည့်နှစ်က အမေရိကန် ဒေါ်လာ ၁၀ ဘီလီယံ (သန်း ၁ သောင်း) ရှိသည်ဟု သိရလေသည်။

ရောဂါ၏ လက္ခဏာများ

အယ်လ်ဇိန်းမား ရောဂါကို ရှေးအခါက လူနာမသေမီ အတိအကျ အမှန်မပြောနိုင်။ လူနာသေပြီး ဦးနှောက်ကိုခွဲ၍ အနုစိတ်ခန္ဓာဗေဒလေ့လာကြည့်မှ ပြောနိုင်၏။ သို့သော် မသေမီကပင် (၁) သတိဝိညာဉ်ပျက်ယွင်းခြင်း၊ (၂) အချိန်နေရာ ဒေသရောက်ရာအရပ်ကို မသိခြင်း၊ (၃) အဆက်အစပ်မရှိ စကားပြောခြင်းနှင့် (၄) ကိုယ်ရည်ကိုယ်သွေးပျက်၍ ရူးသွပ်ခြင်းတို့ကြောင့် ကြိုတင် ရောဂါအမည်တပ်ကြသည် (Provisional Diagnosis)။ သေပြီး ဦးနှောက်ကို ခွဲကြည့်လျှင်မူ ဦးနှောက်ကလာပ်စည်းများ ပျက်စီးပြီး ယင်းနေရာ၌ အမိုင်းလွိုက်ပြားများနှင့် အမျှင်များ များနေသည်ကိုတွေ့ရ၍ သေချာပေါက်ရောဂါအမည် ဖော်နိုင်လေသည် (Definitive Diagnosis)။ ဤကိစ္စနှင့် ပတ်သက်၍ စာရေးသူက ရောဂါဗေဒ ပါမောက္ခတစ်ဦးကို မေးကြည့်ရာ မြန်မာနိုင်ငံ၌ ဤရောဂါဖြင့် သေဆုံးသူတစ်ဦး၊ နှစ်ဦး၏ ဦးနှောက်ကိုသာ သူလေ့လာ တွေ့ရှိရသေးကြောင်း ပြောပါသည်။

အသိဉာဏ်ချွတ်ယွင်းမှု (Impairment of Cognitive Activity)

အယ်လ်ဇိန်းမား ရောဂါရသူသည် တဖြည်းဖြည်း ဉာဏ်ရည်ချွတ်ယွင်းလာရာ သတိမေ့ခြင်း၊ မှတ်ဉာဏ် မကောင်းခြင်း၊ ကြောင်းကျိုးဆီလျော်အောင် မပြောဆိုနိုင်ခြင်းအပြင် မိမိ ပြောပြီးသား စကားကို ထပ်တလဲလဲပြောတတ်သည်။ ဥပမာ "ယခု ဘာလဲလဲ" ဟုမေးလျှင် "ဇပြီလ" ဟုဖြေသည် ဆိုပါစို့။ ထိုအခါ ဘယ်မှာနေလဲမေးလျှင် "ဇပြီ၏အိမ်မှာနေ သည်" ဟုဖြေမည်။ "ဇပြီဆိုတာ ဘယ်သူလဲ" မေးလျှင် "ဇပြီအချစ်ထဲက မင်းသမီးပေါ့" ဟု ဖြေမည်။ "အဲဒီ မင်းသမီးဘာလုပ်လဲ"ဟု မေးလျှင် "ဇပြီဖူးလ်" (ဇပြီ လူနောက်)ဟု ဖြေပါလိမ့်မည်။ ဤသည်ကို "အမည် ဆက်တိုက်ပြောမှား" (**Intrusion Error**)ဟု ခေါ်သည်။

မိမိမှတ်ဉာဏ် ချွတ်ယွင်းသည်ကို ကာကွယ်ရန် နည်း အမျိုးမျိုးသုံးပါလိမ့်မည်။ ဥပမာ -လူတစ်ယောက်ကို တွေ့လျှင် ထိုသူ၏ အမည်ကို လက်ထောက်များအား ကြိုတင်မေးထား၏။ ထိုသူနှင့် မျက်နှာချင်းဆိုင်တွေ့က ထိုသူ၏နောက်မှ အဖြေပြောပေးမည့်သူများက ထိုသူမသိ အောင် မတ်တပ်ရပ်နေရပြီး အညွှန်းပေးကြရ၊ ဖြေကြရ သည်။ ထိုအညွှန်းပေးချက် (**Cueing**) ကိုကြည့်၍ သူကဖြေရ၏။ သမ္မတရိုဂင် ဒုတိယသမ္မတသက်တမ်း၌ ဤသို့ပင် ပြုလုပ်ရာ သတင်းစာရှင်းလင်းပွဲတိုင်းတွင် လူအစားကွန်ပျူတာကို သုံးရ၏။ "အဝေးမှ အဖြေထောက်စက်" (**Teleprompter**) ဟုခေါ်လေ၏။ သို့သော် နောက်ပိုင်းလူတွေက သိကုန်၍ ရိုဂင်သည် ထိုနည်း ကိုစွန့်လွှတ်ခါ သတင်းကြေညာချက်တွေကိုသာ ထုတ်ပြန် ခဲ့ရကြသည်။

ဉာဏ်ရည်ဉာဏ်သွေး (**Intelligence Quotient**) ကို စမ်းသပ်ပါကလည်း အယ်လ်ဇိန်းမားရောဂါရှင်များမှာ လွန်စွာချို့တဲ့နေသည်ကို တွေ့ရသည်။ သူတို့သည် ကလေးတွေလောက်မှ ဉာဏ်မကောင်းတော့။ စဉ်းစား ဉာဏ်မရှိ၊ ဆက်စပ်တွေးခေါ်မှု မလုပ်နိုင်၊ ကြောင်းကျိုးဆီလျော်အောင် မပြောတတ်၊ မလုပ်တတ်။ သို့ဖြင့် သူတို့၏ ဉာဏ်မှာထိုင်းမှိုင်းတွေဝေသွားတော့သည်။ ညနေပိုင်းတွင်မူ ပို၍ဆိုး၏။ စိတ်ဖောက်ပြန်ပြီး ရန်လိုတတ်သည်။ ကြမ်းတတ်၊ ရမ်းတတ်သည်။ ဤသည်ကို နေဝင်ရီတရော စိတ်ဖောက်ပြန်ခြင်း (**Twilight Dementia or Confusion**) ဟု ခေါ်သည်။



အယ်(လ်) စိန်းမားရောဂါရရှိနေသော အမေရိကန်သမ္မတဟောင်း ရော်နယ်ရေဂင်နှင့်ဇနီး နန် စီရေဂင်တို့အား တွေ့ရစဉ်

ရောဂါအမည်ပေးရန် ရှာဖွေစမ်း သပ်ခြင်း (Diagnosis)

ဤရောဂါရမရ ရှာဖွေစမ်းသပ်ရာတွင် လူနာ၏ အပြောအဆို၊ အနေအထိုင်၊ မှတ်ဉာဏ်၊ အသိဉာဏ်တို့ကို ဆရာဝန်က မှတ်သားပြီး အခြားစိတ်ရောဂါတစ်ခုခု အထူး သဖြင့် အသက်ကြီး၍ရူးခြင်း သက်သက် (Pure senile Dementia) ဟုတ်မဟုတ် ခန့်မှန်းရသည်။ ရောဂါတစ်ခုမဟုတ်တစ်ခု စစ်ဆေးပြီး မည်သည့်ရောဂါမှ မဟုတ်က အယ်လ်ဇိန်းမား:ရောဂါ ဖြစ်နိုင်သည်ဟု "ဖယ်ထုတ်အဖြေရှာနည်း" (Method of Exclusion) ဖြင့် ရောဂါအမည်တပ်ရသည်။

ယခုအခါမူ ရောဂါရှိမည်ထင်ရသူ၏ မျက်စိထဲသို့ ထရော်ပီကာမိုက်ဒ် (Tropicamide) မျက်စဉ်းကို ခပ်ကြည့်ခြင်းဖြင့် သိနိုင်၏။ အကြောင်းမူ အယ်လ်ဇိန်းမား:ရောဂါရသူ၏ မျက်လုံးသူငယ်အိမ်မှာ ထိုမျက်စဉ်းကြောင့် ၂၃.၄ ရာခိုင်နှုန်းကျယ်၏။ ရိုးရိုးလူများမှာမူ ၅ ရာခိုင်နှုန်းသာ သူငယ်အိမ်ကျယ်လေသည်။ အဲ့သြဖို့ကောင်းသည်မှာ ဤမျက်စဉ်းဆေးကြောင့် သူငယ်အိမ်ပိုကျယ်ခြင်းကို ဒေါင်းလက္ခဏာစုခေါ် ကရိုမိုဆုန်း ဗီဇအင်္ဂါချို့တဲ့သည့် (Down's Syndrome)ကလေးများ:အသက်ကြီးလာလျှင်လည်း တွေ့ရ၏။ ထိုကလေးများ:သည် အသက် ၃၀ ကျော်ပါက အယ်လ်ဇိန်းမား:ရောဂါမှာလိုပင် ဦးနှောက်ကလာပ်စည်းများ:ပျက်စီး:ကြောင်း တွေ့ကြရသည်။

၁၉၉၅ ခုနှစ်ထဲတွင်မူ အယ်လ်ဇိန်းမား:ရောဂါရှိ၊ မရှိ သွေး:ဖောက်ပြီး ဗီဇမျိုး:စေ့ကို ရှာကြည့်၍ရ၏။ ဤရောဂါ ဗီဇမျိုး:စေ့မှာ ဒီအင်အေ (DNA) ကြောင့် ဖြစ်သည်ဟု သိရ၏။ ထို့အတူ အကုမြူစတင်မှန် (PET Scan) ရိုက်ကြည့်ခြင်း:ဖြင့်လည်း ဦးနှောက်ပြောင်း:လဲမှုကို ရှာကြည့်၍ရသည်။

အယ်လ်ဇိန်းမား:ရောဂါ ဖြစ်ရခြင်း: အကြောင်း:ရင်း:

အယ်လ်ဇိန်းမား:ရောဂါသည် မျိုး:ရိုး:လိုက်ကြောင်း: တွေ့ရသည်။ ဗိုင်း:ရပ်ပိုး:၊ မိမိကိုယ်ကို စာတ်ပြုမှုနှင့် ဒန်သတ္တုအဆိပ်သင့်ခြင်း: (Aluminium Toxicity) တို့အနက် တစ်ခုခုကြောင့် ဖြစ်နိုင်သည်ဟု လေ့လာသိရှိရသည်။

ရောဂါကုသမှု (Management)

အယ်လ်ဇိန်းမား:ရောဂါသည် ရုတ်တရက်ထဖြစ်၍ ရုတ်တရက်သေစေနိုင်သော ရောဂါမဟုတ်။ တဖြည်းဖြည်း: သာ အခြေအနေဆိုး:ပြီး: ယဉ်ယဉ်ကလေး:နှင့်ရူး:ကာ သေသွား:ခြင်း:ဖြစ်သည်။ သို့ဖြစ်၍ ရောဂါရပြီး: ၁၀ နှစ် ၁၁ နှစ်နေမှ သေတတ်ကြ၏။ ဤအချိန်အတွင်း: မိသား:စုက အချိန်ပြည့် အထူး:စောင့်ရှောက်ကုသရန် လိုသည်။

ရောဂါရသူ၏ဇနီး:နှင့်မိသား:စုကို ရောဂါရကြောင်း: အမှန်ပြောရမည်။ "ကုရာနတ္ထိ" ဟု အမှန်အတိုင်း:မပြောရ။ မည်သည့်ရောဂါမဆို တပ်အပ်ပျောက်သည့်ဆေး: မရှိပေ။ ရောဂါအကြောင်း: ရှင်း:လင်း:ပြခြင်း:၊ နှစ်သိမ့်ခြင်း:၊ ရောဂါလက္ခဏာများ:ကို သက်သာစေသည့် ဆေး:များ:၊ အစာများ: ညွှန်း:ရမည်။ အမေရိကန်ပြည်ထောင်စု၊ မိဝေါ့ကီဆေး:ကောလိပ်မှ ကုသပုံမှာ အောက်ပါအတိုင်း:ဖြစ်၏။

က။ နေ့စဉ်နေထိုင်စား:သောက်မှု

(၁) ချက်ပြုတ်ခြင်း:
(၂) ဖီး:လိမ်း:ခြင်း:
(၃) လက်မှုပညာလုပ်ခြင်း:

ခ။ ပေါင်း:သင်း:ဆက်ဆံရေး:

(၁) အုပ်စုကစား:နည်း:များ:
(၂) သစ်ပင်နှင့်တိရစ္ဆာန်ပြုစုခြင်း:
(၃) တေး:ဂီတဖြင့်ကုသခြင်း:
(၄) ဇာတ်ကပွဲဖြင့်ကုသခြင်း:

ဂ။ မိမိဘာသာ မိမိဂုဏ်မြှင့်ခြင်း:

(၁) ရှေး:ဟောင်း:နှောင်း:ဖြစ်ပြောကုသခြင်း:
(၂) ဘဝမှန် သရုပ်မှန်သိစေခြင်း:
(၃) မှတ်ဉာဏ်ကောင်း:ရန်လေ့ကျင့်နည်း:

ဃ။ ကိုယ်လက်လှုပ်ရှား:မှုများ:

(၁) ကာယလေ့ကျင့်ခန်း:များ:လုပ်ခြင်း:
(၂) ဘောလုံး:လိုမ့်ကစား:ခြင်း:
(၃) အကဖြင့်ကုသခြင်း:
(၄) ရေကူး:ခြင်း:



အယ်(လ်) စီန်းမားရောဂါရှင် တချို့သည် စိတ်ကစဉ့်ကလျားဖြစ်လာသောအခါ မိမိအရိပ်ကိုပင် ရန်သူထင်၍ တိုက်ခိုက် တတ်သည်။

မှတ်ချက်

အယ်ဇိန်းမား: ရောဂါသည် နောက်ဆုံးပေါ် သက်ကြီးရွယ်အို ဦးနှောက်ကလာပ်စည်းများ ပျက်သည့် ရောဂါဖြစ်၏။ ရောဂါကို ၁၉၀၆ ခုနှစ်တွင် ဂျာမန်သမားတော်ကြီး အဲလွိုက်စ်အယ်လ်ဇိန်းမား: (Alois Alzheimer) က စတင်တွေ့ရှိခဲ့၏။ ယခုအခါအသက် ၈၀ ကျော် ကမ္ဘာ့ခေါင်းဆောင်ကြီးအချို့တွင် ဖြစ်နေ၏။ ဤရောဂါဖြင့် သေဆုံးခဲ့ပြီး ကမ္ဘာ့ခေါင်းဆောင်များရှိသလို မသေဆုံးသေးသူများလည်းရှိ၏။ ရောဂါရသူသည် ဦးနှောက်တဖြည်းဖြည်း ချွတ်ယွင်း၍ ၄-၅-၁၀ နှစ်အတွင်း ရူး၍ သေရမည် ဖြစ်သည်။

ဤရောဂါရကြောင်း အတိအကျ ရှာဖွေပြောဆိုရန် ခက်ခဲသလို ကုသရန်လည်းခက်၏။ တိကျသော စုံးသပ်နည်းနှင့် ကုသမည့်ဆေးများ မတွေ့သေးလည်း ရောဂါပြုစုကုသမှုမှာမူ အသားကျနေပြီဖြစ်၏။ မိသားစုနှင့် ဆရာဝန်များက ကြင်နာစွာ ပြုစုစောင့်ရှောက်ရန်၊ နားလည်မှု ရှိရန်သာ လိုပါသတည်း။

မြန်မာနိုင်ငံနှင့်သက်ကြီးရွယ်အိုဘဝ

မြန်မာနိုင်ငံတွင် ၁၉၈၃ ခု၊ သန်းခေါင်စာရင်းအရ အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများမှာ ၂.၂ သန်း (လူဦးရေ စုစုပေါင်း၏ ၆.၄ ရာခိုင်နှုန်း) ရှိပါသည်။ သက္ကရာဇ် ၂၀၀၀ ပြည့်တွင် သက်ကြီးရွယ်အို ၅ သန်းရှိလာမည်ဖြစ်၍ လူဦးရေအားလုံး၏ ၇.၅ ရာခိုင်နှုန်းရှိပါမည်။ ယင်းသို့ လူဦးရေ၏ အရေးကြီးသော အချိုးအစားကို ကျန်းမာရေး စောင့်ရှောက်မှုပြုနိုင်ရန် အတွက် မြန်မာနိုင်ငံအစိုးရသည် အမျိုးသားကျန်းမာရေးစီမံချက် (၁၉၉၃-၉၆) တွင် ထည့်သွင်းဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၃-၉၄ ခုနှစ်မှစ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကူအညီဖြင့် မြို့နယ်သုံးခုတွင် စတင်ခဲ့ရာ ယခုအခါ ၁၉၉၆ ခုနှစ်တွင် မြို့နယ် ၁၀ မြို့နယ်တွင် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံအစိုးရက အောက်ပါအခြေအနေများကို မြန်မာသက်ကြီးရွယ်အိုတို့၏ ပြဿနာများဟု သတ်မှတ်ထားပါသည်။

က။ သက်ကြီးရွယ်အို ပုဂ္ဂိုလ်များတွင် ဖြစ်ပေါ် တတ်သည့် ရုပ်ပိုင်းဆိုင်ရာ ပြဿနာများမှာ-

(၁) ခွဲစိတ်ကုသရန်လိုသော ခွဲစိတ်ကုသမှုနှင့် ဆိုင်သော ပြဿနာများ
ဥပမာ-ဆီးကျိတ်ကြီးခြင်း၊ ထိခိုက်မိ၍ ပေါင်ရိုးလည်တိုင်ကျိုးခြင်း။

(၂) ဆေးဝါးဖြင့် ကုသစောင့်ရှောက်ရန်လိုအပ်သော ပြဿနာများ
ဥပမာ- သွေးတိုးနှင့်နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ ဆီးနှင့်ကျောက်ကပ်ရောဂါများ။

(၃) သွား၊နှင့် ခံတွင်းဆိုင်ရာ ရောဂါပြဿနာများ
ဥပမာ -သွားမြစ်ခြေများပေါ်လာခြင်း၊ သွားများမရှိတော့ခြင်း၊ သွားအံကပ်များတပ်ဆင်ရခြင်း။

(၄) မျက်စိရောဂါဆိုင်ရာ ပြဿနာများ
ဥပမာ-အတွင်းတိမ်၊ ရေတိမ်ရောဂါနှင့် မျက်ခမ်းစပ်ရောဂါ။

(၅) နား၊ နာခေါင်း၊ လည်ချောင်းဆိုင်ရာ ပြဿနာများ
ဥပမာ- နားလေးခြင်း၊ နာခေါင်းပတ်လည်ရောင်ရမ်းခြင်း၊ အစာမျိုရန် ခက်ခဲခြင်း။

(၆) မီးယပ်ဆိုင်ရာ ပြဿနာများ
ဥပမာ- သားအိမ်နှင့်အမျိုးသမီးအင်္ဂါအောက်သို့ကျဆင်းနေခြင်း၊ အမျိုးသမီးအင်္ဂါမှ သွေးဆင်းခြင်း၊ ဆီးမထိန်းနိုင်ခြင်း။

ခ။ သက်ကြီးရွယ်အို များတွင် ကြုံတွေ့ရသော စိတ်ပိုင်းဆိုင်ရာ ပြဿနာများမှာ -

(၁) မှတ်ဉာဏ်စွမ်းအား လျော့နည်းခြင်း
(၂) သတိမေ့လျော့ခြင်း
(၃) သဘောပေါက်နားလည်နိုင်မှု နည်းလာခြင်း

(၄) စိတ်အားငယ်ခြင်းနှင့် စိတ်ဓာတ်ကျဆင်းခြင်း
(၅) စိတ်ဓာတ်ဖောက်ပြန်ခြင်း၊ ငယ်မူပြန်ခြင်း၊ စိတ်မနှံခြင်း။

၈။ သက်ကြီးရွယ်အို ပုဂ္ဂိုလ်များတွင် တွေ့ရသော လူမှုရေးဆိုင်ရာ ပြဿနာများမှာ–

သူတစ်ပါးအပေါ်မှီခိုရခြင်း

ရုပ်ပိုင်းဆိုင်ရာ မှီခိုရခြင်းဟု ဆိုရာတွင် မိမိတို့၏ ခန္ဓာဝန်ကိုဆောင်ရာ၌ သူတစ်ပါး အကူအညီမပါဘဲ ဆောင်ရွက်နိုင်စွမ်း မရှိခြင်းကို ဆိုလိုပါသည်။ ဥပမာ–ရေချိုး ခြင်း၊ အဝတ် လဲခြင်း၊ အိပ်ရာတွင် လှဲခြင်း စသည်တို့တွင် သူတစ်ပါး၏ အကူအညီကို လိုအပ်နေခြင်း ဖြစ်ပါသည်။

သက်ကြီးရွယ်အိုဘဝ စိုပြည်ရေး

သက်ကြီးရွယ်အိုတို့၏ ဘဝကို စိုပြည်အောင် ဆောင်ရွက်ပေးရန်မှာ လူတိုင်း၏ တာဝန်ပင် ဖြစ်ပါသည်။ အကြောင်းမူ ယခုသက်ကြီးရွယ်အိုများမှာ မိမိတို့၏ ဆရာသမား မိဘများ၏ အသက်အရွယ်သို့မဟုတ် ဘိုးဘွားများ၏ အသက်အရွယ်ဖြစ်၍ သူတို့သည် နိုင်ငံနှင့် လူမျိုးအတွက်၊ မိသားစုအတွက် အဆုံးစွန်ဆိုရလျှင် လူ၏ဖြစ်စဉ်အတွက် သူတို့၏ လုပ်အား၊ ဉာဏ်အား နှင့် ဘဝကို ပေးဆပ်ခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် သူတို့အရွယ်၌ မိမိတို့သည်လည်း မိမိ၏ အတွေ့အကြုံ၊ အတွေးအမြင်နှင့် အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံတို့ကို မျိုးဆက်သစ်များသို့ လက်ကမ်းပေးဆပ်ရမည် ဖြစ်ပါသည်။ ယင်းတာဝန်မှာ မျိုးဆက်တိုင်းတွင် ရှိနေသည်ကို သဘောပေါက်ပြီး ကတည်းက ကတဝေဒိဟူသော သဘောတရား အတိုင်း တစ်ဦးမှတစ်ဦးသို့ ကျေးဇူးတုံ့ပြန် ရမည့် ဝတ္တရားရှိနေလေတော့သည်။

ထိုကြောင့်ပင်လျှင် သက်ကြီးရွယ်အို စောင့်ရှောက်ရေးကို နိုင်ငံတိုင်းလို၌ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် မိသားစုများက တာဝန်ယူဆောင်ရွက် နေသလို တစ်ကမ္ဘာလုံးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပါဝင်ကူညီဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ထာဝစဉ်နုပျိုစေရန်အတွက် လူတစ်ယောက်မှာ အပေါင်းအသင်းရှိရန် လိုသည်။ အသင်းအဖွဲ့မှာ ပါဝင်ဆောင်ရွက်ပိုင်ခွင့်လိုသည်။ မိမိတတ်သမျှ ပြုလုပ်ပြခွင့်လိုသည်။ အနုပညာသမား၊ဆိုက သူ့ပရိသတ်နှင့်သူရှိရန်လို၏။ အထီးကျန်၊ တစ်ကောင်ကြွက်၊ မိမိ၏ကိုယ်ပိုင်ကမ္ဘာလေးထဲမှာ တစ်ဦးတည်းနေ၍ မရပေ။ ထိုသို့ နေက အိုလွယ်သည်၊ ကျလွယ်သည်ဟု သိရပေသည်။

သို့ဖြစ်၍ အသက် ၆၀ ကျော် လူမှုဝန်ထမ်းလုပ်သူ၊ စာရေးသူ၊ ပန်းချီဆွဲသူသည် ပိုမိုကျန်းမာ၍ အသက်ရှည်နိုင်ပေသည်။

မိမိအား လူများစုက ဝိုင်းပယ်ထား လျှင် လူတွေက မိမိကိုမုန်းနေလျှင် မိမိမှာ တစ်ယောက်တည်းဖြစ်မှန်း သိက အသက်မရှည်နိုင်ချေ။ ပျော်ရွှင်နုပျိုစွာ နေနိုင် ရန်ကား ဝေးလှပေ၏။

ထို့အတူ အခြားသူတွေက မိမိအား "အဘိုးကြီးဖြစ်ပြီ၊ အဘွားကြီးဖြစ်ပြီ။ အဲဒီလိုပဲနေတော့ " ဟုအပြောခံရသည့်အတိုင်း နေသူများမှာ အိုလွယ်သည်၊ကျလွယ်သည်၊ သေလွယ်သည်ဟု သိရပေသည်။ အလုပ်အကိုင်မှ သက်ကြီးပင်စင်ရ၍ အနားယူပြီးလျှင် ထိုသို့ပင် သေတတ်ကြပေ၏။ သို့ဖြစ်၍ သက်ပြည့်ပင်စင်ယူခါနီး သူတိုင်း အခြားအလုပ်တစ်ခုခုကို ဆက်လုပ်နိုင်ရန် ကြိုတင်စီမံထားသင့်ကြသည်။

အချုပ်ဆိုရလျှင် အသက်ရှည်လိုပါက အသက်ကို နှစ်တွေနှင့် မတွက်ရ။ မှတ်မထား ရ။ မိမိအလုပ်အကိုင် အောင်မြင်မှု၊ ဝါသနာဘာဂီတို့နှင့်သာ တိုင်းတာကြည်နူးနေသင့်သည်။

ကွယ်လွန်သူ စာရေးဆရာကြီး ဘားနက် (ဒ်) ရှောပြောသလို "ကျွန်ုပ် ယနေ့အသက်ရှစ်ဆယ်ငယ်ပြီ" ဟုပြောနိုင်ရန် အရေးကြီးပေ၏။ ။

ဒေါက်တာမောင်မောင်ညို








ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာခြင်း

နိဒါန်း

လူသား:မျိုးနွယ်တို့၏ မူလအစကို ရှာဖွေလေ့လာရာတွင် အထောက်အကူဖြစ်စေမည့် ပရိုင်း:မိတ် (Primate) ကျောက်ဖြစ်ရုပ်ကြွင်း:လေး:ခုကို ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် ကာကွယ်ရေး:ဝန်ကြီး:ဌာန စစ်မဟာဗျူဟာလေ့လာရေး:ရုံး:မှ မြန်မာနိုင်ငံအမျိုး:သား:ပြတိုက်သို့ လွှဲပြောင်း:ပေး:အပ်ခဲ့ပါသည်။ ယင်း: ပရိုင်း:မိတ် (Primate) ကျောက်ဖြစ်ရုပ်ကြွင်း: လေး:ခုနှင့်ပတ်သက်၍ ၁၉၉၇ ခုနှစ်၊ ဖေဖော် ဝါရီလ (၁၂)ရက်နေ့တွင် အမျိုး:သား:ပြတိုက်၌ ပညာရှင်များ:ကို ဖိတ်ကြား:ဆွေး:နွေး:ပွဲ ပြုလုပ်ပြီး: ဗီဒီယိုမှတ်တမ်း:တင် အစီအစဉ်တစ်ခု ပြုလုပ်ခဲ့ပါသည်။ ဆွေး:နွေး:ချက်အရ လူသား:မျိုး:နွယ်၏ မူလအစကို လေ့လာရာတွင် အထောက်အကူဖြစ်စေမည့် ပရိုင်း:မိတ် ကျောက်ဖြစ်ရုပ်ကြွင်း:များ:ကို မြန်မာနိုင်ငံ၌ တွေ့ရှိခဲ့သည်မှာ လွတ်လပ်ရေး:မရမီ ကာလကပင် ဖြစ်ကြောင်း၊ ၁၉၁၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ဘူမိဗေဒ လေ့လာရှာဖွေရေး:အဖွဲ့ (G.S.I)(Geological Survey of India) က ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ပုံတောင်ကျောက်လွှာစုမှ တွေ့ရှိရသဖြင့် ပုံတောင်ဂျီး:ယား:ကော့တရိုင်း:(Pondaungia Cotteri) ဟု အမည် ပေး:ခဲ့ကြောင်း၊ ၄င်း:ကျောက်ဖြစ်ရုပ်ကြွင်း:များ:သည် သက်တမ်း:အား:ဖြင့် လွန်ခဲ့သောနှစ်သန်း: (၄၀) ကျော်ခန့်က ဖြစ်ကြောင်း၊ အမေရိကန်ပညာရှင် အချို့က လူသား: မျိုး:နွယ်၏မူလအစဖြစ်ပြီး: အဆင့်မြင့် ပရိုင်း:မိတ်ဟု လက်ခံ ယုံကြည်ကြသော်လည်း: အခြား:သော နိုင်ငံမှ ပညာရှင်များ:က ယခုအချိန်အထိ အငြင်း:ပွား:လျက်ရှိကြောင်း၊ ပညာရှင်အများ:စုက လက်ခံယုံကြည်ထား:သည်မှာ လူသား:မျိုး:နွယ်၏ မူလအစသည် အီဂျစ်နိုင်ငံမှ စတင်ကြောင်း၊ အီဂျစ်နိုင်ငံမှ ရှာဖွေတွေ့ရှိထား:သည့် ကျောက်ဖြစ်ရုပ်ကြွင်း:များ:သည် လူသား:မျိုး:နွယ်၏ မူလအစကို လေ့လာရာတွင် အဂၢိရုပ်များ:ဖြင့် ပြည့်ပြည့်စုံစုံ လေ့လာနိုင်သည့် ကာတာရိုနိုအုပ်စုဝင် (Cartarrhini) ပရိုင်း:မိတ်များ:အဖြစ် တွေ့ရှိထား:ပြီဖြစ်ကြောင်း၊ မေး:ရိုး:နှင့် သွား:များ:ပါသော ကျောက်ဖြစ်ရုပ်ကြွင်း: အပြည့်အစုံကို တွေ့ရှိရ၍ လူသား:မျိုး:နွယ်၏ မူလအစဖြစ်သည်ဟု လက်ခံယူဆကြောင်း၊ ယခုအချိန်အထိ ပုံတောင်ဒေသမှ တွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်း:များ:သည် ပြည့်ပြည့်စုံစုံ ရရှိခြင်း:မရှိသောကြောင့် လူသား:မျိုး:နွယ်၏ မူလအစကို လေ့လာရာတွင် အရေး:ကြီး:သည့် ကာတာရိနိုအုပ်စုဝင် ပရိုင်း:မိတ်ဟု လက်ခံ နိုင်ရန် မဖြစ်နိုင်သေး:ဟု ငြင်း:ဆိုလျက်ရှိကြပါသည်။ အကယ်၍ ပုံတောင်ဒေသမှ ကျောက်ဖြစ်ရုပ်ကြွင်း:များ: ပြည့်စုံစွာ ရှာဖွေရရှိပါက မြန်မာနိုင်ငံပုံတောင်ကျောက်လွှာစုမှ တွေ့ရှိရသည့်အတွက် နှစ်သန်း:ပေါင်း: (၄၀) သက်တမ်း:ရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်း:ဖြစ်သည်ဟု သတ်မှတ်ရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံသည် အဆင့်မြင့် ပရိုင်း:မိတ်များ:နှင့်ပတ်သက်၍ အဂျစ်နိုင်ငံထက် နှစ်သန်း:ပေါင်း: (၁၀) သန်း:ခန့် ပိုမိုရှေး:ကျသဖြင့် လူသား:မျိုး:နွယ် ပေါက်ဖွား:မှုနှင့် ပတ်သက်၍ ဆင့်ကဲဖြစ်စဉ် ပြောင်း:လဲမှုများ:တွင် ကမ္ဘာပေါ်၌ စံတင်ရမည့် အနေအထား: ဖြစ်ကြောင်း: ဆွေး:နွေး:ကြပါသည်။ ယင်း:ဆွေး:နွေး:ချက်များ:နှင့် ပတ်သက်၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြား:မှု တည်ဆောက်ရေး: အဖွဲ့၊ အတွင်း:ရေး:မှူး (၁) စစ်မဟာဗျူဟာ လေ့လာရေး:ဌာနကြီး:မှူး: ဒုတိယဗိုလ်ချုပ်ကြီး:ခင်ညွန့်က ပုံတောင်ဒေသတွင် ကျောက်ဖြစ်ရုပ်ကြွင်း:များ:ရှာဖွေရေး:လုပ်ငန်း:ကိုစစ်မဟာဗျူဟာလေ့လာရေး:ရုံး:နှင့် ပညာရေး:ဝန်ကြီး:ဌာနမှ ဘူမိဗေဒ ပညာရှင်များ: ပူး:ပေါင်း:ဆောင်ရွက်ရန် ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့တွင်လမ်း:ညွှန် မိန့်ကြား:ခဲ့ပါသည်။



ပုံတောင်ကျောက်လွှာဟုခေါ်သော ချဉ်စေးတောင်များကို မြင်တွေ့ရပုံ

ဖွဲ့စည်းခြင်း

ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေလေ့လာရေးအဖွဲ့ ဖွဲ့စည်းရန် အတွက် ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက်၊ (၂၅)နေ့မှာတွင် ကာကွယ်ရေးဝန်ကြီး ဌာန စစ်မဟာဗျူဟာလေ့လာရေးရုံး၊ ဒုတိယ ဌာနကြီးမှူးက အစည်းအဝေးပြုလုပ်၍ လိုအပ်သော ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီး စစ်မဟာဗျူဟာလေ့လာရေးရုံးမှ ရှာဖွေ လေ့လာရေး စီမံချက်များကိုရေးဆွဲခဲ့ပါသည်။ စီမံချက် ရေးဆွဲပြီး ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေရေး အဖွဲ့ကို စစ်မဟာဗျူဟာ လေ့လာရေးရုံးနှင့် ပညာရေးဝန်ကြီး ဌာနမှ ဘူမိဗေဒပညာရှင်များ ပါဝင်သော အဖွဲ့အား ဖွဲ့စည်းခဲ့ပါသည်။

(က) စစ်မဟာဗျူဟာလေ့လာရေးရုံးမှ

(၁) ဗိုလ်မှူးကြီး သန်းထွန် : (ဌာနမှူး၊ စစ်မဟာဗျူဟာ လေ့လာ ရေးရုံး)

(၂) ဗိုလ်မှူးခင်မောင်ဝင်း (တပ်မှူး၊ အမှတ်(၂၀) ထောက်လှမ်းရေးတပ်)

(၃) ဗိုလ်ကြီး ဘိုဘို(စစ်ဦးစီးမှူး–တတိယတန်း၊ စစ်မဟာဗျူဟာ လေ့လာရေးရုံး)

(၄) ဗိုလ်ကြီးကျော်စိုးဝင်း (ဆေးကုသမှုပါရဂူ၊ တပ်မတော် ဆေးရုံကြီး)နှင့် အကြပ်စစ်သည် (၁၁) ဦး

(ခ) ပညာရှင်များအဖွဲ့မှ

(၁) ဒေါက်တာ တင်သိန်း
တွဲဖက်ပါမောက္ခ၊ ဘူမိဗေဒဌာန၊
မော်လမြိုင်တက္ကသိုလ်
(ကျောရိုးရှိ သတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်)

(၂) ဒေါက်တာအေးကိုအောင်
ကထိက၊ ဘူမိဗေဒဌာန၊ ဒဂုံတက္ကသိုလ်

(ကျောရိုးမဲ့ သတ္တဝါတို့၏ ကျောက်ဖြစ်ရပ်ကြွင်း ပညာရှင်)

(၃) ဦးသစ်လွင်
သရုပ်ပြ၊ ဘူမိဗေဒဌာန၊ လှိုင်ကောလိပ်

(၄) ဦးအောင်နိုင်စိုး
သရုပ်ပြ၊ ဘူမိဗေဒဌာန၊ လှိုင်ကောလိပ်

(၅) ဦးစိုးသူရထွန်း
သရုပ်ပြ၊ ဘူမိဗေဒဌာန၊ ဒဂုံတက္ကသိုလ်တို့ဖြစ်ပါသည်။

ပုလဲမြို့နယ်အတွင်း ရှာဖွေခြင်း

၁၉၉၇ ခုနှစ်၊ မတ်လ(၉) ရက်နေ့တွင် ရှာဖွေရေးအဖွဲ့သည် မော်တော်ယာဉ်နှစ်စီးဖြင့် ရန်ကုန်မြို့မှ မုံရွာမြို့သို့ ထွက်ခွာခဲ့ပါသည်။ မုံရွာမြို့မှ ချင်းတွင်းမြစ်ကို ဖြတ်ကူး၍ ပုလဲမြို့နယ်သို့ ထွက်ခဲ့ကြပါသည်။ ပုလဲမြို့နယ်လဲကန်ကျေးရွာသည် ပုံတောင်တောင်တန်း၏ အရှေ့ဘက်အခြေတွင် ရှိသည့်တောင်ကုန်းတန်းပေါ်တွင် တည်ရှိသောကျေးရွာဖြစ်ပါသည်။ ကျေးရွာအိမ်ခြေ (၁၈၀) ခန့်ရှိပြီး ကျေးလက်ကျန်းမာရေးဆေးပေးခန်း၊ မူလတန်းကျောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းများ ရှိပါသည်။ ကျေးရွာသူကျေးရွာသား များမှာ စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်ကြပါသည်။ ရှာဖွေရေးအဖွဲ့သည် လဲကန်ကျေးရွာအား အခြေပြု၍ ကွင်းဆင်းရှာဖွေရေး လုပ်ငန်းအားဆောင်ရွက်ခဲ့ကြပါသည်။

ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေရေးအဖွဲ့သည် ၁၉၉၇ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့မှ မတ်လ (၂၈) ရက်နေ့အထိ ရှာဖွေခဲ့ရာ အောက်ဖော်ပြပါ ကျောက်ဖြစ်ရုပ်ကြွင်းများအား ရရှိခဲ့ပါသည်။

(က) အသားစားသတ္တဝါ၏ မေးရိုးနှင့်အံသွားများ။

(ခ) နို့တိုက်သတ္တဝါငယ် အမျာ်း၏ မေးရိုးနှင့် အံသွားများ။

ပုံတောင်ကျိုးယားပရိုင်းမိတ်မေးရိုး အပိုင်းကို ရှာဖွေတွေ့ရှိစဉ်



(ဂ) မိကျောင်းသွားများ၊ အစွယ်များ၊ မေးရိုး ကျောက်ဖြစ် ရုပ်ကြွင်းများ။

(ဃ) ဝက်၏ မူလမျိုးနွယ်များ၏ မေးရိုး၊ အံသွားနှင့်သွားများ။

(င) ကြံ့. မူလမျိုးနွယ်များ၏ အရိုးများ၊ မေးရိုးနှင့် အံသွားများ။

(စ) ငါးများ၏ အရိုးရုပ်ကြွင်း၊ မေးရိုးနှင့်သွားများ။

(ဆ) လိပ်၏ အရိုးမာချပ်ပြားများ။

(ဇ) ပရိုင်းမိတ်မေးရိုးနှင့် အံသွားများ။

(စျ) သတ္တဝါများ၏ စွန့်ပစ်ထားသော မစင်တုံး ကျောက်ဖြစ်ရုပ်ကြွင်းများ။

(ည) ခရကျောက်ဖြစ်ရုပ်ကြွင်းများ။

မြို့မြို့နယ်အတွင်း ရှာဖွေခြင်း

ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေး အဖွဲ့သည် ပုလဲမြို့နယ်အတွင်း ရှာဖွေရေး လုပ်ငန်းများအား ဆောင်ရွက်ပြီး ဧပြီလ (၁) ရက်နေ့မှစ၍ မြို့မြို့နယ်အတွင်း ရှာဖွေရေး လုပ်ငန်းများကို မကျည်းကန်ရွာနှင့် ဗဟင်းရွာများတွင် အခြေပြု၍ ဆက်လက် ဆောင်ရွက်ခဲ့ကြသည်။ ရှာဖွေရေး အဖွဲ့သည် ဧပြီလ (၁) ရက်နေ့မှ (၉) ရက်နေ့အထိ မကျည်းကန် ကျေးရွာတွင် အခြေပြု၍ ရှာဖွေခဲ့ကြသည်။ မကျည်းကန် ရွာသည် အိမ်ခြေ (၂၀၀) ခန့်ရှိသော ကျေးရွာဖြစ်ပါသည်။ကျေးလက်ဆေးပေးခန်း၊ အလယ်တန်းကျောင်း တို့ရှိပြီး ကျေးရွာသူ၊ ရွာသားများမှာ စိုက်ပျိုးရေး လုပ်ငန်းနှင့် ထန်းလျက်ချက် လုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ ရှာဖွေရေးအဖွဲ့သည် မကျည်းကန် ကျေးရွာကို အခြေပြု၍ ရှာဖွေ ခဲ့ကြပါသ ည်။

ရှာဖွေရေးအဖွဲ့သည် အောက်ပါ ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေရရှိခဲ့ပါသည်–

(က) နို့တိုက်သတ္တဝါငယ်များ၏ အရိုး ကျောက်ဖြစ်ရုပ်ကြွင်းများ။

(ခ) တောင်ဆိတ်မူလမျိုးနွယ်များ၏ မေးရိုးနှင့် အံသွားများ။

(ဂ) မိကျောင်းသွားများ၊ အစွယ်များနှင့် မေးရိုး များ။

(ဃ) ဝက် မူလမျိုးနွယ်များ၏ အစွယ်၊ မေးရိုး. အံသွားနှင့် သွားများ။

(င) ကြံ့. မူလမျိုးနွယ်များ၏ အရိုးများ၊ သွားများ၊ မေးရိုးနှင့် အံသွားများ။

(စ) လိပ်၏အရိုးမာချပ်ပြားများ။

(ဆ) ငါးများ၏ အရိုး၊ မေးရိုးနှင့် သွားများ။

(ဇ) သတ္တဝါများ စွန့်ပစ်ထားသော မစင် ကျောက်ဖြစ်ရုပ်ကြွင်းများ။

ရှာဖွေရေးအဖွဲ့သည် ဧပြီလ (၉) ရက်နေ့မှ ဧပြီလ (၂၁) ရက်နေ့အထိ ဗဟင်းကျေးရွာကို အခြေပြု၍ ရှာဖွေရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ ကြပါသည်။ ဗဟင်း ကျေးရွာသည် အိမ်ခြေ (၂၅၀)ခန့် ရှိပြီး မြေပြန့်ပေါ်တွင် တည်ရှိပါသည်။ ကျန်းမာရေးဆေးပေးခန်း၊ အလယ်တန်းကျောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတို့ ရှိပါသည်။ ကျေးရွာသူ ရွာသားများမှာ စိုက်ပျိုးရေးလုပ်ငန်း၊ ထန်းလျက်ချက်လုပ်ငန်းများကို အဓိကထား လုပ်ကိုင်ကြပါသည်။ ရှာဖွေရေး အဖွဲ့သည် ဗဟင်းရွာကို အခြေပြု၍ ရှာဖွေခဲ့ကြပါသည်။ ရှာဖွေရေးအဖွဲ့သည် ဗဟင်းရွာကို အခြေပြု၍ ရှာဖွေခဲ့ကြရာ အောက်ပါ ကျောက်ဖြစ်ရုပ်ကြွင်းများအား ရရှိခဲ့ပါသည်–

(က) နို့တိုက်သတ္တဝါငယ်များ၏ အရိုး ကျောက်ဖြစ်ရုပ်ကြွင်းများ။

(ခ) နို့တိုက်သတ္တဝါများ၏ မေးရိုးနှင့် အံသွား။

(ဂ) မိကျောင်းသွားများ၊ မေးရိုးများနှင့် အစွယ်များ။

(ဃ) ဝက် မူလမျိုးနွယ်များ၏ အစွယ်၊ မေးရိုး၊ အံသွားနှင့်သွားများ။

(င) ပိုးမွှားစားသတ္တဝါငယ်၏ မေးရိုးများ၊

(စ) ကြံ့.မူလမျိုးနွယ်များ၏ အရိုးများ၊ သွားများ၊ မေးရိုးနှင့် အံသွားများ။

(ဆ) အသားစားသတ္တဝါများ၏ မေးရိုး၊ သွားနှင့် အံသွားများ။

(ဇ) ငါးများ၏ ရုပ်ကြွင်း၊ အရိုး၊ မေးရိုးနှင့် သွားများ။

(စျ) လိပ်၏အရိုးမာ ချပ်ပြားများ။
(ည) သတ္တဝါများ စွန့်ပစ်ထားသော မစင် ကျောက်ဖြစ်ရုပ်ကြွင်းများ။
(ဋ) သစ်ရွက်ကျောက်ဖြစ် ရုပ်ကြွင်းများ။
(ဌ) ပရိုင်းမိတ်အမ်ဖီပီသိကပ်အမျိုးအစား အောက်မေးဘယ်၊ ညာ နှစ်ဖက်နှင့် အံသွား၊ သွားများ အပြည့်အစုံပါ ကျောက်ဖြစ် ရုပ်ကြွင်း။
(ဍ) ခရုကျောက်ဖြစ်ရုပ်ကြွင်းများ။

လေ့လာတွေ့ရှိချက်များ

ပုံတောင်ဒေသ၏ မြေမျက်နှာသွင်ပြင် (Topography)။ ပုံတောင်ပုံညာသည် အမြင့်ပေ (၃၀၀၀) မှ (၄၀၀၀) ခန့် အတွင်းရှိသည့် တောင်မြောက် သွယ်တန်းလျက်ရှိသော တောင်တန်းများဖြစ်ကာ ဘူမိဗေဒ အနေအထားအရ မြောက်ဘက်သို့ စိုက်ဝင်သွားသော လွှာတွန့်ချိုင့်ဆန်သော ကျောက်လွှာ ပေါ်ထွက်မှုမျိုးရှိပါသည်။ ၄င်းတောင်တန်းများသည် ပေါက်မြို့၏ အနောက်ဘက် မြောက်လတ္တီတွဒ် ၂၁° ၃၀' ခန့်တွင် တောင်တန်း တစ်ခုတည်းအဖြစ် စုပေါင်းသွားကာ ပုံတောင်ဟု ခေါ်ဝေါ်ကြကြောင်း သိရပါသည်။ ၄င်းတောင်ခြေကုန်းများ ရပ်ဝန်းမှာ ပုလဲမြို့နယ်တွင် အရှေ့-အနောက် (၁၀) မိုင်ခန့် အကျယ် တွေ့ရပြီး ထင်ရှားသော တောင်တန်းမှာ ပုံတောင်နှင့်အပြိုင် သွယ်တန်း နေသည့် ပန်းချီတောင်ဖြစ်သည်။ မြို့ငမြို့နယ်တွင် သာမန်အားဖြင့် ပိုမိုညီညာသော မြေမျက်နှာသွင်ပြင်မျိုး တွေ့ရသည်။ ၄င်းမြေပြန့်အတွင်း မြင့်တက်နေသော တောင်တန်းငယ်များကို ထင်ရှားစွာ တွေ့ရသည်။ အဓိက တောင်တန်းများမှာ တန့်ကြည့်တောင်တန်းနှင့် မြို့ငတောင်တန်းများ ဖြစ်ကြသည်။ ၄င်းတောင်တန်း နှစ်ခုကြား၊တွင် အသင့်အတင့် ကြမ်းတမ်းသော မြေအနေအထားများအပြင် မြေပြန့် အနည်းငယ်ကို တွေ့ရသည်။ မြေပြန့်အတွင်း ကျောက်စရစ်ကုန်းချောများကိုလည်း တွေ့ရသည်။

ရေဆင်းစနစ် (Drainage system)။ ဘူမိဗေဒ အနေအထား၏ တစ်ဝက် တစ်ပျက်ထိမ်းချုပ်မှု ခံထား ရသော ရေဆင်းစနစ် (Structurally controlled drainage) ကို တွေ့ရသည်။ တောင်ကုန်းဒေသများတွင် ကျောက်အက်ကြောင်းများ (Fractures)၏ ထင်ဟပ်ချက်ကြောင့် အနောက် အနောက် မြောက်၊ အရှေ့ အရှေ့တောင်နှင့် မြောက် အရှေ့မြောက်၊ တောင် အနောက်တောင် လားရာ အတိုင်း စီးသောချောင်းများကို သိသာစွာ တွေ့ရသည်။ တောင်ကြား လွင်ပြင်ငယ်များနှင့် မြေပြန့်များတွင်မူ ကောက်ကွေ့ စီးဆင်းသော ခက်ဖြာရေဆင်းစနစ် ဖြင့် စီးဆင်းကြောင်း တွေ့မြင်နိုင်သည်။

ကျောက်ဖြစ်ရုပ်ကြွင်းအသေးစိတ် ရှာဖွေရာ နေရာများ (Detail Fossil Collecting Sites)။ ကျောက်ဖြစ်ရုပ်ကြွင်းများကို ရွှံ့စေးလွှာများ (Clay Layers) ပေါ်ထွက်ရာ ချိုင့်ဝှမ်းနှင့် ကမ်းပါးများတွင် အများဆုံး ကောက်ယူရရှိသည်။ ဒေသခံတို့က ၄င်းအမျိုးအစား ချိုင့်ဝှမ်းတို့ကို "ကျစ်ချောင်" ဟုလည်းကောင်း၊ ကမ်းပါးများကို "ကျစ်ကုန်း" "ကျစ်ပြန့်" စသည်ဖြင့် လည်းကောင်း ခေါ်ဝေါ်ကြသည်။ ၄င်း ကျောက်လွှာများသည် ပုံတောင်သဲကျောက်လွှာများအတွင်း မှန်ဘီလူးခုံးသဏ္ဌာန် (Lense) ကြားညှပ်၍လည်းကောင်း၊ ပြန်လှန်လွှာထပ် (Interbedded) ဖြစ်၍ လည်းကောင်း ပါဝင်လျက်ရှိကြရာ များသောအားဖြင့် တစ်ဖက်စောင်း ချိုင့်ဝှမ်း (Homoclinal Valley) များ ဖြစ်လျက် ရှိသည်။

ပုံတောင်ကျောက်လွှာစု (PONDAUNG FORMATION)


မြန်မာနိုင်ငံ ပုံတောင်ဒေသတွင် အများဆုံး ပေါ်ထွက်နေသော ကျောက်လွှာများဖြစ်၍ အဓိကအားဖြင့် သဲကျောက်များ ပါဝင်သည်။ ၄င်းတို့ကို ဒေါက်တာ ဂျီဒီပီကော်တာ (Dr. G.D.P Cotter) က ၁၉၁၄ ခုနှစ်တွင် "ပုံတောင်သဲကျောက်" ဟု စတင်၍ အမည်ပေး သတ်မှတ်ခဲ့သည်။ ဤအမည်မှာ ယခုနောက်ပိုင်း အသုံးပြုသော ခေတ်ပေါ် အမည်ပေးစနစ်နှင့် မကိုက်ညီသဖြင့် "ပုံတောင်ကျောက်လွှာစု" ဟု မြန်မာဘူမိဗေဒ ပညာရှင်များက ပြောင်းလဲ သတ်မှတ် ပေးခဲ့ပါသည်။

ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေလေ့လာခြင်း



ဗဟင်းရွာအနီး အမ်ဖိပီသီးကပ် ဗဟင်းနန်းစစ်ကို
ရှာဖွေတွေ့ရှိစဉ်

မိုးကောင်းရွာအနီးမှ တွေ့ရှိရသည့် ပုံတောင်ကျီးယား
ပရိုင်းမိတ်မေးရိုး အပိုင်းစ



ပုံတောင်ကျောက်လွှာစု၏ ထရပေဒ

ကျောက်လွှာစုပေါ် ထွက်ရှာဒေသများ။ မြန်မာနိုင်ငံတွင် ပုံတောင်ကျောက်လွှာစုကို ပုံတောင်ပုံညာဒေသ၊ ပုလဲမြို့နယ် အနောက်မြောက်ဘက်နှင့် မြိုင်မြို့နယ် အနောက်မြောက်ဘက် ဒေသများအပြင် အနောက်ဘက်တွင် ဂန့်ဂေါမြို့နယ်၊ ထီးလင်းမြို့နယ်နှင့် ကလေးမြို့နယ်၊ တောင်ဘက်တွင် ပခုက္ကူမြို့နယ်၊ ပေါက်မြို့နယ်နှင့် မင်းဘူးမြို့နယ်တို့တွင် ကျယ်ပြန့်စွာ တွေ့ရသည်။

ကျောက်အမျိုးအစား။ ပုံတောင် ကျောက်လွှာစုပါ ကျောက်အမျိုးအစားများကို ၄င်းတို့၏ ပို့ချမှုဖြစ်စဉ်၊ အနည်ကျကျောက်လွှာ အနေအထားနှင့် တွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်းများအရ အောက်ပါအတိုင်း ခွဲခြားထားသည်။

(က) ကုန်းတွင်းပိုင်း အနည်ကျကျောက်များ။
(ခ) ပင်လယ် အနည်ကျကျောက်များ။

ကုန်းတွင်းပိုင်း အနည်ကျကျောက်များ။ ကုန်းတွင်းပိုင်းရှိ အင်းအိုင်များအတွင်းတွင် ပို့ချရာမှ ဖြစ်ပေါ်လာသော အနည်ကျကျောက်လွှာများ ဖြစ်သည်။ ၄င်းအမျိုးအစားကို ပုံတောင်ကျောက်လွှာစု၏ အပေါ်ပိုင်းတွင် တွေ့ရှိရသည်။ ပုလဲမြို့နယ် အနောက်မြောက်ဘက် ပုံတောင်တောင်တန်း၏ အရှေ့ဘက်ဒေသများ၊ မြိုင်မြို့နယ် အနောက်မြောက်ဘက် မြိုင်နှင့်ပုလဲမြို့နယ်စပ် ပုလဲ-ဂန့်ဂေါကားလမ်း၏ တောင်ဘက်၊ မြောက်ဘက်နှင့် ပေါက်မြို့နယ်၏ မြောက်ဘက်ဒေသများတွင် ကျယ်ပြန့်စွာတွေ့ရသည်။ တွေ့ရသော ကျောက်အမျိုးအစားများမှာ ချယ်ရီနီရောင်၊ သနပ်ခါးရင့်ရောင်နှင့် မီးခိုးနုရောင် တစ်ထပ်စီဖြစ်နေသော ရွှံ့စေးကျောက်များအတွင်း အညိုရောင်နှင့် သနပ်ခါးရောင် သဲကျောက်ပွများကို လွှာပါးအဖြစ် တွေ့ရှိရသည်။ ၄င်းတို့၏ အောက်ခြေတွင် အရွယ်အစားကြီးသော ကျောက်စရစ်များဖြင့် ဖွဲ့စည်းထားသည့် စရစ်ဖြူန်းကျောက်များကို အချို့ဒေသများတွင် တွေ့ရှိရပါသည်။ ပုလဲမြို့နယ်နှင့် မြိုင်မြို့နယ်အတွင်းတွင် တိုင်းတာချက်အရ အထက်ပါ ရွှံ့စေးတောင်များ၏ အမြင့်မှာ (၁၂၀) ပေခန့်အထိ ရှိပါသည်။

ပင်လယ်အနည်ကျကျောက်များ။ ပင်လယ် အနည်ကျကျောက်များကို ကုန်းတွင်းပိုင်း အနည်ကျကျောက်များ၏ အောက်တွင် တွေ့ရသည်။ ပုလဲနှင့် မြိုင်မြို့နယ်များအတွင်းတွင် ကုန်းတွင်းပိုင်း အင်းအိုင် အနည်ကျကျောက်များ ဖြစ်သော ရွှံ့စေးကျောက်နှင့် သဲကျောက်လွှာပါးကြားညှပ်ဝင်လျက်ရှိသည့် ကျောက်လွှာစဉ်များ၏ အောက်ခြေတွင် ကပ်လျက် ရှည်လျားကျယ်ပြန့်စွာ တွေ့ရသည်။ တွေ့ရသော ကျောက်အမျိုးအစားများမှာ နက်ပြာရောင်နှင့် အညိုရောင် ရွယ်ကြီးစေ့ သဲကျောက်များဖြစ်ပြီး သစ်သားကျောက်ဖြစ် ရုပ်ကြွင်းတို့ကို အတွေ့ရများသည်။ အနည်ကျကျောက် အနေအထားများအဖြစ် ကန်လန့်ဖြတ်လွှာကြီးအင်းများကို ထင်ရှားစွာ တွေ့ရသည်။

ကျောရိုးရှိ သတ္တဝါတို့၏ ကျောက်ဖြစ် ရုပ်ကြွင်းများ (VERTEBRATE FOSSILS)

နို့တိုက်သတ္တဝါများ (MAMMALS)

(က) ခွာ မဂဏန်းပါရှိသော နို့တိုက်သတ္တဝါများ (Perissodactyla)။ ၄င်းတို့သည်ခြေထောက်များတွင် ခွာတစ်ခု၊ သုံးခု (သို့မဟုတ်)ငါးခု စသည်ဖြင့် ခွာမဂဏန်းပါသော နို့တိုက်သတ္တဝါများ ဖြစ်ကြသည်။

(ခ) **တစ်တန်နီ သီရိအုပ်စု (Titano theridae)**။ ၄င်း အုပ်စုတို့သည် ကြွံနှင့် တူသော သတ္တဝါများ ဖြစ်ကြသည်။ အမေရိကန် ပြည်ထောင်စု၌ တွေ့ရှိရသော အမျိုးအစားများနှင့် မတူဘဲ တစ်မူကွဲပြား၍ မျိုးစိတ်အသစ်အဖြစ် (Pilgrim) နှင့် (Cotter) တို့က သတ်မှတ်ခဲ့ပါသည်။ ၄င်း အုပ်စုဝင် သတ္တဝါများ အပေါ်မေးရိုးနှင့် အောက်မေးရိုးတို့၌ သွားအရေအတွက် စုစုပေါင်း (၄၀) ပါဝင်သည်။ ၄င်းသတ္တဝါတို့သည် ခန္ဓာကိုယ် အရွယ်အစား တုတ်ခိုင်ကြီးမားကြသည့်အပြင် တုတ်တိုသော ခြေထောက်များပါရှိ ကြသည်။


(ကက) **စီဗာတစ် တန်နော့မျာ:(Sivati tanops)**။ ၄င်:တို့တွင် ကြီ:မာ: သော ရှေ့.သွာ:မျာ:နှင့် ကြီ:မာ: သော စွယ်သွာ:မျာ: ပါရှိ ကြ သည်။အပေါ်သွာ:မျာ:သည် လေ:ထောင့်ကျကျ ပုံစံရှိ ပြီ:ထူ သော ကြွေ လွှာမျာ: ပါ ရှိ ကြ သည်။အပေါ်အံ့သွာ: ရှေ့.ပိုင်: တွင်အပိုဖုလုံ:ဖြစ်သော (Pro toconule)မ ပါရှိ ပါ။ အောက် အံ့သွာ:မျာ:သည် ဖြက်ကျဉ်:၍ ရှည်မျောမျော ပုံသဏ္ဌာန် ရှိကြ သည်။ ထူသော ကြွေလွှာမျာ:လည်း ပါရှိကြသည်။ စွယ်သွာ:တို့သည် တုတ်တို၍ သန်မာကြသည်။၄င်: တို့၏ ဦ:ခေါင်:မှာကြီ:မာ:သည်။ ခန္ဓာကိုယ်အရွယ်အစာ:မှာ ယခု ခေတ် ရေမြင်:၏ အရွယ်အစာ: ခန့်.ရှိသည်။ စီဗာတစ်တန်နော့ မျာ:ကို ပုလဲမြို့.နယ်၊မို:ကောင်: ကျေ:ရွာ၊ ကျော်တောရွာ၊ ဝက ကျရွာ၊ တောင်ဗျောက်ရွာ၊မြို့ငြိ. နယ်ဗဟင်:ရွာ၊ သမင်ချောက်ရွာ၊ သန်: ဥ တော ရွာ၊ ဖန်: ကန် ရွာ၊ ဆင်စွယ်ရွာမျာ:တွင်တွေ့.ရသည်။

(ခခ) **အီအိုတစ်တန်နိုသီရီယမ် (Eotita notherium)**။ ၄င်:သတ္တဝါသည် (Sivatitanops) နှင့်အရွယ်အစာ: အာ:ဖြင့် မတိမ်:မယိမ်:ခန့်.သာ ရှိသည်။ သို့သော် အဆိုပါ သတ္တဝါ ၏ အံ့သွာ:မျာ:မှာ ပိုမို၍ ကျယ် ပြန့်သည်။ အပေါ် အံ့သွာ:တို့၏ ကြိတ်ဝါ:ထား:သော မျက်နှာပြင် ရှေ့.ပိုင်:တွင် အပိုဖုလုံ: မပါရှိပါ။ စွယ်သွာ:မျာ:သည်လည်: တုတ်တို ၍ သန်မာကြသည်။ ၄င်:တို့၏ ရုပ် ကြွင်: မျာ: ကို ပုလဲမြို့.နယ် ခံတွင်:ရွာနှင့် မြို့ငြိမြို့နယ် ဗဟင်: ရွာ၊ ဆင်စွယ်ရွာမျာ: အနီ:တွင် တွေ့.ရှိရသည်။

(၂)**အမိုင်နိုဒွန်တီဒေ:အုပ်စု (Amynodontidae)**။ ၄င်: အုပ်စုသည် ကြံ့.တို့၏ မူလ မျို:နွယ် သတ္တဝါ အုပ်စုဖြစ်၍ အကောင်ကြီ:မျို:မျာ: ဖြစ်ကြသည်။ ၄င်:တို့သည် ပုံတောင်ဒေသ တွင် တွေ့.ရှိရသော နို့တိုက်သတ္တဝါအုပ်စု မျာ:အနက် အရွယ်အကြီ:မာ:ဆုံ: ဖြစ်ပြီ: အသိ:အရွက်စာ:သော နို့တိုက်သတ္တဝါ ဖြစ်သည်။ အရွယ်အာ:ဖြင့် ယခုခေတ်ကြံ့၏ အရွယ် ပမာဏခန့်.ရှိသည်။ ၄င်:တို့တွင် ကြီ:သော ဦ:ခေါင်:ပါရှိပြီ: ရှေ့.အံ့သွာ:မျာ:မှာ ကြီ:မာ:၍ စွယ်သွာ:နှင့် ရှေ့.အံ့သွာ:အကြာ:ရှိ ကွက်လပ်မှာ ရှည်လျာ:သည်။ ရှည်လျာ: သော မေ:ရို:တွဲဆက်မှုကို တွေ့.ရသည်။ စွယ်သွာ:မျာ:သည် ပို၍ တည့်မတ်စွာရှိကြပြီ: ဖြတ်ပိုင်:ပုံမှာ ဘဲဥပုံသဏ္ဌာန်ရှိသည်။ အပေါ် အံ့သွာ:မျာ:မှာ ကြီ:မာ:ကျယ်ဝန်:၍ လေ:ထောင့် မကျတကျ ပုံစံရှိသည်။ အောက် အံ့သွာ:မျာ:မှာ ဖြက်ကျဉ်:၍ အနည်:ငယ် ရှည်သော်လည်: တုတ်ခိုင် သန်မာသည်။ ၄င်:တို့တွင် ကြီ:မာ:တုတ်ခိုင်သော မေ:ရို:မျာ: ပါရှိကြသည်။ ၄င်:ရုပ်ကြွင်:မျာ:ကို ပုလဲမြို့နယ် ဝက်ကျရွာ၊ ကျော်တောရွာ၊ တောင် ဗျောက်ရွာ၊ မို:ကောင်:ရွာမျာ:နှင့် မြို့ငြိမြို့နယ် ဗဟင်:ရွာ၊ သမင်ချောက်ရွာ၊ ဖန်:ကန်ရွာ၊ ချောင်:ဆု ရွာ၊ ဆင်စွယ်ရွာ၊ သန်:ဥတောရွာ၊ မင်:သာ:ကျရွာမျာ: အနီ:ရှိ ကျစ်ချောင်မျာ:မှ တွေ့.ရှိရသည်။


(ခ) **ခွာစုံဂဏန်:ပါရှိသော နို့တိုက်သတ္တဝါမျာ: (Artio-dactyla)**။ ၄င်:တို့သည် ခြေထောက် မျာ:တွင် ခွာနှစ်ခု သို့မဟုတ် လေးခု စသည် ဖြင့် စုံဂဏန်: ပါရှိသော နို့တိုက်သတ္တဝါမျာ: ဖြစ်ကြသည်။

ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေလေ့လာခြင်း



ရှာဖွေတွေ့ရှိသော အပိုင်းအစများကို ဆက်လိုက်သော အခါ
အမ်ဖိပီသီးကပ်ဗဟင်းနန်းစစ်ပရိုင်းမိတ်မေးရိုး၏
ဘယ်ဘက်တစ်ခြမ်းကို တွေ့ရပုံ

အမ်ဖိပီသီးကပ်ဗဟင်းနန်းစစ်ပရိုင်းမိတ်မေးရိုးအပြည့်အစုံ



(၁) **အန်သရာကိုသီရီဒေးအုပ်စု (Anthracotheridae)** ။ ၄င်းတို့သည်ဝက်နှင့်တူသော သတ္တဝါများ ဖြစ်ကြသည်။ ဝက်တို့၏ မူလမျိုးနွယ်ဟု ဆိုနိုင်သည်။ ဤ အုပ်စုတွင် ပါဝင်သော သတ္တဝါတို့သည် သွားအရေအတွက် အပြည့်စုံဆုံး ဖြစ်ကြပြီး အပေါ် သွားနှင့် အောက်သွား စုစုပေါင်း အရေအတွက် (၄၄)ချောင်းပါဝင်ကြသည်။ သို့ဖြစ်၍ နွားသိုးသည်အခြားသတ္တဝါများနှင့်နှိုင်းယှဉ်လျှင် ပို၍ရှည်လျားကြသည်။

(ကက) **အန်သရာကို သိုးမား (Anthracothema)** ။ ၄င်းသည် နွားသိုးခွေသော အန်သရာကိုသီရီဒေးအုပ်စုဝင် နို့တိုက်သတ္တဝါ ဖြစ်ကြသည်။ အရွယ်အစားအားဖြင့် ယခုခေတ် တောဝက်၏ အရွယ်ပမာဏခန့် ရှိသည်။ သွားအမျိုးအစားမှာ သွား၏ကြိတ်ဝါးထားသော မျက်နှာပြင်တွင် ဖုလုံးများပါရှိသည့် (Bunodont) အမျိုးအစား ဖြစ်သည်။ အပေါ်အံသွားများသည် လေးထောင့် စပ်စပ် ပုံစံရှိပြီး သွား၏ရှေ့ပိုင်း အပိုဖုလုံး ဖြစ်သော (Protoconule) ပါရှိသည်။ အောက်အံသွားများသည် ဖြက်ကျဉ်း၍ ရှည်မျောမျော ပုံသဏ္ဌာန် ဖြစ်နေသော်လည်း ကြွေလွှာထူပြီး တုတ်ခိုင်သန်မာသည်။ ၄င်းတို့ ရုပ်ကြွင်းများကို ပုလဲမြို့နယ် မိုးကောင်းရွာ၊ ကျောက်တောရွာ၊ ဝက်ကျရွာ၊ မြိုင်မြို့နယ် ဖန်ကန်းရွာ၊ သန်းဥတောရွာ၊ သမင်ချောက်ရွာ၊ ဗဟင်းရွာ၊ ဆင်စွယ်ရွာများ အနီးရှိ ကျစ်ချောင် များတွင် တွေ့ရပါသည်။

(ခခ) **အန်တရာကိုကရက်စ် (Anthracokeryx)** ။ ၄င်းသည်နွားသိုးခွေသော အန်သရာကိုသီရီဒေးအုပ်စုဝင် သတ္တဝါဖြစ်သည်။ အပေါ်အံသွားများသည်လေးထောင့် စပ်စပ် ပုံသဏ္ဌာန် ရှိကြပြီး သွား၏ရှေ့ပိုင်း အပိုဖုလုံးပါရှိသည်ကို တွေ့ရသည်။ ရှေ့အံသွားများသည် အနည်းငယ် ပြားသ ယောင် ရှိ ပြီး သုံးထောင့် ပုံရိုက အရင်းကျယ် ၍ အဖျားခွန်းသည်။ စွယ်သွားများသည် လုံးဝန်း၍ကောက်ကွေးနေကာ အ ဖျား ခွန်းသည်။ ဦးခေါင်းမှာ ကျဉ်းမြောင်းပြီး ရှည်လျားသည်။ ၄င်းတို့၏ ရုပ်ကြွင်းများကို ပုလဲမြို့နယ် မိုးကောင်းရွာ၊ ကျောက်တောရွာ များနှင့် မြိုင်မြို့နယ်ဗဟင်းရွာ၊ သန်းဥ တောရွာ၊ သမင်ချောက်ရွာ၊ ဖန်းကန်ရွာ၊ ဆင်စွယ်ရွာများ အနီးတွင် တွေ့ရှိရသည်။

(၂) **ထရာဂုလီဒေးအုပ်စု (Traguli dae)** ။ အဆိုပါ အုပ်စုတွင် ပါဝင်သော နို့တိုက်သတ္တဝါတို့သည် ခွေအရွယ်အစား သို့မဟုတ် ဒရယ်အရွယ်အစားခန့် ရှိကြသည်။ အံသွားတို့၏ ကြိတ်ဝါးထားသော မျက်နှာပြင် များတွင် ဖုလုံးသဏ္ဌာန် ပွန်းတီးရာများ ပုံစံမပါရှိဘဲ လခြမ်းပုံသဏ္ဌာန် ပွန်းတီးရာများ ပါရှိသော ပုံစံပါရှိ ကြသည်။

သွား အမျိုးအစားမှာ ကြွေလွှာ ပါရှိသောသွား၏ကိုယ်ထည်တို၍ သွား၏ အမြစ်မှာ ပို၍ ရှည်လျားသော အမျိုးအစား ဖြစ်သည်။ အပေါ်အောက် မေးရိုးတို့တွင် သွား အရေအတွက် စုစုပေါင်း (၄၀) ပါဝင်သည်။ ခန္ဓာကိုယ်မှာ တောင်ဆိတ်ကဲ့သို့ သေးသွယ် ရှည်လျားသည်။ ဦးခေါင်းနှင့် မေးရိုးတို့သည်လည်း သေးသွယ် ရှည်လျားကြသည်။ အပေါ်အံသွားများ သည် လေးထောင့် စပ်စပ်ပုံသဏ္ဌာန် ရှိကြ၍ အံသွား၏ ရှေ့ပိုင်းတွင် အပိုဖုလုံး (Protoconule) ပါရှိသည်။ အောက်အံသွားများသည် ရှည်မျောမျော ပုံသဏ္ဌာန်ရှိ၍ ဖြတ်ကျဉ်းသည်။ အဆိုပါရုပ်ကြွင်းများကို ပုလဲမြို့နယ်ရှိ မိုးကောင်းရွာ၊ ကျောက်တောရွာများ နှင့် မြိုင်မြို့နယ်ရှိဗဟိုင်းရွာအနီးကျစ်ချောင်းများတွင် တွေ့ရသည်။


တွားသွားသတ္တဝါများ (REPTILES)

(က) မိကျောင်းအုပ်စုများ (Crocodilidae) ။ မိကျောင်း များကို အုပ်စု (၂) မျိုးအဖြစ် တွေ့ရသည်။ ၄င်းတို့ မှာ ဂါဗီရယ် မိကျောင်းခေါင်းရှည် မျိုးများနှင့် အယ်လီဂိတ်တာမိကျောင်းခေါင်းတို မျိုးများ ဟူ၍ (၂)မျိုး တွေ့ရသည်။

(၁)ဂါဗီရယ် မိကျောင်းခေါင်းရှည်မျိုးများ (Garvialis) ။ ၄င်းတို့သည် အီအိုဆင်းအထက်ပိုင်းအချိန်က ဖြစ်ပေါ်ခဲ့သော ပင်လယ် ကမ်းစပ်များနှင့် ကုန်းတွင်းရေ အိုင် ကြီးများ အတွင်း၌ ငါးများ၊ လိပ်များနှင့်အတူ နေထိုင်ကျက်စားခဲ့ကြသည်။ ရေအိုင်၏နံရံ ဘေးဝန်းကျင်ရှိ ရေစပ်စပ် ကုန်းစပ်စပ် နေရာများတွင် လည်း ကျက်စားခဲ့ကြသည်ဖြစ်ရာ ၄င်းတို့၏ မေးရိုးများနှင့် သွားအကြွေများကို အခြားသော နို့တိုက်သတ္တဝါတို့၏ရုပ်ကြွင်းများနှင့်အတူ တွေ့ရှိရသည်။ ၄င်းတို့၏ သွားများမှာ လုံးဝန်းသော ကတော့ပုံ တစ်ဖက်ချွန်ဖြစ်၍ သွား၏ ဘေးတစ်ဖက် တစ်ချက်တွင် သွား၏ အောက်ခြေမှ ထိပ်ဖျားသို့အရောက် ဖုကြောင်းများ ပါရှိကြသည်။ ၄င်းတို့တွင် ရှည်လျားသော မေးရိုးများပါရှိကာ မေးရိုး၏ တစ်ဖက်တစ်ချက်တွင် လွှသွားကဲ့သို့ ချွန်ထက်သော သွားများ ပေါက်နေကြသည်။

(၂) အယ်လီဂိတ်တာ မိကျောင်းခေါင်းတိုများ (Alligators)။ ၄င်းတို့သည် ဦးခေါင်း တိုသော မိကျောင်းများဖြစ်ကြပြီး ခန္ဓာကိုယ်ပြားချပ်၍ ဦးခေါင်းသည်လည်း အနည်းငယ်ပြားချပ်နေသည်။ ၄င်းတို့၏ သွားအရေအတွက်မှာ ဂါဗီရယ် မိကျောင်းများထက် နည်းပါးသည်။ တစ်ကောင်တည်းတွင်ပင် သွားတို့၏ အရွယ်အစားသည် အမျိုးမျိုးကွာခြားကြသည်။ သွားတို့၏ ပုံစံမှာ တစ်ဖက်ချွန် ကတော့ပုံ ဖြစ်သည်။ ၄င်းတို့တွင် တို၍ ကျယ်ပြန့်သော မေးရိုးများပါရှိကြကာ သွားတန်းတို့သည် မေးရိုး၏ တစ်ဖက်တည်းတွင်သာ ပါရှိကြသည်။ အဆိုပါရုပ်ကြွင်းများကို ပုလဲမြို့နယ်ရှိ ကုန်းရွာ၊ တောင်ပြောက်ရွာ၊ ကျောက်တောရွာ၊ မိုးကောင်းကျေးရွာ များနှင့် မြိုင်မြို့နယ်ရှိ ဗဟိုင်းရွာ၊ သမင်ချောက်ရွာ၊ သန်းဉတောရွာ၊ ဖန်းကန်ကျေးရွာများအနီး ကျစ်ချောင်းများတွင် တွေ့ကြရသည်။

ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်းရာဖွေလေ့လာခြင်း



အမ်ဖီပီသီးကပ်ဗဟင်းနန်းစစ် ပရိုင်းမိတ်၏မေးရိုး ရုပ်ကြွင်းကို သဘာဝအတိုင်း ရာဖွေတွေ့ခဲ့စဉ်

(ခ) **လိပ်အုပ်စုများ (Chelonia)**။ လိပ်များကို ၄င်းတို့၏ အခွံမာချပ်ပြားများနှင့် အရိုး အပိုင်းအစတို့ကို ရုပ်ကြွင်းများအဖြစ် တွေ့ရှိသည်။ အခွံမာချပ်ပြားများတွင် လိပ်၏ကျောကုန်းဘက်ချပ်ပြားနှင့် ဝမ်းပိုက်ဘက်မှ ချပ်ပြားများ နှစ်မျိုးစလုံးကို တွေ့ရှိကြရသည်။ ၄င်းတို့၏ အရိုး အပိုင်း အစများကိုလည်း တွေ့ရှိရသည်။ လိပ်ရိုးများသည် တိုၫ်ပြားချပ်သော အသွင်ရှိသည်။ လိပ်များကို အကောင်ကြီးမျိုးများနှင့် အကောင်သေးမျိုးများ အဖြစ် မျိုးစိတ် (၂) မျိုးကို တွေ့ရှိရသည်။ အခွံမာချပ်ပြားများတွင် တစ်ချို့မှာသေးငယ်ၫ် ပါးလွှာပြီး တစ်ချို့မှာ ကြီးမားထူထဲၫ် သိပ်သည်းလှသည်။ အချို့အကောင်များသည် မိုးမြဲဒယ်အိုးကြီး အရွယ်ပမာဏခန့် ကြီးမားနိုင်ကြောင်း ခန့်မှန်းရပါသည်။ ၄င်းတို့၏ ရုပ်ကြွင်းများကို ပုလဲမြို့နယ်ရှိ မိုးကောင်းရွာ၊ ကျောင်တောရွာ၊ ဝက်ကျရွာ၊ ကုန်းရွာများနှင့် မြိုင်မြို့နယ်ရှိ ဖန်းကန်ရွာ၊ ဗဟင်းရွာ၊ သန်းဉတောရွာ ကျေးရွာများအနီးရှိ ကျစ်ချောင်များအနီးတွင် တွေ့ရှိကြရသည်။

(ဂ) **ငါးများ (Fishes)**။ ငါးများ၏ ရုပ်ကြွင်းများကိုလည်း နေရာအနံ့အပြားတွင် တွေ့ရှိကြရာတွေ့ရှိရသော ရုပ်ကြွင်းများမှာ မေးရိုးနှင့် သွားများ ဖြစ်ကြသည်။ ၄င်းတို့သည် ငါးဟုဆိုရသော်လည်း ပုံသဏ္ဌာန်မှာ ရေနေတွားသွားသတ္တဝါများနှင့် ဆင်တူသည်။ အများအားဖြင့် ၄င်းတို့၏ အောက်မေးရိုးများကို တွေ့ရှိကြရာ မေးရိုးအောက်ပိုင်းသည် ဝက်အူရစ် ပုံသဏ္ဌာန်

ပါရှိပြီး မေးရိုး ပေါ်တွင် သုံးထောင့် ပုံသဏ္ဌာန် ရွှန်ထက်သောသွားများ ပါရှိကြသည်။ ၄င်းငါးရုပ်ကြွင်းများသည် အရွယ်အသေး အမျိုးအစားမှ အရွယ်အကြီးအမျိုး အစားအထိ အမျိုးမျိုး ပါဝင်ကြသည်။ ၄င်းတို့နှင့်အတူ ငါးမန်းတို့၏ သွားများကိုလည်း တွေ့ရှိကြရသည်။ ငါးမန်းသွားများသည် ရွှန်ထက်ပြီး ပြားချပ်နေ ကြသည်။ ၄င်းတို့၏ ရုပ်ကြွင်း များကို ပုလဲမြို့နယ်ရှိ မိုးကောင်းရွာ၊ ကျော်တောရွာ များနှင့် မြိုင်မြို့နယ် ရှိ ဗဟင်းရွာ၊ သမင် ချောက်ရွာ၊ ဖန်းကန်ရွာများ အနီးရှိ ကျစ်ချောင်များတွင် တွေ့ရှိကြရသည်။

(ဃ) **အသားစားသတ္တဝါများ (Carnivores)**။ ခရေအိုဒွန် အုပ်စုများ(Creodonts)အသားစား သတ္တဝါများ၏ ရုပ်ကြွင်းများကို ရှားပါးစွာ တွေ့ရှိရသည်။ တွေ့ရှိရသော ရုပ်ကြွင်းသည် အသားစားသတ္တဝါ (Creodont) အုပ်စုမှ အပေါ်မေးရိုး ဖြစ်ပြီး အံသွားများ၊ ရှေ့သွားများနှင့် စွယ်သွားများ ပါရှိကြသည်။ အံသွားနှင့် ရှေ့အံသွားများတွင် အဖျားချွန်သော ဖုလုံးများ ပါရှိကြသည်။ စွယ်သွားများသည် သန်မာ တုတ်ခိုင်၍ ရှည်လျားကောက်ကွေးနေသည်။ အရွယ်အစားအားဖြင့် ယခုခေတ်ကျားသစ်၏ အရွယ်ပမာဏခန့် ရှိသည်။ ၄င်းတို့၏ ရုပ်ကြွင်းများကို ပုလဲမြို့နယ် ကျော်တောရွာအနီးရှိ ကျစ်ချောင်မှ တွေ့ရှိရသည်။

(c) **ပိုးမွှားစားသတ္တဝါများ (Insectivores)**။ ပိုးမွှားစားသတ္တဝါများ၏ မေးရိုးရုပ်ကြွင်း များကိုအနည်းငယ်ခန့်တွေ့ရှိကြရသည်။ ၄င်းတို့၏ မေးရိုးသည် သွယ်လျပြီး ရှည်လျားကာ အရွယ်သေးသည်။ သွားတို့ သည်လည်း သေးငယ်သည်။ ရွှန်သောနှုတ်သီးပါရှိသည်ကို တွေ့ရသည်။ အရွယ် အစားအားဖြင့် ယခုခေတ် မြေကြွက်ကြီး တစ်ကောင်၏ အရွယ်ပမာဏ ခန့် သာရှိ သည်။ ၄င်းတို့၏ ရုပ်ကြွင်းများကို ပုလဲ

ဗဟင်းရွာအနီးက တွေ့ရသည့် သစ်ရွက်ရုပ်ကြွင်း



ပရိုင်းမိတ်များ: (PRIMATES)

ပရိုင်းမိတ်များအနေဖြင့် အဝိကမျိုးစု (၂) ခုကို အောက်ပါအတိုင်းတွေ့ရှိရသည်-

(က)Amphipithecus

(ခ)Pondaungia

၄င်းပရိုင်းမိတ်နှစ်မျိုးစလုံး၏ အံသွားများတွင် ကြိတ်ဝါးထားသောမျက်နှာပြင်များပေါ်၌ လုံးဝိုင်းသောဖုလုံးများ ပါရှိသည့် (Bunodont) အမျိုးအစား သွားပုံစံရှိကြပြီး သစ်ပင်များပေါ်တွင် နေထိုင်ကြသော သစ်သီးသစ်ရွက်များကိုစားသောက်ကြသည့် နို့တိုက်သတ္တဝါများဖြစ်ကြသည်။

အမ်ဖီပီသီးကပ် (Amphipithecus)။ ဤအမျိုးအစား ပရိုင်းမိတ်ကို အမ်ဖီပီသီးကပ်မိုးကောင်းဂျန်းစစ် မျိုးစိတ်နှင့် အမ်ဖီပီသီးကပ် ဗဟင်းနန်းစစ်မျိုးစိတ်ဟူ၍ မျိုးစိတ် (၂)မျိုးအဖြစ်တွေ့ရှိရပါသည်။

(က) **အမ်ဖီပီသီးကပ်မိုးကောင်းဂျန်းစစ် (Amphipithecus mogaungensis)**။ ၄င်းအမျိုးအစား ပရိုင်းမိတ်ရုပ်ကြွင်းများကို ၁၉၂၃ ခုနှစ်တွင် ဒေါက်တာဘာနမ် ဘရောင်းဆိုသူက ပုလဲမြို့နယ်၊ မိုးကောင်းကျေးရွာအနီးတွင်တွေ့ရှိခဲ့သည်။ တွေ့ရှိရသော ရုပ်ကြွင်းမှာ ဘယ်ဘက်အောက် မေးရိုးအပိုင်းဖြစ်၍အံသွားအမှတ်–၁၊ ရှေ့အံသွားအမှတ်–၄၊ ရှေ့အံသွား အမှတ်– ၃၊ ရှေ့အံသွားအမှတ်–၂၏ အမြစ်နှင့် စွယ်သွား၏ အမြစ်များပါရှိကြသည်။၄င်းကို ၁၉၃၇ခုနှစ်တွင် အက်ဒွင်ကိုးလ်ဘတ်(Edwin Colbert) က လေ့လာပြီး အမ်ဖီပီသီးကပ်မိုးကောင်းဂျန်းစစ်ဟု အမည်ပေးခဲ့ပါသည်။ ၄င်းအမျိုးအစား ပရိုင်းမိတ်ရုပ်ကြွင်းကို ၁၉၇၈ ခုနှစ်၊ ဗြိုလတွင် မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနမှ ဦးဘမော်နှင့် ဘူမိဗေဒကွင်းဆင်းအဖွဲ့က ပုလဲမြို့နယ် မိုးကောင်းရွာအနီးဦပင်ဘယ်ဘက်အောက်မေးရိုးအပိုင်းကို တွေ့ရှိခဲ့ရာ အံသွားအမှတ် – ၁ နှင့်အမှတ် – ၂ တ

ရုပ်ကြွင်းများကို မြို့ငမြို့နယ်ရှိ ဗဟင်းကျေးရွာအနီးအနားတွင် တွေ့ရသည်။

(စ) **နို့တိုက်သတ္တဝါအသေးစားများ (Small mammals)**။ ၄င်းတို့၏ ရုပ်ကြွင်းများကို အောက်မေးရိုးနှင့် အံသွားများ၊ အပေါ် မေးရိုးနှင့် အံသွားများအဖြစ် တွေ့ရှိ ကြရသည်။ သွားအမျိုးအစားမှာ သွား၏ အမြစ်က သွား၏ကိုယ် ထည်ထက်ပို၍ ရှည်၍ သွား၏ကြိတ်ဝါးသောမျက်နှာပြင်ရှိဖုလုံးများသည် လခြမ်းပုံသဏ္ဌာန်ရှိသည်။ အပေါ်အံသွားများသည် လေးထောင့်စပ်စပ်ပုံသဏ္ဌာန်ရှိကြ၍အောက်အံသွား များမှာ ဖြောက်ကျဉ်းပြီး ရှည်သွယ်သော အနေ အထားရှိသည်။ ၄င်းတို့၏ အရွယ်အစားမှာပရိုင်းမိတ်၏အရွယ်ပမာဏခန့်ရှိသည်။ ၄င်းတို့၏ ရုပ်ကြွင်းများကို ပုလဲမြို့နယ်ရှိ မိုးကောင်း ကျေးရွာနှင့် မြို့ငမြို့နယ်ရှိ ဗဟင်းကျေးရွာများအနီး ကျစ်ချောင်များတွင် တွေ့ရှိရသည်။

(ဆ) **ဆင်အုပ်စုများ (Proboscideans)**။ ၄င်းတို့ကို ပုံတောင်ကျောက်လွှာများထဲမှ တွေ့ရှိရခြင်းမဟုတ်ပါ။ ပုံတောင် ကျောက်လွှာများအပေါ်တွင် အချို့သော နေရာများ၌ ဧရာဝတီကျောက်လွှာများ ဖုံးအုပ်နေကြသည်ဖြစ်ရာ ၄င်းတို့အထဲမှ တွေ့ရှိရခြင်း ဖြစ်ပါသည်။ ဧရာဝတီ ကျောက်လွှာများ သည် လွန်ခဲ့သည့် နှစ် (၅) သန်းမှ (၁) သန်းခန့်အတွင်းက ဖြစ်တည်ခဲ့သော ကျောက်လွှာများဖြစ် ၍ယခု တွေ့ရှိရသော ဆင်များ၏ သက်တမ်းသည် လည်း နှစ်(၅) သန်းမှ (၁) သန်းခန့် အတွင်းက ဖြစ်ပါသည်။ စတီဂိုဒွန် (Stegodon) ဆင်အမျိုးအစားများ ဖြစ်ကြ၍ ယခုအချိန်တွင် ပျောက်ကွယ်ကုန်ကြပြီ ဖြစ်ပါသည်။ ၄င်းတို့၏ ကျောက် ဖြစ်ရုပ်ကြွင်းများကို မြို့ငမြို့နယ်၊ ချောင်းဆုံရွာအနီးတွင် လည်းကောင်း၊ အုတ်ဖိုရွာအနီးတွင်လည်းကောင်း တွေ့ရှိကြရသည်။

ပါဝင်သည်။ ၁၉၉၇ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့တွင် ပုံတောင်ဒေသကျောက်ဖြစ် ရုပ်ကြွင်းရှာဖွေလေ့လာရေးအဖွဲ့မှ ပုလဲမြို့နယ်၊ မိုးကောင်းကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာရှိ ဒေသအခေါ်သဲတောင်ကျစ်ချောင်နေရာတွင် ရှာဖွေကြရာ ကူညီရှာဖွေပေးသူ မိုးကောင်းရွာသား ဦးမောင်ဝင်းမှ အမ်ဖီပီသီးကပ်မိုးကောင်းကျန်းစစ်၏ ဘယ်ဘက်အောက်မေးရိုးအပိုင်းအစကိုတွေ့ရှိသည်။ ၄င်းတွင် အံသွားအမှတ်- ၁ နှင့် အံသွားအမှတ်-၂ တို့ ပါရှိကြသည်။

(ခ) **အမ်ဖီပီသီးကပ်ဗဟင်းနန်းစစ် (Amphipithecus bahinensis)**။ ၁၉၉၇ ခုနှစ်၊ ဧပြီလ (၁၃) ရက်နေ့တွင် ပုံတောင်ဒေသကျောက်ဖြစ် ရုပ်ကြွင်းရှာဖွေလေ့လာရေးအဖွဲ့မှပင် မြို့ငြိမ့်နယ်၊ ဗဟင်းကျေးရွာ၏ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိသော ဒေသအခေါ်ယာရှည်ကျစ်ချောင်နေရာမှ အမ်ဖီပီသီးကပ်၏ ဘယ်ညာအောက်မေးရိုး တစ်စုံကို တွေ့ရှိရသည်။ စတင်တွေ့ရှိသူမှာ အဖွဲ့နှင့်အတူ ကူညီရှာဖွေပေးသော ဗဟင်းကျေးရွာ အုပ်စု၊ ကျေးရွာ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့. ဥက္ကဋ္ဌ ဦးပေါညွန့်ဖြစ်၍ ၄င်းက ညာဘက် အောက်မေးရိုးအပိုင်းအစကို တွေ့ရှိရာ အံသွားအမှတ်- ၁၊ အံသွားအမှတ်- ၂၊ ရှေ့အံသွားအမှတ်- ၄၊ ရှေ့အံသွားအမှတ်- ၃ ၏ အမြစ်၊ ရှေ့အံသွားအမှတ် - ၂ ၏ အမြစ် နှင့် စွယ်သွား၏အမြစ်တို့ ပါဝင်ကြသည်။ ရှာဖွေရေးအဖွဲ့မှ ထိုနေရာတစ်ဝိုက်ကို ဝိုင်း၍ ရှာဖွေကြရာ ဦးအောင်နိုင်စိုးက အံသွားအမှတ်-၃ ပါရှိသော ညာဘက် အောက်မေးရိုးကို တွေ့ရှိပြီး ဦးပေါညွန့် တွေ့ရှိသော အပိုင်းနှင့် ဆက်ကြည့်ရာ တစ်ဆက်တည်း ဖြစ်သွားကာ ပြည့်စုံသော ညာဘက်အောက် မေးရိုးကို ရရှိသည်။ ၄င်းနေရာမှပင် လုံခြုံရေးတာဝန်ထမ်း ဆောင်ရန်လိုက်ပါ လာသော အမှတ် (၂၅၂) ခြေလျင်တပ်ရင်းမှ ဒုတိယတပ်ကြပ်အုန်းလိုင်နှင့် စစ်မဟာဗျူဟာလေ့လာရေးရုံးမှ ဗိုလ်ကြီးဘိုဘိုတို့က ဘယ်ဘက်အောက်မေးရိုးကို ဆက်လက်တွေ့ရှိသည်။ ၄င်းတွင် အံသွားအမှတ် -၃၊ အံသွားအမှတ်-၂၊ အံသွားအမှတ်-၁၊ ရှေ့အံသွားအမှတ်-၄၊ ရှေ့အံသွားအမှတ်-၃၊ ရှေ့အံသွားအမှတ်-၂၊ ရှေ့အံသွားအမှတ်-၂ ၏ အမြစ်နှင့် စွယ်သွား၏ အမြစ်တို့ပါရှိကြသည်။ ယူဆရသည်မှာ အမ်ဖီပီသီးကပ်ဗဟင်းနန်းစစ်သည် အဆင့်နိမ့်မှ အဆင့်မြင့်သို့ ကူးပြောင်းနေဆဲ ပရိုင်းမိတ် သို့မဟုတ် အစောဆုံးသော ကာတာရီနီ ပရိုင်းမိတ် ဖြစ်နိုင်ဖွယ်ရှိကြောင်း ယူဆရပါသည်။

ပုံတောင်ကျိုးယား (Pondaungia)။ ပုံတောင်ကျိုးယား ပရိုင်းမိတ်ရုပ်ကြွင်းကို ၁၉၁၄ ခုနှစ်တွင် ကျိုဒီပီကော်တာ (G de P Cotter) က မြို့ငြိမ့်နယ်၊ ဖန်းကန်ရွာအနီးတွင် စတင်တွေ့ရှိခဲ့သည်။ ၄င်းကို ၁၉၂၇ ခုနှစ်တွင် ဒေါက်တာပီးလ်ဂရင်း (Dr. Pilgrim) က စာတမ်းရေးသား၍ပုံတောင် ကျိုးယားကော်တာရိုင်း (Pondaungia cotteri)ဟုအမည်ပေးခဲ့ပါသည်။ တွေ့ရှိရသော ရုပ်ကြွင်းမှာ အံသွားအမှတ်-၂ နှင့် အမှတ်-၃ ပါရှိသော ဘယ်ဘက်အောက်မေးရိုးပိုင်းစ၊ အံသွားအမှတ်-၃ ပါရှိသော ညာဘက်အောက်မေးရိုးပိုင်းစနှင့် အံသွားအမှတ်- ၁နှင့် အမှတ်-၂ ပါရှိသော ဘယ်ဘက်အောက်မေးရိုး ပိုင်းစတို့ ဖြစ်ကြပါသည်။ ၄င်းအမျိုးအစား ပရိုင်းမိတ်ရုပ်ကြွင်းများကို ၁၉၇၈ ခုနှစ်၊ ဧပြီလတွင် မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနမှ ကထိက ဆရာဦးဘမော်နှင့် ဘူမိဗေဒ ကွင်းဆင်းအဖွဲ့က ပုလဲမြို့နယ်၊ မိုးကောင်းကျေးရွာအနီးတွင် ထပ်မံတွေ့ရှိပါသည်။ တွေ့ရှိရသောရုပ်ကြွင်းမှာ အံသွား အမှတ်-၂ နှင့် အမှတ်-၃ ပါရှိသော ညာဘက်အောက်မေးရိုး ပိုင်းစတို့ ဖြစ်ကြပါသည်။ ၄င်းအမျိုးအစား ပရိုင်းမိတ်ရုပ်ကြွင်းများကို

ဖြစ်သည်။ ၁၉၇၈ ခုနှစ်၊ စက်တင်ဘာ လတွင် မန္တလေး တက္ကသိုလ် ဘူမိဗေဒဌာနမှ ကထိဆရာ ဦးသော်တင့်၊ ဦးလှဝေ၊ ဦးအေးကိုအောင် တို့ပါဝင်သော အဖွဲ့က ပုံတောင်ကျိုးယားကော်တာရိုင်း၏ မေးရိုးရုပ်ကြွင်းကို ပုလဲမြို့နယ်၊ မိုးကောင်းကျေးရွာအနီးတွင် ထပ်မံတွေ့ရှိရပြန်သည်။ တွေ့ရှိရသောရုပ်ကြွင်းမှာ အံသွားအမှတ်-၂ နှင့် အမှတ်-၃ ပါရှိသော ဘယ်ဘက်အောက်မေးရိုးပိုင်းစဖြစ်သည်။ ၁၉၉၇ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့တွင် ပုံတောင်ဒေသကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့သည် ပုလဲမြို့နယ်၊ မိုးကောင်းကျေးရွာအနီးတွင် အံသွားအမှတ်- ၂ နှင့် အမှတ်- ၃ ပါရှိသော ပုံတောင်ကျိုးယားကော်တာရိုင်း၏ ညာဘက်အောက်မေးရိုးကို တွေ့ရှိရသည်။ တွေ့ရှိသူမှာ ဒေါက်တာ တင်သိန်းဖြစ်ပါသည်။

ကျောရိုးမဲ့သတ္တဝါ ကျောက်ဖြစ်ရုပ်ကြွင်းများ
(INVERTEBRATE FOSSILS)

ခရုကျောက်ဖြစ်ရုပ်ကြွင်းများ (Fossil Gastropods)။ ကျောရိုးမဲ့သတ္တဝါ ကျောက်ဖြစ်ရုပ်ကြွင်းများဖြစ်သော ခရုများကို ပုလဲနှင့် မြိုင်မြို့နယ် နှစ်ခုစလုံးတွင် ပေါ်ထွက်နေသော ပုံတောင်ကျောက်လွှာစု၏ အပေါ်ပိုင်းမှ သဲဆန်ရွှံ့မြေစေး ကျောက်များအတွင်းတွင် တွေ့ရှိရသည်။ ပုလဲမြို့နယ်တွင် မိုးကောင်းကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့် အကွာရှိ သံတောင်ကျစ်ချောင်၏ တောင်ဘက်ပိုင်း ရွှံ့မြေသားတောင်မှ တွေ့ရှိရသည်။ ၄င်းမှ အင်္ဂါအစိတ်အပိုင်းပြည့်စုံသော ရုပ်ကြွင်း (၆) ခုနှင့် အခြားပိုင်းစများစွာတို့ကို ရှာဖွေကောက်ယူစုဆောင်းနိုင်ခဲ့သည်။ မြိုင်မြို့နယ်အတွင်းမှလည်း ဆင်စွယ်ကျေးရွာ၏ အရှေ့ဘက် တစ်မိုင်ခွဲခန့်အကွာရှိ ကျစ်ချောင်တစ်ခုမှ ခရုရုပ်ကြွင်းနှစ်ခုကို တွေ့ရှိရသည်။ တွေ့ရှိရသောရုပ်ကြွင်းများမှာ ကုန်းတွင်းပိုင်း အင်းအိုင်များတွင် တွေ့ရလေ့ရှိသော ခရုအမျိုးအစားများဖြစ်သည်။ ဤခရု ကျောက်ဖြစ်ရုပ်ကြွင်းများကို ပုံတောင်ကျောက်လွှာစု၏ အပေါ်ပိုင်းကုန်းတွင်းပိုင်း အင်းအိုင်အနည်ကျကျောက်များအတွင်းမှ ယခုတွေ့ရခြင်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး တွေ့ရှိချက်ဖြစ်ပါသည်။

သတ္တဝါတို့၏ မစင်ကျောက်ဖြစ်ရုပ်ကြွင်းများ (FOSSIL EXCRETUS)

ပုံတောင်ဒေသတွင် နို့တိုက်သတ္တဝါတို့၏ အရိုးများ၊ သွားများစသော ကျောက်ဖြစ် ရုပ်ကြွင်းများနှင့်အတူ သတ္တဝါတို့ စွန့်ပစ်ထားကြသော မစင်တုံးများ ကိုလည်း ကျောက်ဖြစ် ရုပ်ကြွင်းများအဖြစ် တွေ့ရှိကြရပါသည်။ ၄င်းတို့သည် မကျောကျစ်လျစ်နေပြီး ပုံသဏ္ဌာန် အမျိုးမျိုး ဖြစ်ပေါ်နေကြသည်။ အရွယ်အစား အမျိုးမျိုး တွေ့ရှိကြရသောကြောင့် နို့တိုက်သတ္တဝါအရွယ် အမျိုးမျိုးတို့က စွန့်ပစ်ခဲ့ကြကြောင်း သိရှိကြရသည်။ ၄င်းတို့၏ အရွယ်များအရ ကြံ့တို့၏ မစင်ရုပ်ကြွင်းမှသည် ယုန်၏ အရွယ်ပမာဏရှိသော နို့တိုက်သတ္တဝါငယ်လေးများ၏ မစင်ရုပ်ကြွင်းများအထိ ပါဝင်ကြောင်း သိရှိရပါသည်။ ၄င်းတို့ ဖြစ်ပေါ်လာပုံမှာ သတ္တဝါတို့ စွန့်ပစ်ထားသော မစင်တုံးများပေါ်သို့ ရေစီးဖြင့် သယ်ဆောင်လာသည့် အနည်များကဖုံးအုပ်သွားကြပြီး အဆိုပါအနည်များသည် ကာလ ကြာမြင့်သည်နှင့်အမျှ မကျောကျစ်လျစ်သွားရာ ၄င်းတို့၏ အောက်မှ မစင်တုံးများသည်လည်း အပူနှင့်ဖိအားကြောင့် မကျောကျစ်လျစ်၍ ကျောက်အဖြစ်သို့ ရောက်ရှိသွားကြခြင်း ဖြစ်ပါသည်။

သစ်ရွက်ကျောက်ဖြစ်ရုပ်ကြွင်းများ (LEAF FOSSILS)

သစ်ရွက်ကျောက်ဖြစ် ရုပ်ကြွင်းများသည် သံအောက်ဆိုက်ကြွယ်ဝသော (Ferruginous Mudstones) ပုံတောင်ရွှံ့ကျောက်လွှာများတွင် တွေ့ရှိကြရသည်။ ၄င်းတို့ ဖြစ်ပေါ်လာပုံမှာ သစ်ပင်မှအရွက်များသည် ပုံတောင်ရွှံ့ကျောက်လွှာများအနည်ထိုင်ဖြစ်ပေါ်နေစဉ်တွင် ကြွေကျ၍ ဖြစ်စေ၊ အပင်များလဲပြို၍ ရွှံ့များဖုံးအုပ်သွားသောကြောင့်ဖြစ်စေ ပုံတောင်ရွှံ့လွှာများ အတွင်းသို့ ရောက်ရှိနေကြသည်။ အဆိုပါရွှံ့ကျောက်များသည် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ အပူနှင့် ဖိအားကြောင့် မကျောသော ရွှံ့ကျောက်များအဖြစ်သို့ပြောင်းလဲလာသော

အခါ သစ်ရွက်သည် ကာဗွန်အသွင်သို့ ကူးပြောင်း၍ ကျောက်သား၊တွင် ကပ်နေခြင်းဖြစ်ပါသည်။ တွေ့ရှိရသော နေရာများမှာ မြိုင်မြို့နယ်၊ ဗဟင်းကျေးရွာ၏ အနောက်မြောက်ဘက် ငါးဖာလုံခန့် အကွာနေရာတွင် ဖြစ်သည်။

သစ်သီးကျောက်ဖြစ်ရုပ်ကြွင်းများ

သစ်သီးကျောက်ဖြစ်ရုပ်ကြွင်းများအနေဖြင့် အပွင့်ဆောင်အပင်မျိုးနွယ်တို့၏ သစ်သီးရုပ်ကြွင်းများကို တွေ့ရှိကြရပြီး ကျောက်ဖြစ်ရုပ်ကြွင်း အခြေအနေ၌ ပုံပျက်နေသည်။ ၄င်းတို့၏ရုပ်ကြွင်းများကို ပုလဲမြို့နယ်၊ မိုးကောင်းကျေးရွာအနီး လယ်မကျစ်ချောင်နေရာတွင် တွေ့ရှိကြရသည်။

သစ်စေ့ကျောက်ဖြစ်ရုပ်ကြွင်း

သစ်စေ့ကျောက်ဖြစ်ရုပ်ကြွင်းများသည်လည်း အပွင့်ဆောင်အပင်မျိုးနွယ်တို့၏ သစ်သီးမှ အစေ့များဖြစ်ကြပြီး ကျောက်ဖြစ်ရုပ်ကြွင်း အခြေအနေ၌ ပုံစံမပျက်တွေ့ရှိကြရသည်။ ၄င်းတို့ကို ပုလဲမြို့နယ်၊ မိုးကောင်းကျေးရွာအနီး လယ်မကျစ်ချောင်နေရာတွင် တွေ့ရှိကြရသည်။

နိဂုံး

ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့သည် ၁၉၉၇ ခုနှစ်၊ မတ်လ (၉) ရက်နေ့မှ စပြီလ (၂၁) ရက်နေ့အထိ ရှာဖွေရေးလုပ်ငန်းများကို ရက်သတ္တပတ် (၆) ပတ် ဆောင်ရွက်ခဲ့ရာ အချိန်တိုကာလအတွင်း ကျောက်ဖြစ်ရုပ်ကြွင်းများစွာကို ရှာဖွေစုဆောင်းနိုင်ခဲ့ပါသည်။ ယခင်ကမတွေ့ရှိခဲ့ဖူးသော ခရုကျောက်ဖြစ်ရုပ်ကြွင်းများ၊ သစ်ရွက်၊ သစ်သီး ၊သစ်စေ့ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ကျောရိုးရှိနို့တိုက်သတ္တဝါတို့၏ ကျောက်ဖြစ် ရုပ်ကြွင်းများကိုလည်း ရှာဖွေစုဆောင်းပေးနိုင်ခဲ့ပါသည်။


ပရိုင်းမိတ် ကျောက်ဖြစ် ရုပ်ကြွင်းများအပြင် အခြားသောရုပ်ကြွင်းများ၊ နို့တိုက်သတ္တဝါများနှင့် သစ်ရွက်ကျောက်ဖြစ်ရုပ်ကြွင်းများ စသည်တို့မှာလည်း ဘူမိဗေဒပညာရပ်ကို လေ့လာကြသော ကျောင်းသားကျောင်းသူများနှင့် ပညာရှင်များအတွက် အလွန်ရှားပါးတန်ဖိုးရှိသော ကျောက်ဖြစ် ရုပ်ကြွင်းများ ဖြစ်သည့်အပြင် အပြည်ပြည်ဆိုင်ရာမှ ဘူမိဗေဒပညာရှင်များကလည်း ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်းများကို အထူးစိတ်ဝင်စားလျက်ရှိပါသည်။ အမေရိကန်ဘူမိဗေဒပညာရှင်များသည် ၁၉၇၂ ခုနှစ်မှစ၍ ၁၉၇၉ ခုနှစ်အထိ မိုးကောင်းကျေးရွာသို့ အကြိမ်ကြိမ် သွားရောက်ခဲ့ကြဖူးပါသည်။ နောက်ပိုင်းတွင်လည်း အကြိမ်ကြိမ် ဝင်ရောက်ရန် ကြိုးစားခဲ့ကြဖူးပါသည်။

ပုလဲမြို့နယ်နှင့် မြိုင်မြို့နယ်အတွင်း ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေတွေ့ရှိနိုင်သော ဧရိယာအတွင်းသို့ စနစ်တစ်ကျဖွဲ့စည်းထားသည့် ကွင်းဆင်းလေ့လာရေးအဖွဲ့များကိုသာ ဝင်ခွင့်ပြုပြီး ပြည်တွင်း၊ ပြည်ပမှ တရားဝင် အဖွဲ့များ၊ လူပုဂ္ဂိုလ်များ ဝင်ရောက်ရှာဖွေမှုကိုတားမြစ်ကန့်သတ်မှုများ ပြုလုပ်သင့်ပါသည်။ နိုင်ငံခြားပညာရှင်များ၊ စိတ်ဝင်စားသူများ၊ ကမ္ဘာလှည့်ခရီးသည်များအတွက် ဆွဲဆောင်မှုရှိသော ဧရိယာအဖြစ် အသုံးပြုမည် ဆိုပါကလည်း ဆက်သွယ် သွားလာရေးစနစ်များ၊ စည်းကမ်း သတ်မှတ်ချက်များနှင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ပြီးမှ ဆောင်ရွက်သင့်ပါသည်။

အာရှတိုက်ရှိ နိုင်ငံ အတော်များများတွင် ကျောက်ဖြစ်ရုပ်ကြွင်း လေ့လာရေးလုပ်ငန်းများ စဉ်ဆက်မပြတ် သုတေသနပြုလုပ်လျက်ရှိပါသည်။ သို့သော်လည်း နှစ်ပေါင်းသန်း (၄၀) သက်တမ်းရှိသည့်ကာလက အဆင့်မြင့်ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိနိုင်သည့် နေရာမှာ မြန်မာနိုင်ငံမှ ပုံတောင်ဒေသသာ ဖြစ်ကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ ကမ္ဘာအရပ်ရပ်က ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များသည် ပုံတောင်ဒေသကို အထူး စိတ်ဝင်စားလျက်ရှိကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

ဗိုလ်မှူးကြီး သန်းထွန်း
အဖွဲ့ခေါင်းဆောင်
ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်း
ရှာဖွေ လေ့လာရေးအဖွဲ့








YADANA-WP2

ရတနာစာတ်ငွေ့ ရာဖွေတူးဖော် ထုတ်လုပ်ရေး စီမံကိန်း

နိဒါန်း

ယနေ့ကမ္ဘာကြီးတွင်လိုအပ်သောစွမ်းအင်များဖော်ထုတ်သုံးစွဲရာ၌ ရှုကလီးယားစွမ်းအင်၊ ရေစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ လေစွမ်းအင်၊ ကျောက်မီးသွေးရေနံနှင့် သဘာဝဓာတ်ငွေ့စွမ်းအင်အမျိုးမျိုး ရယူသုံးစွဲလျက်ရှိသည့်အနက် ရေနံနှင့် သဘာဝဓာတ်ငွေ့စွမ်းအင်သည် အတွင်ကျယ်ဆုံး အသုံးပြုနေသည့် စွမ်းအင် အရင်းအမြစ်များဖြစ်သည်။

မြန်မာနိုင်ငံသည်လည်း မြေအောက်၊ ရေအောက် သဘာဝစွမ်းအင် အရင်းအမြစ်များ ပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ အဓိကထုတ်လုပ်ကြသောကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းရပ်တည်နိုင်မည့် စွမ်းအင်စီမံကိန်းကြီးတစ်ရပ်ကို အကောင်အထည် ဖော်လျက်ရှိရာ ၁၉၉၈ ခုနှစ်နှစ်လယ်ပိုင်းလောက်တွင် ပြည်ပစျေးကွက်သို့ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်သည်။

ပြည်ပစျေးကွက်သို့ နှစ်ရှည်တင်ပို့ ရောင်းချနိုင်လောက်အောင် ထုတ်လုပ်မှု စွမ်းပကားကြီးမားသည့် မြန်မာနိုင်ငံ၏ စွမ်းအင်စီမံကိန်းမှာ မြန်မာနိုင်ငံ မုတ္တမပင်လယ်ကွေ့ ကမ်းလွန်ပင်လယ်ပြင်မှ "ရတနာဓာတ်ငွေ့" လုပ်ငန်းခွဲ ကမ်းလွန်သဘာဝဓာတ်ငွေ့ ရာဖွေတူးဖော်ထုတ်လုပ်ရေးစီမံကိန်းပင်ဖြစ်သည်။ ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းသည် မြန်မာနိုင်ငံ၏ စွမ်းအင်ထုတ်လုပ်မှုသမိုင်းတွင် အကြီးကျယ်ဆုံး စွမ်းအင်စီမံကိန်းဖြစ်သကဲ့သို့ နိုင်ငံခြားကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံငွေ အများဆုံး ကျခံသုံးစွဲသည့် စီမံကိန်းကြီးတစ်ရပ်လည်း ဖြစ်ပေသည်။


စီမံကိန်းအစ

ရတနာဓာတ်ငွေ့ ရာဖွေတူးဖော်ရေးစီမံကိန်းအတွက် မြန်မာနိုင်ငံနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှုစာချုပ်ဦးစွာချုပ်ဆိုသည့် တိုတယ်ကုမ္ပဏီသည် ကမ္ဘာအနံ့အပြားရှိ နိုင်ငံများနှင့် ပူးပေါင်း၍ ရေနံနှင့် ဓာတ်ငွေ့ရာဖွေဖော်ထုတ်ခြင်းလုပ်ငန်းကို နှစ်ပေါင်းများစွာကပင် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့သည်။ ပြည်တွင်း၊ ပြည်ပစျေးကွက်များသို့ ဓာတ်ငွေ့ပေးသွင်းမည့် "ရတနာစီမံကိန်း" သည် ဤသို့သော ပူးပေါင်းဆောင်ရွက်မှု၏ သာဓကတစ်ရပ်ဖြစ်သည်။ ကမ္ဘာ့အဆင့်မီ စွမ်းအင်မူလရင်းမြစ်ဖြစ်သည့် ရတနာဓာတ်ငွေ့သိုက်သည် မြန်မာ့ကမ်းလွန်ပင်လယ်ပြင် ကပွလီပင်လယ်အတွင်း၌ တည်ရှိသည်။

ဤရတနာဓာတ်ငွေ့သိုက်ကို ၁၉၈၀ ခုနှစ်များအတွင်းကပင် ရာဖွေတွေ့ရှိခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် စျေးကွက်အလားအလာက ကောင်းမွန်လာခဲ့သည်။ ထိုအချိန်တွင် တိုကယ်ကုမ္ပဏီသည် မြန်မာနိုင်ငံပိုင် ရေနံကုမ္ပဏီဖြစ်သည့် "မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း" နှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှုစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။ ထို့နောက် အမေရိကန် ကုမ္ပဏီတစ်ခုဖြစ်သည့် ယူနိုကယ်ကုမ္ပဏီက အစုဝင်အဖြစ် ပါဝင်လာခဲ့သည်။ တစ်ဖန် ထိုင်းနိုင်ငံအစိုးရပိုင်ဖြစ်သည့် ပီတီတီရေနံရာဖွေထုတ်လုပ်ရေးကုမ္ပဏီလည်း ပါဝင်လာသည်။ ၁၉၉၅ ခုနှစ် နောက်ပိုင်းတွင် "မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း" သည်လည်း အစုဝင်အဖြစ် ပါဝင်လာခဲ့သည်။

ဤစီမံကိန်းတွင် တိုတယ်က ၃၁ ဒသမ ၂၄ ရာခိုင်နှုန်း၊ ယူနိုကယ်က ၂၈ ဒသမ ၂၆ ရာခိုင်နှုန်း၊ ပီတီတီရေနံရာဖွေထုတ်လုပ်ရေးကုမ္ပဏီက ၂၅ ဒသမ ၅ ရာခိုင်နှုန်းနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကုမ္ပဏီက ၁၅ ဒသမ ၀ ရာခိုင်နှုန်း အသီးသီး အစုစပ်ပါဝင်ကြသည်။

ဤဓာတ်ငွေ့ ဖော်ထုတ်ရေးလုပ်ငန်းတွင် အကျုံးဝင်သော စက်မှုပိုင်းဆိုင်ရာ လုပ်ငန်းများ၊ လမ်းပန်းအဆောက်အအုံ ဖောက်လုပ်တည်ဆောက်မှု လုပ်ငန်းများနှင့် နောင်တွင်ဖြစ်ပေါ်လာမည့် ပြည်ပပို့ပိုက်လိုင်းများ



ရတနာကမ်းလွန် သဘာဝတောင်ကွေ့ထုတ်လုပ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့သွယ်တန်းတည်ဆောက်ထားသည့် တောင်ကွေ့ပိုက်လိုင်းမြေပုံကားချပ်

အပါအဝင် လုပ်ငန်းဆောင်ရွက်မှု ကိစ္စအဝဝကို တိုတယ်ကုမ္ပဏီ၏ လုပ်ငန်းခွဲဖြစ်သည့် " တိုတယ်မြန်မာ ရေနံရှာဖွေရေးနှင့် ထုတ်လုပ်ရေးကုမ္ပဏီ"က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ရတနာ၏ အလားအလာ

ရတနာတောင်ကွေ့ တူးဖော် ထုတ်လုပ်ရေးတွင် လုပ်ငန်းပိုင်း သုံးရပ်ပါဝင်သည်။ ပထမလုပ်ငန်းပိုင်းမှာ ကမ်းလွန်လုပ်ငန်းဆိုင်ရာ အခြေခံလိုအပ်ချက်များ၊ တောင်ကွေ့ပိုက်လိုင်းများနှင့် ကုန်ပိုင်းလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဖြစ်ပြီး ဒုတိယနှင့် တတိယအပိုင်းများမှာမူ လုပ်ငန်းစပြီးနောက် ခုနစ်နှစ်နှင့် ၁၂ နှစ်အကြာတွင် ကမ်းလွန်ဖိအားမြှင့်လုပ်ငန်း စင်မြင့်များထပ်မံဖြည့်စွက် ဆောက်လုပ်ခြင်းဖြစ်သည်။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက် နေ့တွင် တောင်ကွေ့စတင်ပို့လွှတ်မည်ဖြစ်ပြီး နောင်နှစ်ပေါင်း ၃၀ အထိ ဆက်လက်ထုတ်လုပ် ပို့လွှတ်သွားနိုင်မည်ဟု ခန့်မှန်းထားသည်။

ဤတောင်ကွေ့သိုက်သည် မြန်မာပြည် မြစ်ဝကျွန်းပေါ်ကမ်းခြေတောင်ဘက် ကီလိုမီတာ ၇၀ (ရန်ကုန်မြို့မှ ကီလိုမီတာ ၂၄၀ ခန့်) နှင့် မြန်မာပြည်တောင်ပိုင်းနှင့် ထိုင်းနိုင်ငံနယ်စပ်မှ အနောက်ဘက် ၄၀၉ ကီလိုမီတာအကွာ ကပွလီပင်လယ်ပြင်အတွင်းရှိ လုပ်ကွက်အမှတ် " အမ် ၅" နှင့် "အမ် ၆ "တို့အတွင်း တည်ရှိသည်။

တောင်ကွေ့သိုက်အတွင်း၌ရှိသော တောင်ကွေ့ပမာဏသည် ကုဗပေ သန်းပေါင်း ၈၊သန်း (ကုဗမီတာ သန်းထောင်ပေါင်း ၁၄၀) ရှိမည်ဟု ခန့်မှန်းရသဖြင့် "ရတနာ" သည် အလား အလာ အလွန်ကောင်းသော အလွန်ကြီးမားသည့် တောင်ကွေ့ သိုက်ကြီးပင် ဖြစ်သည်။ မြန်မာနိုင်ငံသည် တောင်ကွေ့ လိုအပ်မှု ရှိပင်ရှိငြားသော်လည်း ဤမျှကြီးမားသည့် တောင်ကွေ့သိုက်ကြီး၏ တောင်ကွေ့ပမာဏကိုမူ ဝယ်အား မရှိပေ။ ထိုင်းနိုင်ငံမူကား စွမ်းအင်လိုအပ်ချက်အတိုင်းအတာကြီးမားသည့်အလျောက် ဤတောင်ကွေ့သိုက်ကြီးမှ ထုတ်လုပ်နိုင်သော တောင်ကွေ့ပမာဏနှင့် ညီသည့် ဈေးကွက် ရှိသဖြင့် စီးပွားရေးလုပ်ငန်းအဖြစ် တွက်ခြေကိုက် အကောင် အထည်ဖော်နိုင်သည်။ သို့ဖြစ်၍ ရတနာတောင်ကွေ့သိုက်မှ ထုတ်လုပ်ရရှိမည့် တောင်ကွေ့သည် ပြည်တွင်းဈေးကွက် သာမက ပြည်ပဈေးကွက်သို့လည်း တင်ပို့နိုင်မည် ဖြစ်သည်။

ထိုင်းနိုင်ငံ သို့ ပိုက်လိုင်းဖြင့် တင်ပို့သော ဓာတ်ငွေ့မှာ ဗန်ကောက်မြို့ အနောက်ဘက်တွင် တည်ရှိသော ရက်ချ်ဗူရီ မြို့ရှိ ဝပ်သန်း ၂၈၀၀ ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အား ပေးစက်ရုံအတွက်ဖြစ်သည်။ ဤပိုက်လိုင်းမှ တစ်နေ့လျှင် ဓာတ်ငွေ့ ကုဗပေသန်း ၂၀၊ တစ်နှစ်လျှင် ဓာတ်ငွေ့ကုဗမီတာသန်း ၂၀၀ ကို တနင်္သာရီဒေသဖွံ့ဖြိုးရေးအတွက် အခမဲ့ပို့ပေးမည်ဖြစ်သည်။ ပြည်တွင်းဓာတ်ငွေ့ပိုက်လိုင်းအတွက်ကိုမူ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက တာဝန်ယူပြီး ရန်ကုန်မြို့တော် အနီးရှိ စွမ်းအားမြင့် ဓာတ်ငွေ့တာဘိုင် လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ဓာတ်ငွေ့ပေးပို့သွားမည်ဖြစ်သည်။

ဓာတ်ငွေ့ရောင်းချခြင်းမှ ရရှိသည့်ငွေကို မြန်မာအစိုးရသို့ ပေးသွင်းရန်နှင့် ပတ်သက်၍ ပထမပိုင်းတွင် ငွေသားဖြင့် ပေးသွင်းမည့်အစား အမျာအားဖြင့် ဓာတ်ငွေ့အခမဲ့ပေးသွင်းမှုပုံစံဖြင့် ပေးချေမည်ဖြစ်သည်။


ကမ်းလွန်အဆောက်အအုံများ

ကမ်းလွန်ပင်လယ်ပြင် ဓာတ်ငွေ့လုပ်ကွက်တွင် ဓာတ်ငွေ့တွင်းထိပ် စင်မြင့်နှစ်ခုရှိသည်။ ထုတ်လုပ်ရေးစင်မြင့်တစ်ခုနှင့် လူနေစင်မြင့်တစ်ခု ပါဝင်သည်။

တွင်းထိပ်စင်မြင့်နှစ်ခုမှာ တစ်ခုနှင့် တစ်ခု ၃ ဒသမ၅ ကီလိုမီတာအကွာအဝေးရှိ တွင်းတစ်ခုစီမှ ထွက်လာသော ဓာတ်ငွေ့ပမာဏကို တိုင်းတာရန် ခွဲခြားစစ်ဆေးနိုင်သည့် ကိရိယာတစ်ခုစီရှိသော ထိုစင်မြင့်နှစ်ခုမှာ တစ်ခုနှင့် တစ်ခု ထပ်တူနီးပါး တူကြသည်။ ဤစင်မြင့်တို့မှ အချင်းလက်မ ၂၀ ရှိပိုက်ကြီးများဖြင့် ဓာတ်ငွေ့ကိုသယ်ယူ၍ ထုတ်လုပ်ရေးစင်မြင့်တွင် ခြောက်သွေ့စေမည်။ ထိုမှတစ်ဆင့် ပြည်တွင်းပိုက်လိုင်းဖြင့် မြန်မာပြည်တွင်းသို့လည်းကောင်း၊ ပြည်ပပို့ပိုက်လိုင်း ဖြင့် ထိုင်းနိုင်ငံသို့လည်းကောင်း ဓာတ်ငွေ့တင်ပို့ပေးမည် ဖြစ်သည်။

အထက်ဖော်ပြပါ စင်မြင့်များတွင် တာဝန်ထမ်းဆောင်ရသည့် ဝန်ထမ်းများအား ဘေးအန္တရာယ်ကင်းရှင်းစေရန် လူနေအဆောက်အအုံပါသည့် သီးခြားစင်မြင့်တွင် သီးခြားနေထိုင်ရန် စီစဉ်ထားရှိသည်။

ရတနာသဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစခန်းမှ ဓာတ်ငွေ့ထုတ်လုပ်ပုံ



ရတနာတင်ွေ. ရွာဖွေတူးဖော် ထုတ်လုပ်ရေး စီမံကိန်း



တင်ွေ.ပိုက်လိုင်: တစ်စိတ်တစ်ဒေသ

ကမ်:ခြေပေါ်သို့ တက်လာသောအချင်: ၃၆ လက်မ ရှိသည်.ပြည်ပတင်ွေ.ပို့ ပိုက်လိုင်:သည် ၆၃ ကီလိုမီတာ ရှည်လျား:သည့် အကွာအဝေ:အထိ တောက်လျှောက် မြေအောက်တွင် မြှုပ်နှံထား:မည်ဖြစ်သည်။ ပိုက်လိုင်: မြေပေါ်တတ်လာသည့်နေရာသည် မြန်မာနိုင်ငံတောင်ပိုင်း၊ တနင်္သာရီဒေသ အနောက်ဘက်ကမ်:ခြေရှိ ဓမင်:ဆိပ်ခေါ် ရေလုပ်သား:ရွာအနီ: ဖြစ်သည်။

တင်ွေ.ပိုက်လိုင်: လမ်:ကြောင်:ကို ရွေး:ချယ်ရာတွင် အလေ:ထား:စဉ်:စား:ခဲ့သည့် အခြေခံနှစ်ရပ်မှာ သဘာဝ ပတ်ဝန်:ကျင်အခြေအနေနှင့် လူမှုစီး:ပွား:ရေး:အရ ငဲ့ကွက်ထောက်ထား:သင့်သော အခြင်:အရာများ:ဖြစ်သည်။


သဘာဝပတ်ဝန်:ကျင် အခြေအနေနှင့် လူမှုစီး:ပွား:ရေး: လေ့လာမှု စစ်တမ်:နှစ်ရပ်စလုံ:ကို ဆောင်ရွက်ခဲ့ပြီ: ဖြစ်သည်။ ၁၉၉၄ ခုနှစ်၊ မေလအတွင်: ကောင်:ကင်မြေတိုင်: ခြင်:ကို ဆောင်ရွက်သည်။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလတွင် သဘာဝပတ်ဝန်:ကျင် အခြေအနေကို မြေပြင်မှ ကွင်:ဆင်:လေ့လာခြင်:ကို ဆက်လက် ဆောင်ရွက်ခဲ့သည်။ ဩစတြေး:လျ နိုင်ငံဝန်သဟာယသိပ္ပံနှင့် သုတေသန အဖွဲ့တွင် ယခင်ကပါဝင်ခဲ့သူ

ဤတင်ွေ.တွင်:များ:၌ ငွေ.ရည်ဖွဲ့.မှုမရှိခြင်:ကြောင့် လည်:ကောင်:၊ ရေနှင့်ဖျော်သော ရွှံ့ရည်ကိုသာ အသုံ:ပြုခြင်: ကြောင့် လည်:ကောင်: သဘာဝပတ်ဝန်:ကျင် ညစ်ညမ်:မှုကို သိသိသာသာ လျော့ပါ:စေသည်။

တင်ွေ.ပို့ဆောင်မှုစနစ်

တင်ွေ.များ:ကို အရှည် ၆၆၉ ကီလိုမီတာအချင်: ၃၆ လက်မရှိပိုက်လိုင်:ဖြင့် ပို့ဆောင်မည်ဖြစ်ရာ ပထမ ၄၀၉ ကီလိုမီတာအတွက် တိုတယ်ကတာဝန်ယူ ဆောင်ရွက်မည် ဖြစ်သည်။ မြန်မာ – ထိုင်:နယ်စပ်မှ ရက်ချိုဂူရိုအထိ ဖြစ်သည့် ကျန်ကီလိုမီတာ ၂၆၀ ကိုမူ တင်ွေ.ဝယ်ယူမည့် ထိုင်:နိုင်ငံ ရေနံအာဏာပိုင်လုပ်ငန်:က တာဝန်ယူသည်။ ကုန်:ပိုင်:တွင်ပိုက်လိုင်:ဗဟိုထိန်:ချုပ်ရေး:ဌာန၊ တိုင်:တာရေး: စခန်:၊ အပိတ်ဗာ:စခန်:များ:နှင့် လုပ်ငန်:အတွက် ထောက်ပံ့ ပို့ဆောင်မှု အဆောက်အအုံများ:ရှိသည်။

ရတနာဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်ရေး စီမံကိန်း



ကုန်းတွင်းပိုင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရာတွင် ကောင်းကင်ကေဗယ်ပို့ဆောင်ရေး ခေတ်မီစနစ်ကိုပါသုံးစွဲခဲ့ပုံ

"ဖရန်စစ်ခရဲ့"၊ မွန်ပဲလီယေး တက္ကသိုလ် မှ ဒေါက်တာ ကျော်ဂျေမိုက်ကလော့နှင့် သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲရေးမှ ပုဂ္ဂိုလ်များပါဝင်သည့် နိုင်ငံတကာ အတိုင်ပင်ခံအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်းပညာရှင်များအား မိမိတို့ ကိုယ်တိုင် လေ့လာသုံးသပ်ချက်များအရ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ရှုထောင့်မှ အကောင်းဆုံး ဖြစ်နိုင်မည့်လမ်း ကြောင်းကို တစ်ဦးချင်း ထောက်ပြ အကြံပြုရွေးချယ် ပေးပါရန် မေတ္တာရပ်ခံခဲ့ပါသည်။ ပညာရှင်များအကြံပြုချက် အနှစ်ချုပ်ကို သဘာဝ ပတ်ဝန်းကျင် ကနဦးလေ့လာ စစ်တမ်းတွင် ထည့်သွင်း ဖော်ပြထား ပါသည်။

ကျွမ်းကျင်ပညာရှင်များ အား လုံးက မြောက်ပိုင်း လမ်း ဟု ခေါ်တွင်သည့် လမ်းကြောင်းကို တညီတညွတ်တည်း သဘောတူရွေးချယ်ခဲ့ပါသည်။ ထိုလမ်းကြောင်းမှာ မူလ အပူပိုင်း စွတ်စိုထိုင်းမှိုင်းသည့် သဘာဝတောများကို ဖြတ်သန်းသွားခြင်း မရှိဘဲ အထူးတလည်ကွေ့ရောင်သွားသော ကြောင့် ဖြစ်သည်။ အတိုဆုံးနှင့် အနီးဆုံး ဖြစ်နိုင်သည့် လမ်းကြောင်းမှာ အရှေ့ဘက်သို့ ဦးတည်ဖောက်လုပ်သည့် လမ်းကြောင်းဖြစ်သည်။ မြောက်ပိုင်းလမ်းကြောင်းမှာမူ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ငါးသယ်ပို့ရန် အသုံးပြုခဲ့သည့် လမ်းကြောင်း ဖြစ်သဖြင့် အခြေကျပြီးဖြစ်သည့်အပြင် ဖြတ်သန်းသွားရာ လမ်းတစ်လျှောက်တွင်လည်း တောင်ယာစိုက်ပျိုးမှုအတွက် မီးရှို့ခြင်း၊ သစ်ထုတ်မှုအတွက် သစ်တောခုတ်လှဲခြင်းတို့ကြောင့် အချင်းမီတာဝက်ထက်ကြီးသော သစ်ပင်ဟူ၍ မရှိသလောက်ဖြစ်သည့် အဆင့်ကျသစ်တောများသာရှိသည်။


လမ်းကြောင်းရွေးချယ်ရာတွင် လူဦးရေထူထပ်သောဒေသများကို ဂရုပြုရှောင်ကွင်း ရွေးချယ်ခဲ့သည်။ သို့ရာတွင် ကျေးရွာနယ်နိမိတ်ကို လွန်သည့် အစွန်အဖျားနေရာများတွင် ထီးတည်းရှိသော နေအိမ်များလည်း ရှိနိုင်သေးသည်ဖြစ်ရာ မလွှဲမရှောင်သာသည့် ဖြစ်ရပ်များနှင့်ကြုံလာပါက ဒေသခံများအား လျော်ကြေးငွေပေးခြင်း အားဖြင့်ဖြစ်စေ၊ ဖြစ်နိုင်ပါက နီးစပ်သင့်တင့်ရာသို့ ပြောင်းရွှေ့ နေရာချထားပေးခြင်းဖြင့် ဖြစ်စေ၊ ပြေလည်မှုရစေမည် ဖြစ်သည်။

ထို့ကြောင့်ပင် အဆိုပြုလမ်းကြောင်းသည် အစပထမ ပိုင်းတွင် ချုံပုတ်လွှမ်းသော မည်ညာသော မြေပြင်နှင့် စိုက်ပျိုးမြေကွက်များ ကြိုးကြားညှပ်ရှိသော ဒေသကိုဖြတ်၍ ဟိန်းဇဲချောင်းကို ပင်လယ်ကမ်းခြေမှ ၁၆ ကီလိုမီတာ အကွာအဝေးတွင် ဖြတ်ကူးသည်။ ထိုမှတစ်ဆင့် ပိုက်လိုင်းသည် အရှေ့မြောက်ယွန်းယွန်းဆီသို့ ဦးတည်၍ စေးချုံပေါသော လဟာကို ဖြတ်ကျော်ပြီးနောက် အဆင့်ကျသစ်တောများ ဖုံလွှမ်းနေသော သစ်ခါးတောင်ကို ကျော်သည်။ ထိုမှတစ်ဖန် ဇင်ဘာချောင်း မြောက်ဘက်တစ်လျှောက် သွယ်တန်းပြီး နောက်ဆုံးကျန်သည့် ငါးကီလိုမီတာ အကွာအဝေးဖြစ်သည့် ပင်လယ်ပြင်အထက် မီတာ ၉၀၀ အမြင့်ရှိ ထိုင်းနိုင်ငံနတ်အိမ်တောင် နယ်ခြားစခန်းသို့ တက်သွား သည်။

နိုင်ငံတကာ လက်ခံကျင့်သုံးလျက်ရှိသော လုပ်ထုံးလုပ်နည်းများ လုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းများနှင့် တိုတယ်ကုမ္ပဏီက သတ်မှတ်ထား သော စံများနှင့်အညီ ပိုက်လိုင်းကို တည်ဆောက် အသုံးပြုသွားရန် ရည်ရွယ်ပါသည်။

ကုန်းပိုင်းလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ

ပိုက်လိုင်းထိန်းချုပ်မှု ဗဟိုဌာနကို အနောက်ဘက် ခြမ်း၌ ဟိန်းဇဲချောင်းကူးရာတစ်ဝိုက်တွင် အခြေပြုမည်။ တိုင်းတာရေးစခန်းသည် မြန်မာ – ထိုင်း နှစ်နိုင်ငံ နယ်နိမိတ်အနီး၌ တည်ရှိမည်။ ဤစခန်း နှစ်ခုစလုံးတွင် အမှုထမ်းများ အမြဲရှိနေမည်။ ထောက်ပံ့ ပို့ဆောင်ရေးကဏ္ဍအတွက် လေယာဉ်ကွင်းနှင့် သဘော်ဆိပ်တို့ ထားရှိမည်။ ထိုမှတစ်ဆင့် လုပ်ငန်းခွင်ရှိရာ နေရာများကို လိုအပ်သော ပစ္စည်းနှင့် အမှုထမ်းများကို မော်တော်ယာဉ်များဖြင့် သယ်ဆောင်ပေးသည်။ ထိုသို့အားဖြင့် တောင်နှင့် မြောက် ပြေးလျက်ရှိသော ရေး–ထား ဝယ် မီးရထားလမ်းကို အသုံးပြုရန် လိုတော့မည်မဟုတ်ပါ။ ထိုမီးရထားလမ်းသည် ဤစီမံကိန်း၏ လိုအပ်ချက်များနှင့် မကိုက်ညီသည့်အပြင်



ထိုင်းနိုင်ငံသို့ ပို့လွှတ်မည့် ကုန်းတွင်းပိုင်းဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရာတွင် သစ်တောနယ်မြေ၊ လယ်ယာ စိုက်ပျိုးမြေ၊ လူနေဒေသများအား ဖြတ်သန်းမှုဧရိယာအနည်းဆုံးဖြစ်အောင် လေ့လာဆန်းစစ်၍ အကောင်အထည်ဖော်ခဲ့သည်



ပိုက်လိုင်းချသည့်အချိန်တွင် အဆင်သင့်ပြီးစီးမည်လည်း မဟုတ်ဟု ခန့်မှန်းပါသည်။

လုပ်ငန်းဆိုင်ရာ အတည်တကျ အဆောက်အအုံများ၏ ပတ်ဝန်းကျင် ပြုပြင်ခြင်းများမှအစ တည်နေရာ၊ ဂယက်ရိုက် ခတ်နိုင်မှုများကိုပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရှုထောင့်မှ စိစစ်လျက်ရှိသည်။ ဤစိစစ်ချက်များအရ ဂယက် ရိုက်ခတ် နိုင်မှု လျော့ပါးရေးအတွက် မည်သည့် လိုအပ်ချက်မျိုးကိုမဆို ပုံစံ ထုတ်လုပ်ရာတွင် ထည့်သွင်း စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အချို့အစား လျော့ပေါ့သင့်သည့် အပိုင်းများကို လျော့ပေါ့ ဆောင်ရွက်မည်ဖြစ်သည်။

ဘေးအန္တရာယ်ကင်းဝေးရေး အတွက် ဆောင်ရွက်ခြင်း

စီမံကိန်း လုပ်ငန်းတိုင်းတွင် ဘေးအန္တရာယ် ကင်းရေးသည် အရေးကြီးသည့် အချက်ဖြစ်သည်။ ရတနာစီမံကိန်း

ရတနာသဘာဝဓာတ်ငွေ့လုပ်ငန်းတွင်
ပါဝင်လုပ်ကိုင်နေကြသော ကုမ္ပဏီများကို
ဖော်ပြသည့်ဆိုင်းဘုတ်

တွင်လည်း ထိုနည်းတူပင် အရေးကြီးလှပါသည်။ ရတနာလမ်းညွှန် လုပ်ငန်းကဏ္ဍတွင် ဘေးအန္တရာယ် ကင်းဝေးရေးအတွက် ခံယူချက်တစ်ရပ်ကို စက်မူဆိုင်ရာ ပုံစံထုတ်လုပ်မှုအပိုင်း၊ အဆောက်အအုံတည်ဆောက်မှုအပိုင်းနှင့် လုပ်ငန်းအပိုင်းအလိုက် လည်ပတ်မှုအား လုံးဝ၏ စနစ်တကျ အခြေခံမူများဖြင့် ရေးဆွဲ ဖော်ထုတ်ထားသည်။ ကုန်းပိုင်းဆိုင်ရာ လုပ်ငန်းကဏ္ဍတွင် ဘေးကင်းစေမှုအတွက် စိစစ်ခြင်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ရှေ့ကိုလည်း ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဓာတ်ငွေ့ပိုက်လိုင်းကို ကမ်းခြေ တက်သည်မှအစ ကုန်းပိုင်းတစ်လျှောက်လုံးတွင် မြေအောက်တွင်ပင် မြှုပ်ထားရန် လျာထားသည်ဖြစ်ရာ မြေလွှာ ရွေ့လျားမှုများကြောင့်



ဒေသခံများစီးပွားရေးဖွံ့ဖြိုးအောင် ရတနာသဘာဝဓာတ်ငွေ့ လုပ်ငန်းမှ မွေးမြူရေးအတွက် ကျွမ်းကျင်မှုနည်းပညာနှင့်
ဘဏ္ဍာရေးအထောက်အပံ့များလည်း ပေးခဲ့သည်

ရတနာတောင်ငွေ. ရာဖွေတူးဖော် ထုတ်လုပ်ရေး စီမံကိန်း



စိုက်ပျိုးရေးလုပ်ငန်းအတွက်
ပျိုးပင်များစိုက်ပျိုးထုတ်လုပ်ပေးသည့် စခန်း

ဒေသ တိုးတက်ဖွံ့ဖြိုးရေးအတွက် အဓိကအကျိုးပြု ဆောင်ရွက်မှု

ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များ လျော့ပေါ့စေရန် ငလျင်မှတ်စက် တိုင်းတာမှုများ၏ အထောက်အကူဖြင့် ဘေးအန္တရာယ် အကြိုသတိပေးစနစ် စီစဉ်ပြုလုပ်ထားသည်။

ပိုက်လိုင်းအတွင်း ဓာတ်ငွေ့ ပို့လွှတ်မှုကို လိုအပ်လျှင် ဗဟို ထိန်းချုပ်မှုဌာနမှ ပိတ်ပစ်နိုင်သကဲ့သို့ ပင်လယ်ကမ်း ခြေထိပ်နှင့် ထား၀ယ်မြစ်အနီးရှိ အပိတ်ဗား၀စခန်း နှစ်ခုတို့မှလည်း ပိတ်နိုင်သည်။ ဓာတ်ငွေ့ဖိအား ကျသွားသည့်အခါ အဆိုပါစခန်းများရှိ အဖွင့်အပိတ် ဗားမျာကို ပိတ်၍ ပိုက်လိုင်းအတွင်းရှိ ဓာတ်ငွေ့ကို ပိုင်းကန့်ထားနိုင်သည်။ ဤနည်းဖြင့် ဓာတ်ငွေ့ အလဟဿ ဖြစ်မှုကိုလည်း ကာကွယ်နိုင်သည်။

အမှုထမ်း အား၀ိုင်းကို ဘေးအန္တရာယ် ကင်းရှင်းစွာ ပတ်သက်၍ လုပ်ငန်းခွင်တွင် ဟောပြောလေ့ကျင့်ပေးခြင်း၊ လိုအပ်သော ကာကွယ်ရေး ၀တ်စုံပစ္စည်းများ ထုတ်ပေးခြင်းများကို ဆောင်ရွက်မည်ဖြစ်သည်။

ဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းသွားမည့် ဒေသ၏ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအချက် များကို ကျယ်ကျယ်ပြန့်ပြန့်. စစ်တမ်းကောက်ယူပြီး ဖြစ်သည်။ အကျဉ်းချုပ် ဆိုရလျှင် ဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သွားမည့် ဒေသတွင် ကျေးရွာပေါင်း ၁၃ ရွာ ရှိသည်။ မြန်မာ၊ မွန်နှင့် ကရင်တိုင်းရင်းသားများ နေထိုင်ကြသည်။ ဒေသ စီးပွားရေးလုပ်ငန်းမှာ အများအားဖြင့် ငါး၊ ဆန်စပါး၊ အုန်းသီး၊ ကွမ်းသီး၊ သီဟိုဠ်စသည့် သီးနှံဥယျာဉ် လုပ်ငန်းများ ဖြစ်သည်။ ဤဒေသတွင် ပြင်ပကမ္ဘာနှင့် ဆက်သွယ်နိုင်သည့် တယ်လီဖုန်း၊ လျှပ်စစ်တာ်အား၊ လမ်းပန်းစသည့် ဆက်သွယ်ရေးလမ်းကြောင်းများနည်းပါးလှပါသည်။

ထိုကြောင့် ရတနာတောင်ငွေ့လုပ်ကွက်၊ ယင်းနှင့် ဆက်နွယ်လျက်ရှိသော ကုန်းပိုင်းဆိုင်ရာ လုပ်ငန်းများ စသည်တို့ကို လုပ်ဆောင်ရာတွင် ဒေသခံများအဖို့ စိုးရိမ်ဖွယ် အခြေအနေ ရှိနိုင်ကြောင်း တိုတယ်က နား၀ိုင်းသဘောပေါက်

သည်။ ထို့ကြောင့်ပင် ရတနာဓာတ်ငွေ့ ပိုက်လိုင်းများ၊ စီစဉ်လုပ်ကိုင်နေမှုများတွင် ဒေသခံပြည်သူတို့၏ ဝင်ငွေထုတ်ယာယီများ၊ လိုအပ်ချက်များ၊ မျှော်လင့်ချက်များနှင့် လိုက်လျောညီထွေရှိစေမည်ဟု ဝန်ခံကတိပြုထားပါသည်။

နိုင်ငံတကာ လက်ခံကျင့်သုံး ချမှတ်ထားသည့် အစဉ်အလာကို ခံယူထားသည့် တိုတယ်ကုမ္ပဏီသည် ဤစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် (၁) ဒေသခံ ပြည်သူများအတွက် အကျိုးခံစားခွင့် ရှိစေရမည်၊ (၂) ဖြစ်ပေါ်လာသည့် အကျိုးဆက်များကြောင့် ထိခိုက်နစ်နာမှု နည်းနိုင်သမျှ နည်းစေရမည်ဟူသောမူကို ခံယူထားပါသည်။ ထို့ကြောင့်ပင် ဤဓာတ်ငွေ့ စီမံကိန်းတွင် ပါဝင်သည့် စက်မှုပိုင်းဆိုင်ရာ၊ ဆောက်လုပ်မှုပိုင်းဆိုင်ရာ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ပြဌာန်းချက်များတွင် ဤမူနှစ်ရပ် အကျုံးဝင်ပြီး ဖြစ်စေမည့် စီမံကိန်း မဟာဗျူဟာတစ်ရပ်ကို ချမှတ်ထားရှိခဲ့ခြင်း ဖြစ်သည်။

ဒေသခံများအတွက် လူမှုရေး၊
ဘာသာရေးပါမောက္ခန် ကူညီခဲ့ပုံ

ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေး ဆက်ဆံရေး

ဤစီမံကိန်းနှင့် ဒေသခံပြည်သူတို့၏ ဘဝ သဟဇာတဖြစ်စေရန်မှာ ဆက်ဆံမှုကောင်းမွန်ရေးသည် အခရာပင်ဖြစ်သည်။ ဒေသခံကျေးရွာတိုင်းတွင် ဆက်သွယ်ရေး ကော်မတီများ ဖွဲ့စည်း ထားရှိသည်။ ဤ ကော်မတီများသည် သတင်းများ ဖလှယ်ရန် ကျေးရွာပြည်သူတို့က အရေးယူပေးစေလိုသော ကိစ္စရှိက ဆောင်ရွက်ပေးနိုင်ရန် ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်များကို ဆွေးနွေးနိုင်ရန်နှင့် စီမံကိန်းလုပ်ငန်းတွင် ပါဝင် လုပ်ကိုင်လိုသူများကို စုဆောင်း ပေးနိုင်ရန် စသည်တို့ကို အကျိုးဆောင်ပေးသည့် သမာဓိခုံအဖွဲ့များပင် ဖြစ်သည်။ ကျေးရွာဆက်သွယ်ရေး ကော်မတီများကို ကျေးရွာအလိုက် တင်မြှောက်ထားသော အဖွဲ့ဝင် ခုနစ်ဦးမှ



ရတနာတက်ငွေ. ရာဖွေတူးဖော် ထုတ်လုပ်ရေး စီမံကိန်း



လျှပ်စစ်စွမ်းအင်ရရှိအောင် နေရောင်ခြည်မှ တက်အား‌ထုတ်ယူသုံးစွဲရေးလည်း စီစဉ်ခဲ့သည်

၁၁ ဦးဖြင့် ဖွဲ့စည်းထား‌သည်။ ဒေသခံ လူတန်းစား‌အသိုင်းအ‌ဝိုင်းကို ကိုယ်စား‌ပြုသည့် ဈေးဆိုင်ရှင်များ၊ ရေလုပ်သား‌များ၊ သတ္တုတွင်း အလုပ်သမား‌များနှင့် ကျပန်းအလုပ်သမား‌များ ပါဝင်ကြသည်။

ကျေးရွာတိုင်း‌တွင် ဤစီမံကိန်းနှင့် စပ်လျဉ်း၍ သိသင့်သည်များကို ရှင်းလင်း‌ပွဲများ ပြုလုပ်ခဲ့ပြီး ဖြစ်သည်။ နောင်တွင်လည်း ရုပ်မြင်သံကြား ပြသမှုဖြင့်ပါ ရှင်းလင်းတင်ပြမည်ဖြစ်ရာ ရုပ်မြင်သံကြား‌ဖမ်းစက်၊ လျှပ်စစ်ဓာတ်အား ပေးစက်တို့ကို ဝယ်ယူထား‌ပြီး မော်တော်ယာဉ်ဖြင့် လှည့်လည်ပြသရန် စီစဉ်ထား‌သည်။

အလုပ်သမား‌ခန့်ထား‌ရေးဆောင်ရွက်ချက်

ဤစီမံကိန်း‌တွင် ဝင်ရောက်လိုသည့် ဒေသခံ မည်သူမဆို တူညီသော အခွင့်အရေးများ ရကြမည်ဖြစ်သည်။ ပိုက်လိုင်းကြောင်း အနီး‌တွင် နေထိုင်ကြသည့် ဒေသခံလူများ‌အား တိုက်ရိုက် အကျိုးပြုနိုင်ရန် အလုပ်များ ခန့်ထား‌ရာတွင် ထို ဒေသခံများ အတွင်း‌မှ အများ‌ဆုံး ခန့်ထား‌ရန် တိုတယ်က စီစဉ်ထား‌သည်။ ဒေသခံများ‌ကို လေ့ကျင့်ပညာပေး‌ခြင်းဖြင့် နည်းပညာများ လက်ဆင့်ကမ်း‌သွား‌ရန်လည်း ရည်ရွယ်သည်။

သက်ဆိုင်ရာ လုပ်ငန်း‌တွင် အလုပ်ဂုဏ်ကို လေး‌စား၍ အတွေ့အကြုံ ရင့်ကျက်သူများ၊ လူ့အခွင့်အရေးနှင့် လုပ်ငန်းခွင် သာယာရေး‌ကို အလေး‌ထား‌တတ်သူများ‌ကိုသာ ဤစီမံကိန်း‌တွင် ကန်ထရိုက်လုပ်ငန်း လုပ်ကိုင်စေရမည်။ ထို့ပြင် ကန်ထရိုက်အား‌လုံး‌သည် တိုတယ်က ချမှတ်ထား‌သည့် အလုပ်သမား‌စုဆောင်း‌ရေး လမ်းညွှန်အတိုင်း ကျင့်သုံးကြရမည်ဖြစ်သည်။

သာဓကအား‌ဖြင့် ၁၉၉၅ ခုနှစ်အတွင်း ကနဦး‌လေ့လာမှု စစ်တမ်း‌အရ ယာယီစခန်း‌တည်ဆောက်ရေး လုပ်ငန်းများ

တွင် ကျွမ်းကျင်အလုပ်သမား တစ်ဦးလျှင် တစ်နေ့ ကျပ် ၃၀၀၊ အသင့်အတင့် ကျွမ်းကျင် အလုပ်သမား တစ်ဦးလျှင် တစ်နေ့ ကျပ် ၂၅၀ နှင့် အလုပ်ကြမ်းသမား တစ်ဦးလျှင် တစ်နေ့ ကျပ် ၂၀၀ ပေးချေခဲ့သည်။ ဤ နေ့တွက်နှုန်းများသည် ထိုစဉ်က ရှိနေသည့် ပျမ်းမျှ နေ့ထွက်နှုန်းထားများထက် သာလွန်သည်သာမက အလုပ်သမားများသည် လစာအပြင် နေရာထိုင်ခင်း၊ စားရိက္ခာ၊ ကာကွယ်ရေး၊ ဝတ်စုံပစ္စည်းများ၊ ဆေးစစ်ခြင်း အခွင့်အရေးများကို အခမဲ့ ရရှိခံစားကြရသည်။

တိုတယ်မြန်မာ ရေနံရွာဖွေရေးနှင့် ထုတ်လုပ်ရေး၏ ကျင့်စဉ်များအရ စီမံကိန်းဦးတည်ချက်များ ဖော်ထုတ်မှုသည် ကုမ္ပဏီ၏ မဟာဗျူဟာအတွက် မဏ္ဍိုင်ပင်ဖြစ်သည်။ ယင်းဦးတည်ချက်များသည် တိုတယ်က ရေးဆွဲထားသော ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပဋိညာဉ်ပါ ဒေသခံ ပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အလေးထား အရေးပေးရန် ကတိဝန်ခံချက်များကို ထောက်ကူအားဖြည့်ပေးသည်။

ကျန်းမာရေးနှင့် လူမှုရေး အခြေအနေ တိုးတက်ရေး

ဒေသခံများ၏ လူနေမှုအဆင့်အတန်း မြှင့်တင်ရေးအတွက် စီမံချက်များကို ဒေသခံများကိုယ်တိုင်ကပင် ဒရိုက်ပြု တင်ပြခဲ့ကြသည်။ ထို အကြံပြုချက်များအနက် မှလက်ငင်းအရေးယူ ဆောင်ရွက်ချက်များအဖြစ် ဝမ်းဆွဲဆရာမများအတွက် စက်ဘီးများ၊ ဆေးဝါးများ၊ ယင်လုံအိမ်သာများနှင့် စာအုပ်သင်ပုန်း၊ ခုံရှည်စသော ကျောင်းသုံးပစ္စည်းများကို တိုတယ်က ထောက်ပံ့ပေးခဲ့သည်။ ရေရှည်အတွက် ဝက်၊ ငါးမွေးမြူရေးနှင့် တိရိစ္ဆာန်ဆေးကုသမှုလုပ်ငန်းများ တိုးချဲ့သွားရန် ဖြစ်နိုင်ခြေရှိမရှိ ဆန်းစစ်လျက်ရှိပြီး အောင်မြင်ရန်အလားအလာရှိပါက မကြာမီအကောင်အထည်ဖော်ရန် လျာထားပါသည်။

အထက်ပါစီမံလျာထားချက်များမှ အများစုကို ဒေသခံများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးမူဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ ဒေသခံကျေးရွာများအတွက် ရေရှည်အကျိုးရှိစေမည့် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် တိုးတက်ဖြစ်ပေါ်မှုကို အကျိုးပြုမည့် ပစ္စည်းကိရိယာများ ထောက်ပံ့သွားရန် ဟူသော ဥပဒေကိုအခြေခံသည်။ တိုတယ်က ထောက်ပံ့သော ပစ္စည်းများ၊ နည်းပညာများဖြင့် သင့်တင့်သောအဆင့် အထိ တိုးတက်ဖြစ်ထွန်းစေပြီးနောက် သက်ဆိုင်ရာ ကျေးရွာများက မိမိတို့ကိုယ်တိုင် တာဝန်ယူသွားနိုင်ရန် အစီအစဉ်ပင် ဖြစ်သည်။

အခြားသော ရေရှည်လုပ်ငန်းများအဖြစ် ဒေသရှိ ဆေးရုံများ၊ စခန်းရှိ ကုမ္ပဏီဆရာဝန်က ဆေးကုသရေးအကူအညီနှင့် လေ့ကျင့်မှုများကို အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခြင်းတို့ပါဝင်သည်။ ထို့ပြင်ငှက်ဖျားရောဂါဖြစ်ပွားမှုနှင့် ကုသမှုဆိုင်ရာ သုတေသနပြုလုပ်ရန် စီမံကိန်းတစ်ရပ်ကို မြန်မာနိုင်ငံ ဆေးသုတေသနနှင့်ပူးပေါင်း၍ ပြင်သစ်နိုင်ငံ “ပါစတာ” ဆေးဘက်ဆိုင်ရာ သုတေသနသိပ္ပံနှင့်အတူ အကောင်အထည်ဖော်လျက်ရှိသည်။ ဒေသခံပြည်သူ ရာနှုန်းတော်တော်များများသည် ယနေ့ခေတ်သုံး ငှက်ဖျားပျောက်ဆေးမတိုးသည့် ငှက်ဖျားရောဂါမျိုး စွဲကပ်လျက်ရှိရာ သုတေသန ဆက်လက်ပြုလုပ်ရန် လိုအပ်ပါသည်။

ကျေးရွာဆက်သွယ်ရေး ကော်မတီများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် လူမှုစီးပွားရေးဌာနတစ်ခုကိုလည်း ဖွဲ့စည်းထားရှိသည်။ ဤဌာနသည် တိုတယ်မြန်မာကုမ္ပဏီ အထွေထွေမန်နေဂျာ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင် ရှိပြီး ဌာနကို ဦးစီးသည့် လူမှုစီးပွားရေး ညှိနှိုင်းရေးမှူးမှာ မြန်မာအမျိုးသား တစ်ဦးဖြစ်သည့်အတွက် ပေါ်ပေါက်လာနိုင်သည့် ပြဿနာများ၊ အရေးကိစ္စများကို ကောင်းစွာသဘောပေါက်နိုင်သည့် အခြေအနေရှိသည်။ ဒေသဆိုင်ရာ လူမှုစီးပွားရေး၊ စာရင်းဇယားကိန်းဂဏန်းများကို ကောက်ခံရာ၌ ပူးပေါင်းပါဝင်ရန် ဆက်သွယ်ရေးကော်မတီများကို တိုတယ်ကုမ္ပဏီက အကူအညီ တောင်းခံထားသည်။ ဤဒေသ၌ ရင်းနှီးမြှုပ်နှံခြင်း၏ ရလဒ်များမှ တိုးတက်မှုများကို တိုင်းတာရာတွင် ဤစာရင်းဇယားမှတ်တမ်းများက အထောက်အကူပြုမည်ဟု ကြိုတင်တွက်ဆထားပါသည်။

လေ့လာသူတစ်ဦး









မြို့ပြဖွံ့ဖြိုးမှုအထူးစိမ်ကိန်းများ

နိဒါန်း

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးမှုရှိမရှိ၊ ထိုနိုင်ငံ တိုးတက်ခြင်းရှိမရှိ ဆိုသောအချက်ကို ယင်းနိုင်ငံ၏ မြို့ပြအိမ်ရာ အဆောက်အအုံများကို ကြည့်၍ အကဲခတ်ကြသည်။

ထိုနိုင်ငံအတွင်းရှိ စျေးဆိုင်၊ ရုံး၊ အဆောက်အအုံများသည် မည်သို့ရှိသနည်း။

ထိုနိုင်ငံရှိ လူတို့သည် ဘယ်လိုအိမ်ခြေ၊ ရာခြေများတွင် နေထိုင်ကြသနည်း။

နေထိုင်မှုကို အကဲခတ်ပြီးသောအခါတွင်မှသာ အခြားသော ပြည်စုံမှုများကို ဆက်လက်အကဲခတ်ကြသည်။

ထို့ကြောင့် နိုင်ငံကို ဖွံ့ဖြိုးအောင် လုပ်ရာတွင် မြေယာဖွံ့ဖြိုးရေး လုပ်ငန်းကို ချန်လှပ်မထား ဘဲ ဦးစားပေး အစီအစဉ်များနှင့် ဖွံ့ဖြိုးအောင် ဆောင်ရွက်တတ်ကြသည်။

အစပထမက ထိုနေရာသည် အသုံးမပြုသော မြက်တော၊ ကိုင်းတောကြီးဖြစ်သည်။ ထိုနေရာကို စက်မှုဇုန်ကြီးများ သတ်မှတ်၍ စက်ရုံ၊အလုပ်ရုံများကို နေရာချပေးလိုက်သောအခါ သက်ဝင်လှုပ်ရှားလာသည်။ ထိုနေရာမှ ထွက်ရှိသော ထွက်ကုန်များကြောင့် နိုင်ငံလည်း ဖွံ့ဖြိုးလာသည်။

ဥပမာ – ဩစတြေလျတိုက်သည် လွန်ခဲ့သော အနှစ် ၄၀ က လူသူခေါင်းပါး၍ နေသူမရှိဘဲ ကမ္ဘာပေါ်မှ မည်သူမဆို လာရောက်အခြေစိုက်ပါရန် မက်လုံးများပေး၍ ဖွံ့ဖြိုးအောင်ပြုလုပ်ခဲ့ကြရသည်။ ယခုအခါ ဩစတြေလျတိုက် သည် ကမ္ဘာ့ဖွံ့ဖြိုးမှုအားကောင်းသောနေရာတစ်ခု ဖြစ်လာပြီး ချမ်းသာကြွယ်ဝသူတို့၏ နေထိုင်ရာ ဌာနဖြစ်လာခဲ့ပါသည်။

မြေမပါဘယ်ဟာမှမပြီး

နိုင်ငံဖွံ့ဖြိုးအောင် ပြုလုပ်ရာတွင် မြေမပါလျှင် မပြီးပေ။ စက်ရုံများ၊ အလုပ်ရုံများ တည်ထောင်ရန်အတွက် မြေလိုသည်။ စျေးကြီးများ၊ ဟိုတယ်ကြီးများ၊ ရုံးအဆောက်အအုံကြီးများ၊ ကုန်တိုက်ကြီးများ၊ အစည်းအဝေးခန်းမများ တည်ဆောက်ရန်အတွက် မြေလိုသည်။ လူနေအိမ် ရပ်ကွက်များ အနီးတွင် ကန်ကြီးများ၊ ပန်းဥယျာဉ်များ ကွက်လပ်ကြီးများ ရှိပါက ထိုလူနေအိမ်များသည် တန်ဖိုးပို၍ ရှိသည်။

ကမ္ဘာပေါ်တွင် မြေအမျိုးမျိုး အစားစားရှိရာ မြေတိုင်းသည် တစ်စျေးတည်း ရှိသည်မဟုတ်။ အချို့ အလကားပေးလျှင်ပင် မယူသည့် မြေမျာ်းရှိသလို မြေ တစ်စတုရန်းပေကို ဒေါ်လာကိုးရာ၊ တစ်ထောင်တန်သော မြေများလည်း ရှိသည်။

ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးစေလိုလျှင် မြေများကိုလည်း ဖွံ့ဖြိုးအောင် လုပ်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မြို့ပြမြေယာ ဖွံ့ဖြိုးမှုလုပ်ငန်း လစ်ဟင်းမှု မရှိစေဘဲ စိမ်ခေါ်မှုများ၊ စိမ်ကိန်းများခေါမှတ်ကာ ငွေကြေးရင်းနှီးမြှုပ်နှံမှုများစွာပြုလုပ်၍ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်သောကြောင့် ဤမြန်မာနိုင်ငံ၏ မြို့ပြများတွင် မြို့ပြမြင်ကွင်းများ၊ လမ်းတံတား အဆောက်အအုံတို့ မြင်ကွင်းများသည် ရုတ်ခြည်းပြောင်းလဲ လာခဲ့၏။ ရန်ကုန်၊ မန္တလေးစသော မြို့ကြီးများတွင် နှစ်အနည်းငယ်အတွင်း တိုက်တာ၊ အဆောက်အအုံများ ဘွားခန့်၊ ဘွားခန့်ပေါ်ပေါက်ခဲ့ရာ မြန်မာနိုင်ငံ တည်ထောင်မှုကို အရှေ့တောင်အာရှမှ အုပ်အိမ် တည်ထောင်သူများပင် အံ့အားသင့်ပါသည်။ ယခင်က ခက်ခက်ခဲခဲ ကူးနေရသော မြစ်ချောင်းနေရာများတွင် တံတားကြီးများ ပေါ်ခဲ့၏။ ယခင်က တကူးတက သွားလာဆက်သွယ်ရသော နေရာများတွင်လည်း လမ်းများ ပေါ်ပေါက်လာခဲ့သည်။

နိုင်ငံတကာအဆင့် ဟိုတယ်နှင့်ရုံးခန်းများ၊ လေယာဉ်ကွင်းများ၊ တံတားများ၊ တက္ကသိုလ်ကြီးများ တည်ဆောက်မှု



အမှတ် ၁၉၇၊ ပန်းဆိုးတန်းလမ်းရှိ ပန်းဆိုးတန်း စီးပွားရေးအဆောက်အအုံ

တို့တွင် မြန်မာပညာရှင်တို့၏ ကျွမ်းကျင်မှု များးကိုပါ တွေ့ရှိရသည်။

မြေယာဖွံ့ဖြိုးမှု ကဏ္ဍကြီး (၈) ရပ်

မြန်မာနိုင်ငံ၏ ယနေ့မြေယာဖွံ့ဖြိုးရေး ဆောင်ရွက်မှုလုပ်ငန်းကို ကဏ္ဍကြီး (၈) ရပ် ခွဲခြား၍ လေ့လာနိုင်ပါ၏။

ယင်းတို့မှာ–

၁။ မြို့တော် အင်္ဂါရပ်နှင့်အညီ ခေတ်မီအိမ်ရာများ ဆောက်လုပ်ခြင်း စီမံကိန်း၊

၂။ အဆင့်မြင့်အိမ်ရာနှင့် စီးပွားရေးအဆောက်အအုံများ ဆောက်လုပ်ခြင်း စီမံကိန်း၊

၃။ မီးလောင်မြေများတွင် အိမ်ရာများဆောက်လုပ်ခြင်းစီမံကိန်း၊

၄။ တဲအိမ်မှ တိုက်တာသို့ အဆင့်မြင့်အိမ်ရာ ဆောက်လုပ်ခြင်း၊

၅။ မြို့သစ်ရပ်ကွက်သစ်များ တိုးချဲ့တည်ဆောက်ခြင်း စီမံကိန်း၊

၆။ မြို့ပြအဆင့် မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများ၊

၇။ အိမ်ရာမြေကွက်များနှင့် စက်မှုမြေကွက်များ ဖော်ထုတ် ရောင်းချခြင်း စီမံကိန်းနှင့်

၈။ သန်လျင်– ကျောက်တန်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သည်။

ထို့ပြင် မြို့ပြမြေယာဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် အလွန်မှ အရေးကြီးသော–

* ရေရရှိရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ၊
* အိမ်ရာစီမံခန့်ခွဲမှု လုပ်ငန်းများ၊
* မြေယာစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်းလုပ်ဆောင်သည်။





အဆင့်မြင့်ကမာကြည်လုံးချင်းအိမ်

FMI မြို့တော်မုခ်ဦး



ထို့ပြင် မြေယာဖွံ့ဖြိုးမှုလုပ်ငန်းနှင့်တစ်ဆက်တည်း နိုင်ငံခြားငွေရှာဖွေသည့် လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နေသည်ကိုလည်း တွေ့ရသည်။

ယင်းလုပ်ငန်းများ တိုးတက်လာမှုသည် နိုင်ငံဖွံ့ဖြိုးလာမှုပင်ဖြစ်၏။ ယင်းလုပ်ငန်းများ အောင်မြင်လာခြင်းသည် ရန်ကုန်မြို့၏ ဂုဏ်သိက္ခာနှင့် အဆင့်မြင့်မြို့တော်ကြီးဖြစ်လာမှု လက္ခဏာများဖြစ်၏။ ယင်းလုပ်ငန်းများကြီးထွားလာခြင်းသည် ကုန်ထုတ်လုပ်ငန်းနှင့် မြို့ပြဆိုင်ရာ အေးချမ်းသာယာမှု၊ စက်မှုဖွံ့ဖြိုးရေးအတွက် အားယူနိုင်မှုနှင့် နိုင်ငံအတွက် အလွန်အဖိုးထိုက်တန်သော ခြေခင်းလက်ခင်းများတည်ဆောက်ပေးခြင်း ဖြစ်သည်။ ထိုအခြင်းအရာ အရပ်ရပ်သည် နိုင်ငံတော် ဖွံ့ဖြိုးမှုကို ဦးတည်သော လုပ်ငန်းများဟုသာ သတ်မှတ်ရမည် ဖြစ်သည်။

မြို့တော် အင်္ဂါရပ်နှင့်အညီ ခေတ်မီအိမ်ရာ တည်ဆောက်ခြင်း

ဤကဏ္ဍအောက်မှ ဆောင်ရွက်မှု လုပ်ငန်းများတွင်-

* အေးရိပ်မွန်အိမ်ရာ (လိုင်အမှတ် ၄ ရပ်ကွက်)
* တာမွေအိမ်ရာ (တာမွေ၊ တာမွေလေးရပ်ကွက်)
*အောင်မင်္ဂလာအိမ်ရာ (ကျောက်မြောင်း၊ အောင်မင်္ဂလာရပ်ကွက်)
* ကျောက်ချောင်းအိမ်ရာ (သာကေတ၊ ကျောက်ချောင်းရပ်ကွက်) တို့ ပါဝင်သည်။

အေးရိပ်မွန်အိမ်ရာ။ ရှေးအခါက လိုင်မြို့နယ်အမှတ် (၄) ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၏ ဘေးတွင် မြို့ပြအင်္ဂါရပ်များနှင့် ညီညွတ်မှုမရှိသောနေအိမ်များ ရှိခဲ့သည်။ ထိုအိမ်များကိုဖျက်သိမ်းကာ အထပ်လေးထပ် ရှိသော (၆) ခန်းတွဲ နှင့် (၈) ခန်းတွဲ တိုက် ၂၂ လုံးကို ထိုနေရာတွင်တည်ဆောက် ခဲ့၏။ တိုက်ခန်းပေါင်း ၅၅၂ ခန်းရရှိပြီး ထိုနေရာမှ မူလနေထိုင်သူများကိုပြန်လည်နေရာချထားကာ ကျန်သောအခန်းများကို အများပြည်သူတို့အား ရောင်းချခဲ့သည်။

ထို့အပြင် ယင်းတိုက်များနှင့် တစ်ဆက်တည်း နှစ်ထပ်လုံးချင်းတိုက် အလုံး ၁၄၉ လုံးနှင့် ၃ ထပ်နှင့် ၂ ခန်း တွဲတိုက် ၁၀ လုံး ကို ပဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လမှစ၍ တည်ဆောက်ခဲ့ရာ ယခုပြီးစီးပြီဖြစ်၍ စီမံကိန်းတန်ဖိုးသည် ကျပ်သိန်း ၃၅၀၀ ဖြစ်သည်။

တာမွေလေးအိမ်ရာ။ ဤအိမ်ရာစီမံကိန်းသည် တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက် မင်းရဲကျော်စွာလမ်း ဝဲယာရှိ မြို့ပြအင်္ဂါနှင့် မညီညွတ်သောနေအိမ်များကို ဖျက်သိမ်းပြီး

လှပခေတ်မီသည့် နဝဒေးအိမ်ရာမှ လုံးချင်းအိမ်များ





မြို့ငယ်ဟောန် အိမ်ရာမြင်ကွင်း



လှိုင်သီရိအိမ်ရာဖွင့်ပွဲကျင်းပခဲ့စဉ်က



အောင်မြေသာစည်ရပ်ပေါင်းအိမ်ရာ

မြို့ပြအဂ်ါနှင့် မည်ညွတ်သောနေအိမ်များကို ဖျက်သိမ်းပြီး ၁၉၉၄ ခုနှစ်၊ ဇွန်လအတွင်းက စတင် တည်ဆောက်ခဲ့ရာ စီမံကိန်းတန်ဖိုးသိန်း ၁၂၀၀ ရှိ၍ ကိုးလအတွင်းပြီးစီးခဲ့၏။ ထိုပြင် မင်းရဲကျော်စွာလမ်း တောင်ဘက်နှင့် မြောက်ဘက် ခြမ်းများတွင်လည်း တည်ဆောက်လျက်ရှိရာ လုပ်ငန်း အားလုံး ပြီးစီးခဲ့ပြီ ဖြစ်သည်။

သဃ်ိန်းကျွန်းမြို့နယ်၊ ဝဇယန္တာလမ်းနှင့် သဃ်ိန်းကျွန်းလမ်းထောင့်အနီးမြေနေရာတွင် နိုင်ငံတော်နှင့် အိုလံပစ်ကုမ္ပဏီတို့အကျိုးတူပူးပေါင်းတည်ဆောက်မှုများသည်လည်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

အောင်မင်္ဂလာအိမ်ရာ။ ဤအိမ်ရာစီမံကိန်းသည် ကျောက်မြောင်းအောင်မင်္ဂလာရပ်ကွက်တွင်တည်ဆောက်ခြင်း ဖြစ်ပြီး အခန်းပေး အခန်းယူစနစ်ဖြစ်သည်။ စီမံကိန်း တန်ဖိုးကျပ် သိန်းပေါင်း ၁၅၀၀ ဖြစ်သည်။

ကျောက်ချောင်းအိမ်ရာ။ ဤအိမ်ရာစီမံကိန်းကို သာကေတမြို့နယ်၊ ကျောက်ချောင်းရပ်ကွက်တွင် နိုင်ငံပိုင်မြေ ၅၂ ဧကအတွင်းတည်ဆောက်ခဲ့ရာ စီမံကိန်း ရာခိုင်နှုန်းပြည့် ပြီးစီးပြီဖြစ်ပါ၏။ ထိုစီမံကိန်းပါ အိမ်ရာအတွင်း အိပ်ခန်း (၃)ခန်း၊ လေးထပ်တိုက်များကိုအဆင့်မြင့်မြင့် တည်ဆောက်ထားသည်။

အခန်းတစ်ခန်းလျှင် (၁၅၈၃)စတုရန်းပေ ကျယ်ဝန်းသည်။ ဤတွင် ဆောက်လုပ်ရောင်းချပြီဖြစ်သော (၄)ထပ်တိုက် (၆)လုံးကို သိုဂီ၊ မြ၊ ပတ္တမြား၊ နီလာ၊ စိန်၊ ပုလဲဟု အမည်ပေးပြီး သာကေတ၏ ဂုဏ်ရှိန်ကို မြှင့်တင်ပေးခဲ့သည်။

ရန်ကုန်မြို့သည် ကမ္ဘာ့စျေးကွက်ဝင် မြို့ကြီးတစ်မြို့ဖြစ်လာရေးကိစ္စတွင် နိုင်ငံတကာမှ လာရောက်အခြေစိုက်သော ရင်းနှီးမြှုပ်နှံသူများနေထိုင်ရန်နှင့် စီးပွားရေးလုပ်ငန်း

များအတွက် ရုံးများဖွင့်လှစ်ရန် အဆောက်အအုံများကို ဆောက်လုပ်ရန် လိုအပ်၏။

အဆင့်မြင့်အိမ်ရာနှင့် စီးပွားရေးအဆောက်အအုံများ

* ပင်လုံရိပ်မွန် (သဃ်ိန်းကျွန်း)
* ဗိုလ်မြတ်ထွန်းအိမ်ရာ(ပုဇွန်တောင်)
* တက္ကသိုလ်ရိပ်သာအိမ်ရာ (တက္ကသိုလ်ရိပ်သာလမ်း)
* ကျုံးကြီးလမ်းအိမ်ရာ (လမ်းမတော်မြို့နယ်)
* သီရိမွန်အိမ်ရာ (သဃ်ိန်းကျွန်း)
* ပုဇွန်တောင်အိမ်ရာ (ပုဇွန်တောင်)
* ရွှေဂုံတိုင်စီးပွားရေး အဆောက်အအုံများ (ရွှေဂုံတိုင်)
* ဝိဇယစီးပွားရေးအဆောက်အအုံ (မြေနီကုန်း၊ တော်လှန်ရေးပန်းခြံအနီး)
* ဗဟန်းစီးပွားရေးအဆောက်အအုံ (ဗဟန်းရေတာရှည်ရပ်ကွက်)
* ပန်းဆိုးတန်းစီးပွားရေးအဆောက်အအုံ (အမှတ် ၁၉၇၊ ပန်းဆိုးတန်းလမ်း)
* ဘုရင့်နောင် စီးပွားရေးအဆောက်အအုံ (ဘုရင့်နောင် လမ်းမကြီး)
* အောင်ရတနာအိမ်ရာ (သံသုမာလမ်း၊ သဃ်ိန်းကျွန်း)
* ကမာကြည် အိမ်ရာ (သဃ်ိန်းကျွန်း)
* ဇီဇဝါဥယျာဉ်အိမ်ရာ (တောင်ဥက္ကလာပ၊ ၁၅ ရပ်ကွက်)
* နဝဒေးအိမ်ရာ (လိုင်သာယာမြို့သစ်)
* သီရိနန္ဒာအိမ်ရာ (သဃ်ိန်းကျွန်း၊ မိချောင်းကန်)
* FMI City အိမ်ရာ (လိုင်သာယာ) နှင့် Serviced Apartment (ကမာရွတ်၊ အင်လျားလမ်း)

အိမ်ရာ စီမံကိန်းများသည် ကျပ်ငွေသန်းပေါင်း ထောင်ပေါင်းများစွာအကုန်ခံ၍ တည်ဆောက်နေသော အဆောက်အအုံများဖြစ်သည်။ ဤအဆောက်အအုံများသည် ဈေးကွက်စီးပွားရေးပိုပြင်စွာ ပေါ်ပေါက်လာရေးအတွက် လမ်းခင်းပေးမှုလည်း ဖြစ်၏။ ဈေးကွက်စီးပွားရေးဆိုင်ရာ အခင်းအကျင်းများ ဖြစ်ပါသည်။

* ပင်လုံရိပ်မွန် အိမ်ရာ (ကျပ်သိန်း ၁၅၀၀)
* ဗိုလ်မြတ်ထွန်းအိမ်ရာ (ကျပ်သိန်း ၁၀၀၀)
* တက္ကသိုလ်ရိပ်သာ အိမ်ရာ (ကျပ်သိန်း ၃၀၀၀)
* ကျုံးကြီးလမ်းအိမ်ရာ (ကျပ်သိန်း ၁၀၀၀)
* သီရိမွန်အိမ်ရာ (ကျပ်သိန်း ၂၅၀၀)
* သီရိရတနာအိမ်ရာ (ကျပ်သိန်း ၃၀၀၀)

စသည်ဖြင့် ငွေကြေးအမြောက်အမြားကို လမ်းခင်းပြီး အတတ်ပညာနှင့် ကျွမ်းကျင်မှုများစွာကို ရင်းနှီး၍ အချိန်တို အတွင်း တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။

စီးပွားရေးအဆောက်အအုံများ

စီးပွားရေးအဆောက်အအုံများသည် ဈေးကွက်စီးပွားရေးစနစ်တွင် ရုံးခန်းနေရာ၊ အရောင်းခန်းမ၊ ဈေး၊ ဟိုတယ်၊ မိုတယ်၊ အဆင့်မြင့်အိမ်ရာ ပါဝင်၍ အနာဂတ်မြန်မာ့စီးပွားရေးအတွက် အရေးကြီးသောနေရာများ ဖြစ်ပါသည်။ ရွှေဂုံတိုင်၊ ဝိဇယ၊ ဗဟန်းနှင့် ပန်းဆိုးတန်းရှိ စီးပွားရေး အဆောက်အအုံများသည် ပြီးစီးနေပြီဖြစ်ရာ ရန်ကုန်စီးပွားရေးလောက၏ လိုအပ်ချက်ကို ယင်းတည်ဆောက်မှုများက ဖြည့်ဆည်းပေးမည် ဖြစ်သည်။

နဝဒေးအိမ်ရာ

နဝဒေးအိမ်ရာသည် စိတ်ဝင်စားစရာကောင်းသော အိမ်ရာစီမံကိန်းဖြစ်သည်။ လိုင်သာယာမြို့၊ သောင်ခွင်ကြီးတောင်ပိုင်းအဆင့် (၃)၊ မြေတိုင်းရပ်ကွက် အမှတ် (၄) တွင် လူနေအိမ်ရာများနှင့် အများပြည်သူ အသုံးပြုရန် ကျောင်း၊



သုမင်္ဂလာအိမ်ရာဖွင့်ပွဲအခမ်းအနား

သုမင်္ဂလာအိမ်ရာတစ်စိတ်တစ်ဒေသ



မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မေဖလာ:ဝါ:ကုမ္ပဏီ လီမိတက်တို့ သဘောတူ စာချုပ်ချုပ်ဆိုလုပ်ကိုင်သော စီမံကိန်းဖြစ်သည်။

FMI မြို့တော်

ဤစီမံချက်ကလည်း လူအများ စိတ်ဝင်စား:သော စီမံချက်ဖြစ်၍ First Myanmar Investment Co., Ltd နှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့ သဘောတူ စာချုပ်ကာ အများ:ပြည်သူတို့ အဆင့်မြင့်နေထိုင်ရန် ဧက ၅၀၀ ခန့်ရှိသော မြေပေါ်တွင် အိမ်အလုံး: ၅၀၀၀ တည်ဆောက်မှု စီမံချက် ဖြစ်သည်။ ရန်ကုန်မြို့ အိမ်ရာ တည်ဆောက်မှု သမိုင်:တွင် ခမ်:နာ:ကြီ:ကျယ်သော စီမံကိန်းဖြစ်၏။

Serviced Apartment

ဤလုပ်ငန်:မှာ ကမာရွတ်မြို့နယ်၊ အင်:လျား:လမ်:နှင့် ပန်:ဝါလမ်:ထောင့်ရှိ ၅ ဒသမ ၈ ဧကပေါ်တွင် EXE Design Myanmar Co., Ltd. ကျပန်ကုမ္ပဏီက နိုင်ငံတကာ အဆင့်မီ Residence Yangon Luxury Serviced Apartments ကို ရာနှုန်:ပြည့် ရင်:နှီ:မြှုပ်နှံ တည်ဆောက်သည့် စီမံကိန်:ဖြစ်၏။ ယင်:အဆောက်အအုံသည် ဆန်:ပြာ:သောမိသုကာ ဒီဇိုင်: များနှင့် အမှန်စိတ်ဝင်စား:စရာကောင်:မည့် စီမံကိန်: ဖြစ်ပါသည်။

မီ:လောင်မြေ

မီ:လောင်မြေများ:ဖြစ်သော ကြည့်မြင်တိုင်၊ ထီ:တန်:စေ့:ကလေ:ရပ်ကွက်နှင့် လိုင်မြို့နယ် (၁၀) ရပ်ကွက် မီ:လောင်မြေတို့တွင် ထီ:တန်:အိမ်ရာနှင့် ခပေါင်:အိမ်ရာ ဟူ၍ အမည်ပေး:ကာတိုက်တာများ: တည်ဆောက်၍ နေရာချပေး:ခဲ့ရာ ထီ:တန်:အိမ်ရာမှာ အား:လုံ:နေရာချထား:ပြီ: ဖြစ်၏။ ခပေါင်:အိမ်ရာတွင် နေရာချထား:ပြီ: ပိုလျှံသော အခန်:များကို ဦ:ရာလူစနစ်ဖြင့် ရောင်:ချ နေရာချထား:ပေး:ပြီ: ဖြစ်သည်။

တဲအိမ်မှ တိုက်တာသို့စီမံကိန်:

တဲအိမ်မှ တိုက်တာသို့ စီမံကိန်:သည် နိုင်ငံတော်မှ အထူး:ဂရုပြုဆောင်ရွက်သော စီမံကိန်:တစ်ရပ်ဖြစ်၏။ ရန်ကုန်မြို့တော်၏ အဓိကလမ်:မကြီ:များ:၏ ဘေး:ဝဲယာရှိ အဆင့်နိမ့်အိမ်ရာများကို အဆင့်မြင့်အိမ်ရာများအဖြစ် မြန်မာ့ခရီ:သွား:နှစ်အမီ တည်ဆောက် အကောင်အထည်ဖော်သော လုပ်ငန်:ဖြစ်သည်။

အဓိက လမ်:မကြီ:များ:၏ မြင်မကောင်:သော အိမ်များကို ဖျက်သိမ်:ရှင်:လင်:၍ တိုက်များ:ပြန်ဆောက်ကာ အခမဲ့ ပြန်လည် နေရာချထား:ပေး:၏။ တိုက်ခန်:မယူလိုသူတို့အား:လည်: ငွေခြောက်သိန်:နှင့်မြို့သစ်များ:တွင် ပေ ၄၀×၆၀ မြေတစ်ကွက် ချထား:ပေး:သည်။

တိုက်ခန်:များ:တွင်နေလိုပါကလည်: ထိုအခန်:၏ တန်ဖိုး:ကို ကျပ်ငွေခြောက်သိန်:ခုနှိမ်၍ နေရာ ချထား:ပေး:သည်။

တဲအိမ်မှ တိုက်တာသို့စီမံကိန်:တွင် ပါဝင်သော အိမ်ရာများ:မှာ-

* အောင်မြေသာစည်အိမ်ရာ (အင်:စိန်-ကျဲကုန်:)
* မြို့ငဟဝန်အိမ်ရာ (ကျိုက်ဝိုင်:ဘုရား:လမ်:)
* ပါရမီအိမ်ရာ (လိုင်မြို့နယ်)
* ရတနာအိမ်ရာ (လိုင်မြို့နယ်)
* လိုင်သီရိအိမ်ရာ (လိုင်မြို့.နယ်)
* ဝေဇယန္တာအိမ်ရာ (သဃ်ိန်:ကျွန်:)
* သုမင်္ဂလာအိမ်ရာ (လေ:ဒေါင့်ကန်လမ်:မကြီ:)
* ကျိုတော်အိမ်ရာ (မင်္ဂလာတောင်ညွန့်)

* ညောင်တန်းအိမ်ရာ (ပုဇွန်တောင်)

* ကျိုက္ကဆံအိမ်ရာ
(တာမွေမြို့နယ်)

* မင်္ဂလာဆင်မင်းအိမ်ရာ
(အလုံမြို့နယ်)

* သီရိမင်္ဂလာအိမ်ရာ
(အလုံမြို့နယ်)

* ရာဇာဓိရာဇ်အိမ်ရာ
(ဗိုလ်တထောင်မြို့နယ်)
စသည်တို့ဖြစ်သည်။

မြို့သစ်ရပ်ကွက်များ တိုးချဲ့ခြင်း

ရန်ကုန်မြို့တွင်-

- ဒဂုံမြို့သစ်ကို ၁၉၈၉ ခု၊မတ်လ ၁၈ ရက်နေ့တွင် လည်းကောင်း၊

- ရွှေပြည်သာမြို့သစ်ကို ၁၉၈၆ ခုနှစ်၊ဖေဖော်ဝါရီလ တွင် လည်းကောင်း၊

- လှိုင်သာယာမြို့သစ်ကို ၁၉၈၅ ခုနှစ်၊ မေလတွင် လည်းကောင်း၊

- ရွှေပေါက်ကံ မြို့သစ်ကို ၁၉၈၉ ခုနှစ်က လည်းကောင်း တည်ဆောက်ခဲ့သည်။

ဒဂုံမြို့သစ် (မြောက်ပိုင်း) ကို အပေါ်စီးမြင်တွေ့ရပုံ



မြို့ပြဖွံ့ဖြိုးမှု အထူးစိမ်းကိန်းများ







မြို့ပြဖွံ့ဖြိုးရေးအတွက် အိုလံပစ်ဆောက်လုပ်ရေးမှ တည်ဆောက်ထားသော အဆောက်အဦများ

ဒဂုံမြို့သစ်သည်ရန်ကုန်မြို့သမိုင်းတွင် အကျယ်ဝန်းဆုံး မြို့ပြချဲ့ထွင်မှုလုပ်ငန်းကြီးဖြစ်၍ ဒဂုံကို မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းနှင့် ဆိပ်ကမ်းဟူ၍ လေးမြို့နယ်ခွဲထား သည်။

ဒဂုံမြို့သစ်တွင် ပေ ၄၀×ပေ ၆၀ အကွက်ပေါင်း ၁၈၀၀၀၀ကျော် ဖော်ထုတ်ခဲ့ရာ ယခုအခါ ၁၇၀၀၀၀ ကိုနေရာချထားပြီးဖြစ်၏။ ဒဂုံတောင်ပိုင်းတွင် တည်ထောင်ခဲ့သော စက်မှုဇုန်သည် ရန်ကုန်မြို့၏အချက်အချာကျသော စက်မှုဇုန်အဖြစ် ကျော်ကြား ထင်ရှားလျက်ရှိသည်။ တစ်ဖန် ဒဂုံ အရှေ့ပိုင်းနှင့် ဆိပ်ကမ်းမြို့နယ်များတွင် စက်မှုဇုန်လျာထား ဖော်ထုတ်လျက်ရှိသည်။ ရွှေပြည်သာ မြို့သစ်နှင့် လှိုင်သာယာ မြို့သစ်များတွင်လည်း စက်မှုဇုန်များ တည်ဆောက် ပေးထားပြီး ဖြစ်သည်။ လှိုင်သာယာစက်မှုဇုန် သည် အကြီးမားဆုံးဖြစ်သည်။

မြို့ပြအဆင့်မြှင့်ခြင်း

ယခုအခါ ရန်ကုန်မြို့ကြီးကို အာရှ၏ ဥယျာဉ်မြို့တော်ကြီးအဖြစ် တည်ဆောက်ရာတွင် ဒလမြို့နှင့် ဆိပ်ကြီးခနောင်တိုမြို့အား မြို့အင်္ဂါရပ်နှင့် အညီ တိုးချဲ့ခဲ့သည်။ တစ်ဖန် မြို့သစ်များအနီးရှိမဓကျေးရွာ၊ တိုးကြောင်ကြီးရွာ၊ ရေတွင်း ချောင်ရွာ၊ သိမ်ချောင်းရွာ၊ အောင်ရတနာရွာ၊ အောင်မင်္ဂလာရွာ၊ဆင်ခြေရာရွာ၊ လှော်ကားရွာ၊ ဇီးကုန်းရွာ၊ မိချောင်းအိုင်ရွာ၊ အုတ်ဖိုရွာ၊ သဲတင်းရွာ တို့အား လည်း စနစ်တကျ မြေနေရာချထားမှုများ ပြုလုပ်၏။

အိမ်ရာမြေကွက်နှင့် စက်မှုမြေကွက်များ ဖော်ထုတ်ခြင်း

ထိုအတောအတွင်း မြို့သစ်များတွင် အိမ်ရာနှင့် စက်မှုမြေကွက်များကို ဖော်ထုတ်ကာ ကာလပေါက်ဈေးဖြင့် ရောင်းချ၍ မြေယာဖွံ့ဖြိုးမှုများကို ဆောင်ရွက်ခဲ့သည်။

သန်လျင်ကျောက်တန်းဖွံ့ဖြိုးရေး

သန်လျင်တံတားကြီး ပြီးစီးမှုနှင့် အတူ သန်လျင်-ကျောက်တန်းဒေသ မြေယာဖွံ့ဖြိုးမှုကိုလည်း လူများ စိတ်ဝင်စားလာခဲ့ကြသည်။ ထို့ကြောင့် သန်လျင်-ကျောက်တန်းဒေသ ဖွံ့ဖြိုးရေးကို မျက်ခြည်မပြတ် ဆောင်ရွက်ခဲ့ရာ ယခုအခါ သန်လျင်-ကျောက်တန်း စက်မှုဇုန်(၁) ကို နိုင်ငံခြားနှင့် ဖက်စပ်တည်ဆောက် လျက်ရှိသည်။ စီမံကိန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၂၇၆.၈) သန်းဖြစ်သည်။

Mingalardon

Industrial Park

ထိုလုပ်ငန်းများအဖြစ် နိုင်ငံတော် အတွက် အကျိုးဖြစ်ထွန်းစေမည့် စက်မှုဇုန်များကိုပါ ဖော်ထုတ် လျက်ရှိရာ မင်္ဂလာဒုံ စက်မှုဇုန်မှာ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံး ဖြစ်နေ၏။


မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ MITSUI Co. LTD တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်သည်။ မင်္ဂလာဒုံစက်မှုဇုန်သည် နိုင်ငံတကာအဆင့်မီ၍ အခြေခံ အဆောက်အအုံများကို ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးနေပြီဖြစ်၏။ စီမံကိန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း (၂၀) ဖြစ်ပါသည်။


နိဂုံး

မြန်မာနိုင်ငံသည် လမ်းတံတားများ အဆောက်အအုံ သစ်များနှင့် စည်ပင်ဖွံ့ဖြိုးလျက်ရှိသည်။ လွန်ခဲ့သော (၁၀) နှစ်က အခြေအနေနှင့် ယခု အခြေအနေသည် လုံးဝကွာခြား သွားပေပြီ။ အထူးသဖြင့် ရန်ကုန်မြို့နှင့် မန္တလေး မြို့တို့တွင် ပိုမိုသိသာလှသည်။ မြန်မာ့မြေယာဖွံ့ဖြိုးရေး မှသည် နိုင်ငံဖွံ့ဖြိုးရေးသို့ တက်လှမ်းနေသော မြန်မာ နိုင်ငံအတွက် များစွာဂုဏ်ယူကြောင်း နိုင်ငံတော်အစိုးရ၏ စေတနာကို လေးစားသမှုရှိလှပါ ကြောင်း တင်ပြ အပ်ပါသည်။

အောင်နိုင်မြင့်









ကျောက်ကပ်အစား:ထိုး:ကုသခြင်း

နိဒါန်း

"ကျောက်ကပ်"ဟူသော စကား:နှစ်လုံး:ကို ကြား:ဖူး:သူ ပေါများ:လှ၏။ သို့သော် ကြား:ဖူး:သူ ပေါများ:သလောက် ၄င်း:၏ သဘောသဘာဝကို တကယ်သိသူကား: အတန်ပင် ရှား:ပေသည်။ ကျောက်ကပ်သည် လူ၏ခန္ဓာကိုယ်မှ အညစ်အကြေး:များ:ကို ကျင်ငယ်ရေ သို့မဟုတ် ဆီး:အဖြစ်စွန့်ထုတ်သန့်စင်ပေး:သော အင်္ဂါဖြစ်သည်ဟု သာမန်မျှသာလူအများ: သိကြသည်။ ခန္ဓာကိုယ်အတွင်း:ရှိ အင်္ဂါအစိတ်အပိုင်း:များ: အား:လုံး: ကောင်း:မွန်စွာ အလုပ်လုပ်နိုင်ရန်အတွက် ယင်း: ကျောက်ကပ်နှစ်လုံး:၏ တာဝန်ကြီး:မား:လှပုံနှင့် လူတစ်ဦး: အတွက် မရှိမဖြစ်လိုအပ်လှပုံကို နက်နက်နဲနဲသိရှိသူ နည်း:ပါး:လှပေသည်။ ကျောက်ကပ်သည် လူခန္ဓာကိုယ်၏ ခါး:ရိုး:အလယ်ပိုင်း: တစ်ဖက်တစ်ချက်စီတွင် လက်သီး:ဆုပ် ပမာဏခန့်ရှိသော အင်္ဂါအစိတ်အပိုင်း:ဖြစ်သည်။

ကျောက်ကပ်၏ လုပ်ငန်း:များ:

(၁) ခန္ဓာကိုယ်အတွင်း:ရှိ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်လာသော အဆိပ်အတောက်များ:ကို သွေး:မှစစ်ထုတ်၍ ဆီး:အဖြစ် စွန့်ပစ်ခြင်း:၊

(၂) သွေး:ဖိအား: ထိန်း:သိမ်း:ခြင်း:၊

(၃) သွေး:နီဥများ: ထုတ်လုပ်ရန်အတွက် လှုံ့ဆော်ပေး:မည့် သွေး:နီဥဓာတ် (Erythropoietin) ဟော်မုန်း:ဓာတ် အမြဲမပြတ်ထုတ်ပေး:ခြင်း:၊

(၄) ကိုယ်တွင်း:ရှိ ဓာတ်ဆား:များ:နှင့်အရည် အချိုး:ညီ မျှတစွာ နှင့် ပမာဏမှန်မှန်ကန်ကန် တည်ရှိရန် ထိန်း:သိမ်း:ပေး: ခြင်း:၊

(၅) ဓာတ်ဆား:သဘာဝ ACID, BASE အခြေအနေပုံမှန် ဖြစ်စေရန် ညှိပေး:ခြင်း:၊

(၆) ထိရောက်သော ဗီတာမင်ဒီ(Active Vitamin D) ဖြစ်ရန် ပြုလုပ်ပေး:ခြင်း:ဖြင့် အရိုး:ရောဂါဖြစ်ခြင်း:မှ ကာကွယ်ပေး:ခြင်း:၊

အချုပ်ဆိုရသော် ခန္ဓာကိုယ်၏အတွင်း:ပတ်ဝန်း:ကျင်နှင့် စက်ယန္တရား:တစ်ခုလုံး: ကမောက်ကမ ဖြစ်ခြင်း:မှ ကာကွယ်ရန်နှင့် ပုံမှန်လည်ပတ်စေရန် အလို့ငှာ ကျောက်ကပ်၏အခန်း:ကဏ္ဍမှာ လွန်စွာမှပင်အရေး:ပါ အရာရောက်လှပေသည်။ သို့ဖြစ်ရာ ကျောက်ကပ်သည် အသက်နှင့်ထပ်တူ စောင့်ရှောက်အပ်သော အရာတစ်ခု ဖြစ်ကြောင်း: အထူး:ဖော်ပြရန် လိုအံ့မထင်ပေ။

သိထား:အပ်သော ရောဂါလက္ခဏာများ:

ကျောက်ကပ်လုပ်ငန်း: အဆုံး:စွန်ပျက်စီး:ခြင်း:ရောဂါ (End Stage Renal Disease) သည် တစ်နှစ်လျှင် လူဦး:ရေ တစ်သန်း:တွင် လူ(၁၀၀)ဦး:ခန့်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင် နှစ်စဉ်လူနာ ၄၈၀၀ ခန့် ရှိမည်ဟု ခန့်မှန်း:ရပေသည်။ ကျောက်ကပ်စတင်ပျက်စီး:သည်နှင့် လူနာအနေဖြင့် ရောဂါ ဖြစ်နေကြောင်း: သိရှိရန်မလွယ်ကူလှပါ။ ကျောက်ကပ် လုပ်ငန်း: ၃ ပုံ ၂ ပုံခန့် ပျက်စီး:ပြီး:မှသာ သွေး:ထဲတွင် အညစ်အကြေး:ဓာတ်များ: စတင်များ:ပြား:လာသည်ကို ဓာတ်ခွဲစစ်ဆေး:တွေ့ရှိရပြီး: ၄ ပုံ ၃ ပုံခန့် ပျက်စီး:ပြီး:မှသာ ရောဂါ၏ လက္ခဏာများ: စတင်ပြသလာပါသည်။ ကျောက်ကပ် လုပ်ငန်း: ၅ % ခန့်သာ ရှိသည့်အချိန်ကျမှာသာလျှင် ရောဂါ၏ လက္ခဏာများ: စုံစုံလင်လင် (Overt Signs and Symptoms of Uraemia) ဖြစ်ပေါ်လာပါတော့သည်။ ရောဂါ၏ ယေဘုယျသွင်ပြင်လက္ခဏာများ:ကို အောက်တွင်ဖော်ပြထား:ပါသည်။

(၁) နေထိုင်မကောင်း:ကာ ကိုယ်လက်မအီမသာဖြစ်ခြင်း:၊

(၂) တစ်ကိုယ်လုံး: နုံး:ချည့်ကာမလုပ်ချင်မကိုင်ချင်ဖြစ်ခြင်း:၊

(၃) မောပန်း:လွယ်ခြင်း:၊

(၄) အစာ:အသောက်ပျက်ခြင်း:၊

(၅) မနက်ခင်း:ပိုင်း:တွင် အထူး:သဖြင့် ပျို့အန်ခြင်း:၊

(၆) ဝမ်း:ချုပ်ဝမ်း:ပျက် မကြာခဏဖြစ်ခြင်း:၊



ကျောက်ကပ်လုံးဝပျက်စီးနေသူများ ဆက်လက်အသက်ရှင်နိုင်ရန် စက်ဖြင့် အဆိပ်အတောက်များ ဆေးကြောပေးနေပုံ

(၇) ခေါင်းကိုက်ခြင်း၊
(၈) အမြင်မကြည်လင်ခြင်း၊
(၉) အရေပြား ယား ယဲ့ခြင်း၊
(၁၀) သွေး အား နည်းခြင်း၊
(၁၁) အရေပြား ညိုညစ်ညစ်အရောင်ဖြစ်လာခြင်း၊
(၁၂) လိင်စိတ်အား နည်းခြင်း။

အထက်ပါ ရောဂါလက္ခဏာများကို ခံစားရသူများ အနေဖြင့် မိမိကိုယ်မိမိ ကျောက်ကပ်ရောဂါဖြစ်ပွား နေပြီဟု သံသယဖြစ်မိသူနည်းပါးပေလိမ့်မည်။ သက်ဆိုင်ရာ ဆရာဝန်နှင့် စစ်ဆေးမှသာ ကျောက်ကပ် ပျက်စီးခြင်း ရောဂါ စတင်ဖြစ်ပွား နေကြောင်း သိရှိနိုင် ပါမည်။ မိမိတွင် သွေး အား နည်းနေခြင်း၊ သွေးတိုးခြင်း၊ သွေးဓာတ်ခွဲ စစ်ဆေးရာတွင် ယူရီးယား (Urea) နှင့် ကရိရေတင်နင်း (Creatinine) ခေါ် အညစ်အကြေးဓာတ်များ တက်နေပြီး ဆီး တွင်လည်း အသားဓာတ်များ ပါရှိနေခြင်း တွေ့ရပါက ကျောက်ကပ်ရောဂါ ဖြစ်နေပြီဖြစ်ကြောင်း ကောက်ချက်ချ နိုင်ပါသည်။ အဆုံးစွန် ကျောက်ကပ်ပျက်စီးခြင်းရောဂါ၏ နောက်ဆုံးအဆင့် ရောဂါလက္ခဏာများအနေဖြင့် ကြို. ထိုးခြင်း၊ အရေပြား အလွန်အမင်းယားယဲ့ခြင်း၊ ကြွက်သား များ လှုပ်ခါယမ်းခြင်း၊ အသိအာရုံ ယိုယွင်းလာခြင်း၊ တက်ခြင်းနှင့် နောက်ဆုံး သတိမေ့မြောကာ အသက် ဆုံးရှုံးခြင်းအထိ ဖြစ်နိုင်ပါသည်။

ကျောက်ကပ် ပျက်စီးခြင်းရောဂါ ဖြစ်စတွင် ဆေးဖြင့် ကုသနိုင်မည်ဖြစ်သော်လည်း ရောဂါ၏အဆင့် ရောဂါ၏ ဇာစ်မြစ်ပေါ်မူတည်ကာ ပျောက်ကင်းနိုင်ခြေရှိမရှိ အသေ အချာမပြောနိုင်ချေ။ ဆေးဝါးများသည်လည်း ရောဂါ၏ တိုးတက်မှုနှုန်းကို တန့်ထားရုံ၊ နှေးကွေးသွားရုံသာ စွမ်းဆောင်နိုင်ပြီး၊ အဆုံးစွန်ကျောက်ကပ်ပျက်စီးခြင်း ရောဂါအဆင့်သို့ မလွဲမသွေ ရောက်ရှိမည်ဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် ကျောက်ကပ်ပျက်စီးခြင်းရောဂါ မဖြစ်ပွားရလေအောင် ကျောက်ကပ်ရောင်ရောဂါဖြစ်သည့် အဆင့်တွင် စောစောစီးစီး အချိန်မီ ထိထိရောက်ရောက် ကုသရန် လွန်စွာမှပင် အရေးကြီးလှပါသည်။

ကုထုံးအထွေထွေနှင့်အကျိုးအပြစ်များ

ကျောက်ကပ်အဆုံးစွန်ပျက်စီးခြင်းအဆင့်အထိ ရောက်နေသည့် ရောဂါရှင်လူနာများအတွက် ကမ္ဘာအရပ်ရပ်ရှိ ပညာရှင်များ၏ကြိုးပမ်းမှု၊ သုတေသနပြုမှုများကြောင့် ယခုအခါ Renal Replacement Therapy ခေါ် (ကျောက်ကပ်) လုံးဝ ချွတ်ယွင်းသွားစေကာမူ ခေတ်မီနည်းပညာကို အသုံးပြုခြင်းဖြင့် ကျောက်ကပ်လုပ်ငန်းကို ပုံမှန်ပြန်လည် ရရှိအောင် စက်များဖြင့်လည်းကောင်း၊ အင်္ဂါအစားထိုးခြင်း ဖြင့်သော်လည်းကောင်း ဆောင်ရွက်ပေးနိုင်ပါသည်။ အခြားမည်သည့်ကိုယ်အင်္ဂါအစိတ်အပိုင်းကိုမျှ ကျောက်ကပ်ကဲ့သို့ ရှည်ကြာစွာ အသက်ရှင်နိုင်အောင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါ။ (၂၀) ရာစုနှစ်၏ အတိုးတက်ဆုံး ဆေးပညာ အစိတ်အပိုင်းဟုလည်း ဆိုရမည်ဖြစ်ပါသည်။

သွေးသန့်စင် ဆေးကြောနည်းတွင် (က) Haemodialysis ခေါ် လူနာ၏သွေးများအား သွေးသန့်စင်စက်ထဲတွင် လှည့်ပတ်စေပြီး အဆိပ်အတောက်များ ထုတ်ပြီးမှ ခန္ဓာကိုယ်ထဲ ပြန်လည်သွင်းပေးနည်းနှင့် (ခ) Continuous Ambulatory Peritoneal Dialysis (CAPD) ခေါ် လူနာ၏ဝမ်းခေါင်းထဲသို့ သွေးသန့်စင်ဆေးကြောမည့် အရည်အား (၂၄) နာရီပတ်လုံး အသွင်းအထုတ်ပြုလုပ်ပေးခြင်းဖြင့် သွေးသန့်စင်အောင်ပြုလုပ်နည်းဟူ၍ နှစ်မျိုးနှစ်စား ရှိပါသည်။

Haemodialysis ခေါ် ပထမနည်းဖြင့် ကုသခြင်းတွင် တစ်ပတ်လျှင်အနည်းဆုံး (၈) နာရီမှ (၁၂) နာရီခန့်စက်တင်ဆေးကြောကုသခြင်းဖြင့် စက်အပေါ် အမြဲမှီခိုနေရသဖြင့် စက်မရှိသောအရပ်ဒေသသို့ သွားရောက်နေထိုင်ရပါက ဤနည်းကိုအသုံးပြုရန်မဖြစ်နိုင်ချေ။ ၄င်းအပြင် ခန္ဓာကိုယ်ရှိရေများအား အတိုင်းအတာတစ်ခုအထိသာ ဖယ်ရှားထားနိုင်သဖြင့် ရေဝဝသောက်သုံးရန် အခြေအနေမပေးပါ။ ထို့ပြင် သွေးအားနည်းရောဂါ၊ အရိုးရောဂါနှင့် လိင်စိတ်အားနည်းသောရောဂါများ ဆက်လက်ခံစားနေ ရဦးမည်ဖြစ်ပါသည်။ ကုန်ကျစရိတ်မှာလည်း ဆေးဖိုးမပါ စက်တင်ခ

ကျောက်ကပ်အစားထိုးကုသမှုအတွက် မြန်မာနိုင်ငံမှ ပညာရှင်များနှင့် သြစတြေလျနိုင်ငံမှပညာရှင်များတွေ့ဆုံဆွေးနွေးအပြီးအမှတ်တရ



သက်သက်ပင်လျှင် တစ်လလျှင်ကျပ်ငွေ တစ်သိန်းခွဲခန့် မှန်မှန်ကုန်ကျမည်ဖြစ်ပါသည်။

ဒုတိယနည်းလမ်းဖြစ်သော CAPD ကုထုံးတွင် စက်အပေါ် မှီခိုရမှုမရှိပါ။ သို့သော်လည်း ဝမ်းဗိုက်ခေါင်းထဲသို့ အရည် အသွင်းအထုတ်လုပ်ရန် ပိုက်အမြဲ ထည့်ထားရသဖြင့် ပိုးဝင်ပြီးဗိုက်အမြှေးပါးရောင်ကာ ဒုက္ခပေးတတ်ပေသည်။ ကုန်ကျစရိတ်မှာလည်း စက်တင်ကုသသည်ထက် ပိုမိုမျှားပြားပေသည်။

အစားထိုးကုသခြင်းနှင့် နှောက်ဆုံး သုတေသနရလဒ်များ

ကျောက်ကပ်အစားထိုးခြင်းမှာမူ ဆေးမျှားမှန်မှန် မှီဝဲရခြင်း၊ ဆေးစစ်ခြင်းမျှား ပြုလုပ်ရခြင်းမှလွဲ၍ လူနာသည် လူကောင်းပကတိကဲ့သို့ သွားလာကာ အလုပ်ပြန်လည် လုပ်ကိုင်နိုင်ပေသည်။ ရေရှည်ကုန်ကျမှု သက်သာသည့် အပြင် အအောင်မြင်ဆုံး အဂိါအစားထိုးလုပ်ငန်းဖြစ်သည့် အတွက်လည်း အကောင်းဆုံးကုထုံး တစ်ခုအဖြစ် ယခုအခါ တစ်ကမ္ဘာလုံးက သတ်မှတ်ထားပြီး ဖြစ်ပေသည်။

ကျောက်ကပ်အစားထိုးခြင်း အောင်အောင်မြင်မြင် ပြုလုပ်ရန် အတွက်၊ ဆရာဝန်များအနေဖြင့် နှစ်ပေါင်းများစွာ ကြိုးပမ်းအားထုတ်ခဲ့ရပေသည်။ ကမ္ဘာတွင် ပထမဆုံး ကျောက်ကပ် အစားထိုးခြင်းကို ၁၉၀၂ ခုနှစ်တွင် ခွေးများ၌ စမ်းသပ်ခဲ့ပြီး လူတွင်မူ ၁၉၀၆ ခုနှစ်တွင် ပြုလုပ်ခဲ့ပါသည်။ ၁၉၁၂ ခုနှစ်တွင် ဆေးသိပ္ပံပညာဆိုင်ရာ နိုဗယ်ဆုကို ဒေါက်တာ ကာရဲလ် Carrel ဆိုသူဆရာဝန်ကြီးသည် သူ၏ ကျောက်ကပ်အစားထိုးလုပ်ငန်း သုတေသနအတွက် ဆွတ်ခူးခဲ့ပါသည်။


ကမ္ဘာတွင် ပထမဆုံးလူသားကျောက်ကပ် အသုံးပြုပြီး အစားထိုးခြင်းကို ၁၉၃၃ ခုနှစ်တွင်ပြုလုပ်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင် ကိုယ်ခံအားအရေးပါပုံနှင့် Rejection ခေါ် လူနာ၏ ခန္ဓာကိုယ်က လက်မခံဘဲ တိုက်ထုတ်ခြင်းကြောင့် အစားထိုးသော ကျောက်ကပ်ရေရှည်အလုပ်မလုပ်နိုင်ခြင်း သဘောကို သိရှိခဲ့ပါသည်။ သွေးသားရင်းချာမှကျောက်ကပ် ပေးလူပြီး အစားထိုးခြင်းကို ၁၉၅၄ ခုနှစ်တွင် စမ်းသပ်ပြုလုပ်ခဲ့ပါသည်။ လုံးဝတူသော အမွှာမောင်နှမ (Identical Twins) များအချင်းချင်း ပေးလူပြီးကုသခြင်းကို ၁၉၅၄ ခုနှစ်တွင် ဒေါက်တာမာရေး Murray ဆိုသူ ဆရာဝန်က ဘော့စတွန်မြို့တွင် ပြုလုပ်ခဲ့ပြီး သူ၏လူနာ အချို့မှာ ယခုတိုင် အသက်ရှင် လျက် ရှိ ကြပေသည်။

၁၉၅၉ ခုနှစ်တွင် ကိုယ်ခံအားကို နှိမ့်ချထားပြီးမှ ကျောက်ကပ် အစားထိုးခြင်းကို စမ်းသပ်ပြုလုပ်ခဲ့ကာ ၁၉၆၂ ခုနှစ်တွင် အသားမျှင်အုပ်စု တူမတူ စစ်ဆေးပြီးမှ ပြုလုပ်စမ်းသပ်ခဲ့ပါသည်။ ၁၉၇၈ခုနှစ်တွင်မှ Cyclosporine ဆေးကို ကိုယ်ခံအားနှိမ့်ချရာတွင် စတင်အသုံးပြုလုပ်ခဲ့ပါသည်။ ဆေးပညာဆိုင်ရာ နိုဗယ်ဆုကို ၁၉၉၂ ခုနှစ်တွင် ဒေါက်တာမာရေးသည် ကျောက်ကပ် အစားထိုးသုတေသနလုပ်ငန်းအတွက် ဆွတ်ခူးရရှိခဲ့ ပါသည်။

ကျောက်ကပ်လုပ်ငန်း အဆုံးစွန် ပျက်စီးခြင်းအဆင့်သို့ ရောက်နေသော လူမမာများအတွက် အသက်ဆက်လက်ရှင်သန်နိုင်ရန် တစ်ပါးသူထံမှ ကျောက်ကပ်တစ်လုံး ဖြတ်ယူ၍အစားထိုးကုသအောင်မြင်ပါက လူကောင်းပကတိကဲ့သို့ နေထိုင်လုပ်ကိုင်နိုင်ကာ စက်အပေါ်မှီခို နေရသောဒုက္ခ၊ ကျောက်ကပ်မကောင်းခြင်း၊ အာနည်းခြင်း၊ အရိုးရောဂါခံစားရခြင်း၊ ရေစိမ်ကြွက်မသောက်နိုင်ခြင်း၊ လိင်စိတ်အားနည်းခြင်း စသောဒုက္ခ အပေါင်းမှ လွတ်ကင်းပြီး စိတ်ကြိုက်သွားလာလုပ်ကိုင်နိုင်ပေသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်

ကျောက်ကပ်အဆုံးစွန်ပျက်စီးခြင်း အဆင့်သို့ရောက်ရှိနေသော လူမမာများအတွက် အသက်ကယ်တင်ရန်နှင့် အကောင်းဆုံးကုသမှု ပေးနိုင်ရန်နည်းလမ်းမှာ ကျောက်ကပ်အစားထိုးကုသခြင်းပင် ဖြစ်ပါသည်။ ကမ္ဘာနှင့် အဝန်းတွင် ဤကျောက်ကပ်အစားထိုးကုသမှုမှာလည်း ထူးထူးခြားခြား အောင်မြင်နေပြီဖြစ်၍ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ညွှန်ကြားချက်နှင့် အညီ မြန်မာအသိပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် ကိုယ့်အားကိုယ်ကိုးပြီး၊ မိမိခြေထောက်ပေါ်မိမိရပ်တည်၍ ကိုယ့်နည်းပညာနှင့် ကိုယ်၊ နိုင်ငံခြားစံချိန်မီလုပ်ကိုင်နိုင်ရန် အမျိုးသားကျန်းမာရေး ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) နှင့် ကျန်းမာရေးဝန်ကြီးတို့ အကြိမ်ကြိမ်



ပေးလူသည့် ကျောက်ကပ်အတွင်းမှ သွေးများအား အအေးခံဆေးရည်ဖြင့် ဆေးကြောနေစဉ်

ညှိနှိုင်းဆွေးနွေး၍ သက်ဆိုင်ရာ ပညာရှင်များအား၊ ပြည်တွင်းပြည်ပတွင် လေ့ကျင့်ပညာပေးခြင်း၊ မရှိမဖြစ်လိုအပ်သော ပစ္စည်းပစ္စယများကို ပံ့ပိုးဖြည့်ဆည်းပေးခြင်း အစရှိသော ပံ့ပိုးမှုအဝဝကို အဘက်ဘက်မှ လိုလေသေးမရှိအောင် ပြုလုပ်ပေးပြီး ဤကျောက်ကပ်အစားထိုးကုသရေး စီမံချက်ကို အကောင်အထည်ဖော်စေခဲ့ပါသည်။

လုပ်ထုံးလုပ်နည်းများ

ခွဲစိတ်ခြင်းမပြုမီ

ကျောက်ကပ်အစားထိုးခြင်းဟု ဆိုရာ၌ လူနာ၏ရောဂါဖြစ်နေသော ကျောက်ကပ်အား ထုတ်ယူပြီး၄င်းနေရာတွင် လူဒါန်းမည့်ကျောက်ကပ်အား အစားထိုးခြင်း မဟုတ်ချေ။ ရောဂါဖြစ်နေသောကျောက်ကပ်များအား နဂိုမူလအတိုင်းထားပြီး၊ အစားထိုးကျောက်ကပ်အား ဝမ်းဗိုက်ညာဘက် အောက်ပိုင်းတွင် မြှုပ်နှံကာ ညာခြေထောက်သို့သွားသည့် သွေးလွှတ်ကြောမကြီး၊ သွေးပြန်ကြောမကြီးနှင့် သွေးကြောချင်း ဆက်ပေးကာ ဆီးပြွန်အား လည်း ဆီးအိမ်ထဲသို့ ဆက်သွယ်ပေးခြင်း ဖြစ်ပါသည်။

ကျောက်ကပ်အစားထိုး ကုသမှုအောင်မြင်ရန်အတွက် လက်ခံမည့်သူ၏ ကိုယ်ခံအား ကို အတိုင်းအတာတစ်ခုအထိ နှိမ့်ချထားရပါမည်။ ကိုယ်ခံအား နှိမ့်ချမှုများသွား လျှင်လည်း AIDS ရောဂါရှင်များကဲ့သို့ Infection ရောဂါပိုးများ၏ ဒဏ်ကို မခံနိုင်၍ အသက်ဆုံးနိုင်ပါသည်။ ကိုယ်ခံအား နှိမ့်ချမှု နည်းသွား လျှင်လည်း အစားထိုး လိုက်သော ကျောက်ကပ်မှာ ကိုယ်ခံအား၏ တိုက်ထုတ်ခြင်း (Rejection) ကြောင့် ပျက်စီးနိုင်ပါသည်။

ကျောက်ကပ်အစားထိုးနိုင်ရန် လူဒါန်းသူနှင့် လက်ခံမည့်သူများမှာ သွေးအုပ်စုတူ(Blood Group Compatible) ဖြစ်ရပါမည်။ ထို့ပြင် အသားမျှင်အုပ်စု လက်ခံနိုင်မည့်သူများ: (Compatible Tissue Typing and Cross Match Negative) လည်း ဖြစ်ရပါမည်။ ကျောက်ကပ်လူဒါန်းနိုင် သူများမှာ ဆွေမျိုးအရင်းအချာမှ လူဒါန်းခြင်း (ဥပမာ – အဖေ၊ အမေ၊ ညီအစ်ကို၊ မောင်နှမ၊ သားသမီး) နှင့် ဆွေမျိုးတော်စပ်ခြင်းမရှိဘဲ လူဒါန်းခြင်း (Living Related and Unrelated Donor) ဟူ၍ သက်ရှိလူဒါန်းခြင်း အုပ်စုတွင် နှစ်မျိုးဖြစ်နိုင်ပြီး သေဆုံးခါစလူမမာထံမှ ရရှိခြင်း(Brain Death Patients-Cadaveric Transplants) မျိုးလည်း ဖြစ်နိုင်ပေသည်။ သက်ရှိကျောက်ကပ်လူဒါန်းသူသည်လည်း သက်တမ်းစေ့နေနိုင်ပါသည်။ ယင်းသို့လူဒါန်းလိုက်ခြင်းကြောင့် ကျောက်ကပ်ရောဂါ ဖြစ်လာနိုင်ရန် အလားအလာမှ ပိုများမလာပါ၊ လူသာမန်အတိုင်းပင် ဖြစ်ပါသည်။

ကျောက်ကပ်အစားထိုးလုပ်မည့် လူနာနှင့်၊ လူမည့်သူသည် မောင်နှမအရင်းအချာ သို့မဟုတ် မိဘနှင့် သားသမီး ဖြစ်လျှင် အသားမျှင်အုပ်စုတူရန် အခြေအနေရှိသည့်အတွက် လူနာ၏ခန္ဓာကိုယ်က လက်ခံဖို့အခွင့် အလမ်းပိုများပါသည်။ လူမည့်လူနှင့် လက်ခံမည့်လူသည် သွေးအုပ်စုတူ ဖြစ်ရပါမည်။ ဆိုလိုသည်မှာ လူမည့်လူ၏သွေးကို

လက်ခံမည့်လူထဲသွင်းပေးခြင်းကြောင့် အန္တရာယ်လုံးဝမရှိစေရန် လိုပါသည်။ ထိုကဲ့သို့ သွေးအုပ်စုတူဖြစ်မဖြစ် အသားမျှင်အုပ်စုတူမတူ Tissue Typing and Cross Matching ကိုယခုလောလော ဆယ်၌ဗန်ကောက်မြို့သို့ ပို့၍ စစ်ဆေးမှု ပြုလုပ် ရပါသည်။

ထိုသို့ သွေးအုပ်စုနှင့် အသားမျှင်အုပ်စု တူမတူ စစ်ဆေး၍ တူကြောင်းတွေ့ရှိပြီးနောက် လူဒါန်းမည့်လူသည် ကျန်းမာရေး တကယ်ကောင်းပြီး သွေးတိုးကင်းစင်လျက် ကျောက်ကပ်ရောဂါလုံးဝမရှိသူဖြစ်ကြောင်း သေချာသထက်သေချာစေရန် အထပ်ထပ်အခါခါ စစ်ဆေးမှုများပြုလုပ်ရပါသည်။ (ဆရာဝန်များသည် မိမိတို့၏ လူနာအသက်ကယ်တင်နိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းကြသည်မှာ သဘာဝကျသော်လည်း မိမိလူနာ ပြန်လည်ကျန်းမာရန်အတွက် အခြားသူတစ်ဦးတစ်ယောက်၏ ကျန်းမာရေးကို မထိခိုက်စေရန်၊ သက်တမ်းစေ့နေနိုင်စေရန်မှာလည်း ဆရာဝန်ကျင့်ဝတ်အရ အရေးကြီးလှပါသည်။) အဘက်ဘက်မှ သေချာစွာ စစ်ဆေးပြီးနောက် ၄င်းထံတွင် ကူးစက်တတ်သောရောဂါကင်းဆာအစရှိသော ကျောက်ကပ်လက်ခံမည့်လူကို ကူးနိုင်မည့်ရောဂါများ မရှိကြောင်း သေချာစေရန်ထပ်မံစစ်ဆေးမှုများပြုရပါသည်။ အားလုံးအဆင်ပြေပြီဆိုမှသာလျှင် ၄င်း၏ လူဒါန်းလိုသောစိတ်ဆန္ဒသည် မိမိကိုယ်ပိုင်သဘောအလျောက်ဖြစ်ကြောင်း သေချာ စေရန်၊ ၄င်း၏ မိသားစုနှင့်တခြားစီထား၍ (Board) အဖွဲ့က မေးမြန်းရပါသည်။ မိဘသို့မဟုတ် မိသားစုတစ်ဦးဦး၏ ဖိအားပေးမှုကြောင့် မိမိဆန္ဒမပါလှူရသည့်အဖြစ်မျိုးကို ကာကွယ်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။


ဖော်ပြပါအတိုင်း အထပ်ထပ်စစ်ဆေးပြီးနောက် လူဒါန်းနိုင်ကြောင်း သေချာသည့်အခါတွင် လူဒါန်းသူ၏ ကျောက်ကပ်များ၏သွေးကြောများအခြေအနေအတိအကျ သိရှိရန် ကျောက်ကပ်ဆေးထိုးဓာတ်မှန်ရိုက်ခြင်း (Renal Angiogram) ပြုလုပ်စစ်ဆေးပြီး ဘယ်ဘက် သို့မဟုတ် ညာဘက် မည်သည့်ဘက်က ကျောက်ကပ်ကိုယူမည်ကို ဆုံးဖြတ်ရပါသည်။

လူမည့် လူအနေဖြင့် ခွဲစိတ်မှုဒဏ် ခံနိုင်ရန်နှင့် မေ့ဆေးဒဏ်ခံနိုင်ရန်အတွက် ကိုယ်အလေးချိန် ထိန်းသိမ်းခြင်း (Body Weight Control) ဆေးလိပ်ဖြတ်ခြင်း၊ အသက်ရှူလေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်း စသည့် သင်ခန်းစာများလည်း ပေးထားရပါသည်။

လက်ခံမည့် ကျောက်ကပ် အဆုံးစွန်ပျက်စီးနေသူ လူနာမှာ သေအံ့ဆဲဆဲ၊

- ဆီးဆိပ်များတက်ခြင်း၊
- ဖေါရောင်ခြင်း၊ သွေးတိုးခြင်း၊
- နှလုံးသွေးကြောကျဉ်း နှလုံးအားနည်းခြင်း၊
- ဓာတ်ဆားအခြေအနေများယိုယွင်းခြင်း၊
- သွေးတွင် ငရဲမီးနှင့် အငန်ဓာတ်အခြေအနေ Acid, base, status များ ယိုယွင်းခြင်း

စသည့် အခြေအနေသို့ ရောက်နေလေ့ရှိသဖြင့် ခွဲစိတ်



ပေးလှူသောကျောက်ကပ်အား သွေးကြောများနှင့် ဆက်သွယ်ပြီးနောက်

အစား:ထိုး:သည့်အချိန်တွင် တတ်နိုင်သမျှ အကောင်:ဆုံး: အနေအထား:ဖြစ်စေရန်၊

- နောက်ထပ်စက်တင်ဆေး:ကြောခြင်း:၊
- လိုအပ်သောသွေး:တိုး:ကျဆေး:၊ နှလုံး:ဆေး:များ: ပေး:ခြင်း:၊
- သွေး:အား:နည်း:သက်သာရန် (Eprex)အစရှိသော ဆေး:ဝါး: များ:ထိုး:ပေး:ခြင်း:များ: ပြုလုပ်ပြီး:ခွဲစိတ်မှုဒဏ်၊ ကိုယ်ခံအား:နိမ့်ချရာတွင် အသုံး:ပြုမည့် ဆေး:ဝါး:များ:ဒဏ်၊ ၄င်း:ပြင်ရောဂါပိုး:များ: ဝင်ရောက်ခဲ့လျှင်လည်း: အမြန်ဆုံး:ကုသနိုင်ရန်နှင့် ဒဏ်ခံနိုင်ရန် အမျိုး:မျိုး:စစ်ဆေး:ကုသမှုကို ပြုလုပ်ရပါသည်။

ကိုယ်ခံအား:ကို အတိုင်:အတာတစ်ခုအထိ နှိမ့်ချရမည်ဖြစ်၍ ၄င်း:ထဲတွင် Bacteria, Viral, Fugal, Infections ရောဂါပိုး:အမျိုး:မျိုး: ကင်း:စင်နေရန် အရေး:ကြီး:ပါသည်။

လူနာ၏ -

- နှလုံး:အခြေအနေ
- သွေး:တိုး:ထိန်း:နိုင်မှု အခြေအနေ
- အဆုတ်အခြေအနေ
- အသည်း:အခြေအနေ
- အစာအိမ်၊ အူလမ်း:ကြောင်း:အခြေအနေ
- ဆီး:လမ်း:ကြောင်း:ဆိုင်ရာ အခြေအနေများ:နှင့် ရောဂါများ:ရှိမရှိကို အသေအချာသိအောင် နည်း:မျိုး:စုံဖြင့် စစ်ဆေး:ရပါသည်။

ဥပမာ

- ပဲ့တင်ဓာတ်မှန် CXR, ECG, Echocardiogram
- အသဲတုန်ခါတီဗွီဓာတ်မှန် Ultrasound Abdomen
- ဗိုင်း:ရတ်ပိုး:စစ်ဆေး:ခြင်း: Viral Studies (HIV, HbsAg, Anti HCV)
- သွေး:တွင်း:ဓာတ်သဘာဝနှင့် ဆီး:ဓာတ်သဘာဝ Biochemical & Urinalysis
- သွေး:စစ်ဆေး:ခြင်း:အမျိုး:မျိုး:၊ ဆီး:စစ်ဆေး:ခြင်း: အမျိုး:မျိုး:
- ခန္ဓာကိုယ်ထဲ ရှုကြည့်ကိရိယာ ထည့်ကြည့်ခြင်း: Endoscopy

ရောဂါရှိမရှိစစ်ဆေး:ပြီး: ရောဂါတစ်စုံတစ်ရာတွေ့ရှိလျှင်လည်း: ကျောက်ကပ်အစား:ထိုး:ခြင်း: မပြုလုပ်မီ ကြိုတင်ကုသခြင်း:များ: ပြုလုပ်ပေး:ထား:ရပါသည်။

ခွဲစိတ်ဒဏ်ကိုသာမက ကိုယ်ခံအား:ကိုအတိုင်:အတာတစ်ခုအထိ နှိမ့်ချရန်လိုအပ်သဖြင့် ၄င်း:ဆေး:များ:၏ ဒဏ်ကို ခံနိုင်စေရန်-ဥပမာသွေး:ထုတ်လုပ်မှုကျဆင်း:ခြင်း: (Bone Marrow Suppression) အသည်း:အဆိပ်အတောက် ဖြစ်ခြင်း: (Hepatotoxicity)၊ ကျောက်ကပ်အဆိပ်အတောက်ဖြစ်ခြင်း: (Nephrotoxicity) အစာအိမ်လေနာထခြင်း:၊ သွေး: ယိုစီး:ခြင်း: (P.U.Exacerbation) များ:မဖြစ်စေရန် ကာကွယ်ခြင်း: (Monitor) မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်း:၊ ကုသခြင်း:၊

ရောဂါပိုး:များ:၏ဒဏ်ကို ခံနိုင်စေရန်-

(၁) ပိုး:မဝင်စေရန် နည်း:မျိုး:စုံသုံး:၍လည်း:ကောင်:

(၂) ဝင်ပြီး:ပိုး:များ:ကိုလည်း: အချိန်မီ သုတ်သင်ရှင်း:လင်း: နိုင်ရန် Prophylactic Antibiotics များ:ပေး:ထား: ရပါသည်။

ခွဲစိတ်ခါနီး:အချိန်တွင် အကောင်:ဆုံး:အနေအထား:ကို ရောက်အောင် အမျိုး:မျိုး:ပြုပြင်ထား:သော်လည်း: ရိုး:ရိုး:ခွဲစိတ်လူနာများ:ထက်(၁)ကိုယ်ခံအား:နှိမ့်ချထား:ခြင်း:၊(၂) ဆီး:ဆိပ်တက်ခြင်း: ၊(၃) သွေး:အား:နည်း:ခြင်း:၊ (၄) နှလုံး:အား: နည်း:ခြင်း:၊ နှလုံး:သွေး: ကြောကျဉ်း:ရောဂါရှိခြင်း:၊ (၅) ဓာတ်သဘာဝများ: Acid Base အခြေအနေ များ:ပြောင်း:လဲနေခြင်း: စသည့်အခြေအနေများ:ကို ပြုပြင်ရာ၌ အကန့်အသတ်ရှိပြီး: ပြုပြင်၍ အထိုက်အလျောက်သာ ရနိုင်ခြင်း: ကြောင့် အခြား:ခွဲစိတ်မှုများ:ထက်ပို၍ အန္တရာယ်ကြီး:မား: ပါသည်။

ထို့ကြောင့် ကျောက်ကပ် ရောဂါသည်များ:ကို အကောင်:ဆုံး: ကြပ်ကြပ်မတ်မတ် ကုနိုင်ရန်အတွက်-

- ကုသမည့်သူ၊ ပြုစုမည့်သူများ:တွင် ကူး:စက် နိုင်သော ရောဂါများ:ကင်း:စင်ကြောင်း: သေချာစေရန် စစ်ဆေး:မှု များ:ပြုလုပ်၍လည်း:ကောင်း:၊
- ထား:မည့်အခန်း:၊ အသုံး:အဆောင်များ:ကို ပိုး:မွှား:ကင်း: စင်အောင် Fumigation ဆေး:ထည့်ခြင်း: လုပ်၍ လည်း:ကောင်း:၊
- ၄င်း:လူနာများ:အနီး:သွား:လျှင် ပိုး:မွှား:သန့်စင်ထား:

သော အဝတ်အစား၊ အသုံးအဆောင်များသာ အသုံးပြု၍ လည်းကောင်း၊

- ကိုင်တွယ်မည့်သူ၏လက်၊ ပစ္စည်းကိရိယာများကို ပိုးသတ်ဆေးများဖြင့် ဆေးကြောသန့်စင်၍ လည်းကောင်း၊
- နှလုံး၊ အဆုတ် O_2 Saturation အစရှိသော Vital Signs များကို ကြပ်ကြပ်မတ်မတ် Monitor လုပ်နိုင်ရန် ခေတ်မီ Monitoring system များကို သုံး၍လည်းကောင်း၊
- တိကျမှန်ကန် မြန်ဆန်သော အဖြေများကို ချက်ချင်းရနိုင်စေရန်၊ ခေတ်မီဓာတ်ခွဲခန်း ကိရိယာများကိုသုံး၍ လည်းကောင်း၊

အဘက်ဘက်မှ လိုလေသေးမရှိအောင် စီစဉ်ထားရပြီး ဆီးကျောက်ကပ်သမားတော် ခွဲစိတ်ဆရာဝန်ကြီးများအဖွဲ့အနေ ဖြင့် မှန်မှန်စစ်ဆေး၍ တာဝန်ကိုယ်စီခွဲဝေသတ်မှတ်ကာ ချက်ချင်းကုသပေးနိုင်ရန် စီစဉ်ထားရပါသည်။-

ခွဲစိတ်ပြီဆိုလျှင်

ခွဲစိတ်ခန်းဝင်တော့မည်ဆိုသည်နှင့် လူမည့်သူ၏ ကျောက်ကပ်သည် ၄င်းထဲမှ ဖြတ်ထုတ်ပြီး၊ လက်ခံမည့်လူ၏ ခန္ဓာကိုယ်ထဲထည့်လိုက်သည်နှင့် တစ်ပြိုင်နက် အလုပ်စလုပ်စေရန် အကောင်းဆုံးအနေအထား ကို ရောက်နေစေခြင်းငှာ၊ လူမည့်သူကို တစ်ညလုံး Fluid load 1.5 litre ခန့် Drip အနေဖြင့် ပေးထားရပါသည်။

လက်ခံမည့်သူ ခွဲစိတ်ခန်းထဲမဝင်မီ ၁ နာရီအလိုမှာ ကိုယ်ခံအား နှိမ့်ချသော ဆေးများဖြစ်သည့် Azathio Prine, Methyl Prednisolone အစရှိသည့် ဆေးများကို အတိုင်းအဆ Dose အတိအကျတွက်ပြီး အဖိတ်အစင် မရှိစေဘဲ လူနာသွေးကြောထဲ တိုက်ရိုက်ရောက်အောင် ထိုးပေးရပါသည်။

အဘက်ဘက်မှ သေချာစွာ ပိုးမဝင်အောင် စီစဉ်ပေးထားလင့်ကစား မတော်တဆဝင်သွားမည့် သာမန်မျက်စိဖြင့် မမြင်ရသော ပိုးမွှားများ၏ အန္တရာယ်ကို ကာကွယ်ရန် အသည်း၊ ကျောက်ကပ်များကို အဆိပ်အတောက်ဖြစ်စေမှု အနည်းဆုံးဖြစ်ပြီး ရောဂါပိုးအတော် များများကို နိုင်နိုင်နင်းနင်းနှိမ်နင်းနိုင်မည့် Antibiotics များပေးထားရပါသည်။

လူနာ၏ သွေးအားသည်လည်း နည်းအမျိုးမျိုးနှင့် မြှင့်တင်ကာမှ Hb 4-6 Gm / L ခန့်သာရှိသည် (လူကောင်း Hb 14 Gm / L) ကျန်သော အခြေအနေများသည်လည်း ဆိုခဲ့ပြီးသည့်အတိုင်း အမျိုးမျိုးပြုပြင်ပြောင်းလဲထားရသောကြောင့်၊ အန္တရာယ်ကြီးမားလှခြင်းကြောင့် ခွဲစိတ်နေစဉ် သွေးများယိုထွက်ခြင်း အနည်းဆုံးဖြစ်အောင် ခွဲစိတ်သူ ဆရာဝန်က ဂရုစိုက်ရသကဲ့သို့ ကျန် ဆီးကျောက်ကပ် သမားတော်နှင့် မေ့ဆေးဆရာဝန်အဖွဲ့ကလည်း -

(၁) နှလုံးအခြေအနေကို B.P.E.C.G Monitor များနှင့်လည်းကောင်း၊

(၂) အဆုတ်အခြေအနေ Respiration Rate (အသက်ရှူနှုန်း) O_2 Saturation (သွေးအတွင်း အောက်စီဂျင်ပြည့် ဝနှုန်း) များကို Monitor ထိန်းစက်များသုံး၍ လည်းကောင်း၊

(၃) Fluid Status (ကိုယ်တွင်းရှိ အရည်အခြေအနေ) ကိုလည်းကောင်း။

ကျောက်ကပ်ကိုလည်း အမြန်ဆုံးအလုပ်လုပ်နိုင်စေ၊ နှလုံးကိုလည်း Extraburden (ပိုခိုင်းခြင်း) မဖြစ်စေရန် Central Venous Pressure line (သွေးပြန်ကြောမဖိအားတိုင်းနိုင်သောပြွန်) သွင်းထားပြီး ၄င်းလူနာအတွက် လိုချင်သည့် Pressure နှာရောက်အောင်၊ ဓာတ်သဘာဝများလည်း အကောင်းဆုံးအနေအထားကို ရောက်နေရလေအောင် Fluid therapy ကို ရွေးချယ်ပြီး ပေးရပါသည်။ Blood, Plasma ,Normal Saline , Dextrose Saline , Ringer lactate , Colloid Solution မည်သည့်အရာကိုသုံးလျှင် လူနာအတွက်အသင့်တော်ဆုံးဖြစ်မည်ဆိုသည်ကို ရွေးချယ်ပြီးသုံးရပါသည်။ သွင်းသည့်နှုန်းထားကလည်း အရေးကြီးသဖြင့် မည်သည့်နှုန်းဖြင့် သွင်းမည်ဆိုသည်ကိုပါ ဆုံးဖြတ်ရပါသည်။

(၄) သွေးသွင်းရန်လိုလျှင်လည်း ရောဂါပိုးကင်းစင်သောသွေး (၄င်္ကဖျား၊ အသည်းရောင်အသား၀ါ၊ ခုခံအားကျဆင်းမှုရောဂါ) (AIDS) Venereal Disease များကင်းစင်သောသွေးဖြစ်ကြောင်း၊ အသေအချာစစ်ဆေးပြီးမှ

စိတ်ချရ သည့်သွေးမျာ:ဖြစ်ရန် စီစဉ်ထာ:ရပါသည်။ သွေ:သွင်:ရန် ဆုံ:ဖြတ်လျှင်လည်း **Serum Potassium level** မည်မျှရှိ သည်ကို စစ်ဆေ:ရပါသည်။ **Potassium** မျာ:သွာ:လျှင် လည်း နလုံ:ဖြူန်:ခနဲရပ်သွာ:ပြီ: လူနာအသက် ဆုံ:သွာ:နိုင် ပါသည်။

(၅) လူဒါန်:သူထံမှ ကျောက်ကပ်ကိုဖြုတ်ပြီ:သည်နှင့် တစ်ပြိုင်နက် ၄င်:ကျောက်ကပ်ကို ပိုးမွာ:ကင်:စင်သောရေခဲ (**Sterile ice**)ထဲထည့်ပြီ: လိုအပ်သည့် သန့်စင်ဆေ:ကြော ခြင်:ကို **Kidney Perfusion Fluid** ဖြင့် ဆေ:ကြောရ ပါသည်။ လူသူ၏သွေ:မျာ: ပိုးကင်:စင်ပြီ: သွေ:ကြောငယ် မျာ: ခဲပိတ်မသွာ:စေရန်နှင့် ၄င်:ကျောက်ကပ် လိုအပ်သော ဓာတ်သဘာဝမျာ: ဆက်လက်ရရှိနေရန် ဆေ:မျာ:ထည့်၍ ဆေ:ကြောရပါသည်။ ထိုသို့ ဆေ:သည့် အရှိန်နှုန်: (**Pressure , Rate**)ကလည်: အရေ:ကြီ:ရာ လိုအပ်သည့်အတိုင်: အတာမှာ ရှိကြောင်: သေချာအောင် သတိပြု၍ လုပ်ဆောင် ရပါသည်။

ခွဲနေစဉ်လည်: ၄င်:ကျောက်ကပ်ကို အေ:နိုင်သမျှအေ: နေစေရန် ရေခဲစိမ်အဝတ်ဖြင့် ပတ်ထာ:ပြီ: ရေခဲရေမျာ:နှင့် တစ်ချိန်လုံ: ဆွတ်ပေ:နေရပါသည်။

(၆) ကျောက်ကပ်ကို လူနာထဲ အောင်မြင်စွာထည့်ပြီ: သွေ:ကြောမျာ:ကို ဖွင့်တော့မည်ဆို သည်နှင့် ၄င်: ကျောက်ကပ်ဆီသို့ သွေ:ကြောမျာ:အကောင်:ဆုံ:အနေ အထာ:ဖြင့် ရောက်ရှိဆက်သွယ်မိအောင် ဆီ:မြန်မြန်ထွက် လာစေရန် **Mannitol , Lasix** အစရှိသော ဆီ:ဆေ:မျာ: ကိုလည်: **C.V. P ,B .P Monitor** လုပ်ပြီ: လူနာ သွေ:ကြောထဲ ထည့်ပေ:ရပါသည်။

(၇) ကျောက်ကပ်ဆီသို့သွာ:သော သွေ:ကြောမျာ:ကို ဆက်ပြီ:၍ ပိတ်ထာ:သောဉပ်မျာ: **Clamps** ကို လွှတ်တော့ မည့်အချိန်တွင် ရင်တမမဖြင့် စောင့်ကြည့်နေရပါသည်။ ကိုယ်ခံအာ:ကို မည်သို့ပင် နှိမ့်ချထာ:စေကာမူ **Tissue Typing + Cross Match OK** သဟဇာတဖြစ်နေစေကာမူ အကြောင်:မသင့်လျှင် **Hyperacute Rejection** ဖြစ်ပြီ: သွေ:ကြောလွှတ် လိုက်သည်နှင့်တစ်ပြိုင်နက် ကျောက်ကပ် ပြာနမ်:သွာ: မည်ဆိုလျှင်ကာ: ချက်ချင်: ၄င်:ကျောက်ကပ် ကိုပြန်ထုတ် မှသာ လူနာအသက်ရှင်ပါမည်။

ကျောက်ကပ်သွေ:ရောင်လွှမ်:ပြီ:လာသည်ကို မြင်ရသောအချိန်၌ တစ်ဆင့် စိတ်အေ:ရသော်လည်: ဆီ: ထွက်မထွက်စောင့်ကြည့်ရပြန်သည်။ ဆီ: ထွက်လာပြီဆိုမှ စိတ်အေ:ရပါသည်။

(၈)ကိုယ်ခံအာ:နှိမ့်ချရာမှာသုံ:သော **Cyclosporin** ဆေ;မှာသုံ:တတ်လျှင်ဆေ:၊ မသုံ:တတ်လျှင် ဘေ:အကြီ: အကျယ်ဖြစ်သဖြင့်၊ သူကိုယ်တိုင်က အတိုင်:အဆ **Dose** မျာ:လွန်:သွာ:လျှင် ကျောက်ကပ်ကို အဆိပ်အတောက် ဖြစ်နိုင်သည့်အတွက် ခွဲစိတ်ပြီ: ၈ နာရီအကြာ ဆီ:မျာ: ထွက်နေပြီ သေချာမှ ၄င်:ဆေ:ကိုတွက်ချက်ပြီ: လူနာအာ: ပါ:စပ်မှတိုက်ရပါသည်။ ၄င်:ဆေ:မှာလုံ:ဝ အတိမ်:အစောင်: မခံသောကြောင့် လိုသည်ထက်ပို၍ ဆေ:မျာ:တိုက်မိခြင်:၊ တိုက်ပြီ:သာ:မသောက်ရသေ:ထင်၍ မှာ:၍ထပ်တိုက်ခြင်:၊ အန်ထွက်ခြင်:မျာ:မရှိစေရန် တိုက်မည့် လူနှင့်လူနာ နှစ်ဦ:လုံ:အာ: အသေအချာမှာထာ:ရပြီ:၊ တိုက်ပြီ:ကြောင်: ကိုလည်: ဆေ:တိုက်သူက မည်ရွေ့မည်မျှတိုက်ထာ:ကြောင်: **Dose** နှင့် လက်မှတ်ထို: မှတ်တမ်:တင်ထာ:ရန် စီစဉ် ထာ:ရပါသည်။

ခွဲစိတ်ခန်:ကထွက်ပြီ ဆိုပြန်တော့

ခွဲစိတ်ခန်:ကထွက်လာလာချင်:မှာ–

မေ့ဆေ:ပေ:ထာ:သည့်အခြေအနေမှပြန်လည်နိုး:ကြာ: လာရန်နှင့်သွေ:လှည့်ပတ်မှုနှင့် အသက်ရှူနှုန်:မျာ: မှန်ကန် စေရန်လူနာအာ:အသက်ပြန်ရှင်အောင် **Resuscitate** ကုရပါသည်။


အရေ:ကြီ:သောလက္ခဏာ

အသက်ရှင်ရပ်လက္ခဏာ **Vital Sign** မျာ:ဖြစ်သည့် အပူရှိန်၊ သွေ:ခုန်နှုန်:၊ အသက်ရှူနှုန်:၊ သွေ:ဖိအာ:**Temp, Pulse, Respiration, B.P** ကို ၁၀ မိနစ် ၁၅ မိနစ် တစ်ကြိမ် ခန့် စောင့်ကြည့် **Monitor** လုပ်နေရပါသည်။

ဆီ:ထွက်နှုန်:နှင့် **C.V.P** ပေါ်မူတည်လျက် မည်သည့် အရည်၊ မည်သည့်နှုန်:နှင့်ပေ:မည်ဆိုသည်ကို ခွဲစိတ်ခန်: ထဲမှာကဲ့သို့ ဆုံ:ဖြတ်ပြီ:ပေ:ရပါသည်။

စပြီ:အလုပ်လုပ်ကာစ ကျောက်ကပ်၏လုပ်အာ:ကို အရိပ်တကြည့်ကြည့်စောင့်ကြည့်ရန်လိုသဖြင့် ၄င်:အလုပ်

ကျောက်ကပ်အစားထိုးကုသခြင်း



ပေးလှူသည့် ကျောက်ကပ်အား လူနာ၏
ဝမ်းဗိုက်လက်ယာဘက်တွင် အစားထိုးအပြီး
တွေ့ရစဉ်

ကျောက်ကပ်အစားထိုး ကုသခဲ့သည့် ဆရာဝန်
ဆရာမများ အဖွဲ့





အမျိုးသားကျန်းမာရေးစောင့်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောက်ကပ်အစားထိုး ကုသမှု ခံယူပြီးနောက် ကျန်းမာနေသော လူနာနှစ်ဦးအား လာရောက် တွေ့ဆုံနှုတ်ဆက်၍ လက်ဆောင်များပေးအပ်စဉ်

လုပ်နိုင်ရန်အကောင်းဆုံးအနေအထားရောက်အောင် စီစဉ်ပေးထားရပါသည်။ သို့မှလည်းကျောက်ကပ်လုပ်အားကျဆင်းလျှင်၊ ရပ်ဆိုင်းလျှင်–

(၁) Rejection ခေါ်တိုက်ထုတ်ခြင်းကြောင့်လော၊

(၂) Infection ခေါ်ပိုးမွှားဝင်ခြင်းကြောင့်လော၊

(၃) Obstruction ခေါ်ဆီးလမ်းကြောင်းမှာ ပိတ်ဆို့မှု တစ်ခုခုဖြစ်ခြင်းကြောင့်လော၊

(၄) Vascular Obstruction ခေါ်ဆက်ထားသည့် သွေးကြောများသွေးခဲ၍ပိတ်သွားခြင်းကြောင့်လော၊

(၅) သို့မဟုတ် Leakage ခေါ်ဆက်ထားသည့်နေရာက ယိုစိမ့်၍အခြားနေရာများသို့ယိုစီးသွားခြင်းကြောင့်လော။

ဆိုသောမေးခွန်းပေါင်းများစွာကိုချက်ချင်းအဖြေထွက်နိုင်ရန် စီစဉ်ထားပြီး ကြိုတင်စစ်ဆေးမှုများ ပြုလုပ်ကာ ဇယားချ နှိုင်းယှဉ်စစ်ဆေး၍ လိုအပ်သလိုကုသခြင်း၊ ဆေးဝါးများ ချိန်ဆပေးခြင်း ပြုလုပ်ရပါသည်။

အထူးသတိပြုရမည့်အချက်များ။

(၁) သွေးကို ရေတွက်ခြင်း Full Blood Count Hb. သွေးနီဥ၊ သွေးဖြူဥ Platelet သွေးများ၏ အခြေအနေကို ကြည့်၍ ဆက်ထားသော သွေးကြောများမှ သွေးယိုစီးခြင်း ရှိ မရှိနှင့် ပေးထားသော ကိုယ်ခံအား နှိမ့်ချဆေး များ၏ အကျိုးသက်ရောက်မှုရှိမရှိကို ချင့်တွက်ကာ ဆေးအလျော့အတိုးများ လုပ်ရပါသည်။

(၂) ကျောက်ကပ် လုပ်အားတိုင်းတာခြင်း Urea, Creatinine

ထည့်ထားသော ကျောက်ကပ်၏ လုပ်အား ပမာဏ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ တက်နေသော ဆီးဆိပ်များ တဖြည်းဖြည်း ကျလာပြီး လူကောင်းကဲ့သို့ အခြေအနေများ ရက်ပိုင်းအတွင်း ရောက်လာမည်ဖြစ်ပါသည်။ အကယ်၍ ရောက်မလာဘဲ တန့်နေခြင်း၊ ပြန်

တက်ခြင်:ဖြစ်လျှင်မူကား:Rejection လက်မခံ ဘဲ တိုက်ထုတ်မှုကြောင့်လော၊ Obstruction ဆီး:လမ်း:ကြောင်း: ပိတ်ဆို့ခြင်း:ကြောင့်လော၊ ဆေး:များ:ကြောင့် အဆိပ်အတောက်ဖြစ်ခြင်း: လော၊ Infection ရောဂါပိုး:ဝင် ခြင်း:ကြောင့် လော ဆိုသည့် မေး:ခွန်း:များ:စွာကို ရင်ဆိုင် ဖြေရှင်း:ရတော့်မည် ဖြစ်ပါသည်။

(၃) **ဓာတ်ဆား:များ:အခြေအနေ Electrolytes**

ကျောက်ကပ်ပြန် အလုပ်လုပ်စချိန်မှာ ဆီး:ကို Concentrate မလုပ်နိုင်သောကြောင့် လည်း:ကောင်း၊ ယင်း:ကျောက်ကပ်မြန်မြန် အလုပ်လုပ်စေရန် ထို:ထား:သောဆီး:ဆေး: များ:ကြောင့်လည်း:ကောင်း: ဆီး:ဒလဟော ထွက်ပြီး: တစ်ညတွင်း:၌ 6-8L ခန့် ထွက်လာ နိုင်သဖြင့် ၄င်း:ကို မီအောင် သင့်တော်သော အရည်များ: ပြန်ဖြည့်ပေး:ရပါသည်။ ဆီး:ထဲမှာ ဆုံး:ရှုံး:သွား:သော ဓာတ်ဆား:ပမာဏကိုလည်း: အမှန်အတိုင်း:ပြန်ဖြည့်ပေး:ဖို့ လိုအပ်ပါသည်။ သာမန်ဝမ်း:လျှောသူပင် အသက်အန္တရာယ် ရှိနိုင်သေး:သဖြင့် ဆီး:လျှောသူလည်း: ထို့အတူ အန္တရာယ်ရှိပါသည်။ ထို့ကြောင့် ဓာတ်ဆား: အရည်အတိုင်း:အဆ Ratio မှန်အောင် တွက်ချက်ပြီး:၊အရည်များ: ပြန်လည်ဖြည့်တင်း: ပေး:ရပါမည်။

(၄) **ငရဲမီး:နှင့် အငန်ဓာတ်အခြေအနေ Acid-Base Balance**

Celluler Reaction များ:သည် ဓာတ်ပြုမှု သဘော အရဖြစ်နေသောကြောင့် ဓာတ်ဆား: အခြေအနေ Acid-Base အခြေ အနေများ: ပုံမှန် နည်း:ပါ: ဖြစ်နေအောင် ပြင်ဆင်ပေး:ရ ပါသည်။ ခွဲစိတ်ပြီး:ခါစမှာ Lactic Acidosis ဖြစ်နေ မည်မို့ ခဏဆိုသလို Acid ဓာတ်သွေး: ထဲမှာ များ:နေနိုင်ပါသည်။ လိုအပ်သည့် ပြုပြင် မှုကို ဆန္ဒစောပြီး: ပြုပြင်မှုများ: သွား:လုပ်လျှင် လည်း: လူနာအား: အန္တရာယ် ရှိနိုင်သဖြင့် သတိထား:၍ ပြုပြင် ရပါသည်။

(၅) **သကြား:ပမာဏ (Suger)**

ခွဲစိတ်ခန်း:မှ ထွက်လာသော လူနာသည် အတန်ကြာ အစာစား:ဦး:မည်မဟုတ်သော ကြောင့် ၄င်း:၏သွေး:ထဲမှာ သကြား:ဓာတ် မည်မျှရှိသည်ကို စစ်ဆေး:ရပါသည်။ နည်း:နေ လျှင် ဖြည့်ပေး:၍ ပေး:ထား:သော ဆေး:များ: ကြောင့် သိပ်များ:လျှင်လည်း: ပြင်ဆင်ပေး:ဖို့ လိုအပ်ပါသည်။

(၆) **အသည်း:လုပ်ငန်း:စစ်ဆေး:ချက် (Liver Function Test)**

ပေး:ထား:သောဆေး:များ:ကြောင့် အသည်း: အဆိပ် အတောက်ဖြစ်ခြင်း: ရှိမရှိကို လိုအပ် သလို စစ်ဆေး: ကြည့်ရန်နှင့် ဆေး: အနည်း: အများ: Dose ကို လိုအပ်သလို ပြုပြင် ပြောင်း:လဲ ပေး:ရန် လိုအပ် ပါသည်။လူနာအား: ပေး:ထား: သော ကိုယ်ခံအား:ကျစေသည့် ဆေး:များ: အတု: အလျော့ လုပ်ရန်လည်း: ၄င်း: အဖြေများ:ပေါ် မူတည်၍ နေစဉ် ဆုံး:ဖြတ်ကာ ပြုပြင်ပြောင်း:လဲ မှုများ: လုပ်ဆောင်ရပါသည်။ လူနာများ:အား: ပေး:ထား:သော ဆေး:ဝါး:များ: အတိအကျ ရရှိရန်နှင့် ဆေး:သောက်ပြီး: အန်ထွက်ခြင်: မရှိအောင်၊ မသေချာ၍ နှစ်ခါ တိုက်မိခြင်: မရှိအောင် ဆေး:သောက်ပြီး: ကြောင်: တိုက်တဲ့သူက လက်မှတ်ထို:၍ တိုက်ရန် စီစဉ်ထား:ရပါမည်။ Drainage tube ပိုက်မှထွက်သော သွေး:များ:နှင့် ဆီး:လမ်း: ကြောင်:မှ ထွက်သော ဆီး:များ:ကိုလည်း: ပို:မွား:ဝင်ခြင်: ရှိမရှိ နေ့စဉ်စစ်ဆေး:ရပါသည်။ Drainage tube ပိုက်မှ ထွက်သောအရည် ပမာဏမှာ များ:နေလျှင်လည်း၊ သွေး:လာ:၊ ဆီး:လာ:၊ Lymph လာ: သိစေရန် တတ်ခွဲစုံစမ်း: စစ်ဆေး:မှုများ: ပြုလုပ်၍ ကြည့်ရပါသည်။ ကိုယ်ခံအား:ကို ချထား: ရသဖြင့် ကိုယ်အပူချိန်

အနည်းငယ်မျှ တက်လျှင် ပင် သေသေချာချာ စုံစမ်းစစ်ဆေး ကုသမှုကို ပြုရမည်ဖြစ်ပါသည်။ အသေးစိတ်ဂရုစိုက်ရမည့် လုပ်ငန်း ဖြစ်သည့် အပြင် အဘက်ဘက်က အမှာ:အယွင်:မခံသည့် လုပ်ငန်းလည်း ဖြစ်သောကြောင့် ၂၄ နာရီ ဆီးကျောက်ကပ်သမား:တော် တစ်ဦး၊ ခွဲစိတ်ဆရာဝန် တစ်ဦး၊ မေ့ဆေး ဆရာဝန် တစ်ဦး အနီးကပ်စောင့် ကြည့်ပြီး ဖြစ်ပေါ်လာမည့် အရေးပေါ်အခြေအနေကို ချက်ချင်း ကုသနိုင်ရန် စီစဉ်ရပါသည်။ ခွဲပြီး နောက်တစ်နေ့ (1st post-op day) မှာ ထည့်ထား သည့် ကျောက်ကပ်၏ အခြေအနေ၊ သွေး လှည့်ပတ်မှု၊ လုပ်ငန်း လုပ်ဆောင်မှု၊ ကျောက်ကပ်အနီးဝန်းကျင် သွေး သို့မဟုတ် အရည်များ ရှိမရှိ တိတိကျကျ သိနိုင်ရန်၊ အကုမြူ ရောင်ခြည်ဖြင့် လည်း ကောင်း Ultrasound ဖြင့် လည်း ကောင်း စမ်းသပ် ကြည့်ရှုပြီး လိုအပ်သလို ထပ်မံစစ်ဆေးမှု ပြုလုပ်ရပါမည်။ ယခုကဲ့သို့ အောင်မြင်စွာ ကုသနိုင်ရန် အလို့ငှာ ကျန်ဆရာဝန်၊ ဆရာမများအတွက် လွယ်ကူမှု ရှိစေရန် အတွက် အမှာ:အယွင်: မရှိစေရန်အတွက် စီမံချက်လက်စွဲစာအုပ် (Management Plan Booklet) ပေး:ထား:ခြင်း၊ အရေး ကြီး:သော အချက်များ:ကို ထပ်တလဲလဲပြောပြ ဆွေး:နွေး:ထား:ခြင်း၊ မခွဲမီကပင် ကြိုတင်၍ လုပ်ဆောင်ဖွယ် ရာရှိသည်တို့ကို အဘက်ဘက်မှ ထောင့်မျိုး:စုံ အောင် စေ့စပ်သေချာစွာ စီစဉ်ခြင်း:များ ပြုလုပ် ထား:ရပါသည်။

သမား:ရော လူနာပါ အား:လုံး:ရိုင်း:ပင်း:ပါမှ။

လူနာနှင့် ဆွေမျိုး:များ:ကလည်း အမှာ:အယွင်:မရှိ လိုက်နာနိုင်ရန် ရက်ချိန်း:မှန်မှန်ပြရန်၊ စစ်ဆေး:မှု၊ ကုသမှု ဆေး:များ: ပမာဏမှန်မှန်ရရန်၊ အတိုး:အလျှော့လုပ် လျှင်လည်း: တိကျစွာလိုက်နာရန် အရေးကြီး:လှပါသည်။

ခွဲစိတ်မှု အောင်မြင်ခြင်း:သည် တာထွက်ကောင်း:ခြင်း: သာဖြစ်ပြီး စလယ်ဆုံး:ရေရှည် ၄င်း:ကျောက်ကပ် ဆက်လက်ကောင်း:မွန်စွာ အလုပ်လုပ်နေရန်၊ လိုက်နာ ရမည့် အချက်များ:ကို ဝေ့ဝေ့အသိပေး:ထား:သည့်အပြင် အမှာ:အယွင်း:မရှိအောင် ခေါ်ယူဆွေး:နွေး ရှင်း:ပြ ခြင်း:များ: မခွဲမီကပင် ပြုလုပ်ထား:ရပါသည်။

ဗျာ:လျှင်၊ သွား:နှတ်လျှင်၊ ဆေး:မျာ:အတိုး:အလျှော့ လုပ်မည်ဆိုလျှင် အခြား:ဆေး:ဝါး:များ:ကို မှီဝဲမည်ဆိုလျှင်၊ ကာကွယ်ဆေး:ထိုး:မည်ဆိုလျှင်၊ ကိုယ်ဝန်ယူမည်ဆိုလျှင် ဆီး:နှင့်ကျောက်ကပ်ဆေး: အထူး:ကုဌာနနှင့် တိုင်ပင်ပြီး:မှ ပြုလုပ်သင့်ကြောင်း:ကို ကြိုတင်ရှင်း:လင်း:ထား:ရပါသည်။

နိဂုံး

ကျောက်ကပ်အစား:ထိုး:ကုသခြင်း: အောင်မြင်မှုနှုန်း:မှာ ဆွေမျိုး:ရင်း:ချာထံမှ ရရှိသူများ:အတွက် ၈၅% မှ ၉၉% နှင့် သေဆုံး:သူထံမှ ရရှိသော ကျောက်ကပ်များ:အတွက် ၇၅% မှ ၈၉% ထိ ဖြစ်ကြပါသည်။ ကျောက်ကပ်အစား:ထိုး:ပြီး: တစ်နှစ်ကြာသည်အထိ ကောင်:မွန်စွာ အလုပ်လုပ်နေသော ကျောက်ကပ်သည် ကြာရှည်အလုပ်လုပ်နေရန် မျှော်လင့် ချက် များ:ပြီး: ယခုအခါ ကျောက်ကပ်အစား: ထိုး:ပြီး:နှစ် ၂၀-၃၀ တိုင်ကောင်:မွန်နေသော သူ အများ:အပြား:ရှိနေပြီ ဖြစ်ပါသည်။ ပထမအကြိမ် ကျောက်ကပ် အစား:ထိုး:မှု မအောင်မြင်လျှင်လည်း စိတ်ပျက်လက်လျှော့ အား:ငယ်ရန် မရှိပါ။ နောက်တစ်ကြိမ်ထပ်မံ အစား:ထိုး:ကုသမှု ပြုလုပ် ပေး:နိုင်ပါသည်။ ရောဂါဟူသမျှ မည်သည့်ရောဂါမျှ ကောင်:သည်ဟူ၍ မရှိပါ။ မကောင်:သော ရောဂါအများ: အပြား:အနက် ကျောက်ကပ်ရောဂါသည် အဆိုး:ဆုံး: တစ်ခုတွင် ပါဝင်သည်ကိုလည်း:ငြင်း:ကွယ်၍မရပါ။ သို့သော် ကျောက်ကပ်ရောဂါကြောင့် လုံး:လုံး: ဘဝဆုံး: ရတော့မည် ကဲ့သို့ ကြောက်ပြီး: လက်မြောက် အရှုံး:ပေး:ရသော ခေတ်မျိုး:ကား: အတိတ်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်ပါ သည်။ ကမ္ဘာ့ခေတ်မီဆေး:ပညာနှင့် နိုင်ငံတော်၏ ကျေး:ဇူး:ပင် ဖြစ်ပါသတည်း။

ပါမောက္ခ ဒေါက်တာပိုင်စိုး











သင်းလုံးကျွတ် မြန်မာ့ပန်းချီပန်းပုလက်ရာမွန်ပြပွဲကြီး

နိဒါန်း

ပြပွဲနှင့် ပတ်သက်၍ တစ်ကိုယ်တော်ပြပွဲ၊ စုပေါင်းပြပွဲ (အုပ်စုပြပွဲ) အထိမ်းအမှတ်နေ့ပြပွဲ၊ ယဉ်ကျေးမှုဖလှယ်ရေး အရ ပြည်ပမှ လာရောက်ပြသသည့်ပြပွဲ နှစ်ပတ်လည်ပြပွဲ ဟူ၍ ပြပွဲအမျိုးမျိုးရှိရာ၌ နှစ်ပတ်လည်ပြပွဲသည် တစ်မူထူးခြားသည်။ လူစုံသည်။ လက်ရာစုံသည်။ တစ်နိုင်ငံလုံး၏ အတိုင်းအတာနှင့် ယှဉ်၍ပြသသော ပြပွဲမျိုး ဖြစ်သည့် အတွက် ကြီးကျယ်ခမ်းနားသည်။ "သင်းလုံးကျွတ် မြန်မာ့ပန်းချီပန်းပု လက်ရာမွန်ပြပွဲကြီး"သည် နှစ်ပတ်လည် ပြပွဲကြီးမျိုးတွင် အကျုံးဝင်သည်။

ပြပွဲများ

စစ်ပြီးစခေတ် ၁၉၄၆ ခုနှစ် မြို့တော်ခန်းမတွင် ပြပွဲကြီး နှစ်ကြိမ် ကျင်းပပြီးသည့်နောက် နှစ်ပတ်လည်ပြပွဲများ အရှိန်တန့်သွားခဲ့သည်။ လွတ်လပ်ရေး ခေတ်တွင် ကုန်သည်လမ်း၊ စာပေဗိမာန်ခန်းမကြီးတွင် ပန်းချီ–ပန်းပု ပြပွဲကြီးများ ခြောက်ကြိမ်ခန့် ကျင်းပနိုင်ခဲ့သည်။ သည့်နောက် ပြပွဲကြီးများ အရှိန်အဟုန် ခေတ္တတန့် သွားပြန်သည်။ ၁၉၆၃ ခုနှစ်တွင် ပန်းချီပန်းပု ကောင်စီကို ပြန်လည်ဖွဲ့စည်းပြီးသည့်နောက် ရွှေတိဂုံဘုရားလမ်း ဂျုဗလီခန်းမတွင် တစ်ကြိမ်၊ မန္တလေးမြို့ မြို့တော်ခန်းမတွင် တစ်ကြိမ်နှင့် တပ်မတော်ခန်းမတွင် ခြောက်ကြိမ်ခန့် ကျင်းပနိုင်ခဲ့သည်။ ၁၉၇၉ ခုနှစ်၊ မေလတွင် တပ်မတော်ခန်းမ၌ ကျင်းပခဲ့သည့် ပန်းချီပန်းပု နှစ်ပတ်လည်ပြပွဲကြီးသည် နောက်ဆုံးပြပွဲ သဘောမျိုးဖြစ်ပေသည်။

ပန်းချီပန်းပု အစည်းအရုံး၊ ပန်းချီပန်းပုကောင်စီ၊ ပန်းချီပန်းပုကောင်စီ စည်းရုံးရေးကော်မတီ၊ ရိုးရာပန်းပညာရှင်များကောင်စီ စည်းရုံးရေးကော်မတီ၊ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ဟူ၍ အဆင့်ဆင့် ပြောင်းလဲလာခဲ့သည်။ စည်းရုံးရေး၊ လေ့ကျင့်ရေး၊ ပညာပေးရေးနှင့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်း တို့တွင် ရိုးရာပန်း အစည်းအရုံးကြီးသည် အင်တိုက် အားတိုက် ပါဝင်ဆောင်ရွက် ခဲ့သည်။ တစ်ကိုယ်တော်ပြပွဲ၊ အုပ်စုပြပွဲ၊ မြို့နယ်ပြပွဲနှင့် အထိမ်းအမှတ်ပြပွဲများကိုလည်း ကြီးကြပ်လုပ်ဆောင် ပေးခဲ့သည်။ တိုးချဲ့စည်းရုံးရေးကို လုပ်ဆောင်ရင်း ဆင်ခင်း– မြင်းခင်း၊ အားကစားပွဲတော်၊ လှေသဘင်ပွဲတော် စသည့်ပွဲသဘင်တို့တွင်လည်း ပါဝင် ဆင်နွှဲခဲ့သည်။ ပြခန်းများ ဖွင့်လှစ်၍ပြည်သူတို့အား ခင်းကျင်းပြသခဲ့သည်။ ထိုသို့ ရာသီအလိုက် လုပ်ငန်းအလိုက် ပါဝင်လှုပ်ရှားနေခဲ့ရသည့်အတွက် နှစ်ပတ်လည် သင်းလုံးကျွတ်ပြပွဲကြီးမျိုးကို အာရုံမစိုက်နိုင်ခဲ့ပေ။

ထို့အပြင် ငွေရေးကြေးရေး နေရာထိုင်ခင်း ပန်းချီပန်းပုလက်ရာမွန်များ စုဆောင်းရရှိရေး မြို့နယ်များ စုစည်းညှိနှိုင်းရေးစသည့် အခက်အခဲများကိုလည်း ရင်ဆိုင်ခဲ့ရလေရာ နှစ်ပတ်လည်ပြပွဲကြီးမျိုးနှင့် ၁၉ နှစ်ခန့်၊ ကင်းကွာခဲ့ရပေသည်။ ယခု အဘက်ဘက်မှ ကူညီ ပံ့ပိုးမှုများ ပေါ်ပေါက်လာပြီဖြစ်၍ နှစ်ပတ်လည် ပြပွဲကြီးမျိုးကို တခမ်းတနား ကျင်းပနိုင်ခြင်းဖြစ်ပေသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံ ရိုးရာ ပန်းပညာရှင်များ အစည်းအရုံး (ဗဟို)၏ ကြီးမှူးစီစဉ်မှုဖြင့် "သင်းလုံးကျွတ် မြန်မာ့ပန်းချီပန်းပု လက်ရာမွန်ပြပွဲကြီး" ကို ပြည်သူများ ရှုမြင်ကြရခြင်းပင်။

ပန်းချီပန်းပုလက်ရာများ

ရန်ကုန်မြို့၊ ပြည်လမ်း အမျိုးသား ပြတိုက်ကြီး၏ ခန်းမဆောင်များတွင် ပန်းချီပန်းပု လက်ရာမွန်များကို ၁၉၉၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှစ၍ ပြပွဲကြီး ဖွင့်လှစ်ပြသခဲ့သည်။ ပြပွဲကြီးအတွက် မန္တလေး၊ ပုဂံ၊ ညောင်ဦး၊ မကွေး၊ ပဲခူး၊ ပုသိမ်၊ တောင်ငူ၊ ပျဉ်းမနား၊ ထား၀ယ်၊ ဖျာပုံ၊ မုံရွာ၊ သန်လျင်၊ တွံတေး၊ ညောင်လေးပင်၊ ဒါးပိန်၊



ဆရာကြီး အမ်တင်အေး၏ 'နှစ်ပါးသွား' ရေဆေး

သာကေတ၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ ဒဂုံတောင် / မြောက်၊ ရွှေပြည်သာ၊ လှိုင်သာယာစသည့် မြို့နယ်များမှ ပညာသည်များက လက်ရာမွန်များကို ပေးပို့ကြရာ ပန်းချီပန်းပု ပစ္စည်း ၁၀၀၀ ကျော်ခန့် စုဆောင်း ရရှိခဲ့သည်။

ယင်းလက်ရာများအနက်မှ ဆီဆေး၊ ရေဆေး၊ ခဲမင်ကလောင်၊ မြေဖြူရောင်စုံ၊ အာကလိုင်းလစ်ခေါ် အခြောက် အမြန်ရေးဆွဲသည့်ဆေး၊ ကြိုးသွင်းပန်းချီ၊ ကောက်ရိုးကပ်၊ ကြေးထွင်းဖောင်းကြွနှင့် သစ်ပလာစတာရပ်လုံး၊ ရပ်ကြွစုစုပေါင်း လက်ရာ ၉၀၀ ခန့်ကို စိစစ်ရွေးချယ်ခဲ့သည်။

ယင်းလက်ရာတို့တွင် အသက် ၁၈ နှစ်မှ ၉၃ နှစ်အထိ အသက်အရွယ်အစားစား၊ အလွှာအသီးသီးပါဝင်ကြပြီး အသက် အရွယ်စုံသလို ရေးနည်းရေးဟန်လည်း စုံလင်ကြသည်။ ပန်းချီပန်းပုကျောင်းဆင်း လက်ရာများနှင့် ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းဆင်း လက်ရာအချို့လည်း ပါဝင်လေရာ မျိုးဆက်သစ်တို့၏ လက်ရာများကို အကဲခတ်နိုင်ခွင့် ရပေသည်။

သဘာဝ ရေးနည်း၊ အာရုံမြင်ရေးနည်း၊ ခေတ်ရေးနည်း၊ ရှေးရိုးမြန်မာပန်းချီရေးနည်းတို့ဖြင့် ကျွမ်းကျင်ရာကို



ဆရာကြီး ဦးလွန်းကြွယ်၏ "မြကန်သာ"



ဒေါ်ခင်မျိုးမြင့်ရွှေ၏ "ဝေဿန္တရာ မင်းကြီး ပြည်တော်ပြန်"

လက်ရာအစုံအလင်

ပြတိုက်ကြီး၏ မြေညီထပ် ပထမထပ်နှင့် ဒုတိယထပ် တို့တွင် နာယကကြီးများ၏ လက်ရာများ၊ ဗဟို အလုပ် အမှုဆောင်နှင့် မြို့နယ်အမှုဆောင်များ၏ လက်ရာများ၊ နယ်အသင်းဝင်များ၏ လက်ရာများကို အစုလိုက်၊ အကန့် လိုက် ခွဲခြားပြီး ရေဆေးလက်ရာများကိုလည်း သီးခြား ချိတ်ဆွဲ ပြသထားရာ လေ့လာသူများအဖို့ ရှင်းလင်း သရုပ်ဖော်ထားကြရာ ရေးနည်းစုံလင်သည်နှင့် အမျှ အကြောင်းအရာများလည်း စုံလင်လှပေသည်။ နာယကကြီး များ၏ လက်ရာများကို စုစည်းပြီး သီးခြားပြပွဲ သဘောမျိုး စီစဉ်နေရာမှ ယခုကဲ့သို့ နိုင်ငံလုံးဆိုင်ရာ ပြပွဲကြီးအဖြစ်သို့ ဆိုက်ရောက်လာခဲ့ရာ မျှော်မှန်းထားသည်ထက်ပို၍ ပန်းချီ ပန်းပုလက်ရာများ ပေါ်ထွက်လာခဲ့ပြီး လုပ်ငန်းတာဝန်များ လည်း ကြီးလေးလာသည်ကို တွေ့ရပေသည်။



ဦးသက်ညွှန့်၏
စာတိမာန်အမွေ



မာန်ဇာဟိန်း၏
“ရာမနှင့် မယ်သီတာ”

လွယ်ကူစွာ ကြည့်ရှုလေ့လာနိုင်ပေသည်။ နာယကကြီး ၂၂ ဦး ရှိသည့်အနက် ရန်ကုန်မှ ၁၆ ဦး၊ မန္တလေးမှ ၆ ဦး ပါဝင်ရာ ရေးနည်းရေးဟန် စုံလင်သည်နှင့်အမျှ လက်ရာအချို့မှာ စိတ်ဝင်စားဖွယ် ဖြစ်ပေသည်။

မန္တလေးမှ နာယကကြီးတစ်ဦးက လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော်က ဓာတ်ရထားနှင့် လန်ချားပုံများကို ရေးခြယ်တင်ပြထားရာ ရှေးခေတ်ဟောင်း အောက်မေ့ဖွယ် ဖြစ်ပေသည်။ ဆရာကြီးဦးကံညွန့်၏ ခဲရေးချက်များသည် ပီပြင်၍ စိတ်ဝင်စားဖွယ်ကောင်းသလို ဆရာကြီးဦးထွန်းစိန်၏ ရေဆေးလက်ရာများသည်လည်း ရေးချက်၊ သွက်လက်၍ အရောင်များ ရှင်သန်၍ နေပေသည်။

မကွေး မျိုးညွန့်၊ ရှေ့သို့ လှုံကြည်၊ ဦးလှဟန်၊ ဦးဝင်း၊ ရမ္မရီတင်ရွှေ၊ နေမျိုးဆေး၊ မုံရွာ ဦးလူတင်၊ မန်းခင်မောင်စန်း၊ တောင်ငူ ကျော်မြင့်နိုင်၊ ပုသိမ် ဦးသာထိုး၊ ကိုကံကောင်း၊ ပျဉ်းမနား ဦးညွန့်မောင်တို့က ရေဆေးတွင် လက်စွမ်း ပြထားကြသလို ဦးကျော်ထွန်းလင်း၊ ကြည်ဝင်း၊ ဦးသက်ညွန့်၊ ခင်မျိုးမြင့်ရွှေ၊ ကြီးမြင့်စော၊ ဦးလွန်းကြွယ်၊ သိန်းမြင့်သိန်း၊ ဦးနိုင်လေး၊ စိုးမိုး၊ သက်အောင်၊ မျိုးသန့်၊ တင်ရွှေချို၊ မင်းညီစသည့် လူငယ်၊ လူလတ်၊ ဆရာများကလည်း ရေးချက်ဖြင့် လည်းကောင်း၊ အရောင်ဖြင့် လည်းကောင်း၊ ကားဖွဲ့စည်းပုံဖြင့် လည်းကောင်း လက်စွမ်းပြထားကြသည်မှာ စိတ်ဝင်စားဖွယ် ဖြစ်သည်။



ပန်းချီကြည်ဝင်း၏
“ချင်းပြည်နယ်မှရိုရေကန်”



ဦးခင်ဇော်လင်း၏
“သရုပါတံခါး”

ဆရာကြီး ဦးဘကြည် ၈၆ နှစ်၏ လက်ရာများ ပါရှိသလို အသက် ၉၃ နှစ်အရွယ် ဆရာကြီး ဦးဘရင်ကြီး(ကွယ်လွန်)၏ လက်ရာများကိုလည်း တင်ပြထားရာ လူငယ်၊ လူလတ်ပန်းချီဆရာများနှင့် ဝါသနာရှင်များ လေ့လာဖွယ်ဖြစ်သည်။ နှစ်ပေါင်း ၆၀ ခန့်အတွင်း တိုးတက်ပြောင်းလဲလာသည့် မြန်မာ့ပန်းချီသမိုင်းကို ခြေရာကောက်ရာ၌ အထောက်အထားကောင်းများ ဖြစ်ပေသည်။

ပြပွဲကြီးအတွက် စီစဉ်ဆောင်ရွက်နေဆဲ ဦးဘလုံလေး (၆၈) နှစ်၊ ဦးဘရင်ကြီး (၉၃) နှစ်နှင့် ဦးအမ်တင်အေး (၇၅) နှစ်တို့ ရှေ့ဆောင်နောက်ဆင့် ကွယ်လွန်ခဲ့ကြရာ ပြပွဲကြီးတွင် ယင်းဆရာကြီးများ တင်သွင်းပြသထားသည့် လက်ရာများမှာ အပေါင်းအသင်းများနှင့် တပည့်တပန်းများအဖို့ အလွမ်းပြေလက်ရာများ ဖြစ်ပေသည်။

ကူညီပံ့ပိုးမှုများကိုလည်း ရိုးရာပန်းအစည်းအရုံးကြီးနှင့် အနုပညာရှင်များက အလေးအနက် ထားကြရပေမည်။

ပြပွဲကြီးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ –

(၁) မြန်မာ့ ပန်းချီသမိုင်းနှင့်အတူ တိုးတက်ထွန်းကားလာသော မြန်မာပန်းချီပညာနှင့် ပန်းပုပညာရပ်များကို ပြည်သူများ လေ့လာကြည့်ရှု အကဲဖြတ်နိုင်ရန်၊

(၂) နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် ဖြစ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊


(၃) မြန်မာ့ ပန်းချီပန်းပု အနုပညာရပ်များအား နိုင်ငံတကာ နယ်ပယ်တွင် ထင်ရှားပေါ်လွင်မှု ရှိလာစေရန်၊


(၄) ပန်းချီပညာရှင်နှင့် ပန်းပုပညာရှင်များ၏ ဘဝမြှင့်တင်ရန်နှင့် ရိုးရာယဉ်ကျေးမှုနှင့် အနုပညာအမွေအနှစ်များကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းရန် ဟူသော ရည်ရွယ်ချက် (၄) ရပ်သည်လည်း အကောင်အထည် ပေါ်ပေါက်လာစရာ အကြောင်းရှိပေသည်။

ဦးမင်းနိုင်

နိဂုံး

အမျိုးသားပြတိုက်ကြီးတွင် ယခုကဲ့သို့ သင်းလုံးကျွတ် နှစ်ပတ်လည် လက်ရာမွန် ပြပွဲကြီးကို ရိုးရာပန်း အစည်းအရုံးအနေဖြင့် ပြသခွင့် ရရှိခြင်းမှာ ပထမဦးဆုံး အကြိမ်ဖြစ်ပေသည်။ ယဉ်ကျေးမှု ဝန်ကြီးဌာန၏ စေတနာ နှင့်









အမျိုးသားပြတိုက်

နောက်ခံသမိုင်းအကျဉ်း

ခရစ်နှစ် ၁၈၈၅ တွင် ဗြိတိသျှကိုလိုနီနယ်ချဲ့တို့သည် သီပေါမင်းကို နန်းချပြီး မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့ကြ၏။ သို့နှင့် မြန်မာမင်းဆက်ပျက်သုန်းပြီး ထီးသုန်း၊ နန်းသုန်း၊ မြို့သုဉ်း သုည ၊သုဉ်း သုံးဝဖြစ်ခဲ့ရ၏။ မြန်မာမင်းခမ်းတော်ပစ္စည်းများအပါအဝင် အဖိုးတန် နန်းစဉ် ရတနာများကို ဗြိတိန်နိုင်ငံသို့ ယူဆောင်သွားခဲ့ကြ၏။ နန်းတော်တွင် ကျန်ရစ်ခဲ့သော ပေပုရပိုက်များအပါအဝင် သမိုင်းဝင်မှတ်တမ်းများ မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်း အတော်များများတို့လည်း ပျက်စီးဆုံးရှုံးခဲ့ရ၏။

မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့တို့၏လက်အောက်ခံအဖြစ် နှစ်ပေါင်းများစွာ ကျွန်ပြုခံနေရသည့် ကာလအတွင်း အမျိုးဂုဏ် ဇာတိဂုဏ် မာန်ချိုးနှိမ်ခံခဲ့ရ၏။ မျိုးချစ်စိတ်ဓာတ်ရှင်သန်နိုးကြားခွင့်မရအောင် အမျိုးမျိုးဖိနှိပ်ခံခဲ့ရ၏။ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေးနှင့် ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ပေးခြင်း အလျဉ်းပင်မရှိခဲ့ဘဲ "ဖယ်ရာပြတိုက်" ဟူသောပြတိုက်တစ်ခုကို ခရစ်နှစ် (၁၈၇၁) တွင် ရန်ကုန်မြို့၌ စတိသဘောမျိုး ဖွင့်လှစ်ခဲ့လေသည်။ ဖွင့်လှစ်ခဲ့သည့်နေရာမှာ ယခုလက်ရှိ ရန်ကုန်အထွေထွေက ဆေးရုံကြီးဝင်းအတွင်း၌ ဖြစ်၏။ ဗြိတိသျှထိပ်တန်းအရာရှိကြီး တစ်ဦးဖြစ်သူ "ဆာအာသာဖယ်ရာ" ကို ဂုဏ်ပြု တည်ထောင်ဖွင့်လှစ်ခဲ့သည့် ပြတိုက်ဖြစ်ပြီး ဒဂံုးအပါအဝင် ရှေးဟောင်းပစ္စည်းအနည်းအကျဉ်းလောက်ကိုသာ ပြသသည့် ပြတိုက်မျိုးဖြစ်၏။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးပြန်လည်ရရှိသည့် အချိန်၌ မြန်မာ့အချုပ်အခြာအာဏာ၏ သင်္ကေတ၊ သိဟာသနပလ္လင်တော်ကြီးကို အိန္ဒိယဘုရင်ခံချုပ် လော့(ဒ်)မောင့်ဘက်တန်က မြန်မာနိုင်ငံတော်သို့ ပြန်လည်ပို့အပ်ခဲ့၏။ ယင်းပလ္လင်တော်ကြီးသည် ရတနာပုံခေတ် မင်းတုန်းမင်းတရားကြီးနှင့် သီပေါမင်းတို့လက်ထက် တရားလွှတ်တော်တွင် ထားရှိခဲ့သည့် ပလ္လင်ဖြစ်ပြီး ခရစ်နှစ် ၁၉၀၂ ခုနှစ်၌ အိန္ဒိယသို့ယူဆောင်သွားခြင်းခံခဲ့ရသော ပလ္လင်တော်ကြီး ဖြစ်၏။ ၁၉၅၂ ခုနှစ်တွင် မြန်မာနိုင်ငံတော်အစိုးရသည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနကို စတင်ဖွဲ့စည်းပြီး ယင်းဦးစီးဌာန၏ အုပ်ချုပ်မှုအောက်၌ "အမျိုးသားပြတိုက်" နှင့် "အမျိုးသားစာကြည့်တိုက်" တို့ကို တည်ထောင်ဖွင့်လှစ်ပေးခဲ့၏။ အမျိုးသားပြတိုက်ကို ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းရှိ ကျူဗလီခန်းမဆောင် (ယခုစစ်သမိုင်းပြတိုက်နေရာ) တွင် ဖွင့်လှစ်ပြသခဲ့ခြင်းဖြစ်၏။ "အမျိုးသားသမိုင်းပြတိုက်" ဟူသော အမည်ဖြင့် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သိဟာသနပလ္လင်တော်ကြီးအပါအဝင် ရှေးဟောင်းပစ္စည်းများနှင့် အနုပညာပစ္စည်းအချို့ကို ခင်းကျင်းပြသခဲ့၏။

၁၉၆၄ ခုနှစ်တွင် ထိုစဉ်က နိုင်ငံတော်၏အကြီးကဲဖြစ်သော တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီးနေဝင်း၏ မေတ္တာရပ်ခံချက်ကြောင့် မြန်မာ့မင်းခမ်းတော်ပစ္စည်းများနှင့် နန်းစဉ်ရတနာပစ္စည်း ၁၄၁ မျိုးကို ဗြိတိသျှအစိုးရထံမှ ပြန်လည်ရရှိခဲ့၏။ ၁၉၇၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် အမျိုးသားပြတိုက်ကို ကျူဗလီခန်းမဆောင်မှ ပန်းဆိုးတန်းရှိ ယခင်ဂရင်းလေးဘဏ်ဟောင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး သိဟာသနပလ္လင်တော်ကြီးအပါအဝင် ဗြိတိန်နိုင်ငံမှ ပြန်လည်ရရှိခဲ့သော မင်းခမ်းတော်ပစ္စည်းများ၊ ရှေးဟောင်းသုတေသနတူးဖော်မှုအရ တွေ့ရှိခဲ့ရသည့် ပစ္စည်းများနှင့် မြန်မာ့လက်မှု အနုပညာပစ္စည်းများကို ပြသခဲ့သည်။ ဂရင်းလေးဘဏ် အဆောက်အအုံဟောင်း၌ အမျိုးသားပြတိုက်ကို ဖွင့်လှစ်ပြသခဲ့သည်မှာ ၁၉၉၄ ခုနှစ် ကုန်ပိုင်းအထိ ဖြစ်၏။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် ၁၉၉၀ ပြည့်နှစ်တွင် အမျိုးသားပြတိုက်



အဆောက်အအုံ သစ်ကို စတင်အုတ်မြစ်ချ တည်ဆောက်ပေးခဲ့သည်။ ကျပ် သန်းပေါင်း ၄၀၀၀ ကျော် ကုန်ကျခဲ့ပြီး အလျားပေ ၃၈၀၊ အနံပေ ၂၀၀ရှိ ၅ ထပ် အဆောက်အအုံဖြစ်သည်။ ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ပြည်လမ်းမကြီးပေါ်ရှိ အမှတ် ၆၆/၇၄ ၌တည်ရှိသည်။ ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ် ပိပြား‌မှုကည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ ပါသည်။ ယင်းသို့ဖွင့်လှစ်ခဲ့သော အမျိုးသားပြတိုက်တွင် သိဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ သဘာဝ သမိုင်းပြခန်း၊ မြန်မာ့သမိုင်းမတင်မီခေတ်နှင့် သမိုင်းတင် ခေတ်ဦးပြခန်း၊ မြန်မာ့သမိုင်းတင်ခေတ်နှင့် မင်းခမ်းတော် ပစ္စည်းများပြခန်း၊ မြန်မာ အက္ခရာနှင့် လက်ရေးမူပြခန်း၊ မြန်မာ့ဝါဂီနစ်ပြခန်း၊ မြန်မာ့ကျေးလက်အနုပညာပြခန်း၊ မြန်မာ့ ပန်းချီခန်းမဆောင် (၁)၊ ပန်းချီခန်းမဆောင် (၂)၊ မြန်မာ့ရှေးဟောင်းအဆင်တန်ဆာ ရတနာပြခန်း၊ တိုင်းရင်းသားလူမျိုးများ ယဉ်ကျေးမှုပြခန်းနှင့် ဗုဒ္ဓ ဆင်းတုတော် ယဉ်ကျေးမှုပြခန်း ဟူ၍ ပြခန်းပေါင်း ၁၃ ခန်း ကို ခင်းကျင်း ပြသထား‌ပါသည်။

သိဟာသနပလ္လင်ခန်းမဆောင် မြေညီထပ် (ဘီ) ဆောင်

သိဟာသနပလ္လင်ခန်းမဆောင်သည် အမျိုးသားပြတိုက်၏ အဓိကရုခန်းမဆောင်ကြီးဖြစ်သည်ဟု ဆိုရပါမည်။ ဤခန်းမဆောင်တွင်သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၄၃ နှစ် ရှိပြီဖြစ်သော သိဟာသနပလ္လင်တော်ကြီးကို ခင်းကျင်း ပြသထား‌ပါသည်။ သိဟာသန ပလ္လင်တော် ကြီးနှင့်အတူ ရှေးမြန်မာမင်းများ လက်ထက်တော်က အသုံးပြုခဲ့သော (၁) သိဟာသနပလ္လင် (မြေနန်း)၊ (၂) ဟံသာနပလ္လင်၊ (၃) ဂဇာသနပလ္လင်၊ (၄) မဟူရာသနပလ္လင်၊ (၅) ဘမရာသနပလ္လင်၊ (၆) ပဒုမာသနပလ္လင်၊ (၇)သခ်ီသနပလ္လင်၊ (၈)မိဂါသန ပလ္လင်တော်တို့၏

ပုံတူပုံစံငယ်များကို ဝန်းရံပြသထားပါသည်။ မင်းခမ်းတော် အဆောင်အယောင်များ ဖြစ်ကြသော သူငယ်တော်ရုပ်၊ ယပ်မား၊ သူရဲကြီး အောင်လံခုနစ်စင်းတို့၏ ပုံတူပစ္စည်းများကိုလည်း သီဟာသနပလ္လင်တော် ကြီး ၏ အရှေ့ဘက်တွင် ခင်းကျင်း ဆင်ယင်ထား ရှိပါသည်။


မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာမှုပညာရှင်များနှင့်တိုင်ပင်ကာ သီဟာသနပလ္လင်ခန်းမဆောင်ကြီးအား ရှေးမြန်မာမင်းများ၏ နန်းတော်မှာကဲ့သို့ ခမ်းနားတင့်တယ်စွာရှိစေရန် မွမ်းမံစေခဲ့ခြင်း ဖြစ်ပါသည်။

ရတနာပုံခေတ် (အေဒီ– ၁၉ ရာစု) ပြခန်း – မြေညီထပ် (စီ) ဆောင်

ရတနာပုံခေတ်ပြခန်းသည် ရတနာပုံနေပြည်တော်ကို ကိုယ်စားပြုလျက်ရှိသော ပြခန်းဖြစ်သည်ဟု ဆိုရပါမည်။ ပြခန်းတွင် အဝင်ပေါက်အနီး၌ ရတနာပုံခေတ် နန်းတော်တံခါးမူရင်းကို လည်းကောင်း၊ ပြခန်း၏ ထိပ်စည်း၌ ပန်းချီတော် ဆရာသြ၏ မင်းတုန်းမင်းနှင့် ရတနာပုံနေပြည်တော် ပန်းချီကားချပ်ကြီး ကိုလည်းကောင်း ပြသထားပါသည်။ ရတနာပုံခေတ်နန်းတော် အဆောင်တို့၏ ပုံတူ ပုံစံငယ်များကို ပြသထားရာ မြေနန်းပြာသာဒ်တော်ကြီး မှန်နန်းဆောင်၊ ဗြဲတိုက်၊ နန်းမြင့် အရှေ့ပွဲတက် ဧတဝန်ဆောင်၊ အနောက်ပွဲတက် ဧတဝန်ဆောင်၊ ပွဲကြည့်ဆောင်နှင့် ဇာတ်ရုံအပါအဝင် နန်းတော်အဆောက်အအုံများ၏ ပုံတူပုံစံငယ်များကို မြင်တွေ့ကြရပါမည်။ နန်းတွင်းပရိဘောဂများဖြစ်သော သီပေါမင်းဆရာတော်၏ သလွန်၊မင်းတုန်းမင်းနှင့် မိဖုရားခေါင်ကြီးတို့၏ သလွန်တော်များ၊ မိဖုရားငယ်တို့၏သလွန်တော်၊ နန်းတွင်းမှ သစ်တစ်လုံးထွင်းလိုက်ကာအပြင် မှန်စီရွှေချလိုက်ကာများ၊ တောင်ပိုင်စော်ဘွားကြီး၏ သဠာလီ၊ သီပေါမင်း၏ ဆင်စွယ်ကုလားထိုင်၊ နန်းတွင်းသုံးဗီရိုများတို့ကို ပြသထားပါသည်။

ဝတ်ရုံများအနေဖြင့် သီပေါမင်း၏ တုရင်တော်နှင့် စုဖုရားလတ်၏ မဟာလတ္တာ၊ နန်းတွင်းအပျိုတော်၏

အလောင်းဘုရား၏ သန်လျက်တော်နှင့် သားမြီးယပ် (၁၈ ရာစု)





ဟင်္သာကွမ်းအုပ် (၁၈ ရာစု)

အခမ်းအနား၀တ်စုံ၊ ဘွဲ့နှစ်ဘွဲ့ရ ဦးမင်းမောင်၏၀တ်ရုံနှင့် မျဉ်းတိုမျဉ်းရှည်၊ ရွှေတိုက်၀န်နှင့် ၀န်ကတော်တို့၏ ၀တ်ရုံတော်များ၊ ကျီ၀န်နှင့် ၀န်ကတော်တို့၏ ၀တ်ရုံတော်များ၊ တောင်ငွေးမြို့စား၏၀တ်ရုံတော်နှင့် သောင်သွပ်စော်ဘွားကြီး၏၀တ်ရုံတော်၊ ယင်းကဲမြို့စားခင်ခင်လေးဖခင်၏၀တ်ရုံတော်၊ ရှင်ဘုရင် ဗျာပနအခမ်းအနား၌ အသုံးပြုသော သန်လျင်းတော်(ခေါ်) တလားဖုံး၊ ပလ္လင်တော်ပေါ်၌ခင်းသော နန်းတွင်းဖုံတစ်စုံစသည်တို့ကို ခင်းကျင်းပြသထားပါသည်။

ဤပြခန်း၌ ဘာသာရေးဆိုင်ရာ ပစ္စည်းများကိုလည်း ပြသထားရာ မန္တလေးနန်းတော်အတွင်းမှ မှန်စီရွှေချ




ရွှေကရားများ (၁၈ ရာစု)

ဗဟိုစင်စသည့် ဓာတ်ပုံများ၊ ဆရာချု၏အကန့်တော့ခံနှင့် မင်းတုန်းမင်းကြီးထွက်တော်မူခန်း၊ ပန်းချီမိတ္တူများ၊ ဆာရစ်ချတ်တင်ပယ်ရေးဆွဲသော မင်းခမ်းတော်ပစ္စည်းများ၊ အခင်းအကျင်းပုံစံပန်းချီမိတ္တူ၊ ရှင်ဘုရင် တရားလွှတ်တော်ပုံ၊ ပန်းချီကားစသည့်တို့ကို ပြသထားပါသည်။

မြန်မာ့အက္ခရာနှင့် လက်ရေးမူပြခန်း - မြေညီထပ် (အေ) ဆောင်

ဤပြခန်းတွင် မြန်မာအက္ခရာစဉ်ဇယားနှင့် မြေပုံကား ချပ်ကို ချိတ်ဆွဲပြသထားပါသည်။ ပျူခေတ် သရေခေတ္တရာမြို့ဟောင်း၊ ဗိဿနိုး မိဖုရားသချိုင်းအရိုးအိုး ပျူစာမင်ကူး (Rubbing) အဒီ(၄ ရာစု)၊ ပျူစာအုပ်ပါ အုပ်ချပ် တစ်ခု အဒီ(၅)ရာစု၊ သရေခေတ္တရာမြို့ဟောင်း ခင်ဘကုန်းမှ တူးဖော်ရရှိသည့် ပျူစာပါ ရွှေပေလွှာအချပ် (၂၀)၊ အဒီ (၄-၅ ရာစု) ကို ဓာတ်ပုံ (၈) ပုံဖြင့် ပြသထားပါသည်။ မြန်မာနိုင်ငံတွင် ပျူခေတ်ယဉ်ကျေးမှုသည် အဒီ ၁ရာစုမှ ၉ ရာစုထိ ထွန်းကားခဲ့ပါသည်။ ပျူလူမျိုးများ နေထိုင်ခဲ့သော မြို့တော်များအနက် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာနှင့် မိုင်းမော၊ မြို့ဟောင်းများကို ရှေးဟောင်း သုတေသနဦးစီးဌာနမှ စနစ်တကျတူးဖော် သုတေသနပြုခဲ့ပြီး ဖြစ်သည်။ ယင်းမြို့ဟောင်းများအနက် ဗိဿနိုးမြို့ဟောင်းသည် အဒီ ၁ ရာစုတွင် စတင်ထွန်းကားခဲ့ပြီး ပျူတို့၏အစောဆုံးမြို့တော်အဖြစ် တွေ့ရှိထားပါသည်။ ဟန်လင်းမြို့ဟောင်းသည် ဗိဿနိုးမြို့ဟောင်းထက် အနည်းငယ်နောက်ကျ၍ ထွန်းကားခဲ့ပြီး သရေခေတ္တရာမြို့ဟောင်းမှာ အဒီ-၉ ရာစုထိ သက်တမ်းရှည်ကြာစွာ ထွန်းကားခဲ့သော ပျူမြို့တော်တစ်ခုဖြစ်ကြောင်း ဆန်းစစ်တွေ့ရှိရပါသည်။ ဗိဿနိုးမြို့ဟောင်းတွင် ရွှံ့တံဆိပ်တုံးပါစာမှလွဲ၍ စာပေမှတ်တမ်းအထောက်အထားများ မတွေ့ခဲ့ရသေးချေ။ ဟန်လင်းမြို့တော် ဟောင်းတွင် ပျက်စီးနေသော ကျောက်စာအပိုဒ်းအစကို လည်းကောင်း၊ မိုင်းမောမြို့ဟောင်းတွင် ကျောက်စာတစ်ချပ်ကို လည်းကောင်း၊ ရှေးဟောင်း သုတေသနဌာနမှ တူးဖော်တွေ့ရှိခဲ့ရပါသည်။ သရေခေတ္တရာမြို့ဟောင်းတွင်မူ မှော်ဇာခင်ဘကုန်းမှ တူးဖော် တွေ့ရှိခဲ့ရသော ပဋိစ္စသမုပ္ပာဒ် တရားတော်များ ရွှေပေလွှာအချပ် (၂၀) (အေဒီ- ၄ ရာစု ၅ ရာစု) ကို တွေ့ရှိခဲ့ရပါသည်။ ထို့ပြင် အောက်ခြေပတ်လည်တွင် စာပါရှိသော ငွေဖောဓိပင် တတ်တော်ကြွပ်ကို လည်းကောင်း၊ ဝိကြမ္မာစာတမ်းပါအရိုး အိုးများကို သရေခေတ္တရာမြို့ဟောင်း ဗိဿနိုးမိဖုရားသချိုင်း မြေနေရာမှ တူးဖော်တွေ့ရှိခဲ့ရပါသည်။ ရှေးယခင်က ပျူစာကိုဖတ်ရှုနိုင်ခဲ့ခြင်း မရှိခဲ့သော်လည်း ပုဂံမြို့ဟောင်းတွင် ရာဇကုမာရ်ကျောက်စာ (မြစေတီကျောက်စာ) အေဒီ (၁၁ရာစု) ကို တွေ့ရှိရပြီး ကျောက်စာမျက်နှာများတွင် ပါရှိသည့် မြန်မာစာ၊ ပါဠိစာ၊ မွန်စာတို့နှင့် နှိုင်းယှဉ်ဖတ်ရှုသည့်အခါ ပျူစာလုံးများကို အဓိပ္ပာယ်ဖော်နိုင်ခဲ့ပါသည်။ ၁၉၉၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ အငြိမ်းစား မြန်မာစာပါမောက္ခဆရာမကြီး ဒေါ်သန်းဆွေက ပျူစာများကို ဖတ်ရှုနိုင်ရန် ပျူဖတ်စာအမည်ဖြင့် သုတေသနပြု၍ စာအုပ်စာတမ်း ထုတ်ဝေခဲ့ပါသည်။ ယင်းစာအုပ်တွင် သရေခေတ္တရာ ခင်ဘကုန်းမှ တူးဖော်တွေ့ရှိခဲ့ရသော ရွှေပေလွှာ ၂၀ ချပ်တွင် ပါရှိသည့် ပဋိစ္စသမုပ္ပာဒ် တရားတော်များအား လုံးကို မြန်မာဘာသာဖြင့် ရှင်းလင်းတင်ပြထားပါသည်။ ထို့အပြင် ပျူအက္ခရာစာလုံးများကိုလည်း မြန်မာအက္ခရာစာလုံးများနှင့် နှိုင်းယှဉ်ဖော်ထုတ်ပြသထားကြောင်း တွေ့ရှိရပါသည်။ ယခုမြန်မာအက္ခရာနှင့် လက်ရေးမူပြခန်းတွင် ပျူအက္ခရာစာလုံးများနှင့် ရွှေပေချပ်ပါပဋိစ္စသမုပ္ပာဒ် တရားအနက် အဓိပ္ပာယ်တင်ပြချက်ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြည့်စုံစွာ ရှင်းလင်းပြသထားပါသည်။

ထို့အပြင် ပုဂံခေတ်အုတ်ခွက်ဘုရား ၇ ခု၊ (အေဒီ-၁၁ ရာစု၊ အုတ်ခွက်စာဓာတ်ပုံ ၅ ခုအာနန္ဒာဘုရားမှစာများ၊ ဓာတ်ပုံ (၁၂)ပုံ (အေဒီ - ၁၀ ရာစု)အုတ်ချပ် ၅ ခု၊ (အေဒီ-၁၁ ရာစု) ပေစာအပိုင်းအစ ၂ ခု၊ (အေဒီ ၁၀-၁၂ ရာစု)၊ ရာဇကုမာရ် ကျောက်စာမင်ကူး ၂ ခု(အေဒီ ၁၁၁၃) ကို ခင်းကျင်းပြသထားပါသည်။ ပင်းယခေတ် ကျောက်စာ ၅ ခု၊ (အေဒီ ၁၃-၁၄ ရာစု) နှင့် အင်းဝခေတ် ကျောက်စာမင်ကူး ၇ ခု၊ အေဒီ(၁၄-၁၆ ရာစု) တို့ကိုလည်း ပြသထားပါသည်။ ပဲခူး ကမ္ဘောဇသာဒီ နန်းတော်နေရာမှ ကျွန်းတိုင် ၂ တိုင်၊ အေဒီ (၁၆ ရာစု) နှင့် ကျွန်းတိုင်စာတာတ်ပုံ (၁၀) ပုံကိုလည်း ပြသ ထားပါသည်။



ငွေ စကျည်ထောက် (၁၈ ရာစု)

မွန်ခေါင်းလောင်းစာ (အေဒီ- ၁၇၅၅) ကိုရှင်းလင်းချက်နှင့်အတူ ရွှေမော်ဓောဘုရားပန်းချီကားကို နောက်ခံထား၍ ပြသထား ပါသည်။ နယ်ခြားကျောက်တိုင် (အေဒီ- ၁၈၅၃) ကို ရှင်းလင်းချက်စာနှင့်အတူ ပြသထား ပါသည်။ မင်းတုန်းမင်း နတ်ရွာစံကြောင်း သဝဏ်လွှာစာတမ်းနှင့် သီပေါမင်းနန်းတက်ကြောင်း သဝဏ်လွှာစာတမ်းကို ပြသထား ပါသည်။ ကမ္မဝါစာ ၂ ချပ်ကို ကမ္မဝါဖတ်နေပုံ ပန်းချီကားနောက်ခံထား၍ ပြသထား သည်။ ပေစာ ၂ ထုပ်ကို ပေစာဖတ်နေပုံ ပန်းချီကားနောက်ခံထား၍ ပြသထား သည်။ ပုရပိုက်အဖြူ ၄ ဆူ၊ ပုရပိုက်အနက် ၃ ဆူ၊ ကမ္မဝါ ၃ ခု၊ ပေစာထုပ် ၈ ခုနှင့် အမိန့်တော်ကမ္ဘည်းစာ ၁ ခုကိုလည်း ပြသထား ပါသည်။ တစ်ကြောင်း စာချွန်နှင့် နှစ်ကြောင်းစာချွန်စုစုပေါင်း စာချွန် ၅ ခုကိုလည်း ပြသထား ပါသည်။ ထို့အပြင် တိုင်းရင်းသား စာပေကဏ္ဍအဖြစ် ပိုးကရင် (အရှေ့)၊ပိုးကရင် (အနောက်)၊ စကောကရင်၊မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားများ၏ အကျီရာဇာများ၊ သရဲ၊ သဲစဉ်၊ အသတ်အဆွဲနှင့်ခေတ် အကျီရာများဖြင့် တိုးချဲ့ပြသထား ပါသည်။ မွန်တိုင်းရင်းသား စာပေကဏ္ဍတွင် ရွှေစည်းခုံ၊ မွန်ကျောက်စာမင်ကူး (အေဒီ- ၁၁ ရာစု) ကောက်နုတ်ချက် ၄ များကို ခေတ်မွန် စာပေဖြင့် လည်းကောင်း မြန်မာဘာသာဖြင့်လည်းကောင်း ပြသထား သည်။ ထို့အတူ ရခိုင်စာပေကဏ္ဍတွင် အနန္ဒစန္ဒြကျောက်စာ မင်ကူးနှင့် ယင်းကျောက်စာကို ခေတ် အကျီရာ အရေးအသားဖြင့် လည်းကောင်း၊ မြန်မာဘာသာ ရှင်းလင်းချက်ဖြင့် လည်းကောင်း ပြသထား ပါသည်။

သဘာဝသမိုင်းပြခန်း – ပထမထပ်(အေ)ဆောင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် သယံဇာတ ပစ္စည်းများ သာမက သဘာဝသမိုင်းဆိုင်ရာ အထောက်အထားများလည်း ပေါများကြွယ်ဝသော နိုင်ငံဖြစ်၏။ အထူးသဖြင့် ပုံတောင်ပုံညာဒေသတွင် ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထား မြောက်မြားစွာတို့ကို တွေ့ရှိခဲ့ကြရသည်။ နှစ်ပေါင်း သန်း ၄၀ ခန့် သက်တမ်းရှိ ပရိုင်းမိတ် သတ္တဝါတို့၏ ပရိုင်းမိတ်ရုပ်ကြွင်းများ အပါအဝင် အမျိုးအစား များပြားစုံလင်လှသည့် သတ္တဝါတို့၏ ကျောက်ဖြစ်

ရုပ်ကြွင်းများကို သက်ရင့်မြေလွှာများ အတွင်းမှ ရှာဖွေတွေ့ရှိခဲ့ကြသည်။ ၁၉၉၇ ခုနှစ်၊ ဧပြီလတွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်မဟာဗျူဟာ လေ့လာရေးဌာနကြီးမှူး၏ လမ်းညွှန်ချက်အရ စစ်မဟာဗျူဟာ လေ့လာရေးရုံးမှ အရာရှိများနှင့် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနမှ ပညာရှင်များပါဝင်သော ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့သည် စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်နှင့် မိုးကောင်းမြို့နယ်များအတွင်း ကွင်းဆင်းရှာဖွေခဲ့ကြသည်။ လူ၏မူလအစကို ရှာဖွေရာ၌ အလွန်ပင် အရေးပါလှသည့် လွန်ခဲ့သော အနှစ်သန်း ၄၀ ခန့်မှ ပရိုင်းမိတ် သတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများဖြစ်ကြသည့် "ပုံတောင်ဂျီးယား" နှင့် "အမ်ဖီပီးသီးကပ် (စ်) ဗဟင်းနင်းဆစ်" အပါအဝင် အခြားသတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ သစ်ရွက် ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ကြောရိုးမဲ့သတ္တဝါတို့၏ ရုပ်ကြွင်းများကိုပါ တွေ့ရှိစုဆောင်း နိုင်ခဲ့ကြပါသည်။


အမျိုးသားပြတိုက် အဆောင်ပထမထပ်တွင် သဘာဝသမိုင်းပြခန်းကို ဖွင့်လှစ်ကာ မြန်မာနိုင်ငံအရပ်ရပ်မှ စုဆောင်းရရှိခဲ့သော အဖိုးတန်ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ခေတ်အဆက်ဆက် မူရင်းများအား စိတ်ဝင်စားဖွယ်ရာ ပန်းချီကားကြီးများနှင့်အတူ ယှဉ်တွဲခင်းကျင်းပြသထားရှိပါသည်။

မြန်မာ့သမိုင်းမတင်မီခေတ်နှင့် သမိုင်းတင်ခေတ်ဦး ပြခန်း – ပထမထပ် (အေ) ဆောင်

မြန်မာနိုင်ငံသည် သမိုင်းသက်တမ်း ရင့်ကျက် ပြီးယဉ်ကျေးမှုအားဖြင့် အစဉ်အလာ ကြီးမားသော နိုင်ငံဖြစ်ပါသည်။ လွန်ခဲ့သော အနှစ်လေးသိန်း ကျော်ကပင် ဧရာဝတီမြစ်ကမ်းတစ်လျှောက်၌ "အညာသား ယဉ်ကျေးမှု" **Anyathian Culture** ထွန်းကားခဲ့ကြောင်း သမိုင်းပညာရှင်များက ဖော်ထုတ် တင်ပြခဲ့ပါသည်။ ၁၉၆၉ ခုနှစ်တွင်လည်း ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်အတွင်း၌ ရှေးဟောင်း ပြဒါးလင်းဂူကို တွေ့ရှိခဲ့ပါသည်။ ယင်းဂူများအနက် ဂူအမှတ် (၁) တွင် တူးဖော်သုတေသနပြုခဲ့ကြပါသည်။ အဆိုပါ သုတေသနလုပ်ငန်းကြောင့် ရှေးဟောင်းကျောက်လက်နက် ကိရိယာ

ရှေ့ဆက်ဖတ်ရန်- (၁၈ ကုစ)





တောင်ပိုင် စော်ဘွားကြီး သဏ္ဌာလီ

ပေါင်း ၁၆၀၀ ကို စုဆောင်းရရှိခဲ့ပါသည်။ ထိုခေတ် ဂူနံရံပန်းချီများကိုလည်း တစ်ဆင့်ကူးယူခြင်း၊ ဓာတ်ပုံ မှတ်တမ်းတင်ခြင်းများ ပြုလုပ်နိုင်ခဲ့ကြသည်။ အဆိုပါဂူမှ အရိုး၊ မီးသွေးနမူနာကို နယူးဇီလန်နိုင်ငံသို့ ပေးပို့၍ ရေဒီယိုကာဘွန် (၁၄) နည်းဖြင့် သက်တမ်း တွက်ချက်စေခဲ့ရာ ပြဒါးလင်းဂူ ယဉ်ကျေးမှုသည် လွန်ခဲ့သော အနှစ် ၁၀၀၀၀ ခန့်တွင် ပေါ်ထွန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ဤပြခန်းတွင် ပြဒါးလင်းဂူပုံစံငယ်နှင့် သရုပ်ဖော်ပန်းချီကားချပ်၊ ပြဒါးလင်းဂူမှ နံရံပန်းချီပုံတူများ၊ ပြဒါးလင်းဂူမှ စုဆောင်းရရှိခဲ့သော ရှေးဟောင်း ကျောက်လက်နက်ကိရိယာများနှင့် အကြွင်းအကျန် အထောက်အထားပစ္စည်းများ မြန်မာနိုင်ငံအရပ်ရပ်မှ စုဆောင်းရရှိခဲ့သော ရှေးဟောင်း ကျောက်လက်နက်၊ ကြေးလက်နက်ကိရိယာများ၊ ကမ္ဘာဦးလူသားတို့၏ ပုံတူပလာစတာရုပ်များ၊ ကျောက်ခေတ်လူသားတို့နေထိုင်သွားလာလှုပ်ရှားသွားလာပုံ သရုပ်ဖော်ပန်းချီကားကြီးများဖြင့် ခင်းကျင်းပြသထားပါသည်။

လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ခန့်က မြန်မာနိုင်ငံတွင် ပျူယဉ်ကျေးမှုထွန်းကားခဲ့ကြောင်း၊ ဟန်လင်း၊ ဗိသနိုးနှင့် သရေခေတ္တရာမြို့ဟောင်းများတွင်ဆောင်ရွက်ခဲ့သည့် တူးဖော်သုတေသန လုပ်ငန်းများအရ သိရှိရပါသည်။ ပျူယဉ်ကျေးမှုသည် အမေရိကန်တိုက်တွင် ထွန်းကားခဲ့ဖူးသော အင်ကာနှင့် မာယာတို့၏ ယဉ်ကျေးမှုများနှင့် ယှဉ်နိုင်းလောက်အောင် ပြောင်မြောက်ကြီးကျယ်ခဲ့ပါသည်။ ပျူခေတ်မှ ဗိသုကာလက်ရာများ၊ ပန်းရံ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းပဲ၊ ပန်းပွတ်၊ ပန်းတမော့၊ ပန်းတော့ပညာ ဆိုင်ရာပစ္စည်းများမှာ အဲ့ချီးဖွယ်ရာပင်ဖြစ်ပါသည်။ အမျိုးသားပြတိုက် (အော) ဆောင်ပထမထပ်တွင် ပျူခေတ်မှ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများဖြစ်သော ရှေးဟောင်းငွေဆင်းတုများ၊ အုတ်ခွက်ဘုရားများ၊ မြေပုတီး၊ ကျောက်ပုတီးများ၊ ဒင်္ဂါးများ၊ အိုးများ၊ သဲလုံးသွားများ၊ သံညှောင့်များစသည်တို့ကို ခင်းကျင်းပြသမည် ဖြစ်ပါသည်။ ထို့အပြင် ဟန်လင်းသရေခေတ္တရာနှင့် ဗိသနိုးမြို့ဟောင်းတို့၏ မြေပုံကားချပ်များ၊ တူးဖော်တွေ့ရှိခဲ့သည့် ထူးခြားထင်ရှားသော အဆောက်အအုံတချို့၏ ပုံတူပုံစံငယ်များကို ခင်းကျင်းပြသထားပါသည်။ ဗိသနိုးမြို့ဟောင်းတွင် တူးဖော်သုတေသနပြုစဉ် အဆင့်အလိုက်မှတ်တမ်းတင်ထားသော မှတ်တမ်းဓာတ်ပုံကြီးများ၊ သရေခေတ္တရာမြို့ဟောင်းမှ ဘောဘောကြီးဘုရား၊ လေးမျက်နှာဘုရားတို့၏ ဓာတ်ပုံများကိုလည်း နံရံတွင် ချိတ်ဆွဲပြသထားပါသည်။

မြန်မာ့သမိုင်းတင်ခေတ်နှင့် မင်းခမ်းတော် ပစ္စည်းများ ပြခန်း – ပထမထပ် (စီ) ဆောင်

ဤပြခန်းတွင် ပုဂံမြေပုံ၊ ပုဂံခေတ်မှ ဆင်းတုတော်များနှင့် အုတ်ခွက်ဘုရားများ၊ စဉ့်သုတ်အုတ်ချပ်များ၊


အင်္ဂတေဖြင့် ပြုလုပ်ထားသည့် ပစ္စည်းများ ၊ မယ်တော်ဘယာဒေဝဒဟပြည် ကြွချီတော်မူခန်း ပလာစတာပုံတူ၊ မြစေတီ ကျောက်စာနှင့် ခေတ်အက္ခရာဘာသာပြန်၊ စုစုပေါင်းပစ္စည်း ၁၀၅ ခုကို ခင်းကျင်းပြသထားပါသည်

ရွှေစည်းခုံ၊ အာနန္ဒာ၊ သဗ္ဗညု၊ ဓမ္မရံကြီးနှင့် ကျိုက်ထီးရိုးဘုရားပုံ ဆီဆေးပန်းချီကားချပ်များကို နံရံတွင် ချိတ်ဆွဲပြသထားပါသည်။

ပင်းယခေတ်ပြကွက်တွင် မြေအိုးငယ်များ၊ မြေဆေးတံများ၊ ဆင်စွယ်တံဆိပ်တုံးများ စုစုပေါင်းပစ္စည်း ၂၇ မျိုးကို ခင်းကျင်းပြသထားပါသည်။ အင်းဝခေတ်ပြကွက်တွင် စဉ့်ရေသုတ်အုတ်ချပ်များ၊ ပန်းကန်လုံးများ၊ မြေအိုးငယ်နှင့် ဆေးတံများ စုစုပေါင်းပစ္စည်း ၃၁ ခုကို ခင်းကျင်းပြသထားပါသည်။ တောင်ငူခေတ် ပြကွက်တွင် ရှားဟောင်းမုတ္တမ စဉ့်အိုးငယ် ၃ လုံးနှင့် စဉ့်အိုးကြီး ၁ လုံးကို ခင်းကျင်းပြသထားသည်။ ညောင်ရမ်းခေတ်ပြကွက်တွင် နဂါးရုပ်များ၊ ထန်းသီးဆေးဘူး၊ ငုံးရုပ်များကို ပြသထားပါသည်။ ကုန်းဘောင်ခေတ်ပြကွက်တွင်ကြေးဆေးတံများ၊ကျောက်စိမ်းနားတောင်း၊ နားတောင်းထည့်ဘူး၊ စာတိုက် သေတ္တာ၊ သစ်သားနတ်ရုပ်ထု၊ ကလပ်စုစုပေါင်းပစ္စည်း ၃၃ မျိုးကို ပြသထားပါသည်။

မင်းခမ်းတော်ပစ္စည်းများပြခန်းတွင် လက်ဝဲမင်းခမ်းတော်နှင့် လက်ယာမင်းခမ်းတော် ပစ္စည်းများဖြစ်ကြသော သန်လျက်၊ သားမြီးယပ်၊ ကွမ်းလောင်းကြီး၊ ကလပ်၊ မကန်းကရားစသည်တို့ကိုခင်းကျင်းပြသထားပါသည်။ မင်းခမ်းတော် ပစ္စည်း ၁၁ ခု၏ ပုံတူများကိုလည်း ပြသထားပါ သည်။ မင်းခမ်းတော်ပစ္စည်းအချို့၏ ဓာတ်ပုံ ၉ ပုံကို နံရံတွင် ချိတ်ဆွဲပြသထားပါသည်။ လက်ဝဲမင်းခမ်းတော်၊ လက်ယာမင်းခမ်းတော်များ ရေးဆွဲထားသည့် ပန်းချီကားတစ်ချပ် ကိုလည်း ချိတ်ဆွဲပြသထားသည်။ မြန်မာနိုင်ငံမှ ဗြိတိသျှတို့သိမ်းယူသွားခဲ့သော မင်းခမ်းတော်ပစ္စည်းများနှင့် နန်းစဉ်ရတနာများအနက် ၁၉၆၄ ခုနှစ်တွင် အချို့ကိုပြန်လည်ပေးအပ်ခဲ့သော်လည်း ယနေ့ထက်တိုင် ပြန်လည်မရရှိတော့သော ပစ္စည်းအချို့ရှိပါသည်။ ယင်းသို့ ပြန်လည်မရရှိတော့သည့် ပစ္စည်းအချို့အနက် သောက်ရေတင်၊

ပန်းချီမင်းစံချိန်၏ ရွှေကျောင်းကြီး ဆီဆေးပန်းချီ



မေးထောက်၊ ခြေသေ့ခံကွမ်းအစ်၊ အိုးပျစ်၊ ကွမ်းချပ်သုံးဆင့်၊ မြူတာဖို၊ မြူတာမ ၊ ပြတို့စသော ပစ္စည်းများကို ပုံတူ (Replica) ပြုလုပ်၍ ပြခန်းထဲ၌ ခင်းကျင်းပြသထားပါသည်။

မြန်မာ့ဝါဂီနစ်ပြခန်း

မြန်မာ့ဝါဂီနစ်ပြခန်းတွင် မြန်မာ့ရုပ်သေးများ၊ မြန်မာ့ဆိုင်းဝိုင်း (ရှေးဟောင်း)၊ မြန်မာ့ဆိုင်းဝိုင်း (ခေတ်သစ်)၊ ပဉ္စရုပပတ္တလား၊ ပဉ္စသိန်နတ်သား စောင်းတီးနေပုံ ပန်းပု ရုပ်၊ မှန်စီရွှေချပတ္တလား၊ ဝါးပတ္တလား၊ အိုးစည်များ၊ ဒိုးပတ်များ၊ ဝါးလက်ခုပ်များ၊ လင်းကွင်းများ၊ နဲများ၊ စိန်ဗေဒါ၏ ပလွေတို့ကို ခင်းကျင်းပြသထားပါသည်။ ထင်ရှားကျော်ကြားသည့် ရှေးမြန်မာ အကပညာရှင်များ၊ အတီးပညာရှင်များနှင့် ဆိုင်းဆရာကြီးတို့၏ ဓာတ်ပုံများကို နံရံများတွင် ချိတ်ဆွဲပြသထားပါသည်။ ရှေးဟောင်းပျူကချေသည်များပါရှိသည့် မြန်မာ့ဝါဂီနစ်အစ ပျူခေတ်ကပန်းချီ၊ နှစ်ပါးသွားအက ပန်းချီကား၊ မြန်မာဒိုးပတ်အကပန်းချီကားနှင့် မြန်မာအမျိုးသမီး စောင်းကောက်တီးဟန်ပန်းချီကားတို့ကို နံရံများတွင် ချိတ်ဆွဲပြသထားပါသည်။ တိုင်းရင်းသား တူရိယာများဖြစ်သည့် ကချင်အိုးစည်၊ ကယား(ဖား)စည်နှင့် လေမူတာ တူရိယာ၊ ကရင်(ဖား)စည်နှင့် စောင်းကောက်၊ ချင်းကျဲချိုတူရိယာနှင့် ဗုံတို၊ ရှေးမွန်တယောနှင့် လခြမ်းတူရိယာ၊ ရခိုင်မင်္ဂလာစည်တော်နှင့် ရှမ်းအိုးစည်၊ ဘူးပလွေဘင်ဂျိုတို့ကို ခင်းကျင်းပြသထားပါသည်။

မြန်မာ့ရိုးရာ ကျေးလက်အနုပညာပြခန်း ဒုတိယထပ် (စ) ဆောင်

ဤပြခန်းတွင် မြန်မာ့ကျေးလက်ဒေသတို့၌ ယုံကြည်ကိုးကွယ်မှုအရ ဖန်တီးပြုလုပ်ခဲ့သော ဘုရားဆင်းတုတော်များ၊ သိကြား နတ်ရုပ်များ၊ ဆီမီးတိုင်၊ ဆီမီးခွက်များ၊ ဆွမ်းအုပ်ဆွမ်းခွက်များစသည်တို့ကို ခင်းကျင်းပြသထားပါသည်။ ထို့အပြင် ဘုန်းကြီးကျောင်းသားလေး ဆွမ်းဆန် ထမ်းထားပုံကို ပလာစတာရုပ်လုံးဖြင့် ရှုချင့်စဖွယ်ပုံဖော်ပြုလုပ် ပြသထားပါသည်။

ခရီးသွားလာမှုတွင် မြန်မာ့ရိုးရာလောင်းလှေပုံစံငယ်များ၊ ဆလုံ၊ ကဗန်းလှေ၊ ကျေးလက်သုံးလှေများ၊ လှေ မျက်စေ့များ၊ ကျောက်ဆူးနှင့် လှော်တက်ကြီး၊ လှည်းယဉ်ကျေး၊ နွားလေးကောင်ဆွဲ ကုန်တင်လှည်းကြီး၊ လှည်းဦးငှက်ရုပ်များ၊ လှည်းဇင်တုံးများ၊ ဂျပ်ဘီးကြီးနှင့် စပ်ဘီးများ၊ နွားစာခွက်စသည်တို့ကို ပြသထားပါသည်။

လုပ်ငန်းသုံးဆိုင်ရာ ပစ္စည်းများကဏ္ဍတွင်ရိုးရာရက်ကန်းစင်နှင့်ရက်ကန်းစင်ဆိုင်ရာအစိတ်အပိုင်းများ၊ ရက်ကန်းရက်ရာ၌သုံးသောပစ္စည်းကိရိယာများကိုပြည့်စုံစွာပြသထားပါသည်။ လက်သမားသုံးပစ္စည်းများဖြစ်သော ချိန်သီးအိမ်များ၊ ဒုံးစူးစသည်တို့အပြင် လက်သမားသုံးနဂါးရုပ်လက်ကိုင်ပါ တံစဉ်များကိုလည်း ပြသထားပါသည်။

ထန်းထွက် လက်မှုအနုပညာပစ္စည်းများကို ကဏ္ဍတစ်ရပ်အနေဖြင့် ပြသထားရာ ထန်းခေါက်ဖာ၊ ထန်းရွက်ယပ်တောင်၊ ထန်းလက်အရုပ်များ၊ ထန်းခေါက်ဖိနပ်စသည်တို့ကို ပြသထားပါသည်။

ကျေးလက် ကလေးကစားစရာကဏ္ဍတွင် မြန်မာ့ကျေးလက်ရိုးရာ ကစားစရာအရုပ်များ ဖြစ်သော ပစ်တိုင်းထောင်၊ ဖိုးဝရုပ်၊ ကြိုးဆွဲမြင်းရုပ်၊ ပန်းပုရုပ်ပါ လောက်လေးခွ၊ သစ်သားနွားရုပ်စသည်တို့ကို ခင်းကျင်းပြသထားပါသည်။

အိမ်သုံးနှင့် အထွေထွေကဏ္ဍတွင် ကွမ်း၊ ဆေး၊ လက်ဖက်တို့နှင့် ပတ်သက်သော ထည့်စရာပစ္စည်းများ၊ ဝါး၊ ကြိမ်၊ ပလိုင်းများ စသည်တို့ကို ပြသထားပါသည်။

မြန်မာ့ရိုးရာကျေးလက်အနုပညာပြခန်းနှင့် ကျေးလက်အနုပညာပစ္စည်းစုစုပေါင်း ၄၁၃ ခုတို့ကို ခင်းကျင်းပြသထားပါသည်။ မြန်မာ့ရိုးရာကျေးလက်အနုပညာပြခန်း၏ အနောက်ဘက်ခြမ်းတွင် မြန်မာ့ရိုးရာပန်းဆယ်မျိုးပြကွက်ကို ခင်းကျင်းပြသထားပါသည်။ ပန်းချီ၊ ပန်းပု၊ ပန်းပွတ်၊ ပန်းတော့၊ ပန်းတမော့၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းရံ၊ ပန်းပဲ၊ ပန်းယွန်းတို့နှင့် ပတ်သက်၍ အဓိပ္ပာယ်ရှင်းလင်းချက်များ လက်ရာမြောက်သောနမူနာပစ္စည်းပေါင်း ၁၇၃ ခုကို ခင်းကျင်းပြသထားပါသည်။

မြန်မာတို့၏ အိုးခွက်နှင့်ပတ်သက်သော လက်မှုအနုပညာ၊ မှန်စီရွှေချ လက်မှုအနုပညာတို့ကိုလည်း ဤပြခန်းတွင် ပြကွက်များအဖြစ် ခင်းကျင်းပြသထားရာ

အိုးခွက်ပစ္စည်းဆိုင်ရာ ၂၂ ခုနှင့် မှန်စီရွှေချလက်ရာပစ္စည်း ၁၂ ခုတို့ကို တွေ့မြင် ကြရမည် ဖြစ်ပါသည်။


မြန်မာ့ရိုးရာ ကျေးလက်အနုပညာ ပြခန်းတွင် သရုပ်ဖော် ပန်းချီကားချပ်ကြီးများအနေဖြင့် မြန်မာ့ရိုးရာ အိမ်၊ လှည်းယဉ်၊ လှေ၊ ရက်ကန်းစင်တို့၏ အစိတ်အပိုင်းများကို ဖော်ညွှန်းသော ပန်းချီကားချပ်ကြီးများ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးနှင့် ပတ်သက်သော သရုပ်ဖော်ပန်းချီကားချပ်များကိုပါ ချိတ်ဆွဲပြသထားပါသည်။

မြန်မာပန်းချီခန်းမဆောင် (၁) – တတိယထပ် (စီ) ဆောင်

ဤခန်းမဆောင်တွင် လွန်ခဲ့သည့်အနှစ် တစ်သောင်းကျော် သက်တမ်းရှိပြီဖြစ်သော ပြဒါးလင်းဂူနံရံမှ ပန်းချီမိတ္တူများ၊ အင်းဝ၊ ကုန်းဘောင်နှင့် အမရပူရတို့မှ ဂူနံရံဆေးရေးပန်းချီ မိတ္တူများကိုလည်းကောင်း၊ နန်းတွင်းပန်းချီတော် ဆရာချုံ၏ တပည့်များ ရေးဆွဲသော ပန်းချီကား မူရင်းများကိုလည်းကောင်း၊ ပကတိအမြင်ရေးဆွဲနည်းကို မြန်မာနိုင်ငံ၌ ထွန်းကားအောင်ရေးဆွဲခဲ့သည့် ပန်းချီကျော်ဦးဘညာဏ်၏ မူရင်းလက်ရာပန်းချီကားများကို လည်းကောင်း၊ဦးဘညာဏ်နှင့် ခေတ်ပြိုင်ဖြစ်သော ဦးဘဇော်၊ ဦးချစ်မြဲ၊ ဆရာဆောင်၊ ဦးစံဝင်းနှင့် ဦးငွေကိုင်တို့၏ မူရင်းပန်းချီလက်ရာများကိုလည်းကောင်း၊ ချိတ်ဆွဲကာ မြန်မာ့ပန်းချီသမိုင်းကို ဖော်ညွှန်းပြသထားပါသည်။ မျက်မှောက်ခေတ် မြန်မာ့ပန်းချီကျော်တို့၏ လက်ရာအတော်များများကိုလည်း ဤခန်းမဆောင်တွင် ဘာသာရပ်အလိုက် ချိတ်ဆွဲပြသထားပါသည်။ မြန်မာ့ပန်းချီခန်းမဆောင်တွင် ရေဆေး ၁၃၁ ကား၊ ဆီဆေး ၁၃၆ ကား၊ ခဲဆွဲပန်းချီကား ၂၉ ကားနှင့် အခြားပန်းချီကား ၂၂ ကား အပါအဝင် စုစုပေါင်းပန်းချီကားချပ် ၃၁၈ ကားတို့ကို ချိတ်ဆွဲပြသထားပါသည်။

မြန်မာပန်းချီ ခန်းမဆောင် (၂) – တတိယထပ် (အေ) ဆောင်

ဤမြန်မာ့ပန်းချီခန်းမဆောင် (၂)တွင် စလေမြို့မှ ရရှိခဲ့သည့် တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ ဟူသော ဇာတ်ကြီး ၁၀ ဘွဲ့မှ သရုပ်ဖော်ပန်းချီကား ၂၀ ချပ်ကို ချိတ်ဆွဲပြသထားပါသည်။



ပန်းချီဦးဘညာဏ်၏ လူဝကြီးဆီဆေး
(၁၉ ရာစုနှောင်းပိုင်း)

ထို့ပြင် တွဲတွေးမြို့နယ်ရှိ ဓနုတ်ဘုရားမှ စုဆောင်းရရှိထားသော ပန်းချီဆရာကြီး ဦးစောမောင်၏လက်ရာမောင်းမြောက်ခန်းပန်းချီကား တစ်ချပ်ကို ချိတ်ဆွဲပြသထားပါသည်။

မြန်မာရှေးဟောင်းအဆင်တန်ဆာ ရတနာပြခန်း တတိယထပ် (အေ) ဆောင်

ဤပြခန်းသည် အမျိုးသားပြတိုက် (အေ) ဆောင် တတိယထပ်တွင် တည်ရှိ၏။ အေဒီ ၁ ရာစုပျူခေတ်မှ

သည် ၁၉ ရာစုအစောပိုင်း ရတနာပုခေတ်ကာလအတွင်း မြန်မာတို့ ဆင်မြန်းခဲ့သည့် အဆင်တန်ဆာ ရတနာအချို့ကို ခင်းကျင်းပြသထား သည့် ပြခန်းဖြစ်ပါသည်။ နော်ဇာရွှေကုံး၊ လက်စွပ်၊ လက်ကောက်၊ လက်ကြပ်၊ လည်ဆွဲ၊ ဖက်လိပ်၊ နား တောင်းစသော ရွှေဟောင်း အဆင်တန်ဆာ ရတနာ ပစ္စည်းအချို့ကို မျက်မှောက်ခေတ်တွင် မြေကြီး တူးရှင်း၊ လယ်ထွန်ထယ်ထိုးရင်း မတော်တဆတွေ့ရှိခဲ့ရ၏။ ယင်းသို့ တွေ့ရှိခဲ့သော ပစ္စည်းများကို ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရွှေဟောင်း သုတေသနဦးစီးဌာနသို့ တာဝန်သိသိ အပ်နှံ ခဲ့ကြသဖြင့် ပစ္စည်းမှန်၊ နေရာမှန်၊ ရောက်ရှိနိုင်ခဲ့ ရခြင်း ဖြစ်၏။ သက်ဆိုင်ရာဌာနမှလည်း တွေ့ရှိအပ်နှံသူ တို့အား ထိုက်တန်စွာဆုကြေးငွေများ ချီးမြှင့်ပေးအပ် ခဲ့သည်။ ယခု ပြသထားသော ပစ္စည်းတို့မှာ အများပြည်သူ တို့ မတော်တဆ တွေ့ရှိကြရပြီး တာဝန်သိသိ အပ်နှံ ခဲ့ကြသည့် ရွှေဟောင်း အဆင်တန်ဆာရတနာများ ဖြစ်ကြပါသည်။

တိုင်းရင်းသားယဉ်ကျေးမှုပြခန်း – စတုတ္ထထပ် (စီ) ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးနွယ် စုစုပေါင်း ၁၀၀ ကျော်ခန့် နေထိုင်လျက်ရှိကြပါသည်။ မျိုးနွယ်စုအလိုက် တစ်မူထူးခြားသော ဝတ်စားဆင်ယင် ထုံးဖွဲ့မှု၊ ရိုးရာဓလေ့ထုံးစံတို့ ရှိနေကြပါသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း ပြည်နယ်များအလိုက် တိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ရိုးရာဓလေ့ထုံးစံ၊ နေထိုင်စားသောက်ကြပုံ၊ တူရိယာ ပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်း၊ စုစုပေါင်း ၃၀၀ ကျော် ကို ခင်းကျင်းပြသထားပါသည်။ တိုင်းရင်းသားမျိုးနွယ်စု များအလိုက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုတို့ကို လူအရွယ် ပလာစတာရုပ်လုံး ၉၀ ကျော်ဖြင့် ပြသထားပါသည်။

ဗုဒ္ဓဆင်းတုတော်များပြခန်း– စတုတ္ထထပ် (အေ) ဆောင်

ဤပြခန်းတွင် ဗုဒ္ဓဆင်းတုတော်များကို ပျူခေတ်၊ အေဒီ(၁– ၉ ရာစု)၊ ပုဂံခေတ် အေဒီ(၁၁–၁၃ရာစု)၊ ပင်းယခေတ် အေဒီ (၁၃–၁၄ ရာစု)၊ အင်းဝခေတ် အေဒီ (၁၄–၁၆ ရာစု)၊ ဟံသာဝတီခေတ်အေဒီ (၁၆–၁၇ ရာစု)၊ တောင်ငူခေတ် အေဒီ (၁၆–၁၇ ရာစု)၊ ညောင်ရမ်းခေတ် အေဒီ(၁၇–၁၈ ရာစု)၊ ကုန်းဘောင်ခေတ်အေဒီ (၁၈–၁၉ ရာစု)ရတနာပုံခေတ်အေဒီ (၁၉–ရာစု) ဟူ၍ခေတ်ကြီး ၉ ခေတ်လက်ရာများအဖြစ် ခွဲခြား ပြသထားပါသည်။ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ ပုဂံမြို့မြင်းကပါရပ်ရှိ မင်းကျောင်းမှ ပင့်ဆောင်လာသည့် ဗုဒ္ဓဆင်းတုတော် ၁၇ ဆူကိုလည်း ပြသထားပါသည်။

မွန်မြတ်သော ဦးတည်ချက်များနှင့်အညီ

ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားပြတိုက် သည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ အပါအဝင် မြန်မာတစ်မျိုးသားလုံး၏ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေ အနှစ်ပစ္စည်းများကို ခင်းကျင်းပြသပြီး အများပြည်သူတို့အား ယဉ်ကျေးမှု အသိပညာ ဖြန့်ဖြူးပေးသည့် နေရာဖြစ်သည်။ မြန်မာကိုမြန်မာက သိစေဖို့အတွက်သာမက မြန်မာကို ကမ္ဘာကသိစေဖို့အတွက်ပါ ယဉ်ကျေးမှုဗဟုသုတ ဖြန့်ဖြူး သည့် နေရာလည်းဖြစ်ပေသည်။

ယနေ့နိုင်ငံတော်မှ ချမှတ်ထားသည့် ဦးတည်ချက် ၁၂ ရပ်အနက် လူမှုရေးဦးတည်ချက် ၄ ရပ်ဖြစ်သော တစ်မျိုးသားလုံးစိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊ အမျိုးဂုဏ်ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင် ရေးနှင့် ပညာရည်မြင့်မားရေးတို့ကို အကောင်အထည် ဖော်ရာ၌ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန၏ ဖွဲ့စည်းမှုအောက်ရှိ အမျိုးသားပြတိုက်ကလည်း တစ်တပ်တစ်အား ဖြည့်ဆည်း အထောက်အကူပြုလျက် ရှိပေသည်။

ဦးကျော်ဝင်း (မနုဿကျော်ဝင်း)
(ယဉ်ကျေးမှုဝန်ကြီးဌာန)

အပိုင်း - ၃

၁၉၉၇ - ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၉၇ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထား ရေးသား ထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

ကနေဒါနိုင်ငံ။ ။ကနေဒါနိုင်ငံ အစိုးရနှင့် ဘုရင့်မြင်းစီးရဲအဖွဲ့တို့က ကနေဒါနိုင်ငံ၊ ဝန်ကြီးချုပ်ဟောင်း ဘရီယန် မာလ်ရွန်နီအား တောင်းပန်သည့်စာကို ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် တရား၀င်ထုတ်ပြန်ပြီး တရားခွင်တွင် ရင်ဆိုင်ရန်ပြင်ဆင်မှု အကြိုကာလ ကုန်ကျစရိတ်ခန့်မှန်းခြေ ဒေါ်လာတစ်သန်းကိုလည်း ပေးရန်သဘောတူခဲ့သည်။ ဘရီယန်မာလ်ရွန်နီက ၄င်းအား အသေရေဖျက်မှုဖြင့် တရားစွဲဆိုထား၍ အမှုကို ဇန်နဝါရီ ၆ ရက်နေ့မှာပင် စတင်စစ်ဆေးရန် ဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် ကနေဒါ လေကြောင်းဌာနက ကနေဒါဒေါ်လာ ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ အေ ၃၂၀ အမျိုးအစား အဲယား၀ဘတ်စ်လေယာဉ်စင်းရေ ၃၄ စင်း ဝယ်ယူရေးနှင့် စပ်လျဉ်းပြီး လာဘ်ငွေ ကနေဒါဒေါ်လာ ငါးသန်းကို လက်ခံခဲ့မှုအတွက် ဘရီယန်မာလ်ရွန်နီမှာ စုံစမ်းစစ်ဆေးမှု ခံနေရသည်ဟု ၁၉၉၅ ခုနှစ်၊ နိ၀င်ဘာလတွင် သတင်းများထွက်ပေါ်ခဲ့ပြီးနောက် မာလ်ရွန်နီက ဥပဒေကြောင်းအရ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဤသို့ ရှိနေခဲ့ရာမှ ဧပြီလ ၂၇ ရက်နေ့တွင် ကနေဒါ ဝန်ကြီးချုပ် ဂျင်းခရက်ရှန်က အထွေထွေရွေးကောက်ပွဲကို ဇွန်လ ၂ ရက်နေ့တွင် ကျင်းပမည်ဟု ကြေညာခဲ့သည်။ ယင်းသို့ ကြေညာလိုက်ခြင်းဖြင့် ကနေဒါနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲအသစ် ကျင်းပရန် လိုအပ်သည့် အချိန်ကာလထက် ၁၇ လ စော၍ ကျင်းပမည့်သဘော ဖြစ်သည်။

ဂျင်းခရက်ရှန်က ယခုကဲ့သို့ ဆုံးဖြတ်လိုက်ခြင်းမှာ ကွိဘက်တွင် ကျင်းပရန် အဆိုပြုထားသည့် လွတ်လပ်ရေးဆိုင်ရာ ပြည်သူ့ဆန္ဒခံယူပွဲထက်စော၍ အထွေထွေရွေးကောက်ပွဲကျင်းပပြီး အစိုးရအဖွဲ့သစ်တစ်ရပ်ဖွဲ့စည်းပြီး ဖြစ်နေစေလိုသည့် ဆန္ဒကြောင့် ဖြစ်သည်ဟု အများက ရှုမြင် သုံးသပ်ကြသည်။ ကွိဘက် ပြည်နယ်တွင် လွတ်လပ်ရေးဆိုင်ရာ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပရန် ပြည်နယ်ဝန်ကြီးချုပ် လူစီယန်ဘိုးချတ်က ကတိပြုထားရာ ၁၉၉၉ ခုနှစ်တွင် ကျင်းပနိုင်ဖွယ်ရာ ရှိနေသည်။ ထို့ပြင် ပြည်သူ့သဘောထား စစ်တမ်းကောက်ယူမှုတွင် ဂျင်းခရက်ရှန်၏ ပါတီဖြစ်သည့် လစ်ဘရယ်ပါတီက ထိပ်ဆုံးမှ အသာစီးရနေလျက်ရှိရာ ယင်းအခွင့်အလမ်းကို လက်မလွတ်စေလိုသည့် ဆန္ဒ ပြင်းပြမှုကြောင့်လည်း ဖြစ်သည်ဟု အချို့က ရှုမြင်ကြသည်။ ပြည်သူ့ဆန္ဒကောက်ယူမှုတွင် လစ်ဘရယ်ပါတီက ပြိုင်ဘက်ပါတီ ဖြစ်သည့် တိုးတက်သော ကွန်ဆာဗေးတစ်ပါတီ (ပီစီပီ) ထက် ၂၀ ရာခိုင်နှုန်းအသာဖြင့် ရှေ့မှဦးဆောင်လျက် ရှိသည်။

ရွေးကောက်ပွဲနိုင်ရန် ယင်းသို့ အခြေအနေကောင်းများရှိလင့်ကစား ၁၉၉၃ ခုနှစ်က ရွေးကောက်ပွဲ အောင်နိုင်ခဲ့သည့် အတိုင်းအတာမျိုး ပြန်လည် ရရှိရန် လစ်ဘရယ်ပါတီက မျှော်လင့်မထားပေ။ ထိုအချိန်က လစ်ဘရယ်ပါတီ၏ အပြတ်အသတ် အောင်ပွဲ ဆင်နိုင်မှုကြောင့် တိုးတက်သော ကွန်ဆာဗေးတစ်ပါတီ (ပီစီပီ) မှာ အစိုးရအဖွဲ့မှ ပြုတ်ကျခဲ့ရပြီး ဥပဒေပြုလွှတ်တော်တွင် အမတ်နေရာ နှစ်နေရာသာ ရရှိတော့သည့် အခြေအနေသို့ပင် ဆိုက်ရောက်ခဲ့ရသည်။ ယင်းအချိန်မှစပြီး တိုးတက်သော ကွန်ဆာဗေးတစ်ပါတီ (ပီစီပီ) အနေဖြင့် မိမိပါတီအား လူထု ထောက်ခံမှု အနေအထားကို ပြန်လည်သုံးသပ်ခဲ့ရသည်။

ဤသို့ဖြင့် ၁၉၉၇ ခုနှစ်၊ မေလတွင် အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ် စည်းရုံးလှုပ်ရှားမှုများ စတင်ခဲ့သည်။ ယင်းအခြေအနေတွင် ကွိဘက်ပြည်နယ်အကြောင်း ထုတ်ဖော်ပြောကြားထားသော စာအုပ်ကြောင့် ရွေးကောက်ပွဲ မဲဆွယ် စည်းရုံးမှုများကိုပင် လွှမ်းမိုးသွားခဲ့သည်။ အဆိုပါ စာအုပ်တွင် ကွိဘက်ပြည်နယ်အနေဖြင့် တစ်ဖက်သတ် လွတ်လပ်ရေးကြေညာမည့် အနေအထား၊ ပြင်သစ်အစိုးရထံမှ သံခင်းတမန်ခင်း အလျင်အမြန် အသိအမှတ်ပြုမှု ရရှိရန် တောင်းဆိုသည့် အခြေအနေသို့ပင် ရှိခဲ့ကြောင်း ထုတ်ဖော်ရေးသားထားသည်။

အဆိုပါစာအုပ်ကို ကွိဘက်ပြည်နယ်၊ ယခင်ဝန်ကြီးချုပ်ဟောင်း ဂျက်ပါရီဇီယောကရေးသားခဲ့ပြီး ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလတွင် ကွိဘက်ပြည်နယ်တွင် ကျင်းပခဲ့သည့်

လွတ်လပ်ရေးဆိုင်ရာ ပြည်သူ့ဆန္ဒခံယူပွဲသာ အနိုင်ရရှိခဲ့ပါမူ ပြည်နယ်လွတ်လပ်ရေး ကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီး ဖြစ်လိမ့်မည်ဖြစ်ကြောင်း ထုတ်ဖော်ရေးသားထားသည်။ ဆက်လက်ပြီး ပါရီဇီယောက လွတ်လပ်ရေး တစ်ဖက်သတ် ကြေညာရန်နှင့် ပြင်သစ်နိုင်ငံမှ သံခင်းတမန်ခင်း အသိအမှတ်ပြုမှု ရရှိရန် အကြံအစည်ကို ယခင် ပြင်သစ်နိုင်ငံ၊ ဝန်ကြီးချုပ်ဟောင်း ဗလာရီဂစ်ကတ်အိန်းစတိန်း၏ အကူအညီဖြင့် လုပ်ဆောင်ရန် ကြံစည်သည်ဟု ယူဆရကြောင်း စွပ်စွဲထားသည်။

ယင်း ထုတ်ဖော်စွပ်စွဲမှုကြောင့် ကနေဒါနိုင်ငံတွင် စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ အကယ်၍သာ တစ်ဖက်သတ် လွတ်လပ်ရေးကြေညာခဲ့ပါက တစ်ခါမျှ မပေါ်ပေါက်ခဲ့ဘူးသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အကျပ်အတည်း အခက်အခဲကို ကြုံတွေ့ရစေလိမ့်မည်ဟု တွက်ဆမှုများ ရှိခဲ့သည်။ ယင်းစာအုပ်တွင် ထုတ်ဖော်စွပ်စွဲမှုများက ကွီဘက်ပြည်နယ်ခွဲထွက်ရေး လှုပ်ရှားမှု၏ဦးဆောင်မှုအခန်းကို ထိခိုက် အရှက်ရစေခဲ့သည်။ ယင်းကိစ္စနှင့်စပ်လျဉ်းပြီး ပါရီဇီယောကို ဆက်ခံခဲ့သည့် ကွီဘက်ပြည်နယ်၊ ဝန်ကြီးချုပ် လူစီယန်ဘိုးချတ်ကင်းအနေဖြင့် ယင်းကိစ္စ အကြံအစည်ကို မသိရှိကြောင်း၊ အကယ်၍သာ ယင်းအကြံအစည်ရှိသည်ကို သိပါက ငြင်းအနေဖြင့် ယင်းကိစ္စမှ ကင်းကင်းရှင်းရှင်းနေပြီး ဖြစ်လိမ့်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

အဆိုပါ ကွီဘက်ပြည်နယ် အရေးကိစ္စကြောင့် ဝန်ကြီးချုပ် ဂျင်းခရက်ရှန်ဦးဆောင်သည့် လစ်ဘရယ်ပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်လှုပ်ရှားမှုကိုအားကောင်းစေလိမ့်မည်ဟု ယေဘုယျအားဖြင့် ယူဆကြသည်။ ကွီဘက်ပြည်နယ် အရေးထုတ်ဖော်ထားသည့် စာအုပ်ထုတ်ဝေခဲ့ပြီး နောက်ပိုင်းရရှိခဲ့သည့် ပြည်သူ့ဆန္ဒစစ်တမ်းတွင် ကွီဘက်ပြည်နယ်ခွဲထွက်ရေး လှုပ်ရှားမှု ခေါင်းဆောင်များအပေါ် လူထုထောက်ခံမှုမှာ သိသိသာသာ ကျဆင်းသွားခဲ့သည်။

ဤသို့အားဖြင့် ကနေဒါနိုင်ငံ၏ အထွေထွေ ရွေးကောက်ပွဲကို ဇွန် ၂ ရက်နေ့တွင် ဂျင်းပရာ ဝန်ကြီးချုပ် ဂျင်းခရက်ရှန်ဦးဆောင်သော လစ်ဘရယ်ပါတီကပင် အနိုင်ရရှိပြီး အစိုးရအဖွဲ့ ဒုတိယအကြိမ်သက်တမ်း ဆက်လက်ဆောင်ရွက်ခွင့်ကို ရရှိသွားသည်။ လစ်ဘရယ်ပါတီအစိုးရ အဖွဲ့အနေဖြင့် နှစ်ပေါင်း ၄၀ အတွင်း ရွေးကောက်ပွဲ ဆက်တိုက်အနိုင်ရရှိပြီး အမတ်အများစု ရွေးချယ်ခံရခြင်း ဖြစ်သည်။ သို့ရာတွင် ယခုအကြိမ်တွင်မူ အမတ်ဦးရေ ၃၀၁ ဦးရှိသည့် အောက်လွတ်တော်တွင် လစ်ဘရယ်ပါတီက အမတ်နေရာ ၁၅၅ နေရာသာ ရရှိခဲ့သည်။ ၁၉၉၃ ခုနှစ် ရွေးကောက်ပွဲတွင်မူ လစ်ဘရယ်ပါတီက အမတ်နေရာ ၁၇၇ နေရာရရှိခဲ့သည်။

ဝန်ကြီးချုပ် ဂျင်းခရက်ရှန် ကိုယ်တိုင်ပင် ၄င်းယှဉ်ပြိုင်ခဲ့သော ကွီဘက်ပြည်နယ် ကျေးလက်ဒေသမဲဆန္ဒနယ်တွင် အနိုင်ရရှိရေးကို အတော်ကြိုးပမ်းခဲ့ရသည်။ အာဏာရပါတီ၏ မဲယှဉ်ပြိုင်မှု အရည်အသွေး ယုတ်လျော့လာခြင်းသည် လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ လိုအပ်သည့် အချိန်ကာလထက် ၁၇ လစောပြီး ရွေးကောက်ပွဲကျင်းပရန် ဝန်ကြီးချုပ် ခရက်ရှန်က ဆုံးဖြတ်ခဲ့ခြင်းသည်လည်းကောင်း ခရက်ရှန်အနေဖြင့် ခေါင်းဆောင်အဖြစ်မှ ဆင်းပေးရန် ဖိအားပေးမှုများနှင့် ကြုံတွေ့စေရမည့် အခြေအနေများပင် ဖြစ်သည်ဟု နိုင်ငံရေး လေ့လာသုံးသပ်သူအများက ယူဆကြသည်။

၁၉၈၄ ခုနှစ်မှ ၁၉၉၃ ခုနှစ်တိုင်အောင် အစိုးရအဖွဲ့အာဏာရပါတီဖြစ်သည့် တိုးတက်သော ကွန်ဆာဗေးတစ်ပါတီမှာမူ ယခုအကြိမ် ရွေးကောက်ပွဲတွင် နေရာ ၂၀ သာ အနိုင်ရရှိခဲ့ရာ အကြီးအကျယ်ရှုံးနိမ့်ခဲ့သော ၁၉၉၃ ခုနှစ် ရွေးကောက်ပွဲနှင့် နှိုင်းစာသော် အတော်အသင့် တိုးတက်လာသည်ဟု ဆိုရပေမည်။ ၁၉၉၃ ခုနှစ် ရွေးကောက်ပွဲတွင် နှစ်နေရာသာ အနိုင်ရရှိခဲ့သည်။

ယင်းသို့ အခြေအနေများ ဖြစ်ပေါ်လျက်ရှိစဉ် ဝန်ကြီးချုပ်ဟောင်း ဘရီယန်မာလ်ရွန်နီ လုပ်ဆောင်ခဲ့သော အသေရေဖျက်မှု တရားစွဲဆိုမှုကို တရားရုံးပြင်ပတွင် ကျေအေးရန် ဇန်နဝါရီလက သဘောတူညီမှုကို ကနေဒါတရားရုံးက အောက်တိုဘာ ၇ ရက်နေ့တွင် အတည်ပြုခဲ့သည်။ တရားရုံး ပြင်ပကျေအေးမှု သဘောတူညီချက်အရ

ကနေဒါနိုင်ငံ၊ ဘုရင့် မြင်းစီးရဲအဖွဲ့က မာလ်ရွန်နီအား တရားခွင်တွင်ရင်ဆိုင်ရန် ပြင်ဆင်မှုကာလ ကုန်ကျစရိတ် ခန့်မှန်းခြေ ကနေဒါဒေါ်လာတစ်သန်းပေးရန် သဘောတူခဲ့သည်။

ဤအတောအတွင်း ကျောင်းဆရာများ၏ အကြီးမားဆုံး ဆန္ဒပြပွဲ ကနေဒါနိုင်ငံတွင် ဖြစ်ပွားခဲ့သည်။ ဆန္ဒပြပွဲကို အွန်ကာရီယိုပြည်နယ်၊ အထက်တန်းကျောင်း ဆရာများက အောက်တိုဘာ ၂၇ ရက်နေ့မှ စတင်ကာ ရက်သတ္တပတ်နှစ်ပတ်ကြာ ဆင်နွှဲခဲ့ပြီး နိုဝင်ဘာ ၁၀ ရက်နေ့တွင် အဆုံးသတ်ခဲ့သည်။ ဆန္ဒပြပွဲကြောင့် ကျောင်းသားလူငယ် နှစ်သန်းခန့်၏ ပညာရေးကို ထိခိုက်ခဲ့ရသည်။ ဆန္ဒပြပွဲဖြစ်ပေါ်စေရခြင်းမှာ ပြည်နယ်ပညာရေးစနစ်ကို ပြန်လည်ပြုပြင်လိုက်သည့် ဥပဒေပြဋ္ဌာန်းချက်ကြောင့် ဖြစ်သည်။ အဆိုပါဥပဒေပြဋ္ဌာန်းချက်အရ ပြည်နယ်များတွင် ကျောင်းများကို ပြည်နယ်အစိုးရကသာ စီမံအုပ်ချုပ် ဖွင့်လှစ်သွားစေရန် အခွင့်အာဏာပေးလိုက်သောကြောင့် ဖြစ်သည်။

စီးပွားရေး– ကနေဒါဘဏ္ဍာရေးဝန်ကြီး ပေါလ်မာတင်က ၁၉၉၇ ခုနှစ်အတွက် ဘတ်ဂျက်ကို ပါလီမန်၌ ဖေဖော်ဝါရီ ၁၈ နေ့တွင် တင်သွင်းခဲ့သည်။ ကနေဒါနိုင်ငံ ဘဏ္ဍာရေးအခြေအနေမှာ မည်သည့်အခါနှင့်မျှ မတူသည့် အရေးကြီးသည့် အလှည့်အပြောင်းတစ်ရပ်ကို ကြုံတွေ့ခဲ့ပြီး ဖြစ်ကြောင်း ပေါလ်မာတင်က ပြောကြားခဲ့သည်။ ထို့ပြင် လာမည့် နှစ်နှစ်တာကာလတွင် လိုငွေလျော့ချမှု လျှာထားချက်ကို ကျော်လွန်သွားမည်ဟု မျှော်လင့်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

လိုငွေမှာ လောလောဆယ် ဘဏ္ဍာရေးနှစ် ဖြစ်သည့် ၁၉၉၆–၉၇ ခုနှစ်တွင် ကနေဒါဒေါ်လာ ၁၉ ဘီလီယံသို့ လျော့ကျသွားမည်ဖြစ်ရာ ၁၉၉၅–၉၆ ခုနှစ်က လိုငွေဖြစ်သည့် ကနေဒါဒေါ်လာ ၂၄ ဒသမ ၃ ဘီလီယံထက် အခြေအနေ ပိုကောင်းပေသည်။ ၁၉၉၇–၉၈ ခုနှစ်အတွက် လိုငွေ လျှာထားမှုမှာ ကနေဒါဒေါ်လာ ၁၇ ဘီလီယံ ဖြစ်သည်။ ၁၉၉၈–၉၉ အတွက်မူ လိုငွေ ကနေဒါဒေါ်လာ ကိုးဘီလီယံ လျှာထားသည်။ လိုငွေအမြင့်ဆုံး ပြခဲ့သည့် ၁၉၉၃–၉၄ နှစ်ကမူ လိုငွေပမာဏမှာ ကနေဒါဒေါ်လာ ၄၂ ဘီလီယံ သို့မဟုတ် ပြည်တွင်း အသားတင်ထုတ်လုပ်မှု၏ ခြောက်ရာခိုင်နှုန်းနီးပါးအထိ ရောက်ရှိခဲ့သည်။

ထို့ပြင် ဘဏ္ဍာရေးဝန်ကြီးပေါလ်မာတင်က အစိုးရအဖွဲ့၏ ငွေချေးရန်လိုအပ်ချက်မှာ ၁၉၉၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည့် ဘဏ္ဍာရေးနှစ်တွင် သုည အထိ ကျဆင်းသွားပြီး ကြွေးမြီနှင့် ပြည်တွင်း အသားတင် ထုတ်လုပ်မှု အချိုးမှာလည်း ၁၉၇၀ ပြည့်လွန်နှစ်များနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် စတင်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်းကို ပြောကြားခဲ့သည်။

ကနေဒါနိုင်ငံ၏ စီးပွားရေးအင်အားမှာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်ပြောင်းလဲနေရသည်။ ယင်းတို့တွင် ၁၉၉၁ ခုနှစ်နှင့် ၁၉၉၅ ခုနှစ် ကြားကာလ ကနေဒါဒေါ်လာ တန်ဖိုးကျဆင်းခြင်း၊ ယင်း ဖြစ်ရပ်ကြောင့် ပို့ကုန်များ ပို၍ ယှဉ်ပြိုင်မှုဖြစ်ပေါ်စေခြင်း၊ အပြည်ပြည်ဆိုင်ရာ အတိုးနှုန်း နိမ့်ကျစေခြင်းနှင့် ကနေဒါနိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ဖက် နိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေး ရှေ့မတိုးနောက်မဆုတ်ဘဲ တန့်နေခြင်း စသည့်အချက်များ ပါဝင်သည်။

ပြည်ပဆက်ဆံရေး– ကနေဒါဝန်ကြီးချုပ် ဂျင်းခရက်ရှန်သည် အမေရိကန်သမ္မတဘီလ်ကလင်တန်နှင့် တွေ့ဆုံဆွေးနွေးရန် ဧပြီလ ၇ ရက်မှ ၉ ရက်အထိ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များ အနေဖြင့် အပြည်ပြည်ဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲများတွင် မကြာခဏ တွေ့ဆုံခဲ့ကြသော်လည်း ခရက်ရှန်၏ အမေရိကန် ပြည်ထောင်စုသို့ ယခုခရီးစဉ်မှာမူ ၁၉၉၃ ခုနှစ်တွင် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့ပြီးနောက်ပိုင်း ပထမဆုံး အကြိမ်ဖြစ်သည်။ ဧပြီ ၈ ရက်နေ့တွင် ခေါင်းဆောင်နှစ်ဦး တို့က သဘောတူညီချက်များကို ကြေညာခဲ့ရာ ကူးသန်း ရောင်းဝယ်ရေးယာဉ်များ နှစ်နိုင်ငံနယ်စပ် ဖြတ်ကျော်မှုကို အဆင်ပြေလွယ်ကူမှုရှိအောင် ဆောင်ရွက်ရေး၊ မသမာမှု များ တိုက်ဖျက်ရေးနှင့် ပျောက်ဆုံးနေသော ကလေးသူငယ်များအား ရှာဖွေထောက်လှမ်းရေးများ ပါဝင်သည်။

ကုလသမဂ္ဂ။ ။၁၉၉၆–၉၇ ခုနှစ်ဆိုင်ရာ ၅၁ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၏ ရှေးဦးပိုင်း အစည်းအဝေးကို ၁၉၉၆ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်နေ့တွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်နေ့တွင် ရပ်နားခဲ့ပေသည်။ အထက်ပါညီလာခံက ကုလသမဂ္ဂဆိုင်ရာ မလေးရှားနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် မစ္စတာရာဇာ အစ္စမေလ်အား သဘာပတိအဖြစ် တင်မြှောက်၍ အစည်းအဝေးများ ကျင်းပခဲ့ရာ အစည်းအဝေး အစီအစဉ်ပါ အကြောင်းအရာ ၁၆၀ တို့အပေါ်တွင် စဉ်းစားဆောင်ရွက်ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပေသည်။

ကမ္ဘာ့နိုင်ငံများ၏ သဘောထားအမြင်များ

ကမ္ဘာ့ရေးရာများနှင့် ပတ်သက်၍ သုံးသပ်တင်ပြရင်ဖွင့်ကြသည့် အထွေထွေဆွေးနွေးပွဲတွင် နိုင်ငံအကြီး အကဲ ၁၂ ဦး အပါအဝင် ကိုယ်စားလှယ်တော် ၁၈၁ ဦးတို့က အမြင်သဘောထားများ ထုတ်ဖော်ပြောကြားကြရာ၌ အများစုက ကုလသမဂ္ဂအား ပြုပြင်ပြောင်းလဲရေး၊ အားသစ်မာန်သစ် ဆောင်းပေးရေးနှင့် ဘဏ္ဍာရေးအကျပ်အတည်းပြဿနာကင်းရှင်းရေးတို့ကို ထိပ်တန်းတင်၍ ပြောကြားခဲ့ကြ၏။ ပြီးပြည့်စုံသော အကုမြူလက်နက်များ၏ စမ်းသပ်ပေါက်ကွဲမှု တားမြစ်ပိတ်ပင်ရေး စာချုပ်အတည်ပြုရေးနှင့် စနစ်တကျ ဖွဲ့စည်းလုပ်ဆောင်သော ရာဇဝတ်ပြစ်မှုများ၊ အကြမ်းဖက်မှုများနှင့် မူးယစ်ဆေးဝါးမှောင်ခိုသယ်ဆောင်ရောင်းဝယ်မှုများတိုက်ဖျက်ရေးတို့နှင့် ပတ်သက်၍လည်း အဓိကထား ပြောဆိုခဲ့ကြ၏။

ဒေသဆိုင်ရာ လုံခြုံရေးကိစ္စများမှာလည်း ပေါ်လွင်ထင်ရှား အပြောများသော အကြောင်းအရာများဖြစ်ခဲ့သည်။ သာဓကအားဖြင့် အာဖရိကတိုက်မှ ရေအိုင်ကြီးများဒေသ (ဇိုင်ယာ၊ ရဝမ်ဒါ၊ တန်ဇားနီးယား နိုင်ငံများစသည်) ရေးရာနှင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးစသည်တို့ဖြစ်သည်။

ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်းပြီး အနာဂတ်အတွက် ကုလသမဂ္ဂအား ပြုပြင်ပြောင်းလဲရေးကို အထွေထွေဆွေးနွေးပွဲတွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးလိုလိုက အရေးတကြီးထား၍ ဆွေးနွေး တင်ပြခဲ့ကြသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးအား ပြုပြင်ဖွဲ့စည်းရေးကို အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်တို့ အပါအဝင် နိုင်ငံပေါင်းများစွာတို့က ကြိုဆိုထောက်ခံခဲ့ကြသည်။

လုံခြုံရေးကောင်စီအား ပြုပြင်ပြောင်းလဲ ဖွဲ့စည်းမှုများနှင့် ပတ်သက်၍မူ ဤကိစ္စတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာအရ တန်းတူညီမျှမှုနှင့် ပထဝီဒေသအလိုက် ညီမျှစွာ ခွဲဝေဖြန့်ချိမှုတို့သည် အရေးကြီးသော အခြေခံမူများဖြစ်ကြောင်း၊ အထူးသဖြင့် အာဖရိက၊ လက်တင်အမေရိကနှင့် အာရှဒေသများမှ ကိုယ်စားလှယ်များ လုံခြုံရေးကောင်စီတွင် ပိုမိုပါဝင်သင့်ကြောင်း တင်ပြခဲ့ကြသည်။ ယင်းကောင်စီတွင် အမြဲတမ်းမဟုတ်သော အဖွဲ့ဝင် နောင်ထပ် (၁၀) နေရာတိုးချဲ့ထည့်သွင်းသင့်ကြောင်း အီတလီနိုင်ငံက အတိ အကျ အဆိုပြုခဲ့ရာ နိုင်ငံအများအပြားတို့က ထောက်ခံပြောဆိုခဲ့ကြသည်။

လုံခြုံရေးကောင်စီ၏ လုပ်ငန်းဆောင်ရွက်ပုံနှင့် ပတ်သက်၍ သုံးသပ်ဝေဖန်ခဲ့ကြရာ၌ ကောင်စီ၏ လုပ်ငန်းများကို အထင်ကရ ပေါ်လွင်မြင်သာအောင် လုပ်ဆောင်ရေးမှာအရေးကြီးသောပြုပြင်ရေးမူတစ်ရပ်ဖြစ်သင့်ကြောင်း နိုင်ငံအများက မှတ်သားပြောဆိုခဲ့ကြသည်။ အချို့နိုင်ငံများက ဗီတိုအာဏာကို ပြုပြင်ရန် သို့မဟုတ် ပြောင်းလဲရန် အကြံပြုခဲ့ကြသည်။ ဘိလိပ်ဗီးယားနှင့် လစ်ဗျား နှစ်နိုင်ငံတို့ကဆိုလျှင် ၄င်းအာဏာကို လုံးဝဖျက်သိမ်းရန် တောင်းဆိုခဲ့ကြသည်။

ကုလသမဂ္ဂအထွေထွေညီလာခံသည် အရေးပါအရာရောက်သည်ဖြစ်၍ ၄င်း၏ အခန်းကဏ္ဍကို ပြန်လည်သုံးသပ်ပြီး ၄င်း၏ လုပ်ငန်းဆောင်ရွက်မှုကို အားသစ်ဖြည့်သွင်းပေးသင့်ကြောင်း နိုင်ငံအများတို့က သဘောရကြသည်။ အထွေထွေညီလာခံသည် အခြားတစ်ပါးတွင် ချမှတ်သော ဆုံးဖြတ်ချက်များကို အတည်ပြုပေးရသော "ရော်ဘာတံဆိပ်တုံး" အဖြစ်မျှသာ မဟုတ်မူ၍ အနှိမ

အဆုံးအဖြတ်ချမှတ်ပြဋ္ဌာန်းရာ အဖွဲ့အစည်းဖြစ်ရန် လိုအပ်ကြောင်း အချို့နိုင်ငံများက ထင်မြင်ယူဆကြသည်။

စီးပွားရေးနှင့်လူမှုရေးကောင်စီ (အီကိုဆော့ခ်) နှင့်ပတ်သက်၍လည်း ၄င်း၏လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲရန်နှင့် အားသစ်မာန်သစ်ဖြည့်သွင်းပေးရန် နိုင်ငံအများတို့က တောင်းဆိုပြောကြားခဲ့ကြပေသည်။

ကုလသမဂ္ဂဘဏ္ဍာရေးအခြေအနေနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ၏ လုပ်ငန်းလည်ပတ်ထိရောက်မှုကို ရည်ညွှန်းသုံးသပ်ကြရာ၌ ကုလသမဂ္ဂ၏ အဓိကပြဿနာအခက်အခဲမှာ အဖွဲ့ဝင်နိုင်ငံများက ကောင်းစွာတတ်နိုင်ကြပါလျက် ၄င်းတို့၏ ငွေရေးကြေးရေး တာဝန်ဝတ္တရားများကို မကျေပွန်ဘဲ နေကြခြင်းပင်ဖြစ်ကြောင်း ပြောဆိုပြီး ကုလသမဂ္ဂ ရန်ပုံငွေသို့ အများဆုံးထည့်ဝင်သူအား အထူးမှတ်သားဖော်ပြခဲ့ကြပေသည်။ ကုလသမဂ္ဂအား "၄င်း၏အဓိကငွေကြေးထည့်ဝင်သူက မားစာခဲအဖြစ် ကိုင်ထားကြောင်း" မလေးရှားနိုင်ငံက ဝေဖန်ပြောကြားခဲ့သည်။ နိုင်ငံအတော်များများတို့က နိုင်ငံများ အနေဖြင့် ကုလသမဂ္ဂရန်ပုံငွေသို့ ထည့်ဝင်နေကြသော လက်ရှိနှုန်းထားများကို ပြန်လည်စဉ်စားကြရန် တောင်းဆိုခဲ့ကြပေသည်။

အဆောတလျင် ဝင်ရောက်တိုက် ခိုက်ထိန်းသိမ်းရေးတပ်ဖွဲ့ကိစ္စနှင့်ပတ်သက်၍မူ ငြိမ်းချမ်းမှုထိန်းသိမ်းရေးအဖွဲ့များအတွက် "အဆောတလျင်တပ်ဖြန့် ခန့်ခွဲရေးဌာနချုပ်" တစ်ခု တည်ထောင်ဖန်တီးရန် အကြံပြုချက်ကို နိုင်ငံအများအပြားတို့က ထောက်ခံခဲ့ကြသည်။ အဆောတလျင်ဝင်ရောက်တိုက်ခိုက် ထိန်းသိမ်းရေး တပ်ဖွဲ့တစ်ခုတည်ထောင်ရေးအတွက် နိုင်ငံအတော်များများက လိုလားခဲ့ကြသည်။

တားဆီး ပိတ်ဆို့မှုများဆိုင်ရာ ကိစ္စအတွက်မူ တားဆီးပိတ်ဆို့ရေး ပြဋ္ဌာန်းချက်များ၊ သို့မဟုတ် အခြားသော တွန်းထိုးဖိအားပေးမှု အစီအမံများ အသုံးပြုလိုသော ဆန္ဒဖြစ်သည့် "တားဆီးပိတ်ဆို့မှုရောဂါ" မဖြစ်ပွားစေရန် ရုရှားပြည်ထောင်စုက သတိပေး ပြောကြားခဲ့သည်။ အခြားနိုင်ငံရေးနှင့် သံခင်းတမန်ခင်း နည်းလမ်းများကို မျက်ကွယ်ပြုကာ ဖော်ပြပါ လုပ်နည်းလုပ်ဟန်များ မပြုလုပ်ကြရန် တင်ပြခဲ့သည်။ အရပ်သားများနှင့် အခြား မဆိုင်သူတတိယဘက်သားများအား ကာကွယ် စောင့်ရှောက်ရန်အတွက် တားဆီး ပိတ်ဆို့မှုများကို ဆင်ခြင်တုံတရားဖြင့် ပြုလုပ်ရန် ပြင်သစ်နှင့် ဆွီဒင် နိုင်ငံတို့က ထောက်ခံ ပြောဆို ခဲ့ကြပြီး တရုတ်နိုင်ငံက တားဆီးပိတ်ဆို့ရန် ခြိမ်းခြောက်မှုများသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် ဆန့်ကျင်သည်ဟု ယူဆကြောင်း ထုတ်ဖော် ပြောကြားခဲ့ပေသည်။

ဒုတိယ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးအတွက် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်က ထုတ်ပြန်ကြေညာခဲ့သော ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေး အစီအစဉ်၌ အဆိုပြုတင်ပြသည့်အတိုင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံးတွင် ဒုတိယအတွင်းရေးမှူးချုပ်ရာထူးဖန်တီးထားရှိရေးကို ကုလသမဂ္ဂ အထွေထွေညီလာခံက ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းလိုက်သည်။

အနာဂတ်တွင် ကျင်းပမည့်နိုင်ငံပေါင်းစုံ အစည်းအဝေးများ၊ အထိမ်းအမှတ် အခမ်းအနားများ

ကမ္ဘာလူ့အခွင့်အရေးများ ကြေညာစာတမ်းနှစ် ၅၀ မြောက် အထိမ်းအမှတ် – ၁၉၉၈ ခုနှစ်သည် ကမ္ဘာ့လူ့အခွင့်အရေးများ ကြေညာစာတမ်း၏ နှစ် ၅၀ မြောက် အခါသမယဖြစ်၍ ကုလသမဂ္ဂက ဗီယင်နာကြေညာချက်နှင့် လုပ်ငန်းအစီအစဉ်ဖော်ဆောင်မှုနှင့် ပတ်သက်၍ တိုးတက်မှုကို ဆန်းစစ်သုံးသပ်မည်ဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် ကုလသမဂ္ဂက အိုင်ယာလန်သမ္မတ မေရီရော်ဘင်ဆင်အား လူ့အခွင့်အရေးများဆိုင်ရာ မဟာမင်းကြီးသစ်အဖြစ် ခန့်အပ်ခဲ့ပေသည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ပြစ်မှုတရားရုံး တည်ထောင်ရေး အစည်းအဝေး – အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ပြစ်မှုတရားရုံးတစ်ရုံး တည်ထောင်ဖန်တီးရေးအတွက် ၁၉၉၈ ခုနှစ်တွင် နိုင်ငံတကာ ကွန်ဖရင့်တစ်ရပ် ကျင်းပရန် သတ်မှတ် စီစဉ်ထားပေသည်။ ပြင်ဆင်ရေး ကော်မတီက စတက်ကျူ ဥပဒေမူကြမ်း တစ်စောင်ကို ရေးဆွဲခဲ့ရာ ပြီးစီးလုနီးပြီဖြစ်သည်။ ဤဥပဒေသည် ပဋိပက္ခများ၊

ဖြစ်ပွား:ပြီး:နောက် ငြိမ်:ချမ်:ရေး:တည်ဆောက်မှု ကို အထူး:အကျိုး:ပြုမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် လူမျိုး:တုံ: အကြမ်း:ဖက်မှုများ: တား:ဆီး:ပိတ်ပင်ရေး:နှင့် နိုင်ငံတကာ အဆင့်၌ တရား:ဥပဒေစိုး:မိုး:မှုဖြစ်ထွန်း:ရေး:ကို အကျိုး:ပြုမည်ဟု ယုံကြည်ကြောင်း: ကုလသမဂ္ဂ အတွင်း:ရေး:မှူ.ချုပ်ကိုဖိအာနန်က ဖော်ပြခဲ့သည်။

ချက်မျာ:က ယင်:ပြဿနာအာ: လွတ်လပ်စွာ စုံစမ်:စစ်ဆေ: ရန် တောင်:ဆိုမှုမျာ: ပိုမိုတိုး:ပွာ:လာခဲ့သည်။

အခြာ: တစ်ဖက်တွင် မေ ၁၉ ရက်နေ့၌ အတိုက်အခံ ခေါင်:ဆောင် ကင်မ်ဒေ:ယုံက လာမည့် သမ္မတ ရွေ: ကောက်ပွဲတွင် နိုင်ငံရေ:သစ် အမျို:သား:ကွန်ဂရက်ပါတီ (National Congress for New Politics) ကို ကိုယ်စား:ပြု၍ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်: ကြေညာခဲ့သည်။ သမ္မတ ရွေ:ကောက်ပွဲမျာ:ကို ဒီဇင်ဘာလကွင် ကျင်:ပရန် သတ်မှတ် ထာ:သည်။

ဤအတောအတွင်: မေ ၁၇ ရက်နှင့် ၁၈ ရက်နေ့ မျာ:တွင် ကွမ်ဂျူ:မြို့ရှိ ချို့ဆန်:တက္ကသိုလ်တွင် ရဲနှင့် ကျောင်:သား:တို့ အဓိကရုဏ်: ဖြစ်ပွာ:ကြသည်။ ဖြစ်ပွာ:ရခြင်:၏ အကြောင်:ရင်:မှာ ၁၉၈၀ ပြည့်နှစ်က ကွမ်ဂျူ:ဒေသ အုံကြွမှုကို စစ်တပ်က နှိမ်နင်:ရာ အရပ်သား:နှင့် ကျောင်:သား: အမျာ:အပြာ: သေဆုံ:ခဲ့ရသည့် ဖြစ်ရပ်အတွက် နှစ်ပတ်လည် အောက်မေ့ဖွယ်အခမ်:အနာ: ကျင်:ပနေစဉ်ရဲနှင့်ကျောင်:သား: တို့ ရုန်:ရင်:ဆန်ခတ်ဖြစ်ပွာ.ရခြင်: ဖြစ်သည်။

မရွေ:မနှောင်: ဆိုသလိုပင် ဇွန်လ ၁ ရက်နေ့တွင် ဆို:လ်မြို့ရှိ တက္ကသိုလ်မျာ:နှင့် လမ်:မမျာ:ပေါ်တွင် ကျောင်:သား:ထောင်ပေါင်:မျာ:စွာ စုရုံ:ပြီ: သမ္မတကင်မ်ရာထူ:မှ နုတ်ထွက်ပေ:ရန် ဆန္ဒပြတောင်:ဆိုခဲ့ကြသည်။ ယင်:သို့ ကျောင်:သား:မျာ: ဆူပူမှုဖြစ်ပွာ:ခဲ့ရခြင်:မှာ ၁၉၉၂ ခုနှစ် သမ္မတရွေ:ကောက်ပွဲ မဲဆွယ်ပွဲအတွက် ဟန့်ဘို သံမဏိ ကုမ္ပဏီမှပေ:သည့် ငွေကြေ:အမြောက်အမြာ:ကို သမ္မတကင်မ်လက်ခံခဲ့သည်ဟု ဆိုသည့် အကိုက်အခဲတို့၏ စွပ်စွဲချက်ကြောင့် ဖြစ်သည်။

ယင်:သို့ ဖြစ်ပေါ်တိုး:တက်လျက်ရှိခဲ့ရာမှ ဇူလိုင် ၂၁ ရက်နေ့တွင် အာဏာရ ကိုရီး:ယာ:ပါတီသစ် (New Korea Party) က လာမည့် သမ္မတ ရွေ:ကောက်ပွဲတွင် ပါတီအာ: ကိုယ်စား:ပြုပါဝင်ယှဉ်ပြိုင်ရန် လီဟွိုင်ချန်:အာ: သမ္မတ လောင်:အဖြစ် ရွေ:ချယ်လှာထာ:ခဲ့သည်။ လီအာ: မတ်လ အတွင်:က ပါတီဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့ပြီ: ဖြစ်သည်။

သမ္မတ ကင်မ်ယောင်ဆမ်ကလည်: ဩဂုတ် ၅ ရက်နေ့တွင် ၄င်:၏ အစို:ရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်:ပြီ: ဝန်ကြီ: အသစ်မျာ: ခန့်အပ်ခဲ့သည်။ အစို:ရအဖွဲ့ ပြင်ဆင်ဖွဲ့စည်: ရခြင်:မှာ ဒီဇင်ဘာလတွင် ကျင်:ပရန်ရှိသည့် သမ္မက ရွေ:ကောက်ပွဲ မတိုင်မီ အာဏာရ ကိုရီး:ယာ:ပါတီသစ် (အင်ကေပီ)၏ အရေ:ပါသည့် အဖွဲ့မျာ:ကို လွတ်လွတ်လပ်လပ် လှုပ်ရှာ:ဆောင်ရွက်နိုင်စေရန် ဖြစ်သည်။ တစ်ဆက်တည်: ဆိုသလိုပင် စက်တင်ဘာ ၂၄ ရက်နေ့တွင် သမ္မတကင်မ်ယောင်ဆမ်သည် အာဏာရကိုရီး:ယာ: ပါတီသစ် (အင်ကေပီ)၏ သဘာပတိအဖြစ်မှ နုတ်ထွက်ခဲ့ရာ ၄င်:၏နေရာတွင် လီဟွိုင်ချန်:အာ: စက်တင်ဘာ ၂၉ ရက်နေ့တွင် အစာ:ထို: ခန့်အပ်ခဲ့သည်။

ဤသို့ဖြင့် ကိုရီး:ယာ:နိုင်ငံသမ္မတ ရွေ:ကောက်ပွဲကို ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်နေ့တွင် ကျင်:ပခဲ့သည်။ ဒီဇင်ဘာ ၁၉ ရက်နေ့တွင် ဆန္ဒမဲမျာ: ရေတွက်ပြီ:စီ:ရာ အတိုက်အခံခေါင်:ဆောင်ဝါရင့်နိုင်ငံရေ:သမာ:ကင်မ်ဒေ:ယုံက အာဏာရပါတီမှ သမ္မတလောင်: လီဟွိုင်ချန်:အာ: သို:ကာသိကာ အနိုင်ရသွာ:သည်။ ပြိုင်ဘက်သမ္မတလောင်: လီဟွိုင်ချန်:က ဒီဇင်ဘာ ၁၉ ရက်နေ့ နံနက် ၃ နာရီတွင် အရေ:နိမ့်ကြောင်: ဝန်ခံခဲ့သည်။

ရွေ:ကောက်ပွဲ ကော်မရှင်က ဆန္ဒမဲ ၉၈ ဒသမ ၈ ရာခိုင်နှုန်:ကို ရေတွက်ခဲ့ရာ ကင်မ်ဒေ:ယုံက ၄၀ ဒသမ ၃ ရာခိုင်နှုန်: သို့မဟုတ် ဆန္ဒမဲ ၁၀ ဒသမ ၂၁ သန်: ရရှိခဲ့ကြောင်:၊ လီဟွိုင်ချန်:က ၃၈ ဒသမ ၇ ရာခိုင်နှုန်: သို့မဟုတ် ၉ ဒသမ ၈၁ သန်:ရရှိကြောင်: သိရှိရသည်။ တတိယမြောက် အဓိကသမ္မတလောင်: ရီအင်:ဂျီက ၁၉ ဒသမ ၂ ရာခိုင်နှုန်: သို့မဟုတ် ဆန္ဒမဲ ၄ ဒသမ ၈ သန်: ရရှိသည်။

စတုတ္ထအကြိမ်မြောက် သမ္မတရွေ:ကောက်ပွဲ ဝင်ရောတွင် အနိုင်ရသည့် ကင်မ်ဒေ:ယုံ (၇၄)နှစ်သည် လက်ရှိ သမ္မတ ကင်မ်ယောင်ဆမ်၏ ငါ:နှစ်သမ္မတ သက်တမ်: ကုန်ဆုံ·မည့် ဧဖေဖော်ဝါရီ ၂၅ ရက် မတိုင်မီ သမ္မတ သစ်အဖြစ် ရာထူ: ဆက်ခံမည် မဟုတ်ချေ။

စင်စစ်အာ:ဖြင့် ကင်မ်ဒေ:ယုံအနေဖြင့် သမ္မတရာထူ: အတွက် လေ:ကြိမ်မြောက်ကြို:ပမ်:ရခြင်:ဖြစ်ရာ ဤတစ်ကြိမ် အောင်မြင်မှုမှာ ၄င်:၏ နောက်ဆုံ:အောင်ပွဲတစ်ခု ဖြစ်ကောင်: ဖြစ်ပေလိမ့်မည်။ နိုင်ငံရေ: လေ့လာသုံ:သပ်သူ အချို့က အတိုက်အခံခေါင်:ဆောင် ဝါရင့်နိုင်ငံရေ:သမာ: ကင်မ်ဒေ:ယုံ အနေဖြင့် ငါ:နှစ်တာ သမ္မတသက်တမ်: အတွက် သက်လုံကောင်:မကောင်: စောကြောလျက်ရှိသည်။

ကင်မ်ဒေ:ယုံက ၄င်:သာသမ္မတအဖြစ် ရွေ:ချယ်ခြင်: ခံရပါက တောင်ကိုရီ:ယာ:နိုင်ငံ၏ လက်ရှိသမ္မတစနစ်ကို ပါလီမန် စနစ်သို့ ၁၉၉၉ ခုနှစ် ကုန်ဆုံးချိန်၌ ပြောင်:လဲရန် ဖွဲ့စည်:ပုံ အခြေခံဥပဒေကို ပြင်ဆင် သွာ:မည်ဟု ရွေ:ကောက်ပွဲ အကြိုကာလက ကတိပြု ပြောကြာ:ခဲ့ဖူ:သည်။

သမ္မတ ရွေ:ကောက်ပွဲ အနိုင်အရှုံ:စာရင်: ထွက်ပေါ်လာပြီ:နောက် သမ္မတကင်မ်ယောင်ဆမ်က သမ္မတအဖြစ်



တောင်ကို ရိုးယား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဝါရင့်နိုင်ငံရေးသမား အတိုက်အခံခေါင်းဆောင်ကင်မ်ဒေးယုံ

အရွေးခံထားရသူ ကင်မ်ဒေးယုံနှင့် အနီးကပ်လုပ်ငန်း ဆောင်ရွက်သွားမည်ဟု ပြောကြား သည်။

ကင်မ်ဒေးယုံ သမ္မတအဖြစ် အရွေးချယ်ခံရသည့် အချိန်မှာ တောင်ကိုရိုးယားနိုင်ငံ စီးပွား ရေး ကျဆင်းပြီး အခက်အခဲ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည့် ကာလဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့ (အိုင်အမ်အက်ဖ်) မှပင် ငွေကြေးရယူ အကူအညီ တောင်းခံရသည့် အခြေသို့ ဆိုက်ရောက်ခဲ့ရသည်။ ယင်း အခြေအနေတွင် တောင်ကိုရိုးယား သမ္မတ ကင်မ်ယောင်ဆမ်နှင့် သမ္မတအဖြစ် ရွေးချယ်ခံထားရသူ ကင်မ်ဒေးယုံတို့ နှစ်ဦးက စီးပွားရေးအကျပ်အတည်း ခံစားနေရသည့် တောင်ကိုရိုးယားနိုင်ငံအား ပေါင်းစည်းညီညွတ်မှုရှိအောင် ကြိုးပမ်းသည့် အနေဖြင့် အကျဉ်းကျနေသည့် ယခင် တောင်ကိုရိုးယား သမ္မတဟောင်းနှစ်ဦးအား လွှတ်ပစ်ရန် ဒီဇင်ဘာ ၂၀ ရက်နေ့တွင် သဘောတူညီခဲ့သည်။

သမ္မတနှစ်ဦး ဆွေးနွေးပွဲအပြီး ထုတ်ပြန်လိုက်သည့် ကြေညာချက် တစ်ရပ်တွင် သမ္မတဟောင်း ချန်ဒူးဝမ်နှင့် နိုတေဝူးနှစ်ဦးတို့ကို ၄င်းတို့နှင့် အနွယ်ဝင် အခြားပုဂ္ဂိုလ် ၂၃ ဦးနှင့်အတူ ဒီဇင်ဘာ ၂၂ ရက်နေ့တွင် လွှတ်ပေးမည်ဟု ဖော်ပြထား သည်။

နိုတေဝူးနှင့် ချန်ဒူးဝမ်တို့ နှစ်ဦးမှာ ထင်ကြွပုန်ကန်မှု၊ သစ္စာဖောက်မှု၊ လာဘ်စား မှုများဖြင့် ၁၉၉၆ ခုနှစ်၊ ဩဂုတ်လ တွင် ပြစ်ဒဏ်ကျခဲ့ရသည်။ ၁၉၉၇ ခုနှစ်၊ ဧပြီ လ ၁၈ ရက် နေ့တွင် ဗဟိုတရား ရုံးချုပ်က ချန်ဒူးဝမ်အား သေဒဏ်မှ တစ်သက်တစ်ကျွန်းဒဏ်သို့ လည်းကောင်း၊ နိုတေဝူးအား ထောင်ဒဏ် ၂၂ နှစ်ခွဲမှ ၁၇ နှစ်သို့ လည်းကောင်း အယူခံတရား ရုံးက ပြစ်ဒဏ်လျှော့ပေါ့ခဲ့သည် ကို အတည်ပြုခဲ့သည်။

ဟန်ဘိုသံမဏိနှင့် ဆောက်လုပ်ရေး လုပ်ငန်း မသမာမှု စွပ်စွဲချက် – ဟန်ဘိုသံမဏိနှင့် ဆောက်လုပ်ရေးလုပ်ငန်းမှာ စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းထားသည့် ကိုရိုးယား နိုင်ငံ၏ အကြီးမားဆုံး အဖွဲ့အစည်းကြီးတစ်ရပ် ဖြစ်သည်။ ထို အဖွဲ့အစည်းကြီး ဒေဝါလီခံရသည့် အဖြစ်သို့ ရောက်ရှိခဲ့ရာ သမ္မတ ကင်မ်ယောင်ဆမ်အစိုးရအဖို့ အရှက်ရစရာ ဖြစ်ခဲ့သည်။ ယင်းအရေးကြောင့် သမ္မတကင်မ်သည် ဥရောပသို့ သွားမည့်ခရီးစဉ်ကို ပယ်ဖျက်ခဲ့ရသည်။

၁၉၇၄ ခုနှစ်က ဆောက်လုပ်ရေး ကုမ္ပဏီအဖြစ် စတင်ထူထောင်ခဲ့သည့် ဟန်ဘိုကုမ္ပဏီသည် အခြား လုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်လာရာ ၁၉၈၉ ခုနှစ်တွင် သံမဏိကုမ္ပဏီကို လည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီကို လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် စုငွေနှင့် ဘဏ္ဍာရေးကုမ္ပဏီကို လည်းကောင်း လုပ်ကိုင်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ဟန်ဘိုကုမ္ပဏီက သံမဏိစက်ရုံ စတင် တည်ဆောက်ခဲ့ရာ ပြီးစီးသွားပါက ကမ္ဘာတွင် ပဉ္စမအကြီးဆုံး သံမဏိစက်ရုံ ဖြစ်ပေလိမ့်မည်။ စက်ရုံတည်ဆောက်ရေး စရိတ်စကများ မြင့်တက်ခဲ့သော်လည်း ဟန်ဘိုကုမ္ပဏီအနေဖြင့် လိုအပ်သည့် ငွေကြေးရရှိရန် အခက်အခဲရှိခဲ့ပုံ မပေါ်ချေ။ ဟန်ဘိုကုမ္ပဏီ လိုအပ်သည့်ငွေကြေးများ ရရှိရန် သမ္မတကင်မ်ယောင်ဆမ် အစိုးရအဖွဲ့က ဘဏ်များအား ယင်းကုမ္ပဏီသို့ ငွေချေးရန် ဖိအားပေးခဲ့သည်ဟု အတိုက်အခံပါတီများက စွပ်စွဲပြောကြားထားသည်။ ဟန်ဘိုကုမ္ပဏီက အာဏာရပါတီဖြစ်သည့် ကိုရိုးယားပါတီသစ် (အင်ကေပီ) သို့ ငွေကြေးများ လှူဒါန်း ပေးကမ်းထားခြင်းကို တုံ့ပြန်သည့် အနေဖြင့် အစိုးရက ယင်းသို့ လုပ်ဆောင်ပေးခြင်း ဖြစ်သည်ဟု ဆိုသည်။ ဟန်ဘိုကုမ္ပဏီအတွက် ဘဏ်များမှ ချေးငွေများ ရရှိရန်ကိစ္စတွင် သမ္မတကင်မ်ယောင်ဆမ်၏ သားများပင်

ပါဝင်ပတ်သက်ခဲ့သည်ဟု အချို့ အတိုက်အခံ နိုင်ငံရေး သမား:များ:က ယူဆကြသည်။

မိမိအနေဖြင့် ၁၉၉၃ ခုနှစ်တွင် သမ္မတရာထူး စတင် ထမ်:ဆောင်ခဲ့ချိန်မှစပြီး: နိုင်ငံရေး:နှင့် ဆက်နွယ်သည့် မည်သည့်လှုဒါန်:ငွေမျိုးကိုမှ လက်ခံခဲ့ဖူးခြင်း: မရှိကြောင်း: ဧန်နဝါရီ ၂၆ ရက်နေ့တွင် သမ္မတကင်မ်က ပြောကြား:ခဲ့သည်။ ဟန်ဘိုကုမ္ပဏီ ပြိုလဲကျဆုံး:ပြီး: ဒေဝါလီခံရမည့်အဖြစ် သို့ ရောက်ရှိစေခဲ့သည့်ကိစ္စနှင့် စပ်လျဉ်း:ပြီး: ပါလီမန် အထူး စုံစမ်:စစ်ဆေး:မှုတစ်ရပ် ဆောင်ရွက်ရန် ဧန်နဝါရီ ၂၇ ရက်နေ့တွင် အစိုး:ရက သဘောတူခဲ့သည်။

ဧန်နဝါရီ ၂၈ ရက်နေ့တွင် ဟန်ဘိုကုမ္ပဏီ စတင်တည် ထောင်ခဲ့သူ ချန်:တိုင်ဆူး:၏အိမ်ကို ရဲမှာ:ကဝင်ရောက် ရှာဖွေခဲ့သည်။ ထို့ပြင် ဟန်ဘိုကုမ္ပဏီအာ: အဓိကငွေချေး သည့် ဘဏ်မှာ:၏ အကြီး:အကဲများ:ကိုလည်း: နိုင်ငံမှ ခရီး: ထွက်ခွာခြင်: မပြုရန် တာ:မြစ်ထာ:ခဲ့သည်။ ဧန်နဝါရီ ၂၉ ရက်နေ့တွင် ဘဏ်များ:ကို စောင့်ကြပ်လျက်ရှိသည့် ဘဏ် ကြီး:ကြပ်ရေး ရုံး:အဖွဲ့က ဟန်ဘိုကုမ္ပဏီသို့ ချေးငွေများ: ထုတ် ပေး:ခဲ့သည့် ဘဏ်များ:ကို စုံစမ်:စစ်ဆေး:ခဲ့သည်။ သို့ ဖြစ်လင့်ကစား: ဟန်ဘိုကုမ္ပဏီ ပြိုလဲသွား:ရသည့် အဖြစ် ကြောင့် အခြား: ကုမ္ပဏီလုပ်ငန်း:များ: ဒေဝါလီခံရသည့် အဖြစ်မှ ရှောင်လွဲနိုင်ရန် ရည်ရွယ်လျက် ဘဏ်လုပ်ငန်း: စနစ် အတွင်း:သို့ အရေး:ပေါ်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံအထိ ထည့်သွင်း:ပေး:မည်ဟု ဘဏ္ဍာရေး: ဝန်ကြီး:ဌာနက ကြေညာခဲ့သည်။

ဤသို့ဖြင့် ဟန်ဘိုကုမ္ပဏီပြိုလဲသွား:ရခြင်း: ကိစ္စနှင့် စပ်လျဉ်း:သည့် အကြောင်း:ချင်း:ရာများ:ကို စုံစမ်း:ပြီး:နောက် အစိုး:ရတရာ:စွဲဆိုရေး: ရုံး:ချုပ်က ဖေဖော်ဝါရီ ၁၉ ရက်နေ့ တွင် လူပုဂ္ဂိုလ် ၁၀ ဦး:အာ: စွဲချက်တင်ခဲ့သည်။ ယင်း:ပုဂ္ဂိုလ် များ:တွင် ဟန်ဘိုကုမ္ပဏီ စတင်တည်ထောင်ခဲ့သူ ချန်:တိုင်ဆူး၊ ဟန်ဘိုကုမ္ပဏီအာ: ငွေချေး:ခဲ့သည့် ဘဏ်နှစ်ခုမှ ဘဏ် ဥက္ကဋ္ဌများ:၊ ကင်မ်ဒေ:ယုံ၏ အကြီး:တန်: လက်ထောက် တစ်ဦး:နှင့် အာဏာရ ကိုရီး:ယား:ပါတီသစ် (အင်ကေပီ)မှ ဥပဒေပြုအမတ်များ: ပါဝင်သည်။

ဟန်ဘိုကုမ္ပဏီအရေး:နှင့် ပတ်သက်ပြီး: ပြည်ဆဲရေး: ဝန်ကြီး:လည်း: ရာထူး:မှ နုတ်ထွက်သွား:ခဲ့သည်။ အခြား: တစ်ဖက်တွင် သမ္မတ ကင်မ်ယောင်ဆမ်၏ သား:ဖြစ်သူ ကင်မ်ယန်ချူး:က ၄င်း:အာ: အသရေဖျက်မှုဖြင့် အတိုက် အခံ ပါတီဖြစ်သည့် နိုင်ငံရေး:သစ် အမျိုး:သား:ကွန်ဂရက် ပါတီမှ ဥပဒေပြုအမတ် ခြောက်ဦး:ကို တရား:စွဲဆိုခဲ့သည်။ ၄င်း:မှာ ဟန်ဘိုကုမ္ပဏီ ချေး:ငွေရရှိရေး:အတွက် ဘဏ်များ:ကို ဖိအား:ပေး:ရာတွင် ပါဝင်ခဲ့သည်ဟု စွပ်စွဲခြင်း: ခံထား:ရသည်။

ဧပြီ ၇ ရက်နေ့တွင်ဟန်ဘိုကုမ္ပဏီစတင် တည်ထောင် ခဲ့သူနှင့် ပိုင်ရှင်ဖြစ်သူ ချန်:တိုင်ဆူး:က ၄င်း:အနေဖြင့် နိုင်ငံ ရေး:သမာ: အတော်များ:များ:ကို လက်ဆောင်များ: ပေး:ခဲ့သည် ကို ဝန်ခံပြီး: ယင်း:သို့လုပ်ဆောင်ခြင်း:မှာ ဘဏ်ချေး:ငွေ ရရှိရန် လာဘ်ထိုး:ခြင်း: မဟုတ်ဟု ငြင်း:ဆိုထာ:သည်။ သမ္မတ ကင်မ် ယောင်ဆမ်၏ သား:ဖြစ်သူ ကင်မ်ယန်ချူး:သည်လည်း: ပါလီ မန် ကြား:နာစစ်ဆေး:ရေး:အဖွဲ့ ရှေ့မှောက်သို့ လာရောက်ပြီး: အစစ်ဆေး:ခံရာ ၄င်း:အနေဖြင့် ဟန်ဘိုကုမ္ပဏီအရေး:နှင့် ပတ်သက်ပြီး: ပါဝင်ပတ်သက်ခြင်း: မရှိကြောင်း: ထွက်ဆို သွား:သည်။

ဟန်ဘိုမသမာမှုအရေး:ကိစ္စနှင့် စပ်လျဉ်း:ပြီး: အဖမ်:ခံရသည့် ဥပဒေပြု အမတ်တစ်ဦး:



ဤသို့ ရှိနေခဲ့ရာမှ မေလ ၁၇ ရက်နေ့တွင် နိုင်ငံတော်တရား စွဲဆိုရေးအဖွဲ့က သမ္မတကင်မ်၏ သားဖြစ်သူ ကင်မ်ယန်ချူးကို ဖမ်းဆီးပြီး အခွန်အကောက် တိမ်းရှောင်မှုနှင့် အရှိန်အဝါသုံးကာ ကြား၀င် ဆောင်ရွက်ပေးခအဖြစ် ကုမ္ပဏီခြောက်ခုမှ လာဘ်ငွေယူမှုတို့ဖြင့် စွဲချက်တင်ခဲ့သည်။

ဇွန် ၂ ရက်နေ့တွင် ဆိုးလ်ဒိစတြိတ်တရား ရုံးက ဟန်ဘိကုမ္ပဏီတည်ထောင်သူ ချန်းတိုင်ဆူးအား လိမ်လည်မှု၊ လာဘ်စားမှု နှင့် အလွဲသုံးစားမှုများ ကျူးလွန်ကြောင်း တွေ့ရှိရသဖြင့် ထောင်ဒဏ် ၁၅ နှစ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။


အလားတူပင် အောက်တိုဘာ ၁၃ ရက်နေ့တွင် ဆိုးလ်ဒိစတြိတ်တရား ရုံးက သမ္မတကင်မ်ယောင်ဆမ်၏ သားဖြစ်သူ ကင်မ်ယန်ချူးအား အခွန်အကောက် တိမ်းရှောင်မှုနှင့် လာဘ်စားမှုများတို့ဖြင့် ထောင်ဒဏ်သုံးနှစ်နှင့် ဒဏ်ငွေ ကိုရီးယား၀မ် ၁ ဒသမ ၄၄ ဘီလီယံ ပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ထို့နောက် နိုဝင်ဘာ ၃ ရက်နေ့တွင် ၄င်းအားအာမခံဖြင့် အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။ ၄င်းအနေဖြင့် ကျန်းမာရေးညံ့ဖျင်းမှုနှင့် စိတ်ပိုင်းဆိုင်ရာဖိစီးမှု ခံစားနေရသည်ကို ဆိုးလ်ဒိစတြိတ်တရား ရုံးက လက်ခံခဲ့ပြီးနောက် ဤသို့ အာမခံဖြင့် လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ဦးခင်မောင်လေး

ကောက္ကည၊ ဆရာတော်ဘဒ္ဒန္တ (ဗဟန်း၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်း) (မြန်မာ ၁၂၉၉-၁၃၅၉)။ ။ဆရာတော်ကို မန္တလေးတိုင်း၊ လယ်ဝေးမြို့နယ်၊ မြောင်းမြရွာတွင် ခမည်းတော် ဦးစိန့်၊ မယ်တော်ဒေါ်ကုလားမတို့က မြန်မာ သက္ကရာဇ် ၁၂၉၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၂) ရက် တနလ်ာနေ့၌ ဖွားမြင်သည်။ မွေးချင်း ခုနစ်ယောက်အနက် ငါးယောက်မြောက် သားရတနာဖြစ်သည်။ ငယ်နာမည်မှာ မောင်တင်အောင်ဖြစ်သည်။

ငယ်စဉ်ကပင် မိဘများသည် လယ်ဝေးမြို့နယ်၊ မြောင်းမြရွာ ကျောင်းဆရာတော် ဘဒ္ဒန္တ၀ိမလထံ ပညာသင်ကြားရန် အပ်နှံခဲ့ရာ အခြေခံမြန်မာစာပေများကို သင်ကြားခဲ့သည်။

၁၃၀၈ ခုနှစ်ကိုးနှစ်သားအရွယ်တွင် မိဘများက ရှင်ပြုမင်္ဂလာပွဲဆင်နွှဲ၍ လယ်ဝေးမြို့နယ်၊ မြောင်းမြရွာကျောင်း



ဆရာတော်ဘဒ္ဒန္တကောက္ကည

ဆရာတော် ဘဒ္ဒန္တ၀ိမလကို ဥပဇ္ဈာယ်ပြုလျက် သာသနာ့အမွေ ခံယူစေသည်။ ဘွဲ့အမည်မှာ ရှင်ကောက္ကည်ဖြစ်သည်။ သာမဏေ ရှင်ကောက္ကည်သည် ဥပဇ္ဈာယ် ဆရာတော်ထံတွင် ပိဋကတ်စာပေ အခြေခံဖြစ်သော သဒ္ဒါသင်္ဂဟပါတိမောက် စသော ကျမ်းစာများကို သင်ကြားတတ်မြောက်ခဲ့သည်။ ဆရာတော်လောင်းလျာ သည် သာမဏေဘ၀တွင်ပင် ပိဋကတ်စာပေ အခြေခံများ သင်ကြားခဲ့ရာ စာတော်သော သာမဏေတစ်ပါးအဖြစ် ထင်ရှားခဲ့သည်။

၁၃၁၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၆) ရက် နေ့တွင် လယ်ဝေးမြို့နယ်၊ မြောင်းမြရွာကျောင်း ခက္ကသိမ်၌ ပျော်ဘွယ်မြို့၊ မင်းဝေးတောင်တောရ ဆရာတော် ဘဒ္ဒန္တကလျာဏကို ဥပဇ္ဈာယ်ပြုပြီး မိဘများ၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ဥပသမ္မဒပဋ္ဌင်းဘ၀သို့ ရောက်ရှိတော်မူသည်။

ရဟန်းတော် အရှင်ကောက္ကည်သည် ပရိယတ္တိစာပေများကို သင်ကြားလိုသောဆန္ဒ ပြင်းပြလှသည့် အလျောက် စလာမြို့၊ ကျွန်းတန်းရွာကျောင်းဆရာတော်၊ ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမ (စျေးကုန်း) ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးနှင့် စာချဆရာတော်များ၊ မန္တလေးမြို့၊ မဟာဓမ္မိကာရာမတိုက် နာယက စာချဆရာ

တော်များ၊ ရန်ကုန်မြို့၊ အလယ်တောရကျောင်းတိုက်ဆရာတော်များထံတွင် ပိဋကတ်တော်ကျမ်းစာများကို နည်းနာခံယူ သင်ကြား ဆည်းပူးတော်မူခဲ့သည်။

ထို့နောက် ဗဟန်း နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက် ပဓာန နာယကဆရာတော် ကျေးဇူးတော်ရှင် ဘဒ္ဒန္တဝါသဝါဘိဝံသထံတော်တွင် ပိဋကတ်ကျမ်းစာများကို သင်ယူ ဆည်းပူးတော်မူခဲ့သည်။

ဤသို့ဖြင့် ဆရာအဆူဆူတို့ထံတွင် ပိဋကတ်တော်စာပေများကို မနေမနား ကြိုးစားသင်ယူခဲ့ရာ နိုင်ငံတော်အစိုးရက ကျင်းပသော ပါဠိပထမပြန်စာမေးပွဲတွင် ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများကို အောင်မြင်၍ ဓမ္မာစရိယတန်းကို ဝင်ရောက်ဖြေဆိုရာ ကောင်းစွာ အောင်မြင်တော်မူသဖြင့် သာသနဓဇ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ကို ရရှိခဲ့လေသည်။

အရှင်ကောဏ္ဍညသည် ဗဟန်း၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်၌ ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဘဒ္ဒန္တဝါသဝါဘိဝံသရှိစဉ်ကပင် လက်ထောက်စာချဆရာအဖြစ် တပည့်ရဟန်းများကို စာဝါများ ပို့ချပေးခဲ့သည်။ ၁၃၄၁ ခုနှစ်တွင် ဆရာတော်ကြီး ပျံလွန်တော်မူသောအခါ စာချဆရာတော် အရှင်ကောဏ္ဍညသည် မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်၏ ပဓာန နာယကဆရာတော်ဖြစ်လာသည်။

ဆရာတော် ဘဒ္ဒန္တကောဏ္ဍညသည် သာသနာတော်အတွက် စိတ်ရင်းထက်သန်စွာဖြင့် ဆောင်ရွက်လိုစိတ်ပြင်းပြသည့်အလျောက် ကျောင်းတိုက်ကြီးတွင် စာသင်သားများအား စနစ်တကျ အုပ်ချုပ်စီမံရေး၊ ပရိယတ္တိစာဝါပို့ချရေး၊ ကျောင်းတိုက်ကြီး တိုးတက် စည်းကားရေးတို့အတွက် အလေးထား ဆောင်ရွက်တော်မူရာ မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်သည် ပရိယတ္တိစာပေသင်ကြားသည့် ကျောင်းတိုက်များတွင် ထင်ရှားသော ကျောင်းတိုက်တစ်တိုက်အဖြစ်လည်းကောင်း၊ သာသနာအတွက် အားကိုးအားထားရာ ကျောင်းတိုက်ကြီးအဖြစ်လည်းကောင်း ထင်ရှားခဲ့သည်။

ထို့အပြင် ဆရာတော်ဘဒ္ဒန္တကောဏ္ဍညသည် ရွှေကျင်နိကာယ နာယက ဆရာတော်များ၏ ပေးအပ်သောတာဝန်များကို ကျေပွန်အောင် ရွက်ဆောင်တော်မူသဖြင့် ရွှေကျင်နိကာယာဓိပတိဥက္ကဋ္ဌ၊ မဟာနာယက သာသနာပိုင်ဆရာတော် ဘုရားကြီးက ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင် နာယက ဘွဲ့လက်မှတ်ကို ချီးမြှင့်တော်မူသည်။

ဆရာတော် ဘဒ္ဒန္တကောဏ္ဍညသည် ကျောင်းတိုက်ကြီး၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ပညာရေးတို့ကိုနေ့မအား ညမအား ကြိုးစားဆောင်ရွက်သည့်နည်းတူ ရွှေကျင်ဂိုဏ်းကိစ္စရပ်များကိုလည်း ထမ်းရွက်တော် မူသကဲ့သို့ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးတည်ချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်တော်မူနေသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် လုပ်ငန်းရပ်များကိုလည်း တစ်ဖက်တစ်လမ်းက တာဝန်ပေးသည့်အလျောက် ဆောင်ရွက်တော်မူသည်။ ၁၃၄၂ ခုနှစ်၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ကျင်းပ၍ သံဃာ့အဖွဲ့အစည်းများကို ဖွဲ့စည်းရာတွင် ဆရာတော်သည် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ ထိုစဉ်က သက်တော် ၄၅ နှစ်၊ ဝါတော် ၂၅ ဝါသာရှိသေးသည်။

၁၃၄၇ ခုနှစ်၊ ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးကို ဖွဲ့စည်းသောအခါ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်အဖြစ် ငါးနှစ်တိုင်တိုင် ဆောင်ရွက်ခဲ့သည်။ တတိယအကြိမ် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး အစည်းအဝေးပွဲကြီးကို ကျင်းပ၍ သံဃာ့အဖွဲ့အစည်းများကို ဖွဲ့စည်းသောအခါ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ရပြန်သည်။ ထို့နောက် စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးကို ဖွဲ့စည်းသောအခါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ဆရာတော်သည် ပြည်တွင်း ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ ဆရာတော်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသဖြင့်လည်း ပြည်တွင်းသာသနာပြုလုပ်ငန်းများကို တစိုက်မတ်မတ် အထူးအလေးထား ဆောင်ရွက်ခဲ့သည်။

ဆရာတော်ဘဒ္ဒန္တကောဏ္ဍညသည် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်အတွင်း ပရိယတ်သင်ကြားသော သံဃာများ

ကဗ္ဗာဒီးယားနိုင်ငံ။ ။ကဗ္ဗာဒီးယား ပြည်သူ့ပါတီ (စီပီပီ) ခေါင်းဆောင် ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်အား သစ္စာခံသည့် တပ်ဖွဲ့များနှင့် ပထမဝန်ကြီးချုပ် နိုရိုဒွန်ရာနာရစ်ဒ်အား သစ္စာခံသည့် တပ်ဖွဲ့တို့ကြား တိုက်ခိုက်မှုများ ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် ဘက်တမ်ဘန်း အနောက်မြောက်ဒေသ၌ ဖြစ်ပွားခဲ့သည်။ အဆိုပါ အဖွဲ့နှစ်ဖွဲ့တို့အကြား တင်းမားမှုများမှာ ၁၉၉၆ ခုနှစ်နှောင်းပိုင်းကတည်းကပင် မြင့်တက်ခဲ့သည်။ ဟွန်ဆန်အား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုဖြင့် ၁၉၉၅ ခုနှစ်တွင် ပြည်ပတွင် သွား::ရောက်ခိုလှုခဲ့ရသည့် မင်းသား နိုရိုဒွန်ဆရေဗတ်အား လွတ်ငြိမ်းချမ်းသာခွင့် ရရှိစေရန် နိုရိုဒွန်ရာနာရစ်ဒ်က ကြိုးပမ်းခဲ့ရာ ယင်းအချိန်မှစ၍ ပထမနှင့် ဒုတိယဝန်ကြီးချုပ် နှစ်ဦးတို့အကြား တင်းမာမှုများ ဖြစ်ပွားခဲ့ရသည်။

စင်စစ်အားဖြင့် ခမာနိတပ်ဖွဲ့အတွင်း တပ်မှူးများက လက်အောက်ခံ တပ်သားများအား ကဗ္ဗာဒီးယား ပြည်သူ့ပါတီနှင့် လက်တွဲရန်ကြိုးပမ်းခဲ့သည်ဟု စွပ်စွဲမှုများ ထွက်ပေါ်ခဲ့ပြီးနောက် ခမာနိတပ်ဖွဲ့အတွင်း သဘောထား ကွဲလွဲသူများ ပုန်ကန်ရာမှစ၍ ဤသို့တိုက်ပွဲများ ဖြစ်ပွားပေါ် ပေါက်ခဲ့ခြင်း ဖြစ်သည်။ ဤအခြေအနေတွင် ကဗ္ဗာဒီးယား ပြည်သူ့ပါတီကို သစ္စာခံသည့် အစိုးရတပ်ဖွဲ့များက ခမာနိတပ်ဖွဲ့အတွင်း ပုန်ကန်ထကြွမှုကို နှိမ်နင်းရန် ကြိုးပမ်းခဲ့ပြီး ရာနာရစ်ဒ်၏ ဖန်စင်ပက်ပါတီမှ တပ်မှူးများကလည်း ခမာနိတို့ကို ကူညီရန် မိမိတို့၏ တပ်ဖွဲ့များကို စေလွှတ်ခဲ့ရာ တိုက်ခိုက်မှုများ အရှိန်အဟုန် မြင့်တက်ခဲ့ရသည်။

ဤသို့ဖြင့် ၁၉၉၇ ခုနှစ်၊ ဧပြီလအတွင်းတွင် ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်နှင့် ပထမဝန်ကြီးချုပ် မင်းသား ရာနာရစ်ဒ်တို့၏ ပါတီအဖွဲ့နှစ်ဖွဲ့အကြား ဆက်ဆံရေးများမှာ ပိုမိုဆိုးဝါးလာခဲ့သည်။ ဧပြီ ၉ ရက်နေ့တွင် ဟွန်ဆန်က ဖန္ဓမ်းပင်မြို့တော် အပြင်ရှိ စစ်အခြေစိုက်စခန်းတစ်ခုတွင် သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပပြီး ဖန်စင်ပက်ပါတီမှ အမတ် ၁၂ ဦးတို့က မင်းသား ရာနာရစ်ဒ်အပေါ် ၄င်းတို့၏ ထောက်ခံမှုကို ရုပ်သိမ်းပြီး အဆိုပါအမတ်များ ကဗ္ဗာဒီယား ပြည်သူ့ပါတီနှင့် ပူးပေါင်းလိမ့်မည်ဟု ကြေညာခဲ့သည်။ ဖန်စင်ပက်ပါတီမှ သဘောထား ကွဲလွဲသည့် အမတ်များက ဧပြီ ၁၈ ရက်နေ့က ပါတီမှ ထုတ်ပယ်ခြင်း ခံရသည့် ထိပ်တန်း ဖန်စင်ပက်ပါတီအဖွဲ့ဝင် ငါးဦးကို ထောက်ခံကြပြီး ကြားဖြတ်ခေါင်းဆောင်မှု ကော်မတီတစ်ရပ်ကို ၄င်းတို့ ဘာသာ ဖွဲ့စည်းလိုက်ကြသည်။

အား ညဝါနေ့ဆက် မပျက်မနား ကြိုးစားပို့ချတော်မူသဖြင့် စာသင်သားအများ၏ မှီခိုအားထားရာဖြစ်သော ကြောင့် ၁၃၅၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အမြင့်ဆုံးစာချ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းပူဇော်ခြင်းကို ခံယူရရှိတော် မူခဲ့သည်။

ဆရာတော်သည် ထေရဝါဒဗုဒ္ဓ သာသနာပြုဩဝါဒ စရိယ ဆရာတော်အဖြစ် ထေရဝါဒသာသနာတော်ကြီး စည်ပင် ပြန့်ပွားရေးအတွက် အလေးထားဆောင်ရွက် တော်မူရာ ၁၃၅၆ ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ သာသနာပြုဘွဲ့တံဆိပ်တော်ကို လှူဒါန်းပူဇော်ခဲ့သည်။

ဆရာတော်သည် သာသနာရေး ကိစ္စအဝဝကို တာဝန်ယူ ထမ်းရွက်တော်မူရင်း တပည့်ဒါယကာ-ဒါယိကာမများ၏ အကျိုးစီးပွားကို ရှေးရှု၍ ဝေယျာဝစ္စ အကျိုးပြုကထာရန်ကုန် ဝိသုဒ္ဓါရုံဝတ်ရွက်စဉ်နှင့် ကျင့်စဉ်၊ ပဗ္ဗဇ္ဇာဘိသေက မင်္ဂလာကျက်မှတ်စာ ကျမ်းစာများကို ရေးသားပြုစုတော် မူခဲ့သည်။

ဆရာတော်သည် သာသနာတော်အတွက် နိုင်ငံတော် သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ခြင်း၊ တပည့်စာသင်သား တို့အား နေညဉ့်မအား စာဝါများကို ကြိုးစားပို့ချခြင်း၊ တပည့် ဒါယကာ- ဒါယိကာမများအား အချိန်အခါ အခြေအနေ အား လျော်စွာ ဟာညွှန်ပြသ ဩဝါဒပေး၍ ယဉ်ကျေး အောင် ဆုံးမခြင်းစသည်ဖြင့် သာသနာရေး လုပ်ငန်းများကို မနေမနား စိတ်ရောကိုယ်ပါ ဆောင်ရွက် တော်မူရာ ခန္ဓာကိုယ်ပင်ပန်းမှုဒဏ်က ဆရာတော်၏ ကျန်းမာရေးကို ဖိစီးလာဟန်ရှိသည်။

ထို့ကြောင့် ဆရာတော်ဘဒ္ဒန္တကောက္ကညသည် သက်တော် ၆၁ နှစ်၊ သိက္ခာတော် ၄၀ ဝါ အရ မြန်မာသက္ကရာဇ် ၁၃၅၉ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈) ရက် ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်၊ အင်္ဂါနေ့ နံနက် (၄) နာရီအချိန်တွင် ဘဝနတ်ထံ စံလွန်တော်မူခဲ့သည်။

သစ္စာ



ခမာနီခေါင်းဆောင်ဟောင်းပိုပေါ့

အခြားတစ်ဖက်တွင် ဖန်စင်ပက်ပါတီမှ တာဝန်ရှိ ပုဂ္ဂိုလ်များကလည်း ၄င်းတို့၏ သတင်းစာ ရှင်းလင်းပွဲ တစ်ရပ်ကို တန်ပြန်ကျင်းပခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ဟွန်ဆန်ဖော်ပြပြောဆိုခဲ့သည့် ဖန်စင်ပက် ပါတီမှ သဘောထားကွဲလွဲသူ ၁၂ ဦးအနက် ပုဂ္ဂိုလ်ရှစ်ဦးတို့၏ အကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ ပုဂ္ဂိုလ်ရှစ်ဦးမှာ ဟွန်ဆန် ပြောကြားသလိုမဟုတ်ဘဲ မင်းသားရာနာရစ်ဒ်ကိုသာ ထောက်ခံမည်ဟု ကတိပြုပြီးကြောင်း၊ ထို့ပြင် ၄င်းပုဂ္ဂိုလ်များအနေဖြင့် ဖန်စင်ပက်ပါတီအတွင်း သဘောထားကွဲလွဲသူများက ဖွဲ့စည်းလိုက်သည့် ကြားဖြတ်ခေါင်းဆောင်မှု ကော်မတီကိုလည်း ထောက်ခံမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ဤသည်မှာ ဖန်စင်ပက်ပါတီအတွင်း နောက်ထပ်သဘောထား ကွဲလွဲမှုများ မပေါ်ပေါက်စေရန် ကာကွယ်သည့် လုပ်ရပ်ပင်ဖြစ်သည်ဟု နိုင်ငံရေး လေ့လာဆန်းစစ်သူများက ထင်မြင်ချက်ပေးကြသည်။ ဟွန်ဆန်၏ ကမ္ဘောဒီးယား ပြည်သူ့ပါတီ အနေဖြင့် ဖန်စင်ပက်ပါတီ အမတ်လေးဦး၏ ထောက်ခံမှုကိုသာ ရလင့်ကစား ယင်းအရေအတွက်သည် ပါလီမန်၌ အမတ်အများစု နာတဖျားမျှသာ အသာရှိသည့် ဖန်စင့်ပက်ပါတီအား ကပြောင်းကပြန် ဖြစ်သွားစေနိုင်သည့် အမတ်အင်အား အရေအတွက် ဖြစ်သည်။

ယင်းသို့ ဖြစ်ပေါ်နေသော အခြေအနေများကြောင့် ဟွန်ဆန်နှင့် မင်းသားရာနာရစ်ဒ်တို့၏ ပါတီအဖွဲ့နှစ်ဖွဲ့အကြား ဆက်ဆံရေးမှာ ကုစား၍ မရနိုင်တော့သည့် အခြေအနေသို့ပင် တစ်စတစ်စ ဆိုက်ရောက်သွားတော့သည်။ နိုင်ငံရေး လေ့လာသုံးသပ်သူများကလည်း အဖွဲ့နှစ်ဖွဲ့အကြား ဤသို့ဖြစ်နေသည့် နိုင်ငံရေး အကျပ်အတည်းမှ လက်နက်ဆွဲကိုင်တိုက်ခိုက်သည့် အခြေအနေသို့ ဆိုက်ရောက်သွားမည်ကို စိုးရိမ်မကင်းဖြစ်လျက် ရှိခဲ့ကြသည်။ နိုင်ငံအတွင်း ဖြစ်ပေါ်နေသော အခြေအနေကို အကြောင်းပြု၍ အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းဆုံးဖြတ်ရေး ကော်မရှင်ကလည်း ဧပြီ ၂၉ ရက်နေ့တွင် အစည်းအဝေးတစ်ရပ် ကျင်းပပြီး စစ်ဘက်နှင့် ရဲဘက်မှ ထိပ်တန်းအရာရှိကြီးများကို ကြားနေကြရန် အမိန့်တစ်ရပ်ထုတ် ပြန်ခဲ့သည်။

ယင်းသို့ရှိနေခဲ့ရာမှ ဟွန်ဆန်နှင့် ရာနာရစ်ဒ်တို့ နှစ်ဦးသည် ပတမဆုံးအကြိမ်အဖြစ် မေလ ၇ ရက်နေ့တွင် တွေ့ဆုံခဲ့ကြသည်။ အစိုးရအဖွဲ့ အစည်းအဝေးတစ်ရပ်တွင် တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။ သို့ရာတွင် ထိုအစည်းအဝေးမှာ ကမ္ဘောဒီးယား အစိုးရအဖွဲ့အတွင်း ဖြစ်ပေါ်နေသည့် အကျပ်အတည်းကို တစ်စုံတစ်ရာ သက်သာမှုရှိအောင် လုပ်ဆောင်ပေးနိုင်ခြင်း မရှိခဲ့ချေ။ မတ်လ အစောပိုင်းက တည်းကပင် မည်သည့် အစိုးရလုပ်ငန်းမျိုးကိုမျှ ဆောင်ရွက်နိုင်သည့်ပုံ မပေါ်ခဲ့ချေ။ ကမ္ဘောဒီးယားနိုင်ငံ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) သို့ ဝင်ရောက်ရန် သတ်မှတ်ထားချက်နှင့် စပ်လျဉ်းပြီး အရေးပါသည့် ဥပဒေပြုမှုများကိုလည်း လုပ်ဆောင်နိုင်မည့် လက္ခဏာရှိပုံ မပေါ်ခဲ့ချေ။

မေ ၂၈ ရက်နေ့တွင် ဒုတိယဝန်ကြီးချုပ်ဟွန်ဆန် ဖန္ဓမ်းပင်မြို့ ဆင်ခြေဖုံးရပ်ကွက်ကို ဖြတ်ပြီး ကားဖြင့်သွားရာတွင် သေနတ်ဖြင့် ပစ်ခတ်ခြင်းခံရသည်။ ဟွန်ဆန်ဒဏ်ရာ ရရှိခြင်းမရှိသော်လည်း အစောင့်အရှောက်အဖြစ် လိုက်ပါသူတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ သို့အတွက် တင်းမာမှုများ တိုးပွားခဲ့ရပြန်သည်။

ယင်းသို့အခြေအနေများ ဖြစ်ပေါ်လျက်ရှိသည့်အချိန်တွင် ယခင်ခမာနီခေါင်းဆောင် ပိုပေါ့၏ သတင်းများကလည်း ထွက်ပေါ်လာခဲ့သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ယခင်ဒီမိုကရက်တစ် ကမ်ပူးချား အစိုးရအဖွဲ့ကို ဦးဆောင်ခဲ့သည့် ခမာနီခေါင်းဆောင် ပိုပေါ့သည် အစိုးရထံသို့လက်နက်ချပြီးကြောင်း သို့မဟုတ် အစိုးရက ဖမ်းဆီးမိခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။ ပထမဝန်ကြီးချုပ် မင်းသားနိုရိုဒွန်ရာနာရစ်ဒ်ကို သစ္စာခံသည့် တပ်ဖွဲ့များက ၄င်းအား ဖမ်းဆီးရမိခဲ့သည့် သတင်းများ ထပ်ကာတလဲလဲ ထွက်ပေါ်လာလင့်ကစား ပိုပေါ့ရှိသည့် နေရာကိုမူ အသေအချာမသိဘဲ ရှိနေခဲ့သည်။

ဇွန်လအစပိုင်းတွင် ဖန်စင်ပက်ပါတီက ခမာနီခေါင်းဆောင် တစ်ဦးဖြစ်သူ ခီယူးဆန်ဖန်နှင့် သဘောတူညီမှု ရရှိအောင် ကြာဝင်စေ့စပ် ဆောင်ရွက်လုနီးနီးအခြေသို့ပင် ရောက်ရှိခဲ့သည်ပုံ ပေါ်ပေသည်။ ဖန်စင်ပက်ပါတီ၏ ထိပ်တန်း စစ်ဘက်အကြပေးပုဂ္ဂိုလ် တစ်ဦးဖြစ်သူက ပိုပေါ့နှင့် သူ၏အနီးကပ်အကြပေးပုဂ္ဂိုလ် နှစ်ဦးဖြစ်သူ ယခင်ဒီမိုကရက်တစ် ကမ်ပူးချာအစိုးရ ဦးဆောင်အဖွဲ့ဝင် ဆွန်ဆန်နှင့် မြောက်ပိုင်းဒေသတပ်မှူး တာမုတ်တို့သည် တရားစွဲဆိုမှု မခံရအောင် အလဲအလှယ်အနေဖြင့် ပြင်ပတွင် သွားရောက်ခိုလှုံ နေထိုင်လိမ့်မည်ဟု ကြေညာခဲ့သည်။ စင်စစ်အားဖြင့် ဤလုပ်ဆောင်ချက်သည် ခမာနီခေါင်းဆောင်တစ်ဦးဖြစ်သူခီယူးဆန်ဖန်အား ကမ္ဘောဒီးယားနိုင်ငံရေးလောကသို့ ပြန်လည်ဝင်ရောက်လာစေရန် လမ်းရှင်းပေးသည့်သဘော ဖြစ်စေပြီး ဖန်စင်ပက်ပါတီနှင့် ခမာနီအမျိုးသားပါတီတို့ နိုင်ငံရေး မဟာမိတ်အဖြစ် ဆောင်ရွက်သွားနိုင်မည့် အခြေအနေမျိုးကို ရောက်ရှိစေနိုင်လိမ့်မည်ဖြစ်သည်။

တစ်ဖက်တွင် ပိုပေါ့သည် ခီယူးဆန်ဖန်၏ လုပ်ဆောင်မှုကို ကနဦး ထောက်ခံခဲ့သော်လည်း နောက်ပိုင်း စိတ်ပြောင်းသွားခဲ့သည်။ ဇွန် ၉ ရက်နေ့တွင် ပိုပေါ့က ခမာနီတပ်မှူးများ၏ အစည်းအဝေးကို ခေါ်ယူကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့ ဆွန်ဆန်က တက်ရောက်ရန် ငြင်းဆိုခဲ့သည်။ သို့ဖြစ်ရာ ဇွန် ၁၀ ရက်နေ့တွင် ပိုပေါ့သစ္စာခံများက ဆွန်ဆန်နှင့် သူ၏ဇနီးအပါအဝင် မိသားစုအဖွဲ့ဝင် ၁၆ ဦးတို့အား ကွပ်မျက်ခဲ့သည်။ မင်းသားနိုရိုဒွန်ရာနာရစ်ဒ်က ဆွန်ဆန်သေဆုံးသည့် သတင်းကို ဇွန် ၁၃ ရက်နေ့တွင် အတည်ပြု ပြောကြားခဲ့သည်။

ဆွန်ဆန်သည် ၁၉၇၅-၇၉ ခုနှစ် ပိုပေါ့ ဦးဆောင်ခဲ့သည့် ကမ္ဘောဒီးယားအစိုးရအဖွဲ့၏ အာဏာရ ကွန်မြူနစ်ပါတီတွင် အမှတ်စဉ်လေးအထိသို့ပင် တက်လှမ်းခဲ့သည့် ပုဂ္ဂိုလ်ဖြစ်သည်။ ထိုစဉ်က ဆွန်ဆန်သည် လုံခြုံရေးအကြီးအကဲတစ်ဦး::ဖြစ်ရာ ကမ္ဘောဒီးယားနိုင်ငံကို သွေးစွန်းစေခဲ့သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများတွင် တာဝန်ရှိသူတစ်ဦးဖြစ်သည်။ အထူးသဖြင့် ဖနွမ်းပင်မြို့တူအောလ်ဆလင်: အကျဉ်းထောင်ရှိ အကျဉ်းသား: ၁၆,၀၀၀ ကို ရှင်းလင်းသုတ်သင်ရာတွင် အကျဉ်းသား: ခုနစ်ဦးမျှသာ ကျန်ခဲ့သည့်ဖြစ်ရပ်တွင် တာဝန်ရှိသူဖြစ်သည်။ ဆွန်ဆန်၏ဇနီးဖြစ်သူသည်လည်း ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာ ၆၈,၀၀၀ ခန့်ကို သတ်ဖြတ်ရာတွင် ပူးပေါင်းပါဝင်ခဲ့သူဖြစ်သည်ဟု ဆိုသည်။



ဟွန်ဆန်နှင့် ရာနာရစ်ဒ်တို့၏ တပ်ဖွဲ့များကြား တိုက်ခိုက်မှုများကြောင့် ဒက်ရာရရှိသည့် ရာနာရစ်ဒ်တပ်ဖွဲ့မှ တပ်သားတစ်ဦး

အခြားထွက်ပေါ်ခဲ့သည့် သတင်းတစ်ရပ်မှာ ဇွန်လ ၉ ရက်နေ့ ခမာနီတပ်မှူးများ အစည်းအဝေးတွင် ပိုပေါ့သည် ခီယူးဆန်ဖန်အား ပြန်ပေးဆွဲပြီး အန်လောင်းဗင်းဒေသမှ ၄င်း၏ နောက်လိုက် ၂၀၀ ခန့်နှင့်အတူ တိမ်းရှောင်ထွက်ပြေးခဲ့ သည်ဟု ဆိုသည်။ နောက်ပိုင်း ထပ်မံထွက်ပေါ်လာသည့် သတင်းများမှာ ဆွန်ဆန်အား သစ္စာခံသည့် ပြောက်ကြား တပ်ဖွဲ့ ၂၀၀၀ ခန့်တို့က ပိုပေါ့နှင့် ၄င်း၏ နောက်လိုက်တို့အား လိုက်လံဖမ်းဆီးပြီး အန်လောင်းဗင်း ဒေသသို့ ပြန်လည်ခေါ်ဆောင်ခဲ့သည်ဟု သိရှိရသည်။ သို့ဖြစ်ရာ ဇွန်လ ၂၁ ရက်နေ့တွင် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်နှင့် ပထမဝန်ကြီးချုပ် မင်းသားရာနာရစ်ဒ်တို့က ပိုပေါ့အား ဖမ်းဆီးရမိပြီဟု ကြေညာခဲ့သည်။

ယင်းသို့ရှိနေသည့်အထဲတွင် ဟွန်ဆန်နှင့် ရာနာရစ်ဒ်တို့၏ တပ်ဖွဲ့များကြား တိုက်ခိုက်မှုများ ဖန်းပင်မြို့တွင် ဖြစ်ပွားခဲ့ရသည်။ ယင်းသို့ ဖြစ်ပွားရခြင်းမှာ ဟွန်ဆန်နှင့် ရာနာရစ်ဒ် ခေါင်းဆောင်နှစ်ဦးတို့သည် ခမာနီတို့၏ ထောက်ခံမှုကို ရရှိရန် အပြိုင်ကြိုးပမ်းလုပ်ဆောင်မှုကြောင့် ဖြစ်ပြီး ဤအခြေအနေမှ တစ်ဆင့်တက်ကာ ပြည်တွင်းစစ်ဖြစ်ပွားမည့် အန္တရာယ်ပါရှိနေသည်ဟု နိုင်ငံရေးလေ့လာသုံးသပ်သူများက ဆိုသည်။ ဤသို့ ဖန်းပင်မြို့တွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုများကြောင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မက်ဒလင်းအောဘရိုက် ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်မည့် အစီအစဉ်ကို ပယ်ဖျက်ခဲ့ရသည်။

ဤသို့ ရှိနေခဲ့ရာမှ ဇူလိုင် ၅ ရက်နှင့် ၆ ရက်နေ့တွင် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်က အာဏာသိမ်းပြီး ပထမဝန်ကြီးချုပ် မင်းသားနိုရိဒွန်ရာနာရစ်ဒ်ကို ဖြုတ်ချခဲ့သည်။ ဖန်းပင် မြို့တော်တွင် တိုက်ခိုက်မှုများ နှစ်ရက်ကြာ ဖြစ်ပွားပြီးနောက် ဟွန်ဆန်၏ တပ်ဖွဲ့များက ကမ္ဘောဒီးယားဒေသ အတော်များများကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ မင်းသားရာနာရစ်ဒ်သည်လည်း ထိုင်းနိုင်ငံသို့ ထွက်ပြေးခဲ့ပြီး ထိုမှတစ်ဆင့် ပြင်သစ်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ဇူလိုင်လ ၇ ရက်နေ့တွင် ဖန်းပင်မြို့တော်တွင် ရှိသည့် ဖန်စင်ပက်ပါတီမှ ထိပ်တန်းပုဂ္ဂိုလ်များအား ဟွန်ဆန်၏ တပ်ဖွဲ့များက ဖမ်းဆီးခဲ့သည်။ ဇူလိုင် ၈ ရက်နေ့ ထုတ်ကမ္ဘောဒီးယား နေ့စဉ်သတင်းစာ၏ ဖော်ပြချက်အရ ဖန်းပင်မြို့တော်တွင် တိုက်ခိုက်မှုများကြောင့် ၃၂ ဦး သေဆုံးပြီး ၇၅ ဦး ဒဏ်ရာရရှိသည်ဟု သိရှိရသည်။



အာဏာသိမ်းပွဲအပြီး သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်က ရှင်းလင်းပြောကြားနေစဉ်

ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်က ကမ္ဘောဒီးယား ရုပ်မြင်သံကြားမှ ပြောကြားရာတွင် မင်းသားရာနာရစ်ဒ် အနေဖြင့် ဥပဒေများကို ဖောက်ဖျက်ပြီး နိုင်ငံရေး သစ္စာဖောက်မှုကို ကျူးလွန်ခဲ့ကြောင်းနှင့် ကမ္ဘောဒီးယား ပြည်သူ့ ပါတီသည် ငြိမ်ဝပ်ပိပြားရေးနှင့် ဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ခဲ့ရသည်ဟု ကြေညာခဲ့သည်။ ထို့ပြင် ရာနာရစ်ဒ် သည် ခမာနီသူပုန်ခေါင်းဆောင်များနှင့် ညှိနှိုင်းဆွေးနွေးပြီး သူ၏ ပါတီဖြစ်သည့် ဖန်စင်ပက်ပါတီ၏ အင်အားကို ကျားကန်ပေးရန် ခမာနီ ပြောက်ကျားများကို ဖန်းပင်မြို့တော်အတွင်းသို့ ခိုးသွင်းခဲ့သည်ဟုလည်း စွပ်စွဲပြောကြားခဲ့သည်။ ၄င်းအနေဖြင့် အာဏာသိမ်းကာ မင်းသားရာနာရစ်ဒ်အား ဖြုတ်ချခဲ့သည်ဆိုခြင်းမှာ မဟုတ်မမှန်ကြောင်း ဟွန်ဆန်က ပြောကြားပြီး နိုင်ငံမှစွန့်ခွာ ထွက်ပြေးသွားသည့်အတွက်လည်း အပြစ်တင် ပြောကြားခဲ့သည်။

နိုင်ငံရေး လေ့လာဆန်းစစ်သူ အများအပြားက ခမာနီနှင့် ဖန်စင်ပက်ပါတီတို့အကြား သဘောတူညီမှု အသစ်တစ်ရပ်ရရှိစေခြင်းသည် အာဏာသိမ်းမှုကို ဖြစ်စေခဲ့သည့်

အကြောင်းဖြစ်သည်ဟု ဟွန်ဆန်၏ အခိုင်အမာ ပြောကြား:ချက်ကို သဘောတူ လက်ခံကြသည်။ ပို ပေါ့ပြတ်ကျခဲ့ပြီး:နောက်ပိုင်း ခေါင်းဆောင်မှုအသစ်အောက်တွင် လူပ်ရှား:ခဲ့သည့် ခမာနီများ:သည် မင်း:သား:ရာနာရစ်ဒ်၏ ဖန်စင်ပက်ပါတီနှင့် နိုင်ငံရေး: မဟာမိတ်ပြုရန် အပြီး:သတ် ဆောင်ရွက်မှု အဆင့်သို့တိုင် ရောက်ရှိခဲ့ရာ ယင်း:အချက်က ဟွန်ဆန်အား: ဒေါသဖြစ်စေခဲ့သည်။

မရှေး:မနှောင်း:ဆိုသလိုပင် ဇူလိုင် ၁၆ ရက်နေ့တွင် နိုင်ငံခြား:ရေး:ရာနှင့် အပြည်ပြည်ဆိုင်ရာ ပူး:ပေါင်း:ဆောင်ရွက်မှုရေး:ရာဝန်ကြီး: အင်း:ဟူယော့အား: ရာနာရစ်ဒ်၏ နေရာတွင် ပထမဝန်ကြီး:ချုပ်အဖြစ် အစား:ထိုး:မည်ဟု ဟွန်ဆန်က ကြေညာခဲ့သည်။ သို့ရာတွင် ဇူလိုင်လ နှောင်း:ပိုင်း:အထိ အမျို:သား:လွှတ်တော်က တရား:ဝင်ခန့်အပ်ခြင်း:ကို အတည်ပြုနိုင်ခြင်း: မရှိခဲ့ချေ။ စင်စစ်အား:ဖြင့် အင်း:ဟူယော့မှာ ဖန်စင်ပက်ပါတီအဖွဲ့ဝင်တစ်ဦး: ဖြစ်သည်။ ၄င်း:၏ ရာနာရစ်ဒ်အပေါ် ဆန့်ကျင်မှုမှာ အများ:အသိ ဖြစ်သည်။ အာဏာသိမ်း:မှု ဖြစ်ပွား:စဉ်က ဖန်စင်ပက်ပါတီမှ အမတ် ၂၄ ဦး: ဖန္ဒမ်း:ပင်မြို့ကို စွန့်ခွာထွက်ပြေး:ခဲ့ကြသော်လည်း: ယင်း:ပါတီ၏ထိပ်တန်း:ပုဂ္ဂိုလ် အများ:အပြား:မှာမူ အစိုး:ရအဖွဲ့အတွင်း: ၄င်း:တို့၏ ရာထူး:များ:၌ ဆက်လက်ရှိနေခဲ့ကြသည်ဟု သိရှိရသည်။

ကမ္ဘောဒီး:ယား: အာဏာသိမ်း:မှု ဖြစ်ရပ်ကို နိုင်ငံတကာ အသိုင်း:အဝန်း:က ရှုတ်ချကြသည်။ အရှေ့တောင်အာရှနိုင်ငံများ:အသင်း:(အာဆီယံ)မှ နိုင်ငံခြား:ရေး:ဝန်ကြီး:များ:ကလည်း ဇူလိုင် ၁၀ ရက်နေ့တွင် ကွာလာလမ်ပူမြို့၌ အစည်း:အဝေး:ကျင်း:ပပြီး: ဇူလိုင် ၂၃ ရက်နေ့တွင် ကမ္ဘောဒီး:ယား: နိုင်ငံအား: အာဆီယံအဖွဲ့အတွင်း: သို့ ဝင်ခွင့်ပြုရေး:ကို အကန့်အသတ်မရှိ ဆိုင်း:ငံ့ထား:ရန် သဘောတူ ဆုံး:ဖြတ် ခဲ့ကြသည်။

အာဆီယံ အဖွဲ့အနေဖြင့် မင်း:သား:ရာနာရစ်ဒ်ကို ကမ္ဘောဒီး:ယား:နိုင်ငံ၏ ပူး:တွဲဝန်ကြီး:ချုပ်အဖြစ် ဆက်လက် အသိအမှတ်ပြုခဲ့သည်။ ကွာလာလမ်ပူ အစည်း:အဝေး:ပြီး: သည့်နောက် အင်ဒိုနီး:ရှား:နိုင်ငံ နိုင်ငံခြား:ရေး:ဝန်ကြီး: အလီအလာတပ်စ်ခေါင်း:ဆောင်သည့် သံတမန်ကိုယ်စား:လှယ်အဖွဲ့ကို ကမ္ဘောဒီး:ယား:ဘုရင် မင်း:သား:ကြီး:သီဟနုနှင့် တွေ့ဆုံရန် ပီကင်း:မြို့သို့ စေလွှတ်ခဲ့သည်။ တစ်ဖန် ယင်း:အဖွဲ့သည် ဇူလိုင် ၁၉ ရက်နေ့တွင် ဖန္ဒမ်း:ပင်မြို့၌ ဟွန်ဆန်နှင့် တွေ့ဆုံပြီး: မင်း:သား:ရာနာရစ်ဒ်နှင့် စေ့စပ်ညှိနှိုင်း:ရာတွင် ကြား:ဝင် ဆောင်ရွက်ပေး:ရန်အတွက် အာဆီယံအဖွဲ့ကို အသုံး:ချနိုင်သည်ဟု ကမ်း:လှမ်း:ခဲ့သည်။ အာဆီယံအဖွဲ့၏ ကမ်း:လှမ်း:ချက်ကို ဟွန်ဆန်က ပယ်ချခဲ့သည်။ အာဆီယံအဖွဲ့၏ ယခုလို ကမ်း:လှမ်း:ချက်မှာ မျှော်လင့်မထား:သည့် လုပ်ရပ်ဖြစ်သည်။ အကြောင်း:မှာ အစဉ်အဆက်အား:ဖြင့် အာဆီယံအဖွဲ့ကြီး:သည် အဖွဲ့ဝင်နိုင်ငံများ:၏ ပြည်တွင်း:ရေး:ကိစ္စများ:တွင် ကြား:ဝင်စွက်ဖက်ခြင်း: မပြုသည့် တိကျသည့် မူဝါဒကို စောင့်ထိန်း:ထား:သောကြောင့် ဖြစ်သည်။

ဩဂုတ်လ ၆ ရက်နေ့တွင် ကမ္ဘောဒီယား: အမျို:သား:လွှတ်တော်က အင်း:ဟူယော့အား: ပထမဝန်ကြီး:ချုပ်အဖြစ် ခန့်အပ်မှုကို အတည်ပြုခဲ့သည်။ ထို့ပြင် ပြစ်မှုဆိုင်ရာ တရား:စွဲဆိုခြင်း:မှ မင်း:သား:ရာနာရစ်ဒ် ဥပဒေအရကင်း:လွှတ်ခွင့် ရရေး:ကိုလည်း: လွှတ်တော်က ရုပ်သိမ်း:ခဲ့



မင်း:သား:ရာနာရစ်ဒ်အား: ခမာနီတပ်ဖွဲ့မှ စွန့်ခွာလာခဲ့ကြသည့် ခမာနီတပ်သား:များ:နှင့်အတူ တွေ့ရစဉ်



အာဏာသိမ်းသည့်နေ့က ဖနွမ်းပင်မြို့တွင် ကင်းလှည့်နေသည့် ဟွန်ဆန်၏ တပ်ဖွဲ့များ

သည်။ ဤလုပ်ဆောင်ချက်မှာ မင်းသားရာနာရစ်ဒ် အနေဖြင့် ခမာနီများနှင့် စေ့စပ်ဆွေးနွေးခဲ့ခြင်း၊ လက်နက်များ နိုင်ငံတွင်းသို့ တင်ပို့ခဲ့ခြင်း စွဲချက်များဖြင့် ရုံးတင်စစ်ဆေးခံရန် ရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ရာနာရစ်ဒ်၏ ခမည်းတော်ဖြစ်သူ ဘုရင်သီဟာနုကလည်း ဟွန်ဆန်ကသာ တောင်းဆိုပါက ၄င်းအနေဖြင့် နန်းစွန့်ရန် အသင့်ပြင်ထားမည်ဟု ဩဂုတ် ၁၁ ရက်နေ့တွင် ကြေညာခဲ့သည်။ နာမကျန်းဖြစ်သဖြင့် တရုတ်ပြည်တွင် ဆေးကုသမှု ခံယူလျက်ရှိသည့် ဘုရင်သီဟာနုသည် ရာနာရစ်ဒ်အား ရာထူးမှ ဖယ်ရှားခဲ့ခြင်းကို ကနဦးက လက်ခံခဲ့ပုံပေါ်သည်။ သို့ရာတွင် သီဟာနု နန်းစွန့်လိုက်ပါက ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်း ဘေးဒုက္ခကို ပိုမိုဆိုးဝါးစေပြီး ဟွန်ဆန်၏ အပြည်ပြည်ဆိုင်ရာ ရပ်တည်ဆက်ဆံမှု အနေအထားကိုလည်း ထိခိုက်စေလိမ့်မည်ဖြစ်သည်။ အကြောင်းမှာ စည်းမျဉ်းခံ ဘုရင်စနစ်ကို ဆက်လက် ထိန်းသိမ်းနိုင်သည့် အရည်အချင်းပေါ်တွင် ဟွန်ဆန်၏ ရပ်တည်မှုအနေအထား ကြီးကြီးမားမား တည်မှီနေသောကြောင့် ဖြစ်သည်။

အခြားတစ်ဖက်တွင် အရှေ့တောင် အာရှနိုင်ငံများ အသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် ဩဂုတ် ၁၁ ရက်နေ့တွင် စင်ကာပူ၌ တွေ့ဆုံဆွေးနွေးပြီး ကမ္ဘောဒီးယားနိုင်ငံ၊ နိုင်ငံရေး ပဋိပက္ခကို ကြားဝင်စေ့စပ်ဖြေရှင်းခြင်းကို ဆက်လက်လုပ်ဆောင်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ စင်ကာပူဝန်ကြီးချုပ် ဂိုချုပ်တောင်ကလည်း ၁၉၉၈ ခုနှစ်၊ မေလတွင် ကျင်းပရန် သတ်မှတ်ထားသည့် ကမ္ဘောဒီးယားနိုင်ငံ အထွေထွေ

ရွေးကောက်ပွဲ ကျင်းပပြီးစီးသည့်အခါမှသာ အာဆီယံအဖွဲ့သို့ ကမ္ဘောဒီးယားနိုင်ငံ ဝင်ရောက်ရေးကိစ္စကို စဉ်းစားလိမ့်မည်ဟု ကြေညာခဲ့သည်။

ဩဂုတ်လ တစ်လလုံးလိုလိုပင် ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်းဒေသတွင် မင်းသားရာနာရစ်ဒ်ကို သစ္စာခံသည့် တပ်ဖွဲ့များနှင့် ဟွန်ဆန်ကို သစ္စာခံသည့် တပ်ဖွဲ့တို့အကြား တိုက်ခိုက်မှုများ အရှိန်မြင့်တက်ခဲ့သည်။ ထိုအတောအတွင်း ပိုပေါ့အား ခမာနီတရားရုံးတွင် ရုံးတင်စစ်ဆေးပြီး ယခင် ကမ်ပူးချားအစိုးရအဖွဲ့ ကာကွယ်ရေးဝန်ကြီးဟောင်း ဆွန်ဆန်အား လုပ်ကြံသတ်ဖြတ်မှုဖြင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခဲ့သည်ဟု သတင်းများ ထွက်ပေါ်လာခဲ့ပြန်သည်။


စက်တင်ဘာ ၂ ရက်နေ့တွင် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်က ယခင်ပထမဝန်ကြီးချုပ် မင်းသား နိုရိုဒွန်ရာနာရစ်ဒ်နှင့် စေ့စပ်ဆွေးနွေးရန် ဘုရင်သီဟာနု၏ တိုက်တွန်းချက်ကို ပယ်ချခဲ့သည်။ ဘုရင် သီဟာနုသည် တရုတ်နိုင်ငံတွင် ဆေးကုသမှုခံယူနေရာမှ ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လည်ရောက်ရှိရာတွင် ယင်းသို့ တိုက်တွန်းပြောကြားလိုက်ခြင်း ဖြစ်သည်။ ဟွန်ဆန်နှင့် ဟွန်ဆန်က ခန့်ထားသော ကမ္ဘောဒီးယား ပထမဝန်ကြီးချုပ် အင်းဟူယော့တို့သည် မင်းသားကြီးသီဟာနုထံ ပူးတွဲပြန်စာရေးသားပြီး သီဟာနု၏တိုက်တွန်းချက်ကို ပယ်ချခဲ့ခြင်း ဖြစ်သည်။ ရာနာရစ်ဒ်အနေဖြင့် ၄င်းကျူးလွန်ခဲ့သော ပြစ်မှုများအတွက် တရားရုံးတွင် ရင်ဆိုင်ရန်ရှိပြီး ၄င်း၏ကံကြမ္မာမှာ ကမ္ဘောဒီးယား တရားစီရင်ရေးစနစ်၏ လက်တွင်သာ ရှိကြောင်း ပြန်စာတွင် ဖော်ပြရေးသားခဲ့သည်။

ဤအတောအတွင်း ကမ္ဘောဒီးယား အစိုးရအဖွဲ့ကို ပြောင်းလဲဖွဲ့စည်းမည့် အစီအစဉ်ကို ကြေညာခဲ့ရာ ဟွန်ဆန်ကို သစ္စာခံသည့်သူများ အထက်တန်းရာထူးကြီးများကို ရယူ၍ ဖန်စင်ပက်ပါတီမှ ဝန်ကြီးများကို ရာထူးများမှ ဖယ်ရှားခဲ့ရာ ကမ္ဘောဒီးယား အမျိုးသားလွှတ်တော်သည် အစိုးရအဖွဲ့ အပြောင်းအလဲကို စက်တင်ဘာ ၁၆ ရက်နေ့တွင် ကန့်ကွက်ခဲ့သည်။

ယင်းသို့ ရှိနေခဲ့ရာမှ ဘုရင်သီဟာနုသည် တရုတ်နိုင်ငံတွင် ဆေးကုသမှု ထပ်မံခံယူရန် အောက်တိုဘာ ၂၅ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံမှ ထွက်ခွာသွားခဲ့ပြန်သည်။ မထွက်ခွာမီ ကြေညာချက်တစ်စောင် ထုတ်ပြန်ရာ၌ ၄င်း အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လာချင်မှ ပြန်လာမည့် သဘောထားကို ထုတ်ဖော်ပြောကြားခဲ့သည်။

နိဝင်ဘာ အစောပိုင်းကာလတွင် သဘောထားကွဲလွဲသဖြင့် ခမာနီအဖွဲ့မှ ဖယ်ခွာခဲ့သည့် ခမာနီ ထိပ်တန်းခေါင်းဆောင်ဟောင်း တစ်ဦးဖြစ်သူ အီယန်ဆရီသည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တော်သို့ ပြန်လာခဲ့ပြီး ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်နှင့် ဆွေးနွေးခဲ့သည်ဟု သိရှိရသည်။ ဤသို့ ပြန်လာခြင်းမှာ နှစ်ပေါင်း ၁၈ နှစ်အတွင်း နိုင်ငံသို့ ပထမဦးဆုံး အကြိမ်အဖြစ် လာရောက်ခြင်း ဖြစ်သည်ဟု ဆိုသည်။

ကမ္ဘောဒီးယားဘုရင် သီဟာနု



ကြီးမောင်၊ ဦး (စာရေးဆရာ ငွေဥဒေါင်း)(ခရစ် ၁၉၁၅ – ၁၉၉၇)။ ။ စာပေလောကတွင် ငွေဥဒေါင်းကလောင်အမည်ဖြင့် ထင်ရှားသော စာရေးဆရာတစ်ဦးဖြစ်သူ ဦးကြီးမောင်ကို အဘ ပန်းပဲဆရာဦးဒေါန၊ အမိဒေါ်သက်တင်တို့က ၁၉၁၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ဟသ်ာတခရိုင်၊ အဖျောက်မြို့၌ ဖွားမြင်သည်။ ငယ်နာမည်နတ်ပေးဖြစ်သည်။

ငယ်စဉ်ခုနစ်နှစ်သားအရွယ်က ဟသ်ာတခရိုင်၊ သပြေကုန်းကျေးရွာ ဆရာဦးထွန်းရင် လောကဓာတ်ကျောင်း (အစိုးရ အသိအမှတ်ပြု မူလတန်းကျောင်း) တွင် စတင်ပညာသင်ယူပြီး စတုတ္ထတန်းသို့ရောက်သောအခါ ဥဒေါင်းကျောင်း (နောင်ဆရာသိန်း လောကဓာတ်ကျောင်း)



အမျိုးသားစာပေဆုရ
စာရေးဆရာ
ဒွေဉဒေါင်း

သို့ ပြောင်းရွှေ့ သင်ယူသည်။ စတုတ္ထတန်းအထိ ပညာသင်ယူပြီး သတ္တမတန်းကို အလွတ်ဖြေဆိုသည်။ ၁၂ နှစ်သားအရွယ်တွင် ကိုရင်ဝတ်ရာ ဘွဲ့မှာ ရှင်ဝိသုတ ဖြစ်သည်။

ဦးကြီးမောင်သည် ကိုရင်ဘဝမှာပင် စာပေကို ဝါသနာပါသည်။ ၁၉၃၀ ပြည့်နှစ်တွင် ကောဇာသစ် မဂ္ဂဇင်းဆောင်းပါးပြိုင်ပွဲ၌ ဝေယျကလောင်အမည်ဖြင့် ကြောက်စိတ် အမည်ရှိဆောင်းပါး ဝင်ရောက်ယှဉ်ပြိုင်ရာမှအစ စာပေလောကသို့ စတင်ဝင်ရောက်သည်။ ဝေယျကလောင်အမည်ကို အယ်ဒီတာက ဆင်းရဲသားကလောင်အမည်ပြင်ခဲ့ရာမှစ၍ ကြီးမောင် (ဆင်းရဲသား) ကလောင်အမည်ဖြင့် စာရေးသားသည်။ သူရိယမဂ္ဂဇင်းဝတ္ထုပြိုင်ပွဲများတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်သည်။

ဦးကြီးမောင်သည် ၁၉၃၁ ခုနှစ်တွင် သင်္ကန်းဝတ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာသည်။ ထိုနှစ်ဧပြီလထုတ် ဗန္ဓုလ ဂျာနယ်တွင် မာနနှင့်ကာမအမည်ရှိ ဝတ္ထုကို ဉာဏ်မြင့်ကလောင်အမည်ဖြင့် ရေးသားသည်။ ၁၉၃၂ ခုနှစ်တွင် မဟော်သဓာ သတင်းစာ၌ အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဝင်ရောက်လုပ်ကိုင်ပြီး မင်္ဂလာကလောင်အမည်ဖြင့် ဆောင်းပါးများရေးသားသည်။ ၁၉၃၄ ခုနှစ်တွင် ဗန္ဓုလ ဂျာနယ်၌ ဝင်ရောက်လုပ်ကိုင်သည်။ ၁၉၃၅ ခုနှစ်တွင် သစ်တောဘက်သို့ဝင်ရောက်အမှုထမ်းပြီး ၁၉၃၆ ခုနှစ်တွင် ဒုတိယတောအုပ် ဖြစ်လာသည်။

ဦးကြီးမောင်သည် ၁၉၃၆ ခုနှစ်တွင် မင်္ဂလာကလောင်အမည်ဖြင့် မင်းကတော်၊ မောင်သံဝေစသည့် တစ်မူးတန်ဝတ္ထုများ ရေးသားသည်။ ၁၉၃၇ ခုနှစ်တွင် ဆိပ်ကမ်းတာလီစာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ ၁၉၃၈ ခုနှစ်တွင် ဘားမားအေဂျင်စီအမည်ဖြင့် ဆိုင်ဖွင့်လှစ်ရောင်းချသည်။ ၁၉၃၉ ခုနှစ်တွင် ပြည်မြို့၌ ရဟန်းခံသည်။

ဦးကြီးမောင်သည် ၁၉၄၇ ခုနှစ်တွင် ရှမ်းရုပ်စုံမဂ္ဂဇင်း၌ အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်သည်။ ထိုနှစ်ဩဂုတ်လထုတ် ရှမ်းရုပ်စုံမဂ္ဂဇင်းပါ မောင်သာမောက်အမည်ရှိ ဆောင်းပါးမှစ၍ ဒွေဉဒေါင်း ကလောင်အမည်ခံယူသည်။ ၁၉၅၁ ခုနှစ်တွင် စာပေဗိမာန် လက်ထောက်စာတည်း၊ ၁၉၅၆ ခုနှစ်တွင် ဖ.ဆ.ပ.လ စာစောင်အယ်ဒီတာ၊ ၁၉၅၇ ခုနှစ်တွင် ကြေးမုံသတင်းစာ အယ်ဒီတာအဖွဲ့ဝင်၊ ၁၉၆၀ ပြည့်နှစ်တွင် ဒွေတာရီမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင်၊ ၁၉၇၃ ခုနှစ်တွင် ဟံသာဝတီ သတင်းစာအယ်ဒီတာအဖွဲ့ဝင် စသည်ဖြင့် အမှုထမ်းဆောင်သည်။

ဦးကြီးမောင်သည် ဒွေဉဒေါင်းကလောင်အမည်ဖြင့် စာဝင်္ကပါဆောင်းပါးများ၊ မဏ္ဍိုင်သတင်းစာတွင် စာဂျပိုးကလောင်အမည်ဖြင့် စာအုပ်စင်ကဏ္ဍ၊ ဟံသာဝတီသတင်းစာတွင် မောင်ဝိဇ္ဇာကလောင်အမည်ဖြင့် စာအုပ်ဇဝဖန်ရေးတို့ကို ရေးသားပြီး အမည်ရင်းကြီးမောင်၊ စာကြေးမုံကြီးမောင်ကလောင်အမည်များဖြင့်လည်း စာပေရေးသားသည်။ ဒွေဉဒေါင်း ကလောင်အမည်ဖြင့် ရေးသားသော ဗုဒ္ဓစာပန်းချီဝတ္ထုသည် စာပေဗိမာန်ဆုရရှိ၍ သီးခြားစာဝင်္ကပါ စာအုပ်အမည်ဖြင့် အမျိုးသားစာပေဆုကို ရရှိသည်။ ဗုဒ္ဓစာပန်းချီစာအုပ်သည် ခြောက်တွဲအထိ ဆက်လက်ထွက်ရှိသည်။

တောင်ကြီးမြို့ ရှုခင်းသာရပ်တွင် နေထိုင်၍ စာပေများ ရေးသားပြုစုလျက်ရှိသည့် ဦးကြီးမောင်သည် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ၁၃၅၈ ခုနှစ် စာဆိုတော်နေ့ကျင်းပရေးကော်မတီက ပေးအပ်လှူဒါန်းငွေကျပ်နှစ်သောင်းနှင့် မိဘမေတ္တာလူမှုရေးအဖွဲ့က ပေးအပ်လှူဒါန်းငွေကျပ်တစ်သိန်းတို့ကို ရရှိသည်။

အမျိုးသားစာပေဆုနှင့် စာပေဗိမာန်ဆုရ ဦးကြီးမောင် (စာရေးဆရာဒွေဉဒေါင်း) သည် ၁၉၉၇ ခုနှစ်၊ ဧန်နဝါရီလ ၁၄ ရက်နေ့တွင် တောင်ကြီးမြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဧနီးဒေါ်နန်းရွှေခင် ကျန်ရစ်သည်။

ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ။ ။ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံအဖြစ် ပြောင်းလဲစေသူမှာ လောရင့်ကာဘီလာ ဖြစ်သည်။ ယခင်က ဇိုင်ယာနိုင်ငံဟု ခေါ်သည်။ ဇိုင်ယာနိုင်ငံတွင် မိုဘူတူဆေဆေဆီကိုသည် နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့သည်။ နိုင်ငံအနေဖြင့် တိုးတက်ဖွံ့ဖြိုးအောင် လုပ်နိုင်စွမ်း နည်းပါးသော်ငြားလည်း



ရာထူးမှပြုတ်ကျပြီးနိုင်ငံမှ
စွန့်ခွာထွက်ပြေးခဲ့ရသည့်ဇိုင်ယာသမ္မတဟောင်းမိုဘူတူ

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများက သူ့ကို ထောက်ခံအားပေးကြသည်။ ကျောထောက်နောက်ခံလည်းပြုသည်။ အဘယ်ကြောင့်ဆိုသော် ကျန်အာဖရိကနိုင်ငံများ ကွန်မြူနစ်နိုင်ငံ မဖြစ်စေရေးအတွက် ဇိုင်ယာသမ္မတ မိုဘူတူကို အားပေးအားမြှောက်ပြုထားခြင်း ဖြစ်သည်။

ဇိုင်ယာနိုင်ငံ ဆင်းရဲမွဲတေလာချိန်တွင် မိုဘူတူ၏ချမ်းသာကြွယ်ဝမှုတို့ တိုးတက်လာခဲ့သည်။ ဥရောပနိုင်ငံဘဏ်အချို့၌ပင် မိုဘူတူပိုင်ငွေများ အပ်နှံထားသည်ဟုဆိုသည်။ မိုဘူတူသည်ကင်ဆာရောဂါကြောင့် ဥရောပတွင်ဆေးကုသခံချိန်က များသည်။ ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလတွင် ပြင်သစ်နိုင်ငံသို့ ဆေးကုသရန် သွားရပြန်သည်။ မိုနာကို နိုင်ငံတွင် ခွဲစိတ်ကုသမှုခံယူရသည်။ မိုဘူတူခွဲစိတ်ကုသမှုခံယူဆဲ၌ပင် ဇိုင်ယာနိုင်ငံ၏ အရှေ့ဘက်တွင် သူပုန်များတပ်စွဲကာ မိုဘူတူကို ဖြုတ်ချရေး ကြိုးပမ်းလျက်ရှိကြသည်။

မိုဘူတူဘက်မှလည်း ဥရောပနှင့်အခြားအာဖရိကနိုင်ငံများဆီမှ ကြေးစားစစ်သား ၃၀၀ နီးပါးက မိုဘူတူ၏တပ်ကို ကျောထောက်နောက်ခံ ပြုထားကြသည်။ ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ဇိုင်ယာအစိုးရတပ်များနှင့် သူပုန်တို့ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာတွင် အစိုးရတပ်များအထိနာကြသည်။ ဇိုင်ယာတပ်များတွင် အနောက်နိုင်ငံ



သူပုန်ခေါင်းဆောင် ကာဘီလာ
(အလယ်မှ ပုဂ္ဂိုလ်)
ကင်ဆာရှာမြို့သို့ရောက်ရှိလာစဉ်

ကြေးစားတပ်များ ပါဝင်တိုက်ခိုက်သော်ငြား လည်း အခြေအနေမှာ နယ်မြေတစ်ခုပြီးတစ်ခု ခြေကုတ်ပြုတ်၍ နေတော့သည်။ သူပုန်ခေါင်းဆောင်မှာ လောရင့်ကာဘီလာ ဖြစ်၏။ သူ သည် ဖြတ်လတ်တက်ကြွသူ ဖြစ်သည်။ ဇိုင်ယာ နိုင်ငံပြည်သူတို့အပေါ် မတရားအာဏာရှင်သဖွယ် အုပ်ချုပ်သော မိုဘူတူ၏ ၃၁ နှစ်ကြာ အုပ်ချုပ်မှုကို ချုပ်ငြိမ်းစေရမည်။ ဇိုင်ယာနိုင်ငံကိုလွတ်မြောက်အောင် ဆောင်ကြဉ်းပေး မည်စသည်ဖြင့် ပြောကြား လျက်ရှိသည်။

ဇိုင်ယာသမ္မတ မိုဘူတူနှင့် သူပုန်ခေါင်းဆောင် ကာဘီလာတို့အား ဖြစ်ပေါ်နေသော အခြေအနေကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် ကုလသမဂ္ဂက ကြိုးပမ်းသေးသည်။ သို့သော် အောင်မြင်မှုမရှိခဲ့ချေ။ ဤတွင် တောင်အာဖရိက နိုင်ငံ သမ္မတ နယ်လဲဆင်မင်ဒဲလာက မိုဘူတူနှင့် ကာဘီလာ တို့ တွေ့ဆုံဆွေးနွေးရန် ဖိတ်ကြားခဲ့သည်။

ဇိုင်ယာနိုင်ငံတွင် လူဦးရေ သန်း ၄၀ ရှိသည်။ လူမျိုးနွယ်စုပေါင်း ၄၅၀ ရှိသည်။ နိုင်ငံရေး ပါတီပေါင်း ၄၀၀ အထိ ကွဲပြားလျက်ရှိသည်။ ဤသည်ကပင် နိုင်ငံရေးမတည်ငြိမ်မှု၏ လက္ခဏာဖြစ်နေသည်။ ထို့ပြင် ဇိုင်ယာနိုင်ငံတွင်း၌ ရဝမ်ဒါနိုင်ငံသားပေါင်းများစွာ သည် စစ်ပြေးများအဖြစ် ရောက်ရှိနေကြသည်။ တစ်ချိန်က ရဝမ်ဒါတွင် တွတ်ဆီနှင့် ဟူတူမျိုးနွယ်စုများ အချင်းချင်း စစ်ခင်းကြသဖြင့် စစ်ပြေးအဖြစ် ဇိုင်ယာနိုင်ငံတွင်းသို့ ရောက်ရှိနေကြခြင်း ဖြစ်သည်။

မတ်လ တတိယပတ်တွင် သူပုန်ခေါင်းဆောင် ကာဘီလာ၏ တပ်များ ဇိုင်ယာနိုင်ငံမြို့တော် ကင်ဆာရာနှင့် မိုင် ၉၀၀ အကွာ ကီဆန်ဂါနီမြို့ကို သိမ်းပိုက်ထားကြပြီဖြစ်သည်။ ကီဆန်ဂါနီသည် ကင်ဆာရာပြီးလျှင် ဒုတိယအကြီးဆုံးသော မြို့ဖြစ်၍ ဤမြို့ကြီးကို သူပုန်တို့ အောင်ပွဲခံလိုက်ခြင်းသည် မိုဘူတူအဖို့ ကြီးစွာသော ဆုံးရှုံးမှုတစ်ရပ်ဖြစ်သည်။ ရဝမ်ဒါစစ်ပြေးများလည်း ဇိုင်ယာနိုင်ငံမှ ရရှာယာဥ်များဖြင့် ဘေးလွတ်မည်ထင်ရာကို ပြေးကြသည်။ သမ္မတ မိုဘူတူ၏ မိသားစုနှင့် ဆွေမျိုးများလည်း ဥရောပတိုက်သို့ အလုအယက် ပြောင်းရွှေ့ကြသည်။

ဧပြီလ ပထမပတ်တွင် သူပုန်ခေါင်းဆောင် လောရင့်ကာဘီလာ၏ တပ်များက ဇိုင်ယာနိုင်ငံ၏ လေးပုံတစ်ပုံကို သိမ်းပိုက်လိုက်ပြီဖြစ်သည်။ ကာဘီလာအဖို့ အောင်ပွဲခံရန် လက်တစ်ကမ်းသာလိုတော့သည်။ မိုဘူတူအဖို့လည်း လက်လွှတ်ဆုံးရှုံးရဖို့ သေချာသွားပြီဖြစ်သည်။ ထို့ကြောင့် မိုဘူတူ၏ အစိုးရအဖွဲ့က အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန် ကမ်းလှမ်းသည်။ ကာဘီလာက ပယ်ချလိုက်သည်။ ထိုအခါ မိုဘူတူအစိုးရက နိုင်ငံတော်၏ အာဏာကို ခွဲဝေပိုင်စိုးရန် ကမ်းလှမ်းပြန်သည်။ ကာဘီလာက မိုဘူတူအား နိုင်ငံမှ ထွက်ခွာပေးရေးသာ တောင်းဆိုလိုက်သည်။

ကာဘီလာ၏ တပ်များက မြို့တော်ဆီသို့ အဆီးအတား မရှိ ချဉ်းကပ်လာနိုင်ပြီဖြစ်သည်။ နိုင်ငံ၏ ခေါင်းဆောင်ပိုင်းမှ ပုဂ္ဂိုလ်များလည်း ပြည်တွင်းမှ ဖြစ်သည့်နည်းနှင့် ပြေးပေါက်ကို ကြည့်နေကြသည်။ သို့သော် နောက်ဆုံးစေ့စပ်ညှိနှိုင်းမှုအဖြစ် လောရင့်ကာဘီလာအား အရေးကြီးသော ဝန်ကြီးဌာန ခြောက်ခု ပေးပြီး ညွှန့်ပေါင်းအစိုးရဖွဲ့ရန် ညှိနှိုင်းကြသည်။ သို့သော် ကာဘီလာက လက်မခံ။ မိုဘူတူနိုင်ငံမှ အမြန်ဆုံး ထွက်ခွာရေးကိုသာ တောင်းဆိုလိုက်သည်။

မေလပထမပတ်တွင် လောရင့်ကာဘီလာ၏ တပ်များ မြို့တော်ကင်ဆာရာကို သိမ်းပိုက်ရန် ချီတက်လာနေကြပြီဖြစ်သည်။ လောရင့်ကာဘီလာ၏ တပ်များ၌ ရဝမ်ဒါနိုင်ငံမှ တပ်များလည်း ပါဝင်သည်။ ရဝမ်ဒါတပ်တွင် တွတ်ဆီတပ်သား အများစု ပါဝင်သည်။ ဤတွင် မိုဘူတူနှင့် လောရင့်ကာဘီလာတို့၏ တိုက်ပွဲအပြင် တွတ်ဆီနှင့် ဟူတူ တို့၏ လူမျိုးရေးတိုက်ပွဲကလည်း ကြားညှပ်၍ ပါလာသေးသည်။ အဘယ်ကြောင့်ဆိုသော် ၁၉၉၄ ခုနှစ်က တွတ်ဆီနှင့် ဟူတူ လူမျိုးစုချင်း ပဋိပက္ခဖြစ်၍ သတ်ဖြတ်ကြရာ ဟူတူလူမျိုး တစ်သန်းခန့် ဇိုင်ယာနိုင်ငံတွင်းသို့ စစ်ပြေးဒုက္ခသည်များအဖြစ် ရောက်ခဲ့သည်။

ယခု လောရင့်ကာဘီလာ၏ တပ်များ၌ တွတ်ဆီတပ်သားများ ပါလာလေရာ ဇိုင်ယာနိုင်ငံတွင်းမှ ဟူတူစစ်ပြေးများ ထပ်မံထွက်ပြေးကြရပြန်သည်။ မေလ ဒုတိယပတ်တွင် ဇိုင်ယာသမ္မတဟောင်း မိုဘူတူသည် နိုင်ငံမှထွက်ပြေးသည်။ လောရင့်ကာဘီလာက ကင်ဆာရာမြို့တော်ကို အပိုင်သိမ်းလိုက်ပြီဖြစ်သည်။ ၁၉၇၁ ခုနှစ်ကမှစ၍ ဇိုင်ယာဟု အမည်တွင်ခဲ့သည်ကို လောရင့်ကာဘီလာက ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံဟူ၍ အမည်ပြောင်းလိုက်သည်။

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ



အောင်ပွဲခံခဲ့သည့် ကာဘီလာ၏
သူပုန်တပ်ဖွဲ့များ

အာဏာရှင်သမ္မတ မိုဘူတူရာထူးမှ ပြုတ်ကျပြီးနိုင်ငံမှ စွန့်ခွာထွက်ပြေးသွားသည့်အတွက်
ဝမ်းမြောက်ဝမ်းသာဖြစ်နေသည့် ပြည်သူများ



ကွယ်လွန်သူထင်ရှားသော ပုဂ္ဂိုလ်များ(၁၉၉၇)။ ။
ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် နိုင်ငံတစ်ကာတွင် သာသနာတော် အကျိုး သယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြသည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ စီးပွား‌ရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့် သိပ္ပံနယ်ပယ် အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသော လူပုဂ္ဂိုလ်များ ရှိကြသည်။

မြန်မာရဟန်းတော်များ

ကောသလ၊ ဘဒ္ဒန္တ
သက်တော်(၇၁) နှစ်၊ သိက္ခာတော် (၅၂) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ပထမကျော်၊ ဘီအေ၊ ပထမအကြိမ်နှင့် စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ရန်ကုန်တိုင်း သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ၊ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်နှင့် ကိုးထပ်ကြိုးဘုရား ဂေါပက အဖွဲ့များ၏ ဩဝါဒါစရိယ၊ စမ်းချောင်းမြို့နယ်၊ ဗားကရာကျောင်းတိုက်၊ သိရိဝေလာကျောင်း၊ ဦးစီးပဓာန နာယက၊
(၁၃၅၉ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

ကောဏ္ဍည၊ ဘဒ္ဒန္တ
သက်တော်(၇၁) နှစ်၊ သိက္ခာတော် (၅၂) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ပထမကျော်၊ ဘီအေ၊ ပထမအကြိမ်နှင့် စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ရန်ကုန်တိုင်း သံဃနာယက အဖွဲ့. ဥက္ကဋ္ဌ၊ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်နှင့် ကိုးထပ်ကြိုးဘုရား ဂေါပက အဖွဲ့များ၏ ဩဝါဒါစရိယ၊ စမ်းချောင်းမြို့နယ်၊ ဗားကရာကျောင်းတိုက်၊ သိရိဝေလာကျောင်း၊ ဦးစီးပဓာန နာယက၊
(၁၃၅၈ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၌ ပျံလွန်တော်မူသည်။)

ကောဏ္ဍည၊ ဘဒ္ဒန္တ
သက်တော်(၆၁)နှစ်၊ သိက္ခာတော်(၄၁) ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့. တွဲဖက်အကျိုးတော်ဆောင်၊ ဗဟန်းမြို့နယ်၊ မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်၊ ရွှေကျင်တိုက်သစ်၊ ဦးစီးပဓာန နာယက၊
(၁၃၅၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၌ ပျံလွန်တော်မူသည်။)

ကောဏ္ဍည၊ ဘဒ္ဒန္တ
သက်တော်(၆၈) နှစ်၊ သိက္ခာတော်(၄၈) ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇ သိရိပဝရဓမ္မာစရိယ ဝိနယပါဠိပါရဂူ၊ ရန်ကုန်တိုင်း သံဃနာယက အဖွဲ့. ဥက္ကဋ္ဌ၊ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ကျိုက္ကဆံ စေတီတော်၊ ကိုးထပ်ကြိုးဘုရားနှင့် မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ၊ စမ်းချောင်းမြို့.နယ် ဗားကရာကျောင်းတိုက်၊ ဝံသမေဒနီ စာသင်တိုက်၊ ဦးစီးပဓာန နာယက၊
(၁၃၅၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်၌ ပျံလွန်တော်မူသည်။)

ခေမိန္ဒာလင်္ကာရ၊ ဘဒ္ဒန္တ
သက်တော် (၇၁)နှစ်၊ သိက္ခာတော် (၅၁) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ ဓမ္မာစရိယ ဒီဃနိကာယ ပါဠိရဂူ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မြစ်သား‌မြို့၊ ရွှေသူဌေးကျောင်းဆရာတော်၊
(၁၃၅၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၌ ပျံလွန်တော်မူသည်။)

စန္ဒောဘာသ၊ ဘဒ္ဒန္တ
သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဖျာပုံမြို့.နယ်၊ ကန်နိကျေးရွာ မဟာဘုံစံကျောင်းတိုက် ကနိလူငယ် ဖွဲ့ဖြိုးရေး ပရဟိတ ဂေဟာ၊ ဖျာပုံမြို့. ကန်တော်မင်္ဂလာ ဘုံးဘွားရိပ်သာ၊ မန္တလေးမြို့၊ အနောက်ပြင်မုံးကောင်းတိုက်၊ အလယ်ရွှေကျောင်းကြီး၊ ပရိယတ္တိစာသင်တိုက်၊ ဦးစီးပဓာန နာယက၊ ဖျာပုံမြို့၊ သမိန်ထော ပဝါရဏာ ဂိုဏ်းကြီး၏ ဂိုဏ်းအုပ်နှင့် ဖျာပုံမြို့၊ မန္တလေးကျောင်းတိုက်ဆရာတော်၊
(၁၃၅၈ ခုနှစ်၊ တပေါင်းလပြည့် ၌ ပျံလွန်တော်မူသည်။)

ဓမ္မာနန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၈၀)နှစ်၊ သိက္ခာတော် (၆၁) ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ ပင်လည်ဘူးမြို့. ရွှေကျောင်း ပရိယတ္တိ စာသင်တိုက်နှင့် ဗဟန်းမြို့.နယ်၊ ဖောင်တော်ဦးပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက၊
(၁၃၅၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်၌ ပျံလွန်တော်မူသည်။)

ဉာဏဝံသ၊ ဘဒ္ဒန္တ
သက်တော်(၈၉) နှစ်၊ သိက္ခာတော် (၆၉) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက၊
ညောင်တုန်းမြို့၊ ရွှေသဟ်ာတောရကျောင်းတိုက်၊ ဦးစီးပဓာန
နာယက၊
(၁၃၅၉ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၌ ပျံလွန်တော်မူသည်။)

ဉာဏိက၊ ဘဒ္ဒန္တ
သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၆) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မလိုင်မြို့နယ်၊ ရွှေပေါ်ကျွန်း
သာသနာပြုကျောင်းတိုက်၊ ရွှေပေါ်ကျွန်းဆရာတော်၊
(၁၃၅၈ ခုနှစ်၊ ပြာသိုလဆုတ် ၁၃ ရက်၌ ပျံလွန်တော်မူ
သည်။)

ဉာနိက၊ ဘဒ္ဒန္တ
သက်တော် (၈၀) နှစ်၊ သိက္ခာတော် (၅၃) ဝါ
အဂ္ဂမဟာပဏ္ဍိက၊ ဘာသန္တရဆေက၊ ကမ္ဘာ့ ဗုဒ္ဓသာသနာ
ပြု၊ မြောင်းမြမြို့၊ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊
အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၊ တိသရဏဝံဟာရကျောင်းတိုက်
နှင့် ဩစတေးလျနိုင်ငံ၊ ပါသ်မြို့၊ တိသရဏဝံဟာရကျောင်း
တိုက်များ၏ ဦးစီးပဓာန နာယက၊
(၁၃၅၉ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၌ ပျံလွန်တော်မူသည်။)

နန္ဒဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၄)နှစ်၊ သိက္ခာတော် (၆၄) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အင်းတော်မြို့၊
မြို့မပရိယတ္တိစာသင်တိုက်၊ ဦးစီးပဓာန နာယက၊
(၁၃၅၉ ခုနှစ်၊ နတ်တော်လကွယ်၌ ပျံလွန်တော်မူသည်။)

နန္ဒိယ၊ ဘဒ္ဒန္တ
သက်တော် (၇၄) နှစ်၊ သိက္ခာတော် (၅၄) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ကော့ကရိုတ်မြို့နယ်၊ ကော့ဗိန်းကျေးရွာ၊
မဟာဝိဟာရ ပရိယတ္တိ မွန်စာသင်တိုက်၊ ဦးစီးပဓာန
နာယက၊
(၁၃၅၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်၌ ပျံလွန်တော်
မူသည်။)

ပညာဇောတ၊ ဘဒ္ဒန္တ
သက်တော် (၇၉) နှစ်၊ သိက္ခာတော် (၆၀) ဝါ
အဂ္ဂမဟာ ပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ပဲခူးမြို့၊
သာသနမဏ္ဍိုင် ပါဠိတက္ကသိုလ် ကျောင်းတိုက်၊ ဦးစီးပဓာန
နာယက၊
(၁၃၅၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်၌ ပျံလွန်တော်
မူသည်။)

ပညာဇောတ၊ ဘဒ္ဒန္တ
သက်တော်၊ (၆၃)နှစ်၊ သိက္ခာတော် (၄၃) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရွှေကျင်နိကာယ ဂိုဏ်းလုံး
ဝန်ဆောင်နာယက၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းမြို့၊ ဓမ္မ
ဒူတ တောရကျောင်းတိုက်၊ ဦးစီးပဓာန နာယက၊
(၁၃၅၉ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်၌
ပျံလွန်တော် မူသည်။)

ပညာသာမိ၊ ဘဒ္ဒန္တ
သက်တော်၊ (၈၃)နှစ်၊ သိက္ခာတော် (၆၃) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မွန်ပြည်နယ်၊ သံဃနာယက
အဖွဲ့ဝင်၊ မော်လမြိုင်မြို့နယ်၊ ညောင်ပင်ဆိပ် ကျေးရွာ၊
ပရိယတ္တိဓမ္မရာ ကျောင်းတိုက်၊ ဦးစီးပဓာန နာယက၊
(၁၃၅၉ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁ ရက်၌ ပျံလွန်တော်
မူသည်။)

ပညိန္ဒာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၇၇)နှစ်၊ သိက္ခာတော် (၅၆) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့
ဝန်ဆောင်၊ မြိတ်မြို့နယ်ဩဝါဒါစရိယ၊ လေးကျွန်းဆီမီး
သိမ်တော်ကြီး ဩဝါဒါစရိယ၊ ကံသာပရိယတ္တိစာသင်တိုက်
ဦးစီးပဓာန နာယက၊
(၁၃၅၉ ခုနှစ်၊ တန်ခူးလဆုတ် ၇ ရက်၌ ပျံလွန်တော်
မူသည်။)

ပဏ္ဍိတာဘိဝံသ၊ ဘဒ္ဒန္တ

သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၄) ဝါ
အာဘိဓမ္မဟာရဋ္ဌဂုရု၊ နိုင်ငံတော်သြဝါဒါစရိယ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမ ကျောင်းတိုက်၊ ဦးစီးပဓာန နာယက၊
(၁၃၅၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၌ ပျံလွန်တော်မူသည်။)

ပဏ္ဍိစ္စ၊ ဘဒ္ဒန္တ

သက်တော် (၁၀၄) နှစ်၊ သိက္ခာတော် (၈၅) ဝါ
ဒေဒရဲမြို့နယ်၊ ထန်းတောကျေးရွာ၊ မဟာဗောဓိကျောင်းတိုက်၊
ဦးစီးပဓာန နာယက၊
(၁၃၅၈ ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်၌ ပျံလွန်တော်မူသည်။)

ဝိစိတ္တသာရ၊ ဘဒ္ဒန္တ

သက်တော်(၄၆) နှစ်၊ သိက္ခာတော် (၂၆) ဝါ
မဟာဂန္ဓဝါစကပဏ္ဍိတ၊ အဂ္ဂမဟာအက္ကော်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မိတ္ထီလာမြို့၊ သာသနဝေပုလ္လ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဦးစီးပဓာန နာယက၊
(၁၃၅၈ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၌ ပျံလွန်တော်မူသည်။)

ဝိဇယ၊ ဘဒ္ဒန္တ

သက်တော် (၉၉) နှစ်၊ သိက္ခာတော် (၇၉)ဝါ
အာဘ်ဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယရတ္တညူ မဟာနာယက၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့. ဘုရားကြီးကျောင်းတိုက်၊ ဦးစီးပဓာန နာယက၊
(၁၃၅၈ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၌ ပျံလွန်တော်မူသည်။)

သူရိယ၊ ဘဒ္ဒန္တ

သက်တော် (၆၄) နှစ်၊ သိက္ခာတော် (၄၄) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ မိုးကောင်းမြို့နယ်၊ နမ္မတီးမြို့၊ ဥတ္တရာရာမ ပရိယတ္တိစာသင်တိုက်၊ ဦးစီးပဓာန နာယက၊
(၁၃၅၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်၌ ပျံလွန်တော်မူသည်။)

သူရိယ၊ ဘဒ္ဒန္တ

သက်တော် (၈၁) နှစ်၊ သိက္ခာတော် (၄၉) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ တနိုင်းမြို့နယ်၊ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၊ တောင်တန်းသာသနာပြု ဆရာတော်၊
(၁၃၅၉ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၌ ပျံလွန်တော်မူသည်။)

သေဋ္ဌိလာဘိဝံသ၊ ဘဒ္ဒန္တ

သက်တော် (၁၀၁)နှစ်၊ သိက္ခာတော် (၈၁) ဝါ
အာဘိဓဇမဟာရဋ္ဌဂုရု၊ အာဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ပထမကျော် သက္ကသိဟဓမ္မာစရိယ၊ ရန်ကုန်တက္ကသိုလ်၊ အာဘိဓမ္မာကထိက၊ နိုင်ငံတော်သြဝါဒါစရိယာ၊ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ကျိုက္ကစံစေတီတော်၊ မိုးကောင်းစေတီတော်မျာ၏ သြဝါဒါစရိယ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အရှင်အာဒိစ္စဝံသ ပရိယတ္တိစာသင်တိုက် ပဓာန မဟာနာယကချုပ်၊ ရန်ကင်းမြို့နယ်၊ အရှင်သေဋ္ဌိလ ဗိမာန်ကျောင်းတိုက် ပဓာန နာယက၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော်၊
(၁၃၅၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၌ ပျံလွန်တော်မူသည်။)

ဥတ္တမ၊ ဘဒ္ဒန္တ

သက်တော် (၈၈) နှစ်၊ သိက္ခာတော် (၆၈) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေမော်ဓောစေတီတော်၊ ဟသ်ကုန်းစေတီတော်၊ မဟာစေတီတော်၊ ရွှေသာလျောင်း၊ ကဝမြို့နယ်၊ ဖလေးကျေးရွာ၊ ကျိုက်မတ်ကော်စေတီတော်၊ ပဲခူးမြို့၊ ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီးတို့၏ သြဝါဒါစရိယ၊ ပဲခူးမြို့၊ သုဓမ္မာနိကာယ မဟာနာယက၊ ပဲခူးမြို့၊ မင်္ဂလာသိပ္ပံကျောင်းတိုက်၊ ဦးစီးပဓာန နာယက၊
(၁၃၅၉ ခုနှစ်၊ နတ်တော်လဆုတ် ၂ ရက်၌ ပျံလွန်တော်မူသည်။)

ကွယ်လွန်သူ ထင်ရှားသောပုဂ္ဂိုလ်များ

ဥတ္တမဝံသ၊ ဘဒ္ဒန္တ

သက်တော် (၆၉) နှစ်၊ သိက္ခာတော် (၄၉) ဝါ

အဂ္ဂမဟာ ပဏ္ဍိတ၊ တောင်ငူမြို့နယ်၊ ရွှေကျင် နိကာယ ဥက္ကဋ္ဌ၊ ဝိသုဒ္ဓါရုံမြို့ထောင့် စာသင်တိုက် ဦးစီးပဓာနာယက၊ (၁၃၅၉ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၌ ပျံလွန်တော်မူသည်။)

ဉာဏိန္ဒ၊ ဘဒ္ဒန္တ

သက်တော် (၈၃)ခုနှစ်၊ သိက္ခာတော် (၆၃)ဝါ

စူဠဂန္ထဝါစက ပဏ္ဍိတ၊ ရန်ကုန်မြို့၊ မွန်သုဓမ္မာဂိုဏ်း၊ ဒုတိယဂိုဏ်းချုပ်၊ တောင်ဥက္ကလာပမြို့နယ်၊ ဣန္ဒာရာမ မွန်ကျောင်းဆရာတော်၊

(၁၃၅၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၌ ပျံလွန်တော်မူသည်။)

လူပုဂ္ဂိုလ်များ

ကြီးမောင်၊ ဦး

အသက် (၈၂) နှစ်

စာရေးဆရာကြီး၊ ငွေဥဒေါင်း၊ စာပေဗိမာန်ဆုနှင့် အမျိုးသားစာပေဆုရ စာရေးဆရာကြီး၊

(၁၄-၁-၉၇ ရက်၌ ကွယ်လွန်သည်။)

ခင်မလေး၊ ဒေါ

အသက်(၉၄) နှစ်

စာရေးဆရာမကြီး၊ ဒဂုန်ခင်လေးဆွေ၊

(၄-၃-၉၇ ရက်၌ ကွယ်လွန်သည်။)

ချစ်သန်း၊ သခင်

အသက် (၈၆) နှစ်

စာရေးဆရာ၊ ပြင်သစ် သံအဖွဲ့ဝင်ဟောင်း၊ မူလတို့ဗမာသခင်ဟောင်း၊ နိုင်ငံလွတ်လပ်ရေး ကိုယ်ကျိုးစွန့်ဆုရ၊

(၁၉-၂-၉၇ ရက်၌ ကွယ်လွန်သည်။)

ချမ်းမြ၊ ဦး

အသက် (၈၉) နှစ်

စာရေးဆရာကြီး မြကေတု၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)၊ မဟာ ဝိဇ္ဇာဘွဲ့၊ မန္တလေး တက္ကသိုလ်၊ မြန်မာစာဌာန အငြိမ်းစားပါမောက္ခ၊ စာပေယဉ်ကျေးမှုဆောင်းပါးပေါင်း ၅၀၀ ကျော်နှင့် စာပေဆိုင်ရာစာအုပ်များ ရေးသားခဲ့သည့် စာရေးဆရာကြီး၊

(၂၄-၁-၉၇ ရက်၌ ကွယ်လွန်သည်။)

ခွန်စော၊ ဦး

အသက် (၈၅) နှစ်

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ ပင်လုံစာချုပ်လက်မှတ်ရေးထိုးရာတွင် လူထုကိုယ်စားလှယ်အဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့သည့် ပုဂ္ဂိုလ်ကြီး၊

(၂၇-၃-၉၇ ရက်၌ ကွယ်လွန်သည်။)

ငွေလိုင်၊ ဦး

အသက် (၇၆) နှစ်

မြန်မာ့ဗိသုကာ ပညာရှင်ကြီး၊

(၂၈-၁-၉၇ ရက်၌ ကွယ်လွန်သည်။)

စောမောင်၊ ဦး

အသက် (၆၉) နှစ်

အငြိမ်းစား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ အငြိမ်းစား ဗိုလ်ချုပ်မှူးကြီး၊

(၂၄-၇-၉၇ ရက်၌ ကွယ်လွန်သည်။)

စိန်ထွန်းသွင်၊ ဦး

အသက် (၆၅) နှစ်

ရုပ်ရှင်မင်းသားကြီး ခင်မောင်ဇင်၊

(၁-၉-၉၇ ရက်၌ ကွယ်လွန်သည်။)

တင်မြင့်၊ ဦး

အသက် (၈၈)နှစ်

စာရေးဆရာကြီး သခင်၊ စာရေးသက် နှစ် ၇၀ ခန့်. အတွင်း

ဆောင်းပါးနှင့် ဝတ္ထုစုစုပေါင်း ၆၀၀၀ ခန့်ရေးသားခဲ့ပြီး ပခုက္ကူဦးအုံးဖေစာပေဆု၊ တစ်သက်တာစာပေဆုရစာရေးဆရာကြီး၊
(၇-၈-၉၇ ရက်၌ ကွယ်လွန်သည်။)

ထွန်းတင်၊ ဦး

အသက် (၈၁) နှစ်
စာရေးဆရာကြီး မန်းတင်၊ဝဏ္ဏကျော်ထင်၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့၊ အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊ ပါကစ္စတန်နိုင်ငံနှင့် အီရန်နိုင်ငံဆိုင်ရာ အငြိမ်းစား မြန်မာသံအမတ်ကြီး၊ မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌဟောင်း၊ လုံးချင်းစာအုပ်များ ရေးသားခဲ့ပြီး အမျိုးသားစာပေ ဆုရ စာရေးဆရာကြီး၊
(၁၉-၄-၉၇ ရက်၌ ကွယ်လွန်သည်။)

ထွန်းလှ၊ မိုလ်

အသက် (၇၉) နှစ်
စာရေးဆရာ၊ ရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာတက္ကသိုလ်နေဝင်း၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ ဂုဏ်ထူး)၊
(၇-၃-၉၇ ရက်၌ ကွယ်လွန်သည်။)

မြနွယ်၊ ဒေါ် (ဖျာပုံ)

အသက် (၈၄)နှစ်
အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ၊ လူမှုထူးချွန်ဆု (တတိယဆင့်)။
(၂၆-၁-၉၇ ရက်၌ ကွယ်လွန်သည်။)

အေးကျော်၊ မိုလ်ချုပ်

အသက်(၆၀) နှစ်
ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊
(၁၈-၉-၉၇ ရက်၌ ကွယ်လွန်သည်။)

ကွယ်လွန်သူ ထင်ရှားသောပုဂ္ဂိုလ်များ

နိုင်ငံတကာ

နိုင်ငံတကာ၌ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ အားကစား၊ သိပ္ပံ၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေးစသည့် နယ်ပယ်အသီးသီး၌ ထူးချွန်ထင်ရှားခဲ့ပြီး ၁၉၉၇ ခုနှစ်အတွင်း ကွယ်လွန်သွားခဲ့ကြသော ပုဂ္ဂိုလ်များ စာရင်းကို လက်လှမ်းမီသရွေ့ ရှာဖွေစုစည်း ဖော်ပြပါသည်။

ကားကာနီ, အဒီးလ် (၇၅ နှစ်)

၁၉၈၁ ခုနှစ်မှ ၁၉၉၁ ခုနှစ်တိုင်အောင် အုပ်စိုးခဲ့သော အယ်လ်ဘေးနီးယားနိုင်ငံ၊ ကွန်မြူနစ်အစိုးရ၏ ဝန်ကြီးချုပ်ဟောင်း။ ပါတီစုံရွေးကောက်ပွဲများ အယ်လ်ဘေးနီးယားနိုင်ငံတွင် ကျင်းပပြီးနောက် ကားကာနီသည် ရာထူးမှနှုတ်ထွက်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် အာဏာအလွဲသုံးစားလုပ်မှုဖြင့် ကားကာနီအား ထောင်ဒဏ် ၎ါးနှစ်ပြစ်ဒဏ်ချမှတ် ခဲ့သည်။ ယင်းပြစ်ဒဏ်ကို ကားကာနီသည် မိမိ၏အိမ်မှာပင် အကျယ်ချုပ်ဖြင့်နေရင်း ပေးဆပ်ခဲ့သည်။ အယ်လ်ဘေးနီးယားနိုင်ငံ၊ တီရာနာမြို့တွင် ကွယ်လွန်သည်။

ခရစ်ယန်, ဂါဒါ (၈၃ နှစ်)

ဂျာမနအာဏာရှင် ဟစ်တလာထတွင် အတွင်းရေးမှူးအဖြစ် စွဲမြဲစွာတာဝန်ထမ်းဆောင်ခဲ့သည့် အမျိုးသမီးတစ်ဦးဖြစ်သည်။ ဘာလင်လျှို့ဝှက် ဆွေးနွေးပွဲကာလအတွင်း ကလည်းကောင်း၊ အရှေ့ပရုစ်ဆီးယားတွင် ကျင်းပသည့် ထက်သန် တက်ကြွသည့် လူထု စည်းဝေးပွဲများတွင်လည်းကောင်း၊ မြေအောက်ကတုတ်ကျင်းတွင် ပြုလုပ်ခဲ့သည့် ဟစ်တလာနှင့် အီဗာဘရွန်းတို့၏ လက်ထပ်ပွဲတွင်လည်းကောင်း ဟစ်တလာ၏ နံဘေးတွင် အတူရှိနေခဲ့သူဖြစ်သည်။ မိမိကိုယ်မိမိ သတ်သေရန်အထိ အခြေအနေဆိုးဝါးလာသည့် ရှုပ်ရှုပ်ထွေးထွေးနှင့် ဗရုတ်သုတ်ခဖြစ်နေသည့် နောက်ဆုံးနာရီပိုင်းတွင် ဟစ်တလာက ဂါဒါခရစ်ယန်ကို သူ့ထံပါးမှ ထွက်ခွာခွင့်ပြုခဲ့သည်။ ဂါဒါခရစ်ယန်သည် စစ်ကြောင့်ပျက်စီးနေသည့် ဘာလင်မြို့တော်ကို စွန့်ခွာထွက်ပြေးခဲ့ရုံမျှမက နရင်ဘတ် စစ်ရာဇဝတ်ရုံးမှ တာဝန်ရှိသူများကိုပါ ရှောင်တိမ်းနိုင်ခဲ့သည်။

စိုးအောင် စစ်အတွင်းက သူမလုပ်ဆောင်ခဲ့သည့် အခန်းကဏ္ဍ

အကြောင်းကို သတိထား၍ ပြန်လည်ပြောပြရာတွင် "ကျွန်မဘာကိုပဲပြောပြော အဓိပ္ပာယ်တလွဲကောက်မှာသေချာပါတယ်" ဟု ဂါဒါခရစ်ယန်က ပြောကြား၊ခဲ့သည်။

ခါလ်ဒေး, ရက်မ်ဂျီနီ (၈၀ နှစ်)


ဆိုဗီယက်စစ်သတင်းထောက် ဓာတ်ပုံဆရာ တစ်ဦး။ ၄င်း၏ အကျော်ကြား၊ဆုံး သတင်းဓာတ်ပုံတစ်ခုမှာ ဒုတိယကမ္ဘာစစ်အပြီး၌ ဆိုဗီယက်စစ်သား၊များက ၄င်းတို့၏ အလံကို ဘာလင်မြို့ရှိ လွှတ်တော်ပေါ်သို့ လွှင့်တင်ပုံကို မှတ်တမ်းတင် ဖော်ပြခဲ့ခြင်း၊ဖြစ်သည်။ ၁၉၃၅ ခုနှစ်တွင် တပ်စ်သတင်းဌာနအတွက် သတင်းထောက်အဖြစ် စတင်လုပ်ကိုင်ခဲ့သည်။ ၁၉၄၀ ပြည့်လွန်နှစ်များတွင် ဂျိုးဇက်စတာလင်က ဂျူး၊များအား တာဝန်ရှိရာထူး၊များမှ ဖယ်ရှား၊ခဲ့ရာ ခါလ်ဒေးလည်း အလုပ်ပြုတ်ခဲ့သည်။ တပ်စ်သတင်းဌာနမှ အလုပ်ထွက်ပြီးနောက် ဆိုဗီယက်သတင်းစာများတွင် ဆက်လက်လုပ်ကိုင်ခဲ့သည်။ မော်စကိုမြို့တွင် ကွယ်လွန်ခဲ့သည်။

ချီယန်ဝီဂို (၈၀နှစ်)

တရုတ်အမျိုးသား၊ရေး၀ါဒီခေါင်းဆောင်ချန်ကေရှိတ်၏ မွေး၊စား၊သား၊ဖြစ်ပြီး ကွယ်လွန်သူ ထိုင်ဝမ်သမ္မတဟောင်း ချီယန်ချင်း၊ကူအိုနှင့် ညီအစ်ကိုတော်သူဖြစ်သည်။ ချီယန်ဝီဂိုသည် မူလက ထိပ်တန်း စစ်ဘက်ဆိုင်ရာတပ်မှူး တစ်ဦး၊ဖြစ်သည်။ စစ်သင်တန်း၊ကို နာဇီတို့ကြိုး၊စိုး၊စဉ်က ဂျာမနီတွင် သင်ကြား၊ခဲ့သည်။ သူ၏ဖခင်နှင့် ညီအစ်ကိုတော်သူတို့၏ ရုပ်ကြွင်း၊များကို တရုတ်နိုင်ငံရှိ ၄င်းတို့၏မွေး၊ရပ်မြေသို့ ပြန်လည်လွှဲပြောင်း၊သယ်ဆောင်ခွင့် ရရှိရေး၊ကို ဦး၊ဆောင်ကြိုး၊ပမ်း၊ခဲ့သည်။ သို့ရာတွင် ပီကင်းနှင့် တိုင်ပေတို့က ရုပ်ကြွင်း၊များ ပြန်လည်သယ်ဆောင် သင်္ကြံဟ်ရေး၊ကိစ္စကို ဖင့်နှေး၊ကြန့်ကြာစေခဲ့သည်။ ထိုင်ဝမ်ကျွန်းနှင့် တရုတ်ပြည်မကြီး၊တို့ ပြန်လည်ပေါင်း၊စည်း၊ခြင်း၊မပြုမီ ယင်း၊ကိစ္စမှာ မဖြစ်နိုင်ဟု နှစ်ဖက်စလုံး၊က သဘောထား၊ကြသည်။ တိုင်ပေတွင် ကွယ်လွန်ခဲ့သည်။

ဂရက်ပဲလ်လီ, စတက်ဖိန်း (၈၉ နှစ်)

နှစ်ခြိုက်စရာကောင်းသည့် ရွှင်မြူး၊တက်ကြွ ဂျက်ဇ်တေး၊ဂီတ တယောပညာရှင် ဖြစ်သည်။ သူ၏အမှတ်မထင်



တယောပညာရှင် ဂရက်ပ်ပဲလ်လီ

ဖန်တီး၊ချက်မှာ ရွှင်မြူး၊တက်ကြွဖွယ်တေး၊သွား၊ကို တူရိယာဌာနကရိကထ်း၊သံလွင်လွင်ဖြင့် ပေါင်း၊စပ်ထား၊သည့် တီး၊ကွက်ဖြစ်သည်။ ဂရက်ပ်ပဲလ်လီ၏ အား၊တက်ဖွယ်ရာတီး၊ခတ်ဖျော်ဖြေမှုများမှာ ဥရောပ၏ ရွှင်မြူး၊တက်ကြွဂျက်ဇ်တေး၊ဂီတမြင်ကွင်း၊ကို ပိုမိုထွန်း၊လင်း၊တောက်စေခဲ့သည်။ အထူး၊သဖြင့် ၁၉၃၀ ပြည့်လွန်နှစ်များတွင် ဂီတပညာရှင် ဂျန်ဂိုရိန်း၊ဟဒ်နှင့်တွဲဖက်၍လည်း၊ကောင်း၊ ၁၉၇၀ ပြည့်လွန်နှစ်များတွင် တွဲဖက်တယောပညာရှင် ရေဟူဒီမီနူဟင်နှင့် ယှဉ်တွဲ၍လည်း၊ကောင်း တီး၊ခတ်ဖျော်ဖြေခဲ့ရာ အအောင်မြင်၊ အကျော်ကြား၊ဆုံး ကာလများဖြစ်ခဲ့သည်။ ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင် ကွယ်လွန်ခဲ့သည်။

ဂိုး၊လ်, မေရီ (၈၈နှစ်)

ချီကာဂိုဒေသ အမွေဆက်ခံသူဖြစ်ပြီး ကမ္ဘာအနှံ့မှ လူမျိုးပေါင်း၊စုံနှင့် အကျွမ်း၊တ၀င်ရှိသူ အမျိုး၊သမီး၊တစ်ဦး။ ဒုတိယကမ္ဘာစစ်အတွင်း၊က ဂျူး၊ ၂၀၀၀ ခန့်နှင့် နာဇီတို့အား ဆန့်ကျင်သူအများ၊အပြား၊ကို အသိမ်း၊ပိုက်ခံ ပြင်သစ်နိုင်ငံမှ ထွက်ပြေး၊ လွတ်မြောက်ရန် ကူညီခဲ့သည်။ အသိပညာရှင်များ၊နှင့် အနုပညာသမား၊များ၊အတွက် ထွက်ပြေး၊ရန်လမ်း၊ကြောင်း၊များ ဖြစ်မြောက်စေရန် ကူညီဆောင်ရွက်ရာတွင် သူမ၏စည်း၊စိမ်းဥစ္စာကိုပင် သုံး၊ခဲ့သူဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်တွင် ဂျာမနီတို့ ကျူး၊ကျော်၀င်ရောက်ပြီး၊နောက် မာဆေး၊လီတွင် အရေး၊ပေါ်ကယ်တင်ရေး၊ကော်မတီကို ထူထောင်ခဲ့သည်။ ထို့နောက်ကယ်တင်ရေး

လုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည်။ စိန့်ထရိပက်ဇ်ပြည်နယ်၊ ဂက်စ်ဆင်မြို့တွင် ကွယ်လွန်သည်။

စပင်ဆာ, ဒိုင်ယာနာ(၃၆ နှစ်)

တော်ဝင် ဗြိတိန်မင်းသမီး။ မင်းသား ချာလ်စ်၏ ကြင်ယာဇနီးဟောင်း။ တော်ဝင် သားရတနာနှစ်ဦးဖြစ်သော ဝီလီယံနှင့် ဟယ်ရီတို့၏မိခင်။ ပြင်သစ်နိုင်ငံ၊ ပါရီမြို့သို့ ရောက်ရှိနေစဉ် ကားတိုက်မှုဖြစ်ပြီးနောက် သြဂုတ် ၃၁ ရက် နေ့တွင် ကွယ်လွန်ခဲ့သည်။ ယာဉ်တိုက်မှုသည် ညသန်းခေါင်၌ ဖြစ်ပွားခြင်းဖြစ်ပြီး ဆိန်းမြစ်ကမ်း အယ်လ်မာတံတား အောက် ပါရီလမ်းမကြီး၏ လိုဏ်ခေါင်းတစ်ခုဌ ဖြစ်သည်။ ဒိုင်ယာနာနှင့် အဖော်ပါလာသူ အီဂျစ်သန်းကြွယ်သူဌေးကြီး ဒိုဒီအယ်လ်ဖေးယက် (၄၁နှစ်) နှင့် ယာဉ်မောင်းတို့လည်း နေရာတွင် ပွဲချင်းပြီးသေဆုံးပြီး ဒိုင်ယာနာ၏ သက်တော်စောင့်မှာ ဒဏ်ရာအကြီးအကျယ် ရရှိသည်။ ကားပေါ်တွင် လူလေးဦး ပါရှိကြောင်းနှင့် မင်းသမီးဒိုင်ယာနာ၏ ကားနောက်သို့ ဓာတ်ပုံသတင်းထောက်များ မော်တော်ဆိုင်ကယ်တစ်စီးဖြင့် လိုက်လာစဉ် ယာဉ်တိုက်မှုဖြစ်ပွားခြင်း ဖြစ်သည်ဟု ဆိုသည်။ မင်းသမီးဒိုင်ယာနာသည် ခွဲစိတ်ပြီး မကြာမီ အဆုတ်သွေးကြောပေါက်ကာ သွေးယိုစီးထွက်မှုကြောင့် သေဆုံးသွားခြင်း ဖြစ်သည်။ ဒိုင်ယာနာ၏ရုပ်အလောင်းကို ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့သို့ ပြန်လည်သယ်ဆောင်ခဲ့ပြီး လန်ဒန်မြောက်ဘက် မိုင် ၈၀ အကွာရှိ ၁၆ ရာစုကတည်းက စပင်ဆာမိသားစု ဆွေစဉ်မျိုးဆက် ပိုင်ဆိုင်ခဲ့သည့် အယ်သော့စံအိမ်ဝင်းအတွင်းသို့ အသုဘယာဉ်ဖြင့် ပို့ဆောင်ကာ မြေမြှုပ်သင်္ဂြိုဟ်သည်။ ယင်းအခမ်းအနားသို့ စပင်ဆာမိသားစု၊ ချာလ်စ်မင်းသားနှင့် ဒိုင်ယာနာ၏ သားတော်နှစ်ပါး တက်ရောက်သည်။

ဆင်ယက်မ်စကီ, အန်ဒရေ(၇၁ နှစ်)

အစိုးရနှင့် သဘောထားအယူအဆ ကွဲလွဲသည့် ကျော်ကြားသည့် ဆိုဗီယက် စာရေးဆရာတစ်ဦး။ ၁၉၇၁ ခုနှစ်တွင် ပြည်ပသို့ထွက်ခွာပြီး ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင် ခိုလှုံနေထိုင်ခဲ့သည်။ ၁၉၆၆ ခုနှစ်က ဆင်ယက်မ်စကီအား ရုံးတင်စစ်ဆေးမှုမှာ ဆိုဗီယက်သမိုင်းတွင် မတူညီသည့် သဘောထား အယူအဆနှစ်ခုကို ယှဉ်တွဲကာ ခွဲခြားပြသလိုက်ခြင်းဖြစ်သည်။ ဆင်ယက်မ်စကီမှာ အယူအဆကွဲပြားခြားနားသည့် အရေးအသားများကြောင့် ရုံးတင်စစ်ဆေးခံရသည့် ပထမဆုံးစာရေးဆရာတစ်ဦး ဖြစ်သည်။ ၁၉၈၀ ပြည့်လွန်နှစ်များ နောင်းပိုင်းတွင် သူ၏ နိုင်ငံသားဖြစ်မှုကို ပြန်လည် ပေးခဲ့သော်လည်း ဆိုဗီယက်ခေါင်းဆောင်များအပေါ် ဝေဖန်ဆန်းစစ်မှု ပြုမြဲပြုခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ပါလီမန်ကို ဖျက်သိမ်းပစ်လိုက်သောအခါ ဆိုဗီယက်သမ္မတ ဘောရစ်ယဲလ်ဆင်အား အာဏာရှင်စနစ် ကျင့်သုံးသူဟု စွပ်စွဲပြောကြားခဲ့သည်။ ထို့ပြင် စီးပွားရေး ပြုပြင်ပြောင်းလဲမှုကြောင့် သက်ကြီးရွယ်အိုများအပေါ် ရိုက်ခတ် သက်ရောက်မှုများရှိခဲ့ရာ ယခင် ဆိုဗီယက်ယာယီဝန်ကြီးချုပ် ယေဂါဂိုက်ဒါကိုလည်း ပြစ်တင်ရှုတ်ချခဲ့သည်။ ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင် ကွယ်လွန်သည်။



ဂေါဇီလာဇာတ်ကားများ ရိုက်ကူး
ထုတ်လုပ်ခဲ့သူ တာနာကာ

တာနာကာ, တိုမိုယူကီ (၈၆ နှစ်)

ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်သူတစ်ဦး ဖြစ်ပြီး ကြမ်းကြုတ် ရက်စက်သော သတ္တဝါဖြစ်သည့် ဂေါဇီလာဇာတ်လမ်းများကို အသက်သွင်း ဖန်တီးခဲ့သူဖြစ်သည်။ တောင်ပစိဖိတ်ဒေသတွင် ဟိုက်ဒြိုဂျင်ဗုံး စမ်းသပ်ဖောက်ခွဲမှုကြောင့် စိတ်ရိုင်းနိုးကြားမှု ဖြစ်ပေါ်ခဲ့ပြီးနောက် အရွယ်အစားကြီးမားသည့် ဂေါဇီလာမှာ ရုပ်ရှင်ပိတ်ကားများပေါ်သို့ ၁၉၅၄ ခုနှစ်တွင် ရောက်လာတော့သည်။ ယင်းအချိန်မှာ ဂျပန်နိုင်ငံသည် ဒုတိယ ကမ္ဘာစစ်ကြောင့် ပျက်စီးခဲ့ရသည့် ပြာပုံဘဝမှ ပြန်လည်ထူထောင်နေသည့် ကာလဖြစ်သည်။ သို့ရာတွင် ဂျပန်နိုင်ငံသည် စစ်ပြီးခေတ်

တွင် လျှင်လျှင်မြန်မြန် ပြန်လည်နာလန်ထူလာသောအခါ ဂေါဇီလာသည်လည်း မုန်းစရာ သတ္တဝါအဖြစ်မှ ယုယပွေ့ဖက်ချင်စရာသတ္တဝါအဖြစ် အသွင်ပြောင်းလဲခဲ့ရသည်။ ဤသို့ဖြင့် တာနာကာသည် ၄င်းထုတ်လုပ်သည့် ဇာတ်ကား ၂၂ ကား၊ တွင် ဂေါဇီလာ၏ သရုပ်သကန်ကို အားနည်းသူတို့အပေါ် သက်ညှာထောက်ထား၍ ပြုမူတတ်သည့် ပြကွက်မျိုးဖြင့် တင်ဆက်ပြသခဲ့သည်။ ရုပ်ရှင်ဇာတ်ကား အမြောက်အမြား ထုတ်လုပ်သူဖြစ်ရာ ဇာတ်ကား ပေါင်း ၂၂၀ ရိုက်ကူးထုတ်လုပ်ခဲ့သည်။ တာနာကာသည် အကယ်ဒမီဆုရဒါရိုက်တာဖြစ်သည့် အကီရာကူရိုဆာဝါနှင့် တွဲဖက်လုပ်ကိုင်ခဲ့သည်။ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကွယ်လွန်သည်။

တီခိုနော့မ်, နီကိုလိုင် (၉၂ နှစ်)

၁၉၈၀ ပြည့်နှစ်မှ ၁၉၈၅ ခုနှစ်တိုင်အောင် ဆိုဗီယက်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ။ လက်ထောက်မီးရထား၊ မောင်းသမား၊ ဘဝမှ ဝန်ကြီးဌာန တစ်ခုတွင် အထက်တန်းအရာရှိ အဆင့်သို့ ကြီးစား လုပ်ကိုင်ရင်း တက်လှမ်းလာသူဖြစ်သည်။ ထိုမှတစ်ဆင့် ဆိုဗီယက် ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။ ယခင် ဆိုဗီယက်သမ္မတ မိခေးလ်ယီဂေါဘာချော့၏ မူဝါဒများကို ဝေဖန်ခဲ့သူ ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေး ပြုလုပ်လိုစိတ် ရှိသူများ ခေါင်းဆောင်မှုပိုင်းတွင် အာဏာရရှိလာကြပြီး ခြောက်လအကြာတွင် တီခိုနော့မ် ရာထူးမှ ပြုတ်ကျခဲ့သည်။ ၄င်း၏ နေရာတွင် ပိုမိုပျော့ပျောင်းသော နီကိုလိုင်ရစ်ဇ်ကော့မ်ကို အစားထိုးခန့်ထားခဲ့သည်။ မော်စကိုမြို့တွင်ကွယ်လွန်သည်။

တိန့်.ရှောင်ဖိန် (၉၃နှစ်)

တရုတ်သက်ကြီး ဝါရင့်ခေါင်းဆောင်ကြီး။ တိန့်.ရှောင်ဖိန်သည် ပါတီ၊ တပ်မတော်နှင့် မျိုးနွယ်စုအား လုံးမှ ပြည်သူများက အသိအမှတ်ပြုရသည့် အလွန်ဂုဏ်သိက္ခာမြင့်မား ပြီး ထူးချွန်ပြောင်မြောက်သော ခေါင်းဆောင်တစ်ဦးဖြစ်သည်။ မာ့က်စ်ဝါဒီကြီးတစ်ဦး၊ အရင်းမဲ့တော်လှန်ရေး ဝါဒီကြီးတစ်ဦး၊ နိုင်ငံရေး သုခမိန်တစ်ဦး၊ စစ်ရေးမဟာဗျူဟာမှူး တစ်ဦးနှင့် သံတမန် တစ်ဦး၊ ရေရှည် အစမ်းသပ်ခံ ကွန်မြူနစ် တိုက်ပွဲဝင် တစ်ဦးနှင့် တရုတ်ဆိုရှယ်လစ် ပြုပြင်ပြောင်းလဲရေး၏ ဗိသုကာမှူးချုပ် တစ်ဦးဖြစ်သည်။ တိန့်.ရှောင်ဖိန်သည် စစ်ခေါင်းဆောင်များ၏ ဖိနှိပ်ချုပ်ချယ်မှုနှင့် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်သိမ်းပိုက်အုပ်စိုးမှုကို ဆန့်ကျင်တိုက်ခိုက်ခဲ့သူဖြစ်သည်။ ၁၉၇၈ ခုနှစ်တွင် ၄င်း၏တံခါးဖွင့် မူဝါဒဖြင့် တရုတ်ပြည်ကို ယနေ့လက်ရှိ တိုးတက်မှုများရရှိအောင် လုပ်ဆောင်ပေးခဲ့သည်။ ငယ်စဉ်က အခြေခံ ပြင်သစ်ဘာသာစကားကို သင်ကြားခဲ့ပြီး အလုပ်လုပ်ရင်း ပညာသင်ကြားရေး အစီအစဉ်အရ ပညာသင်ဆုရရှိသဖြင့် ပြင်သစ်နိုင်ငံသို့ သွားရောက်ကာ အလုပ်လုပ်ရင်း ပညာသင်ကြားခဲ့သည်။ "တရုတ်နိုင်ငံမှာ အင်အားနည်းနေသည်ဟု မိမိတို့ခံစားမိကြောင်း၊ မိမိတို့နိုင်ငံကို အင်အားတောင့်တင်းစေလိုကြောင်း၊ သို့အတွက် အနောက်နိုင်ငံများသို့ ပညာသင်သွားရောက်ကြခြင်း ဖြစ်ကြောင်း" တိန့်.ရှောင်ဖိန်က မျိုးဆက်သစ် ကျောင်းသားများကို ပြောကြားခဲ့ဖူးသည်။ ပြင်သစ်တွင် ရှိနေစဉ် လုပ်ခစား အလုပ်သမားတစ်ဦးဖြစ်သည့် အားလျော်စွာ ပြင်သစ်စက်ရုံ အလုပ်ရုံ အလုပ်သမားထုအတွင်းတွင် လည်းကောင်း၊ ပြင်သစ်နိုင်ငံရောက် တရုတ်ကျောင်းသားများကြား တွင် လည်းကောင်း ပျံ့နှံ့နေသည့် ဝါဒရေးရာ၊ သဘောတရား တစ်ခုဖြစ်သည့် ကွန်မြူနစ်ဝါဒကို လေ့လာခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် ပြည်ပရောက်တရုတ်နိုင်ငံသားများတည်ထောင်သည့် ကွန်မြူနစ်လူငယ်အဖွဲ့ချုပ်သို့ ဝင်ရောက်ခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် ရုရှားနိုင်ငံ၊ မော်စကိုမြို့တွင် ရှိနေစဉ် မာ့က်စ်– လီနင်အတွေးအခေါ်ကို လေ့လာခဲ့သည်။ ၁၉၃၁ ခုနှစ်မှ ၁၉၃၅ ခုနှစ်အထိ တိန့်.ရှောင်ဖိန်သည် မော်စီတုံးနှင့်အတူ ကျန်ဇီပြည်နယ်တွင် တပ်နီအခြေစိုက်စခန်းတစ်ခုကို ထူထောင်ရန် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူး ဖြစ်လာခဲ့သည်။ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဒုတိယ ဝန်ကြီးချုပ်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက် ခေတ်မီလာစေရေးအတွက် တံခါးဖွင့်မူဝါဒကို ကျင့်သုံးကာ စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့သူဖြစ်သည်။ ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် ပီကင်းမြို့၌ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ထရီဇာ, မာသာ (၈၇ နှစ်)

သူ့အရပ်သည် ငါးပေပြည့်ရုံသာရှိသည်။ အသက်အရွယ် ကြီးရင့်လာပြီဖြစ်သဖြင့် ကိုင်းညွတ်သောသူမ၏ ခန္ဓာကိုယ်မှာ ပို၍ပင် ကြုံလိုသေးကွေးသွားသည်။ မျက်နှာပေါ်မှ နက်ရှိုင်းသော အရေးအစင်းများကလည်း အိုမင်းခြင်းကို ပြသနေသည်။ မာသာထရီဇာသည် ကြီးမားကျယ်ပြန့်လှသည့် လုပ်ငန်းကြီးတစ်ရပ်ကို နှစ်ပေါင်းများစွာ တည်ထောင်ကွပ်ကဲလာခဲ့သူ တစ်ဦးဖြစ်သည်။ ယင်းမှာ လူမှုရေးလုပ်ငန်းဖြစ်သည့် ကရင်ဘာရှင်လုပ်ငန်း ဖြစ်သည်။ မာသာထရီဇာသည် ယင်းလုပ်ငန်းသို့ သူမ၏ဘဝကို လုံးလုံးလျားလျား ပုံအပ်ထားခဲ့သည်။ မေတ္တာ၊စေတနာ၊ ကရုဏာတို့ဖြင့် လူပ်ရှားဆောင်ရွက်ခဲ့သည့် နှစ်ပေါင်း ၅၀ နီးပါးကာလအတွင်း မာသာထရီဇာမှာ ဆင်းရဲသားများ၊ ခိုကိုးရာမဲ့များ၊ သေဆုံးမူးမူး ရောဂါဝေဒနာ ခံစားနေရသူများအတွက် လဲလျောင်းရာ၊ မှီခိုရာ၊ အားထားရာ ဖြစ်ခဲ့သည်။ သို့ဖြစ်သည့် အားလျော်စွာ မာသာထရီဇာကို "နိမ့်ကျ ဆင်းရဲသူများ၏ ကယ်တင်ရှင်သူတော်စင်" အဖြစ် ကမ္ဘာက အသိအမှတ် ပြုခဲ့သည်။ ဤသို့ဖြင့် အပစ်ပယ်ခံ လူသန်းပေါင်းများစွာ၏ မျှော်လင့်ချက်နှင့် ဂုဏ်သိက္ခာကို ပြန်လည်ဆောင်ကြဉ်း ပေးနိုင်သည့်အတွက် ၁၉၇၉ ခုနှစ်တွင် သူမအား ငြိမ်းချမ်းရေးနိုဗယ်ဆုကို ချီးမြှင့်ခဲ့သည်။ "နိမ့်ကျဆင်းရဲအားငယ်နေရသူများကို ကျွန်ုပ်တို့က ချစ်ခင်ကြောင်းငှင်းတို့ သိရမည်" ဆိုသည့်စကားမှာ မာသာထရီဇာ၏ လွယ်ကူရှင်းလင်းသော ဆင်ခြင်မှတ်သားဖွယ် အဆုံးအမဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် ငြိမ်းချမ်းရေး နိုဗယ်ဆုရရှိကြောင်း သူမအား အသိပေးပြောပြသောအခါ မိမိနှင့် မထိုက်တန်ပါဟု မာသာထရီဇာက ပြန်လည် ပြောကြားခဲ့ဖူးသည်။ မာသာထရီဇာသည် အိန္ဒိယနိုင်ငံသို့ ၁၉၂၉ ခုနှစ်တွင် ရောက်ရှိလာသည်။ ထို့နောက် ရှေးဦး လက်သင်များအတွက် အစပျိုးသင်တန်းများ စတင်ပို့ချခဲ့ပြီး အိန္ဒိယနိုင်ငံ၏ လူဦးရေအထူထပ်ဆုံး နေထိုင်သည့် ကာလကတ္တားမြို့ရှိ သီလရှင်ကျောင်းတစ်ကျောင်းတွင် ပထဝီဘာသာရပ်ကို သင်ကြားခဲ့သည်။ နှစ်ပေါင်း ၂၀ ကြာပြီးနောက် "စေတနာရှင်များ အဖွဲ့ချုပ်" ကြီးကို ကာလကတ္တားမြို့၌ပင် တည်ထောင်ခဲ့သည်။ ယင်းအဖွဲ့ချုပ် မှာပင် ကွယ်လွန်သည်အထိ နေထိုင်ခဲ့သည်။ စက်တင်ဘာ ၅ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

ပက်စ်ကွာလိန်, ဂျင်း (၇၁ နှစ်)

ဘာသာပြန်သမားတစ်ဦးဖြစ်သည်။ တရုတ်ဆွေးတပ်စခန်းတွင် အတင်းအဓမ္မ စေခိုင်းခြင်း ခံခဲ့ရသူဖြစ်သည်။ ပြင်သစ်လူမျိုးဖခင်နှင့် တရုတ်လူမျိုးမိခင်မှ မွေးဖွားခဲ့သူတစ်ဦးဖြစ်ရာ အမေရိကန်ပြည်ထောင်စု စစ်ဘက်နှင့် ဗြိတိသျှသံရုံးတို့အတွက် ပက်စ်ကွာလိန်၏ ဆောင်ရွက်လုပ်ကိုင်မှုကို တရုတ်တို့က သံသယဖွားခဲ့သည်။ သို့ဖြစ်ရာ ၁၉၅၇ ခုနှစ်တွင် တန်ပြန်တော်လှန်ရေး လူပ်ရှားမှုများ လုပ်ဆောင်ခဲ့သည့်အတွက် ဆွေးတပ်စခန်းသို့ ပို့လွှတ်ရန် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံခဲ့ရသည်။ ၁၉၆၄ ခုနှစ်တွင် လွတ်မြောက်လာခဲ့ရာ "မော်၏အကျဉ်းသား" အမည်ရှိစာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ယင်းစာအုပ်တွင် သဘောတရားရေးရာ အတင်းအဓမ္မ ရိုက်သွင်းမှုကို သေလုမျောပါး ခံစားခဲ့ရပုံ အတွေ့အကြုံများကို ပြန်ပြောင်းတင်ပြထားသည်။ ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင် ကွယ်လွန်သည်။

ဖာမီ, အစ်မေးလ်(၇၅ နှစ်)

အီဂျစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း။ အီဂျစ်သမ္မတ အန်နဝါဆာဒတ်က အစ္စရေးတို့နှင့် ငြိမ်းချမ်းရေးစတင် လုပ်ဆောင်ခဲ့ပြီးနောက် ရာထူးမှ နုတ်ထွက်ခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ဂျရူးဆလမ်မြို့သို့ သမ္မတဆာဒတ်သွားရောက်ခဲ့ခြင်းကို စွဲမြဲစွာ ဆန့်ကျင်ခဲ့သူဖြစ်သည်။ စင်စစ်အားဖြင့် ယင်းသို့ သွားရောက်လည်ပတ်ခဲ့ခြင်းက အီဂျစ်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့အကြား ပထမဆုံးငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုခြင်းကိုဖြစ်ပေါ်စေခဲ့သည်။" ဤလုပ်ရပ်များမှာ အီဂျစ်နိုင်ငံ၏လုံခြုံရေးကိုအန္တရာယ်ဖြစ်စေကြောင်း၊ အီဂျစ်နှင့်အခြားအာရပ်နိုင်ငံများဆက်ဆံရေးကို ထိခိုက်စေကြောင်း၊ အာရပ်ကမ္ဘာတွင်အီဂျစ်နိုင်ငံ၏ဦးဆောင်မှုကိုလည်း ဖျက်ဆီးပစ်ရာ ရောက်ကြောင်း"အစ်မေးလ်ဖာမီက ဝေဖန် ရေးသားခဲ့ဖူးသည်။ အီဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့တွင် ကွယ်လွန်သည်။



ကျာမန်ရူပဗေဒပညာရှင် ဖွန်အာဒင်နဲ



ကိုလုံးဗီးယား:နိုင်ငံသမ္မတဟောင်း ဘာကို

ဖွန်အာဒင်နဲ, မန်ဖရက်ဒ်(၉၀)နှစ်

အကုမြူဆိုင်ရာ ကျာမန်ရူပဗေဒပညာရှင်။ သိပ္ပံပညာရပ်ဆိုင်ရာ တီထွင်မှု အမြောက်အမြား တီထွင်ခဲ့သူ၊ ကနဦးက ကျာမနီနာဇီတို့အတွက် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် နျူကလီးယား ပိုင်ဆိုင်သည့် အဆင့်အတန်းရောက်ရှိရေးအတွက် ကူညီလုပ်ကိုင်ပေးရန် ဆိုဗီယက်တို့၏ သိမ်းသွင်းခြင်းကို ခံရသည်။ အသက် ၁၆ နှစ်အရွယ်တွင် ၄င်းတီထွင်သည့်ပစ္စည်း ပထမဆုံး မှတ်ပုံတင်ခွင့် ရရှိခဲ့သည်။ အရပ်ဘက်ဝန်ထမ်းမိသား၊စုမှ မွေးဖွား၊ခဲ့သည့် ဟမ်းဘတ်မြို့ဇာတိသား ဖွန်အာဒင်နဲသည် သူ၏ သက်တမ်းအတွင်း တီထွင်မှု အမျိုးအစား၊ပေါင်း ၆၀၀ ခန့်ကို မှတ်ပုံတင်နိုင်ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် သုတေသနဌာနတစ်ခုကို ဒရက်စ်ဒင်မြို့၌ တည်ထောင်ခဲ့ရာ အရှေ့ကျာမနီနိုင်ငံ၏ လူပ်ရှား၊သွက်လက်မှု မရှိသည့် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍတွင် ထိပ်တန်းလုပ်ငန်း၊ရှင် တစ်ဦး ဖြစ်ခဲ့သည်။ ဒရက်စ်ဒင်းမြို့တွင် ကွယ်လွန်ခဲ့သည်။

ဘာကို, ဗာဂီလီယို(၇၆ နှစ်)

ကိုလုံးဗီးယား:နိုင်ငံ သမ္မတဟောင်း။ မူးယစ်ဆေး၀ါး အန္တရာယ်ကြောင့် နာမည်ဆိုး ၊ွန်းထင်းခဲ့ရသည့် ၁၉၈၆ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ခက်ခဲကြမ်းတမ်းလှသည့် ကာလအတွင်း နိုင်ငံကို ပဲ့ကိုင်ထိန်း၊ချုပ်ခဲ့သူ ဖြစ်သည်။ ဘာကိုသည် လွတ်လပ်စွာ စီး၊ပွား၊ရေး လုပ်ကိုင်နိုင်ခွင့် ရှိစေရေးအတွက် အခြေခံမူကို ချမှတ်ခဲ့ပြီး လက်ဝဲ၀ါဒီ ပြောက်ကျား၊သူပုန်များ၊နှင့်လည်း ငြိမ်း၊ချမ်း၊ရေး၊လုပ်ငန်း၊စဉ်ကို စတင်လုပ်ဆောင်ခဲ့သည်။ သို့ဖြစ်လင့်ကစား နိုင်ငံအတွက် သူထား၊ခဲ့သော အမွေမှာ မူးယစ်ဆေး၀ါး၊ချမှုန်း၊ရေး၊စစ်ပွဲနှင့် ဆက်စပ်နေပေသည်။ ဘာကို၏ ဦး၊ဆောင်မှုအောက်တွင် ကိုလုံးဗီးယား:နိုင်ငံသည် အဓိကရမူးယစ်ဆေး၀ါး ရောင်း၀ယ်ဖောက်ကား၊သူများကို အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်း၊ပေး၊ပို့ခဲ့သည်။ ဘာကို၏နေရာကို အစား၊ထိုး၊မည့် ၁၉၉၀ ပြည့်နှစ်၊ သမ္မတရွေး၊ကောက်ပွဲတွင် မူးယစ်ဆေး၀ါးနှင့်ပတ်သက်သည့် အကြမ်း၊ဖက်မှုများ၌ သမ္မတလောင်း သုံး၊ဦး အသတ်ခံရသည်။ ထို့ပြင် ထိပ်တန်းမူးယစ်ဆေး၀ါး၊ကိုကား ခေါင်း၊ဆောင်ဖြစ်သည့် ပါဘလိုအက်စ်ကိုပါကလည်း နိုင်ငံအား၊ဆန့်ကျင်လျက် အကြမ်း၊ဖက်မှုများကို ဆက်လက် ပြုလုပ်ခဲ့သည်။ ဘိုဂိုတာမြို့တွင် ကွယ်လွန်သည်။

ဘာလင်, အီဆိုင်ယာ (၈၈ နှစ်)

ဒဿနိကဗေဒနှင့် သမိုင်း၊ပညာရှင်တစ်ဦး။ ၁၉၀၉ ခုနှစ်တွင် လတ်ဗီးယား:တွင်မွေး၊ဖွား၊ခဲ့သည်။ အသက် ၁၂ နှစ်အရွယ် ၁၉၂၁ ခုနှစ်တွင် မိဘများနှင့်အတူ ပြုတိန်နိုင်ငံသို့ရောက်ခဲ့သည်။ ဉာဏ်ထက်မြက် စူး၀ှရှခြင်း၊ ချင့်ချိန်ဆုံး၊ဖြတ်နိုင်ခြင်း၊ ဥပတိရပ် ကောင်း၊မွန်ခြင်း၊နှင့် မယိမ်းမယိုင်သည့် ဣန္ဒြေသိက္ခာရှိခြင်း အစရှိသည့် အရည်အသွေး၊တို့ကြောင့် သူ့အား ကောက်ယူမွေး၊စား၊ခဲ့သည်ဟု ဆိုရမည့် ပြုဟိန်နိုင်ငံတွင် အများ၏ နှစ်ခြိုက်ချစ်ခင်မှုကို အခံရဆုံး ပုဂ္ဂိုလ်တစ်ဦး၊ဖြစ်ခဲ့သည်။ ပြုတိသျှလူမျိုး၊များသည် ထူး၊ချွန်ထက်မြက် အရည်အသွေး၊ရှိသူများကို သူတို့၏ ရင်၀ယ်သား၊ကဲ့သို့ သဘော ထား၊တတ်ရာ အီဆိုင်ယာ ဘာလင်အား အောက်စဖို့ဒ်



ဒဿနိကဗေဒပညာရှင် အီဆိုင်ယာဘာလင်

တက္ကသိုလ်၏ ပါမောက္ခအဖြစ်လည်းကောင်း၊ ကောလိပ်၏ အကြီးအကဲအဖြစ် လည်းကောင်း၊ ဒဿနိကနှင့် ကိုယ်ကျင့်တရား၊ ရေးရာ ပြဿနာများနှင့် စပ်လျဉ်းပြီး ခုံသမာဓိအဖြစ် လည်းကောင်း တင်မြှောက်ပြီး ချီးမြှောက် ခဲ့သည်။ တစ်ခါက ဗြိတိသျှ နန်းရေးဝန် ဝင်စတန် ချာချီသည် လဲန်ဒန်မြို့တွင် ဘာလင်ရှိနေကြောင်း ကြားသိရာ အမှတ် ၁၀၊ ဒေါင်းနင်းလမ်းသို့ နေ့လယ်စာအတူ စားသုံးရန် ဆင့်ခေါ်လိုက်သည်။ နေ့လယ်စာ စားပွဲတွင် ဝင်စတန်ချာချီက ဘာလင်အား အမေရိကန်နိုင်ငံရေး လောကအကြောင်းကို နက်နက် ရှိုင်းရှိုင်း မေးမြန်းခဲ့သည်။ ဘာလင်ကလည်း ပြန်လည် ဖြေကြားခဲ့သည်။ ဘာလင်၏ အဖြေကို စိတ်ပျက်မိသည့် ဝင်စတန်ချာချီက "ဘာလင်မှာ အပြောထက် အရေးပိုပြီးကောင်းကြောင်း၊ စင်စစ် မိမိမှာ လူမှားပြီး ဖိတ်ခဲ့မိကြောင်း၊ မိမိဖိတ်ခဲ့သူမှာ အီဆိုင်ယာဘာလင်မဟုတ်ဘဲ အာဗင်ဘာလင်ဖြစ်နေကြောင်း" ပြောကြားခဲ့ဖူးသည်။ မူလက ဘာလင်သည် ခွဲခြမ်းစိတ်ဖြာဆန်းစစ်သည့် ဒဿနိကဗေဒ ပညာရှင်တစ်ဦးအဖြစ် ခံယူခဲ့သည်။ စစ်ပြီးခေတ် နောက်ပိုင်းတွင် ဒဿနိကဗေဒ ပညာကို စွန့်လွှတ်ခဲ့ပြီး သမိုင်းဆိုင်ရာ အတွေးအခေါ် ဘက်သို့ ခြေဦးလှည့်ခဲ့သည်။ သူ၏အချက်အချာကျသည့် အတွေးအခေါ်မှာ ဗဟုဝါဒ ဖြစ်သည်။

ဘန်ဒါ, ဟတ်စတင်းကာမူဇူ (၉၉ နှစ်)

ဗြိတိသျှ ကိုလိုနီလက်အောက်မှ မာလာဝီနိုင်ငံအား လွတ်လပ်ရေးရရှိအောင် တိုက်ပွဲဝင် ကြိုးပမ်းခဲ့သူ။ ထို့နောက်မာလာဝီနိုင်ငံ၏ ဩဇာလွှမ်းမိုးသည့် အာဏာရှင်အကြီးအကဲ ဖြစ်လာခဲ့သည်။ ရာသက်ပန် အုပ်စိုးသူများအဖြစ် မိမိကိုယ်မိမိသတ်မှတ်ထားပြီး နိုင်ငံ၏ ကြွယ်ဝချမ်းသာမှုများကို မိမိအိတ်ထဲသို့ ကဲ့ယူတတ်သည့် လွတ်လပ်ရေးရပြီးခေတ်နှောင်းပိုင်း အာဖရိကခေါင်းဆောင်များ မျိုးဆက်ကို ဘန်ဒါက စံနမူနာပြလုပ်ဆောင်ပြခဲ့သည်။ ပြည်ပမှ အကူအညီများ မရရှိတော့သည့်နောက်ပိုင်းနိုင်ငံစီးပွားရေး အခြေအနေဆိုးဝါးနေသည့် ၁၉၉၄ ခုနှစ်တွင် ရာထူးမှ ဖြုတ်ချခံရသည်။ တောင်အာဖရိကနိုင်ငံ၊ ဂျိုဟန်နက်စ်ဘတ်မြို့တွင် ကွယ်လွန်သည်။

မစ်ချင်နာ, ကျိမ်းစ်အေ (၉၀ နှစ်)

နာမည်ကျော် အမေရိကန်စာရေးဆရာတစ်ဦး။ "Tales of the South Pacific" အမည်ရှိ သူ၏ဝတ္ထုမှာ ပူလစ်ဇာဆုကို ရရှိခဲ့သည်။ သို့ဖြစ်ရာ "တောင်ပစိဖိတ်" အမည်ရှိဘဒေါ်ဝေးတေးဂီတသံစဉ်ရှည်ကြီးနှင့် ဟောလီးဝုဒ်မှ ထုတ်လုပ်သည့် ရုပ်ရှင်ဇာတ်လမ်းရှည်ကြီးကို အနုပညာစွာန်မြောက်စွာ ဖန်တီးတင်ဆက်နိုင်ခဲ့သည်။ မစ်ချင်နာသည် ကမ္ဘာအနှံ့ ခရီးဆန်သူဖြစ်ပြီး သူတွေ့ကြုံသိမြင်ခဲ့ရသည့် ဒေသတစ်ခု၏ ပထဝီအနေအထားနှင့် သမိုင်းဆိုင်ရာအချက်အလက်များကို သူ၏ ဝတ္ထုများတွင် ဖော်ပြရင်း စာဖတ်သူကို သူနှင့်အတူ ခေါ်ဆောင်သွားတတ်သည်။ "The Bridge of Andau" အမည်ရှိ စာအုပ်မှာ ၁၉၅၆ ခုနှစ် ဟန်ဂေရီတော်လှန်ရေးတွင် သူ၏ အတွေ့အကြုံများမှ အခြေခံကာ ရေးသားဖြစ်ခဲ့ခြင်းဖြစ်သည်။ ယင်းအချိန်က မစ်ချင်နာသည် ဒုက္ခသည်များကို အနောက်ဥရောပသို့ ထွက်ပြေးလွတ်မြောက်နိုင်စေရန် ကူညီခဲ့သူဖြစ်သည်။ ၁၉၈၅ ခုနှစ်တွင် ရောင်းအကောင်းဆုံးဖြစ်သည့် "Texas" အမည်ရှိ စာအုပ်မှာ အုပ်ရေတစ်သန်းကျော်

ရောင်းချခဲ့ရသည်။ သူသည် စာအုပ် ၄၀ ခန့် ရေးသားပြီး အုပ်ရေ ၇၅ သန်းကျော် ရောင်းချခဲ့ရသည်။ သူ့အား တကယ်တမ်း ဂုဏ်သိက္ခာတက်စေခဲ့သည့် စာအုပ်မှာ ၁၀ အုပ်ခန့်သာ ရှိသည်။ ယင်းတို့တွင် **Iberia, Alaska, Texas, Hawaii, Chesapeake, The source, Centennial**နှင့် **The Covenant** တို့ ပါဝင်ကြသည်။ မစ်ချင်နာသည် သူနှစ်သက်သည့်စကားဖြင့် ပြောရပါက စာရေးခြင်းဖြင့် အသက်မွေးသူ ဖြစ်သည်။ သူ့တွင် သုတေသန လက်ထောက်တစ်ဦးရှိသည်။ ရံဖန်ရံခါ ဆိုသလို အချိန်ပိုင်း လက်ထောက်နှစ်ဦးခန့် ငှားရမ်းသည်။ **"Centennial"** စာအုပ်တစ်အုပ်တည်း အတွက်ပင် ကီလိုမီတာ ၄၂,၀၀၀ ခန့်ခရီးထွက်ခဲ့ရသည်။ သူသည် စာများများဖတ်သည်။ သူရေးသားသည့် နယ်မြေများတွင် သွားရောက်နေထိုင်သည်။ ကိုယ်တိုင် လက်နိပ်စက် ရိုက်သည်။ သူ့အားမည်ကဲ့သို့ အမှတ်တရရှိစေချင်ပါသနည်းဟု မေးကြည့်သည့်အခါတွင် "ကမ္ဘာအရပ်ရပ်က စာကြည့်တိုက်တွေမှာ ကျွန်တော့်စာအုပ်တွေကို စင်တင်ထားတာ မြင်ရရင် ကျေနပ်ပါပြီ" ဟု အဖြေပေးသည်။ အသက် ၉၀ အရွယ် အောက်တိုဘာ ၁၉ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု၊ တက္ကဆက်ပြည်နယ်၊ အော်စတင်မြို့၌ မစ်ချင်နာကွယ်လွန်သွားသည့်အခါ ပြတိုက်များ၊ စာပေလုပ်ငန်း အစီအစဉ်များနှင့် အခြားတန်ဖိုးရှိ အဖွဲ့အစည်းများသို့ ဒေါ်လာသန်း ၁၀၀ လှူဒါန်းခဲ့ပြီးဖြစ်သည်။



ရုပ်ရှင်သရုပ်ဆောင် ရောဘတ်မစ်ချမ်း

မစ်ချမ်း, ရောဘတ် (၇၉ နှစ်)

ငွေရောင်ရုပ်ရှင်ပိတ်ကားပေါ်မှ သူရဲကောင်းဝါဒကို ဆန့်ကျင်သူ သရုပ်ဆောင် တစ်ဦးဖြစ်သည်။ သူပါဝင်သည့် ပြတ်ပြတ်ထင်ထင် သရုပ်ဆောင်ရသည့် ဇာတ်ဝင်ခန်းများက ခံနိုင်ရည်သတ္တိရှိသည့် သူ၏ အပြင်ပန်းလက်တွေ့ဘဝကို မကြာခဏ ဆိုသလို ထင်ဟပ်စေခဲ့သည်။ **"The Night of the Hunter"**နှင့် **"Cape Fear"** ကဲ့သို့သော စိတ်တုန်လှုပ် ခြောက်ခြားဖွယ်ရာ လျှို့ဝှက်သည်းဖိဇာတ်လမ်းများတွင် ကြမ်းကြမ်းရမ်းရမ်းသရုပ်ဆောင်ခဲ့ရာ အလွန်အကျွံဝတ်စား၊ဆင်ယင်ထားသည့် ဟောလီးဝုဒ်ပရိသတ်အသည်းစွဲ သရုပ်ဆောင်ဘဝမှ ဇာတ်ကောင်စရိုက်အသွင်ပြောင်း၍ ပရိသတ်လက်ခံနိုင်အောင် သရုပ်ဆောင်နိုင်ကြောင်းကို မစ်ချမ်းကသက်သေပြခဲ့သည်။ ရုပ်ရှင်ဇာတ်ကား ပေါင်း ၁၀၀ ကျော်တွင်ပါဝင် သရုပ်ဆောင်ပြီးနောက် ရုပ်မြင်သံကြား ပရိသတ်၏ အားပေးမှုကိုပါ ဆက်လက်ရရှိခဲ့သည်။ **"The Winds of War"**ကဲ့သို့သော ရုပ်မြင်သံကြားအခန်းဆက် ဇာတ်လမ်း ရှည်ကြီးများတွင် ပါဝင်သရုပ်ဆောင်ခဲ့ရာ ပရိသတ်အထူးနှစ်ခြိုက်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ မွန်တီစီတိုမြို့တွင် ကွယ်လွန်သည်။

ယိုကိုအီ, ရှိုအိချို (၈၂ နှစ်)

ဂျပန်သူရဲကောင်းစစ်သည်တစ်ဦး။ ဒုတိယကမ္ဘာစစ်ကာလအတွင်းက ဂူအမ်ကျွန်းရှိ တောတောင်ထဲတွင် ပုန်းအောင်းခဲ့ရာ စစ်ပွဲပြီးဆုံးသည်ကိုပင် မသိဘဲ တောကြီးမျက်မည်းအတွင်း ၂၇ နှစ်တိုင် နေထိုင်ခဲ့သူ။ တောင်ပစိဖိတ် သမုဒ္ဒရာအတွင်းရှိ ဂူအမ်ကျွန်းတွင် နေထိုင်ခဲ့စဉ်ကာလများအတွင်း သစ်ခေါက်ကိုရက်ပြီး အဝတ်အထည်အဖြစ် ဝတ်ဆင်ကာ လထွက်လဝင်ကို ပြက္ခဒိန်အဖြစ် အသုံးချခဲ့သူဖြစ် သည်။ ၁၉၇၂ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ပြန်လာခဲ့သည်။

သူနှင့်အတူ စစ်တပ်မှထုတ်ပေးခဲ့သော ရိုင်ဖယ်သေနတ် ပြန်ပါလာခဲ့သည်။ ယိုကိုအီက "ကျွန်ုပ်သည် ရှက်ဖွယ်အတိဖြင့် အသက်ရှင်လျက်နှင့်ပင် နိုင်ငံသို့ ပြန်ရောက်ခဲ့ချေပြီ" ဟုတောင်းပန်စကား ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံ၊ နာဂိုယာမြို့တွင် ကွယ်လွန်သည်။


ရော်ဘင်, ဟာရိုးလ် (၈၁ နှစ်)

ဟာရိုးလ်ရော်ဘင်ကို ၁၉၁၆ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် မွေးဖွားခဲ့သည်။ နာမည်ရင်းမှာ ဖရန့်ကိန်း ဖြစ်သည်။ မိဘမဲ့ကလေးတစ်ဦးဖြစ်ရာ ငယ်စဉ်က နယူးယောက်မြို့တွင် မွေးစားမိဘများလက်၌ ကြီးပြင်းခဲ့ရသည်။ ထို့နောက် မွေးစားမိဘများကို အစွဲပြုပြီး ဟာရိုးလ်ရူဘင်ဟု အမည်ပြောင်းခဲ့သည်။ ဤနာမည်မှာ စာရေးဆရာ တစ်ဦးအတွက် ရိုးစင်းလွန်းလှသည်ဟု ထုတ်ဝေသူ အဲလ်ဖရက်အေနော့ဖ်က ပြောသည့်အတွက် ဟာရိုးလ်ရော်ဘင် ဖြစ်လာရသည်။ ရော်ဘင်သည် အသက် ၁၅ နှစ်အရွယ်တွင် ကျောင်းမှထွက်ပြီး ပျံကျအလုပ်များကို တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲလုပ်ကိုင်သည်။ ကုန်ခြောက်ဆိုင်တွင် စာရေး အဖြစ် လုပ်ကိုင်နေစဉ် စည်သွတ်ဘူးများ အရောင်းလိုက်လာ ပုံကို သတိထားမိသဖြင့် ကုန်ပစ္စည်းများအား အရောင်းအဝယ် ပွဲစားလုပ်ရာမှ အသက် ၂၀ အရွယ်တွင် သန်းကြွယ်သူဌေး ဖြစ်လာခဲ့သည်။ သို့သော်လည်း ၁၉၃၉ ခုနှစ်တွင် သကြားဈေးများကို အစိုးရကထိန်းချုပ်လိုက်သဖြင့် ဈေးကြီးပေးဝယ်ထားသည့် သကြားတန်ချိန်များစွာမှာ သူ့လက်ထဲတွင် သောင်တင်ကျန်ရစ်သည်။ ထို့နောက် ဒေဝါလီခံလိုက်ရသည်။ ၁၉၄၀ ပြည့်နှစ်တွင် နယူးယောက် ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီ၌ ပစ္စည်းတင်စာရေးအဖြစ် အလုပ်ဝင်လုပ်သည်။ ခြောက်နှစ်အတွင်း ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာ အမှုဆောင်အရာရှိတစ်ဦး ဖြစ်လာသည်။ ၁၉၆၁ ခုနှစ်တွင် သူ၏ နာမည်အကြီးဆုံး စာအုပ်တစ်အုပ်ဖြစ်သည့် "The Carpet Beggers" ကို ရေးသားထုတ်ဝေသည်။ လူသိများသည့် သူ၏ဝတ္ထုများထဲတွင် The Inheritors, The Betsy နှင့် The Lonely Lady တို့ ပါဝင်ကြသည်။ ဝတ္ထုအတော်များများကို ရုပ်ရှင်ရိုက်ကူးခဲ့သည်။ စာရေးသက်နှစ် ၅၀ အတွင်း သူ၏စာအုပ်များ သန်းပေါင်း ၇၅၀ ခန့် ရောင်းချခဲ့ရပြီး ဘာသာစကား ၃၂ မျိုးဖြင့် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ သို့ဖြင့် သန်းကြွယ်သူဌေးတစ်ဦးအဖြစ် နေထိုင်နိုင်ခဲ့သည်။ စာရေးဆရာကြီး ဟာရိုးလ်ရော်ဘင်သည် အသက်၅၂ပိုင်း ဆိုင်ရာ နှလုံးအားနည်းသည့်ရောဂါဖြင့် ကာလီဖိုးနီးယား ပြည်နယ်၊ ပန်းစပရင်မြို့ ကန္တာရဆေးရုံတွင် ကွယ်လွန်သည်။

ရိုးစ်ဆက်, ဒေးဗစ် (၈၅)နှစ်

ဘွင်းဘွင်းရှင်းရှင်း ပြောတတ်သူ ပြင်သစ်လက်ဝဲဝါဒီတစ်ဦးဖြစ်သည်။ နာဇီတို့၏ ချွေးတပ်စခန်း ရောက်ခဲ့ပြီး အသက်မသေဘဲ ကျန်ရစ်ခဲ့သူ။ သို့ဖြစ်ရာ သေမင်းတမန်လမ်းဖြစ်သည့် နာဇီတို့၏ ချွေးတပ်စခန်းများအကြောင်းကို ကမ္ဘာသိအောင် ဖွင့်ချခဲ့သူဖြစ်သည်။ တစ်ဖန် ဆိုဗီယက်တို့က စနစ်တကျသုတ်သင်ရှင်းလင်းရေးကို စတင်လုပ်ဆောင်လာသည့်အခါတွင် ရိုးစ်ဆက်က ၄င်းတို့၏ စက်ဆုပ်ကြောက်မက်ဖွယ်ရာ လုပ်ရပ်များကို ရာဇဝင်မှတ်တမ်းတင်ခဲ့သည်။ သို့ရာတွင် သူ၏လုပ်ဖော်ကိုင်ဖက် ပြင်သစ်လက်ဝဲသမားများကမူ သူ့အား ကွန်မြူနစ်နိုင်ငံများကို အပုပ်ချသူဟု စွပ်စွဲကြသည်။ ထို့ပြင် ဆိုဗီယက် ဆန့်ကျင်ရေးဝါဒဖြန့်သူများ၏ ရုပ်သေးရုပ်ဟုလည်း ကင်မွန်းတပ်ခဲ့သည်။ ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင် ကွယ်လွန်သည်။

အမေရိကန် ရုပ်ရှင်
သရုပ်ဆောင် လျူးအေရီ



အေရီ, လျူး (၈၈)နှစ်

အမေရိကန်အမျိုးသား ရုပ်ရှင်သရုပ်ဆောင်။ ရိုက်ကွင်းတွင် လည်းကောင်း၊ ရိုက်ကွင်းပြင်ပတွင် လည်းကောင်း၊ စစ်ဆန့်ကျင်ရေးဝါဒကို စံပြပုံဖော်ခဲ့သူ။ ၁၉၃၀ ပြည့်နှစ်က ရိုက်ကူးထုတ်လုပ်ပြီး အော်စကာဆု ရရှိသည့် "All Quiet on the Western Front" ဇာတ်ကား၌ ပထမကမ္ဘာစစ်

၏ ရက်စက်ကြမ်းကြုတ်မှုမှာ အထင်နှင့်အမြင် တလွဲဖြစ်နေကြောင်း သိရှိလာရသည့် ဂျာမန်စစ်သား တစ်ဦးအသွင် ပီပီပြင်ပြင်သရုပ်ဆောင်နိုင်မှုကြောင့် အေရီမှာ ကျော်ကြားလာသည်။ သူ၏ ပြင်ပ တကယ့်ဘဝတွင်လည်း စစ်ပွဲကို ဆန့်ကျင်ကန့်ကွက်သူ ဖြစ်သည်။ ဒုတိယကမ္ဘာစစ် အတွင်းကလည်း စစ်ပွဲကို ဆန့်ကျင် ကန့်ကွက်သူအဖြစ် အသိစိတ်ဓာတ်ရှိရှိ သိသာထင်ရှားစွာ ရပ်တည် လှုပ်ရှားခဲ့လင့်ကစား ဟောလီးဝုဒ်တွင် သူ့ကို အားပေးသူ မဆိုစလောက်သာ တွေ့ရသည်။ စစ်အတွင်းက အေရီသည် တိုက်ခိုက်ရေးမဟုတ်သည့် ဆေးတပ်ဖွဲ့ ဝန်ထမ်းအဖြစ် အမှုထမ်းခဲ့သဖြင့် စစ်ပွဲဆိုင်ရာ ကြယ်ပွင့်တံဆိပ်များ ရရှိခဲ့ရာ အများပြည်သူ၏ နှစ်ခြိုက်မှုကို ရရှိခဲ့သည်။ ရုပ်ရှင်တွင်လည်း ဆရာဝန် ဇာတ်ကောင်တစ်ဦး၏ နေရာမှနေ၍ “Dr Kildare ” ဇာတ်လမ်းတွဲနှင့် ၁၉၄၈ ခုနှစ်က ရိုက်ကူးထုတ်လုပ်သည့် “Johnny Belinda” ဇာတ်ကားတို့တွင် အကောင်းဆုံး သရုပ်ဆောင်ပြခဲ့သည်။ အမေရိကန် ပြည်ထောင်စု၊ လော့စ်အိန်းဂျလိစ်မြို့တွင် ကွယ်လွန်သည်။

မင်းဦး (ဒဿန)

ချမ်းမြ၊ ဦး (မြကေတု) (ခရစ် ၁၉၀၈–၁၉၉၇)။

။မြန်မာစာပေလောကတွင် စာရေးဆရာ မြကေတု ကလောင်အမည်ဖြင့် ထင်ရှားကျော်ကြား ခဲ့သော မန္တလေးတက္ကသိုလ် မြန်မာစာဌာန အငြိမ်းစား ပါမောက္ခ ဆရာကြီး ဦးချမ်းမြကို ဖခင် ဦးဘိုးရင်၊ မိခင် ဒေါ်စိန်တို့က ၁၉၀၈ ခုနှစ်၊ နိဝင်ဘာလ ၂၃ ရက်နေ့တွင် တောင်ငူမြို့၌ ဖွားမြင်သည်။

ဦးချမ်းမြသည် ၁၉၃၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် သို့ တက်ရောက် ပညာသင်ယူသည်။ ရန်ကုန်တက္ကသိုလ် မှ ဝိဇ္ဇာဘွဲ့ (B.A) ရရှိပြီး ၁၉၃၅ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ် မြန်မာစာဌာန၌ နည်းပြအဖြစ် စတင်တာဝန် ထမ်းဆောင်သည်။ ၁၉၃၇ ခုနှစ်တွင် မဟာ ဝိဇ္ဇာတန်း (M.A) ကို ဂုဏ်ထူးဖြင့် အောင်မြင်သည်။ ၁၉၅၁ ခုနှစ်မှ ၁၉၇၃ ခုနှစ် အထိ မန္တလေးတက္ကသိုလ် မြန်မာစာဌာနတွင် ကထိက၊ ဌာနမှူး၊ ပါမောက္ခအဖြစ် တာဝန်များ ထမ်းဆောင်ပြီး ပါမောက္ခတာဝန်မှ အငြိမ်းစား ယူသည်။

ဦးချမ်းမြသည် တက္ကသိုလ်ကျောင်းသားဘဝ ကပင် ယုဇနဟူသော ကလောင်အမည်ဖြင့် ကဗျာများ ရေးသားပြီး စာပေလောကသို့ ဝင်ရောက်သည်။ မြကေတု ကလောင်အမည်ဖြင့် နန်းဓလေ့ မှတ်တမ်းများ၊ နှောင်းခေတ် တက္ကသိုလ်ဘဝ မှတ်တမ်းများ၊ တက္ကသိုလ်စာပေတန်ဆောင်၊ စာပေတန်ဆောင် စာအုပ်များအပြင် အချုပ်တန်း ဆရာဖေစသော စာပေယဉ်ကျေးမှု စာအုပ်များ



စာရေးဆရာ မြကေတု
(ဦးချမ်းမြ)

ရေးသားထုတ်ဝေခဲ့ သည်။ ဆောင်းပါးပေါင်း ၅၀၀ ကျော်၊ စာပေရေးရာ ဗဟုသုတ၊ ယဉ်ကျေးမှုစာအုပ် ၁၄ အုပ်နှင့် မန္တလေး တက္ကသိုလ် မြန်မာစာဌာန ပြဌာန်း စာအုပ်များကိုလည်း တည်းဖြတ်ထုတ်ဝေသည်။

ဦးချမ်းမြသည် နိုင်ငံတော်က ချီးမြှင့်သည့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) ကို ၁၉၈၁ ခုနှစ်တွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ကျင်းပရေး ဦးစီးကော်မတီက ချီးမြှင့်သည့် စိန်ရတု သဘင်ဂုဏ်ပူဇော်ဂုဏ်ပြုလွှာကို ၁၉၉၅ ခုနှစ်တွင် လည်းကောင်း၊ စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေ ပညာရှင်များအား ကန်တော့သည့် ဂုဏ်ပြုငွေ ကျပ်နှစ်သောင်းကို ၁၉၉၆ ခုနှစ်တွင် လည်းကောင်း ရရှိသည်။

မြန်မာစာပေလောကတွင် စာရေးဆရာ မြကေတု ကလောင်အမည်ဖြင့် ထင်ရှား ကျော်ကြားခဲ့သော မန္တလေးတက္ကသိုလ် မြန်မာစာဌာန အငြိမ်းစား ပါမောက္ခ ဆရာကြီး ဦးချမ်းမြသည် ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် မန္တလေးမြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သား ဦးမျိုးဦး၊ ဦးစိုးဝင်း၊ သမီး ဒေါက်တာ ခင်မြဝင်းနှင့် မြေးလေးဦး ကျန်ရစ်သည်။

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ (၁၉၉၇)။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခုနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)သည် ဆရာတော်ကြီးများ၊ ဂန္ဓမူရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာမူရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ရွပ်ရွပ်ခွုံခွုံ ထမ်းဆောင်ခဲ့ကြ သည့်တပ်မတော်သား များ၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍ နှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်တာဝန်များကိုကျေပွန်စွာထမ်းဆောင် ခဲ့ကြသည့် အငြိမ်းစားပြည်သူ့ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲပြည်သူ့ဝန်ထမ်းများ၊အငြိမ်းစား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ထမ်းဆောင်ဆဲ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် များကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ စစ်မှုထမ်းကောင်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်များ၊ ရဲမှုထမ်းကောင်းတံဆိပ်များ၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းတံဆိပ်များ၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ်များ၊ မြန်မာနိုင်ငံရဲ ပူးတွဲတိုက်ပွဲဝင် တံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းသို့ ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်းများ ပြုသည်နှင့်အညီ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဘွဲ့များ ဆက်ကပ်လှူဒါန်းခြင်း ခံရသော ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ သာသနာပြု ပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၏ ဘွဲ့တံဆိပ်တော်နှင့် ဘွဲ့အမည်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်များ၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ရဲမှုထမ်းကောင်းတံဆိပ်၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်နှင့် မြန်မာနိုင်ငံ ရဲပူးတွဲတိုက်ပွဲဝင် တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်များကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနှစ်ပတ်လည်အောင်ပွဲနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ် ၂/၉၇ အရ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ တစ်ပါးနှင့် သီရိလင်္ကာနိုင်ငံမှ တစ်ပါး စုစုပေါင်း နှစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၂၁ ပါးနှင့် သီရိလင်္ကာနိုင်ငံမှ တစ်ပါး စုစုပေါင်း ၂၂ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာကြီးတော်ကြီး ၁၂ ပါး၊ မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီး ၁၇ ပါးနှင့် သီလရှင်ဆရာကြီး နှစ်ပါး စုစုပေါင်း ၁၉ ပါး၊ စူဠဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ရှစ်ပါးနှင့်သီလရှင်ဆရာကြီးတစ်ပါး စုစုပေါင်း ၉ ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးလေးပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ခုနစ်ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီး နှစ်ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ဆက်ကပ် လှူဒါန်း ခြင်း ခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှနှစ်ပါးနှင့်ထိုင်းနိုင်ငံမှ တစ်ပါး စုစုပေါင်းသုံးပါး၊အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့

တံဆိပ်တော် ဆက်ကပ်လူဒါန်းခြင်း ခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၅ပါး၊ နီပေါနိုင်ငံမှ တစ်ပါးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တစ်ပါး စုစုပေါင်း ၁၇ပါး၊ မဟာသဒ္ဓမ္မဇောတိကဘွဲ့ တံဆိပ်တော် ဆက်ကပ်လူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်း ခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၃ ပါး၊ အိန္ဒိယနိုင်ငံမှတစ်ပါး၊ သီလရှင်ဆရာကြီး တစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း ၁၆ ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်တော်ဆက်ကပ် လူဒါန်း ခြင်း နှင့် ချီးမြှင့်အပ်နှင်းခြင်း ခံရသော ဆရာတော်ကြီး သုံးပါးနှင့် လူပုဂ္ဂိုလ်နှစ်ဦး စုစုပေါင်း ငါးပါး၊ သီရိသုဓမ္မမဏိဇောတဓဇဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ် တစ်ဦး၊ သီဟသုဓမ္မမဏိဇောတဓဇဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ သီရိသုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်အပ် နှင်းခြင်း ခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ သီဟသုဓမ္မ သိင်္ဂီဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ်သုံးဦး၊ သုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ်နှစ်ဦး၊ စုစုပေါင်း ဆရာတော်ကြီး ၁၁၁ ပါး၊ သီလရှင်ဆရာကြီး လေးပါးနှင့် လူပုဂ္ဂိုလ် ၁၂ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၃/၉၇ အရ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ်နှစ်ဦး စုစုပေါင်း ငါးပါး၊ သီရိသုဓမ္မမဏိဇောတဓဇဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ် တစ်ဦး၊ သီဟသုဓမ္မမဏိဇောတဓဇဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ သီရိသုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်အပ် နှင်းခြင်း ခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ သီဟသုဓမ္မ သိင်္ဂီဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ်သုံးဦး၊ သုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ်နှစ်ဦး၊ စုစုပေါင်း ဆရာတော်ကြီး ၁၁၁ ပါး၊ သီလရှင်ဆရာကြီး လေးပါးနှင့် လူပုဂ္ဂိုလ် ၁၂ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၃/၉၇ အရ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ်များတွင် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသောပုဂ္ဂိုလ် ၁၈ ဦး၊ လယ်ယာစီးပွား ထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့် အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်နှစ်ဦး၊ လယ်ယာစီးပွား ထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့် အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်သုံးဦး၊ လယ်ယာစီးပွား ထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်သုံးဦး၊ စက်မှုစီးပွား ထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့် အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်လေးဦး၊ စက်မှုစီးပွား ထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသောပုဂ္ဂိုလ်ကိုးဦး၊ စက်မှုစီးပွား ထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့် အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ် ၄၆ ဦး၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ် ၃၅ ဦး ၊ စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ် ၂၈ ဦး ၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ် ၄၃ ဦး ၊ ရဲဗလ တံဆိပ်ချီးမြှင့် အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်လေးဦး၊ ရဲကျော်စွာတံဆိပ်ချီးမြှင့် အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်သုံးဦးနှင့် ရဲကျော်သူတံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ် တစ်ဦး၊ စုစုပေါင်း ၃၅၄ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၄/၉၇ အရ စစ်မှုထမ်းကောင်းတံဆိပ်ချီးမြှင့်အပ်နှင်းခြင်း ခံရသောပုဂ္ဂိုလ်များတွင် အငြိမ်းစား ၆၁ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂,၂၂၉ ဦး၊ စုစုပေါင်း ဦးရေ ၂,၂၉၀ ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၅/၉၇အရပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်များတွင်အငြိမ်းစား ၁,၂၁၆ ဦးနှင့် တာဝန်ထမ်း ဆောင်ဆဲ ၈,၁၅၇ ဦး စုစုပေါင်း ၉,၃၇၃ ဦး ပါဝင် သည်။

အမိန့်ကြော်ငြာစာအမှတ် ၆ /၉၇ အရ ရဲမှုထမ်းကောင်း တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၅ ဦးနှင့် တာဝန်ထမ်း ဆောင်ဆဲ ၇၇ ဦး စုစုပေါင်း ၈၂ ဦး ပါဝင် သည်။

အမိန့်ကြော်ငြာစာအမှတ် ၇ /၉၇ အရနိုင်ငံတော်ရဲမှုထမ်း ကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား နှစ်ဦးနှင့် တာဝန်ထမ်း ဆောင်ဆဲ ဦးရေ ၂၂၀ ဦး စုစုပေါင်း ၂၂၂ ဦး ပါဝင် သည်။

အမိန့်ကြော်ငြာစာအမှတ် ၈ /၉၇အရပြည်သူ့ဝန်ထမ်း တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၆၃၆ ဦးနှင့် တာဝန်ထမ်း ဆောင်ဆဲ ၂၂,၉၆၆ ဦး စုစုပေါင်း ၂၃,၀၀၂ ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၆၅၁ ဦးနှင့် တာဝန်ထမ်း ဆောင်ဆဲ ၃၂,၃၇၉ ဦး စုစုပေါင်း ဦးရေ ၃၃,၀၃၀ ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၉ /၉၇ အရ မြန်မာနိုင်ငံရဲပူးတွဲတိုက်ပွဲဝင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်များတွင် တာဝန်ထမ်း ဆောင်ဆဲ ၈၁၈ ဦး ပါဝင်သည်။

ကျပန်နိုင်ငံ။ ။ ကျပန်ဝန်ကြီးချုပ် ရုတာယိုဟာရှိမိုတို သည် ကျပန်ဥပဒေပြုလွှတ်တော် (ဒိုင်းယက်) ၌ ဧန်နဝါရီ ၂၀ ရက်နေ့တွင် အရေးပါသည့် မိန့်ခွန်း တစ်ရပ် ကို ပြောကြား ခဲ့သည်။ ဟာရှိမိုတိုက စီးပွား ရေးနှင့် လူမှုရေးစနစ်များကို ပြန်လည်ပြုပြင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကတိပြု ပြောကြား၍ လိုအပ်ပါက စွန့်လွှတ် လုပ်ကိုင်ရန် အသင့်ပြင်ဆင်ထား ရမည် ဖြစ်ကြောင်း၊ ကျပန်လူထုအား တိုက်တွန်းပြောကြား ခဲ့သည်။ ဧန်နဝါရီ ၂၁ ရက်နေ့ထုတ် "သည်ဂါ:ဒီ:ယန်:" သတင်းစာတွင် ဟာရှိမိုတိုမှာ လွှတ်တော်၌ အတိုက်အခံတို့က အခက်ကြုံစရာ မေးခွန်းများ မေးမြန်းခြင်းကိုခံရပြီး ၄င်း၏ပါတီဖြစ်သည့် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ)မှ ပါတီဝင်အချို့၏ ထောက်ခံမှုကိုသာ ရရှိခဲ့သည်ဟု ရေးသားဖော်ပြခဲ့သည်။

လွှတ်တော်၌ ပြောကြားသော ၄င်း၏မိန့်ခွန်းတွင် ဟာရှိမိုတိုက ဘတ်ဂျက်လိုငွေပြမှုကို လျှော့ချရန်ကိစ္စကို ပထမဦးစားပေးအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကတိပြုပြောကြား၍ စီးပွားရေးနာလန်ထူမှု ရရှိရန်ငွေကြေး ပိုမိုသုံးစွဲခြင်းအားဖြင့် ဖြေရှင်းရန် ကြိုးပမ်းခဲ့သည့် ၄င်း၏ ရှေ့မှ လုပ်ကိုင်သွားသည့် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်မှုများကို ကန့်ကွက်ပယ်ချခဲ့သည်။ ဟာရှိမိုတိုက အစိုးရဘဏ္ဍာငွေကြေးပြုလုပ်မည့်အရေးကို သတိပေးပြောကြား၍ ၄င်းကို ရှောင်ကွင်းနိုင်ရန် စားသုံးမှု အခွန်အကောက်ကို သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိ တိုးမြှင့်ရန် အစီအစဉ်ကို ထပ်မံပြောကြား ခဲ့သည်။ ထို့ပြင် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး အခက်အခဲများနှင့် ကျဆုံးမှုများကို ရင်ဆိုင်ရာတွင် ခိုင်ခိုင်မာမာ ရပ်တည်ပြီး စိတ်ဓာတ်ပျော့ညံ့ခြင်း မရှိရန်ကိုလည်း တိုက်တွန်း ပြောကြား သွားခဲ့သည်။

ဤသို့ ရှိနေခဲ့ရာမှ ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမည့် လုပ်ငန်းစဉ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ကျပန်နိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ပြုပြင်ပြောင်းလဲရေးအတွက် ပြင်ဆင်လုပ်ကိုင်သည့် အနေဖြင့် အဓိကကျသည့် မူဝါဒဆိုင်ရာ အသေးစိတ် လုပ်ငန်းစဉ်များကို ကြေညာခဲ့ခြင်း ဖြစ်သည်။ ဤသို့ လုပ်ဆောင်မှုမှာ တန်ဖိုးကြီးမြင့်ပြီး ကြီးကြီးမား မား အကာအကွယ်ပေးထားသည့် ကျပန်နိုင်ငံ တိုကျို့ဈေးကွက်အနေဖြင့် လန်ဒန်နှင့် နယူးယောက်ဈေးကွက်များနှင့် သက္ကရာဇ် ၂၀၀၁ ခုနှစ်တွင် ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၆ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးစနစ် သုတေသနကောင်စီဆိုင်ရာ အကြံပေးအဖွဲ့က ထုတ်ပြန်ခဲ့သည့် အဆိုပြုချက်များမှာ ကျပန်ဗဟိုဘဏ်၏ စွမ်းအားကို မြှင့်တင်ရန်ရည်ရွယ်ပေသည်။ ယင်းအဆိုပြုချက်များမှာ အစိုးရက ခန့်အပ်ထားသည့်အဖွဲ့က အဓိကနိုင်ငံရေးပါတီများနှင့် ဆွေးနွေးပြီး တင်ပြခဲ့သည့် အစီရင်ခံစာ၏ အစိတ်အပိုင်း ဖြစ်ပေသည်။ ယင်းအဆိုပြုချက်များကို ကျပန်ဥပဒေပြုလွှတ်တော် (ဒိုင်းယက်)ကသာ အတည်ပြုလိုက်ပါက ၄င်းတို့သည် ကျပန်ဗဟိုဘဏ်အား နိုင်ငံ၏ စစ်ရေးကြိုးပမ်းမှုနှင့် ပေါင်းစည်းဖွဲ့စည်းရန် ပြဋ္ဌာန်းကျင့်သုံးခဲ့သည့် ဥပဒေအား ပြန်လည်သုံးသပ်ပြုပြင်ရန် အခြေခံဥပဒေအဖြစ် တည်ရှိပေလိမ့်မည်။ ယခု လုပ်ဆောင်မည့် ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွင် ကျပန်ဗဟိုဘဏ်၏ မူဝါဒရေးရာ ဆုံးဖြတ်သည့် ဘုတ်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းပြီး ငွေရေးကြေးရေးဆိုင်ရာ မူဝါဒများကို ဆုံးဖြတ်သည့် အာဏာကို မြှင့်တင်ခြင်းအားဖြင့် အင်အားတောင့်တင်းခိုင်မာစေမည်ဖြစ်သည်။ ကျပန်ဗဟိုဘဏ် မူဝါဒရေးရာ ဆုံးဖြတ်သည့်ဘုတ်အဖွဲ့တွင် ဩဇာရှိသည့် ဘဏ္ဍာရေး ဝန်ကြီးဌာန၏ အခန်းကဏ္ဍကို လျှော့ချထားမည် ဖြစ်သည်။ သို့ရာတွင် ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် သိသာထင်ရှားသည့် အရှိန်အဝါ ရှိမြဲရှိနေမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၄ ရက်နေ့ထုတ် ဖိုင်နယ်ရှယ်ထိုင်းမ်

သတင်းစာတွင် ကျပန်အစိုးရအဖွဲ့သည် နိုင်ငံ၏နိုင်ငံခြားငွေလဲလှယ်ရေး ထိန်းချုပ်မှုများကို ဖျက်သိမ်းရန် အစီအစဉ်ကို သဘောတူညီပြီးဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဧပြီလမှစ၍ နိုင်ငံခြားငွေ ဝယ်လိုရောင်းလိုသည့် အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရယူရန် မလိုတော့ဟု သိရှိရသည်။

ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် ကျပန်နိုင်ငံအစိုးရက ဦးပိုင်ကုမ္ပဏီများ ဖွဲ့စည်းမှုအပေါ် ၅၁ နှစ်ကြာ တားမြစ်ထားခဲ့ချက်ကို ရုပ်သိမ်းရန် သဘောတူခဲ့သည်။ ထို့ပြင် ဘဏ္ဍာရေးကဏ္ဍကို ကြီးကြပ်ကွပ်ကဲရန် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သီးခြားကင်းလွတ်သည့် ကြီးကြပ်ကွပ်ကဲရေး အဖွဲ့တစ်ရပ် ဖွဲ့စည်းသွားမည်ဟု ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် အစိုးရက ကြေညာခဲ့သည်။ အသစ်ဖွဲ့စည်းမည့် ဘဏ္ဍာရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဆိုင်ရာ အစီအစဉ်မူကြမ်းကို အစိုးရအဖွဲ့ထံ မတ်လတွင် တင်ပြသွားရန် ဖြစ်သည်။ ယင်းအဖွဲ့ အနေဖြင့် မိမိ၏လုပ်ငန်းများကို ၁၉၉၇ ခုနှစ် နှစ်လယ်ပိုင်းတွင် စတင်လုပ်ကိုင်သွားရန်ဖြစ်ပြီး ဆောင်ရွက်ချက်များကို ဝန်ကြီးချုပ်ရုံးသို့ အစီရင်ခံတင်ပြရမည်ဖြစ်သည်။

ယင်းသို့ ဖြစ်ပေါ်တိုးတက်လျက်ရှိရာမှ ၁၉၉၃ ခုနှစ်၊ ဩဂုတ်လမှ ၁၉၉၄ ခုနှစ်၊ ဧပြီလအထိ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် မိုရီဟီရိုဟိုဆိုကာဝါသည် ကျပန်နိုင်ငံ၏ အကြီးမားဆုံး အတိုက်အခံပါတီဖြစ်သည့် ရှင်ရှင်တိုပါတီမှ ဇွန် ၁၈ ရက်နေ့တွင် နုတ်ထွက်ခဲ့သည်။ ဇွန် ၁၈ ရက်နေ့တွင် ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ဟိုဆိုကာဝါက နိုင်ငံ၏ နိုင်ငံရေး လိပ်ခဲတည်းလည်းဖြစ်နေ မှုကို ကျော်လွှားလွန်မြောက်နိုင်ရန် ၄င်းအနေဖြင့် နုတ်ထွက် ခဲ့ခြင်း ဖြစ်သည်ဟု ပြောကြားခဲ့သည်။ သို့ဖြစ်လင့်ကစား ဟိုဆိုကာဝါအနေဖြင့် ရှင်ရှင်တိုပါတီခေါင်းဆောင်ဖြစ်သူ အီချီရိုအိုကာဝါ၏ စီမံခန့်ခွဲလုပ်ကိုင်ပုံကို မကျေမ့နပ်ဖြစ်ခဲ့ပြီး အခြားတစ်ဖက်တွင် ၄င်းအနေဖြင့် အာဏာရပါတီဖြစ်သည့် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ)နှင့် ပူးပေါင်းဆောင်ရွက်လိုသည့် ဆန္ဒရှိသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။ ဟိုဆိုကာဝါ နုတ်ထွက်သွားသည့်အတွက် ကျပန်အောက်လွှတ်တော် (ဒိုင်းယက်) တွင် ရှင်ရှင်တိုပါတီအနေ ဖြင့် အမတ်နေရာ ၁၃၉ နေရာ သာရှိပြီး အာဏာရပါတီဖြစ်သည့် အယ်ဒီပီပါတီကမူ အမတ်နေရာ ၂၄၅ နေရာ ရရှိထားသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၅ - စာ၊ ၁၉၇၊ ၂၀၀ - ရှ။)

ဇွန်လအလယ်ပိုင်းတွင် ကျပန်အောက်လွှတ်တော် (ဒိုင်းယက်)က ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် သက်ဆိုင်သည့် ဥပဒေသုံးရပ်ကို အတည်ပြုခဲ့သည်။ ယင်း ဥပဒေအရဦးပိုင်ကုမ္ပဏီများ ဖွဲ့စည်းခြင်းကို ခွင့်ပြုပြီး ကျပန်ဗဟိုဘဏ်အား လုပ်ပိုင်ခွင့်အာဏာများ ပိုမိုအပ်နှင်းကာ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သီးခြားကင်းလွတ်သည့် ဘဏ္ဍာရေး ဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့ကို ထူထောင်ခဲ့သည်။ ဇွန် ၁၃ ရက်နေ့တွင် အစိုးရ အကြံပေးသဘာပတိအဖွဲ့ သုံးဖွဲ့ဖြစ်သည့် စာချုပ်စာတမ်းများနှင့် ငွေကြေးလဲလှယ်ရေးကောင်စီ၊ ဘဏ္ဍာရေးစနစ် သုတေသနကောင်စီနှင့် အာမခံကောင်စီတို့က အစီရင်ခံစာများ ထုတ်ပြန်ခဲ့ရာ ဘဏ္ဍာရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်ဆိုင်ရာ အသေးစိတ်လုပ်ငန်းစဉ်များ ပါရှိခဲ့သည်။

ဤအတောအတွင်း ဇူလိုင် ၆ ရက်နေ့တွင် တိုကျိုမြို့တော် ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့ ရွေးကောက်ပွဲများကို ကျင်းပရာ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ)က အောင်မြင်မှုရရှိခဲ့သည်။ ယခင်နှစ်က နေရာ ၃၈ နေရာ အနိုင်ရရှိခဲ့ရာမှ ယခုနှစ်တွင် ၅၄ နေရာအထိ တိုးတက်

ကျပန်အောက်လွှတ်တော်အစည်းအဝေးတွင် ဝန်ကြီးချုပ် ဟာရှိမိုတို(ယာအစွန်)အား တွေ့ရစဉ်



၁၉၈၆ ခုနှစ်တွင် ဆာတိုသည် လာဘ်ငွေအမေရိကန် ဒေါ်လာ ၁၅,၀၀၀ စာ:မူဖြင့် ပြစ်ဒဏ်စီရင်ခံရသူဖြစ်သည်။ ဖြစ်ပေါ်ခဲ့သည့် မသမာမှုမှာ အမေရိကန်ပြည်ထောင်စုမှ လော့ဟိဒ်ကော်ပိုရေး:ရှင်:ကြီး:က အရပ်ဘက်လေကြောင်း:လိုင်း:များ:အတွက် လော့ဟိဒ်မှ ထုတ်လုပ်သည့် လေယာဉ်များ: ဝယ်ယူစေရန် ဂျပန်နိုင်ငံရေး:သမား:များ:အား: လာဘ်ငွေထိုး:ကာ ကြိုး:ပမ်း:ခဲ့မှု ဖြစ်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များ: အစောပိုင်း:တွင် ဆာတိုသည် ပို့ဆောင်ရေး:ဒုတိယဝန်ကြီး: အဖြစ် တာဝန်ထမ်း:ဆောင်စဉ် လာဘ်ငွေများ: ယူခဲ့သည့် အမှုဖြစ်သည်။ ဆာတိုအား: ထောင်ဒဏ်နှစ်နှစ် ချမှတ်ပြီး: ဒဏ်ငွေလည်: ရိုက်ခဲ့သည်။ ယင်:နောက်တွင် ဆာတိုသည် အယ်ဒီပီပါတီ အမှုဆောင်ကောင်စီ၏ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

စက်တင်ဘာ ၁၁ ရက်နေ့တွင် ကျင်:ပသည့် သတင်:စာရှင်:လင်:ပွဲတွင် ဆာတိုက ၄င်:အနေဖြင့် အတိတ်ကိုမေ့ထား: လိုပြီ: ပစ္စုပ္ပန်တွင်သာ ကြိုး:ပမ်: လုပ်ဆောင်ချင်ကြောင်း: အနိုင်ရရှိခဲ့သည်။ ဂျပန်ကွန်မြူနစ်ပါတီ (ကျစီပီ) သည်လည်: အောင်မြင်မှုရရှိသည်ဟု ဆိုရပေမည်။ ယခင်နှစ်က ၁၃ နေရာသာ အနိုင်ရရှိခဲ့ရာမှ ယခုနှစ်တွင် ၂၆ နေရာအထိတိုး:တက်အနိုင်ရရှိခဲ့သည်။ အဓိက အတိုက်အခံပါတီဖြစ်သည့် ရှင်ရှင်တိုပါတီမှာမူ ဝင်ရောက်ယှဉ်ပြိုင်သည့် နေရာ ၁၁ နေရာစလုံး:၌ ရှုံး:နိမ့်ခဲ့သည်။

ဝန်ကြီး:ချုပ် ရူတာယိုဟာရှိမိုတိုသည် ၄င်း:၏အစိုး:ရအဖွဲ့ကို စက်တင်ဘာလ ၁၁ ရက်နေ့တွင် ပြောင်း:လဲဖွဲ့စည်း: ခဲ့သည်။ ယင်:သို့ပြောင်း:လဲဖွဲ့စည်း:ရာတွင် အငြင်း:ပွား:ရသည့် ကိစ္စတစ်ရပ်မှာ ကိုကိုဆာတိုအား:ခန့်အပ်မှုပင်ဖြစ်သည်။ ကိုကိုဆာတိုသည် ၁၉၇၆ ခုနှစ် လော့ဟိဒ်မသမာမှုတွင် လာဘ်စား:မှု ကျူး:လွန်ခဲ့သူတစ်ဦး: ဖြစ်သည်ဟုဆိုသည်။ ယခုရာထူး:ခန့်အပ်မှုတွင် ဆာတိုအား: အုပ်ချုပ်ရေး:ဆိုင်ရာ ပြုပြင်ပြောင်း:လဲမှုကို လုပ်ဆောင်ရန် တာဝန်ပေး:ထား:သည်။ ဟာရှိမိုတို လုပ်ဆောင်ခဲ့သည့် ပြုပြင်ပြောင်း:လဲမှု ခြောက်ခုတွင် ဘဏ္ဍာရေး၊ ငွေရေး:ကြေး:ရေး၊ စီး:ပွား:ရေး၊ လူမှုရေး၊ ပညာရေးနှင့် အုပ်ချုပ်ရေး:ကဏ္ဍတို့ ပါဝင်သည်။

ယာမာအိချိကုမွကီပိတ်လိုက်ရသည့်အတွက်စိတ်ထိခိုက်နေသည့် ကုမွကီဥက္ကဋ္ဌ (အလယ်ထိပ်)နှင့် ရင်:နှီး:မြှုပ်နှံထား:သူများ မိမိတို့ရှယ်ယာပြန်ထုတ်ရန် တန်:စီစောင့်ဆိုင်:နေစဉ်(အောက်)



ခြောက်ကြား:ခဲ့သည်။ သို့ဖြစ်လင့်ကစား: ဆာတိုအား: ရာထူး:ခန့်အပ်မှုကို နိုင်ငံရေး:ပါတီများ:နှင့် ကျပန်လူထုက ပြင်း:ပြင်း:ထန်ထန် ဝေဖန်ကြသည်။ အချို့နိုင်ငံရေး:ပါတီများ:က ဆာတိုရာထူး:မှ နုတ်ထွက်ပေး:ရန် တောင်း:ဆိုကြသည်။ ဤသို့ဖြင့် ဆာတိုက အစိုး:ရအဖွဲ့မှ နုတ်ထွက်ကြောင်း: စက်တင်ဘာ ၂၂ ရက်နေ့တွင် ကြေညာခဲ့သည်။ ဝန်ကြီး:ချုပ်ဟာရှိမိုတိုကလည်း: ဆာတိုအား: ရာထူး:ခန့်အပ်ခဲ့ခြင်း:ကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အရှုပ်အထွေး:များ:အတွက် တောင်း:ပန်စကား:ပြောကြား:ခဲ့သည်။

ယင်း:သို့ အခြေအနေများ:ဖြစ်ပေါ်လျက် ရှိစဉ်မှာပင် ၁၉၉၇ ခုနှစ်၊ နိဝင်ဘာလအတွင်း: ကျပန်နိုင်ငံ၏ အဓိက ဘဏ်လုပ်ငန်း:တစ်ခုနှင့် အချက်အချာကျသည့် စတော့ရှယ်ယာအရောင်း:အဝယ် လုပ်ငန်း:တစ်ခုတို့ စီး:ပွား:ရေး ပျက်ကပ်ဆိုက်ပြီး: ပြုလဲကျဆုံး:သွား:ခဲ့ရာ နိုင်ငံ၏ ငွေကြေးဆိုင်ရာ အဖွဲ့အစည်း:များ:အပေါ် ယုံကြည်ကိုး:စား:မှုမှာလည်း: အလျင်အမြန်ကျဆင်း:ခဲ့ရသည်။ အစိုး:ရအနေဖြင့် ဘဏ္ဍာရေး:ဆိုင်ရာ အခက်အခဲပြဿနာများ:ကို သက်သာမှု ရရှိစေရန် နိုင်ငံပိုင်ငွေကြေး:များ:ကို သုံး:စွဲသွား:ရန် စီမံဆောင်ရွက် ထား:လင့်ကစား: အထက်ဖော်ပြပါ စီး:ပွား:ရေး လုပ်ငန်း:များ: ကျဆုံး:မှုများ:က အရှေ့တောင်အာရှတွင် မကြာမီက ကြုံတွေ့ခဲ့ရသည့် စီး:ပွား:ရေး ဖရိုဖရဲဖြစ်မှုများ: ကျပန်နိုင်ငံသို့ ကူး:စက်လာမည့်အရေး: စိုး:ရိမ်ထိတ်လန့်မှုကို ပိုမိုဖြစ်ပေါ် စေခဲ့သည်။

အလယ်အလတ်တန်း:စား: အာမခံစာချုပ်စာတမ်း:များ: လုပ်ငန်း:တစ်ခုဖြစ်သည့် ဆန်ညိုအာမခံစာချုပ်စာတမ်း:များ: ကုမ္ပဏီဆည် ၁၉၄၅ ခုနှစ်နောက်ပိုင်း: ကျပန်နိုင်ငံတွင် စီး:ပွား:ရေးဖရိုဖရဲဖြစ်ပြီး: ပထမဆုံး: ပြုလဲကျဆုံး:ခဲ့ရသည့် စာချုပ်စာတမ်း:များ:နှင့် စတော့ရှယ်ယာ အရောင်း:အဝယ် လုပ်ငန်း:ဖြစ်သည်။ နိဝင်ဘာ ၃ ရက်နေ့တွင် ယင်း:ကုမ္ပဏီသည် ကော်ပိုရိတ်ပြန်လည်ထူထောင်ရေး ဥပဒေအရ ကုမ္ပဏီစီး:ပွား:ပျက်ခြင်း:မှ အကာအကွယ် ရယူမှုကို ဆောင်ရွက်ခဲ့ရသည်။ တစ်ဖန်နိဝင်ဘာ ၁၇ ရက်နေ့တွင်လည်း: ကျပန်နိုင်ငံ၏ ဒဿမမြောက် အကြီး:ဆုံး: ကူး:သန်း: ရောင်းဝယ်ရေး:ဘဏ်ဖြစ်သည့် ဟုတ်ကိုင်ဒိုတာကူရိုကူ ဘဏ်သည်ကြွေး:မြီယန်း: ၉၃၄ ဒဿမ ၇ ဘီလီယံ ဝန်ပိပြီး: နောက် လုပ်ငန်း:များ:ရပ်ဆိုင်း:ခဲ့ရကြောင်း: ကြေညာခဲ့ရသည်။ ဤကဲ့သို့ ဘဏ်များ:နှင့် ဆက်နွယ်လျက် ရှိသည့် ဘဏ္ဍာရေး:ဆိုင်ရာ မရေမရာမှုများ:က လအနည်း:ငယ်အတွင်း: စတော့ရှေး:နှုန်း:များ: ကျဆင်း:ခြင်း:နှင့် ငွေကြေးလဲနှုန်း:များ: ကျဆင်း:ခြင်း:တို့ကို ဖြစ်ပေါ်စေခဲ့သည်။ တစ်စတစ်စဖြင့် ဘဏ်များ:အနေဖြင့် ရေတိုအကြွေး: ရှေး:ကွက်တွင် ငွေများ:ချေး:ယူရန်ပင် မဖြစ်နိုင်တော့သည့် အခြေသို့ ဆိုက်ရောက်ခဲ့ရသည်။ ဤဖြစ်ရပ်မှာ စစ်ပြီး:ခေတ် နောက်ပိုင်း: ကျပန်နိုင်ငံရှိ ထိပ်တန်း:ဘဏ်လုပ်ငန်း: ၂၀ အနက် ပထမဆုံး: ဘဏ်စီး:ပွား:ရေး:လုပ်ငန်း: ပြုလဲကျဆုံး:မှုဖြစ်သည်။ အခြား:ဖြစ်ရပ်တစ်ခုမှာ ကျပန်နိုင်ငံ၏ သက်တမ်း:အရှည်ဆုံး: နှင့် စတုတ္ထမြောက် အကြီး:ဆုံး:ဖြစ်သည့် ယာမာအီချီအာမခံစာချုပ်စာတမ်း:များ: အရောင်း:အဝယ်ကုမ္ပဏီသည်လည်း: မိမိ၏ လုပ်ငန်း:များ: ပိတ်ထား:မည်ဖြစ်ကြောင်း: နိဝင်ဘာ ၂၄ ရက်နေ့တွင်ကြေညာခဲ့သည်။ ယင်း:သို့ဆုံး:ဖြတ်လိုက်ခြင်း:က အလုပ်သမား: ၇၀၀၀ ကို အလုပ်လက်မဲ့ ဖြစ်စေခဲ့ရသည်။

ခြစား:မှုများ:နှင့် မသမာမှုများ – ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ အတွင်း:တွင် အီဇူအီရေနံကုမ္ပဏီမသမာမှု အရှုပ်တော်ပုံကိစ္စနှင့်စပ်လျဉ်း:သည့် အဖြစ်အပျက်များ:ကို တွေ့မြင်လာရသည်။ ယင်း:ကိစ္စမှာ ဟာရှိမိုတိုအစိုး:ရအဖွဲ့ ဖွဲ့စည်း:ပြီး: မကြာမီ စတင်ပေါ်ပေါက်ခဲ့ခြင်း:ဖြစ်သည်။ ၁၉၉၆ ခုနှစ်၊ နိဝင်ဘာ ၇ ရက်နေ့တွင် အီဇူအီရေနံ ကုမ္ပဏီပိုင်ရှင်ဖြစ်သူ ဂျုံနိချီအီဇူအီကို ဖမ်း:ဆီး:လိုက်ရာ ယင်း:မသမာမှု ပေါ်ပေါက်လာခဲ့ခြင်း:ဖြစ်သည်။ ဂျုံနိချီအီဇူအီ မှာ မစ်ဆူဘိရှိရေနံကုမ္ပဏီ၊ မီဆူအီသတ္တုကုမ္ပဏီနှင့် အခြား:ကုမ္ပဏီများ: ပါဝင်ပတ်သက်သည့် ပွဲစား:ခများ:အပေါ် အခွန်အကောက်ပေး:ဆောင်ရန် တိမ်း:ရှောင်မှုဖြင့် ထိန်း:သိမ်း:ခံရခြင်း: ဖြစ်သည်။ ဂျုံနိချီအီဇူအီမှာ နိုင်ငံရေး:ရန်ပုံငွေ အမြောက်အမြား: လှူဒါန်း:သူတစ်ဦး:ဖြစ်ကြောင်း: သိရှိလာသည့် အခါတွင်ယင်း:အမှုမှာ နိုင်ငံရေး:နှင့် ဆက်နွယ်သက်ရောက်သည့် သဘောဖြစ်လာတော့သည်။ ဇန်နဝါရီ ၈ ရက်နေ့တွင် မစ်ဆူဘိရှိရေနံကုမ္ပဏီအရာရှိဟောင်း: တစ်ဦး:နှင့် မစ်ဆူအီသတ္တုကုမ္ပဏီဒုတိယ ညွှန်ကြား:ရေးမှူး ဟောင်း: တစ်ဦး:တို့ကို ရဲကဖမ်း:ဆီး:ခဲ့သည်။ ၄င်း:တို့ကို နှစ်ဦး:အား: လုပ်ကိုင်ခွင့် မရှိသည့် အာမခံစာချွန်လွှာ ထုတ်ပေး:ခြင်း:အား:ဖြင့်

မစ်ဆူအီသတ္တုကုမ္ပဏီမှ ယန်း ၂ ဒသမ ၃၉ ဘီလီယံကို အီဇူအီရရှိစေရန် ပူးပေါင်းကြံစည်ခဲ့မှုဖြင့် ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

အခြားဖြစ်ရပ်တစ်ခုတွင် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အာမခံ စာချုပ်စာတမ်းများနှင့် ငွေကြေးလဲလှယ်ရေးဌာနများ စုံစမ်းရေးကော်မရှင်က ဂျပန်နိုင်ငံ၏ စတော့ရှယ်ယာအရောင်းအဝယ်လုပ်ငန်း အဓိကလုပ်ငန်း သုံးခုဖြစ်သည့် ဒိုင်ဝါကုမ္ပဏီ၊ နစ်ကိုကုမ္ပဏီနှင့် ယာမာအီချီကုမ္ပဏီတို့၏ ရုံးများကို ဝင်ရောက် ရှာဖွေခဲ့သည်။ ယင်းသို့ လုပ်ဆောင်ခဲ့ခြင်းမှာ ဂျပန်နိုင်ငံ၏ အကြီးမားဆုံးစတော့ရှယ်ယာအရောင်းအဝယ်လုပ်ငန်းဖြစ်သည့် နိမူရာကုမ္ပဏီသည် ရာဇဝတ်ဂိုဏ်း တစ်ခု၏ အကျိုးစီးပွားကို ဖော်ဆောင်လျက် လုပ်ကိုင်ခွင့်မရှိသည့် ကုန်သွယ်မှုများကို ဆောင်ရွက်ခဲ့သည်ဟု စွပ်စွဲမှုများရှိခဲ့ရာ ယင်းကို စုံစမ်းဖော်ထုတ်ခြင်းဖြစ်သည်။ မတ်လအတွင်းကလည်း နိမူရာကုမ္ပဏီ၏ ရုံးခန်းများ ဝင်ရောက်ရှာဖွေခြင်းခံခဲ့ရသည်။ တစ်ဆက်တည်း ဆိုသလိုပင် ယင်းကိစ္စနှင့် စပ်လျဉ်းပြီး နိမူရာကုမ္ပဏီ၏ အမှုဆောင်ဟောင်းနှစ်ဦးနှင့် လက်ရှိ အမှုဆောင်တစ်ဦးတို့ကို မေလ ၁၄ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ ၄င်းတို့အား စတော့ရှယ်ယာများ အရောင်းအဝယ် လုပ်ငန်းဖြင့် ရရှိခဲ့သည့် အမြတ်အစွန်းများကို ရာဇဝတ်ဂိုဏ်းသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် လုပ်ရပ်ဖြင့် ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ရရှိခဲ့သော အမြတ်အစွန်းမှာ အမေရိကန်ဒေါ်လာ ၅၀၀,၀၀၀ ရှိသည်ဟု ဆိုသည်။ ဇွန်လ ၁၉ ရက်နေ့တွင် နိမူရာကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်ပြီး ရာထူးမှ နုတ်ထွက်ခဲ့ပြီး ဖြစ်သူ ဟီဒီယိုဆာကာမာကိုအား နိမူရာ မသမာမှု အရှုပ်တော်ပုံကိစ္စနှင့် စပ်လျဉ်းပြီး တရားစွဲဆိုခဲ့သည်။ တိုကျို ဒိစတြိတ်တရားရုံးက ဆာကာမာကိုအား ၁၉၉၅ ခုနှစ်၊ ဧန်နဝါရီနှင့် ဇွန်လအတွင်း ရာဇဝတ်ဂိုဏ်းခေါင်းဆောင်ဟု စွပ်စွဲထားသူရိုင်ယူအီချီကွိုင်ကိအား ယန်း ၄၉ ဒသမ ၇ သန်းပေးခဲ့မှုဖြင့် စွဲချက်တင်ထားသည်။ ထို့ပြင် ဆာကာမာကိုသည် ၁၉၉၅ ခုနှစ်၊ မတ်လအတွင်း ရာဇဝတ်ဂိုဏ်းခေါင်းဆောင် ကွိုင်ကိအား ယန်း ၃၂၀ သန်းကို ငွေသားဖြင့် လွှဲပြောင်းပေးရန် နိမူရာကုမ္ပဏီ၏ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပူးပေါင်းကြံစည်ခဲ့သည်ဟုလည်း ဆိုသည်။ ဇူလိုင် ၃၀ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာနက နိမူရာကုမ္ပဏီနှင့် ဒိုင်အီချီ ကန်ဂျိုဘဏ်တို့အား ရာဇဝတ်ဂိုဏ်းခေါင်းဆောင် ကွိုင်ကီနှင့် တရားမဝင် ဆက်ဆံခဲ့သည်ကို အပြစ်ပေးသည့် အနေဖြင့် ၄င်းကုမ္ပဏီများ၏ လုပ်ငန်းများ ၁၉၉၇ ခုနှစ်ကုန်အထိ ရပ်ဆိုင်းထားရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ဘဏ္ဍာရေး ဝန်ကြီးဌာနက ချမှတ်ခဲ့သည့် ပြစ်ဒဏ်များတွင် ယခုပြစ်ဒဏ်မှာ အပြင်းထန်ဆုံး ဖြစ်သည်ဟု ဆိုသည်။ နိမူရာ ကုမ္ပဏီ၏ ဥက္ကဋ္ဌ အသစ်ဖြစ်သူ ဂျုန်ချီအူဂျိအီးကလည်း ကုမ္ပဏီ၏ မသင့်လျော်သည့် လုပ်ရပ်များအတွက် တောင်းပန်စကား ပြောကြားခဲ့သည်။ ထို့ပြင် ကုမ္ပဏီ၏ ထိပ်တန်းဘုတ် အဖွဲ့ဝင်များ၏ လစာကို ဖြတ်တောက်မည် ဖြစ်ကြောင်း ကြေညာပြီး နောင်တွင် ဤကဲ့သို့ မသမာမှုမျိုး မည်သည့်အခါမှ မဖြစ်ပေါ်စေရအောင် ဆောင်ရွက်သွားရန် ကုမ္ပဏီအနေဖြင့် ပိုင်းဖြတ်ထားပြီး ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့သည်။ ယင်းသို့ ရှိနေခဲ့ ရာမှ စက်တင်ဘာ ၁၇ ရက်နေ့တွင် ယာမာအီချီ စတော့ ရှယ်ယာအရောင်းအဝယ် ကုမ္ပဏီ၏ အမှုဆောင် အဟောင်းနှင့် အသစ် စုစုပေါင်း ငါးဦးကို ရာဇဝတ်ဂိုဏ်းခေါင်းဆောင် ကွိုင်ကိအား တရားမဝင် ငွေလွှဲပြောင်းပေးခဲ့မှုဖြင့် ရဲက ဖမ်းဆီးခဲ့သည်။ ဂျပန်နိုင်ငံ၏ ဒုတိယအကြီးဆုံး စတော့ရှယ်ယာ အရောင်းအဝယ် လုပ်ငန်းဖြစ်သည့် ဒိုင်ဝါကုမ္ပဏီကလည်း ကုမ္ပဏီ၏ သဘာပတိ၊ ဥက္ကဋ္ဌနှင့်အခြား ထိပ်တန်း အမှုဆောင် ငါးဦးတို့သည် ရာဇဝတ်ဂိုဏ်းခေါင်းဆောင် ကွိုင်ကိအား ငွေကြေးများ လွှဲပြောင်းပေးခဲ့သည်ဟု စွပ်စွဲခံ ထားရသဖြင့် ၄င်းတို့၏ ရာထူးများမှ နုတ်ထွက်မည်ဟု ကြေညာခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး– ဂျပန်ဝန်ကြီးချုပ် ဟာရှိမိုတိုသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ငါးနိုင်ငံသို့ ရှစ်ရက်ကြာသွားရောက်မည့်ခရီးစဉ်ကို ၁၉၉၇ ခုနှစ်၊ ဧန်နဝါရီ ၇ ရက်နေ့တွင် စတင်ခဲ့သည်။ ဤခရီးစဉ်မှာ ၁၉၉၆ ခုနှစ်၊ ဧန်နဝါရီလတွင် ဝန်ကြီးချုပ် တာဝန်ယူပြီး နောက်ပိုင်း ပထမဆုံး အာရှခရီးစဉ်ဖြစ်သည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုအရေးပါလာသည့် အလျောက် ဂျပန်နှင့် အာဆီယံနိုင်ငံများကြား ဆက်ဆံရေးကို ပိုမို ခိုင်မာလာစေရန် ရည်ရွယ်ပေသည်။ ၁၉၉၆ ခုနှစ်တွင် အာဆီယံ



ရာထူးမှ နုတ်ထွက်ခဲ့ရသည့် နိုမူရာကုမွကီဥက္ကဋ္ဌဆာကာမာကီ (အောက်ဝဲအစွန်)နှင့် ဥက္ကဋ္ဌအသစ်ဖြစ်လာသူ အာဂျိအီး (အပေါ်ယာအစွန်)



နိုင်ငံများ:အနေဖြင့် ဂျပန်နိုင်ငံ ကုန်သွယ်မှု၏ ၁၆ ရာခိုင်နှုန်း:ရှိပြီး ရေနံ ၁၀ ရာခိုင်နှုန်း:နှင့် သဘာဝ ဓာတ်ငွေ့ ၈၀ ရာခိုင်နှုန်း တင်ပို့ခဲ့သည်။ ဝန်ကြီး:ချုပ် ဟာရှိမိုတိုသည် ၄င်း:၏ ခရီး:စဉ်အတွင်း: ဘရူနိုင်း၊ အင်ဒိုနီး:ရှား၊ စင်ကာပူ၊ မလေး:ရှား:နှင့် ဗီယက်နမ်နိုင်ငံများ:သို့ သွား:ရောက်ခဲ့သည်။

ဧပြီလ ၂၄ ရက်မှ ၂၆ ရက်အထိ ဝန်ကြီး:ချုပ်ဟာရှိမိုတိုသည် အမေရိကန်ပြည်ထောင်စု သို့ သွား:ရောက်ခဲ့ပြီး: အမေရိကန်သမ္မတ ဘီလ်ကလင်တန်နှင့် တွေ့ဆုံဆွေး:နွေး:ခဲ့သည်။ (အမေရိကန်ပြည်ထောင်စု–ရှု။) အမေရိကန်ခရီး:စဉ် ပြီး:ဆုံး:ပြီး:နောက် ဟာရှိမိုတိုသည် ဩစတြေး:လျနှင့် နယူး:ဇီလန်နိုင်ငံများ:သို့ ဆက်လက်သွား:ရောက်ပြီး: ထိပ်တန်း ခေါင်း:ဆောင်များ:နှင့် တွေ့ဆုံဆွေး:နွေး:ခဲ့သည်။

ဝန်ကြီး:ချုပ်ဟာရှိမိုတိုသည် စက်တင်ဘာ ၄ ရက်မှ ၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွား:ရောက်လည်ပတ်ခဲ့သည်။ ၄င်း:၏ ခရီး:စဉ်အတွင်း: ဟာရှိမိုတိုသည် တရုတ်ခေါင်း:ဆောင်များ: ဖြစ်သည့် သမ္မတကျန်ဇီမင်း၊ ဝန်ကြီး:ချုပ် လီပင်း:တို့နှင့် တွေ့ဆုံဆွေး:နွေး:ခဲ့သည်။ ဆွေး:နွေး:ရာတွင် လုံခြုံရေး:ရာ ကိစ္စများ:နှင့် အထူး:အာ:ဖြင့် အမေရိကန်– ဂျပန်ကာကွယ်ရေး:ပူး:ပေါင်း: ဆောင်ရွက်မှု လမ်း:ညွှန်ချက်များ: ပါဝင်ပေသည်။

နိဝင်ဘာ ၁ ရက်နှင့် ၂ ရက်နေ့များ:တွင် ဂျပန်ဝန်ကြီး: ချုပ် ဟာရှိမိုတိုနှင့် ရုရှား:သမ္မတ ဘောရစ်ယဲ့လ်ဆင်တို့သည် ဆိုက်ဗေး:ရီး:ယန်း:မြို့တော် ဖြစ်သည့် ကရာ့စ်နိုယား:စ်ခ်မြို့တွင် အလွတ်သဘော တွေ့ဆုံဆွေး:နွေး:ခဲ့သည်။ ဆွေး:နွေး:ပွဲ အပြီး:တွင် ဟာရှိမိုတိုက ခေါင်း:ဆောင်နှစ်ဦး:တို့ အနေဖြင့် သက္ကရာဇ် ၂၀၀၀ တွင် ငြိမ်း:ချမ်း:ရေး:စာချုပ် ချုပ်ဆိုနိုင်ရေး: အတွက် အစွမ်း:ကုန် ကြိုး:ပမ်း:ဆောင်ရွက်သွား:ရန် သဘော တူညီခဲ့ကြောင်း: သတင်း:ထောက်များ:အား: ပြောကြား:ခဲ့သည်။ နှစ်နိုင်ငံတို့ အနေဖြင့် ဂျပန်နိုင်ငံတွင်ရှိ ကျွန်း: လေး:ကျွန်း: ပိုင်ဆိုင်မှုပြဿနာကြောင့် ပစိဖိတ်စစ်ပွဲ ပြီး:ဆုံး:သည့် တရား:ဝင်စာချုပ်ကို ချုပ်ဆိုပြီး:စီး:ခြင်း: မရှိခဲ့သေး:ချေ။ ရုရှား:တို့ သိမ်း:ပိုက်ထား:သည့် အဆိုပါ ကျွန်း:များ:အရေး:နှင့် စပ်လျဉ်း:သည့် အနာဂတ်ညှိနှိုင်း: ဆွေး:နွေး:ပွဲများ:ကို တိုက္ကျို ကြေညာစာတမ်း:ပေါ်တွင် အခြေခံဆောင်ရွက်မည်ဟု ဟာရှိမိုတိုက ပြောကြား:ခဲ့ သည်။ တိုက္ကျို ကြေညာစာတမ်း:မှာ ၁၉၉၃ ခုနှစ်က ရုရှား: သမ္မတဘောရစ်ယဲ့လ်ဆင် ဂျပန်နိုင်ငံသို့ လာရောက် လည်ပတ် စဉ်ကထုတ်ပြန်ခဲ့ခြင်း: ဖြစ်သည်။ ကျွန်း:လေး:ကျွန်း: ပြဿနာကို ဥပဒေနှင့်တရား:မျှတမှုကို အခြေခံ၍ အဖြေရှာ ဆောင်ရွက်သွား:ရန် ထိုစာတမ်း:က တိုက်တွန်း:ထား:သည်။ ဘောရစ်ယဲ့လ်ဆင်က ဟာရှိမိုတိုနှင့် ဆွေး:နွေး:ခဲ့ရခြင်း:မှာ

နှစ်နိုင်ငံဆက်ဆံရေးတွင် အခက်အခဲများကို ကျော်လွှားနိုင်ခဲ့သည့် ဆွေးနွေးပွဲအဖြစ် ဖော်ပြ ပြောဆိုခဲ့သည်။ အငြင်းပွားလျက်ရှိသည့် ကျွန်းလေးကျွန်းမှာ ရုရှားနိုင်ငံတွင် ကူရိုင်းကျွန်းများဟု သိရှိကြပြီး ကျပန်နိုင်ငံတွင် မြောက်ပိုင်းနယ်မြေဒေသများဟု အများသိထားကြသည်။

စပင်ဆာ, ဒိုင်ယာနာ(ခရစ် ၁၉၆၁– ၁၉၉၇) ။ ။

ဒိုင်ယာနာ စပင်ဆာကို ၁၉၆၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒိုင်ယာနာမှာ အဋ္ဌမမြောက် စပင်ဆာ မြို့စားကြီး၏ တတိယမြောက်သမီးတော်ဖြစ်သည်။ လန်ဒန်တွင် သူငယ်တန်းပြ ဆရာမအဖြစ် မလုပ်ကိုင်မီ ဒိုင်ယာနာမှာ သီးသန့်ပညာသင်ယူမှုကို ရရှိခဲ့သည်။ ဤသို့ဖြင့် ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလတွင် သူမထက်အသက် ၁၀ နှစ်ကြီးသော ချာလ်စ်မင်းသားနှင့် စေ့စပ်ကြောင်းလမ်းကြောင်း ကြေညာလိုက်သည့်အခါ ဒိုင်ယာနာမှာ အများပြည်သူတို့အလယ်တွင် လူသိများကာ ထင်ပေါ်ကျော်ကြားသည့် အဖြစ်သို့ရောက်ရှိလာခဲ့သည်။ ချာလ်စ်မင်းသားနှင့် ဒိုင်ယာနာတို့သည် စိန့်ပေါဘုရားကျောင်းတွင် ၁၉၈၁ ခုနှစ်ဇူလိုင်လတွင် ထိမ်းမြားလက်ထပ်ခဲ့သည်။ သားတော်နှစ်ပါးထွန်းကားခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် သားတော်အကြီး မင်းသားဝီလီယံကို ဖွားမြင်ခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် သားတော်အငယ် မင်းသားဟင်နရီကို ဖွားမြင်သည်။ ဒိုင်ယာနာမှာ အများပြည်သူတို့အလယ်တွင် အလွန်ထင်ရှားကျော်ကြားလင့်ကစား သူမ၏အိမ်ထောင်ရေးတွင် ပြဿနာများ ရှိခဲ့သည်ဆိုသည့်အချက်မှာ တစ်စတစ်စ ပိုမိုပေါ်လွင်လာခဲ့သည်။ သို့ဖြစ်ရာ ၁၉၉၂ ခုနှစ် နောက်ပိုင်းတွင် ချာလ်စ်မင်းသားနှင့် ဒိုင်ယာနာတို့သည် တရားဝင် ခွဲခွာနေထိုင်ခဲ့ကြသည်။

ယင်းနောက်ပိုင်းတွင် ဒိုင်ယာနာသည် သူမလုပ်ကိုင်နေကျဖြစ်သည့် ကုသိုလ်ဖြစ် စေတနာရှင်လုပ်ငန်းများကို ဆက်လက် လုပ်ကိုင် ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် ဒိုင်ယာနာသည် ၁၉၉၃ ခုနှစ်တွင် အများပြည်သူ မြင်ကွင်းတွင် ထင်ထင်ပေါ်ပေါ် သွားလာလှုပ်ရှား၊ ဆောင်ရွက်လုပ်ကိုင်ခြင်းကို လျှော့ချခဲ့သည်။ ထို့ပြင် သူမအား ကိုယ်ပိုင်သီးသန့်လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားခွင့် ပိုမိုပေးရန် စာနယ်ဇင်းသမားများကို ပန်ကြား ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ပနော်ရာမားရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် သူမ၏ခင်ပွန်းဖြစ်သူ ချာလ်စ်မင်းသားသည် ကမ်မီလ်လာပတ်ကာဘောင်လ်စ် ဆိုသည့် အမျိုးသမီးနှင့်ကာလကြာမြင့်စွာ အိမ်ထောင်ရေး ဖောက်ပြန်မှုရှိခဲ့သည်ဟု ဒိုင်ယာနာက အတည်ပြုပြောကြား ခဲ့သည်။ ထို့ပြင်သူမကိုယ်တိုင် ထူးခြားသည့် အိမ်ထောင်ရေးဆက်ဆံမှု ရှိခဲ့ကြောင်းနှင့် အစားအသောက်မမှန်သည့်ရောဂါခံစားနေရကြောင်း ဒိုင်ယာနာက ဝန်ခံပြောကြား ခဲ့သည်။ ချာလ်စ်မင်းသားနှင့် ကွာရှင်းပြတ်စဲခြင်းကို လက်ခံရန် ဒိုင်ယာနာအနေဖြင့် တွန့်ဆုတ်နေခဲ့သော်ငြားလည်း တစ်စတစ်စဖြင့် ဖိအားပေးခြင်းကို အလျှော့ပေးလိုက်လျော့ခဲ့ရပြီး ၁၉၉၆ ခုနှစ်၊ ဩဂုတ်လတွင် ကွာရှင်းပြတ်စဲခြင်းကို အပြီးသတ် လုပ်ဆောင်ခဲ့သည်။ ချာလ်စ်နှင့် ဒိုင်ယာနာတို့သည် ၁၉၉၆ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် တရားဝင် ကွာရှင်းပြတ်စဲခဲ့ကြသည်။ ကွာရှင်းပြတ်စဲမှု သဘောတူညီချက်အရ ဒိုင်ယာနာသည် တစ်လုံးတစ်ခဲတည်းအဖြစ် ဒေါ်လာ ၂၆ ဒသမ ၃၅ သန်းရရှိပြီး ဒိုင်ယာနာ၏ ရုံးနှင့် ဝန်ထမ်းများအတွက် နှစ်စဉ်ဒေါ်လာ ၆,၂၀,၀၀၀ ရရှိခဲ့သည်။ သို့ရာတွင် ဒိုင်ယာနာသည် တော်ဝင်မင်းသမီးဘွဲ့ကို စွန့်လွှတ်ပြီး ဝေလမင်းသမီးဟုသာ အသုံးပြုရမည်ဟု သဘောတူညီခဲ့ရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၇- စာ၊ ၂၉၀-ရှ။) ဒိုင်ယာနာသည် ချာလ်စ်နှင့် ကွာရှင်းပြတ်စဲခဲ့ပြီးနောက် မသေဆုံးမီ လအနည်းငယ်အတွင်းတွင် ကမ္ဘာအနှံ့ မြေမြှုပ်မိုင်းများ ထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်းကို တားမြစ်ပိတ်ပင်ရန် လှုပ်ရှားမှုများတွင် ပိုမိုပါဝင်လုပ်ဆောင်ခဲ့သည်။

ဤသို့ အများပြည်သူကြားတွင် ကျော်ကြားထင်ရှားခဲ့သည့် တော်ဝင်ဗြိတိန်မင်းသမီးဒိုင်ယာနာသည် ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင်ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကားတိုက်မှုဖြစ်ပြီးနောက်ပါရီမြို့အရှေ့တောင်ဘက်ရှိ ပီတီးဟတ်လ်ပီထရီဆေးရုံတွင် ကွယ်လွန်ခဲ့သည်။ အသက် ၃၆ နှစ်ရှိ မင်းသမီးဒိုင်ယာနာသည် ခွဲစိတ်ပြီးမကြာမီ အဆုတ်သွေးကြောပေါက်ကာ သွေးယိုစီးထွက်မှုကြောင့် သေဆုံးသွားခြင်း ဖြစ်သည်။

ယာဉ်တိုက်မှုသည် ညသန်းခေါင်၌ ဖြစ်ပွားခြင်းဖြစ်ပြီး ဆိန်းမြစ်ကမ်း အယ်လ်မာတံတား အောက် ပါရီလမ်းမကြီး၏ လိုဏ်ခေါင်းတစ်ခု၌ ဖြစ်သည်။ ဒိုင်ယာနာနှင့် အဖော်ပါလာသူ အီဂျစ်သန်းကြွယ်သူဌေးကြီး ဒိုဒီအယ်လ်ဖေးယက်နှင့် ယာဉ်မောင်းတို့လည်း နေရာတွင် ပွဲချင်းပြီးသေဆုံးပြီး ဒိုင်ယာနာ၏ သက်တော်စောင့်မှာ ဒဏ်ရာအကြီးအကျယ်ရရှိသည်။ ကားပေါ်တွင် လူလေးဦးပါရှိပြီး မင်းသမီး ဒိုင်ယာနာ၏ ကားနောက်သို့ ဓာတ်ပုံသတင်းထောက်များ မော်တော်ဆိုင်ကယ်တစ်စီးဖြင့် လိုက်လာစဉ် ယာဉ်တိုက်မှု ဖြစ်ပွားခြင်းဖြစ်သည်။

မင်းသမီးဒိုင်ယာနာသေဆုံးသည့် သတင်းကြား၍ သဖြင့် ခင်ပွန်းဟောင်းမင်းသားချားလ်စ်နှင့် ဒုတိယမြောက် အယ်လီဇာဘက် ဘုရင်မကြီးတို့ အကြီးအကျယ်တုန်လှုပ်ခြောက်ခြား၍ စိတ်ဒုက္ခရောက်ရကြောင်း ဘာကင်ဟမ်

တော်ဝင်မြိတိန်မင်းသမီး

ဒိုင်ယာနာ



နန်းတော်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ဒိုင်ယာနာ၏ ရုပ်အလောင်းကို ဗြိတိန်နိုင်ငံသို့ ပြန်လည်သယ်ဆောင်ခဲ့သည်။ ခင်ပွန်းဟောင်း မင်းသားချားလ်စ်နှင့် ဒိုင်ယာနာ၏ ညီအစ်မနှစ်ဦး ပြင်သစ်နိုင်ငံ ပါရီသို့ သွားရောက်ကာ ရုပ်အလောင်းကို ပြန်လည်သယ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ဗြိတိန်ဝန်ကြီးချုပ် တိုနီ ဘလဲယား၊ ကာကွယ်ရေးဝန်ကြီး ကျော့ချ်ရော ဘတ်ဆွန်နှင့် ဘုရား ကျောင်းအကြီးအကဲများက လေဆိပ်မှ စောင့်ခဲ့ကြသည်။

ယာဉ်တိုက်မှုဖြစ်ပွားချိန်တွင် ယာဉ်မောင်းပေါလ်သည် အရက်သောက်ထားပုံရသည်ဟု ဆိုသည်။ ယာဉ်မောင်း သူ၏ သွေးကိုစစ်ဆေးကြည့်ရာတွင် သွေးထဲ၌အရက် ၁ ဒသမ ရှ ဂရမ်ပါရှိနေကြောင်း တွေ့ရှိရသည်ဟု ပါရီပြည်သူ့ ရှေ့နေများရုံးမှ ထုတ်ပြန်သည့် သတင်းကြေညာချက်၌ ဖော်ပြ ထားသည်။ ဥပဒေက ခွင့်ပြုသည့် သွေး၌ အရက် ပါဝင်နှုန်းမှာ သုညဒသမ ၅ ဂရမ် ဖြစ်သည်။

ပြည်သူသန်းပေါင်းများစွာ၏ ချစ်မြတ်နိုးမှုကို ရရှိခဲ့သော်လည်း ကြေကွဲစရာအဖြစ်နှင့် ဘဝနိဂုံးချုပ်ခဲ့ရသူ မင်းသမီးဒိုင်ယာနာ၏ နောက်ဆုံးခရီးကို သားတော်ဝိလိယံ မင်းသား၊ ဟင်နရီမင်းသားနှင့် ကြင်ရာတော်ဟောင်း ချာလ်စ်မင်းသားတို့ ခြံရံလျက် ၁၉၉၇ ခုနှစ်၊ စက်တင်ဘာ ၆ ရက်နေ့တွင် စတင်သည်။

လန်ဒန်လမ်းများပေါ်တွင် ပြည်သူများက သန်းနှင့်ချီပြီး တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ဆိုင်းပြီးတော်ဝင် အလံလွှမ်းထားသော ဒိုင်ယာနာ၏ ခေါင်းတင်ထားသော မြင်းခြောက်ကောင်ဆွဲအမြောက်လှည်းဖြတ်သွားသည်ကို ကြည့်ရှုခဲ့ကြသည်။ ပြည်သူအများအပြားပင် စိတ်မထိန်းနိုင်ဘဲ ငိုကြွေးကြသည်။

ဘုရင်မကြီး အယ်လီဇာဘက်သည် ချွေးမတော်ဟောင်း၏ ရုပ်ကလာပ်ဖြတ်သွားသည်ကို မျိုးဆက်သုံးဆက်ပါဝင်သည့် မိသားစုနှင့်အတူ ဘက်ကင်ဟမ်နန်းတော်ဝင်းအပြင်မှ စောင့်ကြိုခဲ့သည်။ ဒိုင်ယာနာမင်းသမီး၏ ရုပ်ကလာပ်ဖြတ်သန်းသွားသည့်အခါတွင် တော်ဝင်မိသားစုက ဦးညွတ်အလေးပြုကြသည်။

ဒိုင်ယာနာမင်းသမီး၏ ခေါင်းတင်အမြောက်လှည်း ကင်ဆင်တန် နန်းတော်ရှေ့ရောက်သောအခါ မင်းသမီး

သုံးပါး သည် နောင်တော် အား လစ်စပင်ဆာနှင့် ဘုရင်မကြီး၏ ကြင်ရာတော် ဖိလစ်မင်းသား တို့နှင့်အတူ အမြောက်လှည်း နောက်မှ ဦးခေါင်းကို ညွှတ်ကာလိုက်ခဲ့ကြသည်။ ဒိုင်ယာနာ မင်းသမီး၏ ခေါင်းပေါ်တွင် မာမီဟု လိပ်မူထား သော စာအိတ်တစ်လုံးကို တင်ထားသည်။

ထိုနေ့က ထူးခြားချက်မှာ နန်းတော်တွင် တော်ဝင် အလံကို တိုင်ဝက်ထူထားခြင်းနှင့် ဘုရင်မကြီး ဝတ်ကျောင်း တော်သို့ ထွက်ခွာသွားချိန်တွင် တော်ဝင်အလံကိုချပြီး ယူနီယံဂျက်အလံကို တိုင်ဝက်လွှင့်ထူခဲ့ခြင်းတို့ ဖြစ်သည်။

ဒိုင်ယာနာ၏ ရုပ်ကလာပ်ဝတ်ပြု ဆုတောင်းပွဲ ကျင်းပ မည့် ဝက်စမင်စတာအက်ဘေး ဝတ်ကျောင်းတော် အနီး ချဉ်းကပ်လာချိန်တွင် ဝတ်ကျောင်းတော်မှ ခေါင်းလောင်း ထိုးပေးသည်။ ခေါင်းလောင်းသံမှာ တစ်မိနစ် တစ်ကြိမ် ပေါ်ထွက်လာသည်။

ဒိုင်ယာနာ မင်းသမီး၏ ရုပ်ကလာပ်ကို ဝတ်ကျောင်း တော်သို့ ပို့ဆောင်သူများတွင် ဒိုင်ယာနာ၏ လူလူချင်းစာနာ ထောက်ထား ရေး စေတနာ့ဝန်ထမ်းလုပ်ငန်း ၁၁၀ နှင့် ဆက်နွယ်နေသူများ လမ်းခုလပ်မှ ပါဝင်လာကြသည်။ အချို့ကလမ်းလျှောက်တုတ် အကူအညီနှင့် အချို့ကဘီးတပ် လှည်းများဖြင့်ပို့ဆောင်ကြသည်။

ဝတ်စမင်စတာအက်ဘေး ဝတ်ကျောင်းတော်တွင် ဂိုဏ်းချုပ်ဆရာတော် ဝတ်စလေကား၏ ဆုတောင်းမေတ္တာ ပို့စကားဖြင့် ဝတ်ပြုဆုတောင်းပွဲကို စတင်ခဲ့ပြီး နောက် နောင်တော်အား လစ်စပင်ဆာက ဒိုင်ယာနာ မင်းသမီး အား ချီးမွမ်းထောပနာစကား ပြောသည်။ အဆိုတော်အယ်လ် တန်ဂျွန်က "လေထဲမှဖယောင်းတိုင်" သီချင်းကို သီဆို ဂုဏ်ပြုသည်။

ဝတ်ပြုဆုတောင်းပွဲအပြီးတွင် ဒိုင်ယာနာ၏ ရုပ် အလောင်းကို လန်ဒန်မြောက်ဘက်မိုင် ၈၀ အကွာရှိ ၁၆ရာစု ကတည်းက စပင်ဆာမိသားစု ဆွေစဉ်မျိုးဆက်ပိုင်ဆိုင် ခဲ့သည့် အယ်သော့စံအိမ်ဝင်းအတွင်းသို့ အသုဘယာဉ်ဖြင့် ပို့ဆောင်ပြီးမြေမြှုပ်သင်္ဂြိုဟ်သည်။ ယင်းအခမ်းအနား သို့ စပင်ဆာမိသားစု၊ ချာလ်စ်မင်းသားနှင့် ဒိုင်ယာနာ၏ သားတော်နှစ်ပါးတက်ရောက်သည်။

စင်ကာပူနိုင်ငံ။ ။စင်ကာပူနိုင်ငံမှာစင်ကာပူ ကျွန်း၊ ကိုကို ကီလင်းကျွန်း၊ ခရစ္စမတ်ကျွန်းတို့ စုပေါင်းထားသော မြို့ပြနိုင်ငံဖြစ်သည်။ မလ္လာယုကျွန်းဆွယ် တောင်ဘက်စွန်း အနီး ကျွန်းငယ်တစ်ခုပေါ်တွင် တည်ရှိ၍ ဗြိတိသျှ အင်ပါယာ၏ အရေးပါသော အရှေ့ပိုင်းရေကြောင်း ခံတပ် မြို့ဖြစ်ခဲ့ဖူးသည်။ ဂျိုဟိုးရေလက်ကြားကို ဖြတ်လျက် မီးရထားလမ်း၊ လူသွားလမ်းရှိသော တာရိုးလမ်းဖြင့် မလေးရှားနိုင်ငံနှင့် ဆက်သွယ်ထားသည်။ အလျား ၂၆ မိုင်၊ အနံ ၁၄ မိုင်ရှိသော ကျွန်း၏ တောင်ဘက်ခြမ်းတွင် မြို့တည်ရှိ၍ မြောက်ဘက်တွင် ရေကြောင်းခံတပ်ကြီးများ ရှိသည်။ အနီးအနား ရှိ ကျွန်းငယ်များပါ ပေါင်းထည့်လျှင် စတုရန်းမိုင် ၂၂၀ ကျော်ရှိသည်။ စင်ကာပူသည် ၁၃ ရာစုနှစ်နှင့် ၁၄ ရာစုနှစ်လောက်က မလေးလူမျိုးတို့၏ အရေးပါ သောမြို့ ဖြစ်ခဲ့၍ ၁၃၆၅ ခုနှစ်တွင် ဂျာဗား လူမျိုးတို့၏ ဝင်ရောက်တိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။ ၁၈၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဆူမတြာကျွန်း ဗင်ကူလင်းဘုရင်ခံ ဆာစတမ်းဖို့ရက်ဖဲဆိုသူက စင်ကာပူမြို့ ကို တည်ထောင် ဆောက်လုပ်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ဂျပန်လက်သို့ ကျရောက် ခဲ့၍ ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ဗြိတိသျှ တို့လက်သို့ ပြန်လည်ရောက်ရှိပြီးနောက် ၁၉၄၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ဗြိတိသျှအုပ်ချုပ်ရေးကို ရုပ်သိမ်း၍ မြို့ပြ အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်လာခဲ့သည်။

ပြည်သူ့လွှတ်ရှာမူပါတီကို ၁၉၅၉ ခုနှစ်တွင် လီကွမ်ယူ က တည်ထောင်ခဲ့၍ ထိုပါတီမှ ဝန်ကြီးချုပ် ဂိုချုပ်တောင်က စင်ကာပူနိုင်ငံကို ယခုတိုင်ဦးဆောင်လျက်ရှိသည်။ စင်ကာပူ သည် သန့်ရှင်းပြီး စီးပွားရေးခိုင်မာတောင့်တင်း၍ လူတိုင်း အား အလုပ်အကိုင်ပေးနိုင်သည်။ မူးယစ်ဆေးဝါး ပြဿနာ ကို ထိန်းထားနိုင်၍ ရာဇဝတ်မှု နည်းပါးပြီး ပြည်သူလူထု သွားလာရေးအဆင်ပြေသည်။ စင်ကာပူနိုင်ငံအား လက် အောက်ခံကိုလိုနီဘဝတွင် အဘက်ဘက်၌ ခေတ်နောက်ကျ နေခဲ့ရာမှ လျှမ်းလျှမ်းတောက်ခေတ်မီပြီး စီးပွားရေးတိုးတက် အောင်ပြုပြင်ဖော်ဆောင်ရာတွင် ချီးကျူးခံရသူမှာလီကွမ်ယူ ဖြစ်သည်။ သူသည် ယခုအခါ စင်ကာပူအစိုးရအဖွဲ့တွင်


"ဝါရင့် ဝန်ကြီး" ဘွဲ့ယူကာ ဩဇာကြီးမား လျက်ရှိသည်။
(စွယ်စုံနှစ်ချုပ် ၁၉၉၅ – စာ၊ ၂၁၀ – ရှု၊)


နိုင်ငံရေး – စင်ကာပူ အထွေထွေရွေးကောက်ပွဲ ဆန္ဒမဲ ပေးပွဲများကို ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့က ကျင်းပခဲ့ပြီး ဆန္ဒမဲအနိုင်အရှုံးစာရင်းများကို ဇန်နဝါရီလ ၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ရာ ဝန်ကြီးချုပ် ဂိုချုပ်တောင်၏ အာဏာရ(ပီအေပီ) ပါတီက အမတ်နှစ်နေရာမှတစ်ပါး ကျန် အမတ်နေရာအား လုံးတွင် အနိုင်ရရှိသည်။ စင်ကာပူ ပါလီမန်ရှိ အမတ်နေရာ ၈၃ နေရာအနက် အတိုက်အခံပါတီများက ၃ ဖြ နေရာတွင်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမတ်နေရာ နှစ်နေရာတွင်သာ အနိုင်ရရှိခဲ့သည်။ ယခု ရွေးကောက်ပွဲမှာ အလှည့်အပြောင်း ရွေးကောက်ပွဲတစ်ရပ် ဖြစ်သည်။ မဲဆန္ဒရှင်တို့သည် လူ့အဖွဲ့အစည်းထက် တစ်ဦး ချင်း၏ အခွင့်အရေးကိုတန်ဖိုးထားသော အနောက်လစ်ဘရယ် ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်ကို လက်မခံငြင်းပယ်ခဲ့ကြခြင်း ဖြစ်သည်ဟု ဂိုချုပ်တောင်က ပြောကြား:သည်။ အတိုက်အခံတို့သည် ပါလီမန်ဟောင်းတွင် အမတ်နေရာ လေးနေရာ ရရှိခဲ့ရာမှ ယခုအကြိမ် နှစ်နေရာ ထပ်မံဆုံးရှုံးခဲ့ရသည်။

အထွေထွေရွေးကောက်ပွဲတွင် မဲအပြတ်အသတ်နှင့် အနိုင်ရရှိပြီးနောက် ဇန်နဝါရီလ ၁၈ ရက်နေ့က စင်ကာပူ ဝန်ကြီးချုပ် ဂိုချုပ်တောင်သည် အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော အစိုးရအဖွဲ့ဝင် ဝန်ကြီးများကိုယခင်အတိုင်း ပြန်လည်ခန့်ထားခဲ့သည်။ နိုင်ငံကို တည်ထောင်သူ ဝါရင့်နိုင်ငံရေး သမားကြီး လီကွမ်ယူကို အာဏာ အပြည့်အဝရှိသော အကြံပေးပုဂ္ဂိုလ်အဖြစ် ဆက်လက် ခန့်ထား:သည်။ ဝန်ကြီးချုပ် ဂိုချုပ်တောင် ကြေညာခဲ့သော အစိုးရအဖွဲ့ကို ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဝေဖန်ချက်အမျိုးမျိုး ထွက်ပေါ်လာခဲ့သည်။ နှစ်နှစ်အတွင်း နောက်ထပ်အစိုးရအဖွဲ့ အပြောင်းအလဲ ပြုလုပ်မည်ဖြစ်ကြောင်း အစိုးရကြေညာချက်၌ ဖော်ပြထား:သည်။

အာရှတိုက်၏ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာသော စီးပွား:ရေးသည် အထူးသဖြင့် တရုတ်ပြည်ကစီးပွား:ရေး အင်အား:ကြီးနိုင်ငံအဖြစ် ပေါ်ပေါက်လာချိန်တွင် စိတ်သဘောထား: ကွဲလွဲမှုများ ဖြစ်လာနိုင်ကြောင်း စင်ကာပူ

ရွေးကောက်ပွဲတွင်အနိုင်ရရှိသည့် အာဏာရ(ပီအေပီ)ပါတီအား:ထောက်ခံကြသူများ (ဝဲ)နှင့် လူငယ်တစ်ဦး:ဆန္ဒမဲပေး:နေစဉ်(ယာ)





ဝန်ကြီးချုပ် ဂိုချုပ်တောင်က မတ်လ ၁၀ ရက်နေ့တွင် ပြောကြား:သည်။ အာရှတိုက်အတွင်: စီးပွား:ရေး:တိုး:တက်သော ပြိုင်ဘက်နိုင်ငံများ:သည် အလွယ်တကူပင် သဘောထား: ကွဲမှု၊ တင်:မာမှု သို့မဟုတ် ပဋိပက္ခမှုများ: ဖြစ်လာနိုင်သည်ဟု စင်ကာပူ၌တစ်ရက်ကြာကျင်:ပသော အမေရိကန်–အာဆီယံ စီးပွား:ရေး လုပ်ငန်:ကောင်စီအစည်:အဝေ:တွင် ဂိုချုပ်တောင်က ပြောကြား:သည်။ လာမည့် ၂၅ နှစ်အတွင်: တရုတ်၊ အင်ဒိုနီ:ရှား:၊ တောင်ကိုရီ:ယား:နှင့် ထိုင်:နိုင်ငံတို့၏ စီးပွား:ရေးများ:သည် ကမ္ဘာ့အကြီး:ဆုံး စီးပွား:ရေးနိုင်ငံ ၂၀ ၏ အချို့ဖြစ်လာမည်ဟု ဂိုချုပ်တောင်က ပြောကြား:သည်။ ဖြစ်ပေါ်လာနိုင်သော ပဋိပက္ခမှု တစ်စုံတစ်ရာကို တား:ဆီး:ရပ်စဲနိုင်မည့် တစ်ခုတည်:သော နည်:လမ်:မှာ စီးပွား:ရေး:ကို ပိုမိုပူး:ပေါင်:ဆောင်ရွက်ခြင်:ပင် ဖြစ်သည်။ အာဆီယံဒေသ၏ အဓိကပို့ကုန်ဈေး:ကွက်နှင့် ရင်:နှီ:မြှုပ်နှံမှု ဈေး:ကွက်ဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် စီးပွား:ရေးဆက်ဆံမှုတိုး:မြှင့်သွား:ရန် အရေး:ကြီး:သည် စသဖြင့် ဂိုချုပ်တောင်က ပြောကြား:သည်။

တင်:မာခဲ့သော နှစ်နိုင်ငံဆက်ဆံရေး တိုး:တက်ကောင်:မွန်စေရန် ကြိုး:ပမ်:ရာ၌ မလေ:ရှား:နိုင်ငံနှင့် ပိုမိုကျယ်ပြန့်စွာ ပူး:ပေါင်:ဆောင်ရွက်သွား:ရန် စင်ကာပူနိုင်ငံက တိုက်တွန်:လိုက်သည်ဟု စထရိတ်တိုင်:သတင်:စာက ဇွန်လ ၆ ရက်နေ့တွင် ရေး:သား:ဖော်ပြသည်။ ပါလီမန်တွင်ဇွန်လ ၅ ရက်နေ့က မိန့်ခွန်:ပြောကြား:ရာ၌ ဝန်ကြီးချုပ်ဂိုချုပ်တောင်က နှစ်နိုင်ငံအကြား:ပေါ်ပေါက်နေသော အခက်အခဲပြဿနာများ ဖြေရှင်:ရေး:မူများ:ကိုတင်ပြခဲ့သည်။ မလေ:ရှား:တောင်ပိုင်:ရှိ ဂျိုဟာပြည်နယ်ကိုရည်ညွှန်:လျက်ဝါရင့်ဝန်ကြီး:လီကွမ်ယူက ကြေညာချက်ထုတ်ပြန်ခြင်:ကြောင့် စင်ကာပူနှင့်မလေ:ရှား:နှစ်နိုင်ငံအကြား: အငြင်:ပွား:ခဲ့ကြသည်။ စင်ကာပူနှင့် ဆက်ဆံရေး:ကို ယာယီရပ်ဆိုင်:ထား:ပြီး:နှစ်နိုင်ငံဆွေး:နွေး:မည့်ကိစ္စများ:ကိုရွေ့ဆိုင်:ထား:ရန် မလေ:ရှား:အစိုး:ရက ၁၉၉၇ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင်ဆုံး:ဖြတ်ခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ လီကွမ်ယူက လူသိရှင်ကြား:တောင်:ပန်ခဲ့သော်လည်: အချိန်တိုကာလအတွင်: နှစ်နိုင်ငံဆက်ဆံရေး:တိုး:တက် မလာနိုင်ကြောင်: မလေ:ရှား:အစိုး:ရက ပြောကြား:သည်။ စင်ကာပူနိုင်ငံသည် မလေ:ရှား:နိုင်ငံမှ ရေကို အကြီး:အကျယ် အား:ထား:နေရပြီး: ရေပို့ပေး:ရေး: နှစ်နိုင်ငံ သဘောတူညီချက်သည် သက္ကရာဇ် ၂၀၁၀ နှင့် ၂၀၆၀ တွင် သက်တမ်:ကုန်ဆုံး:မည် ဖြစ်သည်။

အိမ်နီ:ချင်: နှစ်နိုင်ငံ မကြာမီက ကတောက်ကဆ ဖြစ်ရာတွင် ပြင်:ထန်သောမှတ်ချက်ချမှုများ:ကြောင့် မလေ:ရှား:တွင် အပြင်:အထန် ဆန့်ကျင်ကန့်ကွက်သူများ: ပေါ်ပေါက်ခဲ့ပြီး: နှစ်နိုင်ငံဆက်ဆံရေး:မှာလည်: တုံ့ဆိုင်:သွား:ခဲ့သည်။ စင်ကာပူဝါရင့်ဝန်ကြီး: လီကွမ်ယူက သူ၏မှတ်ချက်များ: အတွက် နှစ်ကြိမ်တောင်:ပန်ခဲ့၍ စင်ကာပူတရား:ရုံး:များ:တွင် ထိုမှတ်ချက်များ:ကို တရား:ဝင်မှတ်တမ်:တင်ခြင်:မှ ရုပ်သိမ်း:ပေး:ခဲ့သည်။ ထိုကြောင့် နှစ်နိုင်ငံဆက်ဆံရေး:မှာ ချောမွေ့ပြေလည်သွား:ပြီဖြစ်ကြောင်: ဇွန်လ ၁၂ ရက်နေ့တွင် စထရိတ်တိုင်:သတင်:စာက ရေး:သား:ဖော်ပြသည်။



ဝါရင့်နိုင်ငံရေး သမား:ကြီး လီကွမ်ယူ

စင်ကာပူနိုင်ငံသည် မူး:ယစ်ဆေး:စွဲသူ အမာခံကျော်ရိ:များ:ကို ပြင်:ပြင်:ထန်ထန် အရေး:ယူရေး:အတွက် ယခုနှစ် ကုန်ပိုင်:တွင် မူး:ယစ်ဆေး:အလွဲသုံး:စား:လုပ်မှု အက်ဥပဒေကို ပြင်ဆင်ရန် အစိုး:ရက ဆုံး:ဖြတ်ထား:ကြောင်: ကြေညာကာ ယခုနှစ် မူး:ယစ်ဆေး: အလွဲသုံး:စား:လုပ်မှု ဆန့်ကျင်တိုက်ခိုက်ရေး: အမျိုး:သား:ရေး:လှုပ်ရှား:မှုကို ဇွန်လ ၂၆ ရက်နေ့က စတင်ဆောင်ရွက်ခဲ့သည်။ မူး:ယစ်ဆေး: အလွဲသုံး:စား:မှုသည် အမျိုး:သား:ရေး:နှင့်ဆိုင်သော ပြဿနာဖြစ်ကြောင်: ယင်:ပြဿနာသည် အလွန်လျင်မြန်စွာ အခြေအနေဆို:သထက် ဆို:လာနိုင်ကြောင်: ပြည်ထဲရေး:ဝန်ကြီး: ဝေါင်ကန်ဆင်က မူး:ယစ်ဆေး:အလွဲသုံး:မှု ဆန့်ကျင်တိုက်ဖျက်ရေး: အမျိုး:သား:ရေး:လှုပ်ရှား:မှုအား ဦးဆောင်ကာ ဦးစီးရမည်ဟု ပြောကြား:သွား:ခဲ့သည်။ ဥပဒေ ပြင်ဆင်ချက်တွင် ဘိန်:ပါ

သော အိပ်ဆေးစွဲသူ အမာခံကျောရိုးများကို ရုံးတင်တရားစွဲ၍ ထောင်ဒဏ်ငါးနှစ်မှ ခုနစ်နှစ်အထိနှင့်ကြိမ်ဒဏ် သုံးချက်မှ ခြောက်ချက်အထိ ပြစ်ဒဏ်စီရင်မည်ဖြစ်သည်။ စင်ကာပူနိုင်ငံတွင် မူးယစ်ဆေးအခြေအနေကို ထိန်းထားနိုင်ပြီး ၁၉၉၄ ခုနှစ်မှစ၍ ဖမ်းဆီးရမိသော မူးယစ်ဆေးစွဲသူ အရေအတွက်သည် လျော့ကျခဲ့သော်လည်း ၁၉၉၅ ခုနှစ် ကုန်ပိုင်းမှစ၍ အက်စတာဆီစွဲသူ ၇၀၀ ကျော်ကို တရားစွဲဆိုခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နှင့် ဥရောပသမဂ္ဂ (အီးယူ) တို့၏ ဆက်ဆံရေး ခိုင်မာတောင့်တင်းစေမည့် လက်တွေ့ကျသော နည်းလမ်းများကို ဖော်ထုတ်သွားရန် စင်ကာပူနိုင်ငံက ဇူလိုင်လ ၂၈ ရက်နေ့တွင် တိုက်တွန်းလိုက်သည်။ အာဆီယံကို မကြာမီက တိုးချဲ့လိုက်သည့်အတွက် အဖွဲ့ဝင်ကိုးနိုင်ငံအုပ်စုနှင့် အီးယူတို့နှစ်ဦးနှစ်ဖက်စလုံးအတွက် စိန်ခေါ်မှုအသစ် ပေါ်ပေါက်လာခဲ့ကြောင်း၊ ၄င်းတို့နှစ်ဦးနှစ်ဖက်လုံး၏ အပြန်အလှန် အကျိုးအမြတ်အတွက် စိန်ခေါ်မှုများကို ဖြေရှင်းပုံများသည် ၄င်းတို့၏ ရင့်ကျက်မှု၊ ဉာဏ်အမြော်အမြင် ရှိမှုနှင့် နိုင်ငံရေးအကဲဖြတ်မှု အရည်အချင်းတို့ကို စမ်းသပ်ချက်ပင် ဖြစ်မည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီး အက်စဂျာယာကူမာက အစည်းအဝေးတွင် ပြောကြားခဲ့သည်။

တရုတ်နှင့် စင်ကာပူနှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခြင်းအပေါ် အားရကျေနပ်မှုရှိကြောင်း စင်ကာပူသို့ အလည်အပတ် ရောက်ရှိနေသော ဇည့်သည်တော် တရုတ်ဝန်ကြီးချုပ် လီဖုန်းက သြဂုတ်လ ၂၆ ရက်နေ့က စင်ကာပူ၌ ထုတ်ဖော်ပြောကြားသည်။ စင်ကာပူ ဝန်ကြီးချုပ်ကိုချုပ်တောင်က တည်ခင်းဧည့်ခံသော ညစာစားပွဲတွင် လီဖုန်းက တရုတ်နှင့်စင်ကာပူနိုင်ငံတို့ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။ နှစ်နိုင်ငံခေါင်းဆောင်များလည်း မကြာခဏအပြန်အလှန် လည်ပတ်မှုများ ပြုလုပ်လျက်ရှိကြသည်။ မိမိတို့နှစ်နိုင်ငံသည် စီးပွားရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှုနှင့် ပညာရေးနယ်ပယ်များတွင် တိုးမြှင့် ဆက်ဆံလျက်ရှိကြပြီး နိုင်ငံတကာရေးရာတွင် ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးမူဝါဒချက်ပေါ် အခြေခံပြီး မိမိတို့နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုကို ဆက်လက် တိုးမြှင့်သွားမည်ဖြစ်ပြီး ၂၁ ရာစုအတွင်း ရောက်ရှိသွားသည့်အခါတွင် မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးမှာ မလွဲမသွေ အတွေးအမြင်သစ် တစ်ရပ်ကို ရယူပိုင်ဆိုင်မည်ဟု ယုံကြည်သည် စသဖြင့် ပြောကြားခဲ့သည်။

စီးပွားရေး – ၁၉၉၆ ခုနှစ်က စင်ကာပူနိုင်ငံသို့ ကမ္ဘာ့ခရီးသည် ၇ ဒသမ ၂ သန်းလာရောက်လည်ပတ်ခဲ့ရာ အမေရိကန်၊ ဗြိတိန်၊ တရုတ်နှင့် အိန္ဒိယနိုင်ငံသားများ ပိုမိုလာရောက်ကြကြောင်း၊ ၁၉၉၅ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်များပြားလာကြောင်း တာဝန်ရှိသူများက ဇန်နဝါရီလ ၂၈ ရက်နေ့က ပြောကြားသည်။ လူဦးရေ သုံးသန်းရှိသော စင်ကာပူနိုင်ငံ၏ အဓိကကျသော ဝင်ငွေများအနက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ရရှိသော ဝင်ငွေသည် တစ်ခုအပါအဝင်ဖြစ်သည်။ ၁၉၉၅ ခုနှစ်က ကမ္ဘာလှည့်ခရီးသွားများ စင်ကာပူနိုင်ငံတွင် သုံးစွဲသောငွေကြေးမှာ စင်ကာပူဒေါ်လာ ၁၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံ) ရှိသည်။

စင်ကာပူကျွန်းနိုင်ငံသည် ဖွံ့ဖြိုးမှု မရှိသေးသော အရှေ့မြောက်ဒေသတွင် အိမ်အလုံး ၃၆,၀၀၀ ကို လာမည့် ငါးနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း စင်ကာပူကျေးလက်ဖွံ့ဖြိုးရေး (ယူအာရ်အေ) အာဏာပိုင်များက ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြောကြားသည်။ ဆင်ကင်ဒေသ၌ တည်ဆောက်သည့် အိမ်ရာများတွင် မိသားစု ၈၂,၀၀၀ ကို နေရာချထားပေးမည်ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။ ယင်းစီမံကိန်းကို တန်ဖိုးနည်း အိမ်ရာများ တည်ဆောက်ပေးရေး အစီအစဉ် တစ်စိတ်တစ်ဒေသအဖြစ် လုပ်ဆောင်ခြင်း ဖြစ်သည်။ စင်ကာပူနိုင်ငံသား သုံးသန်းခန့်တို့တွင် ၈၆ ရာခိုင်နှုန်းတို့သည် နိုင်ငံပိုင်အိမ်ရာများတွင် နေထိုင်လျက် ရှိကြသည်။ ၁၉၆၀ ပြည့်နှစ် စီမံကိန်းစခဲ့စဉ်က ပြည်သူ ၉ ရာခိုင်နှုန်းမျှသာ အစိုးရပိုင်အိမ်ရာများတွင် နေထိုင်ခဲ့ကြသည်။ ဆင်ကင်ဒေသထက်ဝက်ကို အိုးအိမ်ဆောက်လုပ်ရာတွင် အသုံးပြုသွားမည်ဖြစ်ပြီး ကျန်ထက်ဝက်ကိုမူ စီးပွားရေးစက်မှုဇုန်

နယ်မြေနှင့် အခြားကိစ္စများအတွက် အသုံးပြုသွားမည်။ ကူးသန်းရောင်းဝယ်ရေးနယ်မြေ ပထမဆုံးအကြိမ် ရောင်းချမှုကို လာမည့်နှစ်အတွင်း ပြုလုပ်မည်ဖြစ်ပြီး ယင်းဒေသ၌ ကူးသန်းရောင်းဝယ် ဖွံ့ဖြိုးရေးလုပ်ငန်းအားလုံးကို သက္ကရာဇ် ၂၀၀၄ ခုနှစ် အရောက်တွင် အပြီးပြုလုပ်သွားမည်ဟု ကြေညာချက်၌ ဖော်ပြပါရှိသည်။ စင်ကာပူနိုင်ငံ၌ လူနေမှုစရိတ်သည် ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ၌ ၁၉၉၆ ခုနှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်လျှင် ၁ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အစိုးရက ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကြေညာခဲ့သည်။ လူနေမှုစရိတ် မြင့်တက်ခြင်းသည် စားသောက်ကုန် ဈေးနှုန်းများ ကြီးမြင့်ခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဆေးကုသစရိတ်များ ကြီးမြင့်မှုကြောင့် ဖြစ်သည်ဟု ဆိုသည်။

စင်ကာပူ စီးပွားရေးလုပ်ငန်းရှင် ၄၀ နီးပါးနှင့်အတူ ဟာရာရေမြို့တော်သို့ ရောက်ရှိခဲ့သော စင်ကာပူဝန်ကြီးချုပ် ဂိုချုပ်တောင်က ဇင်ဘာဘွေနိုင်ငံတွင် သုံးရက်ကြာ ရောက်ရှိနေစဉ်အတွင်း ဇင်ဘာဘွေ၏ စီးပွားရေးကဏ္ဍများစွာတွင် ရင်းနှီးမြှုပ်နှံရေး အလားအလာများကို စူးစမ်းရှာဖွေသွားမည်ဟု ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ပြောကြားသည်။ ဇင်ဘာဘွေသမ္မတရောဘတ်မူဂါဘီနှင့် တရားဝင် ဆွေးနွေးပြီးနောက် သတင်းထောက်များနှင့် တွေ့ဆုံရာတွင် အလားလာကောင်းသော စီးပွားရေးနယ်ပယ်များအဖြစ် ကုန်ချောထုတ်လုပ်မှုလုပ်ငန်း၊ သတ္တုတွင်း တူးဖော်ရေးလုပ်ငန်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများကို တွေ့ရှိထားသည်။ မိမိရည်ရွယ်ချက်မှာ ဇင်ဘာဘွေတွင် ရနိုင်မည့် အခွင့်အလမ်းများကို သိရှိနားလည်သဘောပေါက်စေရေးပင်ဖြစ်ပြီး သိရှိထားသော အခွင့်အလမ်းများတွင် ပူးပေါင်း ဆောင်ရွက်မှုဖြင့် ရင်းနှီးမြှုပ်နှံမှု စတင်ရန် ဖြစ်သည်။ မိမိအစိုးရသည် ဇင်ဘာဘွေလေဆိပ် စီမံခန့်ခွဲရေးနှင့် ငွေကြေး မူဝါဒတွင် အကူအညီပေးနေပြီဖြစ်သည်စသည်ဖြင့် ဝန်ကြီးချုပ် ဂိုချုပ်တောင်က ပြောကြားသည်။

စင်ကာပူနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုပမာဏသည် ပို့ကုန်သွင်းကုန်နှစ်ရပ်စလုံးတွင် တိုးတက်မြင့်မားလာခဲ့ရာ လွန်ခဲ့သောသုံးလ ပျမ်းမျှနှုန်းကိုအခြေခံ၍နိုင်းယှဉ်လျှင်၊ ၎င်လိုင်လတွင် ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ စင်ကာပူကုန်သွယ်ရေးဖွံ့ဖြိုးမှုအဖွဲ့က သြဂုတ်လ ၂၀ ရက်နေ့တွင် ပြောကြားသည်။ ၎င်လိုင်လတွင်ရေနံထွက်ပစ္စည်းများမှအပ အခြားပစ္စည်းများကို စင်ကာပူနိုင်ငံမှ တင်ပို့မှုသည် ၄ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တစ်ဆင့်ပြန်လည် တင်ပို့မှုသည် ၇ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ရေနံ ထွက်ပစ္စည်း တင်ပို့မှုသည် ၅ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ရေနံစိမ်း တင်သွင်းမှုသည် ၇ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

အရှေ့တောင်အာရှ ငွေကြေးဈေးကွက်များ ဗရုတ်ဗရက်ဖြစ်ခြင်းသည် စင်ကာပူစီးပွားရေးကိုမထိခိုက်သလောက်ပင်ဖြစ်ခဲ့ကြောင်း စင်ကာပူဘဏ္ဍာရေးဝန်ကြီး ရစ်ချတ်ဟူက အောက်တိုဘာလ ၇ ရက်နေ့တွင် ပြောကြားခဲ့သည်။ စီးပွားရေးကိုရေရှည်ထိခိုက်မည့် အတိုင်းအတာ ပမာဏသည် ဒေသနာလန်ထူရန် အချိန်မည်မျှကြာမည်ဆိုခြင်း အပေါ်တည်နေသည်။ စင်ကာပူဗဟိုဘဏ်၊ စင်ကာပူ ငွေကြေးအာဏာပိုင်အဖွဲ့ (အမ်အေအေက်စ်)တို့သည် စင်ကာပူဒေါ်လာကို နိုင်ငံတကာ ဈေးကွက်၌ ဖြည်းဖြည်းခြင်း ဆက်ပြီး သုံးစွဲခွင့်ပြုသွားမည်။ စင်ကာပူစီးပွားရေးသည် ယခုနှစ်တွင် ၆ မှ ၇ ရာခိုင်နှုန်းအထိတိုးတက်ဖြစ်ထွန်းမည် ဖြစ်သော်လည်း နောင်နှစ်တွင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု လုပ်ငန်းများ ကြီးပွားဖြစ်ထွန်းမှု အားပျော့မည် စသဖြင့် ပါလီမန်တွင် ရစ်ချတ်ဟူက ပြောကြားခဲ့သည်။

အာရှနိုင်ငံများ၏ စီးပွားရေး အကျပ်အတည်းကြုံတွေ့စဉ်အတွင်း စင်ကာပူနိုင်ငံ၏ စီးပွားရေးအတော်အတန်ခိုင်မာနေခြင်းမှာ ခေါင်းဆောင်ရွေးချယ်ရာတွင် စင်ကာပူနိုင်ငံ၏ ကောင်းမွန်သောစနစ်ကို အထင်အရှားပြသနေခြင်းဖြစ်ကြောင်း စင်ကာပူဝါရင့်ဝန်ကြီး လီကွမ်ယူက ပြောကြားလိုက်သည်ဟု နိုဝင်ဘာလ ၂ ရက်နေ့က စထရိတ်တိုင်းသတင်းစာတွင် ရေးသားဖော်ပြလိုက်သည်။ ရေရှည်မျှော်တွေးနိုင်ပြီး အပြောသမား မဟုတ်သော၊ စီးပွားရေးကျဆင်းအောင် မလုပ်သော ခေါင်းဆောင်များကို စင်ကာပူနိုင်ငံက ရွေးချယ်တင်မြှောက်ထားသည်။ ဒေသအတွင်းရှိ အခြားနိုင်ငံများမှ နိုင်ငံသုံးငွေများ ၃၀ မှ ၄၀

ရာခိုင်နှုန်းအထိတန်ဖိုးကျဆင်းနေစဉ် စင်ကာပူဒေါ်လာမှာ ၁၀ ရာခိုင်နှုန်းအထိသာ ကျဆင်းခဲ့သည်။ နိုင်ငံအချို့တွင် မဲရရှိရန် နိုင်ငံရေးသမား:များ:က ကျေး:ရွာအကြီး:အကဲများ: အား: လာဘ်ထိုး:ရသည်။ အရွေး:ခံရပြီး:နောက် ထိုငွေပြန်ရအောင် လုပ်ကြရသည်။ စင်ကာပူစနစ်မှာ ထိုသို့မဟုတ်ဘဲ သန့်ရှင်း:သည်။ ထို့ကြောင့် စင်ကာပူနိုင်ငံ၏ စီး:ပွားရေး: အခြေခံမှာ ကြွေး:မြီမရှိ၊ ပိုငွေများ:ဖြင့် တောင့်တင်း: ခိုင်မာလျက်ရှိသည်။ စင်ကာပူ ဒေါ်လာမှာလည်း: ဆိုး:ဆိုး: ရွား:ရွား: ထိခိုက်မှုမရှိပါ စသဖြင့် လီကွမ်ယူက ပြောကြား:ခဲ့သည်။

အာရှနိုင်ငံများ:၏ ငွေကြေး:အကျပ်အတည်း:မှာ ၁၉၉၇ ခုနှစ်အတွင်း: စင်ကာပူနိုင်ငံကို ထိခိုက်မည်မဟုတ်သော်လည်း: နောင်နှစ်တွင် ထိခိုက်ကောင်း: ထိခိုက်နိုင်သည်ဟု စီး:ပွား:ရေး:ကျွမ်း:ကျင်သူများ:က နိုဝင်ဘာလ ၅ ရက်နေ့တွင် ထုတ်ဖော်ပြောကြား:သည်။ စီး:ပွား:ရေး:ကျွမ်း:ကျင်သူ ၁၀ ဦး:၏ သဘောထား:ကို မေး:မြန်း:ကောက်ယူရာ၌ စင်ကာပူနိုင်ငံ၏ စီး:ပွား:ရေး:ကို ၁၉၉၇ ခုနှစ် ကျန်နေသောအချိန်တွင် ထိခိုက်ဖွယ်မရှိ၊ သို့သော် ၁၉၉၈ ခုနှစ်ရောက်လျှင် ခရီး:သွား: လုပ်ငန်း၊ သယ်ယူပို့ ဆောင်ရေး:လုပ်ငန်း:နှင့် အာရှဒေသအတွင်း: ကုန်သွယ်ရေး:နှင့် ငွေကြေး:ဝန်ဆောင်မှု လုပ်ငန်း: များ:နှင့် ပတ်သက်၍ ထိခိုက်ဖွယ်ရှိသည်ဟု ပြောကြား:သည်။ စင်ကာပူနိုင်ငံ၏ ဂျီဒီပီ မှာ ၁၉၉၇ ခုနှစ် တတိယသုံး:လပတ်တွင် ၈ ဒသမ ၃ ရာခိုင်နှုန်း:တိုး:မည်ဖြစ်ပြီး: ၁၉၉၇ ခု တစ်နှစ်လုံး:အတွက် ၆ ဒသမ ၉ ရာခိုင်နှုန်း: တိုး:မည်ဟု ခန့်မှန်း:သည်။ လာမည့်တစ်နှစ်၊ နှစ်နှစ်တွင် မိမိတို့နိုင်ငံ၏ စီး:ပွား:ရေး:ဖွံ့ဖြိး: တိုး:တက်မှုကို တစ်စုံတစ်ရာသော အတိုင်း: အတာအထိ မလွဲမသွေ ထိခိုက်မည် ဖြစ်သော်လည်း: ပြည်ပမငြိမ် မသက်မှုများ:ရှိသည့်ကြား:မှပင် မိမိတို့နိုင်ငံ၏ စီး:ပွား:ရေး:မှာ ယခုနှစ် တတိယသုံး:လပတ်တွင် တိုး:တက်ခိုင်မာမြဲ ခိုင်မာလျက်ရှိကြောင်း: စင်ကာပူ ဒုတိယဝန်ကြီး:ချုပ်လီရှန်လွန်း:က ဘဏ္ဍာရေး:ကဏ္ဍ ထိပ်တန်း: ခေါင်း:ဆောင်များ:အား: ပြောကြား:သည်။

စင်ကာပူနိုင်ငံ၏ စုစုပေါင်း:ပြည်တွင်း:ထုတ်လုပ်မှု (ဂျီဒီပီ) သည် ၁၉၉၇ ခုနှစ်တွင် ၆ ဒသမ ၇ ရာခိုင်နှုန်း: တိုး:တက်ဖွယ်ရှိကြောင်း: အစိုး:ရက ခန့်မှန်း:ထား:ခဲ့ရာမှ မူလ ခန့်မှန်းချက်ထက် အနည်း:ငယ်ပိုကာ ၇ ရာခိုင်နှုန်းအထိ တိုး:တက်ဖွယ်ရှိသည်ဟု ပြန်လည်ပြင်ဆင် ခန့်မှန်း:လိုက်ကြောင်း: ကုန်သွယ်ရေး:နှင့် စက်မှုလုပ်ငန်း: ဝန်ကြီး:ဌာနက နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ပြောကြား:သည်။ စင်ကာပူနိုင်ငံ၏ စီး:ပွား:ရေး: တိုး:တက်ခိုင်မာမှုကြောင့် ယခုနှစ် ပထမကိုး:လပတ်တွင် စီး:ပွား:ရေး: တိုး:တက်မှု နှုန်း:သည် ၇ ဒသမ ၅ ရာခိုင်နှုန်း:ရှိကြောင်း: ဝန်ကြီး:ဌာန ကြေညာချက်၌ ဖော်ပြသည်။

သင့်ဘဝ ဦး:ရဲလွင်

ဥာနိုက၊ ဘဒ္ဒန္တ (ကမ္ဘာ့သာသနာပြုမြောင်းမြဆရာတော်ကြီး) (မြန်မာ ၁၂၈၀ – ၁၃၅၉)။ ။ ကမ္ဘာ့သာသနာပြု မြောင်းမြဆရာတော်ကြီး:ဟု ထင်ရှား:တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥာနိုက ကို ခမည်း:တော် ဦး:ဘိုး:ထင်၊ မယ်တော်ဒေါ်စိန်တို့က ၁၂၈၀ ပြည့်နှစ်၊ တော်သလင်း:လဆန်း: ၁၃ ရက် အင်္ဂါနေ့တွင် ပုသိမ်မြို့နယ်၊ ဘုရား:ကြီး:ကုန်း:ကျေး:ရွာ၌ ဖွား:မြင်သည်။

ဆရာတော်ကြီး:သည် ၁၂၈၅ ခုနှစ် အသက်ငါး:နှစ်တွင် ဘုရား:ကြီး:ကုန်း:ကျေး:ရွာ၊ ရွာကျောင်း:နှင့် မြောင်း:မြမြို့နယ်၊ ကွမ်း:ခြံကြီး:ကျေး:ရွာ ဦး:ရိုး:တော်ဦး:ခေမိန္ဒတို့ထံ၌ အခြေခံမြန်မာသင်ပုန်း:ကြီး:၊ မင်္ဂလသုတ်၊ နမက္ကာရ၊ ပရိတ်ကြီး:၊ လောကနီတိ၊သဒ္ဒါ၊ သင်္ကြိုဟ်၊ အခြေခံအင်္ဂလိပ်စာ၊ ဂဏန်း: သင်္ချာတို့ကိုသင်ယူသည်။ ၁၂၈၈ ခုနှစ်၊ အသက်ရှစ်နှစ်တွင် ကွမ်း:ခြံကြီး:ကျေး:ရွာ ဦး:ရိုး:တော်ဦး:ခေမိန္ဒထံ၌ ရှင်သာမဏေပြုသည်။ ၁၂၉၄ ခုနှစ်အသက် ၁၄ နှစ်တွင် ပုသိမ်မြို့၊ ဝေဠုဝန်ကျောင်း:တိုက်သို့ ပြောင်း:ရွှေ့ပညာသင်ယူရာ အစိုး:ရပထမငယ်တန်း: အောင်မြင်သည်။ ၁၂၉၆ ခုနှစ် အသက် ၁၆ နှစ်တွင် မြောင်း:မြမြို့၊ ပဇ္ဇောတရုံကျောင်း:တိုက်သို့ပြောင်း:ရွှေ့၍ အဂ္ဂမဟာပဏ္ဍိတ ရွှေကျင်နိကာယသာသနာပိုင် မြောင်း:မြဆရာတော်ကြီး: ဘဒ္ဒန္တဥာဏာဘိဝံသထံ ဆက်လက် ပညာသင်ယူသည်။ ပဇ္ဇောတရုံကျောင်း:တိုက်တွင် ပထမလတ်၊ ပထမကြီး:တန်း:တို့ကို နှစ်မခြား:ဘဲ နှစ်ချင်း:ဆက်အောင်မြင်သည်။ ၁၂၉၉ ခုနှစ်၊ တန်ဆောင်မုန်း: လဆန်း: ၁၃ ရက်နေ့တွင် အဂ္ဂမဟာပဏ္ဍိတ ရွှေကျင်နိကာယသာသနာပိုင် မြောင်း:မြဆရာတော်ကြီး:ကို



အဂ္ဂမဟာပဏ္ဍိတ
ဘွဲ့တံဆိပ်တော်ရ
ဘဒ္ဒန္တ ဉာနိုက

ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်ကြီးသည် မြောင်းမြမြို့ ပဇ္ဇောတာရုံကျောင်းတိုက်၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်၊ ညောင်ဦးမြို့၊ မဟာဝိသုတာရာမတိုက်သစ်၊ ညောင်တုန်းမြို့ သာသနဧကတိပါလ ကျောင်းတိုက်တို့တွင် ရဟန်းရှစ်ဝါရသည်အထိ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို သင်ယူသည်။ အစိုးရဓမ္မာစရိယစာချတန်းကို ဂုဏ်ထူးဖြင့် အောင်မြင်၍ သာသနာဓဇသိရီပဝရဓမ္မာစရိယဘွဲ့ ရရှိသည်။

ဆရာတော်ကြီးသည် ၁၃၀၈ ခုနှစ် သက်တော် ၂၈ နှစ်တွင် မြောင်းမြမြို့ ပဇ္ဇောတာရုံကျောင်းတိုက် ပဓာနနာယကတိုက်အုပ် ဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။ ၁၃၁၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့၊ ဆန်စ်ကရစ်ယူနီဗာစီတီမှ ဒီပလိုမာဘွဲ့ကိုလည်းကောင်း၊ နယူးဒေလီမြို့ ဟန်ဆရာ (ဂျ) ကောလိပ်မှ ဘီအေဘွဲ့ကို သက္ကတဂုဏ်ထူးဖြင့် လည်းကောင်း အောင်မြင်ရရှိတော်မူသည်။ အိန္ဒိယနိုင်ငံတွင် ခြောက်နှစ် ပညာသင်ယူပြီး ၁၃၂၅ ခုနှစ်တွင် မြောင်းမြမြို့ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ်သို့ ပြန်ကြွ၍ စာသင်သားတပည့်များအား ပါဠိသက္ကတ၊ ဟိန္ဒီ၊ ဘင်္ဂါလီ၊ နာဂရီ၊ အင်္ဂလိပ်ဘာသာရပ်များကို နှစ်ပေါင်းများစွာ ပို့ချပေးတော်မူသည်။

ဆရာတော်ကြီးသည် ၁၃၄၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသို့ ကြွရောက်၍ သာသနာပြုခဲ့ရာ လန်ဒန်မြို့တွင် ဗုဒ္ဓဝိဟာရ မြန်မာဘုန်းတော်ကြီးကျောင်းတိုက်ကို စတင်တည်ထောင်တော် မူသည်။ ဂျာမနီ၊ ပြင်သစ်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဟော်လန်၊ အမေရိကန်နှင့် ဩစတြေးလျ စသည့်နိုင်ငံများတွင်လည်း ပရိယတ်၊ ပဋိပတ် စသော သာသနာပြုလုပ်ငန်းများ ဆောင်ရွက်တော်မူသည်။

ဆရာတော်ကြီးသည် ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အဖြစ် ရွေးချယ်ခြင်းခံရပြီးနောက် ကျောက်သဘေးဝါဒ၊ ကျောက်ပုံ တောရဝါဒ၊ ကျောင်းပန်းတောရဝါဒ၊ လူသေလူဖြစ်ဝါဒ စသောဝါဒမျိုးစုံကို နိုင်ငံတော် ဝိနိစ္ဆယ ခုံရုံးများဖွဲ့စည်း စိစစ်ဆုံးဖြတ်သောအဖွဲ့တွင် ပါဝင်တော်မူသည်။ အင်္ဂလိပ်–မြန်မာနှစ်ဘာသာဖြင့် ဒုလ္လဘသာသနာ၊ မြန်မာနိုင်ငံသို့ သာသနာဝင်ရောက်ခြင်း၊ အခြေခံ အဘိဓမ္မာသင်တန်း၊ ယမိုက်သင်တန်း၊ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၊ စိတ်နှင့် ရုပ်ကျမ်းစာငယ်များ၊ အပတ်စဉ် ကမ္မဋ္ဌာန်း သင်တန်းများ ဆောင်းပါးပေါင်းချုပ်၊ လူသေလူဖြစ် ဝိနိစ္ဆယခုံရုံး ဆုံးဖြတ်ချက်များ၊ ကမ္မာ့သာသနာပြုဆရာတော် အရှင်သေဋ္ဌလ ဘဝဖြစ်စဉ်နှင့် ဗုဒ္ဓသာသနာပြုမှတ်တမ်း စသည့် ကျမ်းစာများကို ပြုစုတော်မူသည်။

ဆရာတော်ကြီးသည် ဝိနည်းလေးစားပြီး သည်းခံခြင်း၊ ဂုဏ်၊ မေတ္တာဂုဏ်၊ ပရိယတ် ပဋိပတ်ဂုဏ်တို့နှင့် စွယ်စုံပြည့်စုံသည့်အပြင် စာပေကျမ်းဂန်နှံ့စပ်ခြင်း၊ စာပေအရေးအသားကောင်းမွန်ခြင်း၊ ရဟန်းရှင်လူများနှင့် ကမ္မာ့ပြည်သူတို့၏ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း တို့ကြောင့် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ၁၃၅၃ ခုနှစ်တွင် ရရှိတော်မူသည်။

မြောင်းမြမြို့၊ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ တိသရဏဝိဟာရကျောင်းတိုက်နှင့် ဩစတြေးလျ နိုင်ငံ၊ ပါသ်မြို့ တိသရဏဝိဟာရကျောင်းတိုက်များ၏ဦးစီးပဓာနနာယက၊ ကမ္မာ့သာသနာပြု မြောင်းမြ ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာနိုကသည် ကမ္မာ့သာသနာပြုတာဝန်များကို ထမ်းဆောင်တော် မူရင်း ၁၃၅၉ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ တနင်္ဂနွေနေ့ ညနေ ၄ နာရီ ၅၉ မိနစ်တွင် အင်္ဂလန်နိုင်ငံ၌ ဘဝနတ်ထံပျံလွန်တော်မူသည်။ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဆရာတော်ကြီး၏ဆန္ဒနှင့်အညီ လန်ဒန်မြို့ **Mortlake Crematorium** ၌ ၁၉၉၇ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် အင်္ဂိဏာပန ကျင်းပတော်မူသည်။

တရုတ်ပြည်သူ.သမ္မတနိုင်ငံ။ ။၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ပိုင်းတွင် တရုတ်ပြည်သူ.သမ္မတနိုင်ငံ၏ ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်သည် အသက် ၉၂ နှစ် အရွယ်တွင် ကွယ်လွန်သွား:ခဲ့သည်။ တိန့်ရှောင်ဖိန်သည် တရုတ်ပြည်ကြီး:ကို ဖွံ့ဖြိုး:တိုး:တက်အောင် တံခါး:ဖွင့်စီး:ပွား:ရေး: စတင်ဖော်ဆောင်ပေး:ခဲ့သည့် ပုဂ္ဂိုလ်ကြီး:ဖြစ်သည်။ ကမ်း:ရိုး:တန်း: ၁၄ နိုင်ငံကို အထူး:စီး:ပွား:ရေး:ဇုန်အဖြစ် စမ်း:သပ်ကာ ဈေး:ကွက်စီး:ပွား:ရေး:ကို စတင်အခြေချ စမ်း:သပ်ခဲ့သည်။ ဤအထဲတွင် ဟောင်ကောင်ကျွန်း:နှင့် မကွာလှမ်း:သည့် နေရာမှ ဆင်ကျွန်စီး:ပွား:ရေး:ဇုန်သည် အအောင်မြင်ဆုံး: ဖြစ်ခဲ့သည်။ (တိန့်ရှောင်ဖိန် – ရှု။)

ယခုနှစ်သည် ဟောင်ကောင်ကျွန်း:ကို ဗြိတိသျှတို့လက်မှ တရုတ်ပြည်သူ.သမ္မတနိုင်ငံသို့ ပြန်လည်လွှဲပြောင်း: ပေး:ရမည့်နှစ်ဖြစ်၍ ဟောင်ကောင်တွင် မြေဈေး:များ: မြင့်တက်နေသည်။ ဟောင်ကောင်မြေဈေး:မှာ စတုရန်း: တစ်ပေလျှင် အမေရိကန်ဒေါ်လာ ၁၆၁၁ ဒေါ်လာအထိ ဈေး:ပေါက်၍နေလေသည်။ ဟောင်ကောင်ကျွန်း:၏ ပြောင်း:လဲမှုအခြေအနေပေါ်တည်၍ ဈေး:ကစား:ကြခြင်း: ဖြစ်သည်။


ဟောင်ကောင်ကျွန်း: တရုတ်ပြည်သူ.သမ္မတနိုင်ငံသို့ ပြန်လည်လွှဲပြောင်း:ပေး:လျှင် တရုတ်ပြည်မကြီး:နှင့် ပူး:ပေါင်း: ရမည်ဖြစ်၍ အောက်ခြေသိမ်း:ပြူပြင်ရာတွင် ကျောင်း:သုံး: ပြဌာန်း:စာအုပ်က စတင်၍ပြောင်း:ရန် လိုမည်ဖြစ်သည်။ ၁၉ ရာစုက ဘိန်း:စစ်ပွဲကြောင့် ဟောင်ကောင်ကျွန်း:ကို စစ်နိုင်သူ ဗြိတိသျှတို့က ငှား:ရမ်း:အသုံး:ပြုခဲ့ခြင်း: ဖြစ်သည်။

မတ်လကုန်ပိုင်း:တွင် အမေရိကန် ဒုတိယသမ္မတ အယ်လ်ဂို:ရီသည် တရုတ်ပြည်သူ.သမ္မတနိုင်ငံသို့ ချစ်ကြည်ရေး:ခရီး:အဖြစ် အလည်အပတ် ရောက်ရှိလာခဲ့သည်။ တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံအကြား: စီး:ပွား:ရေး:ဆက်သွယ်မှု ခိုင်မြဲကြောင်း: အမေရိကန် ဒုတိယသမ္မတ အယ်လ်ဂို:ရီနှင့် တရုတ်ဝန်ကြီး:ချုပ် လီဖုန်း:တို့ လက်မှတ်ရေး:ထို:ခဲ့ကြသည်။

၈ပြိုလ နောက်ဆုံး:ပတ်တွင် တရုတ်ပြည်သူ.လွတ်မြောက်ရေး: တပ်မတော်က ဟောင်ကောင်ကျွန်း:လွှဲပြောင်း:ရေး:အတွက် ပထမသုတ်အဖြစ် ရောက်ရှိလာသည်။ တရုတ်ပြည်သူ.သမ္မတနိုင်ငံ၏ ဟောင်ကောင်ကျွန်း:အပေါ် ပိုင်ရှင်အဖြစ် ခြေချလိုက်ခြင်း:နှင့် ဗြိတိသျှအုပ်စိုး:မှု ချုပ်ငြိမ်း:ခြင်း:အစလည်း: ဖြစ်သည်။

ဇွန်လ ၃၀ ရက်နေ့ ညသန်ခေါင်း:ယံတွင် ဟောင်ကောင်ကျွန်း:ကို ဗြိတိသျှတို့က တရုတ်ပြည်သူ.သမ္မတနိုင်ငံသို့ ပြန်လည် လွှဲပြောင်း:ပေး:သည်။ ဟောင်ကောင်ကျွန်း:၏ ဗစ်တိုရီး:ယား: သင်္ဘောဆိပ်တွင် မီး:ပန်း:များ: ပစ်ဖောက်ကာ ညဉ့်ကောင်း:ကင်ကို အလှဆင်ခဲ့သည်။ ချာ:လ်မင်း:သား: အတွက်လည်း: စစ်သီချင်း:များ: တီး:မှုတ်ပေး:နေသည်။ ဟောင်ကောင်၏ နေရာအသီး:သီး:မှ ဗြိတိသျှ ယူနီယံဂျက် အလံကို တိုင်ထိပ်မှ ဖြည်း:ညင်း:စွာ ချလိုက်ကြသည်။ တရုတ်အလံသည် ဝင့်ကြွား:စွာ တိုင်ထိပ်သို့ တက်ခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၅၅ နှစ်က ဗြိတိန်လက်အောက်သို့ ရောက်ခဲ့ရသော ဟောင်ကောင်ကျွန်း:သည် တရုတ်ပြည်ရင်ခွင်သို့ ပြန်လည်ရောက်ရှိပြီဖြစ်သည်။ ချာ:လ်မင်း:သား:က တရုတ်သမ္မတကြီး: ဂျန်ဇီမင်:ကို လက်ဆွဲနှုတ်ဆက်သည်။

ပြည်သူလေး:စား ကြည်ညိုသည့် တိန့်ရှောင်ဖိန်၏ ဈာပနတွင် ဝိုကြွေး:ပူဆွေး:နေကြသူများ:



တရုတ်ပြည်သူ့သမ္မတနိုင်ငံ



၁၉၈၉ ခုနှစ်တွင် ကျန်ဇီမင်းအား
တိန့်ရှောင်ဖိန်နှင့်အတူတွေ့ရစဉ်

ဗြိတိသျှအင်ပါယာ၏ ဆုံးခန်းတိုင်ခြင်း အသွင်ပေတည်း။ ဟောင်ကောင်ကျွန်း၏ နောက်ဆုံးဘုရင်ခံဖြစ်သည့် ခရစ်ပက်တင်ကလည်း ဘုရင်ခံအိမ်တော်မှ ယူနီယံဂျက်အလံကို သိမ်းယူလိုက်သည်။ ထို့နောက် ဗြိတိန်နိုး:ယား:သဘော်ကြီးဆီသို့ ဟောင်ကောင်မှအပြီးတိုင် ထွက်ခွာရန် ထွက်သွား:ကြသည်။ ဟောင်ကောင်တွင် ဗြိတိသျှနှင့်ဆိုင်သော တံဆိပ်၊ စာတမ်း၊ ဆိုင်းဘုတ်ကအစ အား:လုံး:ဖြုတ်ချလိုက်ပြီ ဖြစ်သည်။ (ဟောင်ကောင်ကျွန်း အုပ်ချုပ်ရေး:အထူး:ဒေသ–ရှု၊)

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လူဦး:ရေသန်း:ပေါင်း ၁၂၀၀ ရှိသည်။ ၁၉၈၀ ပြည့်နှစ်မှစ၍ စီး:ပွား:ရေး:ပြုပြင်ပြောင်း:လဲမှု ရလဒ်ကြောင့် လူသန်း ၂၀၀ သည် ကြွယ်ဝချမ်း:သာသည့်အဆင့်သို့ ရောက်ခဲ့သည်။

နှစ်စဉ်ပင် ရောင်စုံ ရုပ်မြင်သံကြား စက်ပေါင်း ခြောက်သန်း:ကျော် ထုတ်လုပ်နိုင်ပြီဖြစ်သည်။ တရုတ်ပြည်တွင် သိပ္ပံပညာရှင်နှင့် ကျွမ်း:ကျင်သူ ပညာရှင်ပေါင်း ၁၉ သန်း ရှိနေပြီဖြစ်၍ မကြာသေးကာလတွင် လူလိုက်ပါသော အာကာသယာဉ် ပစ်လွှတ်တော့မည် ဖြစ်သည်။

ယခုအခါတွင် တရုတ်ပြည်မကြီး:နှင့် ဟောင်ကောင်သည် တစ်သား:တည်း:ဖြစ်သွား:ပြီ ဖြစ်သဖြင့် ယခင်ကနယ်စပ်ဟူ၍ သတ်မှတ်ထား:သည့်နေရာကို ဖြတ်ကျော်ကာ အလုပ်ဆင်း အလုပ်ပြန် လုပ်နိုင်ကြပြီ ဖြစ်သည်။ ဟောင်ကောင်ပြည်နယ်အနေဖြင့်လည်း တစ်နိုင်ငံစနစ်နှစ်မျိုး:အဖြစ် ဆက်လက်၍ တည်ရှိဦး:မည် ဖြစ်သည်။

ဖွံ့ဖြိုး:ရေးကို ပြုလုပ်ရာတွင် စွမ်း:အင်သည် အရေး:ကြီး:သည်။ ထို့ကြောင့် တရုတ်နိုင်ငံက ဗင်နီဇွဲလား: နိုင်ငံတွင် ရေနံလုပ်ငန်း:တွင် မြှုပ်နှံပြုလုပ်သည်။ ဆိုက်ဘေး:ရီး:ယား: ဒေသမှ ရေနံများ:ကိုလည်း ခါဇက်စတန်နိုင်ငံကို ဖြတ်ကာ ကီလိုမီတာ ၃၀၀၀ ရှည်လျား:သော ပိုက်လိုင်း:ဖြင့် သွယ်ယူမည် ဖြစ်သည်။ လောလောဆယ်တွင် တရုတ်နိုင်ငံက လိုအပ်နေသော စွမ်း:အင်ကို အရှေ့အလယ်ပိုင်း:မှ ဝယ်ယူဖြည့်တင်း:နေသည်။

နိုဝင်ဘာလ ဒုတိယပတ်တွင် တရုတ်သမ္မတ ကျန်ဇီမင်း:နှင့် ရုရှား:သမ္မတဘောရစ်ယဲလ်ဆင်တို့သည် တရုတ်နိုင်ငံမြောက်ပိုင်း ဟာဘင်မြို့၌ တွေ့ဆုံကာ နှစ်နိုင်ငံ အငြင်း:ပွား:နေသော နယ်နိမိတ်ပြဿနာကို ညှိနှိုင်း:ခဲ့လေသည်။ တရုတ်နှင့် ရုရှား:နယ်နိမိတ်သည် ကီလိုမီတာ ၄၃,၀၀၀ ရှည်လျား:သည်။ နယ်နိမိတ်ကိစ္စနှင့် ပတ်သက်၍ ၁၉၆၀ ပြည့်နှစ်က နှစ်နိုင်ငံ ပဋိပက္ခ ဖြစ်ပွား:ခဲ့ဖူး:သည်။

ယခုအခါ တရုတ်ပြည်အလယ်ပိုင်း:ရှိ ယန်စီမြစ်ကို ဖြတ်ပိတ်၍ ရေကာတာကြီး တည်ဆောက်လျက်ရှိရာ လျှပ်စစ်စွမ်း:အင် အလုံအလောက် ရရှိနိုင်တော့မည် ဖြစ်သည်။

တက္ကသိုလ် လှကြွယ်

ဘက္ကသိုလ်နေဝင်း၊ (စာရေးဆရာ) (ခရစ် ၁၉၁၈ – ၁၉၉၇)။ ။နာမည်ကျော် စာရေးဆရာ တစ်ဦးသာမက ုပ်ရှင်ဇာတ်ညွှန်းရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာနှင့် ရုပ်ရှင်သရုပ်ဆောင်အဖြစ်လည်း နာမည်ရခဲ့သူ တက္ကသိုလ်နေဝင်းကို ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်တွင် ၁၉၁၈ ခုနှစ်၊ မေလ ၂၅ ရက်နေ့၌ ဖခင် အရေးပိုင် ဦးဘိုးရင်၊ မိခင် ဒေါ်အမာတို့က မွေးဖွားသည်။ အမည်ရင်းမှာ ဦးထွန်းလှဖြစ်ပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြတ်ဝန်ကို ထမ်းဆောင်ခဲ့ရာ ဗိုလ်ထွန်းလှဟု တွင်သည်။

တက္ကသိုလ်နေဝင်းသည် စစ်ကြီခေတ်ကာလ၌ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို အင်္ဂလိပ်စာဂုဏ်ထူးဖြင့် ဆွတ်ခူးအောင်မြင်ခဲ့သည်။ တက္ကသိုလ်နေဝင်းသည် ၁၉၃၆ ခုနှစ်၌ ဒဂုန်မဂ္ဂဇင်းတွင် "အမြွာညီနောင်" အမည်ရှိဝတ္ထုကို ရေးသားခြင်းဖြင့် စာပေနယ်သို့ ရောက်ရှိခဲ့သည်။ ထို့နောက် စစ်ကြီခေတ် ရန်ကုန်တက္ကသိုလ်မြန်မာစာအသင်းကြီးက ကြီးမှူးကျင်းပသော ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည်။

တက္ကသိုလ်နေဝင်းသည် စစ်ကြီခေတ် ရန်ကုန်တက္ကသိုလ် သမဂ္ဂထုတ် အိုးဝေမဂ္ဂဇင်းတွင် အယ်ဒီတာအဖွဲ့ဝင်၊ စစ်ပြီးခေတ် အိုးဝေသတင်းစာ အယ်ဒီတာချုပ်စသည်ဖြင့် စာပေတာဝန်များ ထမ်းဆောင်ခဲ့သည်။ ထို့အပြင် မြန်မာ့အလင်းသတင်းစာတွင် ပင်တိုင်ဆောင်းပါးများ ရေးသားသည်။ "နေရှင်း" (အင်္ဂလိပ်) သတင်းစာနှင့် "နိုင်ငံသစ်" သတင်းစာများတွင် အယ်ဒီတာအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

တက္ကသိုလ်နေဝင်းသည် ရွှမဝ၊ မြဝတီ၊ သွေးသောက်နှင့် အခြားမဂ္ဂဇင်း၊ စာစောင်များတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်ပါးအမြောက်အမြား ရေးသားခဲ့သည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာ ဆောင်းပါးများကိုလည်း အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် များစွာရေးသားခဲ့သည်။

လွတ်လပ်ရေးမိသုကာ ဗိုလ်ချုပ်အောင်ဆန်း၊ အောင်ဆန်းဦးတို့အဖေ၊ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေး ကြိုးပမ်းမှုမှတ်တမ်း၊ ဖက်ဆစ်တော်လှန်ရေးသမိုင်း၊ စစ်တောင်းတိုက်ပွဲ စသည့်စာအုပ်များ အပါအဝင် လုံးချင်းစာအုပ် ၁၀၀ ကျော် ရေးသားပြုစုခဲ့သည်။ ထိုစာအုပ်များတွင် ဘာသာပြန်စာအုပ်များမှာ အရေအတွက်ပိုများသည်။

တက္ကသိုလ်နေဝင်းသည် ၁၉၃၆ ခုနှစ် တက္ကသိုလ်ကျောင်းသားသပိတ်နှင့် ၁၃၀၀ ပြည့် အရေးတော်ပုံမှစ၍ မြန်မာ့လွတ်လပ်ရေး တိုက်ပွဲ အဆင့်ဆင့်တွင် ပါဝင်ခဲ့ပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲအဖြစ် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ ကျဆုံးချိန်အထိ အမှုထမ်းခဲ့သည်။

တက္ကသိုလ်နေဝင်းသည် မြန်မာ့လွတ်လပ်ရေးအတွက် အောင်ဆန်း–အက်တလီစာချုပ်ချုပ်ဆိုရန် ၁၉၄၇ ခုနှစ်၊ ဧန်နဝါရီလတွင် ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့သို့ သွားရောက်ခဲ့ကြသော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် လိုက်ပါသွားခဲ့ရသည်။ ထို့အပြင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့၌ ပင်လုံညီလာခံသို့ တက်ရောက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် မြေပြန့်မှ ကိုယ်စားလှယ်အဖွဲ့ဝင် ခုနစ်ဦးတွင် တစ်ဦးအပါအဝင် ဖြစ်သည်။

တက္ကသိုလ်နေဝင်းသည် မြန်မာ့လွတ်လပ်ရေး တိုက်ပွဲများတွင် ပါဝင်ခဲ့သောကြောင့် နိုင်ငံတော်ကောင်စီက ၁၉၈၀ ပြည့်နှစ်၌ ၄င်းအား နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်ခဲ့သည်။

တက္ကသိုလ်နေဝင်းသည် နယ်အသီးသီးမှ ဖိတ်ကြား၍ နယ်စပေ ဟောပြောပွဲများသို့ စာပေအကြောင်း သွားရောက် ဟောပြောခဲ့ရသည်။ ထိုအခါ နယ်ခံစာပေဝါသနာရှင်လူငယ်များက ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ ဖြစ်ခဲ့သောကြောင့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ဟောပြောရန် တောင်းဆိုလေ့ရှိကြသည်ဟု ဆိုသည်။ တက္ကသိုလ်နေဝင်းသည် မငြင်းသာသဖြင့် စာပေဟောပြောပွဲနှင့်လည်း လိုက်လျောညီထွေဖြစ်စေရန် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးကြိုးပမ်းမှုများအကြောင်း မဟောပြောဘဲ စာပေ



ရုပ်ရှင်နှင့်စာပေလောကတွင်ထင်ရှားခဲ့သော နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ရ တက္ကသိုလ်နေဝင်း

ဝါသနာရှင်၊ စာရေးဆရာဗိုလ်ချုပ်အောင်ဆန်း အကြောင်းကို ဖော်ထုတ် ဟောပြောလေ့ရှိသည်။

တက္ကသိုလ်နေဝင်းသည် စာပေနယ်တွင်သာမက ရုပ်ရှင်လောကတွင်လည်း ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ၊ သရုပ်ဆောင် စသည်ဖြင့် နာမည်ထင်ရှားခဲ့သည်။ ဒါရိုက်တာ မင်းသား ကျော်ဆွေ၏ "မြတ်နိုးသူရယ်"၊ မန္တလေးရုပ်ရှင်၏ "ရေမြေဆုံးတိုင်"၊ စကြဝဠာရုပ်ရှင်၏ "နွေဦးချစ်သူ" စသည်ဇာတ်ကားများမှာ တက္ကသိုလ်နေဝင်း ဇာတ်ညွှန်းရေးသားပေးခဲ့သော ဇာတ်ကားများ ဖြစ်သည်။

တက္ကသိုလ်နေဝင်းသည် ၁၉၆၂ ခုနှစ်က ၄င်း၏ ပင်ကိုရေးလုံးချင်းဝတ္ထု "မေတ္တာရေလွှိုင်း" ကို ထွန်းဝေ၊ မြင့်မြင့်ခင်၊ မောင်သင်၊ သီသီ၊ အကယ်ဒမီလေးဦးနှင့် ထိုဝတ္ထုအမည်ဖြင့်ပင် ဆေးရောင်စုံဇာတ်ကား ရိုက်ကူးခဲ့သည်။ ထို့နောက် ၁၉၈၇ ခုနှစ်၌ ဒါရိုက်တာသက်မောင်မောင်က ထိုဇာတ်ကားကိုပင် နေအောင်၊ ထွန်းထွန်းနိုင်၊ မေဆွိတို့နှင့် ပြန်လည်ဆန်းသစ်ရိုက်ကူးခဲ့ရာ ထိုမေတ္တာရေလွှိုင်းဇာတ်ကားသည် နှစ်ကြိမ်စလုံးပင် အောင်မြင်ပြီး လူကြိုက်များသည်။

တက္ကသိုလ်နေဝင်းသည် ဂီတပညာကိုလည်း ငယ်စဉ်ကပင် ဝါသနာပါခဲ့သည်။ ဆရာကြီးဒီးဒုတ်ဦးဘချို၊ မန္တလေးရွှေပြည်ဦးဘတင်၊ ညွှန်ကြားရေးဝန် ဦးခင်ဇော် တို့ထံတွင် မြန်မာ့ဂီတ အနုပညာကြီး၊ ဘွဲ့၊ပတ်ပျို၊ သီချင်းခန့်စသည်တို့ကို လေ့လာဆည်းပူးခဲ့သည်။ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား ပိုင်နိုင်ကျွမ်းကျင်သူတစ်ဦး ဖြစ်သောကြောင့် သံရုံးများမှ သံတမန်များအား မြန်မာ့အနုပညာအကြောင်း သီချင်းကြီးများအကြောင်း အင်္ဂလိပ်လို ဟောပြောခဲ့ရာ လူကြိုက်များခဲ့သည်။

တက္ကသိုလ်နေဝင်းသည် အမှတ် (၃၃) ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်တွင် နေထိုင်လျက်ရှိရာမှ မကွယ်လွန်မီ ခြောက်လခန့်တွင် ရန်ကင်းမြို့နယ်၊ ရန်နိုင်လမ်းသွယ် (၉)၊ အမှတ် (၁၄၈) (ခ) သို့ပြောင်းရွှေနေထိုင်ခဲ့သည်။ ၁၉၉၆ ခုနှစ်၊ စာဆိုတော်နေ့ ရန်ကုန်ရှိမြို့နယ်အသီးသီးမှ အသက် ၈၀ နှင့်အထက် ကန်တော့ခံ သက်ကြီးစာပေပညာရှင်များစာရင်းကို ကောက်ယူရန် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့များသို့ တာဝန်ပေးအပ်ခဲ့သည်။ ထို့ကြောင့် ရန်ကင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ တာဝန်ပေးအပ်ခံရသူ တစ်ဦးသည် ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလဆန်း နေ့တစ်နေ့၌ ရန်ကင်းမြို့နယ်ရှိ သက်ကြီးစာပေပညာရှင်များ စာရင်းကောက်ယူရန် တက္ကသိုလ်နေဝင်းအိမ်သို့ ရောက်ခဲ့သည်။ တက္ကသိုလ်နေဝင်းက သူ၏မွေးသက္ကရာဇ်အရ သူသည် ၁၉၉၇ ခုနှစ်၊ မေလ ၂၅ ရက်နေ့ကျမှသာ ၇၉ နှစ်တင်းတင်း ပြည့်မည်ဖြစ်ပြီး ၈၀ ထဲရောက်မည် ဖြစ်သောကြောင့် ၁၉၉၇ ခုနှစ်၊ စာဆိုတော်နေ့ အခမ်းအနား ကျမှသာ သတ်မှတ်ချက်အရ ကန်တော့ခံ ရမည် ဖြစ်ကြောင်း အကန်တော့ခံ သက်ကြီးစာပေပညာရှင် စာရင်းကောက်သူအား ပြောပြခဲ့သည်။

ယင်းသို့ ပြောပြခဲ့ပြီး ငါးလခန့်အကြာ ၁၉၉၇ ခုနှစ်၊ မတ်လ (၇) ရက်နေ့၌ တက္ကသိုလ်နေဝင်းသည် ရန်ကုန်မြို့ ၄င်း၏နေအိမ်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ ဇနီး ဒေါ်ခင်ငြိမ်းနှင့်အတူ သမီးနှစ်ယောက်၊ သား တစ်ယောက် ကျန်ရစ်သည်။

(ဘုန်းသွင်မြင့်)

တိုင်းကျိုး ပြည်ပြု ဓာတ်ပုံ ၁၀၀၀ ပြပွဲ။ ။ တိုင်းကျိုးပြည်ပြု ဓာတ်ပုံ ၁၀၀၀ ပြပွဲကို ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမကြီးတွင် ကျင်းပ သည်။ ပြပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၃ ရက်၌ တပ်မတော်ခန်းမကြီးတွင် ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အားပေးကြည့်ရှု သည်။

ပြပွဲခင်းကျင်းပြသထားသည့်တပ်မတော်ခန်းမကြီး၏ အလယ်တွင် နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခုနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပုံတူပန်းချီကားကို ခံ့ထည်စွာ ပြသထား သည်။ ပန်းချီကားကြီး၏ ဘေးတစ်ဖက်တစ်ချက်စီ တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားတိုင်းရင်းသား ဓာတ်ပုံကြီး များ ခြံရံထားရှိသည်။ ပန်းချီကားကြီး၏ အောက်ဘက် တွင်(၄၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်း အနားသို့ ပေးပို့သော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သဝဏ်လွှာမှ မှတ်သားလိုက်နာဖွယ် ကောက်နုတ် ချက်ကို ဖော်ပြထား သည်။

တိုင်းကျိုးပြည်ပြု ဓာတ်ပုံ ၁၀၀၀ ပြပွဲကို နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍ ဟူ၍ ကဏ္ဍသုံးရပ် ခွဲခြားပြသထား ခြင်းဖြစ်သည်။ နိုင်ငံရေးကဏ္ဍတွင် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်၊ တပ်နှင့်ပြည်သူမြဲကြည်ဖြူ သွေးခွဲလာသူတို့ရန်သူ၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး ဦးစားပေးဟူသည့် ခေါင်းစီးစာတမ်းများကို တွေ့မြင်နိုင်သည်။ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်သည့် မှတ်တမ်းတင် ဓာတ်ပုံများ၊ အမျိုးသားညီလာခံ ကျင်းပသည့် မှတ်တမ်းတင် ဓာတ်ပုံများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်လှုပ်ရှားမှု မှတ်တမ်းတင်ဓာတ်ပုံများ၊ နိုင်ငံတော်အကြီးအကဲ၏ အာဆီယံနိုင်ငံများနှင့် ပြည်ပနိုင်ငံများ ခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံများ၊ တံပိုးမတော်နေ့ အခမ်း အနား ကျင်းပသည့် မှတ်တမ်းတင် ဓာတ်ပုံများ၊ ဗိုလ်လောင်းသင်တန်းဆင်းပွဲ မှတ်တမ်းတင်ဓာတ်ပုံ များ၊ နယ်စပ်ဒေသသို့ သွားရောက် ခဲ့ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယ တပ်မ တော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ မှတ်တမ်း တင်ဓာတ်ပုံများ၊ နယ်စပ်ဒေသရှိ ဘုန်းတော်ကြီး ကျောင်းများ၊ တိုင်းရင်းသားများအား ပစ္စည်းများ လှူဒါန်းထောက်ပံ့သည့် မှတ်တမ်းတင် ဓာတ်ပုံများ၊ နိုင်ငံတော်တွင် ဖောက်လုပ်လျက်ရှိသော ရထားလမ်း ဖောက်လုပ်မှုတွင် လုပ်အားပေးကြသည့် တပ်မတော် သားများ၏ မှတ်တမ်းတင်ဓာတ်ပုံများ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ အတွင်းရေးမှူး (၁)၊ အတွင်းရေးမှူး (၂) နှင့် ဝန်ကြီးများ၊ ရထားလမ်းဖောက် တပ်မတော်သားများအား သွားရောက် အားပေးကြသည့် မှတ်တမ်းတင် ဓာတ်ပုံများ၊ ရထားလမ်းဖောက် တပ်မတော်သားများအားရုပ်ရှင်၊ ဂီတအဖွဲ့သွားရောက်ဖျော်ဖြေကြသည့် မှတ်တမ်းတင် ဓာတ်ပုံများ၊ မသန်စွမ်း စစ်သည်များအား သန်မြန်သူမော်တော်ယာဉ်လိုင်းကထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည့် မှတ်တမ်းတင် ဓာတ်ပုံများ၊ မြဝတီရုပ်မြင်သံကြား ထုတ် လွှင့်စက်ရုံဖွင့်ပွဲအခမ်းအနား မှတ်တမ်းဓာတ်ပုံများ၊ ၁၉၉၆ ခုနှစ်၊ ပြည်ထောင်စုနေ့ အခမ်းအနား၊ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနား မှတ်တမ်းတင် ဓာတ်ပုံများ ပြသထား သည်။

စီးပွားရေးကဏ္ဍတွင် နိုင်ငံတော် အကြီးအကဲ နိုင်ငံတော်အတွင်းရှိ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ၊ အောက်မြန်မာပြည်စက်မှုလက်မှုပြပွဲ၊ သမဝါယမဈေးပွဲတော်၊ သစ်သီးဝလံပြပွဲ၊ ကြက်မောက်တောင်ဆည်၊ သန်လျင် ဂြိုဟ်တု ဆက်သွယ်ရေးစခန်း၊ မြန်မာ့ကျောက်မျက် ရတနာပြပွဲ၊ ကာကွယ်ရေးပစ္စည်းစက်ရုံအမှတ်(၂)၊ မန္တလေးမြို့စီနီပန်းကုန်ထုတ်သမဝါယမအသင်းစသည်တို့သို့ သွားရောက်လှည့်လည်ကြည့်ရှု သည့် မှတ်တမ်းတင်ဓာတ်ပုံများ၊ ရှေပြည်ဌေး အစမ်း တွင်းမှ

တိုင်းကျိုးပြည်ပြု စာတမ်းပုံ ၁၀၀၀ ပြပွဲ



တိုင်းကျိုးပြည်ပြု စာတမ်းပုံ ၁၀၀၀ ပြပွဲတွင် ဦးအောင်တင် (ပြန် / ဆက်) ၏ ပထမဆုရစာတမ်းပုံ

တိုင်းကျိုးပြည်ပြု စာတမ်းပုံ ၁၀၀၀ ပြပွဲတွင် အတွင်းရေးမှူး (၁) လာရောက်ကြည့်ရှုအားပေးစဉ်



စမ်းသပ်တွေ့ရှိသော သဘာဝဓာတ်ငွေ့များ၊ မြန်မာနိုင်ငံမှ ထွက်ရှိသော အဖိုးတန်မြန်မာ့ကျွန်း သစ်များ၊ ရန်ကုန်မြို့ တွင်တပ်ဆင်နေသော ခေတ်မီ ကြိုးမဲ့ရေဒီယို တယ်လီဖုန်း စနစ် ပစ္စည်းများ၊ ဘုရင့်နောင် မြစ်ကူးတံတား၊ ပြည်မြို့ ဧရာဝတီ မြစ်ကူး တံတား၊ ရန်ကုန်မြို့ မြန်မာ့ကုန်တိုက်၊ ပန်းဆိုးတန်း ခုံးကျော်တံတားစသည့် မှတ်တမ်းတင် စာတမ်းများ၊ နိုင်ငံတော်၏ စိုက်ပျိုးရေးလုပ်ငန်း၊ ဆည်မြောင်း၊ ရေလှောင်တမံ၊ ရေသွယ်မြောင်းများ တည်ဆောက် ခြင်း စသည့် မှတ်တမ်းတင်စာတမ်းများ၊ မြန်မာ့ အကြီးစား စက်မှုလုပ်ငန်းကထုတ်လုပ်သောစက်နှင့် စက်ကိရိယာပစ္စည်းများ၊ လှော်ကား သဘာဝဓာတ်ငွေ့ သုံး လျှပ်စစ်စာတ် အား ပေး စက်ရုံ၊ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား၊ ရတနာသဘာဝဓာတ်ငွေ့ တွင်းတူးစင်၊ မြန်မာ့စက္ကူနှင့် စာတုဖေဒလုပ်ငန်း စစ်တောင်း အမှတ်(၁) စက်ရုံ၊ ကြံခင်းဘိလပ်မြေ စက်ရုံ အမှတ်(၂)၊ သစ်စက်များ၊ တွံတေးငါး မွေးမြူရေးကန်၊ ပုစွန် ထုတ်လုပ်ရေးစက်ရုံနှင့် ပုသိမ် ငါးမွေးမြူရေးကန် စသည့် မြန်မာ့စီးပွားရေး ကုန်ထုတ် လုပ်ငန်းနှင့် သက်ဆိုင်သော မှတ်တမ်းတင် စာတမ်းပုံများ ပြသထား သည်။

လူမှုရေးကဏ္ဍတွင် အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဝန်ကြီးများ ရန်ကုန်သမ ဝါယမ ဒီဂရီကောလိပ် (သန်လျင်) အုတ်မြစ်စိုက် မင်္ဂလာ အခမ်းအနားတွင် အုတ်မြစ်စိုက် ပေးကြပုံ၊ နိုင်ငံခြား ဘာသာတက္ကသိုလ် စာကြည့်တိုက် ပုံစံငယ်အား ကြည့်ရှုစစ်ဆေးကြသည့် မှတ်တမ်းတင်စာတမ်းများ၊ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်း ကျောင်းနှင့် မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ လှုပ်ရှားမှုစာတမ်းပုံများ၊ တောင်သာမြို့နယ် နဘဲကန်ကျေးရွာ ကျောင်းပြင်ပညာရေး စာသင်ဝိုင်း တစ်ခု၏ လှုပ်ရှားမှု စာတမ်းပုံ၊ ရန်ကုန် တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုသဘင် မှတ်တမ်း တင် စာတမ်းပုံများ၊ သူနာပြုတက္ကသိုလ် တိုးချဲ့ဆောင်၊ ဆေးတက္ကသိုလ် (၂)ရန်ကုန်၊ သူနာပြု တက္ကသိုလ် ရန်ကုန်၊ ကျောက်ကပ် အစားထိုး ခွဲစိတ်ကုသမှု မှတ်တမ်းတင်စာတမ်းပုံများ၊ ကလေးသူငယ်ပြုစောင့်ရှောက်ခြင်းလုပ်ငန်း ဆောင်ရွက် ချက်များ၊ မိသားစုကျန်းမာရေး ဟောပြောပွဲ၊ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အဆောက်အအုံ အုတ်မြစ်စိုက် မင်္ဂလာအခမ်းအနား၊ ထောက်ကြံ့ ကလေး ပြုစုရေးဌာနသို့ ဝန်ကြီးနှင့်အဖွဲ့ လာရောက် ကြည့်ရှု စစ်ဆေးခြင်း၊ သက်ကြီးသက်ငယ် မသန်မစွမ်းသူများ ပြုစုပျိုးထောင်ရေး လုပ်ငန်းဆောင်ရွက်ချက်များ၊ ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ၊ အမျိုးသား ကာကွယ်ဆေး တိုက်နေ့များ လူပ်ရှားမှု၊ ရေဘေး ကယ်ဆယ်ရေး ဆောင်ရွက်မှု၊ ကမ္ဘာ့လူဦးရေနေ့ အခမ်းအနား၊ ကမ္ဘာ့ သစ်ပင်စိုက်ပျိုးရေးနေ့ အခမ်း အနား၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု လှေသဘင် ပွဲတော်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု နွားလှည်းနှင့် နွားအလှပြိုင်ပွဲ စသည့် မှတ်တမ်းတင် စာတမ်းပုံများ ပြသထား သည်။

တိုင်းကျိုးပြည်ပြု စာတမ်းပုံ ၁၀၀၀ ပြပွဲတွင် အစိုးရ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်များကို **Liquid Crystal Display Data Projector** အသုံးပြု၍ လက်မ ၃၀၀ ရှိ ကားချပ်ကြီးပေါ်တွင် လည်းကောင်း၊ ကွန်ပျူတာများ အသုံးပြု၍ အင်တာနက်ကမ္ဘာပေါ်က ရွှေနိုင်ငံအမည်ဖြင့် မြန်မာနိုင်ငံ၏ သိမှတ်ဖွယ်ရာများ၊ သတင်းမှတ်တမ်း ဗီဒီယိုများ၊ ကွန်ပျူတာဆလိုက် စာတမ်းပုံများ ကိုလည်းကောင်း၊ နိုင်ငံတော်အတွင်း ပြည်တွင်းပြည်ပဆောက်လုပ်ရေး အဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင် ရွက်နေကြသည့် တည်ဆောက်ရေးလုပ်ငန်း ပုံစံငယ် များကိုလည်းကောင်း ပြသထား သည်။ ပြပွဲ လာရောက် ကြည့်ရှုကြသည့် ပရိသတ်များအား မြန်မာ့ ရုပ်မြင် သံကြား နှင့် အသံလွှင့်ဦးစီးဌာန သံစုံတီးဝိုင်းဖြင့် အချိန်ပိုင်းခြား၍ ဖျော်ဖြေပေးသည်။

တိုင်းကျိုးပြည်ပြု စာတမ်းပုံ ၁၀၀၀ ပြပွဲတွင် ပြသထားသော ရောင်စုံစာတမ်းပုံ ၁,၁၃၅ ပုံ အနက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ) ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နောင်မွန်မြို့တွင် ဒေသခံ တိုင်းရင်းသား များအား လက်ဆောင်ပစ္စည်းများ ပေးအပ်နေပုံ ရိုက်ကူးသူ ဦးအောင်တင်က ပထမဆု၊ ပအိုဝ်းတိုင်းရင်းသား

ကလေးငယ်များအား ဆေးကုသ နေပုံ ရိုက်ကူးသူ မောင်မောင်လှတင့် (မန်းတက္ကသိုလ်) က ဒုတိယဆု၊ တာကော်အက်တံတား:အား ရိုက်ကူးသူ အောင်ထွန်းနိုင် (ပြည်မြန်မာ) က တတိယဆု၊ ရွှေပြည်ဌေး အစမ်းတွင်းမှ သဘာဝဓာတ်ငွေ့များ စမ်းသပ်တွေ့ရှိပုံ ရိုက်ကူးသူ ဦးမြင့်သောင်းက စတုတ္ထဆု၊ အမျိုးသားညီလာခံကျင်းပပုံ ရိုက်ကူးသူ ဦးလှအေးက ပဉ္စမဆု အသီးသီး ဆွတ်ခူးရရှိသည်။

တိန့်.ရှောင်ဖိန် (ခရစ် ၁၉၀၄ - ၁၉၉၇)။ ။ တိန့်.ရှောင်ဖိန်ကို မြေဓကအနည်းငယ် ပိုင်ဆိုင်သော မြေပိုင်ရှင်မိသားစုမှ တရုတ်နိုင်ငံ အနောက်ပိုင်း၊ ဆီချွန်ယန်ပြည်နယ်တွင် ၁၉၀၄ ခုနှစ်၊ သြဂုတ်လ ၂၂ ရက် နေ့၌ မွေးဖွားခဲ့သည်။ မိသားစုတွင် အကြီးဆုံးသား ဖြစ်သည်။ မူလက "တိန့်.ရှန်ရှင်း" ဟု အမည်မှည့်ခေါ်ခဲ့ပြီး ၁၉၂၇ ခုနှစ်တွင် "တိန့်.ရှောင်ဖိန်" ဟု အမည်ပြောင်းလဲခဲ့သည်။ ရှောင်ဖိန်မှာ" little peace " ဟု အဓိပ္ပာယ်ရသည်။ ၁၉၂၀ ခုနှစ်တွင် ဇာတိမြေမှ ထွက်ခဲ့ပြီး ပြင်သစ် နိုင်ငံသို့ သွားရောက်ကာ အလုပ်လုပ်ရင်း ပညာသင်ကြားနေကြသည့် ဆီချွန်ယန်ပြည်နယ်မှ ကျောင်းသားများအဖွဲ့ကို ဦးဆောင်ခဲ့သည်။ တိန့်.ရှောင်ဖိန်သည် ပြင်သစ်နိုင်ငံသို့ ရောက်ရှိပြီး မကြာမီတွင် ဖိနပ်စက်ရုံတစ်ရုံတွင် အလုပ်လုပ်ခဲ့သည်။ ပြင်သစ်နိုင်ငံတွင် ရှိနေစဉ် တရုတ်ဆိုရှယ်လစ်အဖွဲ့ချုပ်သို့ ဝင်ရောက်ခဲ့သည်။ ၁၉၂၁ ခုနှစ်၊ ဇူလိုင်လတွင် ယင်းအဖွဲ့ချုပ်ကို ရှန်ဟိုင်း၌ ပြင်ဆင် ဖွဲ့စည်းလိုက်သည့်အခါ တရုတ်ကွန်မြူနစ်ပါတီ ဖြစ်လာခဲ့သည်။ တိန့်.ရှောင်ဖိန်သည် ပြင်သစ်၌ နေထိုင်စဉ်မှာပင် တရုတ်ကွန်မြူနစ်ပါတီ၏ ဥရောပအဖွဲ့ခွဲကို ဦးဆောင်သည့် ချူအင်လိုင်းနှင့် တွေ့ဆုံခဲ့ရသည်။ ထို့နောက် ဆိုဗီယက်ပြည်ထောင်စု၌ ခဏတာနေထိုင်ပြီးနောက် ၁၉၂၆ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ပြန်လာခဲ့သည်။ ဆက်လက်ပြီး တိန့်.ရှောင်ဖိန်သည် မြေအောက်ပါတီ အဖွဲ့အစည်းတွင် ပါဝင်လှုပ်ရှားပြီး ၁၉၂၉ ခုနှစ်တွင် တရုတ်နိုင်ငံအနောက်တောင်ပိုင်း၊ ဂွန်ဇီပြည်နယ်၌ တပ်နီအဖွဲ့ ဖွဲ့စည်းရေးကို ကူညီပံ့ပိုးခဲ့သည်။ တစ်ဖန် ၁၉၃၄ -၃၅ ခုနှစ်တွင် ခရီးရှည် ချီတက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ပြီး ပထမဆုံးတပ်မတော်တပ်ဖွဲ့၏ နိုင်ငံရေးအရာရှိတစ်ဦးအဖြစ် မော်စီတုံးကို ထောက်ခံခဲ့သည်။ ၁၉၃၅ ခုနှစ်၊ ဇန်နဝါရီလတွင် ဇွန်ရီ၌ ကျင်းပသည့် ညီလာခံတွင် မော်စီတုံးသည် တရုတ်ကွန်မြူနစ်ပါတီဦးဆောင်မှုအပိုင်းတွင် သူ၏ပြိုင်ဘက်များကို ဖြုတ်ချပြီး အစားထိုး နေရာယူခဲ့သည်။

၁၉၃၇-၄၅ နှစ်အတွင်း ဖြစ်ပွားခဲ့သည့် တရုတ်ဂျပန်စစ်ပွဲ ကာလအတွင်း တိန့်.ရှောင်ဖိန်သည် တရုတ်နိုင်ငံမြောက်ပိုင်းတွင် အဌမမြောက်လမ်းကြောင်း တပ်မတော်၏ နိုင်ငံရေး အရာရှိအဖြစ် လှုပ်ရှား ဆောင်ရွက်ခဲ့သည်။ ၁၉၄၆-၄၉ ခုနှစ် စစ်ပွဲပြီးဆုံးသည့်အချိန်တွင် အောင်ပွဲရ ဒုတိယစစ်မြေပြင် တပ်မတော်၏ ကွန်မြူနစ်ပါတီအတွင်းရေးမှူး ဖြစ်လာခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအဖြစ် ကြေညာသည့်အခါ တိန့်.ရှောင်ဖိန်သည် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် နိုင်ငံရေးနှင့် စီးပွားရေးစီမံခန့်ခွဲသူအဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းနောက် ဘိန့်.ရှောင်ဖိန်သည် ၁၉၅၂ ခုနှစ်တွင် ပီကင်းမြို့သို့ ရောက်ရှိလာပြီး မော်စီတုံးအား အနီးကပ် ထောက်ခံအားပေးသူတစ်ဦးအဖြစ်ဖြင့် ပါတီရာထူးကြီးများနှင့် အစိုးရအုပ်ချုပ်ရေး ရာထူးကြီးများအထိ လျင်မြန်စွာ တက်လှမ်းလာခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးအဖြစ် လည်းကောင်း ခန့်အပ်ခံရသည်။ ၁၉၅၄ ခုနှစ်တွင် အမျိုးသားကာကွယ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးချုပ်ဖြစ်လာသည်။ တစ်ဖန် ၁၉၅၅ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို အဖွဲ့ဝင်တစ်ဦး ဖြစ်လာသည်။ ၁၉၅၄-၅၅ ခုနှစ်တွင် ပထမဆုံးအကြိမ် အဖြစ် ပါတီဦးဆောင်မှုအပိုင်းအား ကြီးကြီးမားမားသန့်စင်ရေးကို လုပ်ဆောင်ခဲ့ပြီး နိုင်ငံရေးအချေအတင် ဆွေးနွေးပြောဆိုမှုများကို ခဏတာမျှသာ အားပေးခဲ့သည့် ၁၉၅၇ ခုနှစ် "ပန်းမျိုးတစ်ရာ" လှုပ်ရှားမှု လမ်းစဉ်နောက်သို့ လိုက်ကြသည့် အသိပညာရှင်များအား ၄င်းတို့၏ အမှားများ ပြန်လည် ပြင်ဆင်ရေးလုပ်ငန်းစဉ်ကို ဦးဆောင်လုပ်ကိုင်ခဲ့သည်။



တရုတ်သက်ကြီးဝါရင့်ခေါင်းဆောင် တိန့်ရှောင်ဖိန်

၁၉၅၇-၅၉ ခုနှစ်တွင် ရှေ့သို့အကြီးအကျယ်ခုန်ပျံကျော်လွှားခြင်း လမ်းစဉ်ကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြင်ဆင်ရန် စေခိုင်းခြင်းခံရသည့် ခေါင်းဆောင်အုပ်စုတွင် တိန့်ရှောင်ဖိန်မှာ တစ်ဦးအပါအဝင် ဖြစ်သည်။ သို့ဖြစ်လင့်စကား တိန့်ရှောင်ဖိန်ချမှတ်ခဲ့သည့် ပုဂ္ဂလိက မြေယာပြန်လည်ဖော်ဆောင်ရေးနှင့် အသေးစားလွတ်လပ်သော စျေးကွက်စနစ်အပါအဝင် လက်တွေ့တွင် ပိုမိုအဲဝင်ပြီး ပိုမိုတန်ဖိုးရှိသည့် လုပ်ဆောင်ချက်များမှာ တိန့်ရှောင်ဖိန်နှင့် မော်စီတုံးတို့အကြား ကသိကအောင့်ဖြစ်စေခဲ့သည်။ ဤသို့ဖြင့် တိန့်ရှောင်ဖိန်၏ ကျော်ကြားသော ဆိုရိုးစကားဖြစ်သည့် "ကြောင်မည်း ဖြစ်စေ၊ ကြောင်ဖြူဖြစ်စေ အရေးမကြီးပါ၊ ကြွက်ဖမ်းနိုင် နေသရွေ့ အသုံးကျသည့် ကြောင်တစ်ကောင်သာဖြစ်သည်" ဟူသည့် စကားမှာ ယင်းကာလမှစတင်ပေါ်ပေါက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် အစောပိုင်းတွင် တိန့်ရှောင်ဖိန်သည် မော်စီတုံးနှင့် ဗြောင်ကျကျ ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားခဲ့ပြီး သမ္မတလီယူရှောကီနှင့် ပေါင်းစည်းရန် လုံးပမ်းခဲ့သည်။ တိန့်ရှောင်ဖိန်နှင့် သမ္မတလီယူရှောကီတို့ နှစ်ဦးစလုံးကဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် မော်စီတုံးမပါဝင်စေရန် ကြိုးပမ်းခဲ့သည်။ ၄င်းတို့နှစ်ဦးသည် ၁၉၆၆ ခုနှစ် ယဉ်ကျေးမှုတော်လှန်ရေးကာလ ပထမ လအနည်းငယ်အတွင်း အရင်းရှင်စနစ်လမ်းကြောင်းကို ပုံဖော်လုပ်ဆောင်လိုသည့် အာဏာရအစိုးရအဖွဲ့မှ နုံပါတ်တစ်နှင့် နုံပါတ်နှစ်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ သို့ဖြစ်ရာ ၄င်းတို့နှစ်ဦးစလုံးအားပါတီနှင့် အစိုးရအဖွဲ့ ရာထူးများမှ ဖယ်ရှားခဲ့သည်။ ယင်းနောက်တွင် တိန့်ရှောင်ဖိန်သည် မိမိကိုယ်မိမိ ပြစ်တင်ရှုတ်ချပြီး သူ့အနေဖြင့် သူတစ်ပါးအပေါ်တွင် ဆရာလုပ်တတ်ပြီး တစ်စုံတစ်ခု ထူးထူးခြားခြား ပြုမူတတ်သည့် အကျင့်ရှိကြောင်း ဝန်ခံကာ ကျေးလက်ဒေသတွင် ခိုလှုံနေထိုင်ရင်း အများပြည်သူ မြင်ကွင်းမှ ကာလအတန်ကြာပျောက်ကွယ်သွားခဲ့သည်။

၁၉၇၃ ခုနှစ်တွင် တိန့်ရှောင်ဖိန်သည် အများပြည်သူမြင်ကွင်းသို့ ပြန်လည် ပေါ်ထွက်ခဲ့ပြန်သည်။ စင်စစ်အားဖြင့် မော်စီတုံး၏ ပုဂ္ဂိုလ်ရေးရာ အတည်ပြုချက်ဖြင့် နိုင်ငံရေးစင်မြင့်သို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။ ယင်းအချိန်တွင် တိန့်ရှောင်ဖိန်အား ဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၇၆ ခုနှစ် အစောပိုင်းတွင် ဝန်ကြီးချုပ် ချူအင်လိုင်း ကွယ်လွန်သောအခါ သူ၏နေရာကို တိန့်ရှောင်ဖိန် ဆက်ခံရန်ရှိခဲ့သည်။ သို့ရာတွင် တိန့်ရှောင်ဖိန်သည် ဝန်ကြီးချုပ်ရာထူးကို မရရှိခဲ့ပေ။ တိန့်ရှောင်ဖိန်မှာ ၁၉၇၆ ခုနှစ်၊ ဧပြီလတွင် "လေးဦးဂိုဏ်း" ဟုခေါ်ဆိုသည့် မော်စီတုံး၏ ဇနီးဖြစ်သူ ကျန်ကွင်းဦးဆောင်သည့် လက်ဝဲဝါဒီအုပ်စု၏ ဖယ်ရှားခြင်းကိုခံခဲ့ရသည်။ ဤသို့ ဒုတိယအကြိမ် ရာထူးမှဖယ်ရှားခြင်းခံရသည့် ကာလမှာ တိုတောင်းလှသည်။ ၁၉၇၆ ခုနှစ်၊ စက်တင်ဘာလတွင် မော်စီတုံးကွယ်လွန်ပြီး မကြာမီတွင် လေးဦးဂိုဏ်းတွင် ပါဝင်သည့်သူများ အဖမ်းခံခဲ့ရသည်။ တိန့်ရှောင်ဖိန်သည်လည်း ၁၉၇၇ ခုနှစ်၊ ဇူလိုင်လတွင် အာဏာပြန်လည်ရရှိပြီး ပေါ်လစ်ဗြူရိုအမြဲတမ်းကော်မတီ

သို့လည်းကောင်း၊ ဒုတိယဝန်ကြီးချုပ် အဖြစ်လည်းကောင်း ပြန်လည်ခန့်အပ်ခြင်း ခံရသည်။

၁၉၇၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပသည့် တရုတ်ကွန်မြူနစ်ပါတီ ၁၁ ကြိမ်မြောက် ဗဟိုကော်မတီ တတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးတွင် တရုတ်နိုင်ငံ၌ ဩဇာအာဏာ ရှိလာပြီဖြစ်သည့် တိန့်ရှောင်ဖိန်သည် တရုတ်နိုင်ငံ ခေတ်မီရေးလမ်းစဉ်နှင့် အနောက်နိုင်ငံများသို့ တံခါးဖွင့်ရေး မူဝါဒကို ချမှတ်ခဲ့သည်။ တိန့်ရှောင်ဖိန်သည် ချောင်ထိုး စွန့်ပစ်ခံထားရသည့် ဟူယောင်ဘန်းနှင့် ကျောက်ကျီယန်တို့အား ကူညီဖေးမ စောင့်ရှောက်ပြီး ၄င်းတို့နှင့်အတူ လက်တွဲလုပ်ကိုင်ခဲ့ရာ တိန့်ရှောင်ဖိန်၏ အယူအဆ ဖြစ်သည့် စီးပွားရေး လက်တွေ့အကျိုးရှိရှိ ဆောင်ရွက်ရေးဝါဒမှာ ကြီးကြီးမားမား အကျိုးသက်ရောက်မှု ရှိခဲ့သည်။ စိုက်ပျိုးရေးကဏ္ဍတွင် လယ်ယာလုပ်ငန်း ဘုံအဖွဲ့များကို ဖျက်သိမ်းပြီး တောင်သူလယ်သမားများ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်များကို ရရှိစေသည်။ စက်မှုကဏ္ဍတွင်လည်း စျေးကွက်ယန္တရားအသုံးချရေးကို ချဲ့ထွင်ဆောင်ရွက်ရန်အတွက် လိုအပ်သည့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း၊ ကမ်းရိုးတန်း ဒေသတွင် အထူး စီးပွားရေးဇုန်များ တည်ထောင်ပြီး နိုင်ငံခြားသား လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာစေ ရန် အားပေးခဲ့သည်။ နိုင်ငံခြားရေးရာ မူဝါဒအနေဖြင့်လည်း တိန့်ရှောင်ဖိန်သည် တရုတ်နိုင်ငံအား အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနယ်ပယ် ပင်မရေစီးကြောင်းတွင် တင်းမာမှုများ လျော့နည်းစေကာ အဆင်ပြေပြေ ဆက်ဆံရေးကို ကျင့်သုံး ဆောင်ရွက်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုနှင့် ပုံမှန်ဆက်ဆံရေးကို ပြန်လည်လုပ်ဆောင် နိုင်ခဲ့သည်။ တိန့်ရှောင်ဖိန်သည် ပါတီ အကြီးအကဲရာထူးမှ လည်းကောင်း၊ နိုင်ငံတော် ဗဟိုစစ်ကော်မတီများ၏ ရာထူးများမှ လည်းကောင်း၊ ၁၉၈၉ ခုနှစ်၊ နိဝင်ဘာလနှင့် ၁၉၉၀ ပြည့်နှစ်၊ မတ်လတို့တွင် နုတ်ထွက်ကာ အနားယူခဲ့သည်။ ယင်းသို့ ရာထူးများမှ အနားယူခဲ့သော်လည်း တိန့်ရှောင်ဖိန်သည် တရုတ်နိုင်ငံ၏ အရေးပါသည့် ထိပ်တန်းခေါင်းဆောင် တစ်ဦးအဖြစ် သူ၏ဩဇာအာဏာနှင့် အရှိန်အဝါမှာ ပြိုင်ဘက်

ကင်းစွာရှိခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလအတွင်းက အသက်အရွယ် ကြီးရင့်ပြီဖြစ်သည့် ခေါင်းဆောင်ပြီး တိန့်ရှောင်ဖိန်သည် တရုတ်နိုင်ငံတောင်ပိုင်းအထူးစီးပွားရေးဇုန်များသို့ သွားရောက်လှည့်လည်ကြည့်ရှုပြီး တရုတ်နိုင်ငံ ကမ်းရိုးတန်းတစ်လျှောက် ဟောင်ကောင်ကဲ့သို့ ဒေသပေါင်းများစွာ ဖြစ်ပေါ်လာစေရေးကို တိုက်တွန်းပြောကြားခဲ့သည်။ ယင်းသတင်းကို လူသိရှင်ကြား ဖော်ပြခဲ့ရာ တရုတ်နိုင်ငံတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လှုပ်ရှားဆောင်ရွက်လုပ်ကိုင်မှုများ တစ်ရှိန်ထိုး ပေါက်ကွဲဖြစ်ပေါ်စေခဲ့သည်။

ဤသို့ဖြင့် ပါတီ၊ တပ်မတော်နှင့် မျိုးနွယ်စုအားလုံးမှ ပြည်သူများက အသိအမှတ်ပြုရသည့် အလွန်ဂုဏ်သိက္ခာမြင့်မားပြီး ထူးချွန်ပြောင်မြောက်သော တရုတ်သက်ကြီးဝါရင့်ခေါင်းဆောင် တိန့်ရှောင်ဖိန်သည် ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် ပီကင်းမြို့၌ ကွယ်လွန်သည်။

ထရီဇာ, မာသာ (ခရစ် ၁၉၁၀ –၁၉၉၇)။ ။

မာသာထရီဇာကို ၁၉၁၀ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် စကော့ပ်ဂျီမြို့တွင် မွေးဖွားခဲ့သည်။ စကော့ပ်ဂျီမှာ ထိုစဉ်က တူရကီနိုင်ငံတွင်ရှိ၍ ယခုအခါ ယူဂိုစလားဗီးယားနိုင်ငံတွင် တည်ရှိသည်။ မိသားစုမွေးချင်းသုံးဦးတွင် ယောကျ်ားကလေး တစ်ဦးနှင့် မိန်းကလေးနှစ်ဦးပါဝင်သည်။ အသက် ၂၀ အရွယ်တွင် မာသာထရီဇာသည် သူမဘဝ တစ်လျှောက်လုံး သီလရှင်ဝတ်ကာ နေထိုင်သွားမည်ဟု ဆုံးဖြတ်ခဲ့သည်။ ကျောင်းတွင် သူမ၏ဆရာက ကျောင်းသားသူငယ်များအား ပေးစာအချို့ကို ဖတ်ပြရာ ယင်းတို့မှာ အိန္ဒိယနိုင်ငံတွင် သာသနာပြု လုပ်ငန်းများ ဆောင်ရွက်နေကြသည့် ယူဂိုစလဗ် ဘုန်းတော်ကြီးများထံမှ စာများဖြစ်ကြသည်။ သို့ဖြစ်ရာ မာသာထရီဇာသည် သူမကိုယ်တိုင် အိန္ဒိယနိုင်ငံသို့ သွားရောက်လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့သည်။

မာသာထရီဇာသည် ကျောင်းနေစဉ်ကတည်းကပင် လော်ရက်တိုဂိုဏ်းမှ သီလရှင်များအကြောင်းကို ကြားခဲ့ဖူးသည်။ ယင်းသီလရှင်များသည် အိန္ဒိယနိုင်ငံတွင် သာသနာပြု လုပ်ငန်းများ လုပ်ကိုင်ကြပြီး ဌာနချုပ်များမှာ အိုင်ယာလန်တွင် ရှိကြသည်။ ၁၉၂၈ ခုနှစ် အသက် ၁၇ နှစ်အရွယ်တွင် မာသာထရီဇာသည် လော်ရက်တိုဂိုဏ်းမှ သီလရှင်များနှင့်



ဆင်းရဲသူတို့၏ သူတော်စင်မာသာထရီဇာ

နေထိုင်ရန် အိုင်ယာလန်သို့ သွားရောက်ခဲ့သည်။ ထိုမှ တစ်ဆင့် အိန္ဒိယနိုင်ငံသို့ ဆက်လက်သွားရောက်သည်။ အိန္ဒိယတွင်ရှိစဉ် ကနဦး၌ ဒါဂျီလင်မြို့တွင် နေထိုင်ခဲ့သည်။ လော်ရက်တို ခရစ်ယာန်သီလရှင်ကျောင်းတွင် ဆရာမ အဖြစ် လုပ်ကိုင်ခဲ့သည်။

ဒါဂျီလင်မြို့မှာ အေးမြပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ရာသီဥတုရှိကာ သာယာလှပသည့် နေရာဖြစ်သည်။ စင်စစ်အားဖြင့် ဒါဂျီလင်မြို့မှာဟိမဝန္တာ တောင်စဉ်တောင်တန်းများ အောက်တွင်ရှိ တောင်ကုန်းပေါ်တွင် တည်ထားသောမြို့ ဖြစ်သည်။ ဒါဂျီလင်မြို့မှာပင် နေထိုင်စဉ် မာသာထရီဇာသည် သူမဆုံးဖြတ်ထားသည့်အတိုင်း သီလရှင်ဝတ်ခဲ့သည်။ သူမ၏အမည်ကိုလည်း "အက်ဂ်နက်စ်" မှ "ထရီဇာ" သို့ ပြောင်းခဲ့သည်။

ထို့နောက်မာသာထရီဇာအား ကာလကတ္တားမြို့ရှိ လော်ရက်တိုဂိုဏ်း ခရစ်ယာန်သီလရှင်ကျောင်းသို့ စေလွှတ်ခဲ့သည်။ ယင်းကျောင်းတွင် ဘင်္ဂလားမှ ကျောင်းသူများအတွက် စာသင်ကျောင်းတစ်ကျောင်း ရှိသည်။ မာသာထရီဇာသည် ထိုကျောင်းတွင် ပထဝီဘာသာရပ်ကို သင်ပြခဲ့သည်။ ထို့နောက် ကျောင်းအုပ်ဖြစ်လာခဲ့သည်။ မာသာထရီဇာသည် ဆရာအဖြစ် နှစ်ပေါင်း ၂၀ နီးပါး လုပ်ကိုင်ခဲ့သည်။ ယင်းကာလအတွင်း သူမ၏ လူပ်ရှား ဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး ထူးထူးခြားခြား မရှိခဲ့ပေ။ ကာလကတ္တားမြို့တွင် သူမသည် ချမ်းသာကြွယ်ဝသော မိဘများ၏ ကလေးများအား စာသင်ပြပေးသည်။ မကြာခဏဆိုသလို ဒါဂျီလင်မြို့အထိ ခရီးဆန့်တတ်သည်။ ဘင်္ဂလားဘာသာစကားဖြစ်သည့် ဘင်္ဂလီကို လေ့လာသင်ယူခဲ့သည်။ အများအားဖြင့် အချိန်တိုင်းလိုလို သီလရှင်ကျောင်းအတွင်းမှာပင် နေထိုင်တတ်သည်။

၁၉၄၆ ခုနှစ်တွင် မာသာထရီဇာ၏ ဘဝတွင် အရေးအကြီးဆုံး အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်ခဲ့သည်။ တစ်နေ့တွင် သူမသည် ဒါဂျီလင်သို့ မီးရထားဖြင့် ခရီးထွက် ခဲ့သည်။ ရထားပေါ်တွင်ထိုင်နေစဉ် ဘုရားသခင်၏ အသံကို သူမကြားရသည်။ ဘုရားသခင်က သူမအား သီလရှင်ကျောင်းကို စွန့်ခွာကာ ကာလကတ္တားမြို့ရှိ အလွန်နွမ်းပါး ဆင်းရဲသောသူတို့အား ကူညီစောင့်ရှောက်ရန် ဗျာဒိတ်တော် ချမှတ်ခဲ့သည်။ ကာလကတ္တားမြို့သည် အိန္ဒိယနိုင်ငံရှိ မြို့ကြီးတစ်မြို့ဖြစ်၍ လူဦးရေရှစ်သန်းနီးပါးနေထိုင်သည်။ နေ့စဉ်ဆိုသလိုကာလကတ္တားမြို့တွင် နေထိုင်ရန်လူများရောက်လာတတ်သည်။

သို့ဖြစ်ရာ လူထောင်ပေါင်းများစွာမှာ ကာလကတ္တားမြို့တွင် နေထိုင်ရန် အိမ်ဂေဟာမရှိကြပေ။ အချို့မှာ လမ်းဘေး စက်ံပေါ်တွင် အိပ်၍ စက်ံပေါ်မှာပင် အစာအသောက် ပြင်ဆင်စားသောက်ကြသည်။ ထောင်ပေါင်းများစွာမှာ အိုမင်းဟောင်းနွမ်းနေပြီဖြစ်သည့် အဆောက်အအုံများတွင် လည်းကောင်း၊ တဲများတွင် လည်းကောင်း နေထိုင်ကြရသည်။

စင်စစ် ကာလကတ္တားမြို့မှာ နေထိုင်ရန် ဆိုးဝါးသည့် နေရာဒေသတစ်ခု ဖြစ်သည်။ ရာသီဥတု ပူပြင်းကာ ကျန်းမာရေးနှင့်လည်း ညီညွတ်မှုတမူမရှိပေ။ သို့ဖြစ်လင့်ကစား ကာလကတ္တားမြို့မှာ မာသာထရီဇာ လူပ်ရှားလုပ်ကိုင်လိုသည့်နေရာ တစ်နေရာ ဖြစ်ခဲ့သည်။ မာသာထရီဇာက သီလရှင် ကျောင်းမှထွက်ပြီး ကာလကတ္တားမြို့ရှိ ဆင်းရဲနွမ်းပါးသူများအား ကူညီစောင့်ရှောက်ခွင့် တောင်းခဲ့သည်။ ရောမမြို့ရှိ ပုပ်ရဟန်းမင်းကြီးကလည်း မာသာထရီဇာ၏ တောင်းဆိုချက်ကို သဘောတူခဲ့သည်။

မာသာထရီဇာမှာ လော်ရက်တိုဂိုဏ်း သီလရှင်ဝတ်စုံကို

အမြဲလိုလို ဝတ်ဆင်ခဲ့သည်။ ထို့နောက်အိန္ဒိယဝတ်စုံကို ဝတ်ဆင်ရန်ဆုံးဖြတ်ခဲ့သည်။ ပြောင်းလဲဝတ်ဆင်လိုက်သော သူမ၏ ဝတ်စုံသစ်မှာ အပြာရောင်အနားကွပ်ထား သည့် အဖြူရောင်ဆာရီဖြစ်သည်။ အဝတ်တွင်သာမကသေး၊ အစား:အသောက်တွင်လည်း ဆင်:ရဲသား:များ:စား:သည့် ထမင်:နှင့်ဆား:ကိုပင် စား:ရန်ဆုံး:ဖြတ်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် မာသာထရီဇာသည် အိန္ဒိယနိုင်ငံသား: တစ်ဦး:အဖြစ် ခံယူခဲ့သည်။

ထို့နောက် မာသာထရီဇာသည် ဆရာတစ်ဦး:အဖြစ် လုပ်ကိုင်ပြန်သည်။ ကာလကတ္တား:မြို့လမ်း:ပေါ်မှ ဆင်:ရဲနွမ်း:ပါး:သော ကလေး:သူငယ်များ:အား: စာသင်ပေး:သည်။ စာသင်ရန် ကျောင်း:အဆောက်အအုံများ: မရှိသဖြင့် ကလေး:များ:အား: သစ်ပင်အောက်တွင် စာသင်ပေး:ခဲ့ရသည်။ ထိုမျှသာမက မာသာထရီဇာသည် ကာလကတ္တား: လမ်း:များ: ပေါ်မှ နာဖျား:မကျန်း:ဖြစ်နေသော သူများ:အား: ပြုစုစောင့်ရှောက်ရန် သူနာပြုတစ်ဦး:အဖြစ်လည်း: လုပ်ကိုင်ခဲ့သည်။ ဘင်္ဂလား:မှ မိန်း:ကလေး:အချို့က သူမကို ကူညီလုပ်ကိုင်ပေး:လိုကြသည်။ သို့ဖြစ်ရာ မာသာထရီဇာသည် ၄င်း:တို့အား:လုံး: အတူနေနိုင်မည့် အိမ်တစ်လုံး: ရရှိအောင် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

ထိုအချိန်တွင် အိန္ဒိယနိုင်ငံမှ ထွက်ခွာတော့မည့် မွတ်စလင်တစ်ဦး:က သူ၏ အိမ်ကိုရောင်း:လိုသည်။ အိမ်မှာ အိမ်ကြီး:တစ်လုံး:ဖြစ်၍ အနီး:အနား:တွင် အခြား:အိမ်ငယ်နှစ်လုံး:လည်း:ရှိသည်။ ထိုအိမ်ကို မာသာထရီဇာအား: ပိုက်ဆံအနည်းငယ်ဖြင့် ရောင်း:ရန်အသင့်ရှိသည်။ အဆိုပါ မွတ်စလင်မှာ သူ့အား:ကောင်း:စွာ ပညာသင်ကြား:ပေး:ခဲ့သည့် ကက်သလစ်ဝတ်ပြုကျောင်း:မှ ဘုန်း:တော်ကြီး:များ:အား: ကျေး:ဇူး:တင်နေသူဖြစ်သည်။ ဤသို့ဖြင့် မာသာထရီဇာသည် လိုအပ်သည့်ငွေကို ရှာဖွေနိုင်ခဲ့ပြီး: ထိုအိမ်ကို ဝယ်ယူနိုင်ခဲ့သည်။

မာသာထရီဇာသည် သေအံ့ဆဲဆဲ ဖြစ်နေသူများ:ကို ကာလကတ္တား:မြို့ လမ်း:ဘေး:တွင် တွေ့ရသည်။ ထိုသူများ:ကို ကူညီရန် သူမဘာမျှမတတ်နိုင်။ သေအံ့ဆဲဆဲ ဖြစ်နေသည့် အမျိုး:သမီး:တစ်ဦး:ကို ဆေး:ရုံသို့ ပို့သည့်အခါ ထိုသူအတွက် ဆေး:ရုံတွင် နေရာမရှိဟု ဆရာဝန်များ:နှင့် သူနာပြုများ:က ပြောကြသည်။ ဤအခြေအနေတွင် မာသာထရီဇာသည် ချစ်ခြင်း:မေတ္တာနှင့် ဂရုစိုက်ထွေး:ပိုက်မှုများ:ဖြင့် ဆင်:ရဲနွမ်း:ပါး:သူများ: ဘဝနိဂုံး:ချုပ်နိုင်မည့် နေရာတစ်နေရာကို အလိုရှိခဲ့သည်။ မာသာထရီဇာသည် ကာလကတ္တား:မြို့ အုပ်ချုပ်ရေး:အရာရှိများ:ထံ သွား:ရောက်ပြီး: သူမဖြစ်ချင်သည့် ဆန္ဒကို ပြောပြသည်။ အုပ်ချုပ်ရေး:အရာရှိများ:ကလည်း: နေရာနှစ်နေရာအနက် တစ်နေရာကို ရွေး:ချယ်ရန် မာသာထရီဇာအား: ကမ်း:လှမ်း:ခဲ့သည်။ နေရာတစ်နေရာမှာ မာသာထရီဇာ ဝယ်ခဲ့သည့်အိမ်နှင့် မလှမ်း:မကမ်း:တွင်ရှိပြီး: အခြား:တစ်နေရာမှာ ကာလီဟိန္ဒူဘုရား:ကျောင်း:၏ အစိတ်အပိုင်း:ဖြစ်သည့် ဧရပ်အိုတစ်လုံး:ဖြစ်သည်။ မာသာထရီဇာသည် ယင်း:ဧရပ်အိုကိုပင် ရွေး:ချယ်လိုက်သည်။ အကြောင်း:မှာ ဟိန္ဒူများ:သည် ဘုရား:ကျောင်း:အနီး: သေလိုသည့်ဆန္ဒရှိကြသဖြင့် ယင်း:နေရာသို့ လာတတ်ကြောင်း: သူမကောင်း:စွာသိထား:သောကြောင့် ဖြစ်သည်။ အကယ်စင်စစ် မာသာထရီဇာသည် ဟိန္ဒူဘာသာဝင်များ:ကို ခရစ်ယာန်ဘာသာသို့ သွတ်သွင်း:ရန် ဆန္ဒမရှိခဲ့ပေ။


သို့သော်အချို့က ဟိန္ဒူဘုရား:ကျောင်း:အနီး:တွင် ခရစ်ယာန် အဖွဲ့ရှိနေခြင်း:ကို မလိုလား:ကြပေ။ အချို့လူငယ်များ:က ကာလကတ္တား:မြို့ရှိ ရဲချုပ်ထံသွား:ရောက်ကြပြီး: ကာလီဟိန္ဒူဘုရား:ကျောင်း:အတွင်း:ရှိ ဧရပ်မှ မာသာထရီဇာထွက်သွား:အောင် လုပ်ပေး:ရန် တောင်း:ဆိုခဲ့သည်။ ရဲချုပ်ကတောင်း:ဆိုချက်ကို သဘောတူလက်ခံပြီး: ဧရပ်သို့ကိုယ်တိုင်သွား:ရောက်ကြည့်ရှုရာ မွန်မြတ်သည့် လုပ်ငန်း:ဆောင်ရွက်နေသည်ကို တွေ့ရှိခဲ့ရသည်။ ရဲချုပ်လည်း: လူငယ်များ:ထံ ပြန်လာပြီး:၊ အကယ်၍ သင်တို့၏မိခင်များ:၊ အစ်မများ:၊ ညီမများ: ထိုဧရပ်သို့သွား:ပြီး: မာသာထရီဇာလုပ်နေသည့် အလုပ်ကို လုပ်မည်ဆိုပါက ယင်း:အမျိုးသမီး:ကြီး:အား: ဧရပ်မှ ထွက်သွား:အောင် လုပ်ပေး:မည်ဟု ပြန်ပြောခဲ့သည်။

၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် မာသာထရီဇာသည် သူမ၏သီလရှင်အဖွဲ့ကို ဖွဲ့စည်း:ခဲ့သည်။ ယင်း:အဖွဲ့ကို “စေတနာရှင်များ:အဖွဲ့ချုပ်” ဟု ခေါ်ဝေါ်ခဲ့သည်။ တစ်ချိန်တည်း:မှာပင် သူမဝယ်ယူခဲ့သည့် အိမ်ကိုလည်း: ဖွင့်လှစ်ခဲ့ရာ မေတ္တာ၊ ကရုဏာ၊ အကြင်နာဖြင့် ထွေး:ပိုက်ယုယမည့် “အမေ့အိမ်” ဖြစ်လာခဲ့သည်။



မာသာထရိဇာ၏ ရုပ်ကလာပ်ကို ဈာပနအခမ်းအနားကျင်းပမည့် အားကစားရုံအတွင်းသို့ သယ်ယူလာစဉ်

ဝတ်ပြုဆုတောင်းပွဲအခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံတကာမှထင်ရှားသည့် ပုဂ္ဂိုလ်များ



ယင်းအချိန်တွင် မာသာထရီဇာ၏ လုပ်ငန်းအရှိန်ရလာပြီဖြစ်ရာ သူမနှင့်အတူ တွဲဖက်လုပ်ကိုင်လိုသည့် သူများရောက်လာကြသည်။ ထိုသူများမှာ နိုင်ငံအသီးသီးနှင့် ယုံကြည်ကိုးကွယ်သည့် ဘာသာအသီးသီးမှ ဖြစ်ကြသည်။ ထိုသူများသည် မာသာထရီဇာအား လည်းကောင်း၊ စေတနာရှင် အဖွဲ့ချုပ်ကြီး၏ လုပ်ငန်းများကိုလည်းကောင်း ကူညီလုပ်ကိုင်ပေးကြသည်။ ထိုသူများကို မာသာထရီဇာ၏ "တွဲဖက်လုပ်သားများ" ဟုခေါ်ဝေါ်ကြသည်။ ယခုအခါ ကမ္ဘာ့နိုင်ငံ ၂၈ နိုင်ငံတွင် တွဲဖက်လုပ်သား ၁၅၀,၀၀၀ ကျော် ရှိနေပြီ ဖြစ်သည်။

မာသာထရီဇာသည် အိန္ဒိယနိုင်ငံရှိ အနာကြီးရောဂါသည်များအား လည်း ကူညီစောင့်ရှောက်လိုသည်။ အနာကြီးရောဂါသည်များအတွက် ဆေးဝါးအသစ်များလည်း ပေါ်နေပြီ ဖြစ်သည်။ အနာကြီးရောဂါသည် အများအပြားကို ပျောက်ကင်းအောင် ကုသရန်ဖြစ်နိုင်ပေသည်။ သို့ဖြစ်ရာ ၁၉၅၅ ခုနှစ်တွင် မာသာထရီဇာသည် အိန္ဒိယနိုင်ငံရှိအနာကြီးရောဂါသည်များအား ကူညီစောင့်ရှောက်ရေးလုပ်ငန်းတွင် သူမအား ကူညီရန် တွဲဖက်လုပ်သားများအား မေတ္တာရပ်ခံခဲ့သည်။ မာသာထရီဇာသည် တစ်မြို့လုံးရှိ အနာကြီးရောဂါသည်များအတွက် ဆေးခန်းများ ဖွင့်လှစ်လိုသည်။ သို့ရာတွင် အနာကြီးရောဂါသည် ဆေးခန်းများ အနီးတွင် နေထိုင်ကြသည့် အချို့လူများက မာသာထရီဇာ လုပ်ရပ်ကို မကြိုက်နှစ်သက်ကြပေ။ မာသာထရီဇာ ဆေးခန်းများ ဖွင့်သည်ကိုပင် ဟန့်တားပိတ်ပင်ရန် ကြိုးပမ်းခဲ့သည်။ သို့ဖြစ်ရာ မာသာထရီဇာသည် မော်တော်ယာဉ်များပေါ်တွင် အနာကြီးရောဂါသည်များအတွက် ဆေးခန်းများထား၍ ခြင်းဖြင့် ယင်းပြဿနာကို ဖြေရှင်းခဲ့သည်။ အဆိုပါဆေးခန်းယာဉ်သည် တစ်နေရာမှတစ်နေရာ သို့သွားလာပြီး ကုသပေးခဲ့ရာ နယ်လှည့်ဆေးပေးခန်းများဖြစ်လာတော့သည်။

ပန်းသတင်း လေညင်းဆောင်၊ လူသတင်းလူချင်းဆောင် ဆိုသည့်စကားနှင့်အညီ နှစ်အနည်းငယ်ကြာပြီးနောက် မာသာထရီဇာ၏ မွန်မြတ်သည့် လုပ်ငန်းဂုဏ်သတင်းသည် အိန္ဒိယနိုင်ငံ၏ အခြားဒေသများသို့ပင် ပျံ့နှံ့သွားတော့သည်။ သို့ဖြင့် အိန္ဒိယနိုင်ငံ အခြားမြို့များတွင်လည်း စေတနာရှင်အသင်းအဖွဲ့ဌာနများ ဖွင့်လှစ်ခဲ့ကြသည်။ ၁၉၆၄ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီး အိန္ဒိယနိုင်ငံဘုံဘေမြို့သို့ လာရောက် လည်ပတ်ခဲ့သည်။ ပုပ်ရဟန်းမင်းကြီးက သူ၏အလည်အပတ် ခရီးစဉ်အတွင်း အသုံးပြုခဲ့သည့် ကားကို မာသာထရီဇာ၏ စေတနာရှင်များအဖွဲ့ချုပ်သို့ ပေးအပ်ခဲ့သည်။ အဖွဲ့ချုပ်က ယင်းကားကို ရောင်းပြီး အနာကြီးရောဂါသည်များနှင့် သူတို့၏ မိသားစုများနေထိုင်ရန် မြို့ကို ပထမဆုံး တည်ထောင်ပေးခဲ့သည်။

တစ်စတစ်စဖြင့် နာဖျားမကျန်း ဖြစ်နေသောသူများနှင့် သေအံ့မူးမူး ရောဂါဝေဒနာခံစားနေရသူများအတွက် ပြုစုစောင့်ရှောက်ပေးသော မာသာထရီဇာ၏ လုပ်ငန်းအကြောင်းကို ကမ္ဘာကသိလာရသည်။ ဤသို့ဖြင့် စေတနာရှင်၊ ကရုဏာရှင် အသင်းအဖွဲ့များ ကမ္ဘာ့နိုင်ငံ အများအပြားတွင် ဖွင့်လှစ်တည်ထောင်လာခဲ့ကြသည်။ တောင်အမေရိကမှ ဗင်နီဇွဲလားတွင် လည်းကောင်း၊ အာဖရိကမှ တန်ဇားနီးယားတွင် လည်းကောင်း၊ ဩစတြေးလျမှ မဲလ်ဘုန်းတွင် လည်းကောင်း စေတနာရှင်၊ ကရုဏာရှင် အသင်းအဖွဲ့များ၊ ဂေဟာများ ပေါ်ပေါက်လာခဲ့သည်။ လန်ဒန်၊ နယူးယောက်နှင့် ရောမကဲ့သို့ မြို့ကြီးများမှာပင် စေတနာရှင်ဂေဟာများ ဖွင့်လှစ်ခဲ့သည်။

ယခုအခါ အိန္ဒိယနိုင်ငံတွင် မာသာထရီဇာ၏ ကရုဏာရှင် လုပ်ငန်းကို ဆောင်ရွက်ပေးသည့် ဂေဟာပေါင်း ၁၃၀ ကျော် ရှိနေပြီဖြစ်သည်။ အခြားနိုင်ငံများတွင် ယင်းဂေဟာမျိုး ၈၀ ရှိသည်။ မာသာထရီဇာ၏ မွန်မြတ်သည့် ကရုဏာရှင် လုပ်ငန်းတွင် ခရစ်ယာန်သီလရှင် ၂၀၀၀ နှင့် ဘုန်းတော်ကြီး ၃၀၀ နီးပါး ပါဝင်ဆောင်ရွက်လျက် ရှိသည်။ သူတို့၏ ဘဝမှာ အဆန်းတကြယ်မရှိ၊ သူတို့နေထိုင်ပုံမှာ ရိုးစင်းသည်။ သူတို့သည် ဘုရားသခင်ထံ ဆုတောင်းခြင်းဖြင့် နေ့တစ်နေ့၏ အချိန်ပိုင်းကို ကုန်လွန်စေသည်။ ကျန်အချိန်များတွင် ဆင်းရဲနွမ်းပါးသူများ၊ နာဖျားမကျန်း ဖြစ်နေသူများ၊ သေအံ့မူးမူး ရောဂါဝေဒနာ ခံစားနေရသူများကြား၌ ဖေးမကူညီ၊ ပြုစုစောင့်ရှောက်ရင်း အချိန်ကုန်စေသည်။ ကာလကတွာမြို့တွင် အစွန့်ပစ်ခံ၊ အပယ်ခံ ကလေးသူငယ်များကို လက်ခံပြီး ကျွေးမွေးစောင့်ရှောက်ပေးသည့် ဂေဟာတစ်ခုလည်း ရှိသည်။

ဤသို့ မွန်မြတ်သည့်လုပ်ငန်းကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သည့်အတွက် မာသာထရီဇာသည် ဆုမျာ:စွာကို လက်ခံရရှိခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ငြိမ်:ချမ်:ရေ:နိဗဲလ်ဆုကို လက်ခံရရှိသည်။ မာသာထရီဇာသည် နိဗဲလ်ဆုနှင့်အတူ လက်ခံရရှိခဲ့သော ငွေကြေး:မျာ:ကို သူမ၏ကရုဏာရှင်လုပ်ငန်: ဆက်လက် ရှင်သန်စေရန်အတွက် အသုံ:ပြုခဲ့သည်။ အခြာ:ဆုမျာ:နှင့်အတူ မာသာ ထရီဇာ လက်ခံရရှိခဲ့သော ငွေကြေ: အာ:လုံ:ကိုလည်: ထိုနည်:နှင်နှင် အသုံ:ချခဲ့သည်။

ဆင်:ရဲမွဲတေမှုနှင့် အတိဒုက္ခရောက်မှုသည် ငြိမ်:ချမ်:ရေ:ကို အန္တရာယ်ပြု ခြိမ်:ခြောက်စေနိုင်သည့် အကြောင်:ရင်:မျာ: ဖြစ်ရာ ယင်:တို့ကိုလျှော့ပါ:သက်သာအောင် စွမ်:ဆောင်ပေ:သည့်အတွက် မာသာထရီဇာသည် ငြိမ်:ချမ်:ရေ:နိဗဲလ်ဆု ရရှိခဲ့ခြင်:ဖြစ်သည်။ မာသာထရီဇာ၏ တောင်:ဆိုချက်အရ နိဗဲလ်ဆုရရှိသဖြင့် အစဉ်အလာအရ ကျင်:ပသော ညစာစာ:ပွဲကို ပယ်ဖျက်ခဲ့သည်။ သို့ဖြစ်ရာ ကုန်ကျမည့်ငွေဒေါ်လာ ၇၀၀၀ ကို ဆင်:ရဲဒုက္ခရောက်နေသူမျာ:အတွက် ကူညီ ထောက်ပံ့ငွေအဖြစ် သုံ:နိုင်ခဲ့သည်။ ဆင်:ရဲဒုက္ခရောက်နေသူမျာ:မှာ ကျွန်ုပ်တို့နှင့် သက်ဆိုင်သောသူမျာ:ပင် ဖြစ်ကြောင်:ကို ၄င်:တို့အာ: ပြောပြရန် လိုမည်ဖြစ်ကြောင်:၊ စင်စစ်အာ:ဖြင့် ထိုသူမျာ:ကိုလည်: ချစ်ခင်ရန်နှင့် ချစ်ခင်မှုကို ခံယူရန် ဘုရာ:သခင်၏ ချစ်မြတ်နိုး:သောလက်တော်ဖြင့်ပင် ဖန်ဆင်:ခဲ့ခြင်:ဖြစ်ကြောင်:ကို ချမ်:သာကြွယ်ဝပြီ: ဂုဏ်သရေရှိသည့် ဧည့်ပရိသတ်မျာ:အာ: မာသာထရီဇာက ပြောကြာ:ခဲ့ဖူ:သည်။

မာသာထရီဇာ၏ လူပ်ရှာ:ဆောင်ရွက်မှုအကြောင်:ကမ္ဘာအနံ့ လူသိမျာ: ကျော်ကြာ:လာသည့်အခါ တစ်သီ:ပုဂ္ဂလမျာ:မှ လည်:ကောင်:၊ အဖွဲ့အစည်:မျာ:မှ လည်:ကောင်: အလှူငွေမျာ: ထည့်ဝင်လာကြသည်။ မာသာထရီဇာသည် သူမ၏ကရုဏာရှင်လုပ်ငန်း တိုး:ချဲ့ဆောင်ရွက်မည့် လုပ်ရပ်မှန် သမျှအာ: ငွေကြေး ထောက်ပံ့ရန် မည်သည့်အခါမျှ ဝန်လေ:ခြင်: မရှိပေ။ ဘုရာ:သခင်က ဤလုပ်ငန်:ကို ကျွန်ုပ်တို့ထံ ပို့လွှတ်လိုက်ကြောင်:၊ ကျွန်ုပ်တို့ ထိုလုပ်ငန်:ကို ယခုလုပ်နေကြောင်:၊ ဘုရာ:သခင်က လုပ်ကိုင်ရန် နည်:လမ်:ပေ:ကြောင်:၊ မာသာထရီဇာက ပြောဖူ:သည်။ မာသာထရီဇာ၏ ကုသိုလ်ဖြစ် စေတနာရှင်အဖွဲ့မှာ ငွေကြေး:ကုံလုံ ပြည့်ဝပေသည်။ အဖွဲ့၏ ဘဏ္ဍာတိုက်တွင်ရှိသည့် ငွေကြေး:ဥစ္စာဓနကို မည်သည့်အပြင်ဘန်: လူတစ်ဦ:တစ်ယောက်မျှ အတိအကျ သိရှိနိုင်မည်မဟုတ်ချေ။ အခွန်အရာရှိမျာ:၏ ပြောဆိုချက်အရ အိန္ဒိယတစ်နိုင်ငံထဲ၌ပင် အဖွဲ့၏ရပိုင်ခွင့်မျာ:မှာ ဒေါ်လာ ၄၁ သန်:ကျော် ရှိသည်။ အမျာ:စုမှာ မြေနှင့်အိမ်ရာမျာ:တွင် ဖြစ်သည်။

ယခုအခါ အပြာရောင် အနာ:သတ်ကွပ်ထာ:သော အဖြူရောင်ဆာရီဝတ်ဆင်ထာ:သည့် ကုသိုလ်ဖြစ်သာသနာပြု ဝန်ထမ်:မျာ:ဖြစ်သည့် သီလရှင် ၄၀၀၀ ခန့်သည် မာသာထရီဇာ၏ ပြင်:ထန်ခက်ခဲလှသောလမ်:အတိုင်: ဆက်လက် လျှောက်လှမ်:လျက် ရှိကြသည်။ မာသာထရီဇာသည် စေတနာရှင်၊ ကရုဏာရှင် လုပ်ငန်:အဖွဲ့ပေါင်: ၅၆၉ ဖွဲ့ ပါဝင်သည့် ကွန်ရက်ကို ကမ္ဘာ့နိုင်ငံပေါင်: ၁၂၀ သို့ ဖြန့်ကြက်ခဲ့ပြီ: ဖြစ်သည်။ ယင်:အဖွဲ့မျာ:က အလုပ်လက်မဲ့မျာ:အတွက် အလုပ်ရုံမျာ:၊ အစာ:အသောက် ကျွေမွေ:သည့်နေရာမျာ:၊ မိဘမဲ့ဂေဟာမျာ:၊ အနာကြီ:ရောဂါသည် ဂေဟာမျာ:၊ စိတ်မနံ့သူမျာ:၊ ကျပ်မပြည့်သူမျာ:နှင့် သက်ကြီ:ရွယ်အိုမျာ:အတွက် နာ:ခိုရာဂေဟာမျာ: ဖန်တီ:ပေ:ခဲ့သည်။ မာသာထရီဇာမှာ ကမ္ဘာ့ခေါင်:ဆောင်မျာ:ထဲသို့ ဝင်ထွက်သွာ:လာခွင့် ရသူဖြစ်သည်။ ဒိုင်ယာနာမင်:သမီ:ကို သူမ၏ ရင်:နှီ:သည့် မိတ်ဆွေတစ်ဦ:အဖြစ် သဘောထာ:သည်။ ဒုတိယမြောက် ပုပ်ရဟန်:မင်:ကြီ: ဂျွန်ပေါလ်ကလည်: မာသာထရီဇာအာ: လေ:စာ:ရသည့် လုပ်ဖော်ကိုင်ဖက်တစ်ဦ:အဖြစ် တန်ဖို:ထာ:သည်။

ဤသို့ဖြင့် ဆင်:ရဲဒုက္ခရောက်နေသူမျာ:၏ ကောင်:ကျို:ချမ်:သာအတွက် မိမိ၏ဘဝတစ်သက်တာကို မြှုပ်နှံကာ စေတနာ၊ မေတ္တာ၊ ကရုဏာတို့ဖြင့် စွမ်:စွမ်:တမံ ဆောင်ရွက်ခဲ့သော သူဆင်:ရဲတို့၏ သူတော်စင် မာသာထရီဇာသည် အသက် ၈၇ နှစ်အရွယ် ၁၉၉၇ ခုနှစ်၊ စက်တင်ဘာ ၅ ရက်နေ့တွင် ကွယ်လွန်သည်။

မာသာထရီဇာ၏ စွာပနအခမ်:အနာ:ကို စက်တင်ဘာ ၁၂ ရက်နေ့က ကျင်:ပရာ မိဖုရာ:မျာ:၊ သမ္မတမျာ:၊ ဆင်:ရဲသူ ဆင်:ရဲသာ:မျာ: အစရှိသော လူတန်:စာ:မျာ: တက်ရောက်ကာ နောက်ဆုံ:ဂါရဝပြုခဲ့ကြသည်။ အိန္ဒိယနိုင်ငံ

အရှေ့ပိုင်း၊ ကာလကတ္တာမြို့ရှိ ဧရာမ မိုးလုံလေလုံ အာကစားရုံကြီးထဲ၌ ပြုလုပ်သော မာသာထရီဇာ စွာပန တွင် သီလရှင်များ ရွတ်ဆိုသော ဓမ္မတေးသံများသည် ဘဝင်ထိပင် ညံသွားသည်။ ဘုရားကျောင်းမှ တာဝန်ရှိသူများကလည်း အင်္ဂလိပ်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဘင်္ဂလီဘာသာ စကားများဖြင့် သမ္မာကျမ်းစာများကို ရွတ်ဖတ်ခဲ့ကြသည်။ စွာပန အခမ်းအနားကို ရုပ်မြင်သံကြားက တိုက်ရိုက် သတင်းရိုက်ကူး ထုတ်လွှင့်ခဲ့ရာ ကမ္ဘာတစ်ဝန်းရှိ ရုပ်မြင်သံကြားပရိသတ် သန်းပေါင်းများစွာ ကြည့်ရှုခဲ့ကြသည်။

နုနုယဉ်

ထိုင်းနိုင်ငံ။ ။ မိမိသည် ဝန်ကြီးချုပ် ရာထူးတွင် နှစ်နှစ်ထက်ပို၍ တာဝန်ထမ်းဆောင်မည် မဟုတ်ကြောင်း ထိုင်းဝန်ကြီးချုပ် ချာဗာလစ်ယောင်ချိုင်ယုဒ်က ထပ်မံကတိပြု ပြောကြား‌လိုက်သည်ဟု ဒေသဆိုင်ရာ သတင်းစာတစ်စောင်က ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ရေးသားဖော်ပြသည်။ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်နေ့တွင် ကျင်းပသော အထွေထွေ ရွေးကောက်ပွဲ အတွက် မဲဆွယ်တရားဟောရာတွင် (အင်အေပီ) ပါတီ ခေါင်းဆောင် ချာဗာလစ်က မိမိဝန်ကြီးချုပ်ဖြစ်လာလျှင် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် အတည်ပြုပြီး ရာထူးမှ နှုတ်ထွက်မည်ဖြစ်ကြောင်း ပြောကြား‌ခဲ့သည်။ အဖွဲ့ဝင် ၉၉ ဦးပါဝင်သော ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့ကို ၁၉၉၆ ခုနှစ် ဒီဇင်ဘာလအတွင်းက ဖွဲ့စည်းပေး‌ခဲ့၍ ဖွဲ့စည်းပုံ မူကြမ်းကို ရှစ်လအတွင်း ယင်းအဖွဲ့က အကောင်အထည်ဖော် ပေးရမည် ဖြစ်သည်။

ယင်းသို့ရှိနေရာမှ ထိုင်းညွှန့်ပေါင်းအစိုးရအတွင်း ပြစ်တင် ဝေဖန်မှုများခံနေရသူ ဘဏ္ဍာရေးဝန်ကြီး အန်နယေဗီရာဗန်သည် ဇွန်လ ၁၉ ရက်နေ့က နုတ်ထွက်ခဲ့ရာ ထိုင်းငွေကြေးနှင့် စတော့ဈေးကွက်၌ ဈေးထိုးကျခဲ့သည်။ အမ်နူယေးသည် နုတ်ထွက်စာကို ဝန်ကြီးချုပ် ချာဗာလစ်ယောင်ချိုင်ယုဒ်ထံ တင်သွင်းခဲ့သည်။ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး နစ်ဘင်ချိုင်းအတွက်ရာဆာနေ ကလည်း နုတ်ထွက်မည်ဟုပြောသည်။ အမ်နူယေးမှာ ဒုတိယဝန်ကြီးချုပ်တာဝန်ကို ယူထားရသူဖြစ်ရာ ယခုကဲ့သို့ နုတ်ထွက်ခြင်းကြောင့် ထိုင်းစတော့ဈေးကွက်နှင့် နိုင်ငံခြားငွေကြေးဈေးကွက်တွင် ဈေးနှုန်းများ ကျဆင်းခဲ့သည်။ ထိုင်းစတော့ဈေးကွက်၌ ၉၈ လအတွင်း အနိမ့်ဆုံးအဖြစ် လေးရာခိုင်နှုန်းကျပြီး နံနက်ပိုင်း၌ အညွှန်းအမှတ် ၄၀၂ ဒသမ ၃၈ အထိ ရောက်ရှိခဲ့သော ဘတ်ငွေမှာ ဒေါ်လာနှင့် လဲလှယ်ရာတွင် ဇွန်လ ၁၈ ရက်နေ့က ဘတ် ၂၃ ဒသမ ၅၃၀ ရှိရာမှ ၂၆ ဒသမ ၁၀၀ သို့ ကျဆင်းခဲ့သည်။

မိမိ၏ ညွှန့်ပေါင်းအစိုးရသည် မိမိနှင့်အတူတကွ လက်တွဲဆောင်ရွက်ခဲ့သော အဖွဲ့များအနက် အကောင်းဆုံးဖြစ်ကြောင်း အမျိုးသားအကျိုးစီးပွားကို အစိုးရအဖွဲ့၏ ဦးစားပေးအဖြစ် အမြဲတစေကိုင်ဆွဲထားကြောင်း ဇွန်လ ၁၉ ရက်နေ့တွင် ထုတ်ပြန်သောကြေညာချက်၌ ဝန်ကြီးချုပ် ချာဗာလစ်က ဖော်ပြထား‌သည်။ ဘဏ္ဍာရေးဝန်ကြီး အမ်နူယေး နုတ်ထွက်ခြင်းမပြုမီ မိမိအား ကြိမ်ဖန်များစွာ တွေ့ဆုံခဲ့ပြီး အစိုးရကို အခက်အခဲ တစ်စုံတစ်ရာ မဖြစ်စေလိုကြောင်း ချာဗာလစ်က ပြောကြား‌သည်။ ထိုင်းနိုင်ငံ၏ စီးပွားရေးပြဿနာများကိုမဖြေရှင်းနိုင်သောကြောင့် ဖိအားပေး‌ခဲ့ရသည်။ အမ်နူယေး နုတ်ထွက်သွား‌သော်လည်း အမ်နူယေး၏ စီးပွားရေးမူဝါဒများကို ဆက်လက်ကျင့်သုံးမည် ဖြစ်ကြောင်း၊ ဘတ်ငွေကို တန်ဖိုးချမည် မဟုတ်ပါကြောင်း စသည်ဖြင့် ဝန်ကြီးချုပ် ယောင်ချိုင်ယုဒ်က ပြောကြား‌သည်။

၁၉၉၈ ဘဏ္ဍာရေးနှစ် ရသုံးငွေစာရင်းဘတ်ဂျက်ကို ထိုင်းပါလီမန်တွင် ဇွန်လ ၂၅ ရက်နေ့က ဆွေးနွေးကြသည်။ စီးပွားရေး အကျပ်အတည်းကို ရင်ဆိုင်နေရချိန်တွင် အစိုးရ၏ စာရင်းအင်း ထိန်းညှိမှုစွမ်းရည်ကို အတိုက်အခံခေါင်းဆောင်များက စိန်ခေါ်လိုက်ကြသည်။ အောက်လွှတ်တော်တွင် သုံးရက်ကြာ ကျင်းပရန် စီစဉ်ထားသော ဆွေးနွေးပွဲ၌ ဝန်ကြီးချုပ် ချာဗာလစ်ယောင်ချိုင်ယုဒ်က အဖွင့်မိန့်ခွန်း ပြောကြား‌သည်။ ထို လွှတ်တော်တွင် ယောင်ချိုင်ယုဒ်၏ခြောက်ပါတီညွှန့်ပေါင်းက အမတ် ၃၉၃ နေရာအနက် ၂၂၂ နေရာကို ထိန်းချုပ်ထား‌သည်။ စီးပွားရေး နှေးကွေးမှုသည် စာရင်းကိုက်ညီထား၍ လိုငွေ

မရှိသော ဘတ်ဂျတ်ကို အဆိုပြုရန် အစိုးရအတွက် အလွန်အခက်အခဲ ကြုံစေကြောင်း၊ ၁၉၉၇ ခုနှစ် ဘတ်ဂျက်သည် တိုင်းပြည်၏ မျက်မှောက်ကာလ ဘဏ္ဍာရေးကဏ္ဍ အခြေအနေအရ သင့်လျော် လျောက်ပတ်သည်ဟု ယုံကြည်ကြောင်း ယောင်ချိုင်ယုဒ်က ပါလီမန်တွင် ပြောကြား၊ခဲ့သည်။ ထိုင်းနိုင်ငံ၏ ဆယ်နှစ်ကျော်ကြာ စီးပွား၊ရေး အကျပ်အတည်း၊သည် အစိုးရကို အကောက်အခွန်ဝင်ငွေ လျော့နည်း စေခဲ့သည်။ လာမည့်နှစ် စီမံကိန်းအတွက် အသုံးစရိတ်ကို ဘတ်ငွေ ၂၆ ဒသမ ၅၉ ဘီလီယံ (ဒေါ်လာ တစ်ဘီလီယံ) အစိုးရအား လျှော့ချဖြတ်တောက်စေခဲ့သည်။ လာမည့်နှစ်တွင် အစိုးရလုပ်ငန်းများ ပိုမိုရရှိရန် အစိုးရ၏ အစီအစဉ်များကို ရှင်းလင်းတင်ပြမည် ဖြစ်ကြောင်း ဘဏ္ဍာရေး ဝန်ကြီးသစ် သန္ဓမ်ဘီဒါယာက ဆွေးနွေးပွဲ မတိုင်မီ သတင်းထောက်များအား ပြောကြား၊သည်။

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဖူခတ်ကျွန်းကို အရှေ့တောင်အာရှအား အကျိုးပြုသော အကောက်ခွန်လွတ် နိုင်ငံတကာ ဆိပ်ကမ်းအဖြစ်ပြောင်းလဲရန် ဘတ်ငွေ ၁၅ ဘီလီယံခန့် (အမေရိကန်ဒေါ်လာသန်း ၅၀၀) သုံးစွဲသွား၊မည်ဖြစ်သည်။ ထိုကျွန်းကို ဟောင်ကောင်နှင့် စင်ကာပူတို့၏ နည်းလမ်းများအတိုင်း ဆိပ်ကမ်းတစ်ခုအဖြစ်သို့ ပြောင်းလဲမည့် အဓိက စီမံကိန်း ရေးဆွဲအပြီးသတ်ရန် နိုင်ငံတော်စီမံကိန်းအဖွဲ့အစည်းဖြစ်သော အမျိုးသားစီးပွားရေးနှင့် လူမှုရေးတိုးတက်ဖွံ့ဖြိုးရေးဘုတ်အဖွဲ့အား ဝန်ကြီးချုပ်ချာဗာလစ်ယောင်ချိုင်ယုဒ်က တိုက်တွန်းထား၊သည်။ ယခင်အစိုးရကစတင်ခဲ့သော အဆိုပါစီမံကိန်းသည် ပြည်သူတို့ အပန်းဖြေရာကျွန်းကို ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ၏ အချက်အချာဖြစ်သောနိုင်ငံတကာ ကာ ညီလာခံကျင်းပရာ ဌာနတစ်ခုနှင့် လူသား၊အရင်းအမြစ်များ တိုးတက်ဖွံ့ဖြိုးရေးဌာန တစ်ခုအဖြစ် မျှော်မှန်းဉီးတည်ထား၊သည်။

အကောင်အထည် ဖော်ဆဲဖြစ်သော အဆိုပါစီမံကိန်းများတွင် အမှိုက်သရိုက်များ စွန့်ပစ်ရေး၊ ရေဆိုးရေညစ်များ စွန့်ပစ်ရေး၊ ပင်လယ်အနီး အပန်းဖြေရာနေရာများတွင် ပတ်ဝန်းကျင် ပြုပြင်ဖန်တီးရေးတို့ ပါဝင်သည်။ လမ်းမကြီးများ ချဲ့ထွင်ရေး၊ ပင်လယ်ရေနက် ဆိပ်ကမ်းတိုးတက်ကောင်းမွန်ရေး၊ ကမ္ဘာလှည့်ခရီးသည် ရေယာဉ်များအတွက် ဆိပ်ခံတံတားသုံးခု တည်ဆောက်ရေး၊ လေဆိပ်အဆင့်မြှင့်တိုးတက်ရေးကိုလည်း ထိုစီမံကိန်းအရ စတင် ဆောင်ရွက်သွား၊မည်ဖြစ်သည်။ ဖူခတ်ကျွန်းသည် ဗန်ကောက်မြို့တောင်ဘက် ကီလိုမီတာ ၈၆၀ ခန့်တွင် တည်ရှိပြီး တောင်ပိုင်းပုလဲအဖြစ် ကျော်ကြား၊သည်။ စတုရန်း ကီလိုမီတာ ၅၄၀ ကျယ်ဝန်းသော ကျွန်းကြီးတစ်ကျွန်းလည်း ဖြစ်သည်။

ထိုင်းဝန်ကြီးချုပ်ချာဗာလစ်ယောင်ချိုင်ယုဒ်အပေါ် အယုံအကြည်မရှိကြောင်းအဆိုကို စက်တင်ဘာလ ၂၇ ရက်နံနက်ပိုင်းတွင် ပယ်ချခဲ့သော ထိုင်းပါလီမန်က ညနေပိုင်းတွင်အထက်လွှတ်တော်နှင့် ပူးပေါင်းကျင်းပသော အစည်းအဝေး၌ ထိုင်းနိုင်ငံ၏ ဖွံ့စည်းပုံအခြေခံဥပဒေသစ် မူကြမ်းကို ထောက်ခံမဲ ၅၅၈ မဲကန့်ကွက်မဲ ၁၆မဲ ပျက်ကွက်မဲ ၁၇ မဲ ဖြင့် အပြတ်အသတ်ထောက်ခံလိုက်သည်။ ထိုင်းဘုရင် လက်မှတ်ရေးထိုးရန် လိုအပ်သောအဆိုပါ ဖွံ့စည်းပုံအခြေခံဥပဒေသစ်မူကြမ်းမှာ ရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲရန် ဖော်ပြထား၊ပြီး ပါလီမန်အမတ်အဖြစ် အရွေးခံရသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ရာထူးမှနုတ်ထွက်ပေးရန် လိုအပ်မည်ဖြစ်သည်။

ထိုင်းအစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းလိုက်ကြောင်း ယင်းသို့ဖွဲ့စည်းရာတွင် အဓိကကျသော ဘဏ္ဍာရေးဝန်ကြီးရာထူးကို ဘဏ်လုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်သူ ကိုဆစ်ပန်ပရင်ရက်အား ခန့်အပ်လိုက်ကြောင်း ထိုင်းအစိုးရအဖွဲ့ ပြောခွင့်ရ ပုဂ္ဂိုလ်က အောက်တိုဘာလ ၂၄ ရက်နေ့တွင် ပြောကြား၊သည်။ ခြောက်ပါတီ ညွှန့်ပေါင်းအစိုးရအဖွဲ့ကို ၁၉၉၆ ခုနှစ် နိုဝင်ဘာလတွင် ဉီးဆောင်လာခဲ့သော ဝန်ကြီးချုပ် ချာဗာလစ်သည် ဒုတိယအကြိမ် ဝန်ကြီးအပြောင်းအလဲပြုလုပ်ရာ၌ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးနေရာပေါင်း ၂၀ ကို ပြောင်းလဲဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။ ဩဂုတ်လအတွင်းက အစိုးရအဖွဲ့ကို ပြောင်းလဲဖွဲ့စည်းရာ၌ အခွန်၊ ကုန်သွယ်ရေးနှင့် စီးပွားရေးကိစ္စရပ်များကို ကိုင်တွယ်ရန် လုပ်ငန်းကျွမ်းကျင်သူ နှစ်ဦးကို ဝန်ကြီးများအဖြစ် ခန့်အပ်ခဲ့သည်။

အချိန်တိုကာလအတွင်း ဘဏ္ဍာရေးစည်းကမ်းများကို ထိန်းချုပ်ကန့်သတ်လိုက်ခြင်းဖြင့် ထိုင်းနိုင်ငံ၏ စီးပွားရေး



ရာထူးမှနုတ်ထွက်မည်ဖြစ်ကြောင်း သတင်းထောက်များအား ချာဗာလစ်ယောင်ချိုင်ယုဒ်က ရှင်းလင်းပြောကြားနေစဉ် (အပေါ်) နှင့် ချာဗာလစ်နုတ်ထွက်ပေးရန်ဆန္ဒပြတောင်းဆိုနေသူများ (အောက်)



JRJ

အကျပ်အတည်း ဆိုးဝါးနေမှုကို သက်သာရာရစေရန် ကြိုးပမ်းသွားမည် ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးသစ် ကိုဆစ်ပန်ပရင်ရက်က အောက်တိုဘာလ ၂၆ ရက်နေ့က ပြောကြား သည်။ ဒေါ်လာ ၁၇ ဒသမ ၂ ဘီလီယံ အာမခံထုတ်ပေးရေးအတွက် အပြန်အလှန်အား ဖြင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) က တောင်းဆိုသော စည်းကမ်းတင်းကျပ်သည့် လုပ်ငန်းများကို လိုက်နာရန်လည်း ဘဏ္ဍာရေးဝန်ကြီးသစ်က ကတိပြုသည်။ ထို အာမခံထုတ်ပေး ငွေသည်ဆယ်စုနှစ်များစွာ စီးပွားရေး အကျပ်အတည်း ကြုံနေရမှုကို ဖြေရှင်းတိုက်ဖျက်ရန် ထိုင်းနိုင်ငံအတွက် အိုင်အမ်အက်ဖ်က စီစဉ်ပေးခြင်း ဖြစ်သည်။

မရေးမနှောင်းဆိုသလိုပင် ဝန်ကြီးချုပ် ချာဗာလစ် ယောင်ချိုင်ယုဒ်က မိမိရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း နိုဝင်ဘာလ ၃ ရက်နေ့တွင် ထုတ်ဖော်ပြောကြား သည်။ တိုင်းပြည်၏ စီးပွားရေးပြဿနာ ပြေလည်အောင် မိမိအစွမ်းကုန်ကြိုးပမ်းခဲ့သည်။ နိုဝင်ဘာလ ၆ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်မည်ဟု သတင်းထောက်များအား ယောင်ချိုင်ယုဒ်က ပြောကြား ခြင်း ဖြစ်သည်။ ထိုအတောအတွင်း တိုင်းပြည်၏ ဘဏ္ဍာရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းရေးအတွက် ဝန်ကြီးချုပ်ချာဗာလစ် အစိုးရက တင်သွင်းထားသော အမိန့်ဒီဂရီ ခြောက်ခုကို ထိုင်းပါလီမန်က ပြင်ဆင်ခြင်း သို့မဟုတ် အတည်ပြုခြင်းများ ပြုလုပ်ရမည် ဖြစ်သည်။ နိုဝင်ဘာလ ၆ ရက်နေ့တွင် မိမိအရေးပေါ်ဆောင်ရွက်မှု တာဝန်များပြီးဆုံးသည့်အခါ မိမိနေရာကို အစားထိုးရန် စဉ်းစားဖို့ ဘုရင်ထံ အစီရင်ခံမည်ဟု ချာဗာလစ်က ပြောကြား သည်။

ဤသို့ဖြင့် အဓိက အတိုက်ခံ ဒီမိုကရက်ပါတီခေါင်းဆောင်နှင့် ထိုင်းနိုင်ငံ၏ ဘဏ္ဍာရေး ပြဿနာများကို ဖြေရှင်းနိုင်ဖွယ် အရှိဆုံးပုဂ္ဂိုလ်ဟု ယူဆရသော ချမ်လီပိုင်အား ချာဗာလစ်ယောင်ချိုင်ယုဒ်၏နေရာတွင် နိုဝင်ဘာလ ၉ ရက်နေ့က အစားထိုးရွေးချယ် ခန့်အပ်လိုက်သည်။ ချမ်လီပိုင်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ထားခြင်းကို ထိုင်းဘုရင် ဘူမိဘောအဒူလျာဒက်က အတည်ပြုလိုက်ပြီး ပါတီဌာနချုပ်ရှေ့တွင် ကောင်းချီးပေးနေသော ထောက်ခံသူ ရာပေါင်းများစွာ၏ ရှေ့မှောက်၌ အဆင့်မြင့် လွှတ်တော် အရာရှိတစ်ဦးက ချမ်လီပိုင်ထံ ခန့်အပ်လွှာကို တရားဝင် ပေးအပ်လိုက်သည်။ ချမ်သည် ၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ် အထိ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ညွန့်ပေါင်းအစိုးရ အဖွဲ့သစ်ကို ဦးဆောင်မည် ဖြစ်သည်။ ညွန့်ပေါင်းအစိုးရအဖွဲ့တွင် နိုင်ငံရေးပါတီ ရှစ်ပါတီမှ လွှတ်တော်အမတ် ၂၀၈ ဦးပါဝင်၍ ဒီမိုကရက်တစ်ပါတီမှ ၁၂၃ ဦးနေရာရထား သည်။ ဈေးကွက်များနှင့် ရင်းနှီးမြှုပ်နှံသူများက ချမ်လီပိုင် နိုင်ငံရေးရှေ့တန်းရောက်လာခြင်းကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြသည်။


ထိုင်းဘတ်ငွေ အတက်အကျ မြန်ဆန်မှုနှင့် ငွေကြေးလွယ်ကူစွာ ရောင်းချနိုင်မှုပြဿနာများနှင့် စပ်လျဉ်း၍ မိမိစိုးရိမ်ပူပန်သော်လည်း ပြင်းထန်စွာထိုးနှက်ခြင်းခံရသော နိုင်ငံ၏ စီးပွားရေးတွင် ယုံကြည်မှုပြန်ရစေရန် ပထမဆုံးကြိုးပမ်းသွားမည်ဟု ထိုင်းဝန်ကြီးချုပ်သစ် ချမ်ယီပိုင်က ပြောကြား သည်။ ယုံကြည်မှု ရရှိနိုင်စွမ်းရှိသောဘတ်ငွေကို အား ပြန်ကောင်းစေနိုင်မည်ဟု မိမိမျှော်လင့်ထား ကြောင်း၊ သို့မှသာ ငွေကြေးအတက်အကျဖြစ်မှုကို ရပ်တန့်စေပြီး ငွေကြေးအလွယ်တကူ ရောင်းချနိုင်မှု ပြဿနာကို ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း၊ ယင်းပြဿနာများကို အောင်မြင်စွာ ဖြေရှင်းနိုင်ခြင်းဖြင့် စီးပွားရေးကို ဆယ်မသွားနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ချမ်လီပိုင်က နိုဝင်ဘာလ ၁၁ ရက်နေ့တွေ့ဆုံမေးမြန်းခန်း၌ ပြောကြား သည်။ ပထမသုံးလ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ရမည့်မျှော်လင့်ချက်နှင့် ပတ်သက်၍ မေးမြန်းရာတွင် မိမိအဓိက စိုးရိမ်ပူပန်သည်မှာ ငွေကြေးအတက်အကျ မြန်ဆန်ခြင်းနှင့် ငွေကြေးလွယ်လင့်တကူ ရောင်းချနိုင်မှုမရှိသော ပြဿနာပင် ဖြစ်သည်ဟု ချမ်လီပိုင်က ပြောကြား သည်။

ထိုင်းဘုရင် ဘူမိဘော အဒူလျာဒက်က စီးပွားရေးကျွမ်းကျင်သူပညာရှင်များ ပါဝင်သော ဝန်ကြီးချုပ်သစ် ချမ်လီပိုင်၏ အစိုးရအဖွဲ့ကို နိုဝင်ဘာလ ၁၄ ရက်နေ့က အတည်ပြုခဲ့သည်။ ထိုင်းနိုင်ငံ၏ စီးပွားရေးအကျပ်အတည်းကို အစိုးရသစ်က ကိုင်တွယ် ဖြေရှင်းနိုင်လိမ့်မည်ဟု ထိုင်းပြည်သူများက မျှော်လင့်နေကြသည်။ လေးစားထိုက်သော စီးပွားရေးပညာရှင်နှင့် ဘဏ်လုပ်ငန်း အတွေ့အကြုံရှိခဲ့သူ နှစ်ဦးဖြစ်သော စူပါချိုင်းပါနစ်ချက်ကဒီနှင့် တာရင်နင်မမ်

နသောမင်ဒါတို့နှစ်ဦးအား စီးပွားရေးရာ ဒုတိယဝန်ကြီးချုပ်နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးများအဖြစ် အသီးသီးခန့်အပ် တာဝန်ပေးခဲ့သည်။ အမတ်နှစ်ဦးလည်းဖြစ်သူ အဆိုပါ အတတ်ပညာရှင် နှစ်ဦးမှာ ထိုင်နိုင်ငံယနေ့ ကြုံတွေ့နေရသော ခက်ခဲသည့် စီးပွားရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိမည်ဟု ဆန်းစစ်ဝေဖန်သူများက သတ်မှတ်ထားသည်။ ဝန်ကြီးချုပ်သစ် ချမ်လီပိုင်၏ အစိုးရသစ် သည် ဝန်ကြီးချုပ် ချာဗာလစ်ယောင်ချိုင်ယုဒ်၏ ၁၁ လကြာ အစိုးရအဖွဲ့ကို အစား:ထိုးကာ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် အာဏာလွှဲပြောင်းယူသည်။ ဝန်ကြီးချုပ်သစ် ချမ်လီပိုင်သည် အရေးကြီးသော ကာကွယ်ရေးဝန်ကြီးရာထူးကိုလည်း ယူသည်။ ထိုင်း တပ်မတော်ကလည်း ချမ်လီပိုင်၏ အစိုးရကို ထောက်ခံကြောင်း ပြောထားပြီးဖြစ်သည်။

ဝန်ကြီးချုပ် ချမ်လီပိုင် ဦးဆောင်သော အဖွဲ့ဝင် ၄၈ ဦး ပါဝင်သည့် ထိုင်းအစိုးရသစ်သည် နိုဝင်ဘာလ ၁၅ ရက်နေ့က ဘုရင်ဘူမိဘောအဒူလျာဒက်၏ ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုသည်။ ထိုင်းနိုင်ငံတွင် ဆယ်စုနှစ်များအတွင်း အဆိုးရွား ဆုံးဖြစ်ပေါ်နေသော စီးပွားရေး အကျပ်အတည်းများကို ဦးစားပေးဖြေရှင်းသွားကြရန် ထိုင်းအစိုးရသစ်အား ဘုရင်ဘူမိဘောက တိုက်တွန်းခဲ့သည်။ လက်ရှိ အခြေအနေအရ မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့် ဆောင်ရွက်မှသာလျှင် အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ရာ ဝန်ကြီးများအဖွဲ့သည် ဇွဲ၊ လုံ့လနှင့် ရိုးသားမှုအရင်းခံ ဆောင်ရွက်သွားရန် အရေးကြီးကြောင်း ဘုရင်က မိန့်ကြားခဲ့သည်။

ထိုင်းနိုင်ငံစီးပွားရေး နာလန်ထူလာရန် လုပ်ဆောင်မည် ဖြစ်ကြောင်း အစိုးရအဖွဲ့ ကျမ်းသစ္စာကျိန်ဆိုစဉ် ထုတ်ပြန် ကြေညာချက်အရ ဝန်ကြီးချုပ် ချမ်လီပိုင်က ဝန်ကြီးအဖွဲ့ အစည်းအဝေးကို အဆောတလျင် ခေါ်ယူကျင်းပခဲ့သည်။ နိုင်ငံတော် စီးပွားရေးပြဿနာများကို ဝန်ကြီးချုပ် ချမ်လီပိုင် အစိုးရအဖွဲ့သစ်က ကိုင်တွယ်ဖြေရှင်းရာတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ကြီးချုပ်ဟောင်းချာဗာလစ်ယောင်ချိုင်ယုဒ်က ကတိပေးလိုက်သည်ဟု နိုဝင်ဘာလ ၁၇ ရက်နေ့ထုတ် သတင်းစာများတွင် ရေးသားဖော်ပြသည်။ ထိုင်းညွှန့်ပေါင်း



တစ်ကျော့ပြန်ဝန်ကြီးချုပ် ဖြစ်လာသည့် ချမ်လီပိုင်

အစိုးရသစ် လက်အောက်မှ စီးပွားရေးအဖွဲ့အနေဖြင့် ဆိုးရွားလျက်ရှိသော ထိုင်းစီးပွားရေးကို အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်သည်ဟု ယုံကြည်ကြောင်း၊ အတိုက်ခံခေါင်းဆောင်အနေဖြင့် အစိုးရ၏ စီးပွားရေးကုစားမှုတွင် မိမိပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း၊ အစိုးရ၏ စီးပွားရေးအဖွဲ့ကို မိမိယုံကြည်ကိုးစားကြောင်း ယောင်ချိုင်ယုဒ်က ပြောကြားခဲ့သည်။

စီးပွားရေး – စီးပွားရေးတွင် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုပိုမိုရရှိလာစေရန်နှင့် ထိုင်းငွေကြေး တည်ငြိမ်မှု ရရှိစေရန် တိုတောင်းသောကာလအတွင်း အရေးတကြီး လုပ်ငန်းများ ပိုမိုဆောင်ရွက်ရန်လိုကြောင်း ထိုင်းအစိုးရက ဇူလိုင်လ ၂၈ ရက်နေ့ ညနေပိုင်း၌ သတင်းထုတ်ပြန်သည်။ တိုင်းပြည်၌ ပေါ်ပေါက်ခဲ့သော စီးပွားရေးအခြေအနေနှင့် ပတ်သက်၍ ကြားနာ သော စီးပွားရေးဝန်ကြီးများက ယင်းသတင်းကို ထုတ်ပြန်သည်။ ဇူလိုင်လ ၂ ရက်နေ့တွင် ထိုင်းဘတ်ငွေကို နှုန်းရှင်လျှော့ထားခဲ့ချိန်မှစ၍ အားပျော့နေဆဲ ဖြစ်ကြောင်း

ဝန်ကြီးများက ဝန်ခံ ပြောဆိုကြသည်။ ထိုင်းငွေကြေးကို နှန်းရှင်မလျှော့မီ ဇွန်လ ၁၀ ရက်နေ့၌ ကျင်းပသော အစည်းအဝေး၌ ဗဟိုဘဏ်က သတ်မှတ်ပေးထားသော နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ၂၅ ဒသမ ၇၉ ဘတ်ဖြစ်ပြီး ဇူလိုင်လ ၂၄ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၃၂ ဒသမ ၁၀၈ ဘတ်သို့ ထိုးကျခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၂၄ ဒသမ ၅ ရာခိုင်နှုန်း ကျသွားခဲ့သည်။ ဘတ်ငွေကို နှုန်းရှင်လျှော့ခဲ့ချိန်မှစပြီး ထိုင်းအစိုးရသည် ငွေကြေးနှင့် ဘဏ္ဍာရေးစီမံကိန်း မူဝါဒအပြင် ငွေကြေးအဖွဲ့အစည်း စီမံအုပ်ချုပ်မှုတို့ကို နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင် အမ်အက်ဖ်)နှင့် ဆက်တိုက် ညှိနှိုင်းခဲ့သည်။

ထိုင်းနိုင်ငံ၌ စီးပွားရေးပြဿနာကြုံရသည့် အထဲတွင် ထိုင်းပုဂ္ဂလိက ကုမ္ပဏီများဘက်က တာဝန်ပျက်ကွက်လာလျှင် မျှမျှတတ ဆောင်ရွက်ပေးပါမည်ဟု ထိုင်းဝန်ကြီးချုပ် ချာဗာလစ်ယောင်ချီဉယုဒ်က စိုးရိမ်မကင်းဖြစ်နေကြသော နိုင်ငံခြားငွေချေးသူမြီရှင်များအား သြဂုတ်လ ၃ ရက်နေ့က ပြောကြား‌ခဲ့သည်။ နိုင်ငံခြားငွေကြေး အဖွဲ့အစည်း ၂၅ ခုမှ ဘဏ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံအပြီးတွင် ဝန်ကြီးချုပ် ယောင်ချီဉယုဒ်က သတင်းထောက်များအား ပြောကြားရာ၌ ဒုက္ခရောက်နေသော ထိုင်းပုဂ္ဂလိကကဏ္ဍသို့ မိမိတို့ ထုတ်ချေးထားသော ရရန်ကိစ္စအပေါ် များစွာစိုးရိမ်မကင်း ဖြစ်ရကြောင်း နိုင်ငံခြားသားမြှီရှင်များက မိမိအား ပြောကြားကြောင်း၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)၏ စီးပွားရေးအဖတ်ဆယ်ရေး အစီအစဉ်ကို ထိုင်းနိုင်ငံက လက်ခံရန် အစီအစဉ်ရှိကြောင်း စသဖြင့် ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုပြန်ရစေရန်နှင့် ကျဆင်းနေသော စီးပွားရေးပြန်လည်ရှင်သန်လာစေရေးအတွက် အောက်ခြေသိမ်းဆောင်ရွက်မည့်

စီးပွားရေးကျဆင်းမှုကြောင့် လုပ်ငန်းရှင်အချို့ မိမိတို့၏ဓိမ်ခံကားများကိုပင် ရောင်းချခဲ့ရသည်



လုပ်ငန်းအစီအစဉ်များကိုသြဂုတ်လ ၅ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။ ကျဆင်းနေသော စီးပွားရေးပြန်လည်ရှင်သန်လာစေရန် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)နှင့် နိုင်ငံခြားအစိုးရများထံမှ ချေးငွေဒေါ်လာ ၁၂ ဘီလီယံမှ ၁၅ ဘီလီယံရရန် ထိုင်းနိုင်ငံကကြိုးပမ်းလျှက်ရှိသည်။ ပထမဦးစားပေး ဆောင်ရွက်သည့် လုပ်ငန်းအစီအစဉ်မှာ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုပြန်ရစေရန်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ စီးပွားရေး အခြေအနေအပေါ် ရင်းနှီးမြှုပ်နှံသူများ ယုံကြည်မှုလျှော့နည်းနေသည်ကို မိမိသဘောပေါက်ကြောင်း ဘဏ္ဍာရေးဝန်ကြီး သန္ဓမ်ဘီဒါယာက ပြောကြားသည်။

ထိုင်းနိုင်ငံသည် ၄င်း၏ မတည်မငြိမ်သော ဘဏ္ဍာရေးစနစ်အတွက် ကယ်တင်ရေး အစီအစဉ်တစ်ရပ်ဖြင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ဦးဆောင်သော နိုင်ငံတကာ မိသားစုထံမှ ဒေါ်လာသန်း ၁၆၀၀၀ ထက်မနည်း ရရှိရန် သေချာသွားပြီးဖြစ်ကြောင်း သြဂုတ်လ ၁၃ ရက်နေ့တွင် ဗန်ကောက်သို့ သတင်းရောက်ရှိသည်။ အိုင်အမ်အက်ဖ်ဦးဆောင်မှုဖြင့် တိုက်ျိုတွင် ကျင်းပသော အစည်းအဝေး၌ ထိုင်းစီးပွားရေး ပြန်လည်ထူထောင်ရေးတွင် ထိုင်းနိုင်ငံအား အကူအညီ ပေးရေးကတိကို ဖြည့်ဆည်းရန် အိုင်အမ်အက်ဖ်နှင့် အာရှစီးပွားရေးပြည့်စုံသော နိုင်ငံများက ပဋိညာဉ် ပြုခဲ့ကြသည်။ အိုင်အမ်အက်ဖ်နှင့် ဂျပန်တို့က ဒေါ်လာသန်း ၄၀၀၀ စီ ထည့်ဝင်ခြင်းဖြင့် ဦးဆောင်ကြမည်ဖြစ်သည်။ တရုတ်ပြည်၏ ဟောင်ကောင်၊ မလေးရှား၊ သြစတြေးလျှနှင့် စင်ကာပူတို့က ဒေါ်လာသန်း ၁၀၀၀ စီ ထုတ်ချေးမည်ဖြစ်သည်။ အင်ဒိုနီးရှားနှင့် တောင်ကိုရီးယားတို့က ဒေါ်လာသန်း ၅၀၀စီနှင့် အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ တရုတ်နှင့်အခြားနိုင်ငံများမှ စုစုပေါင်း ဒေါ်လာသန်း ၃၀၀၀ ရရှိမည်ဟု မျှော်လင့်ထားသည်။ ယင်းချေးငွေပမာဏမှာ မကွဆီကို ဘဏ္ဍာရေး အကျပ်ရိုက်စဉ်က ထုတ်ပေးခဲ့သော နိုင်ငံတကာ ချေးငွေများ နောက်ပိုင်း၌ အကြီးမား ဆုံးဖြစ်သည်။

ထိုင်းအစိုးရသည် ၁၉၉၈ ခု ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်ကို ဘတ်ငွေ ၅၉ ဘီလီယံ (ဒေါ်လာ ၂ ဘီလီယံ) လျှော့ချရန် သြဂုတ်လ ၁၉ ရက်နေ့က တရားဝင် သတ်မှတ်ခဲ့သည်။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) သည် ထိုင်းနိုင်ငံ၏ ငွေကြေးအကျပ်အတည်းပြေလည်စေရေးအတွက် ချေးငွေ အမြောက်အမြားဖြင့် ကျောကန်ပေးရန် စီစဉ်ထားရာ ဘတ်ဂျက်ငွေ အသုံးစရိတ်လျှော့ချခြင်းမှာ အိုင်အမ်အက်ဖ်၏ လိုအပ်ချက်ဖြစ်သည်။

ထွန်းတင်၊ ဦး (မန်းတင်)(၁၉၁၆–၁၉၉၇)။ ။ မန္တလေးမြို့၊ ကုန်သည်ဦးကံကြီး၊ ဒေါ်ဖွားကြီးတို့က ၁၂၇၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (၁၉၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်) နေ့တွင် ဖွားမြင်သည်။ ဘုန်းတော်ကြီးကျောင်းများတွင် စတင်၍ ပညာသင်ကြားခဲ့ရသည်။ ၁၂ နှစ်အရွယ်တွင် မိဘများကွယ်လွန်သဖြင့် ဘခင်ဘက်မှ ဆွေမျိုးများ၏ ထောက်ပံ့စောင့်ရှောက်မှုဖြင့် အင်္ဂလိပ် – မြန်မာစာသင်ကျောင်းများတွင် ဆက်လက်၍ ပညာသင်ကြားခဲ့သည်။

၁၉၃၇ ခုတွင် ဆယ်တန်းအောင်မြင်၍ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ ၁၉၃၉ ခု ကျောင်းသားသပိတ်တွင် ပါဝင်လှုပ်ရှားခဲ့၍ ခေတ္တကျောင်းထုတ်ခြင်း ခံရသည်။ ၁၉၄၀ ပြည့်နှစ်တွင် ကျိုက္ခမီမြို့နေ နယ်ပိုင်ကြီးဦးဘသန်း၊ ဒေါ်အေးရင်တို့၏သမီး မသန်းတင်နှင့် အိမ်ထောင်ကျခဲ့ပြီး ၁၉၄၁ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် အချိန်ပိုင်း နည်းပြဆရာအဖြစ် လုပ်ကိုင်နေစဉ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့၍ မိသားစုနှင့်အတူ မြောင်းမြမြို့သို့ ရှောင်တိမ်းခဲ့သည်။

၁၉၄၂ ခုနှစ် မြောင်းမြ ဗမာ့လွတ်လပ်ရေး တပ်မတော်မှ မြစ်ဝကျွန်းပေါ်သတင်းစဉ် ထုတ်ဝေရာတွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုစဉ် ရန်ကုန်စစ်ရုံးချုပ်မှ ခေါ်ယူသဖြင့် ပြောင်းရွှေ့လာကာ စစ်သားစုဆောင်းရေးနှင့် သတင်းဖြန့်ချိရေးကို ဆောင်ရွက်ခဲ့သည်။ ဗိုလ်မိုးကြီးဦးဆောင်၍ မြစ်ဝကျွန်းပေါ်သို့ ချီတက်ရာတွင် လိုက်ပါခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြောင်းလဲဖွဲ့စည်းသောအခါ တပ်မှထွက်ပြီး အုပ်ချုပ်ရေးဘက်သို့ဝင်ရောက်၍ သာယာဝတီခရိုင်



စာရေးဆရာကြီးမန်းတင်အဖြစ် ကျော်ကြားခဲ့သော ဦးထွန်းတင်

အတွင်း လက်ထောက်မြို့ပိုင်နှင့် မြို့ပိုင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အုပ်ချုပ်ရေးတာဝန်များကို တစ်ဖက်မှ ဆောင်ရွက်နေစဉ် ဖက်ဆစ်တော်လှန်ရေးလှုပ်ရှားမှုများကို လျှို့ဝှက်ထမ်းဆောင်ခဲ့သည်။ မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲသောအခါ မင်းလှမြို့နယ်မှ ပါဝင်ခဲ့သည်။

၁၉၄၅ ခု ဗြိတိသျှစစ်အုပ်ချုပ်ရေးကာလတွင် သာရဝေါ၊ စစ်ကွင်း၊ သာယာဝတီတို့တွင် လက်ထောက်မြို့ပိုင်တာဝန်ကို ထမ်းဆောင်ခဲ့သည်။ သာယာဝတီမြို့မှ ထုတ်ဝေသည့် မြန်မာ့တက်လမ်းသတင်းစာကို တာဝန်ယူတည်းဖြတ်ခဲ့သည်။ လွတ်လပ်ရေး ရခါနီးတွင် သက်သာချောင်ချိရေး အရာရှိအဖြစ် ရခိုင်တိုင်းတွင် သွားရောက်တာဝန်ထမ်းဆောင်ရသည်။ ၁၉၄၈ ခု လွတ်လပ်ရေးရပြီးစအချိန်တွင် မိုးညိုမြို့ပိုင်အဖြစ် ဆောင်ရွက်ခဲ့သည်။ မြို့ကို လာရောက်တိုက်ခိုက်သော သောင်းကျန်းသူများကို နှစ်ကြိမ်တိုင်တိုင် ပြန်လည်တိုက်ခိုက်၊ ခုခံကာကွယ်ခဲ့ရသည်။

ငြိမ်းချမ်းရေး ဝန်ထမ်းမှူး (၁၉၅၀)၊ သမဝါယမမဂ္ဂဇင်းအယ်ဒီတာ(၁၉၅၁)၊ မတ္တရာနယ်ပိုင် (၁၉၅၁–၅၂)၊ ကျောက်ဆည်မြို့မဝန်ထောက်နှင့် ငွေတိုက်အရာရှိ(၁၉၅၂) တို့ လုပ်ဆောင်ခဲ့သည်။ ၁၉၅၂ တွင် ဆိုဗီယက် ရုရှားနှင့် တရုတ်ပြည်သို့ သွားရောက် လေ့လာခဲ့ရသည်။ ထို့နောက် လယ်ယာမြေ နိုင်ငံပိုင်ပြုပြင်ရေး၊ အမှုဆောင်အရာရှိ (၁၉၅၂–၅၆)၊ ယင်းဌာနတွင်ပင် ဒုတိယ အတွင်းဝန် (၁၉၅၆–၅၈)၊ သာယာဝတီခရိုင်ဝန် (၁၉၅၈–၅၉)အဖြစ် ဆောင်ရွက်ခဲ့သည်။ အမေရိကန်နှင့် ကနေဒါနိုင်ငံများသို့ လယ်ယာမြေ အုပ်ချုပ်ရေးပညာများကို ခြောက်လကြာ အောင် သွားရောက်လေ့လာခဲ့သည်။ ထို့နောက် လယ်ယာနှင့်သစ်တောဝန်ကြီးဌာန ဒုတိယ အတွင်းဝန် (၁၉၆၀–၆၁)၊ မြေကျေးရှင်း အမှုဆောင် အရာရှိချုပ် (၁၉၆၂–၆၄) ပြန်ကြား‌ရေးဝန်ကြီးဌာန၊ ဒုတိယအတွင်းဝန်(၁၉၆၄–၆၉) တာဝန်များ ထမ်းဆောင်ခဲ့သည်။ ထိုစဉ်က ဂျပန်နိုင်ငံ (၁၉၆၄)နှင့် အမေရိကန်နိုင်ငံ(၁၉၆၆)တို့တွင် လေ့လာရေးအဖွဲ့ကို ခေါင်းဆောင်၍ သွားရောက်ခဲ့ရသည်။ ဧရာဝတီတိုင်းမင်းကြီး (၁၉၆၇–၇၂)၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး (၁၉၇၂–၇၄)၊ စာနယ်ဇင်းကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြား‌ရေးမှူး (၁၉၇၄–၇၅)၊ ပါကစ္စတန်နှင့် အီရန်နိုင်ငံများဆိုင်ရာ မြန်မာသံအမတ်ကြီး (၁၉၇၅–၇၈) စသည့်တာဝန်များကို ထမ်းဆောင်ပြီး အငြိမ်းစား ယူခဲ့သည်။ အငြိမ်းစားယူပြီးနောက် မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌအဖြစ် ၁၉၈၅ ခုနှစ်အထိ ဆောင်ရွက်ပြီး နိုင်ငံတော်ကောင်စီဝင်အဖြစ် ၁၉၈၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

စာပေများကို အထက်တန်းကျောင်းသားဘဝမှစ၍ ရေးသားခဲ့သည်။ တက္ကသိုလ်ရောက်သောအခါ စာနယ်ဇင်းများတွင် ဝတ္ထုတိုရှည်များ၊ ဆောင်းပါးများ ရေးသားခဲ့သည်။ အလုပ်လုပ်သောအခါ လုပ်ငန်းခွင်အတွေ့အကြုံများကို ဝတ္ထုဆောင်းပါးသဏ္ဌာန် “မောင်ပြုံးချို” ဟူသော ဓာတ်ကောင်ကို ပင်တိုင်ထား၍ ရေးဖွဲ့ခဲ့သည်။ မြို့ပိုင်မောင်ပြုံးချို၊ နယ်ပိုင် မောင်ပြုံးချို၊ ခရိုင်ဝန် မောင်ပြုံးချို၊ တိုင်းမင်းကြီး မောင်ပြုံးချို၊ သံအမတ်ကြီး မောင်ပြုံးချိုအထိ အစဉ်တစိုက် ရေးသားခဲ့သည်။ ဘဝအတွေ့ပွတ္တိများကိုလည်း ပထမအရွယ်၊ ဒုတိယအရွယ် (၁)နှင့် (၂) အထိ ရေးသားခဲ့သည်။ လယ်သမား ဓာတ်ကောင်အဖြစ် “ကိုဖိုးလုံး”ကို ပင်တိုင်ထား၍ ရေးဖွဲ့ကာ မြန်မာပြည်၏လွတ်လပ်ရေးရပြီး အခြေအနေများကို ခြယ်မှုန်းပြခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ထုတ်ဝေသော မော်စကိုမှရန်ကုန်သို့ စာအုပ်သည် စာပေဗိမာန် စာပဒေသာဆုကိုလည်းကောင်း၊ ၁၉၆၆ ခုနှစ်တွင် ထုတ်ဝေသော ဂျူလိယက်ဆီဇာပြဇာတ်သည် အမျိုးသားစာပေဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။ ၁၉၄၅ မှ ၁၉၉၄ ခုနှစ်အထိ လုံးချင်းစာအုပ် ၂၆ အုပ် ထုတ်ဝေခဲ့သည်။

လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်၊ ဝဏ္ဏကျော်ထင်ဘွဲ့နှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်များကို ရရှိခဲ့သည်။ ၁၉၉၇ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်သန်းတင်နှင့် သား၊သမီး မြေး မြစ်များ ကျန်ခဲ့သည်။

ချိုချိုတင်

နိုင်ငံတကာ ကလေးပန်းချီပြိုင်ပွဲ။ ။ဤပန်နိုင်ငံတွင်ပြုလုပ်သည့် (၂၇) ကြိမ်မြောက် နိုင်ငံတကာကလေးပန်းချီပြိုင်ပွဲ (၁၉၉၇ ခုနှစ်)သို့ မြန်မာနိုင်ငံမှ မူလတန်းကြို ကလေးငယ်များ၏ ပန်းချီကား ၃၅ ချပ်ကို ဝင်ရောက် ပေးပို့ယှဉ်ပြိုင်ခဲ့ရာ ပေးပို့ပြိုင်ပွဲဝင်ခဲ့သည့် ပန်းချီကား များထဲမှ အထူးဆုတစ်ဆု၊ ငွေတံဆိပ်တစ်ဆုနှင့် ကြေးတံဆိပ်သုံးဆု စုစုပေါင်း ငါးဆုကို ရရှိခဲ့သည်။

ဤသို့ပေးပို့ပြိုင်ပွဲဝင်နိုင်ရန်အတွက် လူမှု ဝန်ထမ်း၊ ဦးစီးဌာန နှင့် Today စာအုပ်တိုက်က ထုတ်ဝေသော ပလုပ်တုတ် ကလေးဂျာနယ်တို့ ဦးစီး၍ ပထမအကြိမ် ပလုပ်တုတ်ဂျာနယ် မူကြိုအဆင့် ကလေးပန်းချီပြိုင်ပွဲကို ရန်ကုန်မြို့၊ မူလတန်းကြို ကျောင်းအမှတ် (၁) တွင် ၂၆.၆.၉၆ နှင့် ၂၇.၆.၉၆ နေ့များ၌ ကျင်းပခဲ့ပြီး မူကြိုကလေးငယ်တို့ ပြိုင်ပွဲဝင်ခဲ့သည့် ပန်းချီကား ၁၈၅ ချပ် အနက်မှ အဆင့်မီသော ပန်းချီကား ၃၅ ချပ်ကို ရွေးချယ်ပြီး ပေးပို့ပြိုင်ပွဲဝင်ခဲ့ခြင်း ဖြစ်သည်။

မူလတန်းကြိုပညာရေးကို တာဝန်ယူထားသော လူမှုဝန်ထမ်း ဦးစီးဌာနအနေဖြင့် သုံးနှစ်မှ ငါးနှစ်အရွယ်ရှိ ကလေးငယ်များ၏ ကာယဖွံ့ဖြိုးတိုးတက်မှု၊ ဘာသာ စကား ဖွံ့ဖြိုးတိုးတက်မှု၊ တစ်ကိုယ်ရေ ထိန်းသိမ်းတတ်မှုနှင့် ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှု၊ အာရုံသိမှုများ ဖွံ့ဖြိုးတိုးတက်မှု စသည့်ကဏ္ဍလေးခု၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ မူလတန်းကြို ကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် သီချင်း၊ ကဗျာ သီဆိုနည်းများဖြင့် သင်ကြားခြင်း၊ လက်မှုပညာပြုလုပ်၍ သင်ကြားခြင်း၊ ပန်းချီရေးဆွဲ လေ့ကျင့်သင်ကြားခြင်း၊ ကစားနည်းဖြင့် သင်ကြားခြင်း စသည့် ကလေးငယ်များ နှင့် မူကြိုကလေးငယ်တစ်ဦး၏ ပန်းချီပြိုင်ပွဲဝင်နေဟန်



ဒုတိယအကြိမ် မူကြိုအဆင့် ကလေးပန်းချီပြိုင်ပွဲမှ ပြိုင်ပွဲဝင် ပန်းချီကား‌များကို စိစစ်ရွေးချယ်ပြီး ဤအထဲမှ အဆင့်မီ ပန်းချီကား‌များကို ဂျပန်နိုင်ငံ (၂၈) ကြိမ်မြောက် နိုင်ငံတကာကလေးပန်းချီပြိုင်ပွဲအတွက် ပေးပို့ရန် စီစဉ်ပြီး ဖြစ်ပေသည်။

မောင်ငွေငွေး(လူမှုဝန်ထမ်း)

နိုင်ငံတကာ မျက်မမြင် လမ်းလျှောက်တုတ်နေ့

။ ။ နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ ဖြစ်သည့် အောက်တိုဘာ (၁၅) ရက်နေ့၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူး၍ ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပြိုင်ပွဲကို ၁၉၉၂ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ ၁၉၉၇ ခုနှစ်တွင် ဆဋ္ဌမအကြိမ်မြောက် ရှိလာခဲ့ပြီဖြစ်သည်။

အမေရိကန်နိုင်ငံ၊ အီလီနွိုင့်ပြည်နယ်တွင် ၁၉၄၈ ခုနှစ်၌ ကျင်းပသော **Lion Club** မျာ‌းတွ၏ နိုင်ငံတကာ ညီလာခံတွင် ဟယ်လင် ကဲလာ‌းက မျက်မမြင်အတွက် အကောင်‌းဆုံ‌း ပေ‌းအပ်နိုင်သည့် အစီအစဉ်ကို အကြံပြုတင်ပြရာမှ အောက်တိုဘာ (၁၅) ရက်နေ့ကို **International White Cane Day** အဖြစ် စတင်သတ်မှတ်ကျင်‌းပခဲ့ခြင်‌း ဖြစ်သည်။

မျက်မမြင်မျာ‌းအတွက် အဓိကအရေ‌းကြီ‌းသည်မှာ လူပ်ရှာ‌းသွာ‌းလာခြင်‌းဖြစ်ရာ၊ မျက်မမြင် မျာ‌းအာ‌း အကောင်‌းဆုံ‌း ပေ‌းအပ်နိုင်သည့် လက်ဆောင်မှာ လမ်းလျှောက်တုတ် ဖြစ်သည်။ လမ်းလျှောက်တုတ်ကို လူမျိုးဘာသာမရွေ‌း မျက်မမြင်မျာ‌းအာ‌းလုံ‌း အသုံ‌းပြုနိုင်ပါစေ ဟူသောရည်ရွယ်ချက်ဖြင့် တုတ်ဖြူ (**White Cane**) အာ‌း သတ်မှတ်ခဲ့ခြင်‌း ဖြစ်သည်။

White Cane ၏ တိုက်ရိုက်အဓိပ္ပာယ်သည် ကြိမ်တုတ်ဖြူ ဖြစ်သော်လည်‌း **White Cane** သည် ကြိမ်မျှသာ မဟုတ်ဘဲ၊ သစ်သာ‌း၊ သတ္တု၊ ပလတ်စတစ် မည်သည့် အရာဖြစ်စေ၊ အဖြူရောင်တုတ်ချောင်‌း၏ အထက် ၃ ချို‌း ၁ ချို‌းတွင် အနီရစ်ပါသော မျက်မမြင်မျာ‌းလမ်‌းလျှောက်ရန် အတွက် အသုံ‌းပြုသည့်တုတ်ကို ခေါ်ဆိုခြင်‌းဖြစ်သည်။

လျော်ညီ လိုက်ဖက်မည့် သင်ခန်‌းစာမျာ‌းကို ပြဋ္ဌာန်‌း သင်ကြာ‌းပေ‌းသည်။

ပန်‌းချီရေ‌းဆွဲ သင်ကြာ‌းခြင်‌းသည် သင်ခန်‌းစာတစ်ရပ်အနေဖြင့် ပါဝင်ကာ မူလတန်‌းကြို ကျောင်‌းမျာ‌း တွင် လေ့ကျင့်သင်ကြာ‌းပေ‌းသဖြင့် ကလေ‌းငယ်မျာ‌း၏ ပန်‌းချီအရည်အသွေ‌း တို‌းတက် မြင့်မာ‌းစေရေ‌းအတွက် လူမှုဝန်ထမ်‌းဦ‌းစီ‌းဌာနနှင့် ပလုပ်တုတ်ကလေ‌း ဂျာနယ်တို့ ဦ‌းစီ‌း၍ ပထမအကြိမ် ပလုပ်တုတ်ဂျာနယ် မူကြိုအဆင့် ကလေ‌းပန်‌းချီပြိုင်ပွဲကို ၁၉၉၆ ခုနှစ်အတွင်‌း ကျင်‌းပခဲ့ခြင်‌း ဖြစ်သည်။

(၂၇) ကြိမ်မြောက် နိုင်ငံတကာ ကလေ‌းပန်‌းချီ ပြိုင်ပွဲ (၁၉၉၇-ခုနှစ်)၌ ဆုမျာ‌း ဆွတ်ခူ‌းနိုင်ခဲ့ရာတွင် မန္တလေ‌းမြို့ အမှတ် (၂) မူလတန်‌းကြို‌ကျောင်‌းမှ မနှင်‌းသီရိဝေက အထူ‌းဆု၊ ရန်ကုန်မြို့ သဃ်န်‌းကျွန်‌းနေ့ကလေ‌းထိန်‌းကျောင်‌းမှ မလဲ့ရည်ဟန်က ငွေတံဆိပ်ဆု၊ ဘာ‌းအံ့မြို့ မူလတန်‌းကြို‌ကျောင်‌းမှ မောင်ထင်ဘုန်‌းအောင်၊ ရန်ကုန်မြို့ မူလတန်‌းကြို‌ကျောင်‌းအမှတ် (၆) မှ မခိုင်ခိုင်ထွန်‌း၊ မူလတန်‌းကြို ကျောင်‌းအမှတ် (၁) မှ မဖြူသန့်မွန်တို့က ကြေ‌းတံဆိပ်ဆုမျာ‌း ရရှိခဲ့ကြသည်။

ဒုတိယအကြိမ် မူကြိုအဆင့် ကလေ‌းပန်‌းချီပြိုင်ပွဲ ကို ရန်ကုန်မြို့၊ မူလတန်‌းကြို ကျောင်‌းအမှတ် (၁)တွင်ပင် ကျင်‌းပခဲ့ရာ ဆေ‌းခြယ်ပန်‌းချီ၊ လက်ချောင်‌း ပန်‌းချီ၊ စိတ်ကူ‌းပန်‌းချီပြိုင်ပွဲ သုံ‌းမျို‌းတွင် လူမှုဝန်ထမ်‌းဦ‌းစီ‌းဌာန အောက်ရှိ မူလတန်‌းကြို‌ကျောင်‌းနှင့် နေ့ကလေ‌း ထိန်‌းကျောင်‌းမျာ‌း၊ စေတနာ့ဝန်ထမ်‌းမူလတန်‌းကြို‌ကျောင်‌း၊ နေ့ကလေ‌းထိန်‌းကျောင်‌းမျာ‌းမှ မူကြိုကလေ‌းငယ်မျာ‌း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

နိုင်ငံတကာ ကလေ‌းပန်‌းချီပြိုင်ပွဲအတွက် အရည်အသွေ‌းကောင်‌းမွန်သည့် ကလေ‌းပန်‌းချီကား‌မျာ‌း ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်‌းပသည်။ ဒုတိယအကြိမ် မူကြိုအဆင့် ကလေ‌းပန်‌းချီပြိုင်ပွဲ၏ ပထမနေ့ ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်နေ့ ဆေ‌းခြယ်ပန်‌းချီပြိုင်ပွဲတွင် မူကြိုကလေ‌း (၇၉) ဦ‌း၊ ဒုတိယနေ့ စက်တင်ဘာလ (၂၁) ရက်နေ့ လက်ချောင်‌း ပန်‌းချီပြိုင်ပွဲတွင် (၆၃) ဦ‌း ၊ တတိယနေ့ စက်တင်ဘာလ (၂၂) ရက်နေ့ စိတ်ကူ‌းပန်‌းချီပြိုင်ပွဲတွင် (၆၆) ဦ‌း စုစုပေါင်‌း (၂၀၈) ဦ‌း ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

နိုင်ငံတကာ မျက်မမြင် လမ်းလျှောက်တုတ်နေ့.



နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့.မြင်ကွင်း

ဆဋ္ဌမအကြိမ် နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့. (၁၉၉၇) လှုပ်ရှားမှုတစ်ရပ်



တုတ်ဖြူ၏ အဓိပ္ပာယ်သည် "ကြင်နာပါ၊ စောင့်ရှောက်ပါ၊ ကိုယ့်အား:ကိုယ်ကို:လိုပါသည်" ဟူ၍ ဖြစ်ပါသည်။ တုတ်ဖြူကိုင်လာသော မျက်မမြင်ကို တွေ့သောသူ အနေဖြင့် ယင်:မျက်မမြင်အား: ကြင်နာသနာ:၍ စောင့်ရှောက်ပါရန် ဖိတ်ခေါ်နေခြင်:ဖြစ်ပြီ:၊ တုတ်ဖြူကိုင်ထား:သော မျက်မမြင်ကလည်: တတ်နိုင်သမျှ ကိုယ့်အား:ကိုယ်ကို: လိုပါသည်ဟူ၍ ဖော်ပြနေခြင်:ဖြစ်သည်။

မျက်မမြင်အတွက် ဟယ်လင်ကဲလာ:အကြံပြုခဲ့သည့် အကောင်:ဆုံ:လက်ဆောင်ဖြစ်သည့် တုတ်ဖြူကို လူထုသိက ပိုမိုအဓိပ္ပာယ်ရှိမည်ဟု ဆုံ:ဖြတ်ခဲ့ရာမှ **International White Cane Day** ကိုအောက်တိုဘာ (၁၅) ရက်နေ့အား: သတ်မှတ်ခဲ့ခြင်:ဖြစ်သည်။ အဆိုပါ အထိမ်:အမှတ်နေ့ကျင်:ပခြင်:ကို အမေရိကန်နိုင်ငံမှ စတင်ခဲ့ပြီ:၊ ဥရောပတိုက်၊ ဩစတြေ:လျတိုက်များ:မှ ဆက်လက်ကာ အာရှတိုက်ဆီသို့ ပျံ့နှံ့လာခဲ့သည်။

အာရှတိုက်တွင် စင်ကာပူ၊ အိန္ဒိယ၊ မလေ:ရှား:၊ ထိုင်:နိုင်ငံများ: ပြီ:နောက် ပြည်ထောင်စုမြန်မာနိုင်ငံသည် ပဋ္ဌမမြောက် နိုင်ငံအဖြစ် နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့ကို ၁၉၉၂ ခုနှစ်မှ စတင်ကျင်:ပခဲ့သည်။ **International White Cane Day** ကို နိုင်ငံတကာ မျက်မမြင် လမ်းလျှောက်တုတ်နေ့ဟူ၍ ဘာသာပြန်ဆိုကျင်:ပခဲ့ခြင်: ဖြစ်သည်။



ပဋ္ဌမအကြိမ် နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့

စတင် ကျင်:ပခဲ့သည့် ၁၉၉၂ ခုနှစ်တွင် မျက်မမြင် (၁၀၈) ဦ:သာ ပါဝင်ဆင်နွှဲခဲ့သော်လည်း၊ ပါဝင်ဆင်နွှဲသူ ဦ:ရေသည် တစ်နှစ်ထက်တစ်နှစ် တိုး:တက်ခဲ့ကာ၊ ၁၉၉၃ ခုနှစ်တွင် ၁၄၉ ဦ:၊ ၁၉၉၄ ခုနှစ်တွင် ၁၉၄ ဦ:၊ ၁၉၉၅ ခုနှစ်တွင် ၂၁၆ ဦ:၊ ၁၉၉၆ ခုနှစ်တွင် ၂၄၀ ဦ:နှင့် ၁၉၉၇ ခုနှစ် ဆဋ္ဌမအကြိမ်မြောက်၌မူ ၂၇၅ ဦ:အထိ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ၁၉၉၇ ခုနှစ် ရန်ကုန်မြို့တော်ဝန်ဖလား: မျက်မမြင်လမ်းလျှောက်ပွဲတွင် လူမှုဝန်ထမ်:ဦ:စီ:ဌာန ကြည့်မြင်တိုင် မျက်မမြင်ကျောင်:၊ အစိုးရမဟုတ်သော အဖွဲ့အစည်:များ: ဖြစ်သည့် ခဝဲခြံခရစ်ယာန်မျက်မမြင်များ: မိတ်သဟာယနှင့် စိန်မေရီမျက်မမြင်အလုပ်ရုံတို့မှ မျက်မမြင်စုစုပေါင်း ၂၇၅ ဦ: ပါဝင်ဆင်နွှဲခဲ့ကြပြီ:၊ ပြည်သူ့ဥယျာဉ်ရှေ့မှ စတင်ကာ ရန်ကုန်မြို့တော်ခန်:မအထိ လမ်းလျှောက်လှုပ်ရှား:မှုကို ဆင်နွှဲခဲ့ကြသည်။

လမ်းလျှောက်လှုပ်ရှား:မှု ပြီ:သည်နှင့် နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်:အမှတ်၊ ၁၉၉၇ ခုနှစ် ရန်ကုန်မြို့တော်ဝန်ဖလား: မျက်မမြင်လမ်းလျှောက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်:အနား:ကို ရန်ကုန်မြို့တော်ခန်:မ၌ ဆက်လက်ကျင်:ပသည်။ ပါဝင်ယှဉ်ပြိုင်သည့် မျက်မမြင်ကျောင်:၊ အလုပ်ရုံများ:အား: ဆုဖလား:နှင့် ဂုဏ်ပြုလက်ဆောင်များ:ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး:ကော်မတီက ချီးမြှင့်ခဲ့သည်။ ယှဉ်ပြိုင်သူအား:လုံ:အား: အမျိုး:သား:ဖြစ်လျှင်

ကျား၀တ်လုံချည် တစ်ထည်နှင့် ရှပ်အင်္ကျီ တစ်ထည်၊ အမျိုးသမီးဖြစ်လျှင် အမျိုးသမီး၀တ်လုံချည် တစ်ထည်နှင့် ဘလောက်စ်အင်္ကျီ တစ်ထည်စီ ချုပ်မြင့်ပေးခဲ့သည်။ ထူးခြားချက်မှာ ဂျပန်နိုင်ငံ၊ ရှင်ရှိကုမ္ပဏီက မျက်မှန်များကို မျက်မမြင်ကလေး အချို့အတွက် လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

ဆုဖလာနှင့် ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပြီးနောက် တွင် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် ခ၀ဲခြံမျက်မမြင် ကျောင်းတို့မှ ကျောင်းသားကျောင်းသူများ၏ မျက်မမြင် တီးဝိုင်းအဖွဲ့များက သီဆိုဖျော်ဖြေခဲ့ကြသည်။ သီဆိုဖြေဖျော်သူများနှင့် တီးဝိုင်းအဖွဲ့များအား စေတနာရှင် ပြည်သူများ၊ အဖွဲ့အစည်းများက ငွေများ ထပ်မံချီးမြှင့် လှူဒါန်းခဲ့ကြသည်။ အဆိုပါ မျက်မမြင်ကျောင်းများသည် ဂီတသင်တန်းများကို သင်ကြားပေးလျက်ရှိသည့် ကျောင်းများ ဖြစ်သည်။

ပြည်သူလူထု၏ အားပေးမှု၊ ကူညီမှု၊ စောင့်ရှောက်မှုများ ရရှိစေရေးအတွက် လှုံ့ဆော်ချက်အဖြစ် လည်းကောင်း၊ မျက်မမြင်များ အနေဖြင့်ကိုယ့်အားကိုယ်ကိုးမည့်စိတ်ဓာတ်များ ကိန်းအောင်း လာစေရေးအတွက် လည်းကောင်း၊ နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ကို ကျင်းပခဲ့ရာ စတင်သည့်နှစ်မှစ၍ ပါ၀င်ဆင်နွှဲသူ ဦးရေသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်ခဲ့သည်။ ဤသို့ တိုးတက်ခဲ့ခြင်းက လည်း မျက်မမြင်များ၏ စိတ်ဓာတ်ရေးရာ မြင့်တက်လာမှုတို့ကို ဖော်ပြနေခြင်း ဖြစ်ပေသည်။

ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ။ ။ ပါကစ္စတန်နိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့က ကကွယ်ရေးနှင့် အမျိုးသားလုံခြုံရေးကောင်စီကို ဖွဲ့စည်းတည်ထောင်ရန် အတည်ပြုခဲ့ပြီးနောက် နိုင်ငံရေးအာဏာ ဖွဲ့စည်းတည်ဆောက်မှုတွင် စစ်ဘက်၏ တရား၀င်အခန်းကဏ္ဍကို ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်နေ့တွင် ပေးခဲ့သည်။ ဤသည်မှာ ၁၉၈၈ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ အကြီးအကဲ ဗိုလ်ချုပ်ကြီး ဇီယာအူးလဟက် သေဆုံးခဲ့ပြီး နောက်ပိုင်း နိုင်ငံရေးတွင် စစ်ဘက်၏ အခန်းကဏ္ဍကို တရား၀င် ဖြစ်စေရန် ဆောင်ရွက်သည့် ထူးခြားသည့် ပထမဆုံး လုပ်ရပ်ဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၉ – စာ၊ ၁၆၂၊ ၁၆၃၊ ၂၀၁ – ရှ။)

ကာကွယ်ရေးနှင့် အမျိုးသား လုံခြုံရေးကောင်စီတွင် သမ္မတက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွဲ့၀င်များအဖြစ် ၀န်ကြီးချုပ်၊ ကာကွယ်ရေး၀န်ကြီး၊ နိုင်ငံခြားရေး၀န်ကြီး၊ ပြည်ထဲရေး၀န်ကြီး၊ ၀န်ကြီးချုပ်၏ ဘဏ္ဍာရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ ကာကွယ်ရေးဦးစီးချုပ် ပူးတွဲကော်မတီဥက္ကဋ္ဌ အစရှိသည့်ပုဂ္ဂိုလ်များအပြင် ကြည်း၊ ရေ၊ လေမှ ကာကွယ်ရေးဦးစီးချုပ်များ ပါ၀င်ပေသည်။ အဆိုပါကောင်စီ၏ အခန်းကဏ္ဍမှာ အကြံပေး အဖွဲ့အဖြစ် ဆောင်ရွက်ရန်သာ ဖြစ်ပြီး ကောင်စီ၏ ဆုံးဖြတ်ချက်များသည် အစိုးရအဖွဲ့နှင့် ဆက်နွယ်သက်ဆိုင်စေခြင်း မရှိစေရဟု အစိုးရအဖွဲ့က အခိုင်အမာ ပြောကြားထားသည်။ ကောင်စီအနေဖြင့် အမျိုးသားလုံခြုံရေး ဦးစားပေး ဆောင်ရွက်ရန် ကိစ္စများကို အဆုံးအဖြတ်ပြုခြင်း အပါအ၀င် လုံခြုံရေးရာကိစ္စ အရပ်ရပ်အတွက် အစိုးရအဖွဲ့အား အကြံပေးရန် ဖြစ်သည်။ ထို့ပြင် ကာကွယ်ရေးဆိုင်ရာ မူ၀ါဒများ ညှိနှိုင်းရေးဆွေးခြင်း၊ အရေးပေါ်အုပ်ချုပ်ရေး ပြဋ္ဌာန်းခြင်း အပေါ် ထောက်ခံချက်ပေးခြင်းတို့လည်း ပါ၀င်ပေသည်။ ကောင်စီတာ၀န်နှင့် စပ်လျဉ်းသည့် အဆိုပါ ဆုံးဖြတ်ချက်ကို သမ္မတ ဟာရူးအာမက်လက်ဟာရီက ဇန်နဝါရီ ၇ ရက်နေ့တွင် ထောက်ခံခဲ့သည်။

ကာကွယ်ရေးနှင့် အမျိုးသားလုံခြုံရေးကောင်စီ ဖွဲ့စည်းမှုကို ဘိနဇာဘူတိအပါအ၀င် အတိုက်အခံနိုင်ငံရေးသမားများက ရှုတ်ချကြသည်။ ဘိနဇာဘူတိမှာ ၀န်ကြီးချုပ်ရာထူးမှ ၁၉၉၆ ခုနှစ်၊ နို၀င်ဘာလတွင် သမ္မတ လက်ဟာရီက ဖြုတ်ချခြင်းကို ခံခဲ့ရသည်။ ဖျက်သိမ်းခဲ့သည့် ပါလီမန်ဥက္ကဋ္ဌဟောင်း ဖြစ်သူကလည်း အစိုးရအဖွဲ့အနေဖြင့် မိမိ၏ လုပ်ပိုင်ခွင့် အာဏာကန့်သတ်ချက်ထက် ကျော်လွန်ပြီး လုပ်ဆောင်ခဲ့ကြောင်း စွပ်စွဲပြောကြားခဲ့သည်။ ၄င်းက ဆက်လက်ပြီး အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် ၁၉၇၃ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖျောက်ဖျက်ရာ ကျကြောင်း၊ အလားတူ အဖွဲ့အစည်းမျိုး ဖွဲ့စည်းထူထောင်ရန် ၁၉၈၅ ခုနှစ်က ဗိုလ်ချုပ်ကြီး ဇီယာအူးလဟက် ကြိုးပမ်းခဲ့ဖူးရာ မအောင်မြင်ခဲ့ကြောင်း၊ အစိုးရအဖွဲ့၏ ယခုလုပ်ရပ်

မှာ ဗိုလ်ချုပ်ကြီး ဇီယာအူးလဟက်၏ ကြံစည်ပုံမျိုးနှင့် တစ်ထပ်ထည်း ဖြစ်နေကြောင်း ပြောကြား၊ခဲ့သည်။ ကာကွယ်ရေးနှင့် အမျိုးသား လုံခြုံရေးကောင်စီ ဖွဲ့စည်းမှုသည် အရေးပေါ် အုပ်ချုပ်ရေးကြေညာခြင်းနှင့် ဖေဖော်ဝါရီ ၃ ရက်နေ့တွင် ကျင်းပရန် သတ်မှတ်ထား၊သည့် ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲများ ရှေ့ဆိုင်းရန် တို့အတွက် ပဏာမရှေ့ပြေး ခြိမ်းခြောက်မှုပင်ဖြစ်သည်ဟု အများ၏ ထင်မြင်ယူဆချက်ကိုလည်း ၄င်းက ထုတ်ဖော်ပြောဆို၊ခဲ့သည်။ ယင်း ထင်မြင်ယူဆချက်ကို အစိုးရအဖွဲ့က ကန့်ကွက်၊ခဲ့ပြီး ရွေးကောက်ပွဲများကို စီစဉ်ထား၊သည့် အတိုင်း ကျင်းပသွားမည်ဟု ပြောကြား၊ခဲ့သည်။ ပြန်ကြား၊ရေးနှင့် အသံလွှင့်လုပ်ငန်း ဝန်ကြီးကလည်း ကာကွယ်ရေးနှင့် အမျိုးသား လုံခြုံရေးကောင်စီသည် ဒီမိုကရက်တစ်စနစ်များကို ကာကွယ်စောင့်ရှောက်သွားမည် ဖြစ်ကြောင်းနှင့် အမျိုးသား လွှတ်တော်ကိုဖျက်သိမ်းရန်နှင့် အစိုးရအဖွဲ့ကို ဖြုတ်ချရန် သမ္မတအား အာဏာအပ်နှင်း၊သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၅၈၊ ၂ (ခ) အား အသုံး၊ချသည့် အခွင့်အလမ်းကိုလည်း ယင်းကောင်စီက ဖယ်ရှား၊သွားလိမ့်မည်ဟု မျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြား၊သွား၊ခဲ့သည်။

ယင်း၊သို့ဖြစ်ပေါ်လျက်ရှိနေဆဲမှာပင် ဇန်နဝါရီ ၂၉ ရက်နေ့တွင် ဗဟိုတရား၊ရုံး၊ချုပ်က ဝန်ကြီး၊ချုပ်ရာထူး၊မှ ဘိန်ဇာဘူတိုအား ဖြုတ်ချခဲ့ခြင်း၊ကို လက်ခံအတည်ပြု၊ခဲ့ပြီး တရား၊သူကြီး ခုနစ်ဦး၊အနက် ခြောက်ဦး၊က သမ္မတ လက်ဟာရီ၏ လုပ်ဆောင်ချက်ကို ထောက်ခံခဲ့ကြသည်။ ဝန်ကြီး၊ချုပ် မစ္စစ်ဘိန်ဇာဘူတို၏ အစိုးရအဖွဲ့သည် ဆွေမျိုး၊ကောင်း၊စား၊ရေး ဝါဒကို ကျင့်သုံး၊ခြင်း၊ လာဘ်စား၊ခြင်း၊နှင့် တလွဲတချော် အုပ်ချုပ်ခြင်း၊ရှိခဲ့ပြီး ကရာချီတွင် ဖြစ်ပွား၊ခဲ့သည့် တရား၊ ဥပဒေကို ကျော်လွန်သည့် လူရာပေါင်း၊များ၊စွာ သတ်ဖြတ်မှုများ၊အတွက်လည်း တာဝန်ရှိသည်ဟုယူဆထား၊သည့် သမ္မတ လက်ဟာရီ၏ သဘောထား၊ကိုလည်း လက်ခံခဲ့သည်။

ဗဟိုတရား၊ရုံး၊ချုပ်၏ ဆုံး၊ဖြတ်ချက်သည် ဖေဖော်ဝါရီ ၃ ရက်နေ့တွင် ကျင်းပရန်ရှိနေသည့် အထွေထွေ ရွေးကောက်ပွဲအတွက် လမ်း၊ရှင်းပေး၊လိုက်ခြင်း၊ဖြစ်သည်။ ဝန်ကြီး၊ချုပ်ရာထူး၊မှ ဖြုတ်ချခဲ့ခြင်း၊ကို မစ္စစ်ဘူတိုက ဗဟိုတရား၊ရုံး၊ချုပ်သို့ အယူခံဝင်ထား၊ရာ သူမသာ အနိုင်ရရှိပါက ကျင်းပရန်ရှိသည့် ရွေးကောက်ပွဲကို ပယ်ဖျက်ပြီး ဖြစ်ပေလိမ့်မည်။ သို့ဖြစ်ရာ နိုင်ငံရေးပါတီ များသည်တရား၊ရုံး၏ လူသတ်မှုစွပ်စွဲချက်ဖြင့် ရုံး၊တင်စစ်ဆေး၊ခြင်း၊ခံရသည့် မစ္စစ်ဘူတို၏ ခင်ပွန်းဏာဒါရီအား တရား၊ခွင်တွင်တွေ့ရစဉ်



ဆုံးဖြတ်ချက်ကို စောင့်နေခဲ့ရာ ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများမှာလည်း နှောင့်နှေးခဲ့ရသည်။

မစ္စစ်ဘူတိုကတရား‌ရုံး၏ဆုံးဖြတ်ချက်ကို သူမအနေဖြင့် အံ့အား‌မသင့်ကြောင်း ပြောကြား‌ခဲ့သည်။ ဆက်လက်တိုက်ပွဲဝင်သွား‌ရန်ကိုလည်း သန္နိဋ္ဌာန် ချခဲ့သည်။ သို့ဖြစ်လင့်ကစား ရွေးကောက်ပွဲ မသမာမှုများ‌ကြောင့် ရွေးကောက်ပွဲတွင် ရုံးနိမ့်လိမ့်မည်ဟု ထင်ကြောင်း မစ္စစ်ဘူတိုက ပြောကြား‌ခဲ့သည်။ ပါလီမန်တွင် နေရာ ၂၁၇ နေရာရှိသည့်အနက် နေရာ ၉၀ ကို မစ္စစ်ဘူတို၏ ပါတီဖြစ်သည့် ပါကစ္စတန်ပြည်သူ့ပါတီက ရရှိလိမ့်မည်ဟု သူမပါတီမှ လေ့လာဆန်းစစ်သူများက ပြောကြား‌ထား‌လင့်ကစား ယင်းအရေအတွက်ကို အနိုင်ရရှိမည်ဟု သူမ မထင်ကြောင်း မစ္စစ်ဘူတိုက ပြောကြား‌သည်။

မစ္စစ်ဘူတို၏ ယောကျ်မဖြစ်သူ ဟာကင်မ်အလီဇာဒါရီမှာလည်း ကလိမ်ကျမှု၊ အခွန်အကောက်တိမ်း‌ရှောင်မှုဖြင့် ဖမ်းဆီး‌ခြင်း ခံရသည်။ မစ္စစ်ဘူတိုအား ထောက်ခံသူများက ဤကဲ့သို့ဖမ်းဆီးမှုမှာ မစ္စစ်ဘူတိုအား ဆန့်ကျင်လှုပ်ရှား‌သည့် လုပ်ရပ်အဖြစ် သဘော‌ထား‌ကြသည်။ မစ္စစ်ဘူတို၏ခင်ပွန်းဖြစ်သူ အဇစ်အလီဇာဒါရီကိုလည်း ဇနီး၏ မောင်ဖြစ်သူ နိုင်ငံရေးပြိုင်ဘက်ဖြစ်သည့် မာတာဇာဘူတိုအား သတ်ဖြတ်မှုဖြင့် ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက စွဲချက်တင်ထား‌သည်။

ဤသို့ဖြင့် မူလသတ်မှတ်ထား‌သည့်အတိုင်း ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပရာ နာဝပ်ဇ်ရှရစ်ဖ၏ ပါကစ္စတန်မူဆလင်အဖွဲ့ချုပ်က အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ မစ္စစ်ဘူတို၏ ပါကစ္စတန်ပြည်သူ့ပါတီမှာ နေရာအနည်း‌သာ အနိုင်ရရှိခဲ့သည်။ ရွေးကောက်ပွဲမှာ ကိုး‌နှစ်အတွင်း စတုတ္ထအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ရွေးကောက်ပွဲကို ယခင်ဩစတြေးလျနိုင်ငံ၊ ဝန်ကြီးချုပ်ဟောင်း မဲလ်ကွမ်းဖရေဆာဦး‌ဆောင်သည့် နိုင်ငံတကာမှ လေ့လာသူများက ကြီး‌ကြပ်ခဲ့သည်။ ရွေးကောက်ပွဲတွင် နာဝပ်ဇ်ရှရစ်ဖ၏ ပါကစ္စတန်မူဆလင်အဖွဲ့ချုပ်က ၁၃၄ နေရာ၊ မစ္စစ်ဘူတို၏ ပါကစ္စတန်ပြည်သူ့ပါတီက ၁၈ နေရာ၊ မိုဟာဂျာ အမျိုး‌သား‌လှုပ်ရှား‌မှုအဖွဲ့က ၁၂ နေရာ၊ အဝါမီ အမျိုး‌သား‌ပါတီက ကိုး‌နေရာ အသီး‌သီး အနိုင်ရရှိပြီး ကျန်နေရာများ‌ကို ပါတီငယ်များ‌နှင့် တစ်သီး‌ပုဂ္ဂလအဖွဲ့တို့က အနိုင်ရရှိကြသည်။

ရုံးနိမ့်မှုနှင့် ရင်ဆိုင်ခဲ့ရပြီး‌နောက် မစ္စစ်ဘူတိုက သူမအနေဖြင့် ရွေးကောက်ပွဲအနိုင်အရှုံး‌ရလဒ်ကို လက်ခံမည်မဟုတ်ကြောင်း၊ အိမ်စောင့်အစိုး‌ရအနေဖြင့် လွှတ်တော်တွင် အမတ်နေရာ ၂၁၇ နေရာရှိသည့်အနက် ၆၃ နေရာတွင် ရွေးကောက်ပွဲအကြို မသမာမှုများ ပြုလုပ်ခဲ့ကြောင်း စွပ်စွဲပြောကြား‌ခဲ့သည်။ ယင်းသို့ပြောကြား‌သော်လည်း ဖေဖော်ဝါရီ ၄ ရက်နေ့တွင် မစ္စစ်ဘူတိုက သူမအနေဖြင့် မတည်မငြိမ်ဖြစ်အောင် ဖန်တီး‌မည်မဟုတ်ကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲရလဒ်နှင့် ပတ်သက်၍ လှုံ့ဆော်သွေး‌ထိုး‌မှုလည်း ပြုလုပ်မည်မဟုတ်ကြောင်း ကတိပြုခဲ့သည်။ ရွေးကောက်ပွဲရလဒ်မှာ ဖန်တီး‌ခဲ့ခြင်း ဖြစ်သည်ကိုမူ သူမက အခိုင်အမာ ပြောကြား‌ပြီး ရွေးကောက်ပွဲလုပ်ငန်း‌စဉ်တရား‌ဝင်မှုရှိမရှိကို ဆန်း‌စစ်ရန် လိုငြား‌သော်လည်း နိုင်ငံတည်ငြိမ်မှုရှိရန် လိုအပ်သည်ဟု ထုတ်ဖော် ဖွင့်ဟ ခဲ့သည်။ မစ္စစ်ဘူတိုက သူမအား ထောက်ခံသူ ထောင်ပေါင်း များ‌စွာမှာ မဲဆန္ဒရှင်စာရင်း‌မှ ပယ်ဖျက်ခံရခဲ့ပြီး သူမပါတီ အတွက် မဲဆန္ဒစာရွက်များ‌ကို ပါကစ္စတန်မူဆလင်အဖွဲ့ချုပ် မဲဆန္ဒစာရွက်များ‌နှင့် အစား‌ထိုး‌ခဲ့ကြောင်း၊ ယင်းလုပ်ရပ်များ‌ကို အိမ်စောင့်အစိုး‌ရလုပ်ဆောင်ခဲ့ကြောင်း စွပ်စွဲခဲ့သည်။ နာဝပ်ဇ်ရှရစ်ဖ်အား တိုက်ရိုက်စွပ်စွဲပြောကြား‌ခြင်း‌ကိုမူ သူမက ရှောင်ရှား‌ခဲ့ပြီး နာဝပ်ဇ်ရှရစ်ဖ်သည် ဘာမှမသိသူ၊ ဦး‌နှောက်မရှိသူဟုသာ ပြောကြား‌ခဲ့သည်။

ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် နာဝပ်ဇ်ရှရစ်ဖ်အား ဝန်ကြီး‌ချုပ်အဖြစ် အမျိုး‌သား‌လွှတ်တော်က တရား‌ဝင်ရွေး‌ချယ်တင်မြှောက်ခဲ့သည်။ ဝန်ကြီး‌ချုပ် ဖြစ်ပြီး‌နောက် ပထမဆုံး ပြောကြား‌သည့်မိန့်ခွန်း‌တွင် နာဝပ်ဇ်ရှရစ်ဖ်က လာဘ်စား‌မှုများ‌ကို အမြစ်ပြုတ် သုတ်သင်သွား‌ရန် ကတိပေးပြီး အိန္ဒိယနိုင်ငံနှင့် ငြိမ်း‌ချမ်း‌ရေး‌ဆွေး‌နွေး‌ပွဲကို ပြန်လည်သုံး‌သပ်ရန် တိုက်တွန်း‌ပြောကြား‌ခဲ့သည်။ ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် ဝန်ကြီး‌ချုပ် နာဝပ်ဇ်ရှရစ်ဖ်က အစိုး‌ရအဖွဲ့ကို ရွေး‌ချယ်တာဝန်ပေး‌အပ်ခဲ့သည်။ ရွေးကောက်ပွဲ ပြီး‌သည့်နောက် ရုပ်မြင်သံကြား‌မှ နိုင်ငံသို့ ပထမဆုံး မိန့်ခွန်း ပြောကြား‌ရာတွင် နာဝပ်ဇ်ရှရစ်ဖ်က စီး‌ပွား‌ရေး ပြိုလဲကျဆင်း



အနိုင်ရရှိခဲ့သည့် နာဝပ်ဇ်ရှရစ်ဖ်ရွေးကောက်ပွဲ အကြို မဲဆွယ်စည်းရုံးလှုပ်ရှားနေစဉ်

ခြင်းမှ နိုင်ငံအားကယ်တင်ရန် လူထုအား လေးလေးနက်နက် ပန်ကြားတိုက်တွန်းခဲ့သည်။ ပါကစ္စတန်နိုင်ငံသည် ကြွေးမြီအမေရိကန်ဒေါ်လာ ၃၀ ဘီလီယံ ရှိနေသဖြင့် နိုင်ငံခြားငွေကြေးအဖွဲ့အစည်းများ၏ ကျေးကျွန်ဖြစ်နေကြောင်း၊ မိမိကိုယ်ပိုင် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒကို ဆုံးဖြတ်ဆောင်ရွက်နိုင်သည့် အနေအထားမရှိသေးကြောင်း ပြောကြားခဲ့သည်။ ပါကစ္စတန်နိုင်ငံ၏ လွတ်လပ်မှုကို ပြန်လည်ရယူနိုင်မည့် တစ်ခုတည်းသောနည်းလမ်းမှာ တော်လှန်ရေးအတွေးအမြင်များဖြင့် လုပ်ဆောင်သွားရမည့်နည်းသာဖြစ်ကြောင်း နာဝပ်ဇ်ရှရစ်ဖ်က ကြေညာခဲ့သည်။ ပြည်ပတွင် နေထိုင်လျက် ရှိသည့် ပါကစ္စတန်နိုင်ငံသားများ အနေဖြင့်လည်း ပါကစ္စတန်နိုင်ငံအစိုးရကို ကူညီသောအားဖြင့် အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၀၀၀ ကို အတိုးမဲ့ချေးငွေအဖြစ် နှစ်နှစ်မှ ငါးနှစ်အထိ ဖြစ်စေ၊ သို့တည်းမဟုတ် အထူးစီမံကိန်းများတွင် ငွေထည့်ဝင်ခြင်းအားဖြင့် ဖြစ်စေ ကူညီပံ့ပိုးရန် တိုက်တွန်းပြောကြားခဲ့သည်။ ပါကစ္စတန်နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုအသစ်များကို ကြိုဆိုမည်ဖြစ်ကြောင်းနှင့် မည်သူကမျှ ကော်မရှင် သို့မဟုတ် လာဘ်ငွေကို တောင်းဆိုလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ နာဝပ်ဇ်ရှရစ်ဖ် ဤသို့တိုက်တွန်းပန်ကြားပြီး သုံးရက်အတွင်း ပြည်ပရောက်

ပါကစ္စတန်နိုင်ငံသား:များ:ထဲမှ အမေရိကန်ဒေါ်လာ ၁၅၀ သန်:ကို အစို:ရက လက်ခံရရှိခဲ့သည်။

ထို့ပြင် နာဝပ်ဇ်ရှရစ်ဖ်သည် ဦ:ဆောင်နိုင်ငံရေ:သမား:များ:အတွက် အကောက်ခွန်မဲ့ကား:များ: တင်သွင်:ခြင်:ကို တား:မြစ်ခြင်:နှင့် ဝန်ကြီ:ချုပ်ရံ:နှင့် ဝန်ကြီ:ဌာနများ:အတွက် အသုံ:စရိတ်များ: ဖြတ်တောက်ခြင်:အပါအဝင် ခြိုး:ခြံခွေတာရေ: အစီအစဉ်ကို ကြေညာခဲ့သည်။ ထို့ပြင် လက်ထပ်မင်္ဂလာပွဲများ:ကို ခမ်:ခမ်:နာ:နာ: ကျင်:ပနိုင်ရန် မိသား:စုများ:အနေဖြင့် ငွေကြေ:များ: ချေး:ယူလုပ်ဆောင်နေခြင်:ကို တား:ဆီ:သည့်အနေဖြင့် လက်ထပ်မင်္ဂလာပွဲများ:တွင် အစာ:အသောက်များ: ဧည့်ခံကျွေး:မွေး:ခြင်:နှင့် စပ်လျဉ်:ပြီ:ကန့်သတ် တား:မြစ်ချက်ကိုလည်: ကြေညာခဲ့သည်။ ထို့ထက်ပိုမိုရဲရင့်သည့် လုပ်ဆောင်ချက်မှာ အစဉ်အလာအရ ဘာသာရေး:ဝတ်ပြုရမည့် သောကြာနေ့သည် အလုပ်လုပ်ရမည့်နေ့ ဖြစ်ရမည်ဖြစ်ကြောင်:၊ ယင်:နေ့အစာ:တနင်္ဂနွေနေ့ကိုသာ ရက်အာ:ရယူသင့်ကြောင်: နာဝပ်ဇ်ရှရစ်ဖ်၏ ပြောကြား:ချက်ပင် ဖြစ်သည်။ လေ့လာသုံ:သပ်သူများ:က နာဝပ်ဇ်ရှရစ်ဖ်၏ ဤလုပ်ဆောင်ချက်မှာ ဘာသာရေးခေါင်:ဆောင်များ:နှင့် ပဋိပက္ခ ဖြစ်စေနိုင်မည်ဟု ယူဆထား:ကြသည်။

ဤသို့ရှိနေခဲ့ရာမှ ဧပြီ ၁ ရက်နေ့တွင် အမျို:သား:လွှတ်တော်က ဖွဲ့စည်:ပုံ အခြေခံ ဥပဒေပြင်ဆင်ချက်ကို အတည်ပြုခဲ့သည်။ ယင်:ပြင်ဆင်ချက်အရ ရွေ:ကောက်တင်မြှောက်ထား:သည့် အစို:ရအဖွဲ့ကို ဖြုတ်ချနိုင်သည့် သမ္မတ၏ အာဏာကို ရုပ်သိမ်:လိုက်သည်။ ယင်:သို့ဖြုတ်ချနိုင်သည့် သမ္မတ၏အာဏာမှာ အငြင်:ပွား:ဖွယ်ရာ ကိစ္စတစ်ခုဖြစ်ခဲ့သည်။ ထိုသို့ လုပ်ဆောင်နိုင်သည့် သမ္မတ၏ အာဏာကြောင့် ၁၉၈၅ ခုနှစ်တွင် စစ်အုပ်ချုပ်ရေ: အဆုံ:သတ်ပြီ:နောက်ပိုင်:တွင် အစို:ရအဖွဲ့သုံ:ဖွဲ့ကို သမ္မတအာဏာဖြင့် ဖြုတ်ချခဲ့သည့် ဖြစ်ရပ်များ: ဖြစ်ပေါ်ခဲ့ရသည်။ ဖွဲ့စည်:ပုံအခြေခံဥပဒေ ပြင်ဆင်သည့် လုပ်ရပ်ကို အထက်အောက်လွှတ်တော်နှစ်ရပ်စလုံ:တွင် တစ်ခဲနက် ထောက်ခံကြသည်။ နိုင်ငံရေ:ပါတီ အာ:လုံ:ကလည်: ယင်:ကိစ္စနှင့် စပ်လျဉ်:ပြီ: အစဉ်အလာအရ ပြုလုပ်ရသည့် ကော်မတီအဆင့် အချေအတင် ဆွေ:နွေ:မှုများ:ကိုပင် မပြုလုပ်တော့ရန် သဘောတူညီခဲ့ကြသည်။ သမ္မတ ဖာရူ:အာမက်လက်ဟာရီကလည်: ဖွဲ့စည်:ပုံ အခြေခံဥပဒေ ပြင်ဆင်ချက်များ:ကို သဘောတူခဲ့သည်ဟု ရှရစ်ဖ်က ပြောကြား:ခဲ့သည်။

ပြောင်:လဲခဲ့သည့် ဖွဲ့စည်:ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အရ လွှတ်တော်အာ: ဖျက်သိမ်:ကာ အစို:ရအဖွဲ့ကို ဖြုတ်ချနိုင်သည့် သမ္မတ၏ အာဏာကို ရုပ်သိမ်:ပြီ:လက်နက်ကိုင်အဖွဲ့အစည်:များ:၏ အကြီ:အကဲများ:အား: သမ္မတက ခန့်အပ်ခွင့်ကိုလည်: ဝန်ကြီ:ချုပ်သို့ လွှဲပြောင်:ပေ:ခဲ့သည်။ ထို့ပြင် ပြည်နယ်အုပ်ချုပ်ရေ:မှူ:များ:ကို သမ္မတက ခန့်အပ်သည့် အာဏာကိုလည်: ရုပ်သိမ်:ခဲ့သည်။ အတိုက်အခံ



ဝန်ကြီ:ချုပ်ရာထူ:မှ နှစ်ကြိမ်တိုင်
ပြုတ်ချခံရသည့် အတိုက်အခံခေါင်:ဆောင်
ဘီနဇာဘူတို

ခေါင်းဆောင် မစ္စစ်ဘူတိုကလည်း ဤလုပ်ဆောင်ချက်ကို ဒီမိုကရေစီအရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည့် လူတိုင်းအတွက် စိတ်ဓာတ်ရေးရာအောင်ပွဲအဖြစ် လည်းကောင်း၊ ပါလီမန်၏ ဩဇာလွှမ်းမိုးမှုကို အခိုင်အမာ ဖြစ်စေသည့် လုပ်ရပ်အဖြစ်လည်းကောင်း ကြိုဆိုထောက်ခံခဲ့သည်။

ဝန်ကြီးချုပ် နာဝပ်ဇ်ရှရစ်ဖ်ကလည်း ၄င်းအနေဖြင့် အငြင်း ပွားလျက်ရှိသည့် ကာကွယ်ရေးနှင့် အမျိုးသားလုံခြုံရေးကောင်စီကို ဖျက်သိမ်းရန် ပြင်ဆင်လျက်ရှိကြောင်း အရိပ်အမြွက်ပြောကြားခဲ့သည်။

မရွေးမနှောင်းဆိုသလိုပင် ဝန်ကြီးချုပ်ရှရစ်ဖ်သည် ၄င်း၏အာဏာကို လတ်တလော အသုံးချသည့်အနေဖြင့် ရေတပ်ဦးစီးချုပ်ကို ဧပြီ ၂၅ ရက်နေ့တွင် ရာထူးမှ ဖယ်ရှားခဲ့သည်။ ပါကစ္စတန်နိုင်ငံ သမိုင်းတွင် အရပ်သားဝန်ကြီးချုပ်က ထိပ်တန်းစစ်ဘက်အရာရှိတစ်ဦးကို ရာထူးမှဖယ်ရှားခဲ့ခြင်းမှာ ဒုတိယအကြိမ်ဖြစ်သည်။ ပြင်သစ်ရေငုပ်သင်္ဘော ဝယ်ယူရေးနှင့် စပ်လျဉ်းပြီး လာဘ်စားမှုများ ရှိခဲ့သည်ဟု စွပ်စွဲပြောဆိုချက်များ သတင်းစာများတွင် လအတန်ကြာ ပါရှိခဲ့ပြီးနောက် ရှရစ်ဖ်က ဤသို့လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

အခြားတစ်ဖက်တွင် ရှရစ်ဖ်မှာ လေတပ်ဦးစီးချုပ်အား အရေးယူရန် ဖိအားပေးခြင်း ခံခဲ့ရသည်။ အမေရိကန် ပြည်ထောင်စုသို့ ပျံသန်းသည့် လေတပ်လေယာဉ်တစ်စင်းပေါ်တွင် အရာရှိတစ်ဦးထံမှ ဘိန်းဖြူနှစ်ကီလိုဂရမ် ရှာဖွေတွေ့ရှိပြီးနောက် ယင်းသို့ဖိအားပေးခြင်း ခံရခြင်းဖြစ်သည်။

ထူးခြားသည့် ဖြစ်စဉ် တစ်ခုမှာ ဧပြီလအတွင်း ပါကစ္စတန်နိုင်ငံ ဒေသအတော်များများ၌ ရုတ်တရက် ဂျုံပြတ်လပ်မှု ဖြစ်ပေါ်ခဲ့ရသည်။ သို့ဖြစ်ရာ ပန်ဂျပ်၊ ဘလူချီစတန်ပြည်နယ်များရှိ မြို့များအပါအဝင် အနောက်မြောက်နယ်ခြားဒေသ ပြည်နယ်မြို့တော်ဖြစ်သည့် ပက်ရှဝါတွင် စားသောက်ဆိုင်များနှင့် စျေးဆိုင်များကို ဝင်ရောက်လုယက်တိုက်ခိုက်ခဲ့ကြသည်။

ဝန်ကြီးချုပ် နာဝပ်ဇ်ရှရစ်ဖ်သည် မော်လဒိုက်တွင် ကျင်းပသည့် တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းအဝေးသို့ တက်ရောက်ခဲ့ရာ မေ ၁၂ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ ဝန်ကြီးချုပ် ဂူဂျရယ်နှင့် ဆွေးနွေးခဲ့သည်။ ခေါင်းဆောင်နှစ်ဦးတို့က နှစ်နိုင်ငံကြား ဆက်ဆံရေး ပုံမှန်ဖြစ်အောင် ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံကြား ကာလကြာမြင့်စွာ ရှိခဲ့သည့် ရန်ငြိုးကိုအဆုံးသတ်ရန်ကိုလည်း မျှော်လင့်ခဲ့ကြသည်။ ဤသို့နှစ်နိုင်ငံကြား ခေါင်းဆောင်နှစ်ဦး တရားဝင်ဆွေးနွေးမှုမှာ လေးနှစ်အတွင်း ပထမဆုံးအကြိမ် ဖြစ်သည်။

ဆက်လက်ပြီး ပါကစ္စတန်နှင့် အိန္ဒိယ နှစ်နိုင်ငံ ဆွေးနွေးပွဲ တိုးတက် ဖြစ်ပေါ်မှုအဖြစ် ကက်ရှမီးယား အနာဂတ်ရေး ညှိနှိုင်းဆွေးနွေးရန် ဇွန်လတွင် နှစ်နိုင်ငံတို့က အပြီးသတ်သဘောတူညီခဲ့ကြသည်။ ဇွန် ၁၉ ရက်မှ ၂၃ ရက်အထိ အစ္စလာမ်မာဘတ်မြို့တွင် ကျင်းပသည့် နှစ်နိုင်ငံနိုင်ငံခြားရေး အတွင်းဝန်များကြား ဆွေးနွေးပွဲက ယင်းသို့သဘောတူညီခဲ့ခြင်း ဖြစ်သည်။

ဤအတောအတွင်း ဩဂုတ် ၁၃ ရက်နေ့တွင် အောက်လွတ်တော်က အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကို အတည်ပြုခဲ့သည်။ ပါကစ္စတန်နိုင်ငံ အနေဖြင့် နှစ် ၅၀ ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို ပြင်ဆင်နေဆဲကာလတွင် နိုင်ငံကိုတုန်လှုပ်ချောက်ချားစေခဲ့သည့် အကြမ်းဖက်မှုဂယက်ကို တိုက်ဖျက်ချေမှုန်းသွားရန် ဤသို့ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ယင်းဥပဒေကို ပါကစ္စတန်သမ္မတက သြဂုတ် ၁၈ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းဥပဒေအရ လုံခြုံရေးတပ်ဖွဲ့များအား လုပ်ပိုင်ခွင့်အသစ်များ အပ်နှင်းထားသည်။ ရဲများအနေဖြင့် အကြမ်းဖက်မှုတွင် ပါဝင်သည်ဟု သံသယရှိသူတို့ကို ဖမ်းဆီးနိုင်ခွင့်၊ ရှာဖွေဝရမ်းမပါဘဲ ဝင်ရောက်ရှာဖွေနိုင်ခွင့် ရှိပေသည်။ ထို့ပြင် အကြမ်းဖက်မှုအတွက် သေဒဏ်အပါအဝင် ပြင်းထန်သည့် ပြစ်ဒဏ်များလည်း ပါဝင်ပေသည်။

စက်တင်ဘာ ၂၃ ရက်နေ့တွင် ပါကစ္စတန် ဝန်ကြီးချုပ် နာဝပ်ဇ်ရှရစ်ဖ်သည် အိန္ဒိယဝန်ကြီးချုပ် အိုင်ကေဂူဂျရယ်နှင့် နယူးယောက်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြန်သည်။ သို့ရာတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်စေရန် လုပ်ဆောင်ရမည့် အချက်များအပေါ်တွင် သဘောတူညီမှုမရဘဲ ရှိခဲ့သည်။ ပါကစ္စတန်ဘက်မှ အရာရှိများက ဆွေးနွေးပွဲမှာ ရင်းနှီးပွင့်လင်းမှုရှိပြီး အပြုသဘောဆောင်ခဲ့ကြောင်းကိုသာ ဖော်ပြခဲ့သည်။ လေးနက်သည့်ကွဲလွဲမှုများကိုမူ မဖြေရှင်းနိုင်ဘဲ ရှိခဲ့သည်ဟု ၄င်းပုဂ္ဂိုလ်များက ပြောကြားခဲ့သည်။

ဤအတောအတွင်း နာဝပ်ဇ်ရှရစ်ဖ် အစိုးရ၏ တောင်းဆိုချက်အရ ဆွစ်အစိုးရသည် ဘီနဇာဘူတိုအပါအဝင် သူမ၏ခင်ပွန်းနှင့် မိခင်တို့ ငွေကြေးအပ်နှံထားသည့် ၄င်းတို့နိုင်ငံရှိ ဘဏ်အား လုံးမှ ဘဏ်စာရင်းများကို သုံးလကြာ ထိန်းချုပ်ကန့်သတ်ထားရန် ချမှတ်ပြဋ္ဌာန်းခဲ့သည်။ ထို့ပြင် ဘီနဇာဘူတိုနှင့် သူမ၏ခင်ပွန်းတို့ ဖက်စပ်ပါဝင်သည်ဟု ယူဆထား သည့် ဗြိတိသျှ ဗာဂျင်းကျွန်းရှိ ကုမ္ပဏီခြောက်ခုတို့၏ ပိုင်ဆိုင်မှုစာရင်းများကိုလည်း ကန့်သတ်ထိန်းချုပ်ထားရန် ဆွစ်အာဏာပိုင်များက သဘောတူညီကြသည်။ ပါကစ္စတန်နိုင်ငံမှ စုံစမ်းစစ်ဆေးသူများက ဘီနဇာဘူတိုနှင့် သူမ၏မိသားစုများသည် အမေရိကန်ဒေါ်လာ သုံးဘီလီယံထက်ပိုမိုသည့် ငွေကြေးများကိုနိုင်ငံမှ တစ်ဆင့်နိုင်ငံခြားဘဏ်များသို့ အပ်နှံထားသည်ဟု ခန့်မှန်းကြသည်။ ဘီနဇာဘူတိုကလည်း သူမအပေါ် စွပ်စွဲထားချက်များ အား လုံး မဟုတ်မမှန်ကြောင်း ငြင်းဆိုခဲ့သည်။ မိမိမှာ ချမ်းသာသောမိသားစုမှ ဆင်းသက်သူတစ်ဦးဖြစ်ကြောင်း အလေးအနက်ထား ပြောကြား ရင်း မိမိကိုယ်မိမိခုခံ ကာကွယ်ခဲ့သည်။

မီယက်နမ်နိုင်ငံ။ ။ဘုရင်စနစ်ထွန်းကားခဲ့သော နိုင်ငံမှာ ၁၈၆၁ ခုနှစ်တွင် ပြင်သစ်လက်အောက် ကျရောက်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ဂျပန်က မီယက်နမ်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့၍ အင်ဒိုချိုင်းနားကွန်မြူနစ်ပါတီနှင့် မီယက်နမ်အမျိုးသားပါတီတို့ ပူးပေါင်းကာ ဟိုချီမင်း ခေါင်းဆောင်ပြီး မီယက်နမ်လွတ်လပ်ရေးအဖွဲ့ချုပ် ထူထောင်ဖွဲ့စည်း၍ ၁၉၄၁ ခုနှစ်တွင် ဂျပန်ကို တော်လှန်ခဲ့ကြသည်။ ၁၉၄၅ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ဂျပန်တို့က ဘိုဒိုင်းအား ဘုရင်အဖြစ် ခန့်ထားပြီး လွတ်လပ်ရေးကြေညာစေသည်။ သြဂုတ်လ ၁၁ ရက်နေ့တွင် မီယက်မင်းများက ဂျပန်ကို တိုက်ခိုက်တော်လှန်၍ စက်တင်ဘာ ၂ ရက်နေ့တွင် ဟနွိုင်းမြို့၌ ဟိုချီမင်းက လွတ်လပ်ရေးကြေညာခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး ပြင်သစ်တို့ ပြန်ဝင်လာသောအခါ ဘိုဒိုင်းအား ဘုရင်အဖြစ် ဆက်လက်အသုံးချခဲ့သည်။ နာမည်ကျော် ဒိန်ဘင်ဖူး တိုက်ပွဲကြီး၌ မီယက်နမ်မျိုးချစ်များနှင့် ၅၅ ရက်ကြာ တိုက်ပွဲဖြစ်ပွားပြီးနောက် ၁၉၅၄ ခုနှစ်၊ မေ ၈ ရက်နေ့တွင် ပြင်သစ်တို့လက်နက်ချခဲ့ရသည်။

မီယက်နမ်နိုင်ငံမှာ အရှေ့တောင်အာရှတိုက်၊ အင်ဒိုချိုင်းနား ကျွန်းဆွယ်၏ အရှေ့ပိုင်းခြမ်းရှိ၍ ဆန်စပါး အထွက်ကောင်းပြီး တောင်နှင့်မြောက် ရှည်လျားကာ ကျဉ်းမြောင်းသည်။ မြောက်ဘက်ခြမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အနောက်ဘက်ခြမ်း လောနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ၊ အရှေ့ဘက်တွင် တောင်တရုတ်ပင်လယ်တို့ တည်ရှိသည်။ မီယက်နမ်နိုင်ငံ၏အဝိကထွက်ကုန်မှာ ဆန်စပါးဖြစ်၍ မြစ်ဝကျွန်းပေါ်ဒေသနှင့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ တို့သည် ကမ္ဘာတွင် ဆန်စပါးအထွက်ကောင်းသော ဒေသများတွင်ပါဝင်သည်။ သစ်ကြုံပိုး၊ ကြံ၊ လက်ဖက်၊ ပြောင်း၊ ကြက်ပေါင်စေး၊ ဆေးရွက်စသည်တို့ကိုလည်း စိုက်ပျိုးကြသည်။ မြစ်ချောင်းများကမ်းရိုးတန်းများခြင်ငါးဖမ်း လုပ်ငန်းများလုပ်ကိုင်ကြသည်။ စီးကရက်၊ ဆပ်ပြာ၊ ကြက်ပေါင်စေး၊ ဘိလပ်မြေ၊ အထည်အလိပ်၊ ဗျစ်ရည်၊ မီးခြစ်၊ ဖန်ထည်စသော လူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်သည်။


နိုင်ငံရေး – လွန်ခဲ့သော နှစ် နှစ်နီးပါး ကာလအတွင်း မီယက်နမ်နှင့် မြန်မာနိုင်ငံတို့အကြား အပြုသဘောဆောင်သော ချစ်ကြည်ရင်းနှီးမှုနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာလာသဖြင့် မီယက်နမ်နှင့် မြန်မာနိုင်ငံတို့က များစွာနှစ်ထောင်းအားရဖြစ်မိကြောင်း ဟနွိုင်းမြို့တွင် ဧန်နဝါရီလ ၁၀ ရက်နေ့က ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြခဲ့သည်။ နှစ်နိုင်ငံပူးတွဲ ကြေညာချက်ကို ဟနွိုင်းမြို့တွင် ဧန်နဝါရီလ ၁၅ ရက်မှ ၁၈ ရက်နေ့အထိကျင်းပခဲ့သော မြန်မာ– မီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ဒုတိယ အစည်းအဝေးအပြီးတွင် ထုတ်ပြန်ခြင်းဖြစ်သည်။ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့များကို မီယက်နမ် နိုင်ငံခြားရေးဝန်ကြီးမစ္စတာဌယင်မန်ကန်းနှင့် မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဦးအုံးကျော်တို့က ဦးဆောင်ခဲ့ကြသည်။ နှစ်နိုင်ငံ ဝန်ကြီးများက ၁၉၉၅ ခုနှစ် ပထမအကြိမ် ပူးတွဲကော်မရှင်

အစည်းအဝေး ပြီးဆုံးပြီးနောက်ပိုင်း ဗိယက်နမ် – မြန်မာ အဆင့်မြင့် အရာရှိများ အပြန်အလှန်လည်ပတ်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက် များပြားလာသဖြင့် အားရဝမ်းသာဖြစ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ နှစ်နိုင်ငံ ပူးတွဲထုတ်ပြန်သော သတင်းကြေညာချက်အရ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မရှင်၏ နောက်တစ်ကြိမ်ကျင်းပမည့် အစည်းအဝေးကို မြန်မာနိုင်ငံတွင် ကျင်းပမည်ဟုဆိုသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ဝင်ခွင့်နှင့် ပတ်သက်၍ ဗိယက်နမ်နိုင်ငံသည် ဒဗလျူတီအိုနှင့် ဂျီနီဗာတွင် ဇူလိုင်လတွင်ညှိနှိုင်းမည်ဟု မေလ ၃ ရက်နေ့တွင် ဟနွိုင်းမြို့၌ အစိုးရရပ်ကွက်မှ ကြားသိရသည်။ ဒဗလျူတီအိုကို ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီးမှစ၍ ဝင်ခွင့်ရရှိရန် ဗိယက်နမ်က လျှောက်ထားခဲ့သည်။ ဒဗလျူတီအို ဝင်ခွင့်ရရှိရေးအတွက် ကုန်သွယ်ရေးဝါဒအကျဉ်းကို ဗိယက်နမ်က ပေးပို့ပြီးဖြစ်သည်။ ဇူလိုင်လတွင် ကျင်းပမည့် အစည်းအဝေး၌ ဒဗလျူတီအို အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ အခွင့်အရေးနှင့်တာဝန်များ အကောင်အထည်ပေါ်နိုင်သော အရည်အချင်းနှင့် စွမ်းရည်ကို ရှင်းလင်းရန် မေးခွန်း ၂၅၀၀ ကို ဖြေဆိုရမည်ဟု ဆိုသည်။

ယင်းသို့ ရှိနေစဉ် ဗိယက်နမ်ကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ် ဒိုမွိုင်းက မိမိရာထူးမှထွက်ပြီး အနားယူရန် တောင်းဆိုထားကြောင်း ဇူလိုင်လ ၂၀ ရက်နေ့တွင် ပြောကြားခဲ့သည်။ အသက် ၈၀ ရှိနေပြီဖြစ်သော ဒိုမွိုင်းသည် အမျိုးသားညီလာခံတိုးချဲ့ရေးအတွက် ဇူလိုင်လ ၂၀ ရက်နေ့က ဆန္ဒပေးပွဲကျင်းပစဉ် မိမိသည် ပါတီနှင့် ပြည်သူများအတွက် အမှုထမ်းဆောင်ရန် မိမိ၏ ဘဝကို မြှုပ်နှံခဲ့ကြောင်း ယခုအခါ မိမိအနားယူလိုကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။ ဒိုမွိုင်းသည် သမ္မတလီဒတ်အန်(၇၆)နှစ်၊ ဝန်ကြီးချုပ် ဗိုဗန်ကီယက် (၇၄)နှစ်တို့နှင့်အတူ ဗိယက်နမ်နိုင်ငံအား ခေါင်းဆောင်မှု ပေးခဲ့သူတစ်ဦးဖြစ်သည်။

ဤသို့ဖြစ်ပေါ်လျက်ရှိနေရာမှ ဗိယက်နမ် အမျိုးသားလွှတ်တော်က နိုင်ငံတော်အကြီးအကဲ လီဒတ်အန်၏ နေရာတွင် သမ္မတသစ်အဖြစ် ထရန်ဒပ်လွန် (၆၀) နှစ်အားစက်တင်ဘာ ၂၄ ရက်နေ့တွင် မဲဖြင့် အစားထိုးရွေးချယ်ခဲ့သည်။ သမ္မတရာထူးကို ယှဉ်ပြိုင်အရွေးခံရန် ကာကွယ်ရေးဝန်ကြီး ဒုံကွေးက ငြင်းဆိုပြီးနောက် ထရန်ဒပ်လွန်မှာ ကန့်ကွက်သူမရှိ သမ္မတရာထူးတွင် ရွေးကောက်တင်မြှောက်ခံရသည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဗိယက်နမ်ကွန်မြူနစ်ပါတီဗဟိုကော်မတီနိုင်ငံ



ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဖန်ဗန်ခိုင် (မတ်တတ်ရပ်နေသူ) အား ဝန်ကြီးချုပ်ဟောင်း ဗိုဗန်ကီယက် (ထိုင်နေသူ) က လက်ဆွဲနှုတ်ဆက်နေစဉ်

ရေးဦးဆောင်အဖွဲ့ဝင်၊ နွန်ဒပ်မန်အား အမျိုးသားလွှတ်တော် သစ်က စက်တင်ဘာလ ၂၁ ရက်နေ့က ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့သည်။ နွန်ဒပ်မန် (၅၇) နှစ်အား ကိုယ်စားလှယ် ၄၅၀ ရှိသော အမျိုးသားလွှတ်တော်က ထောက်ခံမဲ ၉၈ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့် ရွေးချယ်လိုက်ခြင်းဖြစ်သည်။ ဒုတိယဥက္ကဋ္ဌ ငါးဦးကိုလည်း အမျိုးသားလွှတ်တော်က အတည်ပြုပေးခဲ့သည်။ ဗိယက်နမ် သမ္မတသစ်က ဝန်ကြီးချုပ်ရာထူးအတွက် တစ်ဦးတည်း အရွေးခံရန် တောင်ပိုင်းမှ ပြုပြင်ရေးသမား ဖန်ဗန်ခိုင် (၆၃) နှစ်အား အမည်စာရင်းတင်သွင်း၍ မဲခွဲအတည်ပြုပြီး အသက် ၇၄ နှစ်ရှိ ဝန်ကြီးချုပ် ဗိုဗန်ကီယက်၏ နေရာတွင် ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်ခဲ့သည်။

ဗိယက်နမ်နိုင်ငံသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဖော်ဆောင်ရာတွင် များစွာကြီးမားရှုပ်ထွေးသော စိန်ခေါ်မှုများကို တွေ့ကြုံရင်ဆိုင်နေရကြောင်း ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ်ခြင်းခံရသူ ဖန်ဗန်ခိုင်က ရာထူးလက်ခံသောအခမ်းအနားတွင် စက်တင်ဘာလ ၂၅ ရက်နေ့က မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အပြတ်အသတ် ထောက်ခံမှုရရှိပြီးနောက် အမျိုးသားလွှတ်တော်၌ မိန့်ခွန်းပြောကြားရာတွင် အာဏာရကွန်မြူနစ်ပါတီက ချမှတ်ထားသော မူဝါဒများကို ကိုင်စွဲအကောင်အထည်ဖော်ရန် အရေးကြီးကြောင်း၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် မိမိတို့ရရှိခဲ့သော အောင်မြင်မှုများက မိမိတို့အား ကြီးမားသည့် စွမ်းရည်နှင့် အခွင့်အလမ်းများကို ဖန်တီးပေးထားကြောင်း၊ သို့ရာတွင် တိုးတက်ကြီးပွားမှုသည် အလွယ်အကူ ဖြစ်ပေါ်လာမည် မဟုတ်ဘဲ ကျော်လွှားအောင်မြင်ရန် လိုအပ်သည့် အခက်အခဲကြီး များနှင့် စိန်ခေါ်မှုလည်း ရှိသေးကြောင်း ကိုင်တွယ် ဖြေရှင်းရန် လိုအပ်သော ဘဝလိုအပ်ချက်များမှာလည်း များပြား၍ ခက်ခဲနက်နဲလှကြောင်း၊ ဆယ်နှစ်ကြာညောင်းခဲ့ပြီဖြစ်သော ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အရှိန်မြင့် ဆောင်ရွက်လိုကြောင်း စသည်ဖြင့် ဝန်ကြီးချုပ်သစ် ခိုင်က ပြောကြားခဲ့သည်။

မစ္စတာ ဖန်ဗန်ခိုင်သည် ဗိယက်နမ်တောင်ပိုင်းသားဖြစ်ပြီး အတတ်ပညာရှင်နှင့် တံခါးဖွင့်စီးပွားရေးမူဝါဒများကို ပြတ်ပြတ်သားသား ထောက်ခံအားပေးသူ ဖြစ်သည်။ ဒုတိယ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ် နိုင်ငံရေးထက် စီးပွားရေးလုပ်ငန်းတာဝန်များကို အဓိကထမ်းဆောင်ခဲ့ရသည်။ အုပ်ချုပ်ရေးစနစ် ပုံစံပြုပြင်ပြောင်းလဲခြင်းကဲ့သို့သော စီမံခန့်ခွဲရေး လုပ်ငန်းများကို တာဝန်ယူရသည်။ ဗိယက်နမ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာ၌ လွတ်လပ်သော မူဝါဒများ ချမှတ်ဆောင်ရွက်ခြင်းကို ထောက်ခံအားပေးသူလည်း ဖြစ်သည်။ ဖန်ဗန်ခိုင် ဝန်ကြီးချုပ်ဖြစ်လာခြင်းမှာ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းဖြစ်သည်။ ဖန်ဗန်ခိုင်သည် အသက် ၆၃ နှစ်ရှိပြီဖြစ်သော်လည်း အသက်အရွယ်ကြီးရင့်သူအများစုပါဝင်သော ဗိယက်နမ်ခေါင်းဆောင်ပိုင်းတွင် အထိုက်အလျောက် ငယ်ရွယ်နုပျိုသော ပထမမျိုးဆက်သစ်ခေါင်းဆောင်တစ်ဦး ဖြစ်ဖွယ်ရှိသည်။ ဒုတိယဝန် ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် ငွေဖောင်းပွမှု ထိန်းချုပ်ရေး၊ ဘတ်ဂျက်လိုငွေပြမှု ရှင်းလင်းခြင်းနှင့် ဘဏ်လုပ်ငန်းစနစ်ဖော်ဆောင်ခြင်းကဲ့သို့သော ခက်ခဲသည့် စီးပွားရေးပြဿနာများကို ရဲဖန်ရဲခါ တာဝန်ယူကိုင်တွယ် ခဲ့ရသူ ဖြစ်သည်။

အခြားတစ်ဖက်တွင် ဗိယက်နမ်နိုင်ငံ၏ မျိုးဆက်သစ်သမ္မတဖြစ်လာသော မစ္စတာ ထရန်ဒပ်လွန်သည် ဗိယက်နမ်အစိုးရအဖွဲ့တွင် စီးပွားရေးကိစ္စရပ်များအတွက် တာဝန်အပ်နှင်းခြင်း မခံရမီက သိပ္ပံပညာနယ်ပယ်တွင်သာ ကျင်လည်ခဲ့သူဖြစ်သည်။ ဗိယက်နမ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး ဒိုမွိုင်းနှင့် ရင်းနှီးသူဖြစ်ပြီး အဂတိတရား ကင်းရှင်းသူ ဖြစ်ကြောင်း နာမည်ကောင်းရထားသည်။ ၁၉၃၇ ခုနှစ်တွင် ဗိယက်နမ်နိုင်ငံ အလယ်ပိုင်းကွမ်ဝိုင်ပြည်နယ်တွင် မွေးဖွားပြီး ဟနွိုင်းမြို့ရှိ သတ္တုတူးဖော်ရေးနှင့်ဘူမိဗေဒတက္ကသိုလ်မှ အင်ဂျင်နီယာဒီပလိုမာဘွဲ့ရရှိသူဖြစ်ပြီး ယခင် ဆိုဗီယက် ပြည်ထောင်စုတွင် သွားရောက်ပညာသင်ကြားခဲ့သူ ဖြစ်သည်။ အထွေထွေ ဘူမိဗေဒလုပ်ငန်း ဌာနတွင် လုပ်ကိုင်ခဲ့ပြီး ၁၉၇၉ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ယင်းဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ သည်။ ၁၉၈၇

ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ဝန်ကြီးများ ကောင်စီ၏ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်အပ်နှင်းခြင်းခံရပြီး စက်မှုကဏ္ဍ၊ ပြည်ပစီးပွားရေးဆက်ဆံမှုကဏ္ဍ၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် စာပို့တိုက်လုပ်ငန်းတို့ကို ကြီးကြပ်တာဝန်ယူခဲ့သည်။

စီးပွားရေး – မီယက်နမ်နိုင်ငံ၏ ကုန်သွယ်ရေး လိုင်ငြေပြမှုသည် ယခင်နှစ် ၁၉၉၅ ခုနှစ်က ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံရှိခဲ့ရာမှ သွင်းကုန်တိုးတက်ခြင်းကြောင့် ၁၉၉၆ ခုနှစ်တွင် ဒေါ်လာ ၄ ဘီလီယံအထိစံချိန်တင် မြင့်တက်ခဲ့ကြောင်း၊ ထွက်ကုန်တန်ဖိုးမှာ ၁၉၉၅ ခုနှစ်ကထက် ၃၀ ရာခိုင်နှုန်း မြင့်တက်၍ ဒေါ်လာ ၇ ဒသမ ၁ ဘီလီယံ ရှိခဲ့ပြီး သွင်းကုန်တန်ဖိုးမှာ ဒေါ်လာ ၁၁ ဒသမ ၁ ဘီလီယံ ရှိသဖြင့် ၃၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း အစိုးရ ဗဟိုစာရင်းရုံးက ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကြေညာခဲ့သည်။

မီယက်နမ်နိုင်ငံ၏ စီးပွားရေးစီမံကိန်း ၃၁၂ ခုတွင် အာဆီယံနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းသည် ယခုနှစ်မေလကုန်တွင် အမေရိကန်ဒေါ်လာ ၅၈ဘီလီယံဖိုးခန့်ရှိခဲ့ကြောင်း၊ မီယက်နမ်ဘဏ်လုပ်ငန်းအစီရင်ခံစာတွင် ဖော်ပြထား၊ သည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းသည် စင်ကာပူနိုင်ငံမှဖြစ်ပြီး စီမံကိန်း ၁၅၆ ခုတွင် အမေရိကန်ဒေါ်လာခြောက်ဘီလီယံ ရင်းနှီးမြှုပ်နှံထား၊ သည်။ စင်ကာပူပြီးလျှင် မလေးရှားနှင့် ထိုင်းနိုင်ငံတို့က ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံထားကြောင်း အဆိုပါ အစီရင်ခံစာ၌ ဖော်ပြထား၊ သည်။ မီယက်နမ်တွင် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့က ရေနံတူးဖော် ထုတ်လုပ်ခြင်းကို အလေးအနက်ထား လုပ်ကိုင်လျက်ရှိပြီး ထိုင်းနိုင်ငံက မြေအောက်သတ္တုတူးဖော်ခြင်းနှင့် ကုန်ချော ထုတ်လုပ်ခြင်းကို လုပ်ကိုင်လျက်ရှိသည်။ မီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှအသင်း (အာဆီယံ) တွင် ၁၉၉၅ ခုနှစ်မှ အဖွဲ့ဝင် ဖြစ်လာခဲ့သည်။

မီယက်နမ်နိုင်ငံ၏ ယခုနှစ် နိုင်ငံခြားကုန်သွယ်မှုသည် ဇွန်လကုန်တွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၃၃ ဘီလီယံဖိုးရှိကြောင်း နိုင်ငံခြားပို့ကုန်များမှာ ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံဖိုး ရှိကြောင်း၊ ယခင်နှစ် အလားတူ ကာလကထက် ၃၀ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခြင်း ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းများတွင် ဇွန်လ ၂၅ ရက်နေ့က ဖော်ပြသည်။ သွင်းကုန်များမှာ ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံဖိုးရှိကြောင်း၊ စားသုံးကုန်တင်သွင်းမှုမှာ ဒေါ်လာသန်းပေါင်း ၅၈၀ ဖိုးရှိကြောင်း၊ ၁၉၉၆ ခုနှစ် အလားတူ ကာလကထက် ၁၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းသွား၊



ဆေးပို့မှု ဆင်းရဲသားရပ်ကွက် တစ်ခုမြင်ကွင်း

ကြောင်း၊ နိုင်ငံခြား ရန်ပုံငွေဖြင့် လည်ပတ်နေသော လုပ်ငန်း ဌာနများက သွင်းကုန်ပမာဏမှာ ၁၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ဤ ကာလအတွင်း သွင်းကုန်ပို့ငွေမှာ ဒေါ်လာ ၁ ဒသမ ၄၃၃ ဘီလီယံ ရှိ၍ ယခင်နှစ် အလားတူကာလက ဒေါ်လာ ၁ ဒသမ ၇၇ ဘီလီယံရှိခဲ့သည်။ ဗိယက်နမ်နိုင်ငံ၏ ဒုတိယ နှစ်ဝက် နိုင်ငံခြား ကုန်သွယ်မှုသည် ဒေါ်လာ ၁၂ ဒသမ ၇၆၇ ဘီလီယံရှိမည်။ ထုတ်ကုန်မှာ ဒေါ်လာ ၅ ဒသမ ၁ ဘီလီယံရှိမည်။ သွင်းကုန်ဒေါ်လာ ၇ ဒသမ ၆၆၇ ဘီလီယံ ရှိမည်ဟု အဆိုပါ သတင်းတွင် ဖော်ပြထား သည်။

နိုင်ငံခြား ကုန်သွယ်မှု ပမာဏမှာ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၇ ဘီလီယံအထိ ရောက်ရှိ ဖွယ်ရာ ရှိကြောင်း သို့မဟုတ် လွန်ခဲ့သော နှစ်ကထက် ၁၈ ရာခိုင်နှုန်း မြင့်တက်လာဖွယ်ရှိကြောင်း ဗိယက်နမ် ကုန်သွယ်ရေးဌာနက ဩဂုတ်လ ၁၀ ရက်နေ့တွင် ထုတ်ဖော် ပြောကြား သည်။ ပို့ကုန်မျာ်းမှာ ဒေါ်လာ ၉ ဒသမ ၂ ဘီလီယံ ဖို့အထိရှိမည်ဖြစ်ရာ ယခင်နှစ်ကထက် ၂၈ ရာခိုင်နှုန်း နှုန်းပါး မြင့်တက်လာမည်ဖြစ်ကြောင်း၊ သွင်းကုန်များမှာ ဒေါ်လာ ၁၂ ဒသမ ၅ ဘီလီယံဖို့ ရှိမည်ဖြစ်ရာ ၁၄ ရာခိုင်နှုန်း တိုးတက်လာဖွယ်ရှိကြောင်း ဝန်ကြီးဌာနကပြောကြား သည်။ ယင်းသို့ တိုးတက်မှုကြောင့် ဗိယက်နမ်၏ ကုန်သွယ်ရေး လိုငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံ လျော့သွား မည်။ သို့မဟုတ် ၁၉၉၆ ခုနှစ်ကထက် ၂၀ ရာခိုင်နှုန်း လျော့ သွားမည်ဖြစ်သည်။ ဗိယက်နမ်အစိုးရသည် ဆန်၊ ရေနံစိမ်း၊ ဖိနပ်၊ အထည် အလိပ်နှင့် အပတ်အထည်၊ ရေထွက်ပစ္စည်း တင်ပို့မှု မြင့်တက်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး သံမဏိ၊ ဘိလပ်မြေ၊ သကြား နှင့်စက္ကူတင်သွင်းမှုကို ထိန်းချုပ်ကွပ် ကဲသွားမည် ဖြစ်သည်။ ယခုနှစ် ပထမ ခုနစ်လအတွင်း ပို့ကုန်မှရသော ဝင်ငွေစုစုပေါင်းသည် ဒေါ်လာ ၄၈၆၃ သန်း သို့မဟုတ် နှစ်စဉ် ၂၅ ရာခိုင်နှုန်းမြင့်တက်လာသည်။

ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၁၉၉၇)။ ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် နေ့နယ်လရောင် ထွန်းတောက်ဝေဖြာလျက် ရှိနေပေသည်။

၁၉၉၇ ခုနှစ်အတွင်း သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်းရပ်များတွင် သာသနာ့ရေးရာ၊ ဝိနိစ္ဆယ ရေးရာ၊ ပညာရေးရာ ဆောင်ရွက်ချက်များကို ဗုဒ္ဓဘာသာ ဝင် သူတော်စင်များ ကြည်ညိုသဒ္ဓါပွား စေအံ့သောငှာ အကျဉ်းချုပ် ဖော်ပြပါသည်။

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖြင့် ဆောင်ရွက်ခြင်း

၁၉၈၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက အတည်ပြု ပြဋ္ဌာန်းခဲ့သော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် အညီ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်း၍ သာသနာ တော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော ရည်ရွယ်ချက် သုံးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပေ သည်။

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အောက်တွင် ရဟန်း တော်ပေါင်း ၁၆၇၅၆၂ ပါး၊ သာမဏေပေါင်း ၂၃၉၃၄၁ ပါးနှင့် သာသနာ့နယ်ဝင် သီလရှင်ပေါင်း ၂၄၀၄၃ ပါးတို့ သိတင်းသုံးနေထိုင်လျက် ရှိသည်။


နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်း အဝေး

စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးကို ၁၉၉၇ ခုနှစ်၊ မတ်လ ၁၉ ရက်မှ ၂၁ ရက်နေ့အထိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သြဝါဒစရိယ ဆရာတော်ကြီး များ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင် ဆရာတော် ၂၈၀ ပါး တို့ တက်ရောက်တော်မူကြသည်။

စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးက ရွေးချယ်တင်မြှောက်ခြင်း (၁) ရပ်၊ မှတ်တမ်းတင်ခြင်း (၉) ရပ်၊ အတည်ပြုခြင်း (၃) ရပ်နှင့် ဆုံးဖြတ်ချက် (၂) ရပ်တို့ကို ချမှတ်ဆောင်ရွက်တော် မူခဲ့ သည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ – ပါးစုံညီ အစည်း အဝေးများ

စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီအစည်းအဝေးများကို လေးလလျှင်တစ်ကြိမ် ပုံမှန်အား ဖြင့် ကျင်းပရာ ၁၉၉၇ ခုနှစ်၊ အတွင်းတွင် အစည်းအဝေးသုံးကြိမ် ကျင်းပခဲ့သည်။ စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇– ပါးစုံညီ သတ္တမ



နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးတတိယနေ့၌ သဘာပတိဆရာတော် လက်မှတ်ရေးထိုးတော်မူစဉ်

အစည်းအဝေးကို ၁၉၉၇ ခုနှစ်၊ မတ်လ (၁၅)ရက်မှ (၁၆) ရက်အထိ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ကျင်းပပြုလုပ်ရာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာများကို ဆွေးနွေး ညှိနှိုင်းတော်မူကြပြီး အတည်ပြုချက် (၁)ရပ်၊ မှတ်တမ်းတင်ခြင်း (၁)ရပ်နှင့် ဆုံးဖြတ်ချက် (၄၄) ရပ်တို့ကို ချမှတ်ဆောင်ရွက်တော်မူသည်။

စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌမအစည်းအဝေးကို ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၁၁)ရက်မှ (၁၂)ရက်အထိ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ကျင်းပခဲ့ရာ အတည်ပြုချက် (၁) ရပ်၊ ဆုံးဖြတ်ချက် (၃၇) ရပ် တို့ကို ချမှတ်ဆောင်ရွက်တော်မူခဲ့သည်။

စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ နဝမအစည်းအဝေးကို ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်မှ (၂၁)ရက်အထိ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ကျင်းပခဲ့ရာ အတည်ပြုချက် (၁) ရပ်၊ ဆုံးဖြတ်ချက် (၄၁) ရပ်တို့ကို ချမှတ်ဆောင်ရွက်တော်မူခဲ့သည်။

ထေရဝါဒ ဗုဒ္ဓသာသနာသိလရှင် အမှူဆောင်အဖွဲ့များ ဖွဲ့စည်းခြင်း

ပထမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ၁၉၈၁ ခုနှစ်တွင် ဗုဒ္ဓဘာသာသိလရှင် အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို ရေးဆွဲ၍လည်းကောင်း၊ ၁၉၈၂ ခုနှစ်တွင် ညွှန်ကြားလွှာအမှတ် (၄၂) ကို ထုတ်ပြန်၍ လည်းကောင်း မြို့နယ်နှင့် ပြည်နယ်/တိုင်း ဗုဒ္ဓဘာသာ သိလရှင်အဖွဲ့ အစည်းများကို ဖွဲ့စည်းခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် သာသနာနယ်ဝင်သိလရှင် ဆရာကြီးများနှင့် ခန်းနေသိလရှင်များ လိုက်နာရန် စည်းမျဉ်းစည်းကမ်းများ ပါဝင်သည့် ညွှန်ကြားလွှာ အမှတ် (၈၄) ကို ထုတ်ပြန်ခဲ့သည်။

ထို့နောက် စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့သည် ထေရဝါဒ ဗုဒ္ဓသာသနာ သိလရှင် အဖွဲ့အစည်း အခြေခံစည်းမျဉ်း (ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်) နှင့် ထေရဝါဒ ဗုဒ္ဓဘာသာသိလရှင် အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများကို ရေးဆွဲ၍ ၁၉၉၆ ခုနှစ်တွင် ပြဋ္ဌာန်း အတည်ပြုခဲ့သည်။

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဗုဒ္ဓဘာသာသိလရှင်ဦးရေသည် တိုးတက်များပြားလာသည့်အလျောက်၊ သိလရှင်အာဇာလုံးတို့သည်လည်း သိလရှင်အဖွဲ့အစည်း အဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာသိလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ၊ ကျင့်ဝတ်များ၊ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များကို လိုက်နာ ကျင့်သုံးကြရပေသည်။ သိလရှင် အဖွဲ့အစည်း အဆင့်ဆင့်ကိုလည်း စနစ်တကျ ပြန်လည် ဖွဲ့စည်းရန် လိုအပ်လာသည်။

သို့ဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၁၃၅၈ ခုနှစ်၊ နတ်တော်လဆန်း (၁)ရက် (၁၁-၁၂-၉၆) နေ့မှစ၍

တစ်နိုင်ငံလုံး၌ ထေရဝါဒ ဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်းများကို စနစ်တကျ ပြန်လည်ဖွဲ့စည်းခဲ့ရာ မြို့နယ်သီလရှင်အမှုဆောင်အဖွဲ့ပေါင်း (၁၅၇) ဖွဲ့၊ ပြည်နယ်/တိုင်း သီလရှင်အမှုဆောင် အဖွဲ့ပေါင်း (၁၂) ဖွဲ့တို့ကို ဖွဲ့စည်းပြီးနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ၁၉၉၇ ခုနှစ်တွင် ပြန်တမ်းများ ထုတ်ပြန်၍ အကည်ပြုခဲ့သည်။

ဝိနိစ္ဆယဆိုင်ရာလုပ်ငန်းများ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက်၊ ဝိနိစ္ဆယလက်စွဲစသည်တို့နှင့်အညီ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များပါဝင်သော နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့များကိုဖွဲ့စည်း၍ အယူခံ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို စစ်ဆေးဆုံးဖြတ်စေခဲ့ရာ ၁၉၉၇ ခုနှစ်အတွင်း နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ (၉) ဖွဲ့တို့က ဝိနိစ္ဆယမှုခင်းပေါင်း (၃၀)ကို စစ်ဆေး ဆုံးဖြတ်ခဲ့သည်။

ဗုဒ္ဓဘာသာ စာမူများကို စိစစ်ခြင်း

ဗုဒ္ဓဘာသာဆိုင်ရာစာမူပေါင်း (၃၂၃) မူအနက် စာမူ (၁၇၁)မူကို ထုတ်ဝေခွင့်ပြုခဲ့၍ စာမူ (၁၀) မူကို ထုတ်ဝေခွင့်မပြုဘဲ၊ စာမူ (၂၈) မူကို ဖြုတ်ပယ်ပြင်ဆင်စေ၍ ထုတ်ဝေခွင့်ပြုခဲ့သည်။ စာမူ (၁၉) မူကို ပြင်ဆင်စေ၍ လည်းကောင်း၊ စာမူ (၉၃) မူကို ဖြုတ်ပယ်စေ၍လည်းကောင်း ခွင့်ပြုခဲ့သည်။ စာမူ (၂) မူကို ပြန်လည်ဖြည့်စွက် ပြင်ဆင်ရေးသား တင်ပြစေခဲ့သည်။

ပရိယတ္တိစာမေးပွဲများကျင်းပခြင်း

၁၉၉၇ ခုနှစ်၊ (၄၉) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မဟာစည် သာသနာ့ရိပ်သာ၌ (၇-၁-၉၇) မှ (၈-၂-၉၇) အထိ ကျင်းပခဲ့ရာ အာဂုံပြန်(၆၂) ပါး၊ ရေးဖြေ (၈၁) ပါး စုစုပေါင်း (၁၄၃)ပါး ဝင်ရောက်ဖြေဆိုခဲ့သည်။ ယင်းတို့အနက် အာဂုံပြန် (၃၁) ပါး၊ ရေးဖြေ (၁၄) ပါး၊ စုစုပေါင်း (၄၅) ပါး အောင်မြင်ခဲ့သည်။

ထို့စာအောင်သံဃာတော်များအား ချီးကျူးပူဇော်သည့် (၄၉) ကြိမ်မြောက် တိပိဋကဓရ ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ၁၉၉၇ ခုနှစ်၊ မေလ (၃၁) ရက်နေ့တွင် မဟာပါသဏလိုဏ်ဂူတော်ကြီး၌ ခမ်းနားစွာ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနား၌ နိုင်ငံတော်ဥပမ်ဝပ်ပိပြား၍ တည်ဆောက်ရေးအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး အမှူးပြုသော နိုင်ငံတော်အကြီးအကဲများက ဘွဲ့တံဆိပ်တော် အဆောင်အယောင်များ ဆက်ကပ်ခဲ့သည်။

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သတ်မှတ်ထားသည့် စာဖြေဌာန (၁၂၂) ဌာနတို့၌ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်မှ (၂၉) ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့ရာ အဘိဓမ္မာရိုးရိုးတွင် (၇၀၃၉) ဦး၊ အဘိဓမ္မာ ဂုဏ်ထူးတွင် (၁၀၁၅) ဦး၊ ဝိသုဒ္ဓိမဂ်တွင် (၄၄၀) ဦးတို့ ဝင်ရောက်ဖြေဆိုကြသည့်အနက် အဘိဓမ္မာ (ရိုးရိုး) အောင်သူ (၄၃၄၅) ဦး၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်) အောင်သူ (၇၉၂) ဦး၊ ဝိသုဒ္ဓိမဂ် အောင်သူ(၃၁၇) ဦး စုစုပေါင်း အောင်မြင်သူ (၅၄၅၄) ဦး ရှိသည်။

၁၉၉၇ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် များဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကျင်းပခြင်း

သုံးလောကထွတ်ထား သမ္မာသမ္ဗုဒ္ဓဘုရား၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွား ထွန်းကား ရေးကို အစဉ်အလေးထား ဆောင်ရွက်တော်မူကြသော သာသနာ့ အာဇာနည်ဆရာတော် သံဃာတော် အရှင်သူမြတ် များ၊ ပရိယတ် ပဋိပတ်တာဝန်ကို စွမ်းနိုင်သမျှ ကြိုးပမ်းထမ်း ဆောင်နေကြသော ဆရာတော်၊ သံဃာတော်များနှင့် သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများ၊ ယင်းသာသနာ့ ဝန်ထမ်းများကို ဒါနစေတနာထက်သန်စွာဖြင့် အစဉ်လှူဒါန်း ထောက်ပံ့နေကြသော ဒါယကာ၊ ဒါယိကာမများအား နိုင်ငံတော်က နှစ်စဉ်ပင် ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းပူဇော်လျက် ရှိသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်အပ်နှင်းခြင်း ခံရသည့် ဆရာတော် သံဃာတော်၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ၁၃၅၈ ခုနှစ်၊ တပေါင်းလပြည့်နေ့ ၁၉၉၇ ခုနှစ်၊ မတ်လ ၂၃ ရက်၊ တနင်္လာနေ့တွင် ကမ္ဘာအေးကုန်းမြေမဟာပါသဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်း ပူဇော်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာ

နာယကအဖွဲ့ အကျိုးတော်ဆောင်၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့၊ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် ဘုရားကြီး ဘဒ္ဒန္တကုမာရ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်း ခံရသည့် ပြည်တွင်းပြည်ပ ဆရာတော်ကြီးများနှင့် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်နှင့် လူပုဂ္ဂိုလ်များ ကြွရောက်တော်မူကြပြီး၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး အမှူးရှိသည့် နိုင်ငံတော် အကြီးအကဲများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနား

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ၁၃၅၈ ခုနှစ်၊ တပေါင်းလပြည့် (၂၃-၃-၉၇) နေ့တွင် မဟာပါသာဏလိဏ်ဂူတော်ကြီး၌ ကျင်းပခဲ့ပြီး အခမ်းအနားအပြီးတွင် ပြည်သူအများ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ကမ္ဘာအေးကုန်းမြေ လိဏ်ဂူတော်ကြီး ဝန်းကျင်တွင် ကျင်းပရာ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တအာနန္ဒမေတ္တေယျ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်ကြသည့် ဘဒ္ဒန္တ ဝိမလာဘိဝံသ၊ ဘဒ္ဒန္တ ကုမာရ၊ ဘဒ္ဒန္တ ဥတ္တမအမှူးရှိသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းပူဇော်ခြင်းခံရသည့် ဆရာတော်သံဃာတော်များက အလှူခံယူတော် မူကြသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် ရန်ကုန်တိုင်းအတွင်းရှိမြို့နယ်များနှင့် အသင်းအဖွဲ့များ၊ ဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာ မဏ္ဍပ်များ၊ စေတနာရှင် ပြည်သူများ၏ မဏ္ဍပ်များ၊ စုစုပေါင်း မဏ္ဍပ် (၄၁၃) ခုတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ယင်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် စေတနာရှင် ပြည်သူများက ငွေကျပ် (၂၃၅၂၂၃၈၉၃) တန်ဖိုးရှိသော သင်္ကန်း၊ ထီး၊ ဖိနပ် အစရှိသည့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဘွဲ့ခံဆရာတော်ကြီး (၁၁၁) ပါး၊ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးကြီးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီး (၃၉၇) ပါးနှင့် ဘွဲ့ခံသီလရှင်ဆရာကြီး (၄) ပါး၊ စုစုပေါင်း (၅၁၂) ပါးတို့အား လှူဒါန်းပူဇော်ခဲ့သည်။

ဒုတိယအကြိမ် ပင့်ဆောင်ပူဇော်သော ဗုဒ္ဓမြတ်စွယ်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ပင့်ဆောင်

နှစ်နှစ်နိုင်ငံ ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်သည် ဖ-၁၂-၉၆ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ဒုတိယအကြိမ် ဒေသစာရီ ကြွချီတော်မူခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ရန်ကုန်လေဆိပ်မှ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏ လိဏ်ဂူတော်ကြီးသို့ အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်ခဲ့သည်။ ဗုဒ္ဓမြတ်စွယ်တော်သည် ဖ-၁၂-၉၆ ရက်နေ့မှစ၍ မဟာပါသာဏ လိဏ်ဂူတော်ကြီးတွင် လည်းကောင်း၊ ၉-၁-၉၇ ရက်နေ့မှစ၍ မန္တလေးမြို့၊ မဟာအတုလဝေယ် ကျောင်းတော်ကြီးတွင် လည်းကောင်း၊ ၁-၂-၉၇ ရက်နေ့မှစ၍ စွယ်တော်မြတ် စေတီ (ရန်ကုန်) တွင် လည်းကောင်း အပူဇော်ခံခဲ့သည်။

ဗုဒ္ဓမြတ်စွယ်တော် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ပြန်လည်မကြွချီမီ ၅-၃-၉၇ ရက်နေ့နံနက်တွင် ဗုဒ္ဓဝါဘိသေကအနေကဇာတင် အခမ်းအနားကို ဓမ္မပါလကုန်းမြေ၊ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ဂန္ဓကုဋိတိုက်အတွင်းတွင် ကျင်းပသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် ရက်ပေါင်း (၉၀) ကြာ အပူဇော်ခံယူပြီး၊ ၅-၇-၉၇ နေ့မွန်းလွဲ (၁၄:၃၀) နာရီအချိန်တွင် မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ကြွချီတော်မူသည်။

ဒေါ်ခင်နွဲ့ဟန်ကြည်

ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံ။ ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာဝါဇက်သည် ၁၉၉၆ ခုနှစ်၊ ဇွန်လအတွင်း::က ခန့်အပ်ခဲ့သော သူမအစိုးရအဖွဲ့အတွင်းပြောင်းလဲဖွဲ့စည်းမှုကို ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်နေ့

တွင် ကြေညာခဲ့သည်။ ရှိတ်ဟာဆီနာသည် ၁၉၉၆ ခုနှစ်၊ မတ်လတွင် ဝန်ကြီးချုပ် ခါလီဒါဇီယာ၏ အစိုးရအာဏာကို လာဘ်စားကြောင်း စွပ်စွဲပြီး နုတ်ထွက်ပေးရန် အတင်းအကျပ် တောင်းဆိုခဲ့သည်။ ထို့နောက် အထွေထွေသပိတ်ကို ဦးဆောင်ခဲ့ပြီး ဝန်ကြီးချုပ်ဖြစ်လာခဲ့ခြင်း ဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၇– စာ၊ ၁၆– ရှု။) ပြင်ဆင်ဖွဲ့စည်းလိုက်သည့် အစိုးရအဖွဲ့တွင် လူသစ်အများအပြားပါဝင်ခဲ့သည်။

ဇန်နဝါရီ ၉ ရက်နေ့ကလည်း ဗဟိုတရားရုံးချုပ်က ယခင်သမ္မတဟောင်း ဗိုလ်ချုပ်ကြီး မိုဟာမ္မက်အာရှတ်ကို အာဏာအလွဲသုံးစားလုပ်မှု၊ လာဘ်စားမှု စွဲချက်များဖြင့် ဖမ်းဆီးထားခဲ့ရာ ၄င်းအား အာမခံဖြင့် လွှတ်ပေးရန် ခွင့်ပြုခဲ့သည်။ ဗိုလ်ချုပ်ကြီး အာရှတ်သည် ၁၉၉၀ ပြည့်နှစ်တွင် သမ္မတရာထူးမှ ဖြုတ်ချခံခဲ့ရပြီး အကျဉ်းချထားခြင်း ခံခဲ့ရသည်။ သို့ဖြစ်လင့်ကစား အာရှတ်သည် ထောင်အတွင်း ရှိနေစဉ်မှာပင် သူ၏ပါတီဖြစ်သော ဂျာတီယာဒဲလ်ပါတီကို ဆက်လက်ဦးဆောင်မှု ပေးခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၂– စာ၊ ၂၅၀၊ ၂၅၂– ရှု။)

အာရှတ်အား အကျဉ်းထောင်မှ အာမခံဖြင့် လွှတ်လိုက်ခြင်းက ၄င်းကိုဆန့်ကျင်သူများအား ဒေါသဖြစ်စေခဲ့သည်။ ဤလုပ်ရပ်မှာ အာရှတ်၏ ဂျာတီယာဒဲလ်ပါတီနှင့် အာဏာရပါတီဖြစ်သည့် အဝါမီအဖွဲ့ချုပ်တို့အကြား အပေးအယူလုပ်မှု ဖြစ်သည်ဟုပြောဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် ၁၉၉၆ ခုနှစ်၊ ဇွန်လတွင် ရှိတ်ဟာဆီနာဦးဆောင်သည့် အစိုးရဖွဲ့စည်းသည့် အခါဂျာတီယာဒဲလ်ပါတီ၏ ထောက်ခံမှုရရှိရန်မှာ အဓိက အရေးပါသည့်အချက် ဖြစ်နေသောကြောင့် ဖြစ်သည်။

ဇန်နဝါရီလအတွင်း အခြားဖြစ်ပေါ်တိုးတက်မှု တစ်ခုမှာ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ ဖခင်ဖြစ်သူ သမ္မတ ရှိတ်မူဂျီဘာရာမန် အသတ်ခံခဲ့ရသည့် ၁၉၇၅ ခုနှစ်က အာဏာသိမ်းမှုတွင် ပါဝင်ခဲ့သူများအား တရားစွဲဆိုရေးနှင့် စပ်လျဉ်းပြီး ဗဟိုတရားရုံးချုပ်သည် ဥပဒေဆိုင်ရာ အတားအဆီးကို ဖယ်ရှားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယင်းမှာ အာဏာသိမ်းရာတွင် ပါဝင်သည်ဟု စွပ်စွဲခံထားရသူများအား အကာအကွယ်ပေးထားသည့် ကာလကြာမြင့်စွာ တည်ရှိခဲ့ပြီး ဖြစ်သည့် အပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ဥပဒေကို အဝါမီအဖွဲ့ချုပ်ဦးဆောင်သည့် အစိုးရအဖွဲ့က ဥပဒေနှင့်အညီ ပယ်ဖျက်ခဲ့ခြင်းဖြစ်ကြောင်း ဗဟိုတရားရုံးချုပ်က ဇန်နဝါရီ ၂၈ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ သမ္မတရှိတ်မူဂျီဘာရာမန်၊ သူ၏ဇနီးနှင့်သား သုံးဦးအပါအဝင်လူ ၃၂ ဦးအား သတ်ဖြတ်ရာတွင် တိုက်ရိုက်ပါဝင်မှုဖြင့် လူ ၂၅ ဦးအား စွဲချက်တင်ထားခဲ့သည်။ ယင်းတို့အနက် ၁၀ ဦးကိုသာ ဖမ်းဆီးနိုင်ခဲ့ပြီး ကျန်အခြားသူများမှာ ပြည်ပသို့ထွက်ပြေးသွားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် အိုးအိမ်နှင့် ဆောက်လုပ်ရေးဝန်ကြီးအား ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင်ရာထူးမှ ထုတ်ပစ်ခဲ့သည်။ အကြောင်းမှာ ဒါကာမြို့တော်၊ ဘဟာရှန်တိတ်ဒေသရှိ ဆင်းရဲသားရပ်ကွက်ကို ဖြိုဖျက်ရှင်းလင်းရန် အမိန့်ပေးခဲ့သောကြောင့် ဖြစ်သည်ဟု ဆိုသည်။ ယင်းလုပ်ဆောင်ချက်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူ ၁၅,၀၀၀ ကို ရှိတ်ဟာဆီနာက တောင်းပန်စကားပြောကြားခဲ့သည်။ ထိုသူများအတွက် ပြန်လည်နေရာချထားပေးမည်ဟုလည်း ကတိပေးခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် သဘာဝဘေးဒဏ်ကို မကြာခဏခံရသော နိုင်ငံဖြစ်သည်။ မုန်တိုင်းဒဏ်ကြောင့် နှစ်စဉ်ဆိုသလို လူအသေအပျောက် ရှိနေဆဲပင်ဖြစ်သည်။ မေလအတွင်းကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းကို ဖြတ်သန်းတိုက်ခတ်သွားသော မုန်တိုင်းကြောင့် လူအသေအပျောက်များခဲ့သည်။ မေ ၂၁ ရက်နေ့တွင် ထုတ်ပြန်သောတရားဝင်စာရင်းများအရ မေ ၁၉ ရက်နေ့တွင် တိုက်ခတ်သွားသော မုန်တိုင်းကြောင့် သေဆုံးသူ ၁၁၂ ဦး ရှိကြောင်း သိရသည်။ အပြီးသတ်စာရင်းမှာ ထို့ထက်ပင် များပြားနိုင်ပြီး ယင်းတို့တွင် တံငါသည်အများအပြား ပါဝင်သည်။

ဤသို့ရှိနေခဲ့ရာမှ လစာနှုန်းထားသစ်ကို ထုတ်ပြန်ကြေညာရန် နှောင့်နေးနေမှုနှင့် အစိုးရက ပြဋ္ဌာန်းခဲ့သည့် အလုပ်လုပ်ရက်အပြောင်းအလဲများကို ကန့်ကွက်သည့် အနေဖြင့် အစိုးရဝန်ထမ်း ထောင်ပေါင်းများစွာသည် ဒါကာမြို့၌ ဇွန် ၂ ရက်နေ့တွင် ဆန္ဒပြခဲ့ကြသည်။ ရဲများက လူစုခွဲရန် နံပါတ်တုတ်ကို အသုံးပြုရာ ထိခိုက်ဒဏ်ရာရမှုများ ရှိခဲ့သည်။ မေလနှောင်းပိုင်းတွင် အစိုးရက အလုပ်အားလပ်ရက်ကို သောကြာနေ့နှင့် စနေနေ့သို့ပြောင်းလဲ သတ်မှတ်ပြီး တနင်္ဂနွေနေ့မှ ကြာသပတေးနေ့အထိ အလုပ်လုပ်ရက် အဖြစ် ပြဋ္ဌာန်းခဲ့သည်။ အလုပ်လုပ်ချိန်ကိုလည်း တိုးမြှင့်ခဲ့သည်။ ဆန္ဒပြသူများက ယခင်က ခံစားခဲ့ရသည့် ကြာသပတေးနေ့ နေ့ဝက်အလုပ်ဆင်းခွင့်နှင့် သောကြာနေ့ကို အပြည့်အဝ အားလပ်ရက်အဖြစ်ပေးရန် တောင်းဆိုခဲ့ကြသည်။

နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြားဖြစ်ရပ်တစ်ခုမှာ အတိုက်အခံပါတီဖြစ်သည့် ဂျာတီယာဒဲလ်ပါတီ အကွဲအပြဲ

ပင်ဖြစ်သည်။ ပါတီကိုယ်စား:လှယ် ၅၀၀၀ တက်ရောက်သည့် အစည်:အဝေ:တစ်ရပ်တွင် ဂျာတီယာဒဲလ်ပါတီခေါင်:ဆောင်ဟောင်:ဖြစ်သူ ဘင်္ဂလား:ဒေ့ရှ် သမ္မတဟောင်း ဟူစိန်မိုဟမ္မက်အာရှတ်ကို ပါတီမှ ထုတ်ပယ်ခဲ့ရာမှစပြီး ပါတီအကွဲအပြဲ စတင်ဖြစ်ခဲ့ရသည်။ အာရှတ်ကိုဆန့်ကျင်သူ ပါတီကိုယ်စား:လှယ်များကို ယခင်ဝန်ကြီး:ချုပ်ဟောင်း ကာဇီဇာဖာအာမက်နှင့် ၄င်း:၏လက်ထောက် ရာ:မိုရာဇမ် ဟိုစိန်တို့က ဦး:ဆောင်ကြသည်။ ဂျာတီယာဒဲလ်ပါတီမှ ညပဒေပြု လွှတ်တော်အမတ် ၃၃ ဦး:၏ ထောက်ခံမှုကိုရရှိထား:သည့် အာရှတ်က ၄င်း:အား:ဖြုတ်ချခဲ့သည့် ပါတီအစည်:အဝေ:မှာ တရာ:မဝင်ကြောင်း:နှင့် အစည်:အဝေ:၏ ဆုံး:ဖြတ်ချက်မှာလည်း ဂျာတီယာဒဲလ်ပါတီအပေါ်တွင် တစ်စုံတစ်ရာ အကျိုး:သက်ရောက်မှု ရှိလိမ့်မည်မဟုတ်ကြောင်း ပြောကြား:ခဲ့သည်။

ဇူလိုင် ၃ ရက်နေ့ကလည်း နိုင်ငံအနှံ့ သပိတ်ကြောင့် ဒါကာမြို့တော်နှင့် အခြား:နယ်မြေဒေသများ:တွင် လုပ်ငန်း:များ ရပ်တန့်သွား:ခဲ့ရသည်။ ဆန္ဒပြပွဲမှာ သွင်းကုန်အပေါ် ၂၁သမ၅ ရာခိုင်နှုန်း အခွန်နှုန်း သတ်မှတ်ခဲ့ခြင်း အပါအဝင် အခွန်နှုန်း:သစ်များ ပြဋ္ဌာန်း:ခဲ့ခြင်း:ကို ကန့်ကွက်သည့် အနေဖြင့် အတိုက်အခံပါတီဖြစ်သည့် အင်္ဂလား:ဒေ့ရှ် အမျိုး:သား:ရေး:ဝါဒီ ပါတီက ဦး:ဆောင်ကာ သပိတ်မှောက်ခဲ့ခြင်း:ဖြစ်သည်။

ဆန္ဒပြပွဲတွင် အစိုး:ရအား: ထောက်ခံသူများ:နှင့် ဘင်္ဂလား:ဒေ့ရှ် အမျိုး:သား:ရေး:ဝါဒီ ပါတီဝင်များ:ကြား: အကြမ်း:ဖက်မှုဖြစ်ပွား:ရာ လူ ၅၀ ဦး:ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟုဆိုသည်။ ထို့ပြင်ရဲနှင့် တိုက်ခိုက်မှုများ: ဖြစ်ပွား:ရာ နောက်ထပ် ၁၂၅ ဦး: ဒဏ်ရာရရှိခဲ့သည်။ ဇူလိုင် ၁၅ ရက်နေ့တွင် အစ္စလာမ္မစ် လှုပ်ရှား:တက်ကြွသူများ:က ဒုတိယအကြိမ်သပိတ်ကို ဆင်နွှဲခဲ့ရာ အကြမ်း:ဖက်မှုများ:နောက်ထပ် ဖြစ်ပေါ်ခဲ့သည်။

မရွေး:မနှောင်း:ဆိုသလိုပင် စက်တင်ဘာ ၂၅ ရက်နေ့ အမျိုး:သား: အထွေထွေသပိတ်မှောက်မှု ကာလအတွင်း: အာဏာရအဝါမီအဖွဲ့ချုပ် ပါတီနှင့် အဓိကအတိုက်အခံပါတီဖြစ်သည့် ဘင်္ဂလား:ဒေ့ရှ် အမျိုး:သား:ရေး:ဝါဒီပါတီ ထောက်ခံသူများ:အကြား: အကြမ်း:ဖက်တိုက်ခိုက်မှုများ:ဖြစ်ပွား:ခဲ့ရာ လူ ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ စက်တင်ဘာ ၂၁ ရက်နေ့တွင် ကျင်:ပသော ဘင်္ဂလား:ဒေ့ရှ်အမျိုး:သား:ရေး:ဝါဒီပါတီလူထု စည်:ဝေး:ပွဲများ:ကို ရဲကဖြိုခွင်း:ခဲ့ရာ လူ ၂၅၀ ကျော် ဒဏ်ရာ ရရှိခဲ့ပြီး:နောက် အစိုး:ရ၏ ဖိနှိပ်မှုနှင့် ရဲတို့၏ ရက်စက် ကြမ်း:ကြုတ်မှုကို ကန့်ကွက်သော အား:ဖြင့် ဘင်္ဂလား:ဒေ့ရှ် အမျိုး:သား:ရေး:ဝါဒီပါတီက သပိတ်မှောက်ရန် လှုံ့ဆော်ခဲ့ခြင်း: ဖြစ်သည်။ ဤသို့ ဖြစ်ပေါ်ခဲ့ရသော အကြောင်း:များ:ကြောင့် အဓိက အတိုက်အခံပါတီဖြစ်သည့် ဘင်္ဂလား:ဒေ့ရှ် အမျိုး:သား:ရေး:ဝါဒီပါတီသည်နိုဝင်ဘာ ၂ ရက်နေ့တွင် ဖွင့်လှစ်သည့် ဥပဒေပြုလွှတ်တော် အစည်:အဝေ:ကို မတက်ရောက်ဘဲ နေခဲ့သည်။ ရဲများ:နှင့် ပါတီထောက်ခံသူများ: အကြမ်း:ဖက် တိုက်ခိုက်မှုများ: ဖြစ်ပွား:ခဲ့သည်။ အစိုး:ရအနေဖြင့် အတိုက်အခံများ:အပေါ် ဖိနှိပ်မှုနှင့် လွတ်လပ်စွာပြောဆိုခွင့် မပေး:မချင်း: ဘင်္ဂလား:ဒေ့ရှ် အမျိုး:သား:ရေး:ဝါဒီပါတီမှ ဥပဒေပြု အမတ် ၁၁၆ ဦး:သည် ပါလီမန်သို့ တက်ရောက်လိမ့်မည် မဟုတ်ကြောင်း ဘင်္ဂလား:ဒေ့ရှ် အမျိုး:သား:ရေး:ဝါဒီပါတီက ပြောကြား:ခဲ့သည်။ သို့ဖြစ်ရာ ဘင်္ဂလား:ဒေ့ရှ်နိုင်ငံ၏ အခြေအနေမှာ နိုင်ငံရေး:တည်ငြိမ်မှုမရှိဘဲ အကြမ်း:ဖက်မှုများ:၊ ဆန္ဒပြများ:ဖြင့် တင်း:မာလျက်ရှိနေခဲ့သည်။

ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သူမြတ်များ

။ ။ သုံး:လောကထွတ်ထား: သဗ္ဗညု မြတ်စွာဘုရား:ရှင်၏ သာသနာတော် အနှစ် ၅၀၀၀ မက တည်တံ့ခိုင်မြဲရေး:နှင့် သာသနာတော် သန့်ရှင်း:စင်ကြယ် ပြန့်ပွား:ရေး:တွင် ပရိယတ္တိသည် ပဓာနဖြစ်သည်။ ပရိယတ္တိ သာသနာတော် တည်တံ့နေသမျှ ပဋိပတ္တိနှင့် ပဋိဝေဓ သာသနာတော်နှစ်ရပ်သည်လည်း တည်တံ့နေမည်သာဖြစ်သည်။ ပဓာနကျသည့် ပရိယတ္တိသာသနာတော် တည်တံ့ခိုင်မြဲစည်ပင်ပြန့်ပွား:ရေး:တာဝန်ကို အဓိကဆောင်ရွက်တော် မူကြသူများ:မှာ သံဃာတော် အရှင်သူမြတ်များ:ပင်ဖြစ်ရာ ယင်:သို့ သာသနာတော် သန့်ရှင်း:တည်တံ့ ပြန့်ပွား:ရေး:ကို ဆောင်ရွက်တော်မူလျက်ရှိကြသော သံဃာတော်အရှင်သူမြတ်များ:အား: နိုင်ငံတော်အစိုး:ရသည် သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ:ကို နှစ်စဉ်ဆက်ကပ်လှူဒါန်း:လျက်ရှိသည်။

နိုင်ငံတော်အစိုး:ရက ဘွဲ့တံဆိပ်တော်များ: နှစ်စဉ်ဆက်ကပ် လှူဒါန်း:ခဲ့ရာ ၁၉၉၇ ခုနှစ်၌ ဆရာတော်ကြီး: နှစ်ပါး:သည် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော်၊ ဆရာတော်ကြီး: ၂၂ ပါး:သည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ: အသီး:သီး ဆပ်ကပ်လှူဒါန်း:ခြင်း: ခံတော်မူရသည်။

ထိုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအနက် အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး နှစ်ပါး၏ ထေရုပတ္တိ နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၂ ပါး၏ အမည်စာရင်းကို ဗုဒ္ဓဘာသာဝင်များ ကြည်ညိုသဒ္ဓါပွား နိုင်ကြစေရန် ဖော်ပြပါသည်။

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်း ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ

ဆရာတော်ဘဒ္ဒန္တပဏ္ဍိတာဘိဝံသကို မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ ချောင်းဆုံရွာတွင် ခမည်းတော် ဦးစံဝ၊ မယ်တော် ဒေါ်ရွှေသွယ်တို့က ၁၂၇၅ ခုနှစ် ဦး တန်ခူး လပြည့်ကျော် ၁၁ ရက်နေ့၌ ဖွားမြင်သည်။

၁၂၈၄ ခုနှစ်၌ ချောင်းဆုံရွာကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍၊ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ၁၂၉၅ ခုနှစ် တပို့တွဲ လပြည့်ကျော် ၄ ရက်၌ မြင်းခြံခရိုင်၊ ဇလျမ်းကျေးရွာအုပ်စုသဲတောရွာ ဦးကံသာကျောင်း ခဏ္ဍသိမ်တွင် ကုန်းပုထိုးကျောင်း ဆရာတော် ဦးရေဝတကို ဥပဇ္ဈာယ်ပြု၍ ဦးရွှေဒေါင်း– ဒေါ်မှတ်သာတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်လျောင်းလျာသည် ချောင်းဆုံရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဝါသဝ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက် မဟာဝိနာယက ဖြစ်တော်မူကြသော ဘဒ္ဒန္တပညာ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တသုမ္ဘရ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တ နန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဂဏဝါစက ဘဒ္ဒန္တကုမာရ၊ ဂဏဝါစက ဘဒ္ဒန္တအဂ္ဂဝံသ–အစရှိသော ဂဏဝါစက စာချ ဆရာတော်များ၊ မန္တလေးမြို့၊ ချမ်းသာကြီးတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒမဠိ (အဂ္ဂမဟာပဏ္ဍိတ)၊ ခင်မကန် တိုက်စံ ကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒမာ(အဂ္ဂမဟာပဏ္ဍိတ)၊ မိုးကောင်းတိုက် ညောင်ရမ်းပါဠိတက္ကသိုလ် အဘိဓဇမဟာ ရဋ္ဌဂုရု၊ ဆဋ္ဌသံဂါယနာ မဟာနာယကဆရာတော် ဘဒ္ဒန္တ ရေဝတ၊ တောင်သမန်တိုက် ဆရာတော် ဘဒ္ဒန္တကေသဝ၊ ဒက္ခိဏာရာမ ဘုရားကြီး တိုက် ဆရာတော် ဘဒ္ဒန္တဓမ္မဒဿနာဂရဒ (အဂ္ဂမဟာ ပဏ္ဍိတ) အစရှိသော စာချအကျော် ဆရာတော်များထံ ပခုက္ကူမြို့နယ်၊ မန္တလေးနယ်တို့ကို နယ်ခံသင်ယူ တော်မူခဲ့ပြီး စာမေးပွဲများကို ဝင်ရောက်ဖြေဆိုရာ ၁၃၁၂ ခုနှစ်တွင် ဓမ္မာစရိယတန်းကို ဂုဏ်ထူးကျမ်းများနှင့်တကွ အောင်မြင်၍ “သာသနဓဇသိရီပဝရဓမ္မာစရိယ” ဘွဲ့ကို ရရှိတော်မူသည်။

ဆရာတော်သည် မန္တလေးမြို့၊ ချမ်းသာကြီးတိုက်၊ မိုးကောင်းတိုက်၊ ဇယဝတီကျောင်းတိုက်များတွင်သကျသီဟစသော စာမေးပွဲများအထိ ကျမ်းစာများကို ပို့ချပေးခဲ့သဖြင့် မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတသကျ သီဟအသင်းကြီး၏ “ပရိယတ္တိသာသနဟိတ မူလဓမ္မာစရိယ” ဘွဲ့ဆက်ကပ်ခြင်းကို ခံယူရရှိတော်မူခဲ့သည်။

၁၃၁၁ ခုနှစ်တွင် ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်သို့ ပြောင်းရွှေ့ပြီး စာသင်သား သံဃာတော် ၇၃၈ ပါး တို့အား၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများ ပို့ချပေးတော်မူယင်း ကခ်ီဋ္ဌိကာသစ်၊ နိဿယသစ်ကိုလည်း ပြုစုတော်မူခဲ့သည်။

ဆရာတော်သည် ၁၃၄၂ ခုနှစ်၊ နယုန်လပြည့်ကျော် (၈)ရက်၊ ကြာသပတေးနေ့တွင် မဟာဝိသုတာရာမတိုက်၏ ပဓာနနာယက ဆရာတော် အဖြစ် အုပ်ချုပ်သီတင်းသုံးတော်မူလျက် သီဟိဠ်ရှင်ဘုရားကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း၊ ပခုက္ကူ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏ သမ္မုတိဂဏမဟာဝိနာယက ဆရာတော်အဖြစ် လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက် တော်မူလျက်ရှိသည်။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာသာသနာတော်၏ အကျိုးကို ထက်သန်သောလုံ့လဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော် “ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ” သည် ၁၃၅၈ ခုနှစ် (၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့)တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော “အဘိဓဇမဟာရဋ္ဌဂုရု” ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။



အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တအာနန္ဒမေတ္တေယျဆရာတော်ကြီးအား ဗိုလ်ချုပ်ကြီး မောင်အေးက ဘွဲ့တံဆိပ်တော်ဆက်ကပ်စဉ်

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ သီရိလင်္ကာနိုင်ငံ၊ အမရပူရဂိုဏ်းချုပ်၊ ဝိဇ္ဇောဒယတက္ကသိုလ် ဒုတိယအဓိပတိ ဆရာတော်ဘဒ္ဒန္တ အာနန္ဒမေတ္တေယျ (သက်တော် ၁၀၁–နှစ်၊ သိက္ခာတော် ၈၁ –ဝါ)

ဆရာတော် ဘဒ္ဒန္တ အာနန္ဒမေတ္တေယျကို သီရိလင်္ကာနိုင်ငံ၊ ဘလန်ဂေါဒမြို့၊ ခမည်းတော် အန်– အေ မတ္တိယု (ပ်) အပျုဟာမိ၊ မယ်တော် ဘီ၊ ဟီး (နံ်) မဲနီကေတို့က ၁၈၉၆ ခုနှစ်၊ ဩဂုတ်လ (၂၃) ရက်နေ့တွင်ဖွား၊မြင်သည်။

ဆရာတော်သည် ၁၉၁၁ ခုနှစ်၊ မတ်လ (၂)ရက်နေ့တွင်ဘလန်ဂေါဒမြို့၊ သီရိနန္ဒာရာမယ ဥဒုမ္ပလ္လကျောင်းတွင် ဝမဟနဝမ္မာနန္ဒ မဟာနာယကထေရ် ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် ရှင်သာဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော် မှာ ရှင်အာနန္ဒမေတ္တေယျဖြစ်သည်။

၁၉၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ဘလန်ဂေါဒမြို့၌ ဘဒ္ဒန္တဝမ္မာနန္ဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်တော်မူသည်။

ငယ်စဉ်က ဘလန်ဂေါဒမြို့၊ ကုမာရဝိဇ္ဇာလယကျောင်း၌ အခြေခံပညာများသင်ကြားပြီး သာမဏေဘဝ, ရဟန်းဘဝတို့တွင် သီရိနန္ဒာရာမယ ဥဒုမ္ပလ္လကျောင်းတွင် ဆရာတော် ဝမဟနဝမ္မာနန္ဒမဟာနာယကထေရ်နှင့် အာဘိဒမ္မိက သီလာနန္ဒမဟာနာယကထေရ်တို့ထံ၌ ပိဋကကျမ်းစာများကို သင်ယူသည်။

၁၉၁၉ ခုနှစ်၌ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ အာနန္ဒာကောလိပ်တွင် အင်္ဂလိပ်စာဘာသာရပ်၊ ဘလန်ဂေါဒမြို့၊ ဘလန်ဂေါဒကောလိပ်တွင် အခြားဘာသာရပ်များကိုပေါက်မြောက်အောင် သင်ယူတော်မူခဲ့သည်။ ထို့နောက်အာနန္ဒာကောလိပ်နှင့် နာလန္ဒာကောလိပ်တို့တွင် ဗုဒ္ဓဒေသနာတော် သင်ကြားပို့ချသည့် ဆရာအဖြစ်နှင့်အပ်ခြင်းခံတော်မူရ၍ ၁၉၆၃ ခုနှစ်၌ ဝိဇ္ဇောဒယတက္ကသိုလ်မှ ဒီလစ်ဘွဲ့ကို ရရှိတော်မူသည်။

ဆရာတော်သည် ကျမ်းစာများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုတော်မူခဲ့ရာ ရုပ်ပြဗုဒ္ဓဝင်၊ အာနာပါနကမ္မဋ္ဌာန်း၊ ဗုဒ္ဓလမ်းစဉ်၊ ဗြဟ္မဝိဟာရကမ္မဋ္ဌာန်း၊ ဓမ္မပဒစသည်တို့ဖြစ်သည်။

ထို့ပြင် ဆရာတော်ကြီးသည် အခြားဆောင်းပါးပေါင်းများစွာနှင့် သီဟိုဠ်ဘာသာရေးကျမ်းစာများ၊ နက္ခတ်ပညာနှင့် ဆေးပညာကျမ်းစာများကိုလည်း ရေးသားတော်မူခဲ့သည်။

ဆရာတော်ကြီးသည် ၁၉၅၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ကြွရောက်ပြီး သီရိလင်္ကာနိုင်ငံ၏ သံဃာ့ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ်ဖြင့် ဆဋ္ဌသင်္ဂါယနာပွဲတွင်ပါဝင်၍ သင်္ဂါယနာ တင်တော်မူခဲ့သည်။ ထိုအစည်းအဝေးကြီးတွင် ဆဋ္ဌသင်္ဂါယနာသံဃာ့ဝန်ဆောင်အဖြစ် ခန့်အပ်ခြင်း ခံတော် မူရသည်။ ထိုနှစ်မှာပင် မြန်မာနိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို ဆက်ကပ်တော်မူ ခဲ့သည်။ ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင်လည်း သီရိလင်္ကာနိုင်ငံ၌ ရဟန်းသာမဏေပေါင်း ၇၈၇၉ ပါး ရှိသည့် အမရပူရဂိုဏ်းကြီး၏ ဂိုဏ်းချုပ်အဖြစ် တင်မြှောက်ခံရသဖြင့် ထိုဂိုဏ်းကြီးနှင့်စပ်သော သာသနာရေးကိစ္စများကို ဆောင်ရွက်တော်မူသည်။

ဆရာတော်ကြီးသည် ဓမ္မဒူတခရီးအဖြစ် အိန္ဒိယ၊ အင်္ဂလန်၊ ပြင်သစ်၊ ဆွီဒင်၊ အမေရိကနှင့်ကနေဒါ စသော ကမ္ဘာ့နိုင်ငံအသီးသီးသို့ ကြွရောက်တော်မူပြီး ဗုဒ္ဓဘာသာဆိုင်ရာတရားတော်များကို ဟောပြောပို့ချ၍ သာသနာ ပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့သည်။

ဗုဒ္ဓမြတ်စွာသာသနာတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာနန္ဒမေတ္တေယျသည် ၁၉၉၇ ခုနှစ်၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

၁၉၉၇ ခုနှစ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခုနိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)က အောက်ဖော်ပြပါဆရာတော်အရှင်သူမြတ် ၂၂ ပါးအား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များကို ချီးမြှင့်ဆက်ကပ်အပ်နှင်း ခဲ့သည်–

၁။ စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ အသောကရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အဂ္ဂပဏ္ဍိတ၊

၂။ စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ မဟာဇောတိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိန္ဒ၊

၃။ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးသဒ္ဓမ္မသီတဂူချောင် သဲကုန်း ဆရာတော် ဘဒ္ဒန္တ ဉာဏိသရ၊

၄။ ပဲခူးတိုင်း၊ ကြိုပင်ကောက်မြို့၊ တိုက်ကျောင်း ပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကေလာသ၊

၅။ ပဲခူးတိုင်း၊ မင်းလှမြို့၊ ဝေဠုဝန်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလ၊

၆။ မကွေးတိုင်း၊ စလင်းမြို့၊ မဟာဝိသုတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာဇောတ၊

၇။ မကွေးတိုင်း၊ တောင်တွင်းကြီးမြို့၊ ငှက်ပစ်တောင် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ တိလောကဉာဏ၊

၈။ မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလ၊

၉။ မန္တလေးတိုင်း၊ ချမ်းအေးသာဇံမြို့နယ်၊ မှန်နန်းကျောင်း၊ စကုတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒသာမိ၊

၁၀။ မန္တလေးတိုင်း၊ မြစ်သာ၊ ရွှေသူဌေးရပ်၊ နိကာယပါရဂူတိုက်၊ ဆရာတော် ဘဒ္ဒန္တ ခေမိန္ဒာလင်္ကာရ၊

၁၁။ မန္တလေးတိုင်း၊ မဟာအောင်မြေ မြို့နယ်၊ မြင်းဝန်မင်းကြီးတိုက် ဆရာတော် ဘဒ္ဒန္တ ဣန္ဒကပဏ္ဍိတ၊

၁၂။ မန္တလေးတိုင်း၊ မဟာအောင်မြေ မြို့နယ်၊ ငွေတောင်တိုက်၊ သာသနဟိတသီရွှေလင်းယုန်ကျောင်း ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏာလင်္ကာရ

၁၃။ မွန်ပြည်နယ်၊ သထုံမြို့၊ ဝင်းပတောင်ကြားရွာ၊ ရေတွင်းကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ တိလောက၊

၁၄။ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ သီရိနန္ဒာရုပ်၊ ရွှေကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကေသရ၊

၁၅။ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ ဆပ်သွားအလယ်ရွာ၊

ပရိယတ္တိပါရဂူစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာနန္ဒ၊

၁၆။ ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ ကလဝဲကျေးရွာ၊ ကလဝဲရွာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ခေမာစာရ၊

၁၇။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ရတနာဗိမာန် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ သရန္ဘာဘိဝံသ၊

၁၈။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိနယာစာရာဘိဝံသ၊

၁၉။ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ကျောင်းကုန်းတောရမေဒိနီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သုနန္ဒ၊

၂၀။ ဧရာဝတီတိုင်း၊ ပုသိမ်အနောက်မြို့နယ်၊ ပစ္စိမာရုံ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဇာဂရိယ၊

၂၁။ ဧရာဝတီတိုင်း၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာသာရ၊

၂၂။ သီရိလင်္ကာနိုင်ငံ၊ ရာမညဂိုဏ်းချုပ်၊ ဟမ်ဘန်တောတ၊ ဂုဏာနန္ဒာပိရိဝေဏ ဆရာတော် ဘဒ္ဒန္တ ပညာစာရ ။

အထက်ဖော်ပြပါ ဆရာတော်အရှင်သူမြတ်များအား ရန်ကုန်မြို့၊ သီရိမင်္ဂလာကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ၁၉၉၇ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့၌ အခမ်းအနားဖြင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

(ဦးအုန်းလွင်)

မလေးရှားနိုင်ငံ။ ။ မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မကြာသေးမီက ဖြစ်ပွားခဲ့သော ကတောက်ကဆမှု၏ အခြေခံပြဿနာကို ဖြေရှင်းခဲ့ပြီးဖြစ်ရာ ပုံမှန်ဆက်ဆံရေး ပြန်ဖြစ်ရန် အချိန်အနည်းငယ် ယူရမည်ဟု မလေးရှားဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး အန္နဝါအီဗရာဟင် က ဧပြီလ ၆ ရက်နေ့က ပြောကြားသည်။ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှာ တစ်ခါတစ်ရံ ဆက်ဆံရေးမပြေလည်ဖြစ်တတ်ရာ စင်ကာပူဝါရင့်ဝန်ကြီး လီကွမ်ယူ၏ ထုတ်ပြန်ကြေညာချက်ကြောင့် မတ်လထဲတွင် ဆက်ဆံရေး မပြေမလည် ဖြစ်ခဲ့ရသည်။ မလေးရှားနိုင်ငံ၏ ဂျိုဟာဘရုမြို့သည် ရာဇဝတ်မှုထူပြောရာ အန္တရာယ်ဒေသ ဖြစ်သည်ဟု လီကွမ်ယူကပြောခဲ့သဖြင့် သံတမန်ရေးအရ ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့ပြီး ဆက်ဆံရေး တင်းမာခဲ့သည်။ နောက်ပိုင်း၌ လီကွမ်ယူက သူ၏ ထုတ်ဖော်ပြောကြားချက်ကို ပြန်လည်ရုတ်သိမ်းသွားခဲ့ရာ မလေးရှားနိုင်ငံက လက်ခံခဲ့ကြောင်း အန်ဝါက ပြောကြားသည်။



လီကွမ်ယူ၏ပြောဆိုချက်ကိုကန့်ကွက်ဆန္ဒပြနေကြသူများအား မဟာသီယာက နှုတ်ဆက်နေစဉ်

ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်သည် တောင်အာဖရိကနိုင်ငံ၏ အမြင့်ဆုံးဘွဲ့ဖြစ်သော – ဂွတ်ဟုတ်–ဘွဲ့ထူး ကို ပထမဆုံးသော အစိုးရအဖွဲ့ ခေါင်းဆောင်တစ်ဦး အနေဖြင့် မေလ ၇ ရက်နေ့တွင် ရရှိခဲ့သည်။ တောင်အာဖရိကနှင့် မလေးရှားနှစ်နိုင်ငံ ဆက်ဆံမှုတိုးမြှင့်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းအတွက် 'ဂွတ်ဟုတ်' ဘွဲ့ကို တောင်အာဖရိက သမ္မတမင်ဒဲလာက ပေးအပ်ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။ ထိုဘွဲ့ကို နိုင်ငံအကြိုးအကဲများကိုသာ ပေးအပ်လေ့ရှိသော်လည်း ထူးခြားသော အခြေအနေများတွင်မူ အစိုးရခေါင်းဆောင်များအား ပေးအပ်ရန်ရှိကြောင်း တောင်အာဖရိက သမ္မတ၏ လက်ထောက်တစ်ဦးက ပြောကြားသည်။ မလေးရှားနိုင်ငံသည် တောင်အာဖရိက နိုင်ငံ၌ စတုတ္ထ အများဆုံး ရင်းနှီးမြှုပ်နှံသော နိုင်ငံဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများ အသင်း (အာဆီယံ)၏ အဖွဲ့ဝင်အားလုံး အတူတကွ လက်တွဲမဖြုတ်ရေး စိတ်ဓာတ်

ကို ဆက်လက်ပြုစုပျိုးထောင်ပြီး၊ မြေတောင်မြောက်ပေးကြရန် မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က သြဂုတ်လ ၈ ရက်နေ့တွင် ပြောကြားခဲ့သည်။ မိမိတို့၏ တာဝန်ယူ စွန့်စားဆောင်ရွက်မှု အားလုံးတွင် အာဆီယံအတူတကွ လက်တွဲမဖြတ်ရေးစိတ်ဓာတ်က လွှမ်းမိုးခဲ့ပြီး မိမိတို့၏ လမ်းညွှန်မှုဝါဒ ဖြစ်ခဲ့သည်ဟု အာဆီယံနှစ် (၃၀) ပြည့် အထိမ်းအမှတ် သဝဏ်လွှာတွင် မဟာသီယာက ဖော်ပြထား၍ မလေးရှား၊ ရေဒီယိုနှင့် ရုပ်သံလွှင့်ဌာနက ထုတ်လွှင့်ပေးခဲ့သည်။ အာဆီယံ၏ ဦးတည်ရည်မှန်းချက်များနှင့် စံနှုန်းများကို အပြည့်အဝ လက်ခံထားပြီးဖြစ်၍ နောင်အခါတွင် ကြီးမားလှသော တိုးတက်မှုများ ဆောင်ကြဉ်းပေးလိမ့်မည်ဟု မိမိတို့ယုံကြည် စိတ်ချလျက်ရှိကြောင်း စသည်ဖြင့် မဟာသီယာက ပြောကြားခဲ့သည်။

ဆင်းရဲသော နိုင်ငံများကို ကူညီရမည့်အစား ဆင်းရဲသော နိုင်ငံများကို အကျပ်ကိုင်ကြောင်း ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က ချမ်းသာသောနိုင်ငံများအား သြဂုတ်လ ၁၃ ရက်နေ့တွင် စွပ်စွဲပြောကြားလိုက်သည်။ မလေးရှားနိုင်ငံသုံး ရင်းကျစ်ငွေကြေးတန်ဖိုး ကျဆင်းနေမှုကို ဝေဖန်ပြောကြားရန် သတင်းထောက်များ၏ မေးခွန်းနှင့် ပတ်သက်၍ မဟာသီယာက ရင်းကျစ်ငွေ ကျဆင်းမှုမှာ ယာယီမျှသာဖြစ်သည်။ မလေးရှားအစိုးရသည် ထိုပြဿနာ နောက်ဆုံးဖြေရှင်းမှုကို အကောင်းဆုံး ဆောင်ရွက်နေသည် စသည်ဖြင့် ပြောကြားသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ငွေကြေး ကမောက်ကမဖြစ်မှုအတွက် တာဝန်ရှိသူ ငွေရှင်ကြေးရှင် ဂျော့ဂျ်ဆိုရော့ခ်၏ ဈေးကစားမှုကို ပြစ်မှုတစ်ရပ်အဖြစ် သဘောထားရန် ငြင်းပယ်သော အမေရိကန်နိုင်ငံကို မလေးရှား ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က သြဂုတ်လ ၂၂ ရက် နေ့တွင် ပြစ်တင်ရှုတ်ချလိုက်သည်။ မလေးရှားနိုင်ငံနှင့် ထိခိုက်သော နိုင်ငံများက ဆိုရော့ခ်၏ လုပ်ရပ်မှာ ပြစ်မှုတစ်ရပ်အဖြစ် သဘောထားခံယူရေးအတွက် လိုအပ်သော အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရမည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့က ယခုအတိုင်းငြိမ်နေလျှင် ဆိုရော့ခ်၏ ငွေကြေးကစားမှုကို အမေရိကန်က ဆက်လက် အသိအမှတ် ပြုနေလိမ့်မည် ။ ဆိုရော့ခ်၏ လုပ်ရပ်သည် တစ်စုံတစ်ရာ ထိခိုက်မှုမရှိသော ချမ်းသာသူကဲ့သို့ မဟုတ်ဘဲ ဓာတ်စာခဲ ဖြစ်ကြရရှာသည့် ဆင်းရဲသား အများအပြားကို ထိခိုက်နစ်နာစေသည် စသည်ဖြင့် မဟာသီယာက ပြောကြားခဲ့သည်။

၂၁ ရာစုနှစ်တွင် စိန်ခေါ်မည့် အရာများနှင့် ဆက်နွယ်နေသော ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက် မဟာဗျူဟာများ ချမှတ်ကာ အဆင်ပြေပြေ ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်ကိုးနိုင်ငံ၏ အမြဲတမ်း ဖိုရမ်ထူထောင်ဖွင့်လှစ်ရန် မလေးရှားနိုင်ငံက အောက်တိုဘာ ၂၀ ရက်နေ့တွင် အဆိုပြုခဲ့သည်။ ကွာလာလမ်ပူမြို့အနီး၊ ဆူဘန်ဂျာယာမြို့တွင် ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံအဆင့်မြင့် အရာရှိနိုင်ငံကြီးများ၏ အစည်းအဝေး ဖိုရမ်ဖွင့်လှစ်ပြီးနောက် မလေးရှားနိုင်ငံ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး အန်နဝါမူဆာက ဆက်လက် ပြောကြားရာတွင် အမြဲတမ်းဖိုရမ်က အဖွဲ့ဝင်နိုင်ငံများအကြား ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုတိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်းသော ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို ဖလှယ်နိုင်မည် စသည်ဖြင့် ပြောကြားခဲ့သည်။

မလေးရှားဝန်ကြီးချုပ်၏ ဂျူးဘာသာဝင်များနှင့် ပတ်သက်သော မှတ်ချက်ချ စကားအတွက် တောင်းပန်ရန် သို့မဟုတ်ပါက ရာထူးမှ နုတ်ထွက်ပေးရန် အမေရိကန်ကွန်ဂရက်က တောင်းဆိုမှုကို ဝန်ကြီးချုပ်မဟာသီယာမိုဟာမက်၏ အစိုးရအဖွဲ့က နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ပြစ်တင်ရှုတ်ချလိုက်ခြင်းဖြင့် အစိုးရအဖွဲဝင်များ သွေးစည်းညီညွတ်မှုရှိကြောင်း ပြသလိုက်သည်။ ယခင်လအတွင်းက အမေရိကန် အောက်လွှတ်တော်၏ ယင်းဆုံးဖြတ်ချက်ကို အစိုးရအဖွဲ့က အပြင်းအထန် ရှုတ်ချကြောင်း၊ ဒုတိယဝန်ကြီးချုပ် အန္နဝါအီဗရာဟင်က ပြောကြားသည်။ အဖျက်သဘော၊ ဝိဝါဒကွဲပြားစေမည့် သဘောဆောင်သော စကားလုံးများအတွက် တောင်းပန်ရမည်။ သို့မဟုတ်ပါက မလေးရှား ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ပေးရန် တောင်းဆိုထားသော ဆုံးဖြတ်ချက်တစ်ရပ်ကို အမေရိကန် အောက်လွှတ်တော် အမတ်သုံးဦးက တင်သွင်းခဲ့သည်။ ယင်းအဆိုဆုံးဖြတ်ချက်ကို ကွန်ဂရက်အမတ် ၃၄ ဦးက လက်မှတ်ရေး

မလေးရှားနိုင်ငံ



သက္ကရာဇ် ၂၀၂၀ တွင် မလေးရှားနိုင်ငံ ဖွံ့ဖြိုးပြီးနိုင်ငံ အဆင့်သို့ ရောက်ရမည်ဟူသည့် မဟာသိမ်ယာ၏ ကြွေးကြော်သံပို့စတာ

ထိုးပြီး အောက်တိုဘာလ ၂၇ ရက်နေ့က မဟာသီယာထဲ ပေးပို့ခဲ့သည်။

မလေးရှားနိုင်ငံရှိ အမေရိကန် နိုင်ငံသားများအား တယ်လီဖုန်းဖြင့် ခြိမ်းခြောက်ထားသဖြင့် လုံခြုံရေးတပ်များ ချထားသည့်ကြားမှပင် ကွာလာလမ်ပူမြို့ရှိ အမေရိကန်သံရုံး ပြင်ပတွင် ပြည်သူ ၁၀၀ ခန့်က နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသည်။ ဝန်ကြီးချုပ် မဟာသီယာအား အမေရိကန်ကွန်ဂရက်က ပြစ်တင်ဝေဖန်မှုကို ကန့်ကွက်သော ဆန္ဒပြသမားများက ကြွေးကြော်သံများ ကြွေးကြော်ပြီး ဒေါက်တာမဟာသီယာမိုဟာမက်ကို မိမိတို့ အပြည့်အဝ ထောက်ခံကြောင်း ပို့စတာများ ကိုင်ဆောင် ဆန္ဒပြကြခြင်း ဖြစ်သည်။

အလုပ်သမားအရေး – မလေးရှားနိုင်ငံတွင် တရားမဝင် လာရောက် နေထိုင်ကြသူများအား အလုံးအရင်းဖြင့် ပြည်နှင်ဒဏ်ပေးသော အရေးယူမှုများကို ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့က စတင်ဆောင်ရွက်ခဲ့သည်။ တရားမဝင် လာရောက် နေထိုင်သော အင်ဒိုနီးရှားနိုင်ငံသား ၁၂၀၅ ဦးနှင့် ထောင်ကျသက်တမ်း လွတ်မြောက်လာသူ အခြား အင်ဒိုနီးရှားနိုင်ငံသား ၂၅၂ ဦးတို့အား မလေးရှား အရာရှိများက အင်ဒိုနီးရှား ရေတပ်သင်္ဘောပေါ်သို့ တင်ပေးခဲ့ကြသည်။ အလုပ်အကိုင်ရှာဖွေရန် မလေးရှား နိုင်ငံအတွင်းသို့ တရားမဝင် လာရောက်နေထိုင်ကြသူ တစ်သန်းခန့်အား အဖမ်းခံရန်နှင့် အလုပ်လုပ်ခွင့်အတွက် စီစဉ်ရန် ငါးလ လွတ်ငြိမ်း ချမ်းသာခွင့် သက်တမ်းမှာ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကုန်ဆုံးခဲ့သည်။ ရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် စစ်ဘက်မှ ပုဂ္ဂိုလ်များ ပါဝင်သော အင်အား ၃၀၀၀ တို့သည် တစ်အိမ်တက် တစ်အိမ်ဆင်း တရားမဝင် လာရောက်နေထိုင်သူများကို ရှာဖွေလျက် နောက်ထပ်အင်ဒိုနီးရှား၊ အိန္ဒိယနှင့် အခြား နိုင်ငံသား ၁၂၀၀၀ တို့ကို ဖမ်းဆီးထိန်းသိမ်းထားသည်။

ထိုင်းနိုင်ငံအတွင်းသို့ နိုင်ငံခြားအလုပ်သမားများ အလုံးအရင်းနှင့် ဝင်ရောက်လာဖွယ်ရှိသဖြင့် မလေးရှား နိုင်ငံက လက်ရှိလုပ်ဆောင်နေသော တရားမဝင်အလုပ်သမားများ နှိမ်နင်းရေး အစီအစဉ်ကို ထိုင်းလုံခြုံရေးနှင့် အ

လုပ်သမား အရာရှိများက အနီးကပ် စောင့်ကြည့်ခဲ့ကြသည်။ မလေးရှားနိုင်ငံ၏ လုပ်ဆောင်ချက်သည် နှစ်နိုင်ငံနယ်စပ်တစ်လျှောက်မှ တရားမဝင် အလုပ်သမားများ၊ ထိုင်းနိုင်ငံအတွင်းသို့ ဖြတ်ကျော် ဝင်ရောက်ဖွယ်ရှိပြီး ထိုင်းနိုင်ငံတွင် လုပ်ဆောင်လျက်ရှိသော တရားမဝင် လုပ်သားများ ရှင်းလင်းရေးအစီအစဉ်များကို ပိုမိုရှုပ်ထွေးစေမည်ဖြစ်သည်။ မလေးရှားနိုင်ငံ၏ ဆောင်ရွက်ချက်များမှာ ယင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်ခွင့်မရှိဘဲ သွားရောက် အလုပ်လုပ်နေကြသော ထိုင်းအလုပ်သမား ၁၂,၂၀၀ ခန့် အား ထိခိုက်စေမည်ဖြစ်သည်ဟု ဆိုသည်။

မလေးရှားနိုင်ငံ အနှံ့အပြားတွင် တရားဝင်အလုပ်လုပ်ကိုင်ခွင့် ပါမစ် မရှိကြသူ နိုင်ငံခြားသားများအား ဖေဖော်ဝါရီလ ၁ ရက်နေ့က စတင်ပြီး ပိုက်စိပ်တိုက် ဖော်ထုတ်ဖမ်းဆီးလျက်ရှိကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ရဲတပ်ဖွဲ့က ပြောကြားသည်။ တရားမဝင် နိုင်ငံခြားအလုပ်သမား တစ်သန်းခန့်အား မိမိတို့ဆန္ဒအလျောက် နိုင်ငံတွင်းမှ ထွက်ခွာကြရန် သို့မဟုတ်ပါက တရားစွဲခြင်းခံရန် နောက်ဆုံးတိုးချဲ့သတ်မှတ်ရက် ဇန်နဝါရီလ ၃၁ ရက် ကုန်ဆုံးပြီးနောက် ယင်းသို့ ဆောင်ရွက်ခြင်း ဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေး ဥပဒေခိုင်မာစေရန် အစိုးရသည် ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ ရွှေ့ဆိုင်းထားခဲ့သည်။ ပိုမိုကြီးလေးသောဒဏ်ငွေ၊ ထောင်ဒဏ်နှင့် ဥပဒေ ချိုးဖောက်သူ အချို့ကို ကြိမ်ဒဏ်ပေးခြင်းများကို ပြင်ဆင်သောဥပဒေ၌ ထည့်သွင်း ပြဋ္ဌာန်းနိုင်ရန် အရေးယူအပြစ်ပေးမှုကို ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ ရွှေ့ဆိုင်းခဲ့ခြင်း ဖြစ်သည်။ တရားမဝင် နိုင်ငံခြားသားလုပ်သား ငါးဦးနှင့်အထက် ငှားရမ်းသုံးစွဲသော အလုပ်ရှင် တစ်ဦးအား အများဆုံး ထောင်ဒဏ် ၂ နှစ်အထိ ကျခံစေရန်နှင့် နယ်နှင်ဒဏ်ခတ်ခံရပြီး နိုင်ငံခြားသား အလုပ်သမားတစ်ဦးသည် ပြန်လည်ဝင်ရောက်၍ ထပ်မံဖမ်းဆီးခြင်းခံရပါက ကြိမ်ဒဏ်ပေးရန် ဥပဒေပြင်ဆင်ချက်၌ ပြဋ္ဌာန်းထားသည်။

စီးပွားရေး– မလေးရှားနိုင်ငံ၏ ၁၉၉၆ ခုနှစ် ပထမ ၁၁ လအတွင်း ကုန်သွယ်ရေးလိုင်စေပြမှုမှာ ၈၅ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ၁၉၉၅ ခုနှစ် အဆိုပါကာလနှင့် စာလျှင် ကျဆင်းမှု တိုးလာခဲ့သည်။ ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအတွက် ကုန်သွယ်ရေး လိုင်စေပြမှုသည် ရင်းငွေ ၁ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၆၀၀ ခန့်)အထိ လျော့ကျခဲ့သည်။ ၁၉၉၅ ခုနှစ်က လိုင်စေပြမှုမှာ ရင်းငွေ ၁၀ ဘီလီယံ (ဒေါ်လာ ၄ ဘီလီယံခန့်) ရှိသည်ဟု ဆိုသည်။

မီးခိုးမြူများ ဖုံးအုပ်ခံရသော မလေးရှားနိုင်ငံ ဆာရာဝပ် ပြည်နယ်သည် စက်တင်ဘာလအတွင်းက အရေးပေါ်အခြေအနေ ဆယ်ရက်ကြာစဉ် တစ်နေ့လျှင် ရင်းငွေသန်း ၁၀၀ (ဒေါ်လာ ၂၉ ဒသမ ၇ သန်း) ဆုံးရှုံးခဲ့ရသည်ဟု နယူစထရိုက်တိုင်းမ်သတင်းစာက အောက်တိုဘာလ ၆ ရက်နေ့တွင် ရေးသားဖော်ပြသည်။ ဆုံးရှုံးမှု ဖြစ်ကြရသည်မှာ ပုဂ္ဂလိကနှင့် ပြည်သူ့ကဏ္ဍများ၊ အစိုးရနှင့်တစ်ဦးချင်းများ ဖြစ်ကြသည်။ အိမ်နီးချင်းအင်ဒိုနီးရှားနိုင်ငံ၌ လောင်ကျွမ်းသော မီးကြောင့် ပေါ်ထွက်လာသည့် မီးခိုးမြူများက မလေးရှားနိုင်ငံဘက်ခြမ်း ဘော်နီယိုကျွန်းတွင် ဖုံးလွှမ်းခဲ့သဖြင့် စက်တင်ဘာလ ၁၉ ရက်နေ့တွင် အရေးပေါ်အခြေအနေကြေညာခဲ့ရသည်။ အရေးကြီးသော ဌာနများမှလွဲ၍ ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းများကို အရေးပေါ် ပိတ်စေခဲ့ပြီး စက်တင်ဘာလ ၂၈ ရက်နေ့တွင် ပြန်ဖွင့်စေခဲ့သည်။

လက်ရှိစီးပွားရေး ပြဿနာများကို အစိုးရကဖြေရှင်းရာတွင် အထောက်အကူပြုစေရန် အဆိုပြုထားသော အမျိုးသားစီးပွားရေးဆောင်ရွက်မှုကောင်စီ (အင်အီးအေစီ) ဖွဲ့စည်းရေး ကိစ္စကို မလေးရှားအာဏာရ အမျိုးသားတပ်ဦး၏ အဖွဲ့အစည်း ၁၄ ခုမှ ခေါင်းဆောင်များအား လုံးက နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ထောက်ခံလိုက်ကြသည်။ မဟာသီယာမိုဟာမက် သဘာပတိအဖြစ် ဆောင်ရွက်သော အမျိုးသားတပ်ဦး၏ ဦးစီးကောင်စီ အစည်းအဝေး၌ ပါတီအဖွဲ့အစည်းများမှ ခေါင်းဆောင်များက ယင်းသို့ထောက်ခံလိုက်ကြခြင်း ဖြစ်သည်။ အဆိုပြုထားသော အင်အီးအေစီသည် မလေးရှား ရင်းငွေတန်ဖိုးနှင့် စတော့ဈေးကွက်တန်ဖိုးများ ကျဆင်းခဲ့ပြီးနောက် စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများကို ကျော်လွှားလွန်မြောက်နိုင်ရန် ဆောင်ရွက်စရာ လိုအပ်သည်

မလေးရှားနိုင်ငံ

များကို အစိုးရအား အကြံပေးရသော အဖွဲ့အစည်းတစ်ရပ် အဖြစ် ဆောင်ရွက်သွားမည်ဟု ဝန်ကြီးချုပ် မဟာသီယာက အစည်းအဝေးအပြီး၌ သတင်းထောက်များအား ပြောကြား သည်။ အင်အီးအေစီတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ပါဝင်၍ ခေါင်းဆောင်အား လုံးက အမျိုးသားစီးပွား ရေးအပေါ် အကျိုးသက်ရောက်မှုများကို ကျော်လွှားလွန်မြောက်ရန် ဆောင်ရွက်မည်ဟု မဟာသီယာက ပြောကြား သည်။

မသန်စွမ်းသူများအတွက် ပထမအကြိမ် အာဆီယံ နိုင်ငံများ ပန်းချီပြိုင်ပွဲ။ ။ အာရှနှင့် ပစိဖိတ်ဒေသအတွင်း မသန်စွမ်းသူများ ဆယ်စုနှစ်အထိမ်းအမှတ်အဖြစ် မသန်စွမ်းသူများအတွက် ပထမအကြိမ် အာဆီယံနိုင်ငံ များ ပန်းချီပြိုင်ပွဲကို ဘရူနိုင်း နိုင်ငံတွင် ကျင်းပပြုလုပ် ခဲ့သည်။ ဤ ဖိတ်ခေါ်ပန်းချီပြိုင်ပွဲကို ဘရူနိုင်းနိုင်ငံ ယဉ်ကျေးမှု၊ လူငယ်နှင့်အားကစား ဝန်ကြီးဌာနက တာဝန်ယူ ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ (က)ဘင်္ဂလားရှည် ချို့တဲ့သူများ၊ (ခ)မျက်မမြင်များ၊ (ဂ)နားမကြား သူများ နှင့် (ဃ)ကိုယ်အင်္ဂါ မသန်စွမ်းသူများစသည့် မသန်မစွမ်း ဖြစ်သူများ ပါဝင် ယှဉ်ပြိုင်နိုင်ကြပြီး မသန် မစွမ်းမှု အမျိုးအစားအလိုက်၊ အသက်အုပ်စုအလိုက် ၁နှစ်မှ ၆နှစ်အထိ၊ ၇နှစ်မှ ၁၂ နှစ်အထိ၊ ၁၃ နှစ်မှ ၁၆ နှစ်အထိ၊ ၁၇ နှစ်အထက်ဟူ၍ အသက် အုပ်စု လေးမျိုးခွဲခြား ယှဉ်ပြိုင်စေခဲ့သည်။

မသန်စွမ်းသူများပန်းချီပြိုင်ပွဲဖြစ်၍ မသန်မစွမ်း သူများကိုယ်တိုင် လက်ဖြင့်ဖြစ်စေ၊ ပါးစပ်ဖြင့်ဖြစ်စေ၊ ခြေထောက်ဖြင့်ဖြစ်စေ ရေးဆွဲ ယှဉ်ပြိုင်နိုင်ကြသည်။ ပြိုင်ပွဲ၏ ရည်ရွယ်ချက် (၄) ရပ်မှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) အာဆီယံနိုင်ငံများအတွင်းရှိ မသန်စွမ်း သူများ၏ အနုပညာရသ ခံစားမှုများကို ဖော်ထုတ် အားပေးရန်၊

(ခ) အာဆီယံနိုင်ငံများ အတွင်းရှိ မသန် မစွမ်းသူများ၏ ပင်ကိုစွမ်းရည်များကို အသိအမှတ်ပြုရန်နှင့် တန်ဖိုးထား လာစေရန်၊

(ဂ) အာဆီယံနိုင်ငံများအတွင်းရှိ မသန် စွမ်းသူများနှင့် မသန်စွမ်းသူများဆိုင်ရာ အဖွဲ့အစည်း အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုခိုင်မြဲစေရန်၊

(ဃ) မသန်စွမ်းသူများ၏ စွမ်းဆောင်နိုင်မှုကို အာဆီယံနိုင်ငံများအတွင်းရှိ ပြည်သူ များက အသိအမှတ်ပြု အားပေးကူညီလာ ကြစေရန်။

မြန်မာနိုင်ငံ လူမှုဝန်ထမ်း ဦးစီးဌာနရှိ မသန်မစွမ်းသင်တန်းကျောင်းများဖြစ်သည့် ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ မန္တလေးမြို့ ဆွဲ့အနာမကြာ ကျောင်း၊ ရန်ကုန်မြို့ မသန်မစွမ်းသက်ငယ် သင်တန်း ကျောင်း၊ ရန်ကုန်မြို့၊ မသန်မစွမ်း သက်ကြီး သင်တန်း ကျောင်းများမှ သင်တန်းသားများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း ဖြစ်သည့် မေရီချက်(ပ်)မင်း နာမကြာ ကလေးများ ကျောင်းမှ ကျောင်းသားကျောင်းသူများ စုစု ပေါင်း (၃၉) ဦးသည် မေရီချက်(ပ်)မင်းနာမကြာ ကလေးများကျောင်း၌

မျက်မမြင်တစ်ဦး ပြိုင်ပွဲဝင်နေဟန်



စဉ်	နိုင်ငံများ	ပထမဆု	ဒုတိယဆု	တတိယဆု	နှစ်သိမ့်ဆု	စုစုပေါင်း
၁။	စင်ကာပူ	၃	၃	၃	၅	၁၄
၂။	ဘရူနိုင်း	၃	၂	၃	၅	၁၃
၃။	မြန်မာ	၁	၃	၁	၆	၁၁
၄။	ထိုင်း	၁	–	၁	၂	၄
၅။	မလေးရှား		၁	၁	၁	၃
၆။	ဖိလစ်ပိုင်	၁	၁	–	၁	၃
	စုစုပေါင်း	၁၀	၁၀	၉	၂၀	၄၉

၂၇.၉.၉၇ နေ့၌ ကျင်းပပြု လုပ်ခဲ့သည့် ပန်းချီပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် ခဲ့ကြသည်။ ဝင်ရောက်ယှဉ်ပြိုင်ကြသူ (၃၉) ဦး၏ ပြိုင်ပွဲဝင်ပန်းချီကား (၃၉) ချပ်ကို ဘရူနိုင်းနိုင်ငံသို့ ပေးပို့ပြိုင်ပွဲ ဝင်ခဲ့ခြင်း ဖြစ်သည်။

ပန်းချီပြိုင်ပွဲရည်ရွယ်ချက်များ မွန်မြတ်လေးနက်သကဲ့သို့ ပြိုင်ပွဲစီစဉ်ကျင်းပခြင်း၏ စေတနာအနှစ်သာရကလည်း ကောင်းမွန်သည်။ ဤအနှစ်သာရမှာ "မသန်စွမ်းသူများအတွက် ပို၍ကောင်းမွန်သော ဘဝသစ်တစ်ခုဆီသို့" (Towards A Better Life for the Disabled) ဖြစ်သည်။

မြန်မာနိုင်ငံမှ ဆုရရှိသူများစာရင်းကို ပြိုင်ပွဲ အားတာဝန်ယူကျင်းပသည့် ဘရူနိုင်းယဉ်ကျေးမှု၊ လူငယ် နှင့် အားကစားဝန်ကြီးဌာနက ၃.၁၂.၉၇ နေ့၌ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ အကြောင်းကြားခဲ့ပြီး မြန်မာသံရုံးမှ တစ်ဆင့် ၁၀.၁၂.၉၇ နေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ထပ်ဆင့်အကြောင်း ကြားခဲ့သည်။

ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု စုစုပေါင်း (၄၉) ဆုကို ချီးမြှင့်ခဲ့ရာ ပြိုင်ပွဲဝင် နိုင်ငံများ၏ ဆုရရှိမှုစာရင်း၌ မြန်မာနိုင်ငံသည် ပထမဆု ၁ ဆု၊ ဒုတိယဆု ၃ ဆု၊ တတိယဆု ၁ ဆု၊ နှစ်သိမ့်ဆု ၆ ဆုဖြင့် စုစုပေါင်း ၁၁ ဆု ဆွတ်ခူးရရှိပြီး တတိယအဆင့်တွင် ရှိသည်။ နိုင်ငံအလိုက် ဆုရရှိမှု စာရင်းမှာ အထက်ဖော်ပြပါ ဇယားအတိုင်း ဖြစ်သည်–

ပထမဆုအတွက် ဘရူနိုင်းဒေါ်လာငွေ ၄၀၀ ဂုဏ်ပြုလက်မှတ်နှင့် ဆုတံဆိပ်၊ ဒုတိယဆုအတွက် ဘရူနိုင်းဒေါ်လာငွေ ၃၀၀၊ ဂုဏ်ပြုလက်မှတ်နှင့် ဆုတံဆိပ်၊ တတိယဆုအတွက် ဘရူနိုင်းဒေါ်လာ ၂၀၀၊ ဂုဏ်ပြုလက်မှတ်နှင့် ဆုတံဆိပ်၊ နှစ်သိမ့်ဆုအတွက် ဘရူနိုင်းဒေါ်လာ ၅၀ နှင့် ဂုဏ်ပြုလက်မှတ်များကို ပေးပို့ ချီးမြှင့်ခဲ့သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ) (၁၉၉၇)။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၁၉၉၇ ခုနှစ်အတွက် နိုင်ငံတစ်ဝန်းလုံးတွင် အောင်မြင်စွာကြိုးပမ်းဆောင်ရွက်နိုင်သည်။

ဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်း

၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအခန်း ၃၊ ပုဒ်မ ၄ နှင့် ပုဒ်မ ၅ တို့အရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အောက်ပါအတိုင်း



မူးယစ်ဆေးဝါးများကို သံတမန်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်တစ်ဦးက စက်ခလုတ်နှိပ်ဖျက်ဆီးစဉ်

ပြင်ဆင်ဖွဲ့စည်းသည်။ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးတို့က ဒုတိယ ဥက္ကဋ္ဌများအဖြစ် တာဝန်ယူကြပြီး အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင် ၂၄ ဦးဖြင့် ဖွဲ့စည်းသည်။

၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအခန်း ၄၊ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့အရ ဗဟိုလုပ်ငန်းအဖွဲ့များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ တားဆီးနှိမ်နင်းရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေးလုပ်ငန်းအဖွဲ့ ၊မွေးမြူရေးလုပ်ငန်းအဖွဲ့၊ ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးလုပ်ငန်းအဖွဲ့၊ပြည်သူများအား ပညာပေးလှုံ့ဆော်ရေး လုပ်ငန်းအဖွဲ့၊ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့် သက်ဆိုင်သည့် ငွေကြေးပစ္စည်း စီစစ်ရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းအဖွဲ့၊ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၊ ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၊ ရပ်ကွက်/ကျေးရွာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲ စေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ် ရေးအဖွဲ့များအား ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်သည်။

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ရုရှဖက်ဒရေးရှင်းနိုင်ငံ ပြည်ထောင်စုလုံခြုံရေးအဖွဲ့ ဒုတိယအကြီးအကဲတို့သည် မြန်မာ-ရုရှနှစ်နိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်း ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး

သဘောတူစာချုပ်ကို ရန်ကုန်မြို့၌ ဧန်နဝါရီလ ၂၂ ရက်နေ့တွင် လက်မှတ်ရေးထိုးသည်။

အာရှနှင့် ပဓိဖိတ်ဒေသအတွင်း တရားမဝင်ရရှိသော ငွေကြေးမှ တရားဝင်ငွေကြေးအဖြစ် ပြောင်းလဲသုံးစွဲခြင်း ဆိုင်ရာ စတုတ္ထအကြိမ် အစည်းအဝေးကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် အမေရိကန်နိုင်ငံအစိုးရတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါး အန္တရာယ် ကာကွယ်တားဆီးနှိမ်နင်းရေး အစီအစဉ်အရ တပ်မတော်အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်အထူးတပ်ဖွဲ့ဝင်များ မြန်မာ့စိုက် ပျိုးရေးလုပ်ငန်း ကျွမ်းကျင်ပညာရှင်များနှင့် အမေရိကန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ အမေရိကန်နိုင်ငံ စိုက်ပျိုးရေးဌာန ကျွမ်းကျင်ပညာရှင်များ ပါဝင်သော မြန်မာ–အမေရိကန် ပူးပေါင်းဘိန်းအထွက်နှုန်း တိုင်းတာရေး အဖွဲ့သည် မတ်လ ၉ ရက်နေ့တွင် မိုင်းဆတ်မြို့နယ် တောင်ပေါ်ဒေသများသို့ လည်းကောင်း၊ ၁၀ ရက်နေ့တွင် ဟိုပုန်းမြို့နယ် မဲနယ်တောင်တန်းသို့ လည်းကောင်း၊ ၁၁ ရက်နေ့တွင် တန့်ယန်းမြို့နယ် နောင်လိုင်နယ်မြေနှင့် မိုင်းရူးမြို့နယ် တောင်ဟီးရိုးနယ်မြေများသို့လည်းကောင်း၊ ၁၂ ရက်နေ့တွင် ကုန်ကြမ်းမြို့နယ် မော်ထိုက်၊ ဟုံးအိုင်နယ်မြေနှင့် မုံးကိုးဒေသ၊ ဟမိုးလုံနယ်မြေများသို့ လည်းကောင်း၊ ၁၃ ရက်နေ့တွင် နမ့မတူမြို့နယ် မန်တုံနယ်မြေသို့လည်းကောင်း ရဟတ်ယာဉ်များဖြင့် သွားရောက်၍ တရားမဝင်စိုက်ပျိုး ထားသော ဘိန်းခင်းပေါင်း ၂၂၁ ခင်းရှိ ဘိန်ခင်းနမူနာ အကွက်ပေါင်း တစ်စတုရန်းမိတာအကွက် ၆၆၃ ကွက်မှ ဘိန်းသီးနမူနာများရယူခြင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သုတေသနဓာတ်ခွဲခန်းတွင် နှစ်နိုင်ငံကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ ဘိန်းထွက်နှုန်းလေ့လာခြင်းတို့ကို တတိယအကြိမ်အဖြစ် ဆောင်ရွက်သည်။

တတိယအကြိမ် အာရှပစိဖိတ်ဒေသ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးညီလာခံကို ဂျပန်နိုင်ငံ၌ မတ်လ ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ ဖျက်ဆီးသည့် အခမ်းအနားမြင်ကွင်း



၂၆၈

ဥပဒေပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှု အလုပ်ရုံဆွေးနွေးပွဲကို ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ မတ်လ ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင် အကြိမ် ၄၀ မြောက် အစည်းအဝေးကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ မတ်လ ၁၈ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ လေ့လာသူအဖြစ် တက်ရောက်သည်။

အရှေ့အာရှတွင် မူးယစ်ဆေးဝါးချက်လုပ်ရာ၌ အသုံးပြုသော ဓာတုဗေဒပစ္စည်းများ စီမံကိန်းအရ လေ့လာရေးကို ထိုင်းနိုင်ငံ၌ မတ်လ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် လာအိုပြည်သူ့ဒီမိုကရေတစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် မြန်မာ-လာအိုနှစ်နိုင်ငံအစိုးရအကြား မူးယစ်ဆေးဝါးများ၊ စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုဗေဒပစ္စည်းများအား တရားမဝင်ရောင်းဝယ် ဖောက်ကားခြင်းကို ကာကွယ်တားဆီးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ရန်ကုန်မြို့၌ မတ်လ ၂၉ ရက်နေ့တွင် လက်မှတ်ရေးထိုးသည်။

စီမံကိန်းရေးဆွဲခြင်းနှင့် အုပ်ချုပ်မှုဆိုင်ရာ ကုလသမဂ္ဂနိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ် အလုပ်ရုံဆွေးနွေးပွဲသင်တန်းကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဇွန်လ ၉ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပရာမြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အရှေ့အာရှဒေသ ဓာတုဗေဒဆေးဝါးများ ထိန်းချုပ်ရေးစီမံကိန်းအရ မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂနိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဓာတုဗေဒဆေးဝါးများ ထိန်းချုပ်ရေးသင်တန်းကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းအောင်သပြေရဲရိပ်သာ၌ ဇွန်လ ၂၅ ရက်နေ့မှ ၂၇ ရက်အထိ ဖွင့်လှစ်ရာ ကာကွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ သင်တန်းသား ၅၆ ဦး တက်ရောက်သည်။

မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံဝန်ကြီးအဆင့် တတိယအကြိမ် မူးယစ်ဆေးဝါးထိန်းချုပ်ရေး ပူးပေါင်းအစည်းအဝေးကို လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘမ်မြို့၌ ဇူလိုင်လ ၄ ရက်နှင့် ၅ ရက်နေ့တွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဒေသတွင်း မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးနှာလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးထားသည့် မြန်မာ၊ ထိုင်း၊ လာအို၊ တရုတ်၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားခြောက်နိုင်ငံ ဝန်ကြီးအဆင့် အစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် မြန်မာ-တရုတ်၊ မြန်မာ-ထိုင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ စီမံကိန်းပူးတွဲအကောင်အထည်ဖော်ရေးအစည်းအဝေးများကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဇူလိုင်လ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဆေးဝါး သုံးစွဲမှုလျှော့ချရေး အစီအစဉ်တွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လေ့လာရေးကို မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့၌ ဇူလိုင်လ ၁၇ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မြန်မာ-ထိုင်း မူးယစ်ဆေးဝါးပူးပေါင်း ထိန်းချုပ်ရေးအစီအစဉ်အရ မြန်မာ-ထိုင်းနယ်စပ်ဒေသတွင် ဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးနှင့် HIV/AIDS ရောဂါကာကွယ်ရေးစီမံကိန်းဆိုင်ရာ အစည်းအဝေးကို ရန်ကုန်မြို့၌ သြဂုတ်လ ၆ ရက်နေ့နှင့် ၇ ရက်နေ့များတွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် ခေါင်းဆောင်သော

ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံရှိ အာရှ- ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဘန်ကောက် မြို့နှင့်ရန်ကုန်မြို့ရှိ ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်ရုံးမှာမှ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်သည်။

အကြိမ် ၂၀ မြောက် အာဆီယံနိုင်ငံများ၏ မူးယစ်ဆေးဝါးဆိုင်ရာ အဆင်မြင့်အရာရှိများ အစည်းအဝေးကို ဘရူးနိုင်း၊ ဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ဩဂုတ်လ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟို အဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ကိုလံဘို စီမံကိန်းအစီအစဉ်အရ ဂျပန်နိုင်ငံအစိုးရမှ ကမ်းလှမ်းလာသည့် မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှုများ ထိန်းချုပ်ရေးဆွေးနွေးပွဲကို ဂျပန်နိုင်ငံ၌အောက်တိုဘာလ ၁၂ ရက်နေ့မှ ၂၉ ရက်နေ့အထိကျင်းပရာ မြန်မာကိုယ်စားလှယ် တစ်ဦးတက်ရောက်သည်။

ကိုလံဘို စီမံကိန်းအထောက်အပံ့အရ ဂျပန်နိုင်ငံအစိုးရမှ ကမ်းလှမ်းလာသည့် **Group Training Course in Drug Abuse Prevention Activities (Asia Region)** သင်တန်းကို ဂျပန်နိုင်ငံ ၌ အောက်တိုဘာလ ၁၃ ရက်နေ့မှ နိုဝင်ဘာလ ၁၇ ရက်နေ့ အထိကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက် သည်။

မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာနဝန်ကြီးနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးတို့သည် မြန်မာ- ဖိလစ်ပိုင်နှစ်နိုင်ငံ မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်းကို ကာကွယ်တားဆီးရေး အတွက် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ရန်ကုန်မြို့၌ အောက်တိုဘာလ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးသည်။

အာရှ – ပစိဖိတ်ဒေသ ပင်လယ်ရေကြောင်းဆိုင်ရာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆွေးနွေးပွဲကို ဂျပန်နိုင်ငံ၌ အောက်တိုဘာလ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့ အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် သည်။

တောင်ပေါ်ဒေသ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေး စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ အောက်တိုဘာ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့ အထိကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် သည်။

အမျိုးသမီးများ ရင်ဆိုင်နေရသည့် မူးယစ်ဆေးဝါးအလွဲသုံးစွဲမှုပြဿနာများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ၌ နိဝင်ဘာလ ၃ ရက်နေ့မှ ၁၁ ရက်နေ့အထိကျင်းပရာ မြန်မာအမျိုးသမီးကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။ တတိယအကြိမ် မြန်မာ- ဗီယက်နမ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးအန္တရာယ် ပူးပေါင်းတိုက်ဖျက်ရေးအစည်းအဝေးကို ရန်ကုန်မြို့၌ နိဝင်ဘာလ ၁၃ ရက်နေ့တွင်ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ် အထွေထွေအတွင်းရေးမှူး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်သည်။

မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးနှင့် **HIV / AIDS** ကြိုတင်ကာကွယ်ရေးတွင် လူထုအခြေပြုဆိုင်ရာ ဒေသတွင်းအစည်းအဝေးကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ နိဝင်ဘာ ၂၅ ရက်နေ့မှ ၂၈ ရက်နေ့အထိကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက်သည်။

အစားထိုးဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံဘန်ကောက်မြို့၌ ဒီဇင်ဘာ ၄ ရက်နေ့နှင့် ၅ ရက်နေ့များတွင်ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက်သည်။

အာဆီယံ အဖွဲ့ဝင်နိုင်ငံများအတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ ပြည်ထဲရေး ဝန်ကြီးများ အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဒီဇင်ဘာလ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့များတွင် ကျင်းပရာ မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဆေးဝါးလုံးဝပပျောက်ကြောင်းကြေညာခြင်းနှင့် ပြတိုက်ဖွင့်လှစ်ခြင်း

ရှမ်းပြည်နယ်အရှေ့ပိုင်းအထူးဒေသ ၄ မိုင်းလား၊ ဒေသကို မူးယစ်ဆေးဝါးလုံးဝပပျောက်သည့်ဒေသအဖြစ် ကြေညာသည့် အခမ်းအနား၊ နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ ၄ ဘိန်းပပျောက်သည့်အထိမ်းအမှတ် ပြတိုက်ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလားမြို့ရှိ ပြတိုက်သစ်ရှေ့၌ ဧပြီ လ ၂၂ ရက်နေ့တွင် ကျင်းပသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ ၄ မိုင်းလား၊ ဒေသတွင် ၁၉၉၁ ခုနှစ်မှစ၍ ဘိန်းနှင့်ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ခြောက်နှစ်စီမံကိန်းကို နမ့်ပန်နယ်မြေ၊ မိုင်းမ / မိုင်းလား နယ်မြေ၊ ဆီလူးနယ်မြေ အပိုင်းသုံးပိုင်းခွဲကာ နှစ်အလိုက် အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဘိန်းစိုက်ပျိုးမှုလုံးဝပပျောက် သည့် ဒေသ (**Opium Free Zone**) အဖြစ် ကြေညာသည့် အခမ်းအနား ကျင်းပခြင်း ဖြစ်သည်။

ဘိန်းခင်းများနှင့် ဘိန်းချက်စခန်းများဖျက်ဆီးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းကို ဘက်ပေါင်းစုံမှ အရှိန် အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ ပူးပေါင်းကာ မူးယစ်ဆေးဝါးများ ဖြစ်လာမည့် ဘိန်းစိုက်ခင်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်သည့် ဘိန်းချက်စခန်းများ ရှာဖွေ ဖော်ထုတ်ဖျက်ဆီးသည်။

၁၉၉၆– ၉၇ ဘိန်းစိုက်ရာသီတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၌ ဘိန်းခင်း ၇၇၉ ဧက၊ ရှမ်းပြည်နယ်တောင်ပိုင်း၌ ဘိန်းခင်း ၅,၅၀၁ ဒသမ ၂၅ ဧက၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၌ ဘိန်းခင်း ၈၆၈ ဧက၊ ကယား ပြည်နယ်၌ ဘိန်းခင်း ၂၉၇ ဒသမ ၅၀ ဧက၊ ကချင်ပြည်နယ်၌ ဘိန်းခင်း ၁၇၄ ဒသမ ၆၃ ဧက၊ ချင်းပြည်နယ်၌ ဘိန်းခင်း ၂၃ ဒသမ ၂၅ ဧက စုစုပေါင်း ဘိန်းခင်း ၇,၆၄၃ ဒသမ ၆၃ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ဘိန်းထွက်ရှိမှု ၃၃ ဒသမ ၆၃ တန်တား ဆီးနိုင်ခဲ့ပြီးဖြစ်သည်။

၁၉၈၈– ၈၉ ခုနှစ် ဘိန်းစိုက်ရာသီမှ ၁၉၉၆– ၉၇ ခုနှစ် ဘိန်းစိုက်ရာသီအထိ စုစုပေါင်း ဘိန်းခင်း ၃၆,၆၈၂ ဒသမ ၀၃ ဧက ဖျက်ဆီးနိုင်ပြီး ဘိန်းထွက်ရှိမှု ၁၆၁ ဒသမ ၃၇ တန်တား ဆီးနိုင်သည်။

၁၉၉၇ ခုနှစ်အတွင်း တပ်မတော်စစ်ကြောင်းများက ဘိန်းချက်စခန်း စုစုပေါင်း ၃၃ ခုအား ဖော်ထုတ်ဖျက်ဆီးနိုင်ခဲ့ပြီး ဘိန်းဖြူ ၆၇ ဒသမ ၆၈ ကီလို၊ ဘိန်းစိမ်း ၁, ၁၁၀ ဒသမ ၂၂၈ ကီလို၊ ဘိန်းညို ၉၅ ဒသမ ၆၆ ကီလို၊ ဘိန်းရည် ၆၇၅ ဂါလန်၊ အရည်ပျော်ဘိန်းဖြူ ၂၂ ဒသမ ၅ ကီလို၊ ဘိန်းဖြူအဆင့်ဆင့် ၆၀ ဒသမ ၅ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၂၃ ဒသမ ၂၉၅ ကီလို၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် ဂါလန် ၁,၀၇၀၊ အီသာ ၂,၂၆၅ ဂါလန်၊ ဟိုက်ဒရိုကလိုရစ် အက်စစ် ၁၉၁ ဒသမ ၁ ဂါလန်၊ ကလိုရိုဖောင်း ဂါလန် ၂၀၀၊ အရက်ပြန် ၃,၇၈၂ ဂါလန်၊ အက်စီတုံး ၂၂၅ ဂါလန်၊ ဆိုဒီယမ်ကာဗွန်နိတ် ၅၄၂ ဒသမ ၅ ကီလို၊ အမိုးနီးယမ်း ကလိုရိုက် ၁,၆၈၀ ဒသမ၉၄ ကီလို၊ အရိုးမီးသွေး ၁,၂၉၇ ဒသမ ၃၁ ကီလို၊ ဆိုဒီယမ်ကလိုရိုဒ် ကီလို ၁,၃၇၀၊ လက်နက်မျိုးစုံ ၁၈ လက်၊ ကျည်မျိုးစုံ ၁,၁၉၃ တောင့်၊ ကျည်ကပ်မျိုးစုံ ၁၁ ခု၊ တရုတ်လက်ပစ်ဗုံး ၇၂ လုံး၊ တရား ခဲ ၁၆ ယောက်၊ ရန်သူအလောင်း သုံးလောင်းနှင့် အခြားဆက်စပ်ပစ္စည်းမျိုးစုံတို့ကို ဖော်ထုတ်ဖမ်းဆီးရမိသည်။

တားဆီးနှိမ်နင်းမှု

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှုလုပ်ငန်းများကို အရှိန်အဟုန်မြင့်တင်ဆောင်ရွက်နိုင်ရန် မူးယစ်ဗဟိုနှင့် တားဆီးနှိမ်နင်းရေးဌာနက စီမံချက်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အထိ အောင်တံခွန်အဆင့် ၇၊ မေလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ အောင်တံခွန်အဆင့် ၈၊ စက်တင်ဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အောင်တံခွန်အဆင့် ၉ တို့ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှု လုပ်ငန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည်။

၁၉၈၈ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ တားဆီးနှိမ်းနင်းခဲ့သော မူးယစ်ဆေးဝါး စုစုပေါင်းမှာ ဘိန်းဖြူအမှု ၁၆,၅၇၀ နှင့် ၃,၇၂၁ ဒသမ ၅၁၀ ကီလို၊ ဘိန်း ၆,၂၁၁ မှုနှင့် ၂၂,၉၉၂ ဒသမ ၂၆၅ ကီလို၊ ဆေးခြောက် ၅,၆၂၁ မှုနှင့် ၆,၂၂၅ ဒသမ ၂၇၀ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၂,၂၀၉ မှုနှင့် ၃၂, ၅၂၀ ဒသမ ၉၀၀ လစ်တာ၊ စိတ်ကြွဆေးပြား ၇၂ မှုနှင့် ၁၀,၉၃၅,၁၅၅ ပြား၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် အမှု ၃၀

နှင့် ၁၂,၂၂၄ ဒသမ ၇၉၀ ဂါလန်၊ အခြား၊ ဓာတုဆေးရည် ၁၇ မူနှင့် ၂၄,၁၉၉ ဒသမ ၅၅၀ ဂါလန်တို့ဖြစ်သည်။

မူးယစ်ဆေးဝါးများဖျက်ဆီးခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမူးပြုလုပ်သော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ၁၁ ကြိမ်မြောက် ဖျက်ဆီးသည့် အခမ်းအနားကို ဇန်နဝါရီလ ၃၀ ရက်နေ့ တွင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အောင်သပြေရိပ်သာ၌ ကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ) အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှသံအမတ်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂ ဆိုင်ရာအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများရှေ့မှောက်တွင် ဘိန်းဆီ ၂၇ ဒသမ ၆၆၃ ကီလို၊ ဘိန်းရည် ၂ ဒသမ ၀၀၄ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၁,၃၅၄ ဒသမ ၆၇၅ လစ်တာ၊ ဘိန်းအာနိသင်ပါသောချောင်းဆိုးပျောက် ဆေးရည် ၁၈၁ ဒသမ ၇၁ လစ်တာ၊ဘိန်းအာနိသင်ပါသောထိုးဆေး ၂၇၂ပုလင်းတို့ကို လမ်းကြိတ်စက်များဖြင့်ကြိတ်၍ ဖျက်ဆီးသည်။


ထို့အပြင် နိုင်ငံခြားသံရုံးများ၊ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ဓာတုဗေဒ နည်းဖြင့် စမ်းသပ်စစ်ဆေးပြီး ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ရုရှဖက်ဒရေးရှင်း နိုင်ငံ သံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး၊မလေးရှားနိုင်ငံ သံအမတ်ကြီးတို့က စက်ခလုတ်များအသီးသီး နှိပ်၍ ဘိန်းဖြူ ၄၂၄ သမသ ၃၆၄ ကီလို၊ ဘိန်း ၇၆၆ ဒသမ ၀၇၃ ကီလို၊ ဘိန်းညို ၁ ဒသမ ၁၃၆ ကီလို၊ ဆေးခြောက် ၁၆၄ ဒသမ ၃၃၇ ကီလို ဘိန်းစာမှုန့် ၀ ဒသမ ၈၄၈ ကီလို၊ စိတ်ကြွဆေးပြား ၅,၂၈၅,၀၈၁ ပြားတို့ မီးရှို့ဖျက်ဆီးသည်။

၁၉၉၀ ပြည့်နှစ်မှ ၁၉၉၇ ခုနှစ်အထိ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို ရန်ကုန်မြို့တွင် ၁၁ ကြိမ် ဖျက်ဆီးခဲ့ရာ ဘိန်းဖြူ ၁,၉၆၁ ဒသမ ၆၅၇ ကီလို၊ ဘိန်း ၁၁, ၉၁၂ ဒသမ ၈၂၅ ကီလို၊ ဘိန်းဆီ ၁၀၉ ဒသမ ၆၉၄ ကီလို၊ ဘိန်းရည် ၁၁၉ ဒသမ ၈၉၂ ကီလို၊ ဘိန်းညို ၆၄ ဒသမ ၅၇၁ ကီလို၊ ဆေးခြောက် ၄,၂၄၆ ဒသမ ၅၀၅ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၂၆,၅၂၅ ဒသမ ၅၇၄ လစ်တာ နှင့် ၅၄ ဒသမ ၄ကီလို၊ ဘိန်းအာနိသင်ပါ သောချောင်းဆိုးပျောက်ဆေးရည် ၈၅၄ဒသမ၀၀၅လစ်တာ၊ဘိန်းအာနိသင်ပါသောထိုးဆေး ၁,၂၂၅ပုလင်း၊ ဘိန်းစာမှုန့် ၂ ဒသမ ၄၁၄ ကီလို၊ စိတ်ကြွဆေးပြား ၅,၂၈၅,၀၈၁ ပြားတို့ကို ဖျက်ဆီးပြီးဖြစ်သည်။

၁၉၉၁ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးများကို ၁၉ ကြိမ်ဖျက်ဆီးခဲ့ရာ ဘိန်းဖြူ ၄၀၅ ဒသမ ၉၀၅၄ ကီလို၊ ဘိန်း ၃, ၁၂၂ ဒသမ ၃၈၃ ကီလို၊ ဘိန်းညို ၂၄၅ ဒသမ ၇၆ ကီလို၊ ဖင်ဆီဒိုင်း ဆေးရည် ၆၈၉ ဒသမ၇၅လစ်တာ၊ ဘိန်းရည် ၂၅၉ ဂါလန်၊ အဆင့်နိမ့် ဘိန်း ၅၉ ဒသမ ၄၇၂ကီလို၊ စိတ်ကြွဆေးပြား ၇၁၅,၄၉၂ပြား၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် ၄,၁၅၉ ဂါလန်၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၂၉၁ ဒသမ ၄၇ ဂါလန်၊ ကလိုရိုဖောင်း ၃၀၃ ဂါလန်၊ ဆာလ်ဖျူရစ်အက်စစ် ၂၃၂ ဒသမ ၅ ဂါလန်၊ အမိုးနီးယမ်းကလိုရိုက် ၂, ၂၆၁ ဒသမ ၀၂ ကီလို၊ ဆိုဒီယမ်ကာဗွန်နိတ်ကီလို ၅,၁၅၀၊ အရိုးမီးသွေး ၁, ၁၃၈ ကီလို၊ လိုက်စော ၂၉၈ ဒသမ ၇၃ ဂါလန်၊ အခြားဓာတုဆေးရည် ၄,၃၀၉ ဂါလန်၊ အခြားပစ္စည်းမျိုးစုံ ၅၉၉ ဒသမ ၇၅ ကီလို၊ ဘိန်းချက် ကိရိယာမျိုးစုံ ၆၂၈ ခုနှင့် ဘိန်းခင်း ၇, ၈၃၆ ဧက တို့ကို ဖျက်ဆီးပြီး ဖြစ်သည်။

စိုးအောင်

မြန်မာနိုင်ငံ စာပေဆုများ။ ။ ၁၉၉၆ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင့်းသဘင်အခမ်းအနားကို ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်(၁၃၅၉ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်) စာဆိုတော်နေ့တွင် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌



အမျိုးသားစာပေဆု ဘာသာပြန် (ရသစာပေ) ဆုရ ဆရာတိုက်စိုးအား အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်.က ဆုချီးမြှင့်စဉ်

ကျင်းပသည်။ အခမ်းအနား သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့် နှင့် ကောင်စီဝင်များ၊ ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ၁၉၉၆ ခုနှစ် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ ၁၉၉၆ ခုနှစ် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှ အမှုဆောင်များ၊ စာပေပညာရှင်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆုရရှိကြသော စာပေပညာရှင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်က အမှာစကားပြောကြားပြီး အမျိုးသားစာပေဆုရစာပေပညာရှင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ၁၉၉၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိကြသော စာပေပညာရှင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၃) ဒုတိယ ဗိုလ်ချုပ်ကြီးဝင်းမြင့်ကလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၊ ဗိုလ်ချုပ်ကြည်အောင်ကလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်းကလည်းကောင်း ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၁၉၉၆ ခုနှစ်အတွင်းထုတ်ဝေခဲ့သော စာအုပ်ပေါင်း ၇၃၆ အုပ်ကို အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့်

ဘာသာရပ် ၁၄ မျိုးအလိုက် စိစစ် ရွေးချယ်ခဲ့သည်။

အမျိုးသားစာပေဆု ချီးမြှင့်ရန် ဘာသာရပ် ၁၄ မျိုးရှိသည့် အနက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ ဘာသာပြန်(ရသ)၊ကလေးစာပေ၊ လူငယ်စာပေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (အသုံးချသိပ္ပံ) နှင့် နိုင်ငံရေးစာပေစသည့် ဘာသာရပ် ၁၁ မျိုးကိုဆုချီးမြှင့်ရန် ရွေးချယ်ခဲ့သည်။ ဘာသာပြန် (သုတ) စာပေ၊ ပြဇာတ်စာပေနှင့် သုတပဒေသာ (သိပ္ပံ)ဘာသာရပ်များတွင်မူ ဆုရရှိခြင်းမရှိပေ။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ယင်းဘာသာရပ် ၁၄ မျိုးဆိုင်ရာ စာအုပ်ပေါင်း ၇၃၆ အုပ်ကို အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးမူဒ္ဓ ချက်နှင့် အမျိုးသားစာပေဆု စည်းကမ်းချက်များနှင့်အညီ ရွေးချယ်ချီးမြှင့်ခြင်း ဖြစ်ပေသည်။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၁၉၉၆ ခုနှစ်၊ စာပေဗိမာန်စာမူဆုအတွက် သတ်မှတ်ထားသည့်ဘာသာရပ် ၁၂ မျိုးအလိုက် ပြိုင်ပွဲဝင်စာမူပေါင်း ၁၃၅ စောင်ကို စိစစ် ရွေးချယ်ခဲ့သည်။ ယင်း ပြိုင်ပွဲဝင်စာမူများကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးမူဝါဒ ဥ ချက်နှင့် စာမူဆုယှဉ်ပြိုင်ရန် စည်းကမ်းချက်များနှင့်အညီ စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ စိစစ်ရွေးချယ်ရာတွင် ဘာသာရပ် ၁၂ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ပြဇာတ်စာပေ၊ စာပဒေသာ၊ ဘာသာပြန် စာပေ၊ လူငယ်စာပေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ စာပေ၊ သုတပဒေသာ(ဝိဇ္ဇာပညာရပ်)၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ ပညာရပ်)၊ကဗျာပေါင်းချုပ်စသည့်ဘာသာရပ်များကို ရွေးချယ်ခဲ့ရပြီး ယင်းဘာသာရပ်များအတွက် ပထမဆု ၇ ဆု၊ ဒုတိယဆု ၇ ဆု၊ တတိယဆု ၅ ဆုစသည်ဖြင့် စုစုပေါင်း ၁၉ ဆု ရွေးချယ် ဆုချီးမြှင့်ခဲ့သည်။ ကလေးစာပေနှင့် နိုင်ငံရေးစာပေ ဘာသာရပ်များတွင် အရည်အသွေးမီသော စာမူများမရှိသဖြင့် ဆုချီးမြှင့်နိုင်ခဲ့စြင်းမရှိပေ။

၁၉၉၆ ခုနှစ်အတွက် ဘာသာရပ်အလိုက် ဆုချီးမြှင့်ခြင်း ခံရသော အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

၁၉၉၆ ခုနှစ် အမျိုးသားစာပေဆု

စဉ်	ဘာသာရပ်	စာအုပ်အမည်	ရေးသူ
၁။	ဝတ္ထုရှည်	တံလျှပ်၏ တစ်ဖက်ကမ်းမှာ	ခင်စန်းမွန်
၂။	ဝတ္ထုတို ပေါင်းချုပ်	ကိုဆေးရိုး(၆)	ဆင်ဖြူကျွန်း အောင်သိန်း
၃။	ကဗျာ ပေါင်းချုပ်	အလှဆုံးနှလုံးသား	ကို(တက္ကသိုလ်)
၄။	စာပဒေသာ	ပန်းဝက်ပါပြဇာတ်	ဗိုလ်ကလေး တင့်အောင်
၅။	ဘာသာပြန် (ရသ)	မင်္ဂလာပါဆရာမ	တိုက်စိုး
၆။	ကလေးစာပေ	ပန်းလိုမွေးပန်းလိုပန်	သန်းအောင် (အညာမြေ)
၇။	လူငယ်စာပေ	ချစ်လို့ပြောတာမှတ်ပါ	ချစ်နိုင် (စိတ်ပညာ)
၈။	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ	မြန်မာ့ဂီတ ရေစီးကြောင်း	စန္ဒယားလှထွတ်
၉။	သုတပဒေသာ (ဝိဇ္ဇာ)	တောင်သမန်ဝန်းကျင် သမိုင်းဝင်နေရာများ	ကိုပညာ (အမရပူရ)
၁၀။	သုတပဒေသာ (အသုံးချသိပ္ပံ)	ကိုယ်လက်ကျန်းမာ စိတ်ချမ်းသာ	အောင်ရဲနိုင်
၁၁။	နိုင်ငံရေး စာပေ	စိန်မြရဲ့ချယ်စာစုများ	ဂုဏ်လင်းကျော်

၁၉၉၆ ခုနှစ် စာပေဗိမာန်စာမူဆုများ

စဉ်	ဘာသာရပ်	စာအုပ်အမည်	ရေးသူ
၁။	ဝတ္ထုရှည်ဆု (ပထမဆု)	ခွင့်လွှတ်ပါတင်နော် ဟောကာ	ကိုကိုလေး
၂။	ဝတ္ထုတို ပေါင်းချုပ်ဆု (ဒုတိယဆု)	ကမ္မဇဒွိနှင့်အခြား ဝတ္ထုတိုများ	ဖိုးကျော့
၃။	ပြဇာတ်စာပေ ဆု(တတိယဆု)	ဝန်ဇင်းမင်းရာဇာ	သန်လျင် မောင်ဝင်းဝါ

စဉ်	ဘာသာရပ်	စာအုပ်အမည်	ရေးသူ
၄။	စာပဒေသာဆု (ပထမဆု)	မြောက်ဖျား:မြန်မာ ပြည် ခါခါဘိုရာဇီသို့	လှဌေး:သန်း: (ဘူမိဗေဒ)
	စာပဒေသာဆု (ဒုတိယဆု)	နှလုံး:သား:လက်ဆောင်	မင်း:ဗေဒါ (ပွင့်ဖြူ)
၅။	ဘာသာပြန် စာပေဆု (ပထမဆု)	ဒဿနပုံပြင်	မြဝင်း
၆။	လူငယ်စာပေဆု (ဒုတိယဆု)	အမျိုး:စစ်မှ အမျိုး:ချစ်မည်	မောင်ဆန္ဒ (လယ်ဝေး)
၇။	မြန်မာ့ယဉ် ကျေး:မှုနှင့် အနုပညာ စာပေဆု (ပထမဆု)	မြန်မာ့ရိုး:ရာ အပြောက်အမွမ်း:များ	မောင်ယဉ်လွိုင်: (ပျဉ်း:မြို့ငှ်)
	မြန်မာ့ယဉ် ကျေး:မှုနှင့် အနုပညာ စာပေဆု (ဒုတိယဆု)	မြန်မာ့လှေသဘင် ပွဲတော်	ယော နက ဘိုး:ထောင်
	မြန်မာ့ယဉ် ကျေး:မှုနှင့် အနုပညာ စာပေဆု (တတိယဆု)	မြန်မာ့အိုး:စည်	တင်ထွန်း:ဦး: (ယဉ်ကျေး:မှု)
၈။	သုတပဒေသာ (ဝိဇ္ဇာပညာရပ်)ရက်ကန်း:ပညာ (ပထမဆု)	မြန်မာ့ရိုး:ရာ	စိန်ဝင်း: (ရေနံ့သာ)
	သုတပဒေသာ (ဝိဇ္ဇာပညာရပ်)အန္တရာယ်မီး: (ဒုတိယဆု)	ကြိုတင်တား:ဆီး:	အောင်စိုး:ဝင်း:
	သုတပဒေသာ (ဝိဇ္ဇာပညာရပ်)တော်ဝင်ကမ္ဘည်း:တင် (တတိယဆု)	ကုန်း:ဘောင်ခေတ် ခေါင်း:လောင်း:များ:	ကိုကို (သုတေသန)

စဉ်	ဘာသာရပ်	စာအုပ်အမည်	ရေးသူ
၉။	သုတပဒေသာ (သိပ္ပံနှင့် အသုံး: ချ သိပ္ပံပညာရပ်)သော (ပထမဆု)	သဘာဝသစ်တောများ: နှင့် ရင်ပေါင်တန်း:လာ သစ်တော စိုက်ခင်း:များ:	ဦး:အုန်း:
	သုတပဒေသာ (သိပ္ပံနှင့်အသုံး: ချ သိပ္ပံပညာရပ်) (ဒုတိယဆု)	ကိုယ်တွင်း: ဖြစ်ပျက် နေမှုများ:	ဒေါက်တာ မြင့်သန်:
	သုတပဒေသာ (သိပ္ပံနှင့်အသုံး: ချသိပ္ပံပညာရပ်) (တတိယဆု)	ရွှေရောင်လွှမ်း:မည့် ခြေလှမ်း:သစ်	ရွှေနဂါး: တင်ဝင်:
၁၀။	ကဗျာပေါင်း:ချုပ် (ပထမဆု)	ခြေတော်ရင်း:ဝယ် ကဗျာစု	တင်မောင်အေး: (ပခုက္ကူ)
	ကဗျာပေါင်း:ချုပ် (ဒုတိယဆု)	အိပ်မက်ချိုမွေ့:: တေး:မေတ္တာ	မြလတ် မင်း:လွင်
	ကဗျာပေါင်း:ချုပ် (တတိယဆု)	ပန်း:ပွင့်များ:ရဲ့ ဝတ်မှုန်အိမ်	သန်လျင် မောင်ဝင်း:ဝါ

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၁၉၉၇ ခုနှစ်အတွင်: တိုး:တက် ဖြစ်ပေါ်ခဲ့သည့် ထင်ရှား:သော အကြောင်း:ရပ် အချို့ကို အောက်ပါအတိုင်: ဖော်ပြပါသည်။

နိုင်ငံခြား:ဆက်ဆံရေး

နိုင်ငံတော်ငြိမ်ဝပ်ပိပြား:မှု တည်ဆောက်ရေး:အဖွဲ့ (ယခုနိုင်ငံတော်အေး:ချမ်း:သာယာရေး:နှင့် ဖွံ့ဖြိုး:ရေး: ကောင်စီ)ဥက္ကဋ္ဌနှင့် နိုင်ငံတော် ဝန်ကြီး:ချုပ် ဗိုလ်ချုပ်မှူး:ကြီး: သန်း:ရွှေနှင့်ဇနီး: ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြား:ချက်အရ ကမ္ဘောဒီး:ယား:နိုင်ငံ ပူး:တွဲ ဝန်ကြီး:ချုပ် ဆမ်ဒက်ချ်ဟွန်ဆန် နှင့်ဇနီး: မဒမ် ဘန်ရာနီဟွန်ဆန်တို့ ခေါင်း:ဆောင်သော ချစ်ကြည် ရေး:ကိုယ်စား:လှယ်အဖွဲ့ သည် ဇန်နဝါရီလ ၂၈ ရက်နေ့မှ ၃၁ ရက်နေ့အထိ လည်:ပောင်း၊ အင်ဒိုနီး:ရှား:

သမ္မတနိုင်ငံ သမ္မတ ဆိုဟာတို ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ သည် ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ လည်းကောင်း၊ လာအို ပြည်သူ့ဒီမိုကရစ်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ခမ်းတေးဆီဖန်ဒုံနှင့် ဇနီး မဒမ်သွန်ဗန်ဆီဖန်ဒုံတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၂၉ ရက်နေ့မှ ဧပြီလ ၁ ရက်နေ့အထိလည်းကောင်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ချာဗာလစ် ယောင်ချိုင်ယုဒ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ သည် မေလ ၁၆ ရက်နေ့မှ ၁၇ ရက်နေ့အထိ လည်းကောင်း၊ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး မစ္စတာဒိုမွိုင်း ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် မေလ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အထိလည်းကောင်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ သမ္မတဖီဒယ်လ်၊ ဗွီ၊ ရာမိုစ်နှင့် ဇနီး မဒမ်အမ်မီလီတာ၊ အမ်၊ ရာမိုစ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ လည်းကောင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လာရောက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီဒေါက်တာ မဟာသီ၊ ဘင်၊ မိုဟာမက်၏ ဖိတ်ကြားချက်အရ ဒီဇင်ဘာလ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အထိ မလေးရှားနိုင်ငံသို့ သွားရောက်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ ပဲလေ့စ်အော့ဖ်သည် ဂိုးလ်ဒင်းဟော့စ်ဟိုတယ်တွင် ဒီဇင်ဘာ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပသော ဒုတိယအကြိမ် အာဆီယံထိပ်သီးအလွတ်သဘော အစည်းအဝေး၊ အာဆီယံဖွဲ့စည်းတည်ထောင်သည့် နှစ် ၃၀ ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး၊ အာဆီယံ နိုင်ငံ အစိုးရ အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယား သမ္မတနိုင်ငံတို့မှ နိုင်ငံအစိုးရ အကြီးအကဲများ၏ အလွတ်သဘောဆွေးနွေး သည့် အစည်းအဝေးများသို့ တက်ရောက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကွာလာလမ်ပူမြို့တွင် ရှိနေစဉ် အာဆီယံ အဖွဲ့ဝင် နိုင်ငံများမှ ခေါင်းဆောင်များနှင့် အတူ မလေးရှား နိုင်ငံဘုရင်မင်းမြတ် ယန်ဒီပါတွန်အဂွန်အာ အိစ်တာနာ နဂါရာနန်းတော်သို့ သွားရောက် တွေ့ဆုံဂါရဝပြုသည်။ ထို့ပြင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ကျန်ဇီမင်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီဒေါက်တာ မဟာသီ၊ ဘင်၊ မိုဟာမက်၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂိုချောက်တောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆွမ်လိပိုင်၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၊ လာအိုပြည်သူ့ဒီမိုကရစ်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ခမ်းတေးဆီဖန်ဒုံတို့နှင့် သီးခြားတွေ့ဆုံ ဆွေးနွေးသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အခြားအာဆီယံ ခေါင်းဆောင်များနှင့်အတူ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ လက်မှတ်ရေးထိုး သော အာဆီယံဖောင်ဒေးရှင်း စာချွန်လွှာ လက်မှတ်ရေးထိုးပွဲနှင့် အာဆီယံ စီးပွားရေးဝန်ကြီးများ လက်မှတ်ရေးထိုးသော အာဆီယံဝန်ဆောင်မှု သဘောတူညီချက် အခြေပြု စာချုပ်လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်သည်။ ထို့ပြင် မလေးရှားနိုင်ငံ အစိုးရဓာတ်သည်တော်အဖြစ် ရောက်ရှိ နေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန်အား လက်ခံတွေ့ဆုံပြီး နှစ်ဖက် အကျိုးတူ ကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ် သည်။

အမျိုးသားအားကစားပွဲတော်

၁၉၉၇ ခုနှစ်၊ တတိယအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲကို သယ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ လူငယ်အားကစား လေ့ကျင့် ရေးစခန်း (သုဝဏ္ဏ) ၌ ဧန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပရာ တတိယအကြိမ် အမျိုးသားအားကစား ပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်



ငြိမ်ဝပ် ပိပြား:မှုတည်ဆောက်ရေး:အဖွဲ့. (ယခု နိုင်ငံတော် အေး:ချမ်း:သာယာရေး:နှင့်ဖွံ့.ဖြိုး:ရေး:ကောင်စီ) အတွင်း:ရေး:မှူး: (၁) ဒုတိယဗိုလ်ချုပ်ကြီး:ခင်ညွန့် တက်ရောက်မိန့်ခွန်း: ပြော:ကြား:ပြီး: တတိယအကြိမ် အမျို:သား:အား:ကစား: ပွဲတော်ကို ဖွင့်လှစ်ပေး:သည်။ တတိယအကြိမ် အမျို:သား: အား:ကစား:ပွဲတော် ဝန်ကြီး:ဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်း:၊ အထက်မြန်မာနိုင်ငံတက္ကသိုလ်များ:၊ အောက်မြန်မာ နိုင်ငံ တက္ကသိုလ်များ:အဆင့် အား:ကစား:ပြိုင်ပွဲ အား:ကစား: နည်း ၂၉ မျို:တွင် အား:ကစား:သမား:ပေါင်း: ၁၂,၉၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြသည်။ ၁၉၉၇ ခုနှစ် တတိယ အကြိမ် အမျို:သား:အား:ကစား:ပွဲတော် ပိတ်ပွဲကို လူငယ်အား:ကစား: လေ့ကျင့်ရေး:စခန်း: (သုဝဏ္ဏ) ၌ ဇန်နဝါရီလ ၂၄ ရက်နေ့ တွင် ကျင်:ပရာအတွင်:ရေး:မှူး: (၁) ဒုတိယဗိုလ်ချုပ်ကြီး: ခင်ညွန့် တက်ရောက် ပြီး: တတိယအကြိမ် အမျို:သား: အား:ကစား:ပွဲတော်ကို ပိတ်ပေး:သည်။ ပိတ်ပွဲအခမ်း: အနာ:တွင် အတွင်:ရေး:မှူး: (၁) ဒုတိယဗိုလ်ချုပ်ကြီး: ခင်ညွန့်က ပြည်နယ်နှင့်တိုင်း:၊ အထက်မြန်မာနိုင်ငံ တက္ကသိုလ်များ:၊ အောက်မြန်မာ နိုင်ငံ တက္ကသိုလ်များ: အဆင့် အား:ကစား:ပြိုင်ပွဲများ:တွင် တံခွန်စိတ်ဆု ရရှိသော **ဗိုလ်ချုပ်မှူး:ကြီး:သန်း:ရွှေနှင့်ဇနီး: ဒေါ်ကြိုင်ကြိုင်တို့က လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီး:ချုပ်နှင့်ဇနီး:အား:တွေ့.ဆုံစဉ်**

ရန်ကုန်တိုင်း:အသင်း:နှင့် ဝန်ကြီး:ဌာနအဆင့် အား:ကစား: ပြိုင်ပွဲများ:တွင် တံခွန်စိုက်ဆုရရှိသော ကာကွယ်ရေး: ဝန်ကြီး:ဌာန အသင်း:တို့.အား: တံခွန်စိုက်ဆု ဖလား:များ: ချီး:မြှင့်သည်။

လမ်း:တံတား:တည်ဆောက်ရေး:လုပ်ငန်း:များ:

ဆိပ်ဖြူမြို့.နယ် ယောချောင်း:တံတား:ဖွင့်ပွဲကို တံတား:အနီး:ရှိ မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီလ ၂ ရက်နေ့ တွင်ကျင်း:ပသည်။ ယောချောင်း:တံတား:သည် အရှည် ပေ ၅၃၀၊ အကျယ် ၁၂ ပေ လေး:လက်မရှိ ဘေလီသ ပေါင်တံတား:ဖြစ်ပြီး: တံတား:တည်ဆောက် မှုအတွက် ငွေကျပ်သိန်း:၃၀၀ ကျော်ကုန်ကျသည်။

သန်လျင်မြို့.နယ်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း:(သီလဝါ)ရှိ ကုန်သေတ္တာ ဆိပ်ခံတံတား:သစ် ဖွင့်ပွဲကို ဇန်နဝါရီ၅ ရက်နေ့တွင် ကျင်း:ပသည်။ ကုန်သေတ္တာ

ဆိပ်ခံတံတား:သစ်သည် တည်ဆောက်မည့် တံတား:လေး:ခု အနက် ပထမဆုံး:တံတား:ဖြစ်ပြီး: အလျား:မီတာ ၃၃၀ ရှိသည်။

မန္တလေး:–လား:ရှိး:–မူဆယ် ပြည်ထောင်စု ကား:လမ်း: မကြီး၊ လား:ရှိး:–မူဆယ်လမ်း:ပိုင်း:၏ ပထမအပိုင်း: လား:ရှိး:–သိန်္ခလမ်း:အရှည် ၂၈ မိုင်ဖွင့်ပွဲကို ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်း:ပသည်။

ဘိုကလေး:မြို့နယ်၊ နတ်ချောင်း:တံတား:ဖွင့်ပွဲကို တံတား:အနိ:ရှိ မင်္ဂလာမဏ္ဍပ်၌ဇန်နဝါရီလ ၂၁ ရက်နေ့တွင်ကျင်း:ပသည်။ နတ်ချောင်း:တံတား:သည် ဘိုကလေး:–ဖျာပုံကား:လမ်း:ပေါ်တွင်တည်ရှိပြီး: အရှည်ပေ ၃၀၀၊ အကျယ် ၁၂ ပေလေး:လက်မရှိ ဘေလီတံတား:ဖြစ်သည်။ ရေလမ်း:ကင်း:လွတ်မှု အကျယ် ပေ ၉၀ နှင့် အမြင့် ၁၇ ပေရှိသည် တံတား: တည်ဆောက်မှုအတွက် ငွေကျပ် ၁၆၂ သိန်း: ကုန်ကျသည်။

ရန်ကုန် – မန္တလေး: – ပုဂံ– ပြည်– ရန်ကုန် ရိုး:မ ပတ်ရထား:လမ်း:မကြီး:၊ ပုဂံ–ကျောက်ပန်း:တောင်: ရထား:လမ်း:ပိုင်း:သစ်ဖွင့်ပွဲကို ညောင်ဦး:မြို့ ပုဂံ အဆင့်မြင့် ဘူတာရုံသစ်၌ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်း:ပသည်။ ပုဂံ – ကျောက်ပန်း:တောင်: ရထား:လမ်း:ပိုင်း: သစ်သည် အရှည် ၂၉ ဒသမ ၉၂ မိုင် ရှိပြီး: တံတား:ကြီး:ငယ် ၁၀၅ ခု၊ ဘလောက်ဘူတာ ငါး:ဘူတာ နှင့် ရပ်စခန်း:ဘူတာ သုံး:ဘူတာရှိသည်။

တန့်ယန်း:မြို့နယ် သံလွင်တံတား:(တကော်အက်) ဖွင့်ပွဲနှင့် ရပ်စောက်မြို့နယ်၊ ရပ်စောက်မြို့အဝင် ဇော်ဂျီ တံတား:ဖွင့်ပွဲတို့ကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အသီး:သီး:ကျင်း:ပသည်။ သံလွင်တံတား:(တကော်အက်) သည် လား:ရှိး:– တန့်ယန်း:– ပန်ဆန်း:လမ်း:မပေါ်တွင် တည်ရှိပြီး: အရှည် ပေ ၆၀၀၊ အကျယ် ၁၆ ပေရှိ ဘေလီကြိး:တံတား:ဖြစ်သည်။ တံတား:တည်ဆောက်မှု အတွက် ငွေကျပ် ၈၈၄ သိန်း: ကုန်ကျသည်။ ဇော်ဂျီ တံတား:သည် အရှည် ၁၃၂ ပေ၊ ယာဉ်သွား:လမ်း: အကျယ် ၂၈ ပေနှင့် လူသွား:လမ်း:အကျယ်၎င်း:ပေရှိပြီး: သံကူကွန်ကရစ် ရက်မ ကြမ်း:ခင်း:တံတား:ဖြစ်သည်။ တံတား: တည်ဆောက်မှု အတွက် ငွေကျပ် ၁၇၁ သိန်း: ကုန်ကျသည်။

မရမ်းကုန်း:မြို့ သမိုင်း:ခုံး:ကျော်တံတား: ဖွင့်ပွဲကို သမိုင်း:ဘူတာရုံလမ်း:ရှိ မင်္ဂလာမုခ်ဦး:ရှေ့၌ မတ်လ ၂၂ ရက်နေ့တွင် ကျင်း:ပသည်။ သမိုင်း:ခုံး:ကျော်တံတား: သည် ချဉ်း:ကပ်လမ်း:အပါအဝင် ၁,၀၈၆ ပေ ရှည်ပြီး: ယာဉ်သွား:လမ်း:အကျယ် ၄၄ ပေ၊ လူသွား:လမ်း:တစ်ဖက် ခြောက်ပေစီကျယ်၍ စုစုပေါင်း:တံတား:အကျယ် ၅၆ ပေ ရှိသည်။ ပိုင်တိုင် အုတ်မြစ်ပေါ်တွင် သံကူကွန်ကရစ်တံတား:တိုင် ၁၂ တိုင်၊ ကြိုတင်အား:ဖြည့် ကွန်ကရစ် တံတား:ပေါင်း ၁၃၀ နှင့်ကြိုတင်အား:ဖြည့် ကွန်ကရစ်အခင်း:ပြား ၃,၂၇၆ ချပ်တို့ကို အသုံး:ပြု တည်ဆောက်ထား:ပြီး: တန်ချိန် ၆၀ ခံနိုင်ရည်ရှိသည်။ တံတား:တည်ဆောက်မှုအတွက် ငွေကျပ် ၁၀၅ သန်း: ကုန်ကျသည်။

မင်း:ဘူး:– စကုမြို့နယ် မန်း:ချောင်း:တံတား:ဖွင့်ပွဲကို တံတား:အနိ:ရှိ မင်္ဂလာမဏ္ဍပ်၌ မတ်လ ၃၀ ရက် နေ့တွင် ကျင်း:ပသည်။ မန်း:ချောင်း:တံတား:သည် အလျား:ပေ ၉၀၀၊ အကျယ် ၁၂ ပေ ၆ လက်မရှိ သံကူကွန်ကရစ်၊ အပေါ်ထည် ဘေလီသံပေါင်နှင့် သစ်မာ ကြမ်း:ခင်း: တံတား:ဖြစ်သည်။

စလင်း:မြို့နယ် စလင်း:ချောင်း: နွယ်တမယ်တံတား: ဖွင့်ပွဲနှင့် ရန်ကုန်– စစ်တွေကား:လမ်း:၊ မင်း:ဘူး:မြို့နှင့် အမ်း:မြို့အကြား:ရှိ နတ်ရေကန်တောင်ရှောင်ကွင်း:လမ်း: ဖွင့်ပွဲတို့ကို မတ်လ ၃၁ ရက်နေ့တွင် အသီး:သီး: ကျင်း:ပသည်။ စလင်း:ချောင်း: နွယ်တမယ်တံတား:သည် အရှည်ပေ ၁,၂၀၀၊ အကျယ် ၁၂ ပေ ခြောက်လက်မ ရှိပြီး: အောက်ခြေ ကွန်ကရစ်၊ အပေါ်ထည် ဘေလီ တံတား:ပေါင် တပ်ဆင်ထား:သည့် တံတား:ဖြစ်သည်။ နတ်ရေကန် တောင်ရှောင် ကွင်း:လမ်း:သည် အရှည် ၂၂ မိုင်လေး:ဖာလုံ၊ အကျယ် ၁၂ ပေစီရှိ ကတ္တရာလမ်း: ဖြစ်သည်။

မန္တလေး:–လား:ရှိး:– မူဆယ် ပြည်ထောင်စု ကား:လမ်း:မကြီး:၊ လား:ရှိး:– မူဆယ်လမ်း:ပိုင်း:၏ ဒုတိယပိုင်း:၊ သိန်္ခ – ကွတ်ခိုင်လမ်း: အရှည် ၁၇ မိုင်ဖွင့်ပွဲကို ဧပြီလ ၂ ရက်နေ့တွင် ကျင်း:ပသည်။

ချောင်း:ဦး: – ပခုက္ကူ– ဂန့်ဂေါ– ကလေး: ရထား:လမ်း:သစ်၊ ကျော– ဇီး:ပြား: ရထား:လမ်း:ပိုင်း: သစ်ဖွင့်ပွဲကို ဂန့်ဂေါမြို့နယ်၊ ကျောကျေး:ရွာရှိ ကျော ဘူတာရုံ၌ ဧပြီလ ၉ ရက်နေ့တွင် ကျင်း:ပသည်။ ချောင်း:ဦး:–

ပခုက္ကူ–ဂန့်ဂေါ–ကလေးရထား:လမ်းသစ် သည် မိုင် ၂၆၀ ရှည်ပြီး ကျော–ဇီးပြာ:ရထား:လမ်း:ပိုင်း သစ်သည် ၃၁ ဒသမ ၄၆ မိုင်ရှည်သည်။ ကျောဇီးပြာ ရထား:လမ်း:ပိုင်း:သစ်တွင် တံတား:ကြီး:ငယ် ၂၁၈ ခု၊ ဘလောက် ဘူတာ ခုနစ်ခုနှင့် ရပ်စခန်း:ဘူတာနှစ်ခု ရှိသည်။

မိုး:မောက်မြို့.နယ်၊ လဂျား:ယန်ကျေး:ရွာနှင့် လိုင်ဇာ ကျေး:ရွာအကြား:ရှိ ဂျာရိုး (ခေါင်နှာ:ခ)ခုံ:တံတား:ဖွင့်ပွဲ ကို ဧပြီလ ၁၈ ရက်နေ့.တွင် ကျင်:ပသည်။ ဂျာရိုး (ခေါင်နှာ:ခ)တံတား:သည် အရှည် ပေ ၈၀ ရှိပြီး: တံတား: တည်ဆောက်မှုအတွက် ငွေကျပ် သိန်း ၆၀ ကုန်ကျ သည်။

တောင်ကုတ်– မအိ တပ်တောင်လမ်း:ရှိ တောင်ကုတ်ချောင်း: ကိုင်း:ရှည်တံတား:ဖွင့်ပွဲကို မေလ ၁ ရက်နေ့.တွင်ကျင်:ပသည်။ ကိုင်း:ရှည်တံတား:သည် အရှည်ပေ ၄၅၀ ရှိပြီး: တံတား:တည်ဆောက်မှုအတွက် ငွေကျပ် ၃၅ သိန်း:ကုန်ကျသည်။

ရန်ကုန်– မန္တလေး:– ပုဂံ– ပြည်– ရန်ကုန်ရိုး:မ ပတ် ရထား:လမ်း:မကြီး:၊ အောင်လံ– ဆတ်သွား: ရထား: လမ်း:ပိုင်း: သစ်ဖွင့်ပွဲကို အောင်လံဘူတာ မဂ်လာမင်္ဂျပ် ၌ မေလ ၂၂ ရက်နေ့.တွင် ကျင်:ပသည်။ အောင်လံ– ဆတ်သွား: ရထား:လမ်း:ပိုင်း:သစ်သည် အရှည် ၄၉ ဒသမ ၉၇ မိုင် ရှိသည်။

မန္တလေး:– လား:ရှိ:– မူဆယ် ပြည်ထောင်စု ကား:လမ်း:မကြီး:၊ လား:ရှိ:– မူဆယ်လမ်း:ပိုင်း:၊ ကွတ်ခိုင် နမ့်.ဖတ်ကား:လမ်း:ဖွင့်ပွဲကို ဇွန်လ ၁ ရက်နေ့.တွင် ကျင်:ပသည်။

ထား:ဝယ်– မြိတ် ကတ္တရာလမ်း:မကြီး: ဖွင့်ပွဲကို မြိတ်မြို့.နယ် သမုတ်ကျေး:ရွာနှင့် ထား:ဝယ်မြို့. ပေါက်တိုင်: တံတား:ထိပ်တို့၌ ဇူလိုင်လ ၃ ရက်နေ့.တွင် အသီး:သီး: ကျင်:ပသည်။ ထား:ဝယ်– မြိတ် ကတ္တရာ လမ်း:သည် အရှည် ၁၅၄ မိုင်ခြောက်ဖာလုံရှိသည်။

ချောင်:ဦး:– ပခုက္ကူ–ဂန့်ဂေါ– ကလေးရထား:လမ်း: သစ်၊ ဂန့်ဂေါ– ရေမျက်နှီ ရထား:လမ်း:ပိုင်း:ဖွင့်ပွဲကို ဂန့်ဂေါဘူတာရုံ၌ ဇူလိုင်လ ၁၇ ရက်နေ့.တွင် ကျင်:ပ သည်။ ဂန့်ဂေါ– ရေမျက်နှီ ရထား:လမ်း:ပိုင်း:သည် အရှည် ၂၂ ဒသမ ၃၅ မိုင်ရှိပြီး: ဘလောက်ဘူတာ လေး:ခုနှင့် ရပ်စခန်း: ဘူတာသုံး:ခု ပါဝင်သည်။ တံတား: ကြီး:ငယ် ၁၇၈ ခုရှိပြီး:

နဝဒေး:တံတား:ဖွင့်ပွဲမြင်ကွင်း:



အရှည် ၄၂၅ ပေရှိ လောင် တောင် ချောင်းတံတား သည် အရှည်ဆုံး တံတား ဖြစ်သည်။

မအူပင်မြို့နယ်နှင့် တွံတေးမြို့နယ် ဆက်သွယ်ထားသော ခတ္ထိယတံတားဖွင့်ပွဲကို ဇူလိုင်လ ၂၄ ရက်နေ့တွင် ကျင်းပသည်။ ခတ္ထိယတံတား သည် အရှည် ပေ ၄၂၀၊ အကျယ် ၁၂ ပေ လေးလက်မ၊ သံကူကွန်ကရစ် ပေ ၁၂၀၊ ဘေလီသံပေါင် ပေ ၃၈၀ ရှိပြီး ရေကျချိန် အနည်းဆုံး ၂၃ ပေ၊ ရေတက်ချိန် အနည်း ဆုံး ၁၆ ပေဖြစ်သည်။ တံတား တည်ဆောက်မှုအတွက် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၄၀,၃၇၀ နှင့် မြန်မာငွေကျပ် သိန်း ၅၇၀ စုစုပေါင်း ငွေကျပ်သိန်း ၆၅၀ ကုန်ကျသည်။

ဘားအံမြို့နယ်၊ သံလွင်တံတား (ဘားအံ) ဖွင့်ပွဲကို ဩဂုတ်လ ၃ ရက်နေ့တွင် ကျင်းပသည်။ သံလွင် တံတား (ဘားအံ)သည် ဘားအံမြို့ တောင်ဘက် နှစ်မိုင် ခြောက်ဖာလုံခန့် အကွာတွင် တည်ရှိပြီး ပင်မတံတား အရှည် ၁,၇၅၁ ပေရှိ သံပေါင်တံတား အမျိုးအစား ဖြစ်သည်။ ဘားအံဘက်ကမ်း ချဉ်းကပ်တံတားသည် ပေ ၃၀၀ နှင့် တရုတ်လှဘက်ကမ်း ချဉ်းကပ်တံတား သည် ပေ ၁၈၀ ရှိပြီး သံကူကွန်ကရစ်တံတား အမျိုးအစား ဖြစ်သည်။ မော်တော်ယာဉ်သွား လမ်းသည် ၂၈ ပေကျယ်ပြီး တစ်ဖက်လျှင် ငါးပေစီကျယ် လူသွား လမ်း ပါဝင်သည်။ သံလွင်တံတား (ဘားအံ) တည်ဆောက် မှုအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၆ သန်း ကျော်နှင့် မြန်မာငွေ ကျပ် ၇၂၆ သန်းကျော် ကုန်ကျ သည်။

မြန်မာ – ထိုင်း ချစ်ကြည်ရေးတံတားဖွင့်ပွဲကို တံတားပေါ်ရှိ မဂ်လာမဏ္ဍပ်၌ ဩဂုတ်လ ၁၅ ရက်နေ့တွင် ကျင်းပသည်။ မြန်မာ – ထိုင်း ချစ်ကြည်ရေး တံတားသည် မြန်မာနိုင်ငံ မြဝတီမြို့နှင့် ထိုင်းနိုင်ငံ ၊ မဲဆောက်မြို့နယ်အကြား သောင်ရင်းမြစ်ကို ဖြတ်၍ တည်ဆောက်ထားပြီး အရှည်မီတာ ၄၂၀၊ ယာဉ်သွား လမ်းအကျယ် ရှစ်မီတာ၊ တစ်ဖက်လျှင် ၂ ဒသမ ၅ မီတာကျယ် လူသွားလမ်း နှစ်ဖက် အကျယ် ငါးမီတာ စုစုပေါင်း တံတားအကျယ် ၁၃ မီတာရှိသည်။ တံတား အခန်း ၁၄ ခန်း၊ တံတားတိုင် ၁၃ တိုင်၊ ကမ်း ကပ်ခုံ နှစ်ခုပါရှိပြီး သံကူကွန်ကရစ်တံတားဖြစ်သည်။ တံတား တည်ဆောက်မှု အတွက် ထိုင်းဘတ်ငွေ ၇၉ ဒသမ ၂ သန်း ကုန်ကျသည်။

ရန်ကုန် – စစ်တွေလမ်းရှိ အုန်းတည်ချောင်းတံတားဖွင့်ပွဲကို အုန်းတည်ချောင်းတံတား၌ ဩဂုတ်လ ၃၁ ရက်နေ့တွင် ကျင်းပသည်။ အုန်းတည်ချောင်း တံတားသည် အမ်မြို့နယ်အတွင်း တည်ရှိပြီး အရှည် ပေ ၂၇၀၊ ယာဉ်သွားလမ်းအကျယ် ၁၀ ပေ ကိုးလက်မ ရှိ သံကူကွန်ကရစ် ဘေလီသံပေါင်တံတား ဖြစ်သည်။

တောင်ငူကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် မြောက် ပိုင်းမြို့နယ် ဆက်သွယ်ထားသော ငမိုးရိပ် (ပါရမီ) တံတားဖွင့်ပွဲကို တောင်ငူကလာပမြို့နယ် တံတားထိပ်၌ လည်းကောင်း၊ မန္တလေး – လား‌ရှိုး – မူဆယ် ပြည်ထောင်စုကားလမ်းမကြီး၊ လား‌ရှိုး–မူဆယ် လမ်းပိုင်းဖွင့်ပွဲကို မူဆယ်မြို့နယ် မိုင်းယုဒ္ဓလည်းကောင်း စက်တင်ဘာလ ၉ ရက်နေ့တွင် အသီးသီးကျင်းပသည်။ ငမိုးရိပ် (ပါရမီ) တံတားသည် အရှည် ၆၆၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ တစ်ဖက်လျှင် အကျယ် ခြောက်ပေရှိ လူသွားစင်္ကြံနှစ်ဖက်၊ တံတားအောက် ရေလမ်းကမ်းလွတ်နယ်အကျယ် ပေ ၈၀ နှင့် အမြင့် ၁၃ ပေ ရှိသည်။ တံတားအပေါ်ပိုင်းကို ကြိတင်အား‌ဖြည့် သံကူကွန်ကရစ် ရက်မ၊ သံကူကွန်ကရစ် ကြမ်းခင်း နှင့် လက်ရန်းတို့ဖြင့် တည်ဆောက်ထားပြီး အုတ်မြစ်ကို သံကူကွန်ကရစ် ပိုင်တိုင်များဖြင့် စိုက်ထူထား သည်။ တန် ၃၀ ရှိယာဉ်များ အဆက်မပြတ် မျက်နှာချင်းဆိုင် ဖြတ်သန်းနိုင်ပြီး တန် ၆၀ ရှိ ယာဉ် တစ်စီးတည်း ဖြတ်သန်းနိုင်သည်။ တံတား တည်ဆောက်မှုအတွက် ငွေကျပ်သိန်း ၁,၅၀၀ ကုန်ကျ သည်။ လား‌ရှိုး – မူဆယ် လမ်းပိုင်းသည် အရှည် ၁၀၃ မိုင် လေးဖာလုံ ရှိသည်။

ရန်ကုန်– မန္တလေး– ပုဂံ– ပြည်– ရန်ကုန် ရိုးမပတ် ရထားလမ်းမကြီး၊ အောင်လံ– ပြည် ရထား လမ်းပိုင်းသစ်ဖွင့်ပွဲကို ပုဂံဘူတာနှင့် ပြည်မြို့ ရွှေတံခါး ဘူတာတို့၌ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ကျင်းပ သည်။ အောင်လံ– ပြည် ရထားလမ်းပိုင်းသစ်သည် အရှည် ၄၀ ဒသမ ၃၈ မိုင်ရှိသည်။

သာကေတမြို့နယ် ရှုခင်းသာလမ်းရှိ သာကေတ ဆိပ်ခံတံတား အကြိုဖွင့်ပွဲကို ဆိပ်ခံတံတား ခရီးသည် နားနေဆောင်ခန်းမ၌ စက်တင်ဘာလ ၁၅ ရက်နေ့ တွင် ကျင်းပသည်။ သာကေတ ဆိပ်ခံတံတားသည် အလျား မီတာ

၂၂၀၊ အနံ ၁၉ ဒသမ ၅မီတာ၊ ဝန်ပြည့် ရေစူး ၅ ဒသမ ၇၅ မီတာခန့်. ရှိပြီး တန်ချိန် (DWT) ၄,၀၀၀ နှင့် Displacement တန်ချိန် ၅,၃၀၀ တင်ဆောင်နိုင်သည့် ပင်လယ်ကူးသင်္ဘော နှစ်စင်း၊ တစ်ချိန်တည်း ဆိုက်ကပ်ကာ ကုန်များတင်ချနိုင်သော ဆိပ်ခံတံတား ဖြစ်သည်။

ပြည်မြို့ ဧရာဝတီမြစ်ကူး နဝဒေးတံတားဖွင့်ပွဲကို မင်းကြီးတောင် နဝဒေးတံတား အနီးရှိ မင်္ဂလာမဏ္ဍပ်၌ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပသည်။ နဝဒေးတံတားသည် ပန်းတောင်းမြို့နယ်နှင့် ပြည်မြို့နယ် ဆက်သွယ်တည်ဆောက်ထားပြီး တံတားအရှည် ၄,၁၈၃ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ ပေ လူသွားလမ်း အကျယ်တစ်ဖက်လျှင် ၎င်းပေစီ၊ တံတား အောက် ရေလမ်းကင်းလွတ်နယ် အကျယ် ပေ ၃၅၀၊ အမြင့် ၅၇ ပေရှိသည်။ တံတား အောက်ထည်ကို သံကူကွန်ကရစ် တိုင်များဖြင့် တည်ဆောက်ထားပြီး အပေါ်ထည်မှာ သံပေါင်တံတား ဖြစ်သည်။ တံတား ပေါ်သို့ တန် ၆၀ ရှိယာဉ်များ ဖြတ်သန်း သွားလာနိုင်သည်။ တံတားတည်ဆောက်မှု အတွက် နိုင်ငံခြား ငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၈၅ သန်းနှင့် မြန်မာငွေကျပ် ၈၃၃ ဒသမ ၁၇ သန်း ကုန်ကျသည်။

အလုံမြို့နယ် ကွင်းချောင်းအမှတ်(၂)အလုံဆိပ်ခံတံတား အကြိုဖွင့်ပွဲကို ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပသည်။ ကွင်းချောင်းအမှတ် (၂) အလုံဆိပ်ခံတံတားသည် အလျား ၁၅၆ မီတာ၊ အကျယ် ၁၉ ဒသမ ၅ မီတာ၊ အမြင့် ၁၆ မီတာရှိပြီး အရှည် ၂၅ မီတာစီနှင့် အကျယ် ၉ ဒသမ ၅ မီတာစီရှိသော ချဉ်းကပ်တံတား သုံးခုပါရှိသည်။ ဆိပ်ခံတံတား အနက်ဆုံးနေရာ၌ ၁၂ မီတာရှိပြီး တန်ချိန် ၁၅,၀၀၀ ထိ ကုန်စည်တင်ဆောင် ထားသော ရေစူး ၉ မီတာရှိ သင်္ဘောကြီးများဆိုက်ကပ်၍ ကုန်စည် တင်ချနိုင်သည်။

တောင်ကြီး- ရွှေညောင် ရထားလမ်းပိုင်းဖွင့်ပွဲကို တောင်ကြီးဘူတာနှင့် ရွှေညောင်ဘူတာတို့၌ ဒီဇင်ဘာ လ ၂၄ ရက်နေ့တွင် အသီးသီး ကျင်းပသည်။ တောင်ကြီး - ရွှေညောင် ရထားလမ်းပိုင်းသည် အရှည် ၂၀ ဒသမ ၈၁ မိုင် ရှိသည်။

လျှပ်စစ်ဓာတ်အားပေး စက်ရုံများ တည်ဆောက်ခြင်း

သာကေတ စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲကို ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံစီမံကိန်းကို အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၅ သန်းနှင့် မြန်မာငွေ ကျပ် ၃၄၈ သန်း အကုန်အကျခံ ကာ မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်းက တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

လဟယ်မြို့နယ်၊ လဟယ်ရေအား လျှပ်စစ်စီမံကိန်း စက်ရုံဖွင့်ပွဲကို စက်ရုံအနီး၌ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပသည်။ လဟယ် ရေအား လျှပ်စစ်စီမံကိန်း စက်ရုံသည် လဟယ်မြို့၏ အရှေ့တောင်ဘက် တစ်မိုင် ခန့် အကွာရှိ ဟွေငွမ်းညောင်းပေါ်တွင် တည်ရှိပြီး တပ်ဆင် အင်အား ကီလိုဝပ် ၅၀ ရှိသည်။

ဆည်မြောင်းတာတမံများ တည်ဆောက်ဖွင့် လှစ်ခြင်း

တောင်တွင်းကြီးမြို့နယ်၊ ဘန်းကုန်းရေလှောင်တမံ ဖွင့်ပွဲကို ဇန်နဝါရီလ ၁၈ ရက်နေ့တွင်ကျင်းပသည်။ ဘန်းကုန်းရေလှောင်တမံသည် တောင်တွင်းကြီးမြို့မှ မိုင် ၂၀ ခန့်အကွာ ဘန်းကုန်း ချောင်းပေါ်တွင် တည်ရှိပြီး ပင်မ တမံအလျား ပေ ၅၈၀၊ အမြင့် ၆၁ ပေ၊ တမံ ၁ အလျား ပေ ၄၄၀၊ အမြင့် ၆၁ ပေနှင့် တမံ ၂ အလျား ပေ ၃၆၀၊ အမြင့် ၄၃ ပေ ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ဧက ပေ ၇,၄၀၀ ဖြစ်ပြီး ဆည်ရေသောက်ဧရိယာ ဧက ၂,၀၀၀ တွင် သီးနှံဧရိယာ ဧက ၃,၀၀၀ စိုက်ပျိုးနိုင်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် ငွေကျပ် ၁၀၈ သန်းခန့် ကုန်ကျသည်။

တောင်ငူမြို့နယ် ပသိရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပသည်။ ပသိရေလှောင်တမံ သည် ပသိချောင်းပေါ်တွင် တည်ရှိပြီး မြေသားတမံ အမျိုးအစား ဖြစ်သည်။ ပင်မတမံ အလျား ပေ ၂,၅၀၀၊ အမြင့် ပေ ၉၀ ရှိပြီး ကုန်းကျောတမံ ၆ ခု ပါဝင်ကာ စုစုပေါင်း အလျား ပေ ၄,၂၁၀၊ အမြင့် ၁၆ ပေမှ ပေ ၇၀ ထိ ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၀,၅၀၀ ဖြစ်ပြီး ၇ ဒသမ ၃ မိုင်ရှည် လက်ဝဲတူးမြောင်း မကြီး၊ တစ်မိုင်ရှည်

လက်ယာတူးမြောင်းမကြီးနှင့် ၇ ဒသမ ၁၃ မိုင်ရှည် လက်တံမြောင်းများမှတစ်ဆင့် စိုက်ပျိုးရေ ပေးဝေနိုင်သည်။ ဆည်ရေသောက်ဧရိယာ ဧက ၄,၀၀၀ နှင့် သီးနှံဧရိယာဧက ၅,၅၀၀ တို့ကို အကျိုးပြုရုံသာမက နှစ်စဉ် လျှပ်စစ်မာတ်အား နှစ်မဂ္ဂါဝပ် ထုတ်လုပ် ပေးနိုင်သည်။

တန်.ဆည်မြို.နယ်၊ ကင်းတပ်ရေလွှဲတမံဖွင့်ပွဲကို ရေလွှဲတမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ မတ်လ ၂၁ ရက်နေ့တွင် ကျင်းပသည်။ ကင်းတပ်ရေလွှဲတမံသည် ကာဘို: ရေလွှဲဆည် အထက်မိုင် ၃၀ အကွာ တန်.ဆည်မြို.နယ် ဝက်တိုးကျေးရွာအနီးတွင် တည်ရှိပြီး ရေလွှဲတမံ အလျား၆,၂၇၉ ပေ၊ အမြင့် ပေ၅၀ ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၂၈၁,၀၀၀ ဖြစ်ပြီး မိုင် ၁၀၀ ကျော်ရှည် လက်ဝဲနှင့်လက်ယာ တူးမြောင်း မကြီး နှစ်ခုနှင့် ၃၃ ဒသမ ၅၇ မိုင်ရှည် လက်တံမြောင်း ၁၈ ခု ရှိသည်။ ရေလွှဲတမံတည်ဆောက်မှုအတွက် ငွေကျပ် ၁,၉၉၉ သန်း ကုန်ကျသည်။

ပေါက်မြို.နယ် ယောချောင်း အမှတ်(၂) ရေပြွှာ ရေလွှဲဆည် ဖွင့်ပွဲကို ရေပြွှာကျေးရွာ၌ ဧပြီလ ၃၀ ရက်နေ့တွင် ကျင်းပသည်။ ယောချောင်းအမှတ် (၂) ရေပြွှာ ရေလွှဲဆည်သည် အလျား၊ပေ ၂,၀၀၀၊ အမြင့် ၁၄ ပေ၊ ရေဆင်းဧရိယာ စတုရန်းမိုင် ၂,၀၅၀၊ ဆည်ရေသောက် ဧရိယာဧက ၂,၂၀၀ ရှိပြီး သစ်ရိုက် ကျောက် ဖြည့် ရေလွှဲဆည်အမျိုးအစား ဖြစ်သည်။

ရပ်စောက်မြို့နယ်၊ ဇော်ဂျီရေလှောင်တမံဖွင့်ပွဲကို မေလ ၃၁ ရက်နေ့တွင် ကျင်းပသည်။ ဇော်ဂျီ ရေလှောင်တမံသည် မြေသားတမံအမျိုးအစား ဖြစ်ပြီး အလျား၊ပေ ၂,၅၅၀၊ အမြင့် ၁၄၅ ပေရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၄၂၀,၀၀၀ ဖြစ်ပြီး မူရင်းဧကနှင့် သီးထပ်ဧက သီးနှံစုစုပေါင်း ဧက ၁၇၃,၀၀၀ ရေသွင်းစိုက်ပျိုးနိုင်သည်။ ရေလှောင် တမံသည် ဇော်ဂျီချောင်းပေါ်တွင် တည်ရှိပြီး တည်ဆောက်မှုအတွက် ငွေကျပ်သန်း ၁,၆၀၀ ကျော် ကုန်ကျသည်။

အင်္ဂပူမြို့နယ်၊ နန်ကသူရေလွှဲဆည်ဖွင့်ပွဲကို ဇွန်လ ၁၉ ရက်နေ့တွင် ကျင်းပသည်။ နန်ကသူရေလွှဲဆည်သည် အင်္ဂပူမြို့နယ်၊ ရွှေလောင်ကန်ကျေးရွာအနီးတွင် တည်ရှိပြီး အလျား ပေ ၃၅၀ ၊ ရေလွှဲဆည် ထိပ်အမြင့် ၆၅ ပေ၊နှင့် ရေလွှဲဆည်အမြင့် ၁၂ ဒသမ ၅ ပေရှိသည်။

ညောင်တုန်းမြို့နယ်၊ မဲဇလီရေထိန်းတံခါးဖွင့်ပွဲကို ရေထိန်းတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇူလိုင်လ ၁၄ ရက်နေ့တွင် ကျင်းပသည်။ ညောင်တုန်းကျွန်းအတွင်း သဇင်ကွင်း နှင့် ကျုံးဝါးကွင်းမှ လယ်မြေဧက ၂၀, ၀၀၀ ကျော်အချိန်စောစိုက်ပျိုးနိုင်ရေးအတွက် မိုးဦး မိုးနှောင်းတွင် ရေထုတ်နုတ်ပေးရန်နှင့် ပန်းလိုင်မြစ်မှ ရေကိုနွေရာသီ သီးနှံစိုက်ပျိုးရေးအတွက် ရေသွင်း နိုင်ရန် လေးပေအချင်း ၁၆ ပေါက်ပါ ရေတံခါးများဖြင့် မဲဇလီရေထိန်းတံခါးကို တည်ဆောက်ထားသည်။

တောင်သာမြို.နယ်၊ တောင်သာ ရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇူလိုင်လ ၁၈ ရက်နေ့တွင် ကျင်းပသည်။ တောင်သာ ရေလှောင်တမံသည် မြေသားတမံအမျိုးအစား ဖြစ်ပြီး အလျား၊ပေ ၁,၈၅၀၊ အမြင့် ၇၁ ပေရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၅,၀၀၀ ဖြစ်ပြီး ဆည်ရေသောက်ဧရိယာ ဧက ၂,၀၀၀ နှင့် သီးနှံဧရိယာ ဧက ၂,၈၀၀ စိုက်ပျိုးနိုင်သည်။

ဘေလခဲမြို.နယ်၊ ဒေါတချ ရေလှောင်တမံ ဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပသည်။ ဒေါတချ ရေလှောင်တမံသည် ဘေလခဲချောင်းပေါ်တွင် တည်ရှိပြီး အလျား၊ပေ ၁,၆၄၀၊ အမြင့် ၂၇ ပေရှိသည်။ ဒေါတချ ရေလွှဲဆည်သည် ဒေါတချ ချောင်းပေါ်တွင် တည်ရှိပြီး အကျယ်ပေ ၅၀၊ အမြင့် ၎း်ပေရှိသည်။ ရေလှောင်တမံသည် ဧက ၁၅၀ နှင့် ရေလွှဲဆည်သည် ဧက ၈၅၀ အကျိုးပြုမည် ဖြစ်သည်။ ဒေါတချရေလှောင်တမံ တည်ဆောက်မှုအတွက် ငွေကျပ် ၁၈ သန်းကျော် ကုန်ကျသည်။

ဘဏ်များ ဖွင့်လှစ်ခြင်း

ဒဂုံမြို.သစ်တောင်ပိုင်း၊ မြန်မာ့စီးပွားရေး ဘဏ်ခွဲ ဖွင့်ပွဲကို ဒဂုံမြို့သစ်တောင်ပိုင်း၊ ပြည်ထောင်စုလမ်းမကြီးနှင့် စက်မှုဇုန် ၁ လမ်းထောင့်၌ လည်းကောင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မြန်မာ့စီးပွား ရေးဘဏ်ခွဲ ဖွင့်ပွဲကို ဒဂုံမြို့သစ်မြောက်ပိုင်း၊ ပြည်ထောင်စု လမ်းမကြီး၌

လည်းကောင်း အောက်တို ဘာလ ၁ ရက်နေ့တွင် အသီးသီး ကျင်းပသည်။

မြန်မာ့စီးပွား ရေးကော်ပိုရေးရှင်း၊ အင်းဝဘဏ် လီမိတက် ဖွင့်ပွဲကို ကုန်သည်လမ်း အမှတ် ၅၅၄/၅၅၆ ၌ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသည်။

ဒိုင်အိချိကန်ဂျူိုးဘဏ် လီမီတက် ရန်ကုန်မြို့ ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို အက်ဖ်အမ်အိုင်စင်တာ သတ္တမထပ်၌ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပသည်။

ဂျပန်နိုင်ငံ ဆာကူရာဘဏ် ရန်ကုန်မြို့ ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ကမ်းနားဟိုတယ်၌ မတ်လ ၁၇ ရက်နေ့တွင် ကျင်းပသည်။ ကိုယ်စားလှယ်ရုံးကို အက်ဖ်အမ်အိုင်စင်တာ၌ ဖွင့်လှစ်ထားသည်။

ကိုရီးယားသမ္မတနိုင်ငံ ဟာနာဘဏ် ရန်ကုန်မြို့ ကိုယ်စားလှယ်ရုံးခွဲဖွင့်ပွဲကို ပြည်လမ်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန၌ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပသည်။ ကိုယ်စားလှယ်ရုံးခွဲကို အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာနအခန်း ၁၁၂၂ ၌ ဖွင့်လှစ်ထားသည်။

ကိုရီးယားနှစ်ရှည် ငွေချေးဘဏ် ရန်ကုန်မြို့ ကိုယ်စားလှယ်ရုံးခွဲ ဖွင့်ပွဲကို ပြည်လမ်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန၌ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကျင်းပသည်။ ကိုယ်စားလှယ်ရုံးခွဲကို အပြည်ပြည်ဆိုင်ရာ စီးပွားရေး ဗဟိုဌာန အခန်း ၂၀၉ ၌ ဖွင့်လှစ်ထားသည်။

ရိုးမဘဏ်လီမိတက် မူဆယ်ဘဏ်ခွဲဖွင့်ပွဲကို မူဆယ်မြို့၌ မတ်လ ၂၉ ရက်နေ့တွင်လည်းကောင်း၊ အာရှဝန ဘဏ်လီမိတက် ဘုရင့်နောင် ဘဏ်ခွဲ ဖွင့်ပွဲကို မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်းဘဏ်ခွဲအဆောက် အအုံရှေ့၌ ဧပြီလ ၁၁ ရက်နေ့တွင် လည်းကောင်း၊ မြန်မာ မေဖလာဝါး ဘဏ်လီမိတက် တောင်ကြီး ဘဏ်ခွဲ ဖွင့်ပွဲကို တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ မေလ ၁ ရက်နေ့တွင်လည်းကောင်း၊ အာရှဝနဘဏ် လီမိတက် တောင်ကြီးဘဏ်ခွဲဖွင့်ပွဲကို တောင်ကြီးမြို့၊ မြို့တော် ခန်းမ၌ ဇွန်လ ၇ ရက်နေ့တွင် လည်းကောင်း၊ အာရှဝနဘဏ်လီမိတက် မင်္ဂလာဒေါ်း ဘဏ်ခွဲဖွင့်ပွဲကို မင်္ဂလာ တောင်ညွန့်မြို့နယ်၊ ၁၁၈ လမ်း၊ အမှတ် ၅၃ ၌ ဇူလိုင်လ ၈ ရက်နေ့တွင်လည်းကောင်း၊ မြန်မာအရှေ့တိုင်းဘဏ် လီမိတက် ပြည်ဘဏ်ခွဲဖွင့်ပွဲကို ပြည်မြို့ ဗိုလ်ချုပ်လမ်း အမှတ် ၄၀ ၌ ဇူလိုင်လ ၁၈ ရက်တွင် လည်းကောင်း၊ အာရှဝန ဘဏ်လီမိတက် ပြည်ဘဏ်ခွဲ ဖွင့်ပွဲကို ပြည်မြို့ ရန်ကုန်-ပြည်လမ်း အမှတ် ၁၄၄၁/ကခ၌ သြဂုတ်လ ၂၄ ရက်နေ့တွင် လည်းကောင်း၊ မြဝတီဘဏ် လီမိတက် မန္တလေး ဖွင့်ပွဲကို မန္တလေးမြို့၊ လမ်း ၃၀ (၇၄-၇၅ လမ်းကြား) အမှတ် ၅၅ ၌ စက်တင်ဘာလ ၁၇ ရက်နေ့တွင် လည်းကောင်း၊ ရိုးမဘဏ်လီမိတက် လားရိုးဘဏ်ခွဲ ဖွင့်ပွဲကို လားရိုးမြို့၊ လမ်းမတော်လမ်းနှင့် ဌေးဘိုလမ်းထောင့် ဘဏ်ခွဲအဆောက်အအုံ၌ အောက်တိုဘာ လ ၂၄ ရက်နေ့တွင်လည်းကောင်း၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက် မန္တလေးဘဏ်ခွဲ ဖွင့်ပွဲကို အောက်တိုဘာလ ၂၅ ရက်နေ့တွင် လည်းကောင်း၊ အာရှဝနဘဏ် လီမိတက် မော်လမြိုင် ဘဏ်ခွဲ ဖွင့်ပွဲကို မော်လမြိုင်မြို့၊ သထုံလမ်းဘဏ်ခွဲ အဆောက်အအုံ၌ အောက်တို ဘာလ ၂၆ ရက်နေ့ တွင် လည်းကောင်း၊ ပထမပုဂ္ဂလိကဘဏ် လီမိတက် ဟင်္သာတဘဏ်ခွဲဖွင့်ပွဲကို ဟင်္သာတမြို့၊ မြစ်ကွေ့ကျောင်းလမ်း ဘဏ်ခွဲ အဆောက်အအုံ ရှေ့၌ နိုဝင်ဘာ လ ၂ ရက်နေ့တွင် လည်းကောင်း၊ သမဝါယမ မြို့တင် ရေးဘဏ် မန္တလေးဘဏ်ခွဲဖွင့်ပွဲကို နိုဝင်ဘာလ ၅ ရက်နေ့ တွင်လည်းကောင်း၊ အာရှဝနဘဏ် လီမိတက် လသာမြို့နယ်တရုတ်တန်း ဘဏ်ခွဲဖွင့်ပွဲကို မဟာဗန္ဓုလ လမ်းနှင့် ၂၂ လမ်းထောင့် အမှတ် ၆၃၂ ၌ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် လည်းကောင်း၊ အာရှဝနဘဏ် လီမိတက် ကော့သောင်း ဘဏ်ခွဲဖွင့်ပွဲကို ကော့သောင်း မြို့၊ ဗိုလ်ချုပ်လမ်းဘဏ်ခွဲ အဆောက်အအုံ ရှေ့၌ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင်လည်းကောင်း အသီးသီး ကျင်းပသည်။

ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ ဖွင့်လှစ်ထုတ်လွှင့်ခြင်း

မိုင်းဖြတ်မြို့၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို မတ်လ ၂၇ ရက်နေ့တွင် လည်းကောင်း၊ မုံရွာမြို့၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ဇွန်လ ၈ ရက်နေ့တွင် လည်းကောင်း၊ နောင်ချိုမြို့၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ဇူလိုင်လ ၁၀ ရက်နေ့တွင် လည်းကောင်း၊

ဘိုကလေးမြို့၊ ရုပ်မြင်သံကြား:ထပ် ဆင့်လွှင့်စက်ရုံကို ဇူလိုင်လ ၁၇ ရက်နေ့တွင် လည်းကောင်း၊ လင်းခေးမြို့နယ်၊ ဝမ်ဟပ်ကျေးရွာ ရုပ်မြင်သံကြား:ထပ်ဆင့်လွှင့်စက်ရုံကို စက်တင်ဘာလ ၉ ရက်နေ့တွင် လည်းကောင်း အသိးသိး ဖွင့်လှစ်သည်။

ဆော့လော်မြို့နယ်၊ ရုပ်မြင်သံကြား:ထပ်ဆင့်လွှင့်စက်ရုံမှ ဇန်နဝါရီလ ၆ ရက်နေ့တွင်လည်းကောင်း၊ ကချင်ပြည်နယ်၊ ဆဒုံးကျေးရွာရုပ်မြင်သံကြား: ထပ်ဆင့်လွှင့်စက်ရုံမှ မတ်လ ၁၄ ရက်နေ့တွင် လည်းကောင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျိုက်ဒုံ ကျေးရွာ ရုပ်မြင် သံကြား:ထပ်ဆင့်လွှင့် စက်ရုံမှ ဇူလိုင်လ ၁၁ ရက်နေ့တွင်လည်းကောင်း၊ မချမ်းဘော မြို့နယ်၊ ရုပ်မြင်သံကြား:ထပ်ဆင့်လွှင့် စက်ရုံမှ အောက်တိုဘာလ ၄ ရက်နေ့တွင်လည်းကောင်း၊ ကာမိုင်းမြို့၊ ရုပ်မြင် သံကြား:ထပ်ဆင့်လွှင့်စက်ရုံမှ အောက်တိုဘာလ ၁၃ ရက်နေ့တွင်လည်းကောင်း ရုပ်မြင်သံကြား အစီအစဉ်များကို စတင် ထုတ်လွှင့်သည်။

ဆေးရုံသစ်များတည်ဆောက်ဖွင့်လှစ်ခြင်း

ဆီဆိုင်မြို့နယ်၊ ပချား:ကလိုကျေးရွာ ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲကို ဆေးရုံသစ်ရှေ့၌ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပသည်။ ပြည်သူ့ဆေးရုံသစ်သည် ခုတင် ၁၆ လုံးဆံ့ပြီး တည်ဆောက်မှုအတွက် ငွေကျပ် ၆၅ သိန်းကျော် ကုန်ကျသည်။

ဟိုပုန်းမြို့နယ်၊ ကျောက်တန်းကျေးရွာ ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲကို ဆေးရုံသစ်ရှေ့၌ ဇွန်လ ၁၉ ရက်နေ့တွင် ကျင်းပသည်။ ဆေးရုံသစ်တည်ဆောက်မှုအတွက် ငွေကျပ် သိန်း ၅၀ ကျော် ကုန်ကျသည်။

ဆာကူရာထရိတ်စင်တာကုမ္ပဏီ ဆာကူရာဆေးရုံသစ်ဖွင့်ပွဲကို စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ အမှတ် ၂၃ ၌နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပသည်။ ဆာကူရာဆေးရုံသစ်သည် အထပ် ၁၀ ထပ်ပါရှိသော ခုတင် ၂၀၀ ဆံ့ဆေးရုံဖြစ်ပြီး ခွဲစိတ်ခန်း၊ ၂၄ နာရီ အရေးပေါ်ဌာန၊ နေ့ပိုင်း စောင့်ရှောက်ကုသမှု၊ သားဖွားခန်း၊ အထူးကြပ်မတ်ကုသခန်း၊ နှလုံးအထူး စမ်းသပ်ကုသခန်း၊ ရွှဲလျှားဓာတ်မှန်ခန်း၊ သွားဘက် ဆိုင်ရာဆေးကုခန်း၊ ဓာတ်ခွဲခန်း၊ အစာအိမ်မှန်ပြောင်း ကြည့်ခန်း၊ ကွန်ပျူတာ ဓာတ်မှန်ခန်း၊ မသန်မစွမ်းသူ များ ကျန်းမာရေးလေ့ကျင့် ရေကူးကန်တို့ ပါရှိသည်။

ဟိုတယ်များ ဖွင့်လှစ်ခြင်း

အောခစ်ဟိုတယ် ရန်ကုန်ဖွင့်ပွဲကို အနော်ရထာလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်ရှိ ဟိုတယ် ရှေ့မျက်နှာစာ၌ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပ သည်။

တာချီလိတ်မြို့၊ ရွှေတြိဂံဟိုတယ်ဖွင့်ပွဲကို မေလ ၅ ရက်နေ့တွင် ကျင်းပသည်။

ရန်ကုန် အင်တာနေရှင်နယ် ဟိုတယ် အကြိုဖွင့်ပွဲကို ပြည်လမ်းနှင့် အလုံလမ်းထောင့်ရှိ ဟိုတယ်၌ မေလ ၁၅ ရက်နေ့တွင် ကျင်းပသည်။

ဟိုက်လုံကွမ်းမင်း ဟိုတယ်ဖွင့်ပွဲကို ပြည်လမ်း၊ အမှတ် ၄၈၁ ရှိ ဟိုတယ်၌ မေလ ၂၃ ရက်နေ့တွင် ကျင်းပသည်။

ဟိုတယ် အီကွေတိုရီရဲလ်၊ ရန်ကုန် ဖွင့်ပွဲကို ဒဂုံမြို့နယ်၊ အလံပြဘုရားလမ်း၊ အမှတ် ၃၃ ရှိဟိုတယ်၌ မေလ ၂၇ ရက်နေ့တွင် ကျင်းပသည်။ ဟိုတယ် အီကွေတိုရီရဲလ် ရန်ကုန်သည် အပြည်ပြည်ဆိုင်ရာ အဆင့်ရှိ ဟိုတယ်ဖြစ်ပြီး အခန်းပေါင်း ၃၅၉ ခန်းတွင် အဆင့်မြင့်ပရိသောဂများ၊ ခေတ်မီအဆောင်အယောင်များ ပါရှိသည်။ ကမ္ဘာ့စားသောက်ဖွယ်ရာရောင်းချမည့် ဆိုင်များ၊ ဧည့်ခန်း၊ ဘားခန်း၊ စီးပွားရေးလုပ်ငန်းရှင် များအတွက် **Business Centre** တစ်ခု၊ ရေကူးကန်နှင့် ဆိုင်ခန်းများလည်းပါရှိသည်။

ဆီဒုံးနားဟိုတယ်၊ မန္တလေးအကြို ဖွင့်ပွဲကို ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရား လမ်းရှိ ဆီဒုံးနားဟိုတယ်၊ ရန်ကုန်၌ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပ သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖွဲ့စည်းခြင်း

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ အကျိုးစီးပွားအလို့ငှာ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (**State Peace and Development Council**)ကို နိုဝင်ဘာလ ၁၅ ရက် နေ့တွင် ဖွဲ့စည်းသည်။

(ဦးစိုးအောင်)

မြန်မာ့ရိုးရာ ယဉ်ကျေးမှုပြိုင်ပွဲများ(၁၉၉၇)။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၁၉၉၇ ခုနှစ်အတွင်း ကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှု ပြိုင်ပွဲများကို အောက်ပါအတိုင်း ဖော်ပြပါသည်။

မြန်မာ့ရိုးရာနွားလှည်းနှင့် နွားအလှပြိုင်ပွဲ

ဆဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာနွားလှည်းနှင့် နွားအလှပြိုင်ပွဲကို ဖေဖော်ဝါရီလ ၂၇ ရက်မှ မတ်လ ၄ ရက်အထိ မန္တလေးမြို့၊ ဆင်ဖြူကန်အား‌ကစား‌ကွင်း‌တွင် ကျင်းပသည်။ မြန်မာ့ရိုးရာနွားလှည်းနှင့် နွားအလှပညာရပ်များ အစွန့်ရှည်စွာ တည်တံ့စေရန်၊ မြန်မာ့နွားလှည်းနှင့် နွားများ၏ အရည်အသွေး အဆင့်အတန်း မြင့်တက်လာပြီး ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို အထောက်အကူပြုစေရန်၊ ခေတ်အဆက်ဆက် မြန်မာ့နွားလှည်းနှင့် နွားများ၏အလှ၊ ကြံ့ခိုင်သန်စွမ်းမှုနှင့် အသုံးဝင်မှုတို့ကို မျိုးဆက်သစ်လူငယ်များ လေ့လာသိရှိပြီး မြန်မာ့ရိုးရာအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် ကျေးလက်ဒေသနေ တောင်သူလယ်သမား‌များနှင့် မြို့ပြဒေသရှိ ပြည်သူများ တစ်ဦးနှင့် တစ်ဦး ပိုမိုရင်းနှီးမှုရှိစေရန် ဟူသောရည်ရွယ်ချက်လေးရပ်ဖြင့် မြန်မာ့ရိုးရာနွားလှည်းနှင့်နွားအလှပြိုင်ပွဲ ကျင်းပခြင်းဖြစ်သည်။ ဖေဖော်ဝါရီလ ၂၇ ရက်၌ ကျင်းပသော ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနား‌သို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြား‌မှု တည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေး‌ချမ်း‌သာယာရေး‌နှင့် ဖွံ့ဖြိုး‌ရေး‌ကော်‌စီ) ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦး‌စီး‌ချုပ်၊ ကာကွယ်ရေးဦး‌စီး‌ချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး‌မောင်‌အေး တက်ရောက်အား‌ပေး‌ချီး‌မြှင့်ပြီး အတွင်း‌ရေး‌မှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး‌တင်ဦး‌အမှာ‌စကား‌ပြော‌ကြား‌သည်။ ပြိုင်ပွဲသို့ ကယား‌ပြည်နယ်၊ ချင်း‌ပြည်နယ်၊ စစ်ကိုင်း‌တိုင်း‌၊ ပဲခူး‌တိုင်း‌၊ မွန်ပြည်နယ်၊ မန္တလေး‌တိုင်း‌၊ မကွေး‌တိုင်း‌၊ ရှမ်း‌ပြည်နယ် (တောင်ပိုင်း‌)၊ ရှမ်း‌ပြည်နယ် (မြောက်ပိုင်း‌)၊ ဧရာဝတီတိုင်း‌၊ အရှေ့‌မြောက်တိုင်း‌ စစ်ဌာနချုပ်၊ အရှေ့‌တောင်တိုင်း‌ စစ်ဌာနချုပ်၊ အမှတ် ၃၃ ခြေမြန်တပ်မတော်နချုပ်၊ အမှတ် ၆၆ ခြေမြန်တပ်မတော်နချုပ်၊ အမှတ် ၉၉ ခြေမြန်တပ်မတော်နချုပ်နှင့် အမှတ် ၁၀၁ ခြေမြန် တပ်မတော်နချုပ်တို့မှ အသင်း‌များ‌ပါဝင်ယှဉ်ပြိုင်သည်။

မြဝတီအငြိမ့်ပြိုင်ပွဲ


၁၉၉၇ ခုနှစ်၊ ဒုတိယအကြိမ် မြဝတီအငြိမ့်ပြိုင်ပွဲကို သြဂုတ်လ ၂၄ ရက်မှ စက်တင်ဘာလ ၃ ရက်အထိ ရန်ကုန်မြို့၊ မြို့မကျောင်း‌လမ်း‌ရှိ အမျိုး‌သား‌ဇာတ်ရုံတွင် ကျင်းပသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အငြိမ့်သဘင်ပညာရိုးရာမပျက် အစဉ်ရှင်သန်တိုး‌တက်ရေး၊ အငြိမ့်သဘင်ပညာဖြင့် အနုပညာရှင်များ၏ဘဝ တိုး‌တက်မြင့်မား‌ရေး၊ ပြည်သူများ‌အပန်း‌ဖြေကြည့်ရှုနာ‌ဆင်နိုင်ရေး၊ နိုင်ငံတော်၏ လူမှုရေး‌ဦး‌တည်ချက်များ အကောင်အထည် ဖော်ရာတွင် အထောက်အကူပြုနိုင်ရေး‌ဟူသော ဦး‌တည် ချက်လေး‌ရပ်ဖြင့် ဒုတိယအကြိမ် မြဝတီအငြိမ့်ပြိုင်ပွဲ ကျင်း‌ပခြင်း‌ဖြစ်သည်။

ပြိုင်ပွဲဖွင့်ပွဲ အခမ်း‌အနား‌ပထမပိုင်း‌ကို အမျိုး‌သား‌ဇာတ်ရုံ အဝင်ခန်း‌မဆောင်တွင်လည်း‌ကောင်း‌၊ ဒုတိယပိုင်း‌ကို အမျိုး‌သား‌ဇာတ်ရုံအတွင်း‌တွင်လည်း‌ကောင်း‌ သြဂုတ်လ ၂၄ ရက်၌ ကျင်း‌ပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြား‌မှုတည်ဆောက်ရေး‌အဖွဲ့ (ယခု နိုင်ငံတော် အေး‌ချမ်း‌သာယာရေး‌နှင့်ဖွံ့ဖြိုး‌ရေး‌ကော်‌စီ) အတွင်း‌ရေး‌မှူး (၁) စစ်မဟာ ဗျူဟာလေ့လာရေး‌ဌာနကြီး‌မှူး‌နှင့် တပ်မတော်ထောက်လှမ်း‌ရေး‌ညွှန်ကြား‌ရေး‌မှူး ဒုတိယဗိုလ်ချုပ်ကြီး‌ခင်ညွန့်နှင့်ဇနီး၊ မြဝတီအငြိမ့်ပြိုင်ပွဲ ကျင်း‌ပရေး နာယကအတွင်း‌ရေး‌မှူး (၂) စစ်ဆင်ရေး‌အထူး‌အဖွဲ့မှူး‌နှင့် စစ်ဦး‌စီး‌အရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့်ဇနီး တက်ရောက်သည်။ ဖွင့်ပွဲအခမ်း‌အနား‌တွင် အတွင်း‌ရေး‌မှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး‌တင်ဦးက အဖွင့်အမှာစကား‌ပြော‌သည်။

ပြိုင်ပွဲသို့ မြောက်ပိုင်း‌တိုင်း‌ စစ်ဌာနချုပ်မှ မြင်းမိုရ်ဦး‌အငြိမ့်အဖွဲ့ အနောက်မြောက်တိုင်း‌ စစ်ဌာနချုပ်မှ မြမာလာအငြိမ့်အဖွဲ့ အရှေ့ပိုင်း‌တိုင်း‌ စစ်ဌာနချုပ် (က) မှ ရွှေနေကြာအငြိမ့်အဖွဲ့၊ အရှေ့ပိုင်း‌တိုင်း‌ စစ်ဌာနချုပ် (ခ) မှ နန်းကြွာနွယ်အငြိမ့်အဖွဲ့၊ အရှေ့မြောက်တိုင်း‌စစ်ဌာနချုပ်မှ မောကိန္နရီအငြိမ့်အဖွဲ့၊ တောင်ပိုင်း‌တိုင်း‌ စစ်ဌာနချုပ်မှ

ရွှေခေတ္တရာအငြိမ့်အဖွဲ့၊ ရွှေမြန်မာအငြိမ့်အဖွဲ့နှင့် မာန်အငြိမ့်အဖွဲ့၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် (က) မှ မြသံလွင် အငြိမ့်အဖွဲ့နှင့် ရွှေဟင်္သာအငြိမ့်အဖွဲ့၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် (ခ) မှ ပုလဲကေရီ (၁) အငြိမ့်အဖွဲ့နှင့် ပုလဲကေရီ (၂) အငြိမ့်အဖွဲ့၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ လေးဝတီအငြိမ့်အဖွဲ့၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ မြနန်းဇရာအငြိမ့် အဖွဲ့၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ပြည်သူ့မေတ္တာ ရွှေရတနာ အငြိမ့်အဖွဲ့၊ မြေလတ်သူဇာအငြိမ့်အဖွဲ့၊ အောင်လံတော်အငြိမ့်အဖွဲ့နှင့် နန်းမြို့တော်အငြိမ့်အဖွဲ့၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရွှေဝါဝင်းအငြိမ့်အဖွဲ့၊ ရွှေလမင်းအငြိမ့်အဖွဲ့နှင့် ရွှေမြင်းမိုရ်အငြိမ့်အဖွဲ့ စုစုပေါင်းတိုင်းစစ်ဌာနချုပ် ၁၀ ခုမှ အငြိမ့်အဖွဲ့ ၂၁ ဖွဲ့ ပါဝင်ယှဉ်ပြိုင်သည်။

ဒုတိယအကြိမ် မြဝတီအငြိမ့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၆ ရက်၌ အမျိုးသားဇာတ်ရုံတွင် ကျင်းပရာ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး တက်ရောက်အမှာ စကားပြောကြားပြီး ပထမဆုရ အငြိမ့်အဖွဲ့အား ဆုများချီးမြှင့်ပေးအပ်သည်။ ပြိုင်ပွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ရွှေလမင်း အငြိမ့်အဖွဲ့က ပထမဆု၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ရွှေမြင်းမိုရ်အငြိမ့်အဖွဲ့က ဒုတိယဆု၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ မြင်းမိုရ်ဦးအငြိမ့်အဖွဲ့က တတိယဆု၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် (ခ) မှ ပုလဲကေရီ (၁) အငြိမ့်အဖွဲ့က စတုတ္ထဆု၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ရွှေလမင်းအငြိမ့်အဖွဲ့မှ ခိုင်သဇင်သင်းက အကောင်းဆုံး ခေါင်းဆောင်မင်းသမီး ပထမဆု၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် မြေလတ်သူဇာ အငြိမ့်အဖွဲ့မှ ပိုင်စန်းငြိမ်းက ဒုတိယဆု၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် (က) မြသံလွင်အငြိမ့်အဖွဲ့မှ နိုင်နိုင်ရွှေစိုက တတိယဆု၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ရွှေမြင်းမိုရ်အငြိမ့်အဖွဲ့မှ ဝါဝါခိုင်က အကောင်းဆုံးရှေ့ထွက်မင်းသမီး ပထမဆု၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ရွှေဝါဝင်းအငြိမ့်အဖွဲ့မှ ပိတောက်က ဒုတိယဆု၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် မာန်အငြိမ့်အဖွဲ့မှ ချိုတာလွင်က တတိယဆု၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ရွှေလမင်းအငြိမ့်အဖွဲ့မှ ကျော်ထူးနှင့်အဖွဲ့က အကောင်းဆုံးလူရွင်တော် ပထမဆု၊ ရန်ကုန်တိုင်း



ပဉ္စမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတိုးပြိုင်ပွဲတွင် အကပြိုင်ပွဲဝင်နေသူကလေး

စစ်ဌာနချုပ် ရွှေမြင်းမိုရ် အငြိမ့်အဖွဲ့မှ မေတ္တာနှင့်အဖွဲ့မှ ဒုတိယဆု၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် (ခ) ပုလဲကေရီ (၁) အငြိမ့်အဖွဲ့မှ ကမ္ဘာကျော်နှင့်အဖွဲ့က တတိယဆု၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ရွှေမြန်မာအငြိမ့်အဖွဲ့မှ စိန်ကလာနှင့် အဖွဲ့က အကောင်းဆုံးဆိုင်းအဖွဲ့ ပထမဆု၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ရွှေလမင်းအငြိမ့်အဖွဲ့မှ မြန်မာပြည် ကျောက်စိမ်းနှင့်အဖွဲ့က ဒုတိယဆု၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ရွှေမြင်းမိုရ်အငြိမ့်အဖွဲ့မှ မိုးဇော်ဗိုလ်နှင့် အဖွဲ့က တတိယဆု၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ရွှေလမင်းအငြိမ့်အဖွဲ့က အကောင်းဆုံးတေးသီချင်းပထမဆု၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်

ရွှေမြင်းမိုရ်အငြိမ့်အဖွဲ့က ဒုတိယဆု၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် မြေလတ်သူဇာအငြိမ့်အဖွဲ့က တတိယဆု၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြင်းမိုရ်ဦးအငြိမ့်အဖွဲ့မှ ခေါင်းဆောင်မင်းသမီးဒေလီမြင့်က လက်ဆင့်ကမ်းအမွေဆု၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် မြမာလာအငြိမ့်အဖွဲ့မှ ရှေ့ထွက်မင်းသမီး ခိုင်မြကေသီက မျိုးဆက်သစ်လူငယ်ဆု အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (ခ) နန်းကန္ဒာနွယ် အငြိမ့်အဖွဲ့မှ ချာလီနှင့်အဖွဲက မျိုးဆက်သစ်လူရွှင်တော်အဖွဲ့ဆု၊ အငြိမ့်အဖွဲ့ ၁၇ ဖွဲ့က ဂုဏ်ပြုဆုများ အသီးသီးဆွတ်ခူးရရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲ

ပဉ္စမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာလ ၂ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့၊ ပြည်လမ်းရှိ အမျိုးသားပြတိုက်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၊ ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန လေ့ကျင့်ဆောင်နှင့် စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာဇာတ်ရုံတို့တွင် ကျင်းပသည်။ မြန်မာရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ရည်ရွယ်ချက်ခြောက်ရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၄၊ စာ ၂၅၉ ရှ)

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား၊ကိုအောက်တိုဘာလ ၂ ရက်၌ အမျိုးသားဇာတ်ရုံတွင် ကျင်းပရာ ပဉ္စမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် မိန့်ခွန်းပြောကြားသည်။

ပဉ္စမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀)၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်)၊ အခြေခံပညာအဆင့် (အသက် ၅ နှစ်မှ ၁၀ နှစ်)ဟူ၍ အဆင့်ခြောက်ဆင့်ခွဲပြီး ကျင်းပရာပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်ဦးရေ ၂,၀၈၆ ဦးဝင်ရောက်ယှဉ်ပြိုင်သည်။ ထို့ပြင် အကပြိုင်ပွဲတွင် ဇာတ်သဘင်ပြိုင်ပွဲနှင့် အမျိုးသမီးရုပ်သေးပြိုင်ပွဲများကို တိုးချဲ့ထည့်သွင်းကျင်းပသည်။

ဆဋ္ဌမအကြိမ် မြန်မာ့ရိုးရာနွားလှည်းနှင့် နွားအလှပြိုင်ပွဲဖွင့်ပွဲ



၂၀၇

ပဉ္စမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၁၈ ရက်၌ အမျိုးသားဇာတ်ရုံတွင် ကျင်းပရာ ပဉ္စမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယက အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်. တက်ရောက် မိန့်ခွန်းပြောကြားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ထူးခြားစွာ ပြိုင်ပွဲဝင်ကြသူများအား အထူးဆုများ ပေးအပ်ချီးမြှင့်သည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(၁၉၉၅)။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူးကျင်းပသော ၁၉၉၅ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့် အခမ်းအနားကို ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားပြိုင်ပွဲရုံ (၁) ၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၊ ဗိုလ်ချုပ်အေးကျော် တက်ရောက် အမှာစကားပြောကြားပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများအား ဂျွေစင်ရုပ်ဆုများ ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာ အဖွဲ့တို့မှအဖွဲ့ဝင်များ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ၁၉၅၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်များ၊ ၁၉၉၅ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကား ၃၈ ကားမှ ရုပ်ရှင်သရုပ်ဆောင်များနှင့် အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ကုမ္ပဏီပိုင်ရှင်များ၊ ထုတ်လုပ်သူများ၊ အထူးဖိတ်ကြားထားသူများနှင့် ရုပ်ရှင်ချစ်ပရိသတ်များ တက်ရောက်ကြသည်။

၁၉၉၅ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော မြန်မာ့ရုပ်ရှင်ဇာတ်ကားပေါင်း ၃၈ ကား ရှိသည့်အနက်မှ ၁၉၉၅ ခုနှစ်



၁၉၉၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိကြသူ အနုပညာရှင်များ ဆုယူအပြီး

အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ဇာတ်ကား:ထူးချွန်ဆု၊ ဒါရိုက်တာ ထူးချွန်ဆု၊ ဇာတ်ဆောင်ထူးချွန်ဆု၊ ဇာတ်ပို့ထူးချွန်ဆု၊ ရုပ်ရှင်တေး:ဂီတ ထူးချွန်ဆု၊ မာတ်ပုံထူးချွန်ဆု၊ ရုပ်ရှင်ဇာတ်ညွှန်း:ထူးချွန်ဆု စသည်ဖြင့် ဆုအသီး:သီး:ရရှိကြရာ အောက်ပါအတိုင်း:ဖြစ်သည်။

၁၉၉၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ

စဉ်	ဆုအမည်	ဆုရရှိသူ	ဇာတ်ကား:အမည်
၁။	အကောင်း:ဆုံး ဇာတ်ကား:ထူးချွန်ဆု		တိုက်ပွဲခေါ်သံ
၂။	အကောင်း:ဆုံး ဒါရိုက်တာထူးချွန်ဆု	မောင်တင်ဦး	။
၃။	အကောင်း:ဆုံး အမျိုး:သမီး ဇာတ်ဆောင်ဆု	မေသန်း:နု	ပုဂံမှာသာတဲ့လ
၄။	အကောင်း:ဆုံး အမျိုး:သား:ဇာတ် ဆောင်ဆု	ရန်အောင်	။
၅။	အကောင်း:ဆုံး အမျိုး:သား:ဇာတ် ဆောင်ဆု	စိုး:သူ	အောင်မြင်သောနေ့
၆။	အကောင်း:ဆုံး အမျိုးသား:ဇာတ်ပို့ဆု	ဇော်လင်း (ကွယ်လွန်)	တိုက်ပွဲခေါ်သံ
၇။	အကောင်း:ဆုံး အမျိုးသမီး:ဇာတ်ပို့ဆု	မြင့်မြင့်ခိုင်	အောင်မြင်သောနေ့
၈။	အကောင်း:ဆုံး ရုပ်ရှင်တေး:ဂီတ ထူးချွန်ဆု	ဂီတလှလင် မောင်ကိုကို	တိုက်ပွဲခေါ်သံ
၉။	အကောင်း:ဆုံး မာတ်ပုံထူးချွန်ဆု	ဦး:သန်း:ညွှန့် (ပန်း:သာ)	ပုဂံမှာသာတဲ့လ
၁၀။	အကောင်း:ဆုံး ဇာတ်ညွှန်း:ထူးချွန်ဆု	အောင်ကျည်ထွဏ်း:	တိုက်ပွဲခေါ်သံ

ယူနိုက်တက်ကင်း:ဒမ်း:နိုင်ငံ။ ။ဗြိတိန်နိုင်ငံကို ၁၈ နှစ်ကြာမျှ အုပ်စိုး:ခဲ့သော ကွန်ဆာဗေး:တစ်ပါတီသည် မေလ ၁ ရက်နေ့က ကျင်း:ပသော အထွေထွေရွေး:ကောက်ပွဲ၌ အရေး:နိမ့်ခဲ့သည်။ အမတ်ဦး:ရေ ၆၅၉ ဦး:ရှိသော ပါလီမန်တွင် အတိုက်အခံ လေဘာပါတီက အမတ်ဦး:ရေ ၃၃၀ အနိုင်ရရှိထား:၍ အစိုး:ရဖွဲ့.နိုင်တော့.မည် ဖြစ်သည်။ တိုနီဘလဲယာ:ခေါင်:ဆောင်သော လေဘာပါတီသည် ပြောင်း:လဲဖို့. အချိန်တန်ပြီ ဟူသော ကြွေး:ကြော်သံဖြင့် မဲဆွယ်လှုပ်ရှား:ခဲ့ရာ ကွန်ဆာဗေး:တစ်ပါတီကို စိတ်ကုန်နေသော ဗြိတိန်မဲဆန္ဒရှင် ၄၄ သန်း:တို့က လေဘာပါတီကို တိုင်း:ပြည်အုပ်ချုပ်ရန် အလှည့်ပေး:လိုက်ခြင်း: ဖြစ်သည်။ ၁၉၉၂ ခုနှစ် ရွေး:ကောက်ပွဲတွင် ပြည်သူလူထု စစ်တမ်း:များ:က လေဘာပါတီကို ပုံအောထော့က်ခံ ခဲ့ကြသည်။ သို့သော် ရွေး:ကောက်ပွဲကျင်း:ပသောအခါ လေဘာပါတီ မရှုမလှအရေး:နိမ့်ခဲ့ရသည်။ ထိုအချိန်မှစ၍မစွတာဘလဲယာ: သည် ပါတီတွင်း ပြုပြင်ပြောင်း:လဲမှုများ ပြုလုပ်ပြီး: စီး:ပွား:ရေး:လောကမှ လုပ်ငန်း:ရှင်ကြီး:များ:နှင့် ရင်း:နှီး:နာ:လည်မှုရှိအောင် အထူး:ကြိုး:ပမ်း:ခဲ့သည်။

ကွန်ဆာဗေး:တစ် ပါတီခေါင်း:ဆောင် ဝန်ကြီး:ချုပ် ဂျွန် မေဂျာက လေဘာပါတီခေါင်း:ဆောင် တိုနီဘလဲယာ:ထံသို့ ဖုန်း:ဆက်ပြီး: ချီး:ကျူး:စကား:ပြောကြား:ခဲ့သည်။ တိုနီဘလဲယာ:သည် အသက် ၄၃ နှစ်သာရှိသေး:ရာ ဗြိတိန်သမိုင်း:တွင် အသက်အငယ်ဆုံး: ဝန်ကြီး:ချုပ်အဖြစ် မှတ်တမ်း:တင်ရမည့်သူ ဖြစ်သည်။ ဗြိတိန်ရွေး:ကောက်ပွဲတွင် ကာကွယ်ရေး: ဝန်ကြီး: မိုက်ကယ်ပေါ်တီလိုနှင့် နိုင်ငံခြား:ရေး:ဝန်ကြီး: မဲလ်ကွမ်ရစ်ဖ်ကင်:တို့လည်း: ရှုံး:နိမ့်ခဲ့ကြသည်။ လန်ဒန်မြို့မြောက်ပိုင်း: ဟန့်တင်း:ဒွန်ဒေသ ရွေး:ကောက်ပွဲ၌ ဝန်ကြီး:ချုပ် ဂျွန်မေဂျာ အနိုင်ရခဲ့သော်လည်း: ပါလီမန်ရွေး:ကောက်ပွဲ၌ မိမိတို့ အရေး:နိမ့်ကျသွား:ပြီဖြစ်ကြောင်း: သူ့.အား:.ထောက်ခံသူများ:ကို ဂျွန်မေဂျာက ပြောကြား:ခဲ့သည်။ ပါလီမန်အမတ် ၆၅၉ နေရာတွင် လေဘာပါတီက အမတ်နေရာ ၃၃၀ အနိုင်ရရှိ၍ အစိုး:ရသစ်ဖွဲ့.ရန် သေချာသွား:သည်။

ကွန်ဆာဗေး:တစ် အစိုး:ရများ: လက်ထက်တွင် ချမ်း:သာသူများ:က ပို၍ပို၍ ချမ်း:သာသွား:ပြီး: ဆင်း:ရဲမွဲတေသူများ:မှာ



ဗြိတိန်ဝန်ကြီး ချုပ် တိုနီဘလဲယား:အား လေဘာပါတီမှ အမျိုးသမီးပါလီမန်အမတ်များနှင့်အတူတွေ့ရစဉ်

ပိုမို ဆင်းရဲတွင်းနက်သွား:ကြသည်။ ၁၉၇၉ ခုနှစ်မှ ၁၉၉၄ ခုနှစ်အတွင်း အချမ်းသာဆုံးပုဂ္ဂိုလ် ၁၀ ရာခိုင်နှုန်း၏ ဝင်ငွေမှာ ဖဝ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ လူလတ်တန်းစား၏ ဝင်ငွေသုံးပုံတစ်ပုံ တိုးတက်ခဲ့၍ အဆင်းရဲဆုံး လူဦးရေ၏ ၁၀ ရာခိုင်နှုန်းမှာ ၁ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သည်။ ဗြိတိန်နိုင်ငံ၏ အခွန်အကောက် ဝန်ထုပ်ဝန်ပိုးမှာ ယခုနှစ်တွင် ၁၉၇၈-၇၉ ခုနှစ်က ပြည်တွင်း အသား:တင်ထုတ်လုပ်မှုတန်ဖိုး၏ ၃၆ ဒသမ ၂၅ ရာခိုင်နှုန်း:အထိ တိုး:လာခဲ့သည်။ လေဘာပါတီအစိုး:ရ အာဏာရစဉ်က အကောက်ခွန်မှာ ၃၄ ဒသမ ၂၅ ရာခိုင်နှုန်း ရှိခဲ့သည်။

ယခင်ပါလီမန်တွင် လူဖြူမျာ:၊ အမျိုး:သာ:များနှင့် လူလတ်ပိုင်:လူငယ်များ ကြိ:စိုး:ခဲ့သော်လည်း ယခု ရွေး:ကောက်ပွဲတွင် ရွေး:ချယ်တင်မြှောက်ခံရသော အမျိုး:သမီး:ဦး:ရေမှာ ၁၂၀ ဦး:အထိ တိုး:လာခဲ့သည်။ ယခင်က အမျိုး:သမီး:အမတ်ဦး:ရေ ၆၃ ဦး:သာ ရှိခဲ့သည်။ ဟတ်ဖို့မဲဆန္ဒနယ်မှ အရွေး:ခံရသော ကလယ်ရာဝဒ်မှာ အသက် ၂၄ နှစ်သာရှိသေး:ရာ အသက်အငယ်ဆုံး: အမျိုး:သမီး: ဖြစ်လာသည်။ သန်း:ကြွယ်သူဌေး: မွတ်စလင်ဘာသာဝင်ဖြစ်သူ မိုဟာမက် ဆာဝါ အပါအဝင် လူမျိုး:ကွဲအမတ် ကိုး:ဦး:မှာ လေဘာပါတီမှ ဝင်ရောက်အရွေး:ခံရာ အနိုင်ရရှိခဲ့သည်။ ဇမ်ခံသဘော်ကြီး: ပေါ်၌ စား:ပွဲထိုး:လုပ်ခဲ့သူ ပါတီ ဒုတိယခေါင်း:ဆောင် ဂျွန်ပရက်စကော့မှာ ဒုတိယဝန်ကြီး:ချုပ် ဖြစ်လာသည်။ မိမိကိုယ်ကို မိမိ မိန်:မလျာပါဟု ပြောင်ပြောင်တင်:တင်: ဖွင်ဟဝန်ခံခဲ့သူ ခရစ္စမစ်သဲမှာ ဝန်ကြီး:အဖွဲ့တွင် အမျိုး:သား: ဂုဏ်သိက္ခာမြှင့်တင်ရေ: ဝန်ကြီး: ဖြစ်လာသည်။ ပထမဆုံး: မျက်မမြင် ဝန်ကြီး: ဒေး:ဗစ်ဘလန့်ကက်ကို ပညာရေး:ဝန်ကြီး: ခန့်အပ်သည်။ နိုင်ငံခြား:ရေး:ဝန်ကြီး:အဖြစ် စကော့လူမျိုး: ရိုဘင်ကွတ်အာ: ခန့်အပ်၍ စကော့လူမျိုး: ဂေါ်ဒွင်ဘရောင်: အာ: ဘဏ္ဍာရေး:ဝန်ကြီး: ခန့်အပ်သည်။

စကော့တလန်နှင့် ဝေလပြည်နယ်တို့မှ ဝင်ရောက် ယှဉ်ပြိုင်သော ကွန်ဆာဗေး:တစ်ပါတီဝင် ဝန်ကြီး:ခုနစ် ဦး: လုံး:မှာ လုံး:ဝ ရှုံး:နိမ့်သွား:ခဲ့သည်။ ယခုအခါ စကော့တလန်နှင့် ဝေလနယ်တို့၌ လေဘာပါတီအမတ်များ:သာ မဲဆန္ဒနယ် အား:လုံး:၌ အနိုင်ရရှိခဲ့သည်။ စကော့တလန်နှင့် ဝေလပြည် နယ်တို့၌ ကိုယ်ပိုင်သီး:ခြား: ပါလီမန်များ: တည်ထောင်ခွင့် ပေး:မည်ဟု ဝန်ကြီး:ချုပ်တိုနီဘလဲယား:က ကြေညာခဲ့သည်။ ယခင် ကွန်ဆာဗေး:တစ် အစိုး:ရအဆက်ဆက်က သီး:ခြား: ပါလီမန် ဖွဲ့စည်း:မှုကို လုံး:ဝလက်မခံဘဲ ပယ်ချခဲ့၍ လေဘာ ပါတီ၏ လုပ်ရပ်သည် ဗြိတိသျှနိုင်ငံကြီး:အား: စတင်ဖြိုခွဲမှုပင် ဖြစ်သည်ဟု ကွန်ဆာဗေး:တစ်ပါတီက သတိပေး:လိုက်သည်။

ရွေးကောက်ပွဲတွင် မရှုမလှ အရေးနိမ့်သွားသော ကွန်ဆာဗေးတစ်ပါတီတွင် ပါတီခေါင်းဆောင် ဝန်ကြီးချုပ်ဟောင်း ဂျွန်မေဂျာ နုတ်ထွက်သွားခဲ့ရသည်။

ဗြိတိန်ရွေးကောက်ပွဲ၌ လေဘာပါတီ အနိုင်ရရှိပြီးနောက် အမေရိကန်ဗြိတိသျှဆက်ဆံရေးမှာ ပုံမှန်အတိုင်း ဆက်လက်တည်ရှိနေလိမ့်မည်ဟု အမေရိကန် အစိုးရက ပြောကြားခဲ့သည်။ သမ္မတ ကလင်တန်က မစ္စတာတိုနီ ဘလဲယာ ရွေးကောက်ပွဲအနိုင်ရ၍ ဝမ်းမြောက်ကြောင်း စသည်ဖြင့် သမ္မတအိမ်ဖြူ ပြောခွင့်ရပုဂ္ဂိုလ် မိုက်မက်ကာရီက မေလ ၃ ရက်နေ့တွင် ပြောကြားခဲ့သည်။ အိုင်အာရ်အေ၏ နိုင်ငံရေး အဖွဲ့အစည်းဖြစ်သော ရှင်ဖိန်းနှင့် ဗြိတိန်တာဝန်ရှိ ပုဂ္ဂိုလ်များသည် မြောက်ပိုင်းအိုင်ယာလန် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ မေလ ၂၁ ရက်နေ့တွင် စတင် ဆွေးနွေးခဲ့ကြသည်။ ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အိုင်အာရ်အေက အပစ်အခတ်ရပ်စဲမှုအဆုံးသတ်ပြီးနောက် ယင်းဆွေးနွေးပွဲမှာ ပထမဆုံးအကြိမ်တွေ့ဆုံ ဆွေးနွေးခြင်းဖြစ်သည်။ ကာလဖတ်မြို့၌ ပြုလုပ်သော ဆွေးနွေးပွဲသို့ ရှင်ဖိန်း စေ့စပ်ရေးမှူး မာတင်မက်ဂီနက်နှင့် ဗြိတိသျှအရာရှိများ တက်ရောက်ကြသည်။ အိုင်ယာလန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ သောင်တင်ရေမကျဖြစ်နေမှုကို ကျော်လွှားပြီး တရားမျှတသော နိုင်ငံရေးဖြေရှင်းမှုကို ဦးတည်လှုပ်ရှားရန် အထူးလိုလားကြောင်း မက်ဂီနက်က သတင်းထောက်များကို ပြောကြားသည်။

ဗြိတိသျှပညာရေးအဆင့်အတန်း မြင့်မားရေးအတွက် စာသင်ကျောင်းများကို ထိန်းချုပ်ကွပ်ကဲမည့် စက္ကူဖြူမူဝါဒကြေညာချက်ကို ဗြိတိန်ပညာရေးနှင့် အလုပ်သမားရေးရာဝန်ကြီး ဒေးဗစ်ကလန့်ကက်က ဇူလိုင်လ ၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ကလေးသူငယ်များသည် စာသင်ကျောင်း၌ ပညာသင်စဉ်သာ ပညာရေးအခွင့်အလမ်းရှိကြောင်း၊ ဤစက္ကူဖြူမူဝါဒစီမံကိန်းသည် ပညာရေးအဆင့်အတန်းမြင့်ရေးနှင့် ကလေးသူငယ်များအတွက် အခွင့်အလမ်းဖွင့်ပေးရန် ဆောင်ရွက်သည့် အစီအစဉ်တွင် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ပါလီမန်တွင် တင်ပြသော မူဝါဒကြေညာချက်၌ ဖော်ပြထားသည်။ အသက် ၁၁ နှစ်အရွယ် မူလတန်းကျောင်းထွက် ကလေးငယ်များ၏ စာဖတ်ကျွမ်းကျင်မှုစံချိန်မှာ ယမန်နှစ်က ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ သက္ကရာဇ် ၂၀၀၁ ခုနှစ်တွင် ၈၀ ရာခိုင်နှုန်းအထိ ရောက်ရှိအောင် စက္ကူဖြူမူဝါဒစီမံကိန်းက ရည်ရွယ်ထားသည်။ ရည်ရွယ်ချက်ပြည့်အောင် မဖြည့်ဆည်းနိုင်သော စာသင်ကျောင်းများကို ဒေသန္တရအုပ်ချုပ်မှုအောက်မှ အစိုးရက လွှဲပြောင်းယူမည် ဖြစ်သည်။

ယင်းသို့ရှိနေခဲ့ရာမှ မြောက်အိုင်ယာလန်ပြဿနာ ပါတီစုံဆွေးနွေးရေး အရှိန်အဟုန်ကို ထိန်းသိမ်းထားရန် ကြိုးပမ်းရေးအတွက် ဗြိတိန်နှင့်အိုင်ယာလန်ဝန်ကြီးများသည် ဇူလိုင်လ ၁၈ ရက်နေ့တွင် လန်ဒန်မြို့၌ တွေ့ဆုံကြသည်။ သုံးနာရီကြာတွေ့ဆုံဆွေးနွေးပြီးနောက် မြောက်အိုင်ယာလန်ဆိုင်ရာ ဗြိတိသျှဝန်ကြီး မိုမောလမ်နှင့် အိုင်ယာလန်နိုင်ငံခြားရေးဝန်ကြီး ရေးဘတ်တို့က ရှင်ဖိန်းခေါင်းဆောင် ဂယ်ရီအဒမ်၏ကြေညာချက်ကို ကြိုဆိုကြောင်းပြောကြား သည်။ ယင်းကြေညာချက်တွင် မြောက်အိုင်ယာလန် အနာဂတ်ရေး အဓိပ္ပာယ်ရှိစွာ ဆွေးနွေးညှိနှိုင်းရေးအတွက် အတား အဆီး အချို့ကို နှစ်ဖက်အစိုးရများက ဖယ်ရှားပစ်ခဲ့ကြောင်း ဂယ်ရီအဒမ်က ပြောကြားသည်။ ထိုကြေညာချက်ကို အိုင်အာရ်အေ၏ နိုင်ငံရေးပါတီခေါင်းဆောင် အဒမ်၊ ထိုပြည်နယ်၏ အကြီးမားဆုံးကက်သလစ်ပါတီခေါင်းဆောင်ဂျွန်ဟူး၊ ဆိုရှယ်ဒီမိုကရက်နှင့် လေဘာပါတီတို့က ဇူလိုင်လ ၁၇ ရက်နေ့ဆွေးနွေးပွဲအပြီးတွင် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ဇူလိုင်လ ၂၀ ရက်နေ့စွဲဖြင့် ဝါရှင်တန်မှလာသော အခြားသတင်းတစ်ရပ်တွင် အိုင်အာရ်အေ၏ နိုင်ငံရေးပါတီဖြစ်သော ရှင်ဖိန်းက ထုတ်ပြန်သော အပစ်အခတ်ရပ်စဲရေးတိုက်တွန်းချက်ကို တုံ့ပြန်ရန် အိုင်အာရ်အေကို အမေရိကန်က တိုက်တွန်းကြောင်း ဖော်ပြထားသည်။

ဤသို့ဖြင့် အပစ်အခတ်ရပ်စဲကြောင်း အိုင်အာရ်အေကကြေညာပြီးနောက် ရှင်ဖိန်းအဖွဲ့ကိုယ်စားလှယ်များနှင့် ဗြိတိသျှအရာရှိများသည် ပထမဆုံးအကြိမ်အဖြစ် ဇူလိုင်လ ၁၈ ရက်နေ့ကတွေ့ဆုံဆွေးနွေးခဲ့ကြသည်။ မြောက်အိုင်ယာလန် ငြိမ်းချမ်းရေးလုပ်ငန်းနှင့် စက်တင်ဘာလတွင် ပြုလုပ်မည့် ပါတီစုံငြိမ်းချမ်းရေးဆွေးနွေးပွဲ ကိစ္စတို့ကို ညှိနှိုင်းရန် တဲလ်ဖတ်မြို့ရှိ ဗြိတိသျှအရာရှိများနှင့် တွေ့ဆုံ

ဆွေးနွေးသော ကိုယ်စား‌လှယ်အဖွဲ့ကို ရှင်ဖိန်းဒုတိယဥက္ကဋ္ဌ ပက်ဒိုဟာကီက ခေါင်းဆောင်ရန်ဖြစ်သည်။ စက်တင်ဘာလ ငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ ရှင်ဖိန်းအဖွဲ့တက်ရောက်ခွင့်ပြုခဲ့ရာ အိုင်အာရ်အေက အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့သည်။ ယနေ့အထိ အိုင်အာရ်အေက ပစ်ခတ်တိုက်ခိုက်မှု မရှိသေးကြောင်း သိရသည်။

တော်ဝင် မိသားစုအပေါ် ပြည်သူ့ သဘောထား – ဗြိတိန်နိုင်ငံ၏ တော်ဝင်မိသားစုကို ထောက်ခံမှု အင်အား‌မှာ လွန်ခဲ့သော ၁၄ နှစ်ကာလအတွင်း ထက်ဝက်ခန့် ကျဆင်းခဲ့ကြောင်း၊ ဗြိတိသျှဘုရင်မကြီး အယ်လိဇဘက်၏ အိမ်ထောင်သက်တမ်း နှစ် ၅၀ ပြည့်၊ ရွှေရတုသဘင် အကြိုနေ့တွင် ‘ထုတ်ပြန်လိုက်သော ပြည်သူလူထု သဘောထား‌စစ်တမ်း‌အရ သိရှိရသည်။ ဝင်ဆာရဲတိုက် မိသား‌စုဝင်များ (တော်ဝင်မိသား‌စုဝင်များ) သည် တစ်ချိန်က လက်အောက်ခံတိုင်း‌သူပြည်သား လူအများတို့၏ ကြည်ညိုလေး‌စားမှုရရှိခဲ့သော်လည်း ယခုအခါ ယင်းသို့ ကြည်ညိုလေး‌စားမှု မရရှိနိုင်တော့ကြောင်း၊ တော်ဝင်မိသား‌စုသည် ပြည်သူလူထု၏ ချစ်ခင်လေး‌စားမှု ပြန်လည်ရရှိရန် အထူးပင် ကြိုး‌ပမ်း‌နေကြရကြောင်း စစ်တမ်းတွင် ဖော်ပြသည်။

တော်ဝင်မိသား‌စုအပေါ် သဘောကျထောက်ခံသူ အင်အား‌မှာ ၁၉၈၃ ခုနှစ်တွင် ၆၅ ရာခိုင်နှုန်း‌ရှိခဲ့ရာမှ ယခုအခါ ၃၂ ရာခိုင်နှုန်း‌အထိ ကျဆင်း‌လာခဲ့ကြောင်း၊ လူငယ်ပိုင်း‌အရွယ် ငါး‌ဦး‌လျှင် တစ်ဦး‌သာလျှင် ဘုရင်စနစ်ကို အလေး‌ထား‌ကြောင်း စစ်တမ်း‌၌ ဆက်လက်ဖော်ပြသည်။ လူငယ်များသည် ယခုအခါ ထုံး‌တမ်း‌စဉ်လာအရ ဗြိတိသျှအဖွဲ့အစည်း‌များ‌အပေါ် ကြည်ညိုလေး‌စား‌စိတ် အမှန်‌ပင် လျော့နည်း‌လာနေကြောင်း စစ်တမ်း‌၌ နိဂုံး‌ချုပ်ထား‌သည်။ အဆိုပါ စစ်တမ်း‌သည် လျင်မြန်စွာ တိုး‌တက်ပြောင်း‌လဲနေသော လူ့ဘောင်တစ်ရပ်ရှိ ဝလေ့ထုံး‌တမ်း‌များ‌အပေါ် အများ‌ပြည်သူ လိုက်နာမှု အခြေအနေကို ဖော်ပြသော လူမှုရေး ပြဒါး‌တိုင် တစ်ခုသဖွယ် ရှုမြင်ရသည်။ ၁၉၄၇ ခုနှစ်၊ နိဝင်ဘာလ ၂၀ ရက်နေ့က ဝက်မင်စတာ ဘုရား‌ရှိခိုး‌ကျောင်း‌၌ ရေတပ်အရာရှိလေး ဖိ‌လစ်နှင့် လက်ထပ်ခဲ့သော ဘုရင်မကြီး အယ်လိဇဘက်သည် သူမ၏ စိုး‌စံမှု နန်း‌သက် ကာလအတွင်း ချာ‌ရဟတ်သဖွယ် အတက်အကျ မြန်ဆန်သော ဘဝကြမ္မာ အပြောင်း‌အလဲများ‌နှင့် ကြုံတွေ့ခဲ့ရသည်။ ဘုရင်မကြီး၏ သား‌သမီး‌ကြီး သုံး‌ဦး‌စလုံး‌တို့မှာ အိမ်ထောင်ရေး‌တွင် ကွာရှင်း ပြတ်စဲမှုများ ရှိခဲ့ကြပြီး ဝင်ဆာရဲတိုက်ကြီး‌ကို မှုမမှန် လည်ပတ်နေသော မိသား‌စုယန္တရား‌အဖြစ် သုံး‌နှုန်း‌လာကြသည်။

မင်း‌သမီး ဒိုင်ယာနာ ကား‌တိုက်သေဆုံး‌မှု – ဗြိတိသျှတော်ဝင်မင်း‌သမီး ဒိုင်ယာနာသည် ကား‌တိုက်မှုဖြစ်ပွား‌ပြီး‌နောက် သြဂုတ်လ ၃၁ ရက်၊ တနင်္ဂနွေနေ့စောစောပိုင်း‌တွင် ကွယ်လွန်သွား‌ကြောင်း ပြင်သစ်ပြည်ထဲရေး‌ဝန်ကြီး ယွမ်ပီရေး‌ရှက်ဗ်နီမင့်က ပါရီမြို့တွင် ထုတ်ဖော် ပြောကြား‌သည်။ မင်း‌သမီး‌ဒိုင်ယာနာ ညသန်း‌ခေါင်ယံ၌ ကား‌တိုက်မှု ဖြစ်ပြီး‌နောက် ဆေး‌ကုသမှုခံယူခဲ့သော ပါရီမြို့အရှေ့တောင်ဘက်ရှိ ပီတီဆား‌လ်ပီထရီဆေး‌ရုံမှနေ၍ ပြည်ထဲရေး‌ဝန်ကြီး‌က ပြောကြား‌ခြင်း‌ဖြစ်သည်။ အသက် ၃၆ နှစ်အရွယ်ရှိ မင်း‌သမီး‌ဒိုင်ယာနာသည်ခွဲစိတ်ပြီး‌နောက် မကြာမီ အဆုတ်သွေး‌ကြောပေါက်ကာ သွေး‌ယိုစီး‌ထွက်မှုကြောင့် သေဆုံး‌သွား‌ခြင်း‌ဖြစ်ကြောင်း ဆရာဝန်များ‌က သတင်း‌ထောက်များ‌အား ပြောကြား‌သည်။ ညသန်း‌ခေါင်ယံအချိန်၌ သိမ်း‌မြစ်ကမ်း အယ်လ်မာတံတား‌အောက် ပါရီလမ်း‌မကြီး၏ လိုဏ်ဂူတစ်ခု၌ ယာဉ်တိုက်မှုဖြစ်ပွား‌ခဲ့သည်။ ဒိုင်ယာနာနှင့် အဖော်ပါလာသူ အီဂျစ်သန်း‌ကြွယ်သူဌေး‌ကြီး ဒိုဒီ အယ်လ်ဖေး‌ယက်ဒ် (၄၁) နှစ်နှင့် ယာဉ်မောင်း တို့လည်း နေရာတွင် ပွဲချင်း‌ပြီး‌သေဆုံး‌၍ ဒိုင်ယာနာ၏ သက်တော်စောင့်မှာ ဒဏ်ရာအကြီး‌အကျယ် ရရှိခဲ့သည်။

ကား‌ပေါ်တွင် လူလေး‌ဦး‌ပါရှိကြောင်း မင်း‌သမီး‌ဒိုင်ယာနာ၏ ကား‌နောက်သို့ဓာတ်ပုံသတင်း‌ထောက်များ‌က မော်တော်ဆိုင်ကယ်တစ်စီး‌ဖြင့် လိုက်လာစဉ် ယာဉ်တိုက်မှုဖြစ်ပွား‌ခြင်း‌ဖြစ်သည်ဟု ရဲပြော‌ရေး‌ဆိုခွင့်ရှိသူက ပြောကြား‌သည်။ ဒိုင်ယာနာစီး‌လာသော အနက်ရောင် မာစီဒီး ၆၀၀ အမျို‌း‌အစား‌ကား‌မှာ သိမ်း‌မြစ် မြောက်ဘက်ကမ်း‌ရှိ အယ်လ်မာတံတား‌အောက်မှ လမ်း‌အမှတ် အသား‌ကျောက်တိုင်ကို တိုက်မိရာ ကား‌မှာ တစ်ပတ်လည်ပြီး‌ နံရံကို ဝင်တိုက်မိခဲ့ခြင်း‌ ဖြစ်သည်။ မင်း‌သမီး‌ဒိုင်ယာနာနှင့် အယ်လ်

ဖေးယက်ဒ်တို့သည် ဩဂုတ်လ ၃၀ ရက်၊ စနေ နေ့လယ် ပိုင်းတွင် ပါရီသို့ရောက်ရှိခဲ့ကြသည်။ ဒိုင်ယာနာကွယ်လွန်သော သတင်းကို ကြားသိရသဖြင့် ခင်ပွန်းဟောင်း ချာလ်စ်မင်းသားနှင့် ဒုတိယမြောက် အယ်လီဇဘက် ဘုရင်မကြီးတို့ အကြီးအကျယ်တုန်လှုပ် ချောက်ချား၍ စိတ်ဒုက္ခရောက်ရကြောင်း ဘာကင်ဟမ်နန်းတော်က ကြေညာချက် ထုတ်ပြန်သည်။ ဒိုင်ယာနာ၏ ရုပ်အလောင်းကို သယ်ဆောင်လာသောလေယာဉ်သည် လန်ဒန်မြို့ အနောက် မြောက်ဘက် အာရ်အေအက်ဖ်နော့သ်ဟိုလ် လေတပ် အခြေစိုက်စခန်းသို့ ရောက်ရှိခဲ့ရာ ပါရီသို့တင်ကြို သွားရောက်ခဲ့သော ချာလ်စ်မင်းသားနှင့် ဒိုင်ယာနာ၏ ညီမနှစ်ဦးတို့လည်း အလောင်းနှင့်အတူ လိုက်ပါလာသည်။ ဝန်ကြီးချုပ် တိုနီ ဘလဲယာ၊ ကာကွယ်ရေး ဝန်ကြီး ကျော့ချ်ရောဘတ်ဆွန်နှင့် ဘုရားကျောင်း အကြီးအကဲများက လေဆိပ်မှ ဆီးကြိုခဲ့ကြသည်။ ဝက်စ်မင်စတာ ဘုရားကျောင်းတွင် ဝတ်ပြုဆုတောင်းပြီးနောက် စက်တင်ဘာလ ၆ ရက်နေ့က လန်ဒန်မြို့ မြောက်ဘက် မိုင် ၈၀ အကွာရှိ စပင်ဆာမိသားစုပိုင်သော အယ်သော့စ်အိမ် အတွင်း ဒိုင်ယာနာ၏ အလောင်းကို မြေမြှုပ် သင်္ဂြိုဟ်ခဲ့ သည်။

သင့်ဘဝ ဦးရဲလွင်

သီရိလင်္ကာနိုင်ငံ။ ။ တမီလ်အီလမ်လွတ်မြောက်ရေးကျား သူပုန်များက သီရိလင်္ကာနိုင်ငံ ကိလိနိုချီခရိုင် မြောက်ပိုင်း ပရမ်သန်၌ တပ်စွဲထားသော အစိုးရအစောင့်တပ်ဖွဲ့ကို ဇန်နဝါရီ ၉ ရက်နေ့တွင် တိုက်ခိုက်ခဲ့သည်။ ပရမ်သန်မှာ ကိုလံဘိုနှင့် ဂျဖနာကို ဆက်သွယ်ထားသော တောင်–မြောက် အဓိကလမ်းမကြီးဖြစ်သည်။ ဇန်နဝါရီ ၁၃ ရက်နေ့ ကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ကြေညာချက်တွင် အရာရှိ၁ဦးတိုက်ပွဲ၌ တမီလ်ကျားပြောက်ကျားသူပုန် ၃၀၀၈ ခန့် ပါဝင်ကြောင်း၊ အစိုးရတပ်ဖွဲ့များအနေဖြင့် အမြောက် လက်နက်ကြီးများနှင့် ခဲယမ်းမီးကျောက်များကို ရန်သူ့လက်သို့ မကျရောက်စေရေးအတွက် ဖျက်ဆီးပစ်ခဲ့ရကြောင်း ဖော်ပြခဲ့သည်။ ထို့ပြင် ခုနစ်နာရီကြာ ဖြစ်ပွားခဲ့သည့် တိုက်ပွဲ၌ သူပုန်ထိပ်တန်းခေါင်းဆောင် ၂၀ ဦး အပါအဝင် တမီလ်အီလမ် လွတ်မြောက်ရေးကျားသူပုန် ၃၅၀ ကျော် ကျဆုံးပြီး အစိုးရဘက်မှ စစ်သား ၂၃၂ ဦး ကျဆုံးခဲ့ကြောင်းကိုလည်း ထုတ်ဖော်ကြေညာခဲ့သည်။ တမီလ်အီလမ် လွတ်မြောက်ရေး ကျားသူပုန် အသံလွှင့်ဌာန၏ ကြေညာချက်အရ တိုက်ပွဲ၌ ပြောက်ကျားသူပုန်ကေဒါ ၁၅၁ ဦး ကျဆုံးခဲ့ပြီး အစိုးရတပ်ဖွဲ့မှာထံမှ မော်တာ၊ အကြီးစား စက်သေနတ်နှင့် အမြောက်ဆံများ အပါအဝင် လက်နက်နှင့် ခဲယမ်းမီးကျောက် အများအပြားကို သိမ်းဆည်းရမိခဲ့သည်ဟု သိရှိရသည်။

ဤသို့ ရှိနေခဲ့ရာမှ အာဏာရပါတီဖြစ်သည့် ပြည်သူ့မဟာမိတ်ပါတီမှ အမတ်တစ်ဦးဖြစ်သူ နာလန်ဒါ အယ်လာဝီလာသည် အတိုက်အခံ ပါတီဖြစ်သည့် ယူနိုက်တက် အမျိုးသားပါတီ(ယူအင်ပီ)ထောက်ခံသူများနှင့် ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် ကတောက်ကဆဖြစ်ပွားရာတွင် သေနတ်ပစ်ခတ်ခံရပြီး သေဆုံးခဲ့သည်။ အယ်လာဝီလာ၏ သက်တော်စောင့်နှင့် အခြားလူငါးဦးလည်း သေဆုံးခဲ့ရပြီး ပြည်သူ့မဟာမိတ်ပါတီမှ အခြားအမတ်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းဖြစ်ရပ်မှာ ရတ်နာပူရာတွင် စတင်ဖြစ်ပွားခဲ့ပြီး နှစ်ရက်ကြာ အဓိကရုဏ်း ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ ပစ်ခတ်မှုနှင့် စပ်လျဉ်းပြီး ရဲက လူခြောက်ဦးကို ဖမ်းဆီးခဲ့သည်။ ယူနိုက်တက် အမျိုးသားပါတီမှ ပါလီမန်အမတ်နှစ်ဦးကိုလည်း ရဲက မသက်ာမှုဖြင့် ခေါ်ယူစစ်ဆေးလိုသည်ဟု သိရှိရသည်။

ဤသို့ ရှိနေခဲ့ရာမှ အာဏာရပါတီဖြစ်သည့် ပြည်သူ့မဟာမိတ်ပါတီမှ အမတ်တစ်ဦးဖြစ်သူ နာလန်ဒါ အယ်လာဝီလာသည် အတိုက်အခံ ပါတီဖြစ်သည့် ယူနိုက်တက် အမျိုးသားပါတီ(ယူအင်ပီ)ထောက်ခံသူများနှင့် ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် ကတောက်ကဆဖြစ်ပွားရာတွင် သေနတ် ပစ်ခတ်ခံရပြီး သေဆုံးခဲ့သည်။ အယ်လာဝီလာ၏ သက်တော်စောင့်နှင့် အခြားလူငါးဦးလည်း သေဆုံးခဲ့ရပြီး ပြည်သူ့မဟာ မိတ်ပါတီမှ အခြားအမတ်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းဖြစ်ရပ်မှာ ရတ်နာပူရာတွင် စတင်ဖြစ်ပွားခဲ့ပြီး နှစ်ရက်ကြာ အဓိကရုဏ်း ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ ပစ်ခတ်မှုနှင့် စပ်လျဉ်းပြီး ရဲက လူခြောက်ဦးကို ဖမ်းဆီးခဲ့သည်။ ယူနိုက်တက် အမျိုးသားပါတီမှ ပါလီမန်အမတ်နှစ်ဦးကိုလည်း ရဲက မသက်ာမှုဖြင့် ခေါ်ယူစစ်ဆေးလိုသည်ဟု သိရှိရသည်။

ဖြစ်ပေါ်လျက်ရှိသော နိုင်ငံရေး အခြေအနေများကို အကြောင်းပြု၍ သီရိလင်္ကာနိုင်ငံ သမ္မတချုန်ဒရိကာ ဘန္ဒာရနိုက်ကေးကုမာရတွန်းဂါးသည် ယူနိုက်တက်အမျိုးသားပါတီ(ယူအင်ပီ)မှ အတိုက်အခံခေါင်းဆောင် ဝစ်ကရမ်မာဆင်ဂီနှင့် ဧပြီ ၃ ရက်နေ့တွင် စာများအပြန်အလှန် ရေးသားပေးပို့ကြပြီး ခွဲထွက်ရေးဝါဒီ တမီလ်အီလမ်လွတ်မြောက်ရေး ကျားသူပုန်တို့နှင့် ၁၄ နှစ်ကြာ ဖြစ်ပွားလျက်ရှိသည့် ပြည်တွင်းစစ်ကို အဆုံးသတ်ရေးအတွက် တူညီသောအမြင်များဖြင့် ချဉ်းကပ် လုပ်ဆောင်ကြရန် သဘောညီမျှစွာ ကတိကဝတ်ထားခဲ့ကြ သည်။

သဘောတူ သတ်မှတ်ချက်များအရ သမ္မတကုမာရတွန်းဂါးသည် တမီလ်ကျားသူပုန်တို့နှင့် ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခတွင် ထူးခြားသည့် ဖြစ်ပေါ်တိုးတက်မှုမှန်သမျှကို ဝစ်ကရမ်မာဆင်ဂီအား ရှင်းလင်းပြောပြရန် ကတိပေးခဲ့သည်။ ယူနိုက်တက်အမျိုးသားပါတီ ခေါင်းဆောင် ဝစ်ကရမ်မာဆင်ဂီကလည်း တမီလ်ပြောက်ကျားသူပုန်များ

နှင့် ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းရန် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို သေးသိမ်အောင် မပြုလုပ်ပါဟု ကတိပေးခဲ့သည်။ ယင်းလုပ်ဆောင်ချက်က ၁၉၉၅ ခုနှစ်တွင် မအောင်မြင် ဖြစ်ခဲ့ရသည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ပြန်လည် စတင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း အစိုးရအရာရှိများက ထုတ်ဖော်ပြောကြားခဲ့သည်။ အထက်ပါ သဘောတူညီချက်ကို ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရုံးမှ အငယ်တန်းဝန်ကြီး လီယမ်ဖောက်စ်က ဦးဆောင်ကာ ကြားဝင် စေ့စပ်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။ ကနဦးက သီရိလင်္ကာနိုင်ငံအစိုးရသည် ဗြိတိန်နိုင်ငံမှ ကြားဝင် စေ့စပ်ပေးမည့် ကမ်းလှမ်းချက်ကို ပယ်ချခဲ့သည်။ ပြင်ပမှ ဝင်ရောက်စွက်ဖက်မှုသည် သီရိလင်္ကာနိုင်ငံ၏ ပြည်တွင်းရေး လုံခြုံမှုကိစ္စရပ်အတွက် မလိုအပ်ကြောင်းနှင့် မသင့်လျော်ကြောင်းဟူသည့် ရပ်တည်ချက်ဖြင့် ဗြိတိန်နိုင်ငံ၏ ကမ်းလှမ်းချက်ကို ပယ်ချခဲ့ခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၆–စာ၊ ၃၀၆၊ ၃၀၇–ရှု။)

ဤသို့ဖြင့် မေ ၁၃ ရက်နေ့တွင် အစိုးရတပ်ဖွဲ့များက ဝန်နီဒေသတွင် တမီလ်အီလမ် လွတ်မြောက်ရေး ကျားသူပုန်များကို ထိုးစစ်ဆင်ခဲ့သည်။ "ကျယာဆီကူရူ (သေချာသည့်အောင်ပွဲ)" ဟု အမည်ပေးထားသည့် အဆိုပါထိုးစစ်တွင် အစိုးရစစ်သား ၁၀,၀၀၀ ကျော် ပါဝင်ပြီး ဗာဗူနီယာကီလိနှုချခြိနှင့် ဆက်သွယ်ထားသော မဟာဗျူဟာ ကျသည့် ထောက်ပံ့ရေးလမ်းကြောင်းကို ကူညီပံ့ပိုးရန် ရည်ရွယ်ပေသည်။

အစိုးရတပ်ဖွဲ့များသည် သူပုန်တို့ သိမ်းပိုက်ထားသည့် နယ်စပ်ခံတပ်မြို့ နှစ်မြို့ဖြစ်သည့် အိုမန်တိုင်နှင့် နီဒူကီနီမြို့နှစ်မြို့တို့ကို မေ ၁၅ ရက်နေ့တွင် သိမ်းပိုက်နိုင်ခဲ့သည်။ ယင်းသို့ သိမ်းပိုက်နိုင်ရန် ဝေဟင်ရောမြေပြင်ကပါ အပြင်းအထန် စစ်ဆင်ခဲ့ရသည်။ တမီလ် ပြောက်ကျားသူပုန်တို့က တိုက်ပွဲတွင် ၂၁၄ ဦး သေဆုံးပြီး ၃၁၆ ဦး ဒဏ်ရာရရှိကြောင်း၊ ပျက်စီးဆုံးရှုံးမှု များကြောင်း ဝန်ခံပြောကြားခဲ့သည်။ ဆိုခဲ့ပြီးသည့်အတိုင်း အစိုးရဘက်မှ အောင်ပွဲရသည့်အလျောက် "ကျယာဆီကူရူ (သေချာသည့်အောင်ပွဲ)"ထိုးစစ်ကို ဇွန်လ အတွင်းတွင် ဆက်လက်ဆင်နွှဲခဲ့သည်။

ဤအတောအတွင်း သမ္မတ ချန်ဒရိကာကုမာရတွန်းဂါ သည် ၄င်းဦးဆောင်သည့် အစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်း

သီရိလင်္ကာအစိုးရတပ်ဖွဲ့များက တမီလ်ကျားသူပုန်တို့ဖျက်ဆီးသွားသော တံတားတစ်ခုကို စစ်ဆေးနေစဉ်



ကြောင်း ဇွန် ၉ ရက်နေ့တွင် ကြေညာခဲ့သည်။ ပြင်ဆင်ဖွဲ့စည်းလိုက်သည့် အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးအသစ်များကို ခန့်ထားခဲ့ရုံမျှမက ဝန်ကြီးအရေအတွက်ကိုလည်း ယခင်ကထက် တိုးမြှင့်ခန့်ထားခဲ့သည်။

ထူးခြားသည့် ဖြစ်စဉ်တစ်ခုမှာ အစိုးရအဖွဲ့ ဝန်ကြီးဟောင်းနှင့် အတိုက်အခံပါတီဖြစ်သည့် ယူနိုက်တက် အမျိုးသားပါတီ (ယူအင်ပီ) အတွင်းရေးမှူးချုပ်ဟောင်း ဖြစ်သူ ဆာရီဆင်နာကူးရေးအား သမ္မတကုမာရတွန်းဂါးအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုဖြင့် အရေးပေါ်ပြဋ္ဌာန်းချက် ဥပဒေများအရ ဇွန် ၁၆ ရက်နေ့တွင် ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

ဂူလိုင်လအတွင်းတွင်လည်း အစိုးရ၏ထိုးစစ်ဖြစ်သည့် "ဂျာယာဆီကူရူ (သေချာသည့် အောင်ပွဲ)" စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။ ဂူလိုင် ၁၆ ရက်နေ့တွင် ဝန်နီဠ္ဍ အပြင်းအထန် တိုက်ပွဲဖြစ်ပွားပြီးနောက် တမီလ်ကျား၊ ပြောက်ကျားသူပုန် ၆၀ ခန့်ကို သုတ်သင်နိုင်ခဲ့သည်။ ရေတပ်ဖွဲ့ကလည်း ခရီးသည်တင်သင်္ဘောတစ်စီးကို တိုက်ခိုက်ခဲ့သည့် ပင်လယ်ရေကြောင်းလမ်းတွင် လူပ်ရှားလျက် ရှိသည့် တမီလ်ကျားသူပုန်များကို လိုက်လံချေမှုန်းလျက် ရှိခဲ့သည်။ ထရင်ကိုမာလီ ဒေသတွင်လည်း ပါလီမန်အမတ် နှစ်ဦးနှင့် အခြားပုဂ္ဂိုလ်ငါးဦး အသတ်ခံရရာ တမီလ်သူပုန်ပြောက်ကျားတို့ လက်ချက်ဟုဆိုသည်။

အစိုးရတပ်ဖွဲ့များနှင့် တမီလ်ကျားသူပုန်တို့အကြား တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပွားနေလင့်ကစား သီရိလင်္ကာ နိုင်ငံတွင် တစ်နှစ်ကျော်ကြာ ပြဋ္ဌာန်းခဲ့သည့် အရေးပေါ် အခြေအနေကို ဂူလိုင် ၁၀ ရက်နေ့တွင် ရုပ်သိမ်းခဲ့သည်။ တမီလ်ကျားသူပုန်တို့ အားကောင်းသည့် သီရိလင်္ကာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင်မူ အရေးပေါ် အခြေအနေကို ဆက်လက်ပြဋ္ဌာန်းခဲ့သည်။ အရေးပေါ်အခြေအနေ ရုပ်သိမ်းခဲ့သည့်တိုင်အောင် မြို့တော် ကိုလံဘိုနှင့် အခြားမြို့အချို့တို့မှာ တမီလ်ကျားသူပုန်တို့ တိုက်ခိုက်နိုင်သည့် အန္တရာယ်ရှိနေပေသည်။

ဤအခြေအနေတွင် သီရိလင်္ကာနိုင်ငံ အစိုးရသည် ရွေးချယ်တင်မြှောက်ပုံ စနစ်ဆိုင်ရာ ပြောင်းလဲပြင်ဆင်သတ်မှတ်ချက်များကို အဆိုပြုခဲ့သည်။ ရည်ရွယ်ချက်မှာ ဥပဒေပြုလွှတ်တော်တွင် ပါတီတစ်ပါတီတည်းအနေဖြင့် အမတ်ဦးရေ သုံးပုံနှစ်ပုံဖြင့် အမတ်ဦးရေအများစု ရရှိစေရန် ဖြစ်သည်။ လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေအရဆိုလျှင် ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့်အမတ်ဦးရေဖြင့် ပါလီမန်တွင် အများစုဖြစ်နိုင်သည့် အခြေအနေမရှိပေ။ သို့ဖြစ်ရာ ရွေးချယ်တင်မြှောက်ပုံ စနစ်ကို ပြင်ဆင်ရန် အဆိုပြုချက် အရဥပဒေပြုလွှတ်တော်တွင် အမတ်ဦးရေ ၂၂၅ ဦးမှ ၁၉၈ ဦးသို့ လျှော့ချလိမ့်မည် ဖြစ်သည်။ ရွေးချယ်တင်မြှောက်ရာတွင် အမတ် ၉၉ ဦးကို မဲဆန္ဒနယ်များမှ ရွေးချယ်တင်မြှောက်ပြီး ကျန်သည့်ဦးရေကို ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီအရေအတွက်အလိုက် အချိုးကျစနစ်ဖြင့် ရွေးချယ်မည်ဖြစ်သည်။

ဩဂုတ် ၂၆ ရက်နေ့တွင် သီရိလင်္ကာနိုင်ငံသမ္မတ ချန်ဒရိကာ ဘန္ဒာရာနိုက်ကေးကုမာရတွန်းဂါးသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက်မူကြမ်းအသစ်ကို ထောက်ခံသည့် အနေဖြင့် နိုင်ငံတစ်ဝန်းစည်းရုံးလှုပ်ရှားမှုကို လုပ်ဆောင်ခဲ့သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ချက်မူကြမ်းသစ်အရ ပဋိပက္ခများ မကြာခဏဖြစ်ပွားတတ်သည့် နိုင်ငံ၏ အရှေ့မြောက်ဒေသတွင် နေထိုင်ကြသောတမီလ်လူမျိုးများလက်သို့ အုပ်ချုပ်ရေးအာဏာ ပိုမိုလွှဲပြောင်းပေးအပ်စေမည်ဖြစ်သည်။ အစိုးရအနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်များကို ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အတည်ပြုမည်ဖြစ်ကြောင်း ကုမာရတွန်းဂါးက ပြောကြားခဲ့သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ချက် မူကြမ်းသစ်ကို ထောက်ခံပြောကြားသည့် မိန့်ခွန်းတွင် ကုမာရတွန်းဂါးက သီရိလင်္ကာနိုင်ငံ ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ရာတွင် ဦးဆောင်ကူညီပါဝင်ကြပါရန် ဗုဒ္ဓဘာသာဂိုဏ်းပေါင်းစုံမှ သံဃာများ ပါဝင်သည့် နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ကို လျှောက်ထားပန်ကြားခဲ့သည်။ သဘောထားတင်းမာသည့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၏ ဩဇာလွှမ်းမိုးမှုကလည်း ရှိနေရာ ယင်းကိုနားလည်သဘောပေါက်သည့်အနေဖြင့် ကုမာရတွန်းဂါးက အများစုဖြစ်သည့် ဆင်ဟာလီးစ်လူမျိုးများကို မျက်နှာသာပေးဆက်ဆံနေခြင်းများက ပဋိပက္ခများကို ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ဟု အခိုင်အမာ ပြောကြားခဲ့သည်။

ဤသို့ရှိနေခဲ့ရာမှ ကိုလံဘိုမြို့တော်၏ လူစည်ကားရာ မြို့လယ်ခေါင် စီးပွားရေးရပ်ကွက်တွင် အောက်တိုဘာ ၁၅ ရက်နေ့က ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံးလူ ၁၈ ဦး သေဆုံးပြီး လူ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ အလေးချိန် ၄၀၀ ကီလိုဂရမ် ရှိသည့် ဗုံးကို အထပ် ၃၉ ထပ်ရှိ ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံပြင်ပတွင် ရပ်ထားသည့် ထရပ်ကားတစ်စီးပေါ်တွင် ထောင်ထားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံ ဗုံးမပေါက်မီ သုံးရက်အလိုက သီရိလင်္ကာနိုင်ငံသမ္မတ ကုမာရ

တွန်းဂါးက ဖွင့်လှစ်ပေးခဲ့သည်။ ထို့ပြင် အဆိုပါအဆောက်အအုံသည် ကိုလံဘိုစတော့ရှယ်ယာ အရောင်းအဝယ်ဌာန၊ ဗဟိုဘဏ်နှင့် နိုင်ငံခြားကုမ္ပဏီ အများအပြားတည်ရှိရာ ဌာနလည်း ဖြစ်သည်။ ဗုံးဖောက်ခွဲမှုမှာ တမီလ်ကျား သူပုန်တို့၏ လက်ချက်ဖြစ်သည်ဟု အစိုးရက စွပ်စွဲထား သည်။ တမီလ်ကျားသူပုန်တို့အနေဖြင့် ဂျဖနာကျွန်းဆွယ်တွင် ခြေကုပ်မရဘဲ လက်လွတ်ဆုံးရှုံးခဲ့ကြရာ ယင်းတို့အဖွဲ့အတွင်း စိတ်ဓာတ်မြှင့်တင်ပေးသည့်အနေဖြင့် ဤသို့ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်ဟု နိုင်ငံရေးလေ့လာသုံးသပ်သူများက ယူဆကြသည်။ သို့ရာတွင် တမီလ်ကျားသူပုန်တို့က ဗုံးခွဲတိုက်ခိုက်မှုမှာ ၄င်းတို့လက်ချက်မဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။

အခြားတစ်ဖက်တွင် တမီလ်ကျားသူပုန်များကို ပြည်ပအကြမ်းဖက်အဖွဲ့အစည်းများစာရင်းသို့ ထပ်မံထည့်သွင်းရန် အမေရိကန်ပြည်ထောင်စုက ဆုံးဖြတ်ခဲ့ရာ ယင်းကိုတုံ့ပြန်သည့်အနေဖြင့် အချို့ကိုက်ဗုံးဖောက်ခွဲခြင်းဖြစ်သည်ဟု အချို့က သုံးသပ်ကြသည်။ အမေရိကန်ပြည်ထောင်စု၏ ကြေညာချက်တွင် အမေရိကန်နိုင်ငံအတွင်း တမီလ်ကျားသူပုန်တို့၏ ရန်ပုံငွေရှာဖွေခြင်းများအပါအဝင် အခြားလှုပ်ရှားမှုအားလုံးကို တားမြစ်ပိတ်ပင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုက အကြမ်းဖက်မှုစာရင်းတွင် တမီလ်ကျားသူပုန်များကို ထည့်သွင်းလိုက်ပါက ပိုမိုဆန့်ကျင်လှုပ်ရှားမှုကို ဖြစ်ပေါ်စေလိမ့်မည်ဟု တမီလ်ကျားတို့က သတိပေးထားခဲ့ပြီးဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ယင်းသို့အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်လည်စတင်ရန် အစိုးရ၏ကြိုးပမ်းမှုကို ထိခိုက်စေခဲ့သည်။ အောက်တိုဘာ ၂၄ ရက်နေ့တွင် တရားရေးဝန်ကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်မူကြမ်းအသစ်ကို ဥပဒေပြုလွှတ်တော်သို့တင်သွင်းခဲ့သည်။ သို့ရာတွင် ပြည်နယ်ကောင်စီများသို့အာဏာပိုမိုအပ်နှင်းထားသည့် အထက်ပါပြင်ဆင်ချက်မူကြမ်းမှာ ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရန်ထောက်ခံမှုရရှိမည့်ပုံမပေါ်ချေ။

ဗုံးခွဲအကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက်လုံခြုံရေးတပ်ဖွဲ့များသည် ကိုလံဘိုမြို့တော် ဝင်ပေါက်နေရာများကို ဝန်းရံပိတ်ဆို့ခဲ့သည်။ ဒေသခံပြည်သူများကိုလည်း မိမိတို့အိမ်အတွင်းမှာပင် နေထိုင်ရန်ပန်ကြားခဲ့သည်။ ငါးနာရီကြာမြင့်သည့် ကိုလံဘိုမြို့တော်တစ်ခွင် အရာဏ်ဦးစစ်ဆင်ရေးတွင် လူပေါင်း ၁၀၀၀ ကျော်ကို ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးခံရသူများတွင် သက်သေခံ စာရွက်စာတမ်းအထောက်အထားမရှိသည့် တမီလ်လူမျိုးအများအပြားပါဝင်သည်။ စစ်ဆင်ရေးတွင် ဝှက်ထားသည့် လက်နက်များအပါအဝင် တမီလ်အိလမ်လွတ်မြောက်ရေး ကျားအဖွဲ့မှ ကေဒါများကို ဖမ်းဆီးရရှိခဲ့သည်ဟု စစ်ဘက်အသိုင်းအဝန်းက ပြောကြားခဲ့သည်။

သခ်ၤါ (စာရေးဆရာကြီး) (ခရစ် ၁၉၀၉ – ၁၉၉၇)။ ။ ကလောင်အမည် သခ်ၤါဖြင့် ထင်ရှားသောစာရေးဆရာတစ်ဦးဖြစ်သူ ဦးတင်မြင့်ကို အဘ ရဲအရာရှိ ဦးစည်၊ အမိဒေါ်ဒွေးတို့က ၁၉၀၉ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် ညောင်လေးပင်မြို့၌ ဖွားမြင်သည်။ ငယ်နာမည်မှာ ထွန်းဘွားဖြစ်သည်။

သခ်ၤါသည် အသက် ၂၀ မပြည့်မီက ရဲဝန်ထောက်၏ရှေ့ပတ်အဖြစ် ရာဇဝတ်အုပ်အဆင့်ဖြင့် လုပ်ကိုင်ဖူးသည်။ ၁၉၂၉–၃၀ ပြည့်နှစ်တွင် ဗြိတိသျှဘာမားရုပ်ရှင်ကုမ္ပဏီ၌ ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာအဖြစ် လုပ်ကိုင်ပြီး ပဲရော့ရုပ်ရှင်သို့လည်း ဇာတ်ညွှန်းများ ရေးပို့သည်။ ကျောင်းနေစဉ်ကကြည်တော်မူ မဂ္ဂဇင်း၊ ပျော်တော်ဆက်မဂ္ဂဇင်းများသို့ စာမူများ ရေးသားပေးပို့သည်။

သခ်ၤါသည် စစ်ကြိုခေတ်မှစ၍ စာရေးဆရာအသင်းတွင် အတွင်းရေးမှူးအဖြစ် ခုနစ်ကြိမ်တိတိ ဆက်တိုက်ဆောင်ရွက်သည်။ ထိုစဉ်က စာရေးဆရာအသင်း အမှုဆောင် အဖွဲ့ကို တစ်နှစ်တစ်ကြိမ် ရွေးကောက်တင်မြှောက်သည်။ တိုင်းရင်းမေဂျာနယ်တွင် အယ်ဒီတာချုပ်အဖြစ် ၁၀ နှစ်ခန့် ဆောင်ရွက်သည်။



စာရေးဆရာကြီးသခ်ၤါ

သခ်ၤါသည် အသက် ၂၀ ကျော်မှစတင် စာရေးသား‌ခဲ့ရာ စာရေးသက်နှစ် ၇၀ ခန့်အတွင်း ဆောင်းပါး၊ ဝတ္ထု စုစုပေါင်း ၆,၀၀၀ ခန့် ရေး သား‌ခဲ့ပြီး ဖြစ်သည်။ ကလောင်အမည် ဗညား‌ဗွာ၊ နတ်စက်ရောင်၊ ဓာတ်ဆရာကြီး တစ်ဦး၊ ကြီး‌ကြီး‌မေ၊ ဒေါ်လေး‌မေ၊ စပ်စုမ၊ သခ်ၤါတို့ဖြင့် ရေးသား‌သည်။

ဆရာသခ်ၤါသည် ၁၉၉၄ ခုနှစ်က ကျင်းပခဲ့သော ပထမ အကြိမ် ပခုက္ကူ ဦး‌အုံး‌ဖေ စာပေဆုနှင်း‌သဘင်တွင် တစ်သက်တာ စာပေဆုရှင်အဖြစ် ချီး‌မြှင့်ခံရသည်။

တစ်သက်တာ စာပေဆုရှင် စာရေး‌ဆရာ သခ်ၤါ အမည်ခံ ဦး‌တင်မြင့်သည် ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သား‌တစ်ဦး ကျန်ရစ်သည်။



ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော်ကြီး အရှင် သေဍီလာဘိဝံသ

သေဍီလာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ (ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော်) (မြန်မာ ၁၂၅၈-၁၃၅၈) ။ ။မန္တလေး‌တိုင်း၊ ပျော်ဘွယ်မြို့နယ် အရှေ့ဘက် ၅ မိုင်ကွာ ပုတီး‌ကုန်း‌ရွာကြီး‌တွင် ခမည်း‌တော်ဦး‌အေး၊ မယ်တော်ဒေါ်ထွေး‌တို့က ကောဇာသက္ကရာဇ် ၁၂၅၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁)ရက် သောကြာနေ့တွင် ဆရာတော် ဘဒ္ဒန္တသေဍီလာဘိဝံသ အလောင်း‌အလျာကို ဖွား‌မြင်သည်။ ဦး‌အေး၊ ဒေါ်ထွေး‌တို့တွင် သား‌သမီး‌ရတနာ (၃)ဦး‌ထွန်း‌ကား‌ခဲ့ရာ ဆရာတော်လောင်း‌လျာမှာ တတိယသား‌ရတနာဖြစ်၍ ငယ်မည်မှာ မောင်ခင်ဖြစ်သည်။

အသက်ရှစ်နှစ်သား‌အရွယ်တွင် မိဘများ‌က ပုတီး‌ကုန်း‌ကျောင်း‌ဆရာတော် အရှင်ကဝိန္ဒထံတွင် အပ်နှံ၍ ပညာသင်ယူစေသည်။ ပထမကျော်လောင်း‌လျာသူငယ်သည် တောက်မည့်မီး‌ခဲတရဲရဲဟူသော စကား‌အတိုင်း နှုတ်လျာပြတ်သား‌လှသည်။ သင်ပုန်း‌ကြီး‌ကို လမျာ‌မကြာစေဘဲ သင်ယူကျက်မှတ်ပြီး ဖြစ်သည်။ သွက်လက်ချက်ချာစွာ ရေးနိုင်ဖတ်နိုင်သည်။ ကို‌ကြောင်း‌လက်ဖြင့် အတွက်အချက်တွင်လည်း ဆရာကလမ်း‌ကြောင်း သင်ပေး‌သည့်အတိုင်း ဉာဏ်ထက်မြက်စွာ တွက်ချက်နိုင်ခဲ့သည်။

ဆရာတော်လောင်း‌လျာသည် ၁၂၆၁- ခုနှစ်၊ ၁၃နှစ်သား‌အရွယ်တွင် မိခင်ဖြစ်သူ ဒေါ်ထွေး‌တို့ကွယ်လွန်သွား‌ရာ ဘုရားတော်ဦး‌ကုသိုလ်ပြုရန် ဆရာတော်ဦး‌ကဝိန္ဒထံတွင် ရဟန်းခံယူခဲ့ရသည်။ ဆရာတော်ဦး‌ကဝိန္ဒက တောင်ငူမြို့၊ ဇေတဝနကျောင်း‌တိုက် ဆရာတော်အရှင် သုန္ဒရထေရ်သို့ ရှင်သေဍီလကို ပို့ပေး‌ရာ အသက် ၁၅ နှစ်ကျော်တွင်ပင် သဒ္ဒါ၊ သင်္ဂီဟ၊ ဘေဒစိန္တာနှင့် ဆန်း‌ကျမ်း‌များ‌ကို နေ့ဝါအဖြစ်သင်ယူရသည်။ ပုဒ်စစ်နှင့် မာတိကာ၊ ဓာတုကထာကိုလည်း သင်ရသည်။ ရှင်သေဍီလသည် တောင်ငူမြို့၊ ပရိယတ္တိစာတော်ပြန်ပွဲ၌ အငယ်တန်း၊ အလတ်တန်း အောင်မြင်သည်။

အသက် ၁၇ နှစ်အရွယ် ၁၂၇၅ ခုနှစ်တွင် မန္တလေး‌မြို့၊ မစိုး‌ရိမ်ကျောင်း‌တိုက်သို့ ပြောင်း‌ရွှေ့ခဲ့သည်။ အရှင် အာဒိစ္စဝံသ စာချဆရာတော်ထံ၌ ရူပသဒ္ဒါ၊ ဘေဒစိန္တာ၊ ကစ္စာယန သာရ၊ သဒ္ဒမိန္တ၊ ဆန်း‌အလင်္ကာနှင့် ဒွေမာတိကာ နေ့ဝါကျမ်း‌များ‌နှင့် ယမိုက် ၁၀ ကျမ်း၊ ပဋ္ဌာန်း‌ကျမ်း‌ကြီး‌များ‌ကို သင်ယူတတ်မြောက်ခဲ့လေသည်။ အသက် ၁၉ နှစ်တွင်ပင် ပထမကြီး‌တန်း‌ကို အောင်မြင်ခဲ့လေသည်။

၁၂၇၇ ခုနှစ်၊ တန်ဆောင်မုန်း‌လဆန်း ၁၁ ရက်နေ့၌ မော်လမြိုင်မြို့၊ တောင်လေး‌လုံး‌ကျောင်း‌တိုက်၊ ခဏ္ဍသိမ်တော်ကြီး‌တွင် ကြုံခင်း‌ကျောင်း‌တိုက်ဆရာတော် အရှင်

အာဒိစ္စဝံသကို ဥပဇ္ဈာယ်ပြုလျက် မော်လမြိုင်မြို့ ကျောင်း ဒါယကာ ဦးဖိုးခင်၊ ဒေါ်ငြိမ်းမြတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ဆရာတော်လောင်းလျာသည် မော်လမြိုင်မြို့၊ ကြံခင်း ကျောင်းတိုက်၊ ဆရာတော်အရှင်အာဒိစ္စဝံသ ထံတော်၌ အဘိဓမ္မာ ခုနစ်ကျမ်း၊ သုတ် သုံးကျမ်း၊ ဝိနည်း ငါးကျမ်း၊ ပါဠိအဋ္ဌကထာ ဋီကာကျမ်းများကို ဆက်လက်သင်ယူခဲ့သည်။

ထို့နောက် တစ်ဖန် မန္တလေးမြို့သို့ ဒုတိယအကြိမ် ပြောင်းရွှေ့သီတင်းသုံးနေထိုင်၍ မိုကောင်းကျောင်းတိုက်၊ ညောင်ရမ်းဆရာတော် ဘုရားကြီးတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအာစာရ မဟာထေရ်နှင့် ခေမာသီဝံကျောင်းတိုက်ဆရာတော် စသောမထေရ်များထံတော်၌ နှစ်နှစ်ခန့်မျှ ဆရာနည်းကျကျရရှိအောင် စာပေပရိယတ္တိတို့ကို ထပ်မံဆည်းပူးသင်ကြားခဲ့သည်။

ဆရာတော် အရှင်အာဒိစ္စဝံသသည် သက္ကရာဇ် ၁၂၅၉ ခုနှစ်တွင် မော်လမြိုင်မှရန်ကုန်မြို့သို့ပြောင်းရွှေ့၍ ရှင်အာဒိစ္စဝံသစာသင်တိုက်ကို တည်ထောင်သောအခါ ဆရာတော်လောင်းလျာသည်လည်း လိုက်ပါ လာ၍ ပရိယတ္တိစာပေတို့ကို ဆက်လက်ဆည်းပူးတော်မူရင်း တစ်ဖက်ကလည်း စာသင်သားတို့အား စာပေပို့ချပေးတော်မူသည်။

အရှင်သေဋ္ဌိလသည် ရဟန်းသိက္ခာ တစ်ဝါအရတွင် ရန်ကုန်မြို့စေတီယင်္ကာစာမေးပွဲနှင့်မန္တလေးမြို့ သက္ကသိဟ ပရိယတ္တိသာသနဟိတစာမေးပွဲနှစ်ခုကို တစ်နှစ်တည်းတွင် အောင်မြင်တော်မူခဲ့သည်။ သက်တော် (၂၁)နှစ်သိက္ခာတော် နှစ်ဝါအရတွင် အစိုးရပထမပြန် စာမေးပွဲ၌ တစ်ပြည်လုံး တွင်ပထမထိပ်ဆုံးတန်းဖြင့် ပထမကျော်အောင်ပန်းကို ဆွတ်ခူးနိုင်တော်မူသည်။

ရဟန်းသိက္ခာသုံးဝါအရတွင်မန္တလေးမြို့၊ သက္ကသိဟ စာမေးပွဲ၌ ပါရာဇိကဏ်၊ သိလက္ခန်၊ အဋ္ဌသာလိနီ၊ အဋ္ဌကထာကြီး ၃ ကျမ်းလုံးကိုအောင်မြင်တော်မူ၍ "သေဋ္ဌိလာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစာရိယ" ဘွဲ့တံဆိပ်တော်ကိုရရှိတော်မူခဲ့သည်။

ဆရာတော်သည် အရှင်အာဒိစ္စဝံသကျောင်းတိုက်၌ ဒုတိယနာယကစာချအဖြစ်လည်းကောင်း၊ အုပ်ချုပ်ရေး၊ ပညာရေးတာဝန်ခံနာယကတစ်ပါးအနေဖြင့်လည်းကောင်း သင်ကြားနည်းပေးခဲ့ပေသည်။ နိကာယ်သင်တန်းများတွင် စေ့စပ်သေချာတိုတိုတုတ်တုတ်ဖြင့်အနှစ်ကိုဖော်ထုတ်လျက် သက်ကြားပို့ချပေးနိုင်ခဲ့သည်။

အရှင်သေဋ္ဌိလသည် ရဟန်းသိက္ခာတော်ခုနစ်ဝါရရှိပြီးနောက် ၁၂၈၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့အနီးစန်ဘိနိကတန်သို့ သွားရောက်၍ အင်္ဂလိပ်စာဘာသာကို သင်ယူခဲ့လေသည်။ ၁၂၈၇ ခုနှစ်တွင် ဆရာတော်အရှင်အာဒိစ္စဝံသကိုယ်တော်တိုင်သည်လည်း အိန္ဒိယပြည်၊ ဗာရာဏသီမြို့သို့ သွားရောက်၍ ပညာရှာမှီးခဲ့လေသည်။ အရှင်သေဋ္ဌိလသည် အင်္ဂလိပ်ဘာသာ၊ သက္ကတဘာသာတို့ကို သင်ယူခဲ့ပြီးနောက် ကျန်းမာရေးအခြေအနေကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည်။

၁၉၃၀ ပြည့်နှစ်တွင် ဆရာတော်သည် သီဟိုဠ်ကျွန်းသို့ ကြွရောက်၍ **Prince College** တွင် ပညာသင်ကြားသည်။ ၁၉၃၃ ခုနှစ်တွင် သီဟိုကျွန်းမှ မဒရပ်မြို့သို့ ပြောင်းရွှေ့၍ ပညာဆက်လက်ဆည်းပူးလေ့လာတော်မူသည်။ သီယိုဆိုဖီအသင်းတစ်ခုတွင် စာကြည့်တိုက်မှူးဖြစ်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ဆရာတော်သည် အင်္ဂလန်ပြည်၊ လန်ဒန်မြို့သို့ ရောက်ရှိသည်။ **London University** ၏ အုပ်ချုပ်မှုအောက်၌ ရှိသော **Polytechnic School** တွင် သင်တန်းတက်ခဲ့သည်။

ဆရာတော်အရှင်သေဋ္ဌိလဝံသသည် စာမျက်နှာ ၅၀၀ ကျော် ၆၀၀ ခန့်ရှိသော အဘိဓမ္မာဝိဘင်းကျမ်းကြီးကို အင်္ဂလိပ်ဘာသာပြန်ဆို၍ လန်ဒန်ပါဠိအသင်းကြီးက **The Book of Analysis** အမည်ဖြင့် ၁၉၇၁ ခုနှစ်က ထုတ်ဝေခဲ့သည်။ **The Path of the Buddha** ခေါ် ဗုဒ္ဓလမ်းစဉ်ကျမ်းကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ **The Buddhism and Personal Life** ဗုဒ္ဓဘာသာနှင့် ကိုယ်ပိုင်နေထိုင်ရေးခေါ် ကျမ်းစာအုပ်ကိုလည်း အင်္ဂလိပ် – မြန်မာနှစ်ဘာသာဖြင့် ရေးသားတော်မူခဲ့သည်။ ဓမ္မပဒပါဠိတော်ကို ခေတ်မြန်မာစကားဖြင့် ပြန်ဆိုတော်မူခဲ့သည်။ **Essential Themes of Buddhist Lectures** ဗုဒ္ဓဘာသာတရားတော်များ၏

အနှစ်သာရခေါ် ဆရာတော်၏ ဟောကြား:ချက်များ:ကျမ်: စာအုပ်ကိုလည်: အင်္ဂလိပ်ဘာသာဖြင့် ရေး:သား:တော်မူသည်။ အခြေပြုပဒသိက္ခာနယူပဒေသ ကျမ်:စာအုပ်ကိုလည်: ရေး:သား:တော်မူသည်။

ဆရာတော် ဘဒ္ဒန္တသေဋ္ဌီလာဘိဝံသသည် ရန်ကုန်မြို့၊ အရှင်အာဒိစ္စဝံသ ကျောင်:တိုက်၌ ရဟန်:သိက္ခာတော် တစ်ဝါမှ ၁၂ ဝါအထိ စာပေကျမ်:ဂန်တို့.ကို ပို့.ချခဲ့သည်။ အင်္ဂလန်ပြည်၊ လန်ဒန်မြို့.၌ အင်္ဂလိပ်လူမျို:များ:အား: ပါဠိသင်တန်:၊ နိကာယ်သင်တန်:၊ အဘိဓမ္မာသင်တန်:၊ ကမ္မဋ္ဌာန်:သင်တန်:များ: ဖွင့်၍ ၁၉၃၉ ခုနှစ်မှ ၁၉၅၂ ခုနှစ်ထိ ၁၄ နှစ်တိုင် သာသနာတော်အတွက် ဆောင်ရွက်ခဲ့သည်။

၁၉၅၄ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်: အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ၊ ထိုင်:နိုင်ငံ၊ ကမ္ဘောဒီ:ယား:နိုင်ငံများ:တွင် ကျင်:ပခဲ့သော ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံကြီ:များ:သို့. မြန်မာနိုင်ငံတော် အစို:ရဗုဒ္ဓဘာသာအဖွဲ့၊ ကိုယ်စား:လှယ်အဖွဲ့. ခေါင်:ဆောင်အဖြစ် တက်ရောက်၍ အင်္ဂလိပ်ဘာသာဖြင့်မိန့်မြွက်ပြောကြား:ခြင်:၊ ညအခါများ:၌ ကျင်:ပသောတရား:ပွဲ များ:၊ ဆွေး:နွေး:ပွဲများ:၌ တရား:ဟောခြင်:၊ မေး:သမျှသော မေး:ခွန်:ပြဿနာများ:ကို ဖြေရှင်:ခြင်:ကိစ္စများ: ဆောင်ရွက်ခဲ့သည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ဆဋ္ဌသင်္ဂီတိပါဠိဝိသောဓက အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၆ ခုနှစ်မှ ၁၉၆၂ ခုနှစ် အထိ နိုင်ငံတော်အစို:ရ သာသနာရေး:ဝန်ကြီ:ဌာနလက်အောက်ရှိ ဗုဒ္ဓသာသနာ့အဖွဲ့မှ ကြီ:မှူ:ဖွင့်လှစ်သော နိုင်ငံခြား:သာသနာပြု ဓမ္မဒူတသင်တန်:ကို အင်္ဂလိပ်ဘာသာဖြင့်ပို့.ချခဲ့သည်။ ကမ္ဘာအေ: ကုန်:မြေရှိ အပရဂေါယာနကျောင်:ဆောင်တွင် နိုင်ငံခြား: သာသနာပြုရေး:အတွက် တည်ထောင်ခဲ့သော သံဃာ့ တက္ကသိုလ်တွင် ကထိကချုပ်အဖြစ်ဖြင့် သာသနာရေး အား:ပေး:ခဲ့သည်။

၁၉၅၉ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ အင်္ဂလန်၊ အမေရိကန်၊ကနေဒါ၊ ဂျာမန်၊ ပြင်သစ်နိုင်ငံတို့မှ တက္ကသိုလ်ဘွဲ့ရနိုင်ငံခြား:သား:ရဟန်:နှင့် လူပုဂ္ဂိုလ်များ:အား: ဗုဒ္ဓကျမ်:စာများ:ကို အင်္ဂလိပ်ဘာသာဖြင့် မြန်မာနိုင်ငံ၌ပင်သင်ကြား:၍ သာသနာရေး:အား:ပေး: ဆောင်ရွက်ခဲ့သည်။

ရွှေတိဂုံစေတီတော် ဂေါပကသြဝါဒါစရိယ၊ ဆူး:လေစေတီတော်ဂေါပက သြဝါဒါစရိယ၊ ကမ္ဘာအေ:စေတီတော် ဂေါပက သြဝါဒါစရိယ၊ ကျို်ကဆံစေတီတော် ဂေါပက သြဝါဒါစရိယ၊ မို:ကောင်:စေတီတော်ဂေါပကသြဝါဒါစရိယ အဖြစ်လည်း:ကောင်း၊ ရွှေတိဂုံစေတီတော် ရေကြည်တော်ဝတ်အသင်:သြဝါဒါစရိယနှင့် ဆူး:လေစေတီတော်အာဘိဓမ္မာပြန်.ပွား:ရေး:အသင်: သြဝါဒါစရိယ၊ ကချင်ပြည်နယ် ကျောက်စိမ်: ဓမ္မာရုံအသင်: သြဝါဒါစရိယ၊ ရွှေတိဂုံဓမ္မသာကစ္ဆာအဖွဲ့. သြဝါဒါစရိယ အဖြစ်လည်း:ကောင်း: ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် အိန္ဒိယပြည်တွင် ငါ: နှစ်၊ သီဟိုဠ် (ယခုသီရိလင်္ကာ) နိုင်ငံ၌ နှစ်နှစ် သီတင်:သုံ:နေထိုင်တော်မူ၍ အင်္ဂလိပ်ဘာသာနှင့်သက္ကတဘာသာတို့ကို သင်ကြား:တော်မူပြီ: ဗုဒ္ဓတရား:တော်များ:ကို အကြိမ်များ:စွာအင်္ဂလိပ်ဘာသာဖြင့် ဟောကြား:တော်မူခဲ့ခြင်:၊ အင်္ဂလန်တွင် မြန်မာရဟန်:တော်များ:ထဲမှ ပထမဦ:ဆုံ: အာဒိကမ္မိက ဗုဒ္ဓသာသနာပြုအဖြစ်ဖြင့် ၁၆ နှစ်တိုင်တိုင် သီတင်:သုံ:နေထိုင်တော်မူ၍ အင်္ဂလန်ပြည်နှင့်တစ်ကွ ဂျာမနီ၊ ပြင်သစ် စသော ဥရောပနိုင်ငံအနှံ့.အပြား:သို့. ဒေသစာရီခရီ:ကြွချီ တော်မူကာ အင်္ဂလိပ်ဘာသာဖြင့် တရား:ဟောခြင်: ၊ မေး:သမျှသော အမေး:ပြဿနာများ:ကို ဖြေကြား:ခြင်: စသည်ဖြင့် သာသနာပြုခဲ့သည်။ ဂျပန်နိုင်ငံတွင် နှစ်လခန့် သြစတေး:လျတွင် ကို:လခန့် သာသနာပြုခဲ့သည်။

အမေရိကန်နိုင်ငံတက္ကသိုလ်များ:အဖွဲ့၏ ပင့်ဖိတ်ချက်အရ အမေရိကန်နိုင်ငံ၊ ပြည်နယ်ပေါင်: ၃၂ ပြည်နယ်ရှိ တက္ကသိုလ်ပေါင်: ၁၀၀ ကျော်တွင် ဗုဒ္ဓကျမ်:စာနှင့် ဗုဒ္ဓဘာသာတရား:ကို အင်္ဂလိပ်ဘာသာဖြင့်တစ်နှစ်ခန့်လှည့်လည် ဟောပြောသင်ကြား:ပို့.ချခဲ့၍ အနောက်ဂျာမနီနိုင်ငံ၏ ပင့်ဖိတ်ချက်အရ ထိုနိုင်ငံတွင် လှည့်လည်သာသနာပြုခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင် ဘီအေနှင့်အမ်အေတန်:များ:အတွက်အဘိဓမ္မာဘာသာကို အင်္ဂလိပ်ဘာသာဖြင့် ရှစ်နှစ်တိုင်တိုင် အဘိဓမ္မာကထိကအဖြစ်ဖြင့် ပို့ချခဲ့သည်။ ယင်:သို့ဆောင်ရွက်နေစဉ် ၁၉၅၆ ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်:ခံခဲ့ရသည်။

သာသနာရေး:ဌာနမှ ထုတ်ဝေသော The Light of the Dhamma အင်္ဂလိပ်ဘာသာ စာစောင်ဌာနတွင် အယ်ဒီတာ

ချုပ်အဖြစ်၊ ၁၉၆၂ ခုနှစ်နှင့် ၁၉၆၃ ခုနှစ်များတွင် နှစ်နှစ်ကျော်ကျော် ဆောင်ရွက်တော်မူခဲ့သည်။

၁၉၁၈ ခုနှစ်(မြန်မာသက္ကရာဇ် ၁၂၈၀)တွင် ဆရာတော်သည် အင်္ဂလိပ်အစိုးရကြီးမှူးကျင်းပသော ပထမကျောစာမေးပွဲတွင် တစ်နိုင်လုံး၌ ပထမရရှိခဲ့သော်လည်း ဘုရင်ခံထံ ကျောင်းသားတစ်ယောက်ကဲ့သို့ ဘုရင်ခံက စင်မြင့်က၊ သံဃာကအနိမ့်က ဘွဲ့လက်မှတ် ခံယူရမည်ဖြစ်ခြင်းတို့ကြောင့် ဘုရင်ခံကပ်လှူမည့် ပထမကျော်တံဆိပ်ကို လက်မခံခဲ့ချေ။

ထို့ပြင် ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလန်နိုင်ငံမှ မြန်မာနိုင်ငံသို့ မပြန်နိုင်ဘဲ ဒုက္ခရောက်နေသော မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရန် မြန်မာနိုင်ငံအသင်းကို တည်ထောင်ခဲ့ပြီး မြန်မာလူမျိုး အခက်အခဲရှိသူများနှင့် ကျောင်းသားများအား ကူညီစောင့်ရှောက်ခဲ့သည်မှာ အထူးကြည်ညိုဖွယ်ရာဖြစ်သည်။

ဆရာတော်သည်သက်တော်ရာကျော်သည့်တိုင်အောင် မိမိခန္ဓာကိုယ် ပင်ပမ်းမှုကို အလေးဂရုပြုတော်မမူဘဲ သာသနာတော် စည်ပင်ပြန့်ပွားရေးအတွက် အရှင်အာဒိစ္စဝံသကျောင်းတိုက်ကို ပြန်လည်ဖွင့်လှစ်၍ ဆရာတော်၏ ဩဝါဒကိုခံယူစေကာ စာသင်သံဃာ ၃၀ ခန့်လက်ခံလျက် ပရိယတ္တိစာပေများကို သင်ကြားပေးတော်မူခဲ့သည်။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်အကျိုးကို ထက်သန်သောလုံ့လဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့ ဂဆက်ကပ်လှူဒါန်းသော "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် "အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက" ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း အလှူခံရရှိတော်မူသည်။

ကမ္မာဋ္ဌသာသနာပြုဆရာတော်ဘုရားကြီးသည် ၁၃၅၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်နေ့တွင်သက်တော် ၁၀၀ ပြည့်မြောက်သဖြင့် သက်တော်ရာပြည့်မွေးနေ့ ဝိဇာတမင်္ဂလာပူဇော်ပွဲအခမ်းအနားကို ၁၃၅၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက် (၂-၆-၉၆)တနင်္ဂနွေနေ့တွင် ရန်ကင်းမြို့နယ်၊ ကမ္မာဋ္ဌသာသနာပြု အရှင်သေဋ္ဌိလဗိမာန်ကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့သည်။

ကမ္မာဋ္ဌသာသနာပြုကျေးဇူးတော်ရှင် သက်တော်ရှည် ဆရာတော်ဘုရားကြီးသည် သက်တော်ရာကျော်ကြီးရင့်ပြီဖြစ်၍ ၁၃၅၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက် (၃-၁-၉၇)သောကြာနေ့ညနေ ၆ နာရီ၁၀ မိနစ်အချိန်တွင် ဘုရား ရဟန္တာတို့သော်မျှ မလွန်ဆန်နိုင်သည့် အနိစ္စသဘောသို့ လိုက်ပါတော်မူရပြီး ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။

ဟောင်ကောင်ကျွန်းအထူးအုပ်ချုပ်ရေးဒေသ ။ ။

သဘော်လုပ်ငန်းသူငွေးကြီး တွန်ချီးဟွာအား ဟောင်ကောင်ကျွန်း အထူးအုပ်ချုပ်ရေးဒေသ အလုပ်အမှုဆောင်ကောင်စီ၏ အကြီးအကဲအဖြစ် ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ရွေးချယ်တင်မြှောက်ခဲ့သည်။ ဤသို့ဖြင့် ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်နေ့တွင် တွန်ချီးဟွာက ၄င်းပါဝင်သော အလုပ်အမှုဆောင်ကောင်စီ၏ အဖွဲ့ဝင်များ စာရင်းကို ထုတ်ပြန်ခဲ့သည်။ ယင်းကောင်စီတွင် တရုတ်ပြည်မကြီးနှင့် ခိုင်ခိုင်မာမာ အဆက်အသွယ်ရှိကြသည့် စီးပွားရေးလုပ်ငန်းနှင့် နိုင်ငံရေးလောကတို့မှ ထင်ရှားသည့် ပုဂ္ဂိုလ်များဖြင့်သာ ဖွဲ့စည်းထားပြီး ယင်းပုဂ္ဂိုလ်များက ကောင်စီတွင် ဩဇာလွှမ်းမိုးကြသည်။


ဇန်နဝါရီ ၂၅ ရက်နေ့တွင် ဟောင်ကောင်ကျွန်း အထူးအုပ်ချုပ်ရေး ဒေသဆိုင်ရာ ယာယီဥပဒေပြုကောင်စီ၏ ပထမဆုံးအကြိမ် အစည်းအဝေးကို တရုတ်နိုင်ငံ တောင်ပိုင်းရှိ ရှင်ကျွန့်မြို့တွင် ကျင်းပသည်။ အငြင်းပွားဖွယ်ရာ ဖြစ်နေသည့် ပီကင်းအစိုးရက ထောက်ခံသော အဆိုပါ ဥပဒေပြုကောင်စီသည် ရီတာဖန်းအား ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် တရုတ်ထိပ်တန်း အရာရှိတစ်ဦးက ဥပဒေပြုကောင်စီအနေဖြင့် တရုတ်ပြည်မကြီးလက်သို့ ဟောင်ကောင်ကျွန်းအား ပြန်လည် လွှဲပြောင်းပေးအပ်ခြင်း မတိုင်မီကတည်းကပင် ဥပဒေများကို အတည်ပြုပြဋ္ဌာန်းမည် ဖြစ်ကြောင်း၊

သို့ရာတွင် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လမတိုင်မီ ယင်းဥပဒေများအား သက်ရောက်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ဥပဒေပြုကောင်စီက ယင်းသို့လုပ်ဆောင်မှုကို ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်မာတင်လီးက ကန့်ကွက်ရှုတ်ချခဲ့သည်။ ထို့ပြင် ဥပဒေပြုကောင်စီအနေဖြင့် တရုတ်ပြည်မကြီး လက်ဝယ်သို့ ဟောင်ကောင်ကျွန်းအား လွှဲအပ်ခြင်း မပြုမီတွင် ဥပဒေများအတည်ပြု ပြဋ္ဌာန်းသွားမည် ဆိုပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဟုလည်း မာတင်လီးက ခြိမ်းခြောက်ပြောကြားခဲ့သည်။ ထို့ပြင် အဆိုပါ ယာယီဥပဒေပြုကောင်စီကို တရုတ်ပြည်မကြီး ရောက် တရားမဝင် အဖွဲ့အစည်းဟု ၄င်းကဖော်ပြခဲ့သည်။

ဆိုခဲ့ပြီးသည့်အတိုင်း အခြေအနေများ ယင်းသို့ရှိခဲ့ရာ ဟောင်ကောင်ကျွန်းအား တရုတ်ပြည်မကြီးသို့ ပြန်လည် လွှဲပြောင်းရာတွင် ဟောင်ကောင်ကျွန်းတွင် နေထိုင်ကြသည့် သူများ၏ အခွင့်အရေးဆိုင်ရာ အနာဂတ်အရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ရှိခဲ့ကြသည်။ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သည့် အဖြစ်အပျက်များက ယင်းစိုးရိမ်ပူပန်မှုများကို ပိုမိုကြီးမားစေခဲ့သည်။ တရုတ်ပြည်မကြီးလက်သို့ ဟောင်ကောင်ကျွန်းအုပ်ချုပ်ရေး လွှဲပြောင်းပေးမှုကို စောင့်ကြပ်ကြည့်ရှုရန် ဖွဲ့စည်းထားသော အဖွဲ့ဝင် ဦးရေ ၁၅၀ ရှိသည့် တရုတ်– ဟောင်ကောင် အဖွဲ့အစည်း

အမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်လာသော ဟောင်ကောင်ကျွန်းအုပ်ချုပ်ရေးမှူးတွန်ချီးဟွာ



တစ်ရပ်ဖြစ်သော ကြိုတင် ပြင်ဆင်ရေးကော်မတီသည် ဟောင်ကောင်ကျွန်း၏ ၁၉၉၁ ခုနှစ်၊ နိုင်ငံသား အခွင့်အရေး ဆိုင်ရာ ဥပဒေကြမ်းအား ဖျက်သိမ်းရေးကို ဖေဖော်ဝါရီ ၂ ရက်နေ့တွင် ထောက်ခံမဲ ပေးခဲ့ကြသည်။ အဆိုပါ ဥပဒေကြမ်းကို လွန်ခဲ့သောနှစ် အနည်းငယ်အတွင်းက အတည်ပြုခဲ့ခြင်း ဖြစ်သည်။ အဖွဲ့ဝင် ၁၅၀ ပါဝင်သော အထက်ပါ ကြိုတင် ပြင်ဆင်ရေး ကော်မတီ၌ မဲဆန္ဒပေးရာတွင် ကန့်ကွက်မဲတစ်မဲနှင့် ကြား၍ မဲ ၁၀ မဲ ရှိခဲ့သည်။

တရုတ်ပြည်မကြီးရှိ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီကလည်း ဟောင်ကောင်၏ အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းနှင့် အခြားနိုင်ငံသား လွတ်လပ်ခွင့် ဥပဒေများကို ပယ်ဖျက်ရန် ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် ထောက်ခံ ဆန္ဒပြခဲ့ကြသည်။ လွတ်လပ်စွာ ပြောဆိုခွင့်နှင့် လွတ်လပ်စွာစုရုံးခွင့်ကို အာမခံချက် ပေးထားသော ဟောင်ကောင်၏ အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းသည် မလိုအပ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အခြေခံဥပဒေတွင် ယင်းအချက်များ ပါဝင်ပြီးဖြစ်ကြောင်း၊ အမျိုးသား ပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီ အဖွဲ့ဝင်များက စောဒက တက်ကြကြောင်း တရား၀င် ဆင်ဟွာ သတင်းဌာန၏ သတင်းပေးပို့ချက်တွင် ဖော်ပြပါရှိသည်။

ဟောင်ကောင်၏ နိုင်ငံသားအခွင့်အရေးနှင့် စပ်လျဉ်း၍ ဖြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယဝန်ကြီး မားလ်ကွမ်းရစ်ဖ်ကင်းသည် တရုတ် နိုင်ငံ ကိုယ်စားလှယ်များနှင့် ဖေဖော်ဝါရီလ အတွင်း ဆွေးနွေးခဲ့သည်။ စင်ကာပူတွင် ကျင်းပသည့် ဥပရာပသမဂ္ဂအဖွဲ့နှင့် အာဆီယံနိုင်ငံတို့မှ နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံနှင့် ဆွေးနွေးဖက် နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများလည်း တက်ရောက်ခဲ့ရာ ဖြိတိန် နိုင်ငံခြားရေးဝန်ကြီး ရစ်ဖ်ကင်းသည် တရုတ်နိုင်ငံခြားရေးဝန်ကြီး ကျန်ကျိယင်နှင့် ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ကျန်ကျိယင်နှင့် ဆွေးနွေးရာတွင် လူ့အခွင့်အရေးပြဿနာ့နှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံဘက်မှခုခံကာကွယ်မှုကို တွေ့ရှိခဲ့ရကြောင်း ရစ်ဖ်ကင်းက ပြောကြားသည်ဟု ဖေဖော်ဝါရီ ၁၅ ရက်ထုတ် အင်ဒီပင်းဒဲန့် စာစောင်တွင် ဖော်ပြပါရှိသည်။

ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင် ရစ်ဖ်ကင်းသည် ဟောင်ကောင်ကျွန်းအထူးအုပ်ချုပ်ရေးဒေသ အလုပ်အမှုဆောင် ကောင်စီအကြီးအကဲဖြစ်သော တွန်ချီးဟွာနှင့် တရား၀င် တွေ့ဆုံဆွေးနွေးခဲ့သည်။ ရစ်ဖ်ကင်းက တွန်ချီးဟွာအား ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသဆိုင်ရာ ယာယီဥပဒေပြုကောင်စီကို ဖျက်သိမ်းရန် ဖျောင်းဖျပြောဆိုခဲ့ရာ အောင်မြင်မှုမရှိဟု သိခဲ့ရသည်။ (ယူနိုက်တက်ကင်းဒမ်း– ရှု။)

ဤအတောအတွင်း တွန်ချီးဟွာက ဟောင်ကောင်၏ ထိပ်တန်း အရပ်ဘက်ဝန်ထမ်းများသည် ဟောင်ကောင်ကျွန်း အထူးအုပ်ချုပ်ရေးဒေသ၏ အုပ်ချုပ်ရေးအဖွဲ့များတွင် မိမိတို့၏ ရာထူးများ ဆက်လက်ရရှိမည်ဟု ဖေဖော်ဝါရီ ၂၀ ရက် နေ့ တွင် ကြေ ညာ ခဲ့ သည်။ တွန် ချီး ဟွာ ၏ ကြေညာချက်ကို ဟောင်ကောင်အုပ်ချုပ်ရေးမှူး(ဘုရင်ခံ) ခရစ်ပက်တင်နှင့် အခြားနိုင်ငံရေး လေ့လာသုံးသပ်သူများက ကြိုဆို ထောက်ခံခဲ့သည်။

အခြားတစ်ဖက်တွင် ဗြိတိန်နိုင်ငံ၊ ပြည်ထဲရေးဝန်ကြီး မိုက်ကယ်ဟောင်းဝပ် ကလည်း ဟောင်ကောင်တွင်နေထိုင်သည့် တရုတ်လူမျိုးမဟုတ်သူ ၈၀၀၀ ခန့်အား ဗြိတိန်နိုင်ငံကူး လက်မှတ် အပြည့်အဝခံစား၍ ရရှိရေးကို ခွင့်ပြုခဲ့သည်။ ဤသို့ဖြင့် ဟောင်ကောင်ဒေသ၏ အချုပ်အခြာအာဏာကို တရုတ်ပြည်မကြီးသို့ လွှဲပြောင်းပေးသည့်အခါ ယင်းလူမျိုးများ နိုင်ငံမဲ့ဖြစ်မည့် အရေးမှ ဖယ်ရှားနိုင်ခဲ့သည်။ ယင်းဆုံး ဖြတ်ချက်သည် ဟောင်ကောင် ကိုလိုနီဒေသတွင် နေထိုင်ကြသည့် အိန္ဒိယနှင့်ပါကစ္စတန်လူမျိုးအသိုက်အဝန်းများ အတွက်ပါ အကျုံးဝင်နေပေသည်။ ယခင်က ယင်းလူမျိုးများသည် ဗြိတိန်နိုင်ငံသို့ လည်ပတ်ခွင့်သာ ရှိသည်။

ဟောင်ကောင်တွင် အခြေစိုက်ထားသည့် ဂေါ်ရခါးစစ်သားများသည်လည်း ဟောင်ကောင် အား တရုတ်ပြည်မကြီးသို့ လွှဲပေးပြီးသည့်အခါတွင် မိမိတို့၏မိသားစုများအား ဗြိတိန်နိုင်ငံသို့ ရွှေ့ပြောင်းခွင့်ရရှိကြသည်။ ဗြိတိန်နိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့ရေးရာဝန်ကြီး နီကိုလတ်စ်ဆွမ်းစ်က ဟောင်ကောင်တွင် ကျန်ရှိနေသည့် ဂေါ်ရခါးတပ်ဖွဲ့ဝင် ၁၀၀ ကို ဇူလိုင် ၁ ရက်နောက်ပိုင်းတွင် ဗြိတိန်နိုင်ငံသို့ ပြောင်းရွှေ့မည် ဖြစ်ကြောင်း၊ ၄င်းတို့အား မိုခိုသူ

၉၀၀ ခန့်တို့လည်း အတူလိုက်ပါမည်ဟု မျှော်လင့် ရကြောင်း ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကြေညာခဲ့သည်။

ဤသို့ရှိနေခဲ့ရာမှ ဒီမိုကရက်တစ် ပါတီ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့သည် ဧပြီလအလယ်ပိုင်းတွင် အမေရိကန်ပြည်ထောင်စုသို့သွားရောက် လည်ပတ်ခဲ့သည်။ ဧပြီ ၁၈ ရက်နေ့တွင် ဒီမိုကရက်တစ် ပါတီခေါင်းဆောင် မာတင်လီးသည် အမေရိကန်သမ္မတ ကလင်တန်နှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံ ဆွေးနွေးပွဲတွင် သမ္မတကလင်တန်က ဟောင်ကောင်ဒေသအား တရုတ်ပြည်မကြီးသို့ ဂူလိုင် ၁ ရက်နေ့တွင် ပြန်လည် လွှဲပြောင်းပေးအပ်ပြီး နောက်ပိုင်း ဟောင်ကောင်ဒေသတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများ၏ လွတ်လပ်ခွင့်များကို အမေရိကန်အစိုးရက ထောက်ခံမြှင့်တင်ပေးမည်ဟု မာတင်လီးအား အာမခံချက်ပေးခဲ့သည်။ ဟောင်ကောင်ဒေသနေ ပြည်သူများ လက်ရှိခံစားနေရသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ ဆုံးရှုံးထိပါးခံရမည့် အခြေအနေရှိနိုင်သည်ဟု သမ္မတက သဘောထားကြောင်း အစည်းအဝေးအပြီးတွင် အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

မာတင်လီးသည် သမ္မတကလင်တန်အပြင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မက်ဒဲလ်လင်းအောဘရိုက်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ဇွန် ၃၀ ရက်နေ့တွင် ကျင်းပမည့်ဟောင်ကောင်ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားရာ မက်ဒဲလ်လင်းအောဘရိုက်က လက်ခံခဲ့သည်။

ဤအခြေအနေတွင် ဟောင်ကောင်ကျွန်း အထူးအုပ်ချုပ်ရေးဒေသ အလုပ်အမှုဆောင် ကောင်စီအကြီးအကဲဖြစ်သူ တွန်ချီးဟွာသည်လည်း အမေရိကန်ပြည်ထောင်စုသို့ သွားရန် စီစဉ်ခဲ့သည်။ သို့ရာတွင် ၄င်း၏ခရီးစဉ်ကို မာတင်လီးနှင့် ကလင်တန်တို့မတွေ့ဆုံမီ ရက်အနည်းငယ် အလို တွင် ဖျက်သိမ်းခဲ့သည်။ မာတင်လီးနှင့် သူ၏ ဒီမိုကရက်တစ် ပါတီကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုစည်ခဲ့သည့် အနေအထားမျိုးကို ၄င်းအား ပေးလိမ့်မည်မဟုတ်ဟု တွန်ချီးဟွာ အနေဖြင့် ယူဆသည့်အတွက် ၄င်း၏ခရီးစဉ်ကို ပယ်ဖျက်ခဲ့ခြင်းဖြစ်ပုံပေါ်သည်ဟု ဧပြီ ၁၇ ရက်နေ့ထုတ် "သည်ဂါး ဒီးယန်း" သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။

ဧပြီ ၉ ရက်နေ့ကလည်း တွန်ချီးဟွာသည် နိုင်ငံသားလွတ်လပ်ခွင့်များနှင့် လူနေမှုပုံစံစနစ်ဆိုင်ရာ အများပြည်သူဆွေးနွေးအကြံပြုမှု စာတမ်းကို ထုတ်ပြန်ခဲ့သည်။ ဝေဖန်ဆန်းစစ်သူများ၏ အဆိုအရ ယခုထုတ်ပြန်လိုက်သည့် စာတမ်းသည် ဟောင်ကောင်အုပ်ချုပ်ရေးမှူး ခရစ်ပက်တင်ပယ်ဖျက်ခဲ့သည့် သဘောထား ကွဲလွဲသူများ၏ ရပိုင်ခွင့်တားမြစ် ကန့်သတ်ချက်များကို ပြန်လည် သုံးသပ်ရန် လုပ်ဆောင်သည့် အစီအစဉ်တစ်ရပ်ဟု ဆိုသည်။ တွန်ချီးဟွာ၏ စာတမ်းတွင် ဆွေးနွေးအကြံပြုထားသည့် အချက်များတွင် လွတ်တော်နှင့် အသင်းအဖွဲ့များ၏ ရပိုင်ခွင့်များ၊ အပေါ်တားမြစ် ကန့်သတ်ချက်များ ပြန်လည် ပြဋ္ဌာန်းခြင်း၊ အမျိုးသားလုံခြုံရေးနှင့် အများပြည်သူလုံခြုံမှုကို ဖောက်ဖျက်ထိပါးပါက နိုင်ငံရေးပါတီများအား တားမြစ်ပိတ်ပင်ရန် အဆိုပြုခြင်းများပါဝင်သည်။ ယင်းစာတမ်းကို ဟောင်ကောင်အုပ်ချုပ်ရေးမှူး ခရစ်ပက်တင်က ရှုတ်ချပြစ်တင်ပြီး ပြန်လည်ထိုးနှက်ချေပသည့် ၄င်း၏စာတမ်းဖြင့် တုံ့ပြန်မည်ဟု ပြောကြားသည်။

ဤအတောအတွင်း တရုတ်အစိုးရကလည်း ဟောင်ကောင်မှ ပြည်ပသို့ သွားရောက်နေထိုင်သူများ ဟောင်ကောင်သို့ ပြန်လာပြီး ပြန်လည်အခြေချ နေထိုင်နိုင်ခွင့်နှင့် စပ်လျဉ်းသည့် အချိန်အကန့်အသတ်ကို တိုးမြှင့်ပေးရန် သဘောတူညီခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ဗြိတိန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား အလွတ်သဘော တူညီခဲ့ကြသည့် ပြဋ္ဌာန်းချက်အသစ်အရ ပြည်ပတွင် သွားရောက်နေထိုင်ကြသည့် ဟောင်ကောင် ဒေသသားများအနေဖြင့် ဟောင်ကောင် အချုပ်အခြာအာဏာကို တရုတ်ပြည်မကြီးသို့ ပြန်လည်လွှဲပြောင်းသည့် ကာလမှစပြီး ၁၈ လအတွင်း ဖြစ်စေ၊ သို့တည်းမဟုတ် ဟောင်ကောင်မှထွက်ခွာပြီး ၃၆ လအတွင်း ဖြစ်စေ မူလဒေသဖြစ်သည့် ဟောင်ကောင်သို့ ပြန်လာခွင့် ပြုထားသည်။

ယင်းသို့ရှိနေစဉ် တရုတ်နိုင်ငံ ပြည်သူ့လွတ်မြောက်ရေး တပ်မတော် မှ အင် အား ၄၀ ရှိ တပ် ဖွဲ့တစ် ဖွဲ့ ဟောင်ကောင်ကိုလိုနီဒေသသို့ ဧပြီ ၂၁ ရက်နေ့တွင် စတင်ရောက်ရှိလာရာ နှစ် ပေါင်း ၁၅၀ ကျော် အ တွင်း ဟောင်ကောင်သို့ ဝင်ရောက်ခဲ့သည့် ပထမဆုံး တရုတ်စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

ဗြိတိန်နိုင်ငံက အသိအမှတ်မပြုဘဲ နေခဲ့သည့် ဥပဒေဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ဖြစ်သော ဟောင်ကောင်ယာယီဥပဒေပြုကောင်စီသည် ပထမဆုံး အတည်ပြုသည့် ဥပဒေအဖြစ် အများပြည်သူ အားလပ်ရက်ဆိုင်ရာ ဥပဒေကြမ်းကို မေ ၁၀ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ယင်း လုပ်ရပ်ကို ဒီမိုကရေစီ ထောက်ခံသည့် ဒီမိုကရက်တစ် ပါတီက ကန့်ကွက်ရုတ်ချခဲ့သည်။ ထို့ပြင် ဤလုပ်ရပ်မှာ ဥပဒေရေးရာနှင့် ပတ်သက်ပြီး စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်ဟုလည်း ကြေညာခဲ့သည်။

ဒီမိုကရက်တစ်ပါတီ ဒုတိယဥက္ကဋ္ဌဖြစ်သူက ဤလုပ်ရပ်မှာ တရုတ်နိုင်ငံအစိုးရက အာမခံချက် ပေးထားသည့် အသွင်ကူးပြောင်းရေး ကာလ အတွင်း မည်သည့်ဥပဒေကိုမျှ အပြိုင်ပြဋ္ဌာန်းမှု မရှိစေရ ဆိုသည့်အချက်ကို ဖောက်ဖျက်ရာရောက် သည် ဟု ပြော ကြား ခဲ့ သည်။ သို့ ရာ တွင် ယာ ယီ ဥပဒေပြုကောင်စီ ဥက္ကဋ္ဌဖြစ်သူ ရီတာဖန်းက အထက်တွင် စွပ်စွဲ ပြောကြား:ထား:သည့် ဖောက်ဖျက်မှုမျိုး မသက်ရောက်ကြောင်း၊ အ ဘယ် ကြောင့် ဆို သော် ဥ ပ ဒေ ပြု ကောင် စီ အနေဖြင့် ဟောင်ကောင်အာ: တရုတ်ပြည်မကြီး လက်သို့ ပြန် လည် လွှဲ ပြောင်းပြီး နောက် အာဏာသက်ဝင်လာမည့် ဥပဒေများကို အတည်ပြုပြဋ္ဌာန်းခွင့် ရှိသောကြောင့် ဖြစ်သည်ဟု စောဒကတက်ခဲ့သည်။

ဟောင်ကောင်တွင် မေလအတွင်း နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုတစ်ရပ်အဖြစ် တွေ့မြင်လာရသည်မှာ ဥပဒေပြုကောင်စီ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ခရစ်တင်းလိုးက နိုင်ငံရေးပါတီတစ်ရပ် ဖွဲ့စည်းလိုက်ခြင်းပင် ဖြစ်သည်။ ခရစ်တင်းလိုး က "နိုင်ငံသား:များ:ပါတီ " ဖွဲ့စည်းကြောင်း: ကြေညာခဲ့သည်။ သူမ၏ပါတီမှာ ဒီမိုကရက်တစ် အခွင့်အရေး:များ:ကို ထောက်ခံသော နိုင်ငံရေး ပါတီတစ်ရပ် ဖြစ်သည်။ သူမက မိမိ၏ပါတီသည် ဟောင်ကောင်နိုင်ငံရေး:တွင် လူထုပါဝင် ဆောင်ရွက်ရေး၊ လွတ်လပ်သော ဈေး:ကွက်စီး:ပွား:ရေး: ဖြစ်ပေါ်စေရေး:နှင့် ပတ်ဝန်း:ကျင်နှင့် ရင်း:နှီး: ကျွမ်း:ဝင်စေရေး:မူဝါဒများ: အကောင်အထည်ဖော်ရေး: တို့ ကို ဆော် သြ သွား: မည် ဟု ပြော ကြား: ခဲ့ သည်။ ခရစ်တင်းလိုးသည် ဟောင်ကောင်တွင် ထူးခြား:သည့် အရည်အသွေး: အရှိဆုံး: နိုင်ငံရေး:သမား:များ:အနက် တစ်ဦး:ဖြစ်သည်ဟု "သည်ထိုင်း:မ်စ်" သတင်း:စာက ရေး:သား:ဖော်ပြခဲ့သည်။ ထို့ပြင် ဒီမိုကရက်တစ် ပါတီခေါင်း:ဆောင်မာတင်လီ:သည် သူမ၏ပါတီကို ထောက်ခံသူဖြစ်သည်ဟုလည်း သိရှိရသည်။

ယင်း:သို့ ရှိနေခဲ့ရာမှ ဟောင်ကောင်အာ: တရုတ်ပြည်မကြီး:သို့တရား:ဝင် လွှဲပြောင်း:ခြင်း:မပြုမီ ဟောင်ကောင်ဒေသအတွင်း:သို့ တရုတ် လက်နက်ကိုင် စစ်သား: ၅၀၀ စေလွှတ်ရန်ကို တရုတ်ပြည်အာ: ခွင့်ပြုရန် ဗြိတိန်နိုင်ငံက ၆ နှစ် ၂၃ ရက် နေ့ တွင် သ ဘော တူ ညီ ခဲ့ သည်။ ယင်း လုပ်ဆောင်မှုမှာ ဗြိတိန်နိုင်ငံ၏ ထူးခြား:သည့် လိုက်လျောမှုဖြစ်ပြီး ယင်းကိစ္စနှင့် စပ်လျဉ်း:ပြီး ရက်သတ္တပတ်သုံး:ပတ်ကြာ ရှေ့မတို:နောက်မ ဆုတ် ဖြစ်နေသည့်အနေအထား:ကို အဆုံး:သတ်စေခဲ့သည်။ ဧပြီလ အတွင်း:က ဟောင်ကောင်ဒေသသို့ စတင်ဝင်ရောက်ခဲ့သည့် ရှေ့ပြေးတရုတ်တပ်ဖွဲ့ကို အင်အား:ဖြည့်တင်း:ရန်အတွက် နောက်ထပ် လက်နက်ကိုင်တပ်ဖွဲ့ စေလွှတ်ခွင့်ပြုရန် တရုတ်နိုင်ငံ၏ တောင်း:ဆိုချက်ကို ဗြိတိန် နိုင်ငံက ကနဦး:ကပယ်ချခဲ့သည်။ တရုတ်နိုင်ငံကလည်း ဟောင်ကောင်အာ: တရုတ်ပြည်မကြီး: သို့ တရား:ဝင် လွှဲပြောင်း:သည့်အချိန်တွင် လုံခြုံရေး: အကာအကွယ်ယူမှု လစ်ဟင်း:မှု မရှိစေရန်အတွက် ဟောင်ကောင်တွင် တရုတ်စစ်သား:များ: နေရာချထား:ရန် လိုအပ်သည်ဟု စောဒကတက်ကာ အကြောင်း:ပြခဲ့သည်။ ဗြိတိန်နိုင်ငံက လိုက်လျောခဲ့သော သဘောတူညီချက်အရ တရုတ်နိုင်ငံသည် တရုတ်စစ်သား: ၅၀၉ ဦး:ကို ဇွန် ၃၀ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်နယ်စပ်ကိုဖြတ်၍ ဟောင်ကောင်ဒေသသို့ စေလွှတ်ရန် သဘောတူညီခဲ့သည်။ လက်နက်အသေး:စား: ကိုင်ဆောင်ထား:သည့် တရုတ်စစ်သား:များ:သည် သံချပ်ကာ ကား:အစီး: ၃၉ စီး:ဖြင့် ဟောင်ကောင်သို့ ဝင်ရောက်မည်ဖြစ်သည်။ ယင်း:သဘောတူညီချက်ကို ဟောင်ကောင်ရှိ ဒီမိုကရေစီအရေး: ထောက်ခံကြသည့် နိုင်ငံရေး:သမား:များ:က ပြစ်တင်ရှုတ်ချခဲ့သည်။

ဇွန်လအတွင်း: တွေ့မြင်ခဲ့ရသည့် ဟောင်ကောင် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများ:တွင် ပီကင်း:မြို့တော်ရှိ တိယင်နန်မင်ရင်ပြင်တွင် ဒီမိုကရေစီအရေး: ဆန္ဒပြတောင်း:ဆို

မှုများအား ချေမှုန်းခဲ့သည့် နှစ်ပတ်လည် နေ့အဖြစ် ဟောင်ကောင်တွင် ဒေသခံပြည်သူ ၅၀,၀၀၀ ခန့် စုရုံးခဲ့ကြသည်။ ၁၉၉၀ ပြည့်နှစ်ကစပြီး နှစ်စဉ် ကျင်းပခဲ့သည့် အဆိုပါ နှစ်ပတ်လည်နေ့ လူထုစုရုံးမှုကို ဦးဆောင်လုပ်ကိုင်သူများက ဟောင်ကောင်တွင် တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာ ပြန်လည်ရရှိလင့်စကား ၁၉၉၈ ခုနှစ်၊ ဇွန်လတွင်လည်း အလားတူလူထုစည်းဝေးပွဲများ ကျင်းပသွားမည်ဟု ပြောကြားခဲ့သည်။

ဤသို့ဖြင့် ၁၉၉၇ ခုနှစ်၊ ဇွန် ၃၀ရက်နေ့နှင့် ဇူလိုင် ၁ ရက်နေ့ စပ်ကူးမတ်ကူးကာလသန်းခေါင်ယံအချိန်တွင် ဟောင်ကောင်အား ဗြိတိန်နိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အချုပ်အခြာ အာဏာအောက်သို့ တရား၀င် ပြန်လည် လွှဲပြောင်းပေးအပ်သည့် အခမ်းအနား စတင်ခဲ့သည်။ ဟောင်ကောင်တွင် တရား၀င် အခမ်းအနားများ၊ အစည်းအဝေးများ ကျင်းပခဲ့ရုံမျှမက တရုတ်ပြည်မကြီးတွင်လည်း နိုင်ငံအနှံ့ အခမ်းအနားများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့သည်။ ဟောင်ကောင်တွင် ဒီမိုကရေစီအရေး ထောက်ခံကြသည့် သူများက ငြိမ်းချမ်း သည့် လူထုစည်းဝေးပွဲများနှင့် ဆန္ဒပြပွဲများ ပြုလုပ်ခဲ့သည်။

ဟောင်ကောင်အား တရား၀င်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်သူများတွင် ဗြိတိန်နိုင်ငံမှ မင်းသားချာလ်စ်၊ ဝန်ကြီးချုပ် တိုနီဘလဲယာ၊ နိုင်ငံခြားရေးနှင့် ဓနသဟာယဝန်ကြီး ရော်ဘင်ကွတ်ခ်နှင့် ဟောင်ကောင် အုပ်ချုပ်ရေးမှူးဟောင်း ခရစ်ပက်တင်တို့ပါဝင်သည်။ တရုတ်နိုင်ငံဘက်မှ တက်ရောက်သူများတွင် သမ္မတကျန်ဇီမင်း၊ ဝန် ကြီး ချုပ်လီပင်း၊ နိုင်ငံခြားရေး ဝန်ကြီး ကျန်ကျိယင်နှင့် အဆင့်မြင့် နိုင်ငံခြားရေးရာ အရာရှိများ တက်ရောက်ကြသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မက်ဒဲလ်လင်းအောဘရိုက်လည်း တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တရုတ်နိုင်ငံသမ္မတ ကျန်ဇီမင်းက မိန့်ခွန်းပြောကြားရာတွင် တရုတ်နိုင်ငံသည် ဟောင်ကောင်တွင် အ ရင်း ရှင် စ နစ် ဆက် လက် ကျင့် သုံး ရန် ၄၄ တို့ပေးခဲ့သည့်ကတိကို လေးစားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအစိုးရကလည်း “နိုင်ငံတစ်နိုင်ငံစနစ်နှစ်ခု”ကျင့်သုံးသွားမည့် အခြေခံမူဝါဒများကို မယိမ်းမယိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

တရုတ်နိုင်ငံရှိ မြို့တော်များနှင့် အဓိကရမြို့ကြီးများတွင် ပြည်သူအများက ပျော်ရွှင်ပွဲများ ကျင်းပကြသည်။ ပီကင်းရှိ တီယင်နန်မင်ရင်ပြင်တွင် လူတစ်သိန်းခန့်စုရုံးပြီး ပျော်ပွဲရွှင်ပွဲများကျင်းပကာ ညဉ့်သန်းခေါင်ယံအချိန်တွင် မီးရှူးမီးပန်းများ ပစ်လွှတ်ခဲ့ကြသည်။ တရုတ်နိုင်ငံရုပ်မြင်သံကြားဌာနမှလည်း ဟောင်ကောင်ကျွန်းလွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ရာ တရုတ်ပြည်သူအများ ကြည့်ရှုခဲ့ကြသည်။

ဟောင်ကောင်၏ နောက်ကြောင်း ရာဇဝင် ကို ပြန်လည် ဆန်းစစ်ကြည့်ပါက ၁၈၄၂ ခုနှစ်တွင် နန်ကင်းစာချုပ်အရ ဟောင်ကောင်ကျွန်းအား ဗြိတိန်နိုင်ငံသို့ ပေးအပ် လိုက်ရသည်။ ထို့နောက် ၁၈၆၀ ပြည့်နှစ်တွင် ပီကင်းကွန် ဗင်းရှင်းအရ ကိုလွန်းကျွန်းဆွယ်အား ဗြိတိန်နိုင်ငံက ရယူပြီး နယ်မြေဒေသသစ်ဖြစ်သည့် ဟောင်ကောင်ကျွန်းကို ၁၈၉၈ ခုနှစ်တွင် တရုတ်နိုင်ငံ ထံမှ ၉၉ နှစ် ကာလအထိ ငှားရမ်းခဲ့သည်။ တစ်ဖန် ၁၉၈၄ ခုနှစ်တွင် ဗြိတိန်နိုင်ငံက ဟောင်ကောင်ကျွန်း ငှားရမ်းသည့် သက်တမ်းကုန်ဆုံးမည့် ၁၉၉၇ ခုနှစ်တွင် ဟောင်ကောင်ကျွန်း တစ်ခုလုံး၏ အချုပ်အခြာအာဏာကို တရုတ်ပြည်မကြီးက ပြန်လည်ရရှိမည်ဟု အခွင့်အရေး ပေးလိုက်လျှောခဲ့သည်။ ၁၉၈၄ ခုနှစ်၊ ဒီဇင်ဘာလ အတွင်းက ပူးတွဲလက်မှတ်ရေးထိုးခဲ့သည့် တရုတ်–ဗြိတိန်ပူးတွဲကြေညာချက်တွင် ဟောင်ကောင် အနာဂတ်အရေးနှင့် ပတ်သက်သည့် အာမခံချက်များ ပါရှိပေသည်။ တရုတ်နိုင်ငံက ၁၉၉၇ ခုနှစ် နောက်ပိုင်း နှစ်ပေါင်း ၅၀ ကြာ ဟောင်ကောင်တွင် အရင်းရှင် စီးပွားရေးနှင့် လူနေမှုစနစ်ကို ဆက်လက်ထားရှိရန် အာမခံချက်ပေးခဲ့သည်။

ဟောင်ကောင်အား တရုတ်ပြည်မကြီး လက်သို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အ ချိန်တွင် ဟောင်ကောင်၏ စီးပွားရေးမှာ အလွန်တောင့်တင်း ခိုင်မာနေသည့် အချိန်ဖြစ်သည်။ အရန် နိုင်ငံခြားငွေကြေးမှာ အမေရိကန်ဒေါ်လာ ၈၇ ဘီလီယံ (ကမ္ဘာတွင် စတုတ္ထ မြောက် အများဆုံး) ရှိပြီး

စတော့ရှယ်ယာဈေးကွက်တွင် လည်း ဈေးနှုန်းများ မြင့်တက်ခဲ့သည်။

ဟောင်ကောင်အား တရုတ်ပြည်မကြီးသို့ ပြန်လည် ပေးအပ်ခဲ့ခြင်းက တရုတ်နိုင်ငံ၏ထိုင်ဝမ်မူဝါဒရေးရာ အနာဂတ် လမ်းကြောင်းအပေါ် ခန့်မှန်းတွက်ဆမှုများ တိုးပွားစေခဲ့သည်။ တရုတ်ခေါင်းဆောင်ပိုင်းအနေဖြင့် တရုတ်ပြည်မကြီးနှင့် ထိုင်ဝမ်ပြန်လည်ပေါင်းစည်းရေး ကြိုးပမ်းမှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အနေအထား ရှိနေပေသည်။

ဇူလိုင် ၁ ရက်နေ့တွင် တွန်ချီးဟွာသည် တရုတ်နိုင်ငံဝန်ကြီးချုပ် လီပင်း၏ ရှေ့မှောက်တွင် ဟောင်ကောင်ကျွန်းအထူးအုပ်ချုပ်ရေးဒေသ အလုပ်အမှုဆောင် ကောင်စီအကြီးအကဲ (ဟောင်ကောင်အုပ်ချုပ်ရေးမှူး)အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။

ယင်းနေ့မှာပင် တရုတ်နိုင်ငံ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ စစ်သား ၄၀၀၀ ခန့်သည် ဟောင်ကောင်သို့ ဝင်ရောက်ခဲ့သည်။ ဧပြီလအတွင်းက ဟောင်ကောင်သို့ ဝင်ရောက်ခဲ့သည့် တရုတ်ရှေ့ပြေးတပ်ဖွဲ့နှင့် ဇွန်လ ၃၀ ရက်နေ့တွင် ဝင်ရောက်ခဲ့သည့် တရုတ်တပ်ခွဲတို့နှင့် ပေါင်းစည်းမည် ဖြစ်သည်။

စက်တင်ဘာလတွင် ဟောင်ကောင်ကျွန်းအထူးအုပ်ချုပ်ရေးဒေသ အလုပ်အမှုဆောင်ကောင်စီ အကြီးအကဲ တွန်ချီးဟွာ၊ အတွင်းရေးမှူး အန်ဆင်ချန်းနှင့် ဒီမိုကရက်တစ် ပါတီခေါင်းဆောင် မာတင်လီးတို့သည် အမေရိကန် ပြည်ထောင်စုသို့ သီးခြားစီသွားရောက်ခဲ့ကြပြီး တရုတ်ပြည် အုပ်ချုပ်မှုအောက်တွင် ဟောင်ကောင်ကျွန်း အနာဂတ်ရေး အပေါ် ၄င်းတို့၏ သဘောထားကို တင်ပြဆွေးနွေးခဲ့သည်။

ယာယီဥပဒေပြုကောင်စီကို အစားထိုးရန် ၁၉၉၈ ခုနှစ်တွင် ကျင်းပရန် သတ်မှတ်ထားသည့် ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် အသေးစိတ်အစီအစဉ်ကို ဟောင်ကောင်အုပ်ချုပ်ရေးအဖွဲ့က ဇူလိုင် ၈ ရက်နေ့ကကြေညာခဲ့ပြီးဖြစ်ရာ ယာယီဥပဒေပြုကောင်စီသည် ဟောင်ကောင်ရွေးကောက်ပွဲဆိုင်ရာဥပဒေပြင်ဆင်ချက်များကို စက်တင်ဘာ ၂၈ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ဥပဒေတွင် အငြင်းပွားဖွယ်ရာ အချက်များ ပါဝင်နေပေ သည်။

ယင်းတို့အနက် အချို့အစား:အရကိုယ်စားပြု ပါဝင်ခြင်းစနစ်ကျင့်သုံးမှု ပါရှိနေရာ ဒီမိုကရေစီအရေး ထောက်ခံလှုပ်ရှားသည့် သူများ၏ ဝေဖန်မှု ခံခဲ့ရသည်။ ယင်းအချက်မှာ ဒီမိုကရက်တစ်နည်းလမ်းကို ဆန့်ကျင် သည်ဟု ဝေဖန်ခဲ့ကြသည်။ အောက်တိုဘာ ၈ ရက်နေ့တွင် တွန်ချီးဟွာကကိုလိုနီခေတ်နှောင်းပိုင်း ပထမဆုံးအကြိမ် ဥပဒေပြု ကောင်စီဆိုင်ရာ ဟောင်ကောင်ရွေးကောက်ပွဲ များကို ၁၉၉၈ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ကျင်းပမည်ဟု အတည်ပြုပြောကြား:သည်။

မျိုးကျော်ဝေ

အမေရိကန်ပြည်ထောင်စု။ ။ အမေရိကန် သမ္မတကလင်တန်သည် စွပ်စွဲမှုမျိုးစုံနှင့် ကြုံတွေ့ရမှု၊ ရင်ဆိုင်ဖြေရှင်းနေရသူဖြစ်သည်။ အထူးသဖြင့် အမေရိကန် ပြည်ထောင်စု၏ အကြီးအကဲသမ္မတတစ်ဦးအနေဖြင့် အထိခိုက်ဆုံး၊ အရှက်ရဖွယ်အဖြစ်ဆုံး စွပ်စွဲချက်မှာ လိင်ကိစ္စဆိုင်ရာ စွပ်စွဲခံရမှုဖြစ်သည်။ ၁၉၉၂ ခုနှစ်ကပင် အာကင်ဆပ်ပြည်နယ်၏ လစ်တီးလ်ရော့ခ်တွင် မြို့တော်ဝန်ဖြစ်စဉ်ကပင် ပေါ်လာဂျုံးဟူသော အမျိုးသမီးအား လိင်ကိစ္စ မြှူဆွယ်မှုနှင့် ပတ်သက်၍ နာမည်ပျက်ခဲ့သည်။ ကလင်တန်က ပေါ်လာဂျုံး၏ စွပ်စွဲချက်နှင့် ပတ်သက်၍ ငြင်းဆိုထားသည်။

အမေရိကန်က ကုလသမဂ္ဂသို့ အချုံးကျ ထည့်ဝင်ရမည့် ငွေမှာ ဒေါ်လာတစ်ဘီလီယံဖြစ်သည်။ ထို့ပြင် နိုင်ငံတကာသို့ ကူပံ့ရန်အတွက် ဒေါ်လာ ၁၈ ဒသမ ၁ ဘီလီယံ ရှိသဖြင့် သမ္မတကလင်တန်က ကွန်ဂရက်သို့ တောင်းခံထားသည်။

ကျူးဘားနိုင်ငံအပေါ် အမေရိကန်က စီးပွားရေးပိတ်ဆို့မှု ပြုထားခဲ့သည်မှာ ကြာပြီဖြစ်သည်။ သို့သော် ဥရောပနိုင်ငံများက ကမ္ဘာ့ ကုန်သွယ်ရေးလမ်းကြောင်းအတိုင်း ကျူးဘားနှင့် ကုန်သွယ်မှု ပြုမည်ဖြစ်သည်။ အမေရိကန်ကလည်း ကျူးဘားအပေါ် အရေးယူပိတ်ဆို့ရသည်မှာ စီးပွားရေးကြောင့်မဟုတ်ဘဲနိုင်ငံရေးအရသာ အရေးယူဆောင်ရွက်ခြင်း ဖြစ်သည်ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စု

အမေရိကန်သမ္မတ ဘိလ်ကလင်တန်၏ ဒီမိုကရစ်တစ်ပါတီနှင့် ရီပတ်ဘလီကန် ပါတီတို့သည် ၁၉၉၆ ခုနှစ် အတွင်း သမ္မတရွေးကောက်ပွဲဝင်ခဲ့ကြသည်။ ထိုစဉ်က လက်ရှိအာဏာရပြီးဖြစ်သည့် သမ္မတဘိလ်ကလင်တန်ကလည်း ပြန်လည်အရွေးခံရာ ဒုတိယသမ္မတသက်တမ်းကို ပြန်လည် အရွေးခံရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၇ - စာ၊ ၃၀၄၊ ၃၀၅ - ရှု၊) ဤသမ္မတအဖြစ် ရွေးချယ်ခံကြရာ၌ ရှေးဦးစွာမဲဆွယ်ခြင်း၊ စည်းရုံးခြင်း၊ တရားဟောခြင်း စသည်ဖြင့် ပြုလုပ်ကြရာ ကုန်ကျစရိတ်များ ရှိခဲ့သည်။ ဤကုန်ကျစရိတ်ကို ကာမိစေရန် ဘိလ်ကလင်တန်သည် အိမ်ဖြူတော်ကို အသုံးပြုခဲ့ခြင်း၊ အိမ်ဖြူတော်တွင်း၌ သမ္မတနှင့်အတူ ညစာစား ပွဲများကျင်းပခြင်း၊ လာရောက်ကြသူများက ရန်ပုံငွေများ ပေးသွားခြင်း စသည်ဖြင့် ပြုလုပ်ခဲ့ကြောင်း၊ မဲဆွယ်ရာတွင် ပါတီ၏ ရန်ပုံငွေအတွက် အစိုးရ၏အဆောက်အအုံကို အသုံးပြုခွင့် မရှိကြောင်းဖြင့် စွဲချက်တင်သည်။ စွဲချက်တင်သူတို့က ဤသို့ မဲဆွယ်ပွဲကာလများ၌ အိမ်ဖြူတော်သို့ ဧည့်သည်ပေါင်း ၉၃၈ ဦး လာရောက်ခဲ့ကြပြီး သူတို့ထံမှ ရန်ပုံငွေဒေါ်လာ ၁၀ သန်းကျော် ရရှိကာ မိမိတို့ပါတီ မဲရရေးအတွက် လုပ်ဆောင်ခဲ့သည်ဟု ဆိုသည်။

မတ်လ နောက်ဆုံးပတ်တွင် ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဒီအေဂိုမြို့တွင် နိဗ္ဗာန်၏တံခါးဝဟု အမည်ပေးထားသော ဘာသာရေးအယူဝါဒစွဲ ဂိုဏ်းတစ်ဂိုဏ်းရှိရာ ထိုအဖွဲ့က ဘာသာရေးနှင့်စိတ်ကူးယဉ်မှုကိုတွဲကာ ကြယ်တာရာလမ်းကြောင်းဟူသော ရုပ်ရှင်ကားမျိုးမှ ဇာတ်လမ်းအတိုင်း အာကာသယာဉ်ကြီးနှင့် သွားလာနေမှုကို အမှန်တကယ်ဟူ၍ မှတ်ယူထားကြသည်။ ဤအခါတွင် ၁၉၉၆ ခုနှစ် နောင်းပိုင်းမှစ၍ ညဉ့်ကောင်းကင်ယံ၌ ကြယ်တံခွန်ကြီးတစ်ခု ပေါ်ထွန်းခဲ့သည်။ ဤကြယ်တံခွန်ကြီးကို နက္ခတ္တဗေဒပညာရှင်တို့ တွက်ချက်မှုအရ နှစ် ၄၀၀၀ ကျော်မှ နောက်ထပ်တစ်ကြိမ် လာရောက်မည်ဖြစ်ကြောင်း၊ ပထမအကြိမ် ဤကြယ်တံခွန်ကြီး ပေါ်စဉ်က လူ့ယဉ်ကျေးမှု ပေါ်ဦးစကာလသာ ရှိသေးကြောင်း၊ အီဂျစ်မှ ပိရမစ်ကြီးများ ဆောက်လုပ်ပြီးစ အချိန်ဖြစ်ကြောင်း သိရသည်။ ကြယ်တံခွန်ကြီးကို ဟာလေဆိုသူနှင့် ဘော့ဆိုသူနှစ်ဦးက တွေ့ရှိသဖြင့် ဤကြယ်တံခွန်ကြီးကိုလည်း ဟာလေဘော့ ကြယ်တံခွန်ဟု အမည်ပေးထားသည်။ ထိုနိဗ္ဗာန်တံခါးဝဂိုဏ်းမှ ပုဂ္ဂိုလ်များက ဤကြယ်တံခွန်ကြီးသည် အာကာသယာဉ်ကြီး ဖြစ်သည်။ ငါတို့အား ဤကမ္ဘာကြီးမှ သူတို့နှင့်လိုက်ပါရန် အခေါ်ဆိုက်ရောက်ခြင်း ဖြစ်သည်ဟုဆိုကာ လူ ၃၉ ဦးစလုံး အစုလိုက် အပြုလိုက် မိမိတို့ကိုယ်ကို သေကြောင်း ကြံလိုက်ကြသည်။

အမေရိကန် ပြည်ထောင်စုက စစ်လက်နက်များကို လက်တင် အမေရိကနိုင်ငံများသို့ ရောင်းချခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကျော်ခဲ့ပြီဖြစ်သည်။ မတ်လ နောက်ဆုံးပတ်တွင် ချီလီနိုင်ငံသို့ ဂျက်တိုက်လေယာဉ် ၂၅ စီး ရောင်းချရသည်။

မေလ နောက်ဆုံးပတ်တွင် သမ္မတ ကလင်တန်အဖို့ အကျပ်အတည်းများစွာဖြင့် ရင်ဆိုင်ခဲ့ရလေသည်။ ဂျင်နီဖာ ဖလာဝါးဆိုသူ အမျိုးသမီးနှင့် ပတ်သက်ခဲ့သည့်ကိစ္စ၊ သမ္မတရွေးကောက်ပွဲတွင် ရန်ပုံငွေကို နိုင်ငံတော်ပိုင် ပစ္စည်းများ၊ အိမ်ဖြူတော်ကိုပါ ရန်ပုံငွေရရာရကြောင်း အသုံးချမှုများ၊ ပေါ်လာဂျုံးနှင့်လိင်ကိစ္စ အရှုပ်တော်ပုံများနှင့် ပြန်လည်ရင်ဆိုင်ရသည်။ ဤပြဿနာရပ်များနှင့် ပတ်သက်၍ သမ္မတ ကလင်တန်က ငြင်းဆိုထားသည်။

ဇွန်လနောက်ဆုံးပတ်တွင် အမေရိကန်အစိုးရက တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးပေး နိုင်ငံအဆင့်သို့ အသစ်ထပ်မံ၍ အတည်ပြုပြဋ္ဌာန်းပေးလိုက်သည်။

နိုဝင်ဘာလဆန်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး ကျန်ဇီမင်း အမေရိကန်ပြည်ထောင်စုသို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့သည်။ အိမ်ဖြူတော်တွင် သမ္မတ ကလင်တန်နှင့်ကျန်ဇီမင်းတို့ တွေ့ဆုံဆွေးနွေးခဲ့သည်။ ဤနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးမှ ခေါင်းဆောင်နှစ်ဦးတို့သည် သဘာဝဝန်းကျင်ထိန်းသိမ်းရေး၊ နှစ်နိုင်ငံစစ်ရေးစစ်ရာ သတင်းအချက်အလက်များ အသိပေးရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် တရုတ်နိုင်ငံက အီရန်နိုင်ငံသို့ ဒုံးကျည်လက်နက် ရောင်းချခြင်းနှင့် နည်းပညာပေးပို့ခြင်း မပြုရန် အချက်အလက်များ ပါသည်ဟုဆိုသည်။


အမျိုးသားအားကစားပွဲတော်။ ။ ၁၉၉၇ ခုနှစ်၊ တတိယအကြိမ် အမျိုးသား အားကစား ပွဲတော်ကို ဧန်နဝါရီလ ၁၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပသည်။ တတိယအကြိမ် အမျိုးသား အားကစား ပွဲတော်ကို မြန်မာ့အားကစားကို လွှမ်းစေရမည်ဆိုသည့် ရည်မှန်းချက်ကို အမျိုးသားရေး လုပ်ရှားမှုအဖွင့် ဆောင်ရွက်ရန်၊ အားကစားမြင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်တည် ဆောက် ခြင်း ဖြစ် သည် ဟု ခံ ယူ လာ စေ ရန်၊ အားကစားဆောင်ရွက်ရာတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ရှင်သန်လာစေရေးအတွက် ဦးတည်လာစေရန် တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်စေရေး ဦးတည်လျက် မြန်မာ့အားကစားအဆင့်အတန်းမြင့်မားရေးအတွက် တစ်နိုင်ငံလုံးမှ ပါဝင်လှုပ်ရှားပြီး တက်ကြွစွာ အားပေး ချီးမြှောက်မှုများ ပြုလုပ်လာစေရန် ထက်မြက်ထူးချွန်သော အားကစားသမား မျိုးဆက်သစ်များ ပေါ်ထွက်လာပြီး ကမ္ဘာ့အဆင့်အထိ တက်လှမ်းလာစေရန် ခေတ်မီတိုးတက်သော အားကစားနည်း စနစ်သစ်များဖြင့် လေ့ကျင့်ပို့ချထောင်ထားသော အားကစား ထူးချွန်သူများ ပေါ်ထွန်းရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က တက်ကြွစွာ ပါဝင်ဆောင်ရွက်လာစေရန်နှင့် အနယ်နယ်အရပ်ရပ်တွင် ပျံ့နှံ့နေသည့် ထူးချွန်သော အားကစားသမား အချင်းချင်း ပိုမို ရင်းနှီးမှုရရှိကာ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာလာစေရန်ဟူသော ဦးတည်ချက်များဖြင့် ကျင်းပခြင်း ဖြစ်သည်။

၁၉၉၇ ခုနှစ်၊ တတိယအကြိမ် အမျိုးသားအားကစား ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧန်နဝါရီလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ၌ ကျင်းပရာ တတိယအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အမျိုးသားကျန်းမာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)၊ အငွေးရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်

ပင်လယ်ကွေ့ စစ်ပွဲသည် ပြီးဆုံးခြင်းသို့ မရောက်နိုင်သေးချေ။ အီရတ်နိုင်ငံတွင် ဓာတုဗေဒဗုံး၊ ပိုးမွှားရောဂါဗုံးများ ရှိနေသေးသည်ဟု ကုလသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုက ယူဆကြဆဲ ဖြစ်သည်။ ထို့ကြောင့် လက်နက်စစ်ဆေးရေး အထူးအဖွဲ့တစ်ဖွဲ့ကို အီရတ်နိုင်ငံသို့ ထပ်မံစေလွှတ်မည်ဖြစ်သည်။ ဤအဖွဲ့တွင် အမေရိကန်လက်နက် ကျွမ်းကျင်သူများ ပါဝင်သည်။ ဤသို့ အမေရိကန်များ ပါဝင်နေမှုကို အီရတ်နိုင်ငံက သဘောမကျချေ။ သူလျှိုများဟု စွပ်စွဲကာ လက်နက်စစ်ဆေးရေးအဖွဲ့၌ အမေရိကန်လူမျိုးများကို ဖယ်ထုတ်မှသာ အီရတ်နိုင်ငံတွင်းသို့ ဝင်ရောက်စစ်ဆေးခွင့် ပြုမည်ဟု အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်က ပြောသည်။ ထို့ကြောင့်ပင် အီရတ်နိုင်ငံသို့ လက်နက်စစ်ဆေးရေးအဖွဲ့များ ဝင်ရောက်ရန် ကိစ္စသည် ရပ်ဆိုင်းသွားခဲ့ရသည်။ အီရတ်နိုင်ငံတွင် ဗက်တီး ရီယားပိုးပါသည့် ပစ္စည်းကိုလိုဂရမ် ၄၀၀ ရှိနေကြောင်း၊ ပိုးမွှား တစ်ဂရမ်ကျရောက်စေလျှင်ပင် လူပေါင်းသန်းနှင့်ချီ၍ သေနိုင်ကြောင်း၊ ထို့ကြောင့် ပြန်လည်စစ်ဆေးရှာဖွေရန် လိုလားကြသည်။ ဤသို့ ပိုးမွှားရောဂါဗုံးကို အီရတ်သည် အီရန်နှင့်ဖြစ်ပွားသည့် စစ်ပွဲနှင့်သူ့နိုင်ငံအတွင်းမှ ကဒ်လူမျိုးများကို နှိမ်နင်းရာတွင် အသုံးပြုခဲ့သည့် လက္ခဏာ တွေ့ရကြောင်းဖြင့် မှတ်တမ်းများ၌ တင်ပြထားသည်။

ပထမအကြိမ် အီရတ်နှင့်ဖြစ်ပွားသည့် ပင်လယ်ကွေ့စစ်ပွဲတွင် အမေရိကန်နှင့်အတူ ပါဝင်ခဲ့ကြသည့် မဟာမိတ်တို့သည် ယခုတစ်ကြိမ်တွင်မူ ပါဝင်ခြင်း မပြုတော့ချေ။ ပြင်သစ်၊ အီဂျစ်နှင့် ရုရှားနိုင်ငံတို့က ပါဝင်ခြင်း မပြုကြတော့ချေ။ ဗြိတိန်နိုင်ငံကသာ အမေရိကန်နှင့် လက်တွဲပါဝင်ခဲ့သည်။ အကယ်၍ အီရတ်က လက်နက်စစ်ဆေးရေးလုပ်ငန်းကို ဆက်လက်ငြင်းဆန်မည်ဆိုလျှင် ပင်လယ်ကွေ့စစ်ပွဲအဖြစ် ဒုတိယအကြိမ်နွဲရန် ဖြစ်သည်။ (အရှေ့အလယ်ပိုင်းဒေသ အခြေအနေ-ရှု၊)

နိုင်ဝင်ဘာလ နောက်ဆုံးပတ်တွင် သမ္မတကလင်တန်က လက်တင်အမေရိကနှင့် အရှေ့ဥရောပနိုင်ငံတို့မှ စစ်ပြေးဒုက္ခသည်ပေါင်း နှစ်သိန်းတို့အား အမေရိကန်၌ အစဉ် ခိုလှုံနေထိုင်ခွင့် ပြုလိုက်သည်။



တတိယအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲ အခမ်းအနား

တက်ရောက် မိန့်ခွန်းပြောကြား၍ တတိယအကြိမ် အမျိုးသား အားကစားပွဲတော်ကို ဖွင့်လှစ်ပေးသည်။

၁၉၉၇ ခုနှစ်၊ တတိယအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့်တိုင်း၊ အထက်မြန်မာနိုင်ငံ တက္ကသိုလ်များ၊ အောက်မြန်မာနိုင်ငံ တက္ကသိုလ်များအဆင့် အားကစားပြိုင်ပွဲ အားကစားနည်း ၂၉ မျိုးတွင် အားကစားသမားပေါင်း ၁၂,၉၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြ သည်။ တတိယအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင် သော ဝန်ကြီးဌာနအဆင့် အသင်းများမှာ ကာကွယ်ရေး၊ လယ်ယာ/ဆည်မြောင်း၊ စက်မှု(၁)၊ စက်မှု(၂)၊ ပို့ဆောင်ရေး၊ အလုပ်သမား၊ သမဝါယမ၊ ရထားပို့ဆောင်ရေး၊ စွမ်းအင်၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွား/ကူးသန်း၊ ဟိုတယ်/ခရီး၊ ဆက်/စ/ကြေး၊ ဘဏ္ဍာ/အခွန်၊ ဆောက်လုပ်ရေး၊ လူဝင်မှုကြီးကြပ်ရေး၊ ပြန်ကြားရေး၊ နယ်စပ်/စည်ပင်၊ သစ်တော၊ ပြည်ထဲရေး၊ သတ္တုတွင်း၊ မွေး/ရေ၊ ဝန်ကြီးချုပ် ရုံး၊ မြို့တော်စည်ပင်တို့ ဖြစ်သည်။ ပြည်နယ်နှင့်တိုင်း၊ အထက်မြန်မာနိုင်ငံ တက္ကသိုလ်များ၊ အောက်မြန်မာနိုင်ငံ တက္ကသိုလ်များအဆင့် အားကစားပြိုင်ပွဲတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ရောဝတီ၊ အထက်မြန်မာနိုင်ငံ တက္ကသိုလ်များ၊ အောက်မြန်မာနိုင်ငံ တက္ကသိုလ်များတို့ ပါဝင်သည်။ တတိယအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ အားကစားနည်း ၂၉ မျိုးမှာ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ကာယဗလ/ကာယအလှမယ်၊ လက်ဝှေ့၊ စက်ဘီး၊ ဘောလုံး၊ ဂေါက်သီး၊ ကျွမ်းဘား၊ ဟော်ကီ၊ ဂျူဒို၊ ကရာတေးဒို၊ အနောက်တိုင်းလှေ/ကနူးလှော်၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ ဒိုင်ဗင်/ဝါတာပိုလို၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သိုင်း၊ ဘော်လီဘော၊ အလေးမ၊ ဝူးရှူး၊ ရွက်လှော်၊ ဘိလိယက်နှင့် စနုကာ၊ ဘိုးလင်း၊ မြင်းစီး၊ မြားပစ်၊ မြန်မာ့ ရိုးရာလက်ဝှေ့တို့ ဖြစ်သည်။

တတိယအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန

စဉ်	ဝန်ကြီးဌာန	ရွှေ	ငွေ	ကြေး
၁၀	ပြန်ကြား:ရေး:	၁၂	၇	၁၀
၁၁	ဘဏ္ဍာ/အခွန်	၁၁	၆	၇
၁၂	နယ်စပ်/စည်ပင်	၁၀	၁၈	၂၂
၁၃	ဝန်ကြီးချုပ်ရုံး	၉	၁၄	၁၅
၁၄	အလုပ်သမား:	၇	၈	၁၂
၁၅	မွေး:/ရေ	၇	၈	၈
၁၆	ဆက်/စာ/ကြေး:	၆	၄	၉
၁၇	ဆောက်လုပ်ရေး:	၃	၃	၇
၁၈	ဟိုတယ်/ခရီး:	၃	၃	၁
၁၉	စွမ်:အင်	၂	၄	၁၂
၂၀	ပညာရေး:	၂	၃	၃
၂၁	ကျန်:မာရေး:	၂	၂	၈
၂၂	သတ္တုတွင်:	၂	–	၃
၂၃	ပို့ဆောင်ရေး:	၂	–	၂
၂၄	သမဝါယမ	၁	၄	၃
၂၅	လူဝင်မှုကြီးကြပ်ရေး:	–	၁	၁

အသင်:က ရွှေ ၈၀၊ ငွေ ၄၅၊ ကြေး: ၆၅ ဖြင့် ပထမ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်:ဝန်ကြီးဌာန အသင်:က ရွှေ ၆၂၊ ငွေ ၄၄၊ ကြေး: ၅၁ ဖြင့် ဒုတိယ၊ မြို့တော်စည်ပင်အသင်:က ရွှေ ၅၉၊ ငွေ ၆၇၊ ကြေး: ၆၆ ဖြင့် တတိယရရှိပြီး ပြည်နယ်နှင့်တိုင်: အထက်မြန်မာနိုင်ငံ တက္ကသိုလ်များ၊ အောက်မြန်မာနိုင်ငံတက္ကသိုလ်များအဆင့် အား:ကစား:ပြိုင်ပွဲတွင် ရန်ကုန်တိုင်: အသင်:က ရွှေ ၉၃၊ ငွေ ၇၈၊ ကြေး: ၆၄ ဖြင့် ပထမ၊ ဧရာဝတီတိုင်:အသင်:က ရွှေ ၆၂၊ ငွေ ၅၃၊ ကြေး: ၅၃ ဖြင့် ဒုတိယ၊ မန္တလေးတိုင်:အသင်:က ရွှေ ၅၇၊ ငွေ ၄၈၊ ကြေး: ၅၆ ဖြင့် တတိယရရှိသည်။

၁၉၉၇ ခုနှစ်၊ တတိယအကြိမ် အမျိုးသား အား:ကစား:ပွဲတော် ပိတ်ပွဲအခမ်:အနား:ကို ဇန်နဝါရီလ ၂၄ ရက်နေ့တွင် လူငယ်အား:ကစား: လေ့ကျင့်ရေး:စခန်း: (သုဝဏ္ဏ)၌ ကျင်:ပရာအတွင်:ရေး:မှူး: (၁) ဒုတိယ ဗိုလ်ချုပ်ကြီး: ခင်ညွန့် တက်ရောက်ပြီး: တတိယအကြိမ် အမျိုး:သား:အား:ကစား:ပွဲတော်ကို ပိတ်ပေး:သည်။ ပိတ်ပွဲအခမ်:အနား:တွင် အတွင်:ရေး:မှူး: (၁) ဒုတိယဗိုလ်ချုပ်ကြီး:ခင်ညွန့်က ပြည်နယ်နှင့်တိုင်:၊ အထက်မြန်မာနိုင်ငံ တက္ကသိုလ်များ၊ အောက်မြန်မာနိုင်ငံ တက္ကသိုလ်များအဆင့် အား:ကစား:ပြိုင်ပွဲများ:တွင် တံခွန်စိုက်ဆု ရရှိသော ရန်ကုန်တိုင်:အသင်:နှင့် ဝန်ကြီးဌာနအဆင့် အား:ကစား:ပြိုင်ပွဲများ:တွင် တံခွန်စိုက်ဆုရရှိသော ကာကွယ်ရေး: ဝန်ကြီးဌာနအသင်:တို့အား: တံခွန်စိုက်ဆုဖလား:များ: ချီးမြှင့်သည်။

ဝန်ကြီးဌာနအဆင့် ဆုတံဆိပ်ရရှိမှု အခြေပြဖယား:

စဉ်	ဝန်ကြီးဌာန	ရွှေ	ငွေ	ကြေး
၁	ကာကွယ်ရေး:	၈၀	၄၅	၆၅
၂	လယ်ယာ/ဆည်မြောင်း	၆၂	၄၄	၅၁
၃	မြို့တော်စည်ပင်	၅၉	၆၇	၆၆
၄	သစ်တော	၃၉	၄၇	၄၃
၅	စက်မှု (၁)	၂၄	၂၀	၃၉
၆	စီပွား:/ကူး:သန်:	၂၀	၂၃	၃၀
၇	ရထား:ပို့ဆောင်ရေး:	၁၇	၁၃	၁၇
၈	ပြည်ထဲရေး:	၁၆	၂၁	၄၀
၉	စက်မှု (၂)	၁၄	၂၃	၂၄

ပြည်နယ်နှင့်တိုင်:အဆင့် ဆုတံဆိပ်ရရှိမှုအခြေပြဖယား:

စဉ်	ပြည်နယ်တိုင်:	ရွှေ	ငွေ	ကြေး
၁	ရန်ကုန်	၉၃	၇၈	၆၄
၂	ဧရာဝတီ	၆၂	၅၃	၅၃
၃	မန္တလေး:	၅၇	၄၈	၅၆
၄	ပဲခူး:	၂၃	၃၁	၃၈
၅	ရှမ်::	၂၃	၂၃	၄၁
၆	စစ်ကိုင်:	၂၀	၂၁	၃၀
၇	ကချင်	၈	၈	၂၄
၈	မကွေး:	၈	၈	၂၄
၉	ကရင်	၆	၃	၃
၁၀	ကယား:	၅	၄	၆
၁၁	မွန်	၄	၁၇	၃၀
၁၂	ထက်/တက္ကသိုလ်	၄	၁၂	၈
၁၃	ရခိုင်	၄	၆	၁၇
၁၄	အောက်/တက္ကသိုလ်	၃	၆	၁၆
၁၅	တနင်္သာရီ	–	၅	၁၅
၁၆	ချင်:	–	၁	–



မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့၏ ခေါင်းဆောင်အား နိုင်ငံတော်အလံအပ်နှင်းစဉ်

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ။ ။၁၉ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အောက်တိုဘာလ ၁၁ ရက်နေ့မှ ၁၉ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တွင် ကျင်းပရာ အရှေ့တောင်အာရှဒေသရှိ ဘရူးနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယား နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဂျာကာတာမြို့၊ ဆီနာယန်အားကစားကွင်းကြီး၌ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျင်းပရာ အင်ဒိုနီးရှားနိုင်ငံ သမ္မတဆူဟာတို တက်ရောက်ပြီး ၁၉ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

၁၉ ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၄ မျိုး ထည့်သွင်းကျင်းပရာ ပြိုင်ပွဲဝင် ၁၀ နိုင်ငံမှ နိုင်ငံလက်ရွေးစင်အားကစားသမားဦးရေ ၅,၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံမှ အမျိုးသားကျွမ်းဘားအားကစားသမား ဂျိုနာသန်ဆီအန်တူရီက ကျွမ်းဘားပြိုင်ပွဲမှ ရွှေတံဆိပ်ခြောက်ခုရရှိပြီး တစ်ဦးတည်း ရွှေတံဆိပ်အများဆုံး ဆွတ်ခူးရရှိသည်။ ထိုင်းနိုင်ငံမှ အမျိုးသမီးအလေးမအားကစားသမား ဆူတာခါ ဆရာပွန်က ၅၉ ကီလိုတန်းနှစ်ဆင့်မတွင် ၁၂၅ ကီလိုမကာ ၁၉၆၆ ခုနှစ်က ပိုလန်နိုင်ငံ၊ ဝါဆောမြို့၌ တရုတ်နိုင်ငံကတင်ထားသည့် ၅၉ ကီလိုတန်းနှစ်ဆင့်မ ကမ္ဘာ့စံချိန် ၁၂၄ ကီလိုကိုချိုးပြီး ကမ္ဘာ့စံချိန်သစ် တင်သွားသည်။ ပြိုင်ပွဲအပြီးတွင်

အင်ဒိုနီးရှားနိုင်ငံက ရွှေတံဆိပ် ၁၉၄ ခု၊ ငွေတံဆိပ် ၁၀၁ ခု၊ ကြေးတံဆိပ် ၁၀၅ ခု စုစုပေါင်း ဆုတံဆိပ် ၄၀၀ ရရှိပြီး ဗိုလ်စွဲသွားသည်။ ပြိုင်ပွဲသို့ မြန်မာ နိုင်ငံမှ အဖွဲ့ဝင် ၅၂၇ ဦးဖြင့် အားကစားနည်း ၂၃ မျိုးတွင် ပါဝင်ယှဉ်ပြိုင်ရာ အလေးမ၊ ဝူးရှူး၊ ပိုက်ကျော်ခြင်း၊ ရိုးရာလှေနှင့် ကာယဗလပြိုင်ပွဲများတွင် ရွှေတံဆိပ်များ ဆွတ်ခူးပြီး ရွှေတံဆိပ် ရှစ်ခု၊ ငွေတံဆိပ် ၃၄ ခု၊ ကြေးတံဆိပ် ၄၄ ခု စုစုပေါင်း ဆုတံဆိပ် ၈၆ ခုဖြင့် သတ္တမရရှိသည်။

၁၉ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဂျကာတာမြို့၊ ဆီနာယန်အား ကစားကွင်းကြီး၌ ကျင်းပရာ အင်ဒိုနီးရှားနိုင်ငံ၊ People's Welfare ဝန်ကြီးဌာန ဝန်ကြီးမစွတာအက်ဇဝါအနာ့စ် တက်ရောက်ပြီး ၁၉ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ပိတ်ပေးသည်။

နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	အင်ဒိုနီးရှား	၁၉၄	၁၀၁	၁၀၅	၄၀၀
၂	ထိုင်း	၈၃	၉၇	၇၈	၂၅၈
၃	မလေးရှား	၅၅	၆၈	၇၅	၁၉၈
၄	ဖိလစ်ပိုင်	၄၃	၅၆	၁၀၈	၂၀၇
၅	ဗီယက်နမ်	၃၅	၄၈	၅၀	၁၃၃
၆	စင်ကာပူ	၃၀	၂၆	၅၀	၁၀၆
၇	မြန်မာ	၈	၃၄	၄၄	၈၆
၈	ဘရူးနိုင်း	–	၂	၈	၁၀
၉	လာအို	–	–	၇	၇
၁၀	ကမ္ဘောဒီးယား	–	–	၆	၆

မြန်မာနိုင်ငံမှ ဆုတံဆိပ်ရရှိမှု အခြေအနေ

စဉ်	အားကစားနည်း	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	အလေးမ	၃	၁	၂	၆
၂	ရိုးရာလှေ	၂	၅	၁	၈
၃	ကာယဗလ	၁	၃	၁	၅
၄	ဝူရှူး	၁	၁	၃	၅

စဉ်	အားကစားနည်း	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၅	ပိုက်ကျော်ခြင်း	၁	၁	၂	၄
၆	လှေလှော်	–	၁၃	၆	၁၉
၇	ပြေးခုန်ပစ်	–	၂	၅	၇
၈	ဂျူဒို	–	၁	၇	၈
၉	သေနတ်ပစ်	–	၁	၅	၆
၁၀	တိုက်ကွမ်ဒို	–	၁	၂	၃
၁၁	လက်ဝှေ့	–	၁	၂	၃
၁၂	မြားပစ်	–	၁	၁	၂
၁၃	ဘောလုံး	–	၁	–	၁
၁၄	ဘိလိယက်	–	၁	–	၁
၁၅	ရေကူး	–	၁	–	၁
၁၆	ကရာတေး	–	–	၃	၃
၁၇	ဘော်လီဘော	–	–	၂	၂
၁၈	ရွက်လှော်	–	–	၁	၁
၁၉	သိုင်း	–	–	၁	၁
စုစုပေါင်း:		၈	၃၄	၄၄	၈၆

နှစ်အလိုက် မြန်မာနိုင်ငံ ဆုတံဆိပ်ရရှိမှု အခြေအနေနှင့် အဆင့်

အကြိမ်	နှစ်	ရွှေ	ငွေ	ကြေး	စုစုပေါင်း	အဆင့်
၁	၁၉၅၉	၁၁	၁၅	၁၄	၄၀	ဒုတိယ
၂	၁၉၆၁	၃၅	၂၄	၂၂	၈၁	ပထမ
၃	၁၉၆၅	၁၈	၁၄	၁၆	၄၈	စတုတ္ထ
၄	၁၉၆၇	၁၁	၂၆	၃၁	၆၈	စတုတ္ထ
၅	၁၉၆၉	၅၇	၄၆	၄၃	၁၄၆	ပထမ
၆	၁၉၇၁	၂၀	၂၈	၃၁	၆၁	စတုတ္ထ
၇	၁၉၇၃	၂၈	၂၄	၁၅	၆၇	စတုတ္ထ
၈	၁၉၇၅	၂၈	၃၇	၂၃	၈၆	တတိယ
၉	၁၉၇၇	၂၁	၁၇	၂၁	၅၉	စတုတ္ထ
၁၀	၁၉၇၉	၂၆	၂၅	၂၄	၇၅	တတိယ
၁၁	၁၉၈၁	၁၅	၁၉	၂၇	၆၁	ပဉ္စမ

အကြိမ်	နှစ်	ရွေ	ငွေ	ကြေး	စုစုပေါင်း	အဆင့်
၁၂	၁၉၈၃	၁၈	၁၅	၁၇	၅၀	ပဉ္စမ
၁၃	၁၉၈၅	၁၃	၁၉	၃၄	၆၆	ဆဋ္ဌမ
၁၄	၁၉၈၇	၁၃	၁၅	၂၂	၅၀	ဆဋ္ဌမ
၁၅	၁၉၈၉	၁၀	၁၇	၂၀	၄၇	ဆဋ္ဌမ
၁၆	၁၉၉၁	၁၂	၁၆	၂၈	၅၆	ဆဋ္ဌမ
၁၇	၁၉၉၃	၈	၁၃	၁၆	၃၇	သတ္တမ
၁၈	၁၉၉၅	၄	၂၂	၃၇	၆၃	သတ္တမ
၁၉	၁၉၉၇	၈	၃၄	၄၄	၈၆	သတ္တမ

အရှေ့.အလယ်ပိုင်းဒေသ အခြေအနေ။

။ ၁၉၉၇ ခုနှစ်၊ မတ်လဆန်းတွင် ပါလက်စတိုင်းပိုင်နက်အဖြစ် အသိအမှတ်ပြုထားသော ဂျေရူးဆလင်မြို့ အရှေ့ပိုင်းတွင် အစ္စရေးများက အိမ်ရာများတိုးချဲ့ဆောက်လုပ်ရန် အောက်ခံမြေသားပြုပြင်မှုများ ပြုလုပ်နေကြသည်။ ဤသို့ အစ္စရေး၏ လုပ်ရပ်ကို အာရပ်နိုင်ငံများကသာမက အနောက်နိုင်ငံများကပါ သဘောမတူကြချေ။ အစ္စရေး၏လုပ်ရပ်သည် အရှေ့.အလယ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပျက်ပြားစေနိုင်ကြောင်း ပြောကြားသည်။

ပါလက်စတိုင်းတို့က ဂျေရူးဆလင်မြို့၏ အရှေ့.တောင်ပိုင်းတွင် အစ္စရေး အိမ်ရာဆောက်လုပ်မှုများကို ယခုကဲ့သို့ အရှေ့.ဘက်အထိ တိုးချဲ့ဆောက်လုပ်လာခြင်းသည် ပါလက်စတိုင်းတို့အား ထွက်ပေါက်မရှိအောင် ဝန်းပတ် ပိတ်ဆို့သည့် လုပ်ရပ်ဖြစ်သည်ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စု၏ သဘောထားမှာ အရှေ့.အလယ်ပိုင်းငြိမ်းချမ်းရေးကိစ္စတွင် ၁၉၆၇ ခုနှစ်က အစ္စရေးသိမ်းပိုက်ထားသော အာရပ်ပိုင်နယ်မြေများ ပြန်လည်စွန့်လွှတ်ပေးရေး ဖြစ်သည်။ ဤသို့ အစ္စရေးက သိမ်းပိုက်ပြီး

နှစ်အလိုက် ဗိုလ်စွဲခဲ့သည့် နိုင်ငံများ

အကြိမ်	နှစ်	ကျင်းပသည့်မြို့	အားကစားနည်း	ဗိုလ်စွဲသည့်နိုင်ငံများ	ရွေ	ငွေ	ကြေး	စုစုပေါင်း
၁	၁၉၅၉	ဘန်ကောက်	၁၂	ထိုင်း	၃၅	၂၆	၁၅	၇၆
၂	၁၉၆၁	ရန်ကုန်	၁၃	မြန်မာ	၃၅	၂၆	၄၃	၁၀၄
၃	၁၉၆၅	ကွာလာလမ်ပူ	၁၄	ထိုင်း	၃၈	၃၃	၃၅	၁၀၆
၄	၁၉၆၇	ဘန်ကောက်	၁၆	ထိုင်း	၇၇	၄၈	၄၀	၁၆၅
၅	၁၉၆၉	ရန်ကုန်	၁၅	မြန်မာ	၅၇	၄၆	၄၆	၁၄၉
၆	၁၉၇၁	ကွာလာလမ်ပူ	၁၅	ထိုင်း	၄၄	၂၇	၃၈	၁၀၉
၇	၁၉၇၃	စင်ကာပူ	၁၆	ထိုင်း	၄၇	၂၅	၂၇	၉၉
၈	၁၉၇၅	ဘန်ကောက်	၁၂	ထိုင်း	၈၀	၄၅	၃၉	၁၆၄
၉	၁၉၇၇	ကွာလာလမ်ပူ	၁၈	အင်ဒိုနီးရှား	၆၂	၄၁	၃၄	၁၃၇
၁၀	၁၉၇၉	ကျာကာတာ	၁၆	အင်ဒိုနီးရှား	၉၂	၇၈	၅၂	၂၂၂
၁၁	၁၉၈၁	မနီလာ	၁၈	အင်ဒိုနီးရှား	၈၅	၇၃	၅၆	၂၁၄
၁၂	၁၉၈၃	စင်ကာပူ	၁၈	အင်ဒိုနီးရှား	၆၄	၆၇	၅၄	၁၈၅
၁၃	၁၉၈၅	ဘန်ကောက်	၁၈	ထိုင်း	၉၂	၆၆	၅၉	၂၁၇
၁၄	၁၉၈၇	ကျာကာတာ	၂၀	အင်ဒိုနီးရှား	၁၈၅	၁၀၄	၈၄	၃၁၃
၁၅	၁၉၈၉	ကွာလာလမ်ပူ	၂၄	အင်ဒိုနီးရှား	၁၀၂	၇၈	၇၁	၂၅၁
၁၆	၁၉၉၁	မနီလာ	၂၁	အင်ဒိုနီးရှား	၉၂	၈၆	၆၉	၂၄၇
၁၇	၁၉၉၃	စင်ကာပူ	၂၉	အင်ဒိုနီးရှား	၈၈	၈၁	၈၄	၂၅၃
၁၈	၁၉၉၅	ချင်းမိုင်း	၃၂	ထိုင်း	၁၅၅	၉၈	၉၁	၃၄၄
၁၉	၁၉၉၇	ကျာကာတာ	၃၄	အင်ဒိုနီးရှား	၁၉၄	၁၀၀	၁၀၅	၄၀၀

အစ္စရေးဝန်ကြီးချုပ် ဘင်ကျမင်နေတန်ယာဟု





အစိုးရ၏ လုပ်ရပ်ကိုကန့်ကွက်ဆန္ဒပြနေသော လက်ယာဂိုဏ်းဝင်အစွန်းရေးများ

နယ်မြေများ ပြန်ပေးရာတွင် ပါလက်စတိုင်းတို့က အစွန်းရေးကို ဆန့်ကျင် တိုက်ခိုက်ခြင်း မပြုမူအပေါ်တွင် မူတည်ထား သည်။


မတ်လ ဒုတိယပတ်တွင် အစွန်းရေးနှင့်ကျော်ဒန် နယ်စပ်တွင် အစွန်းရေးကျောင်းသူကလေးများ လေ့လာရေးခရီး ထွက်ခဲ့ကြသည်။ ဤတွင် ကျော်ဒန် နယ်ခြားစောင့်တစ်ဦးက အော်တိုမက်တစ်ရိုင်ဖယ်ဖြင့် ပစ်ခတ်မှုကြောင့် အစွန်းရေး ကျောင်းသူခုနစ်ဦး သေဆုံးကာ ခြောက်ဦးဒဏ်ရာရသွားခဲ့ သည်။ ဤဖြစ်ရပ်ကြောင့် အရှေ့အလယ်ပိုင်း ဒေသ၏ မခိုင် မြဲလှသော ငြိမ်းချမ်းရေး ပြိုကွဲသွားမည်ကို စိုးရိမ်လာကြ ရသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ကျော်ဒန်ဘုရင် ဟူစိန် ကိုယ်တိုင် အစွန်းရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကို တောင်းပန်ရသည်။ ဤကိစ္စမှာ နယ်ခြားစောင့်တစ်ဦး၏ စိတ်ရူးပေါက် ပစ်ခတ်မှုဖြစ်သော်ငြား လည်း ဂျေရူးဆလင်မြို့ အရှေ့ပိုင်းတွင် အစွန်းရေး အိမ်ရာဆောက်လုပ်နေမှုများနှင့် ဆက်နွယ်ပတ်သက်သည်ဟု ယူဆနေကြလေသည်။ ယခု အခါ အစွန်းရေးအိမ်ရာများ ၆၅၀၀ အထိ စတင်ဆောက်လုပ် နေပြီ ဖြစ်သည်။

ဤသို့ အစွန်းရေးအိမ်ရာဆောက်လုပ်နေမှုများကြောင့် ဇွန်လ နောက်ဆုံးပတ်တွင် ဟောဘရွန်မြို့၌ ပါလက် စတိုင်းနှင့် အစွန်းရေးတို့ ပဋိပက္ခဖြစ်ပွားကြရာ ပါလက်စတိုင်း အများအပြား ဒဏ်ရာရရှိသွားကြသည်။

ဤသို့ အစွန်းရေးနှင့် ပါလက်စတိုင်းကိစ္စများ မငြိမ် မသက် ဖြစ်နေချိန်တွင် အီရတ်နိုင်ငံ၏ အရေးက ပို၍ မီးတောက်လာပြန်သည်။ အီရတ်နိုင်ငံသည် ကုလသမဂ္ဂ၏ ကုန်သွယ်ရေးပိတ်ဆို့မှုကို ခံရသည့်တိုင် အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်တွင် အိမ်နီးချင်းနိုင်ငံများကို ခြိမ်းခြောက် နိုင်သည့် လက်နက်ကြီးများရှိဆဲ ဖြစ်သည်ဟုဆိုသည်။

အီရတ်နိုင်ငံတွင် လူများအစုလိုက်၊ အပြုလိုက် သေ ကျေစေနိုင်သော လက်နက်များရှိသည့်ပြင် ရောဂါကျ ရောက်စေနိုင်သော ပိုးမွှားဗုံးများလည်း ထုတ်လုပ်လျက် ရှိသည်ဟု သတင်းထွက်နေသည်။ ထိုကြောင့် ကုလသမဂ္ဂ အဖွဲ့နှင့် အမေရိကန်ပြည်ထောင်စုတို့ ပူးပေါင်းလေ့လာမှု အဖြစ် အီရတ်နိုင်ငံသို့ ကောင်းကင်ယံမှရော မြေပြင်ကပါ ထောက်လှမ်းမှုများ ပြုလုပ်ခဲ့သည်။ ကောင်းကင်ယံမှ ဂြိုဟ်တုဓါတ်လုံးဖြင့် လည်းကောင်း၊ ယူတူးခေါ်ထောက်လှမ်း ရေး လေယာဉ်များ ပျံသန်း၍လည်းကောင်း စောင့်ကြည့် ခဲ့သည်။ ရဟတ်ယာဉ်များဖြင့်လည်း အနီးကပ် ဓာတ်ပုံ ရိုက် ကူးကြသည်။ လေထုတွင် ဓာတ်ငွေ့ကို အနုခဲနိုင်သည့် ကီရီ ယာများ တပ်ဆင်ကာ ဓာတုလက်နက်များ ထုတ်လုပ်ခြင်း ရှိ မရှိ ထောက်လှမ်းခဲ့သည်။

မြေပြင်မှ ထောက်လှမ်းရန်အတွက် ကုလသမဂ္ဂမှ ကျွမ်းကျင်သူ ၁၀၀ ခန့်ကို စေလွှတ်ခဲ့သည်။ ဤအဖွဲ့တွင်



တယ်လ်အဗစ်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသူတစ်ဦး

အကြမ်းဖက်မှုများကို ကာကွယ်ရန် လေ့ကျင့်နေသည့် အစွမ်းရေးတပ်ဖွဲ့များ



အမေရိကန် ခြောက်ဦးပါရှိသည်။ အီရတ်သမ္မတ ဆက်ဒမ် ဟူစိန်က ဤအမေရိကန် ခြောက်ဦးသည် သူလျှိုများဖြစ်၍ ၄င်းတို့အား ကျွမ်းကျင်မှုအဖွဲ့မှ ထုတ်ပယ်ရန် တောင်းဆိုလိုက်သည်။ ထို့ပြင် ယူတူးထောက်လှမ်းရေး လေယာဉ်ပျံသန်းမှုကိုလည်း ရပ်ဆိုင်ခြင်းမပြုလျှင် အီရတ်လေပိုင်နက်မှ ပစ်ချမည်ဟု ဆိုသည်။ ဤအတွက် ကုလသမဂ္ဂနှင့် အမေရိကန်ကလည်း ပင်လယ်ကွေ့ဆီသို့ လေယာဉ်တင်သင်္ဘောကြီးနှစ်စင်း၊ စစ်လေယာဉ်အစင်း ၂၀၀ စေလွှတ်ပြီး ခရုစ်ခုံးကျည် ၂၀၀ တို့ကို အီရတ်နိုင်ငံအား ပစ်မှတ်အဖြစ် ချိန်ရွယ် ထားလိုက်သည်။

အခြားတစ်ဖက်တွင် အစ္စရေးနှင့် ပါလက်စတိုင်းတို့ အရေးကလည်း မအေးကြသေးချေ။ အောက်တိုဘာလတွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်တို့ ငြိမ်းချမ်းရေး ဆွေးနွေးကြသည်။ သို့သော် သဘောထား တင်းမာသော ဟားမားအဖွဲ့၏ အသေခံ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာ အကောင်အထည်မပေါ်နိုင်ဘဲ ဖြစ်နေသည်။

၁၉၉၃ ခုနှစ်က နော်ဝေနိုင်ငံ၊ အော့စလိုမြို့တွင် ချုပ်ဆိုခဲ့သည့် သဘောတူညီချက်အရ ကျော်ဒန်မြစ် အနောက်ဘက်ကမ်းမှ အစ္စရေးသိမ်းပိုက်မြေများ ပါလက်စတိုင်းသို့ ပြန်ပေးရေး ကိစ္စမှာ ယခုထိ အကောင်အထည် မပေါ်သေးချေ။ ပါလက်စတိုင်း ခေါင်းဆောင် ယာဆာအာရာဖတ်က ၁၉၉၉ ခုနှစ်တွင် ဤဒေသကို ပါလက်စတိုင်းပိုင် နယ်မြေအဖြစ် ကြေညာတော့မည်ဟု ဆိုပေသည်။

အာနန်, ကိုဖီ (ခရစ် ၁၉၃၈ –) ။ ။ ကိုဖီအာနန်ကို ၁၉၃၈ ခုနှစ်၊ ဧပြီ လ ၈ ရက်နေ့တွင် မွေးဖွားသည်။ ကလေးငါးဦးအနက် တတိယမြောက်ဖြစ်ပြီး အမြွာကလေးလည်း ဖြစ်သည်။ ငယ်စဉ်က ကိုလိုနီခေတ်မတိုင်မီ အရှန်တီအင်ပါယာ၏ ကုန်းတွင်းမြို့တော် ကုမာဆိုင်အနီးရှိ ဘိကဝီမြို့တွင် နေထိုင်ခဲ့သည်။ ကွယ်လွန်သူဖခင် ဟင်နရီမှာ ယူနိုက်တက်အာဖရိက ကုမ္ပဏီ (ယခု ယူနိလီဗာ:) ၏ ခရိုင်မန်နေဂျာဖြစ်ပြီး နောက်ပိုင်းတွင် အရှန်တီ၏ ဒေသန္တရဝန်ကြီးတစ်ဦး ဖြစ်ခဲ့သည်။ အသက် ၈၈ နှစ် ရှိပြီဖြစ်သည့် သူ၏ မိခင်ဖြစ်သူ ဝိတိုရိယမှာ ဂါနာနိုင်ငံ အက်ကရာမြို့တွင် ယခုတိုင် နေထိုင်လျက်ရှိသည်။ အာနန်၏ ပထမအိမ်ထောင်မှာ နိုက်ဂျီးရီးယားနိုင်ငံသူ တစ်ဦးဖြစ်ပြီး အိမ်ထောင်ရေး အဆင်မပြေဘဲ ကွာရှင်းပြတ်စဲခဲ့ရသည်။ ၁၉၉၄ ခုနှစ်တွင် ဆွီဒင်နိုင်ငံသူ အမျိုးသမီးရှေ့နေနှင့် တရားသူကြီးတစ်ဦးဖြစ်သော နာနီလာဂါဂရန်းနှင့် အိမ်ထောင်သစ်ထူခဲ့သည်။ နာနီလာဂါဂရန်းမှာ ပန်းချီအနုပညာရှင် တစ်ဦးဖြစ်ရာ ယခုအခါ အချိန်ပြည့်ပန်းချီပညာရှင် တစ်ဦးအဖြစ် ပန်းချီကားများကို ရေးသားလျက် ရှိသည်။

အာနန်သည် ဂါနာနိုင်ငံ ကိမာ့စ်မြို့ရှိ သိပ္ပံနှင့် နည်းပညာတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး ဖို့ဖောင်ဒေးရှင်းပညာသင်ဆုဖြင့် အမေရိကန်ပြည်ထောင်စု မင်နီဆိုတာပြည်နယ်၊ စိန်ပေါလ်မြို့ရှိ မာကာလက်စတာ ကောလိပ်တွင် ဆက်လက် ပညာဆည်းပူးခဲ့သည်။ ထိုကောလိပ်မှပင် ဘောဂဗေဒ ဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။

ထို့နောက် အာနန်သည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ Institut des Hautes Etudes Internationales သို့ တက်ရောက်၍ ပညာဆက်လက်ဆည်းပူးပြီး ကမ္ဘာ့ကျန်းမာရေး အဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၇၁ ခုနှစ်ထိ အဒစ်အဘာဘာမြို့ရှိ အီသီယိုပီးယား အခြေစိုက် အာဖရိကဆိုင်ရာ စီးပွားရေးကော်မရှင်၌ အမှုထမ်းပြန်သည်။ ထို့နောက် အသက် ၃၃ နှစ်အရွယ်တွင် မက်ဆက်ချူးဆက် တက္ကသိုလ်သို့ တက်ရောက်ကာ မဟာဝိဇ္ဇာဘွဲ့ကို ရယူခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ဂါနာနိုင်ငံ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း အောဂျင်စီ၏ ညွှန်ကြားရေးမှူးအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ကုလသမဂ္ဂ ဌာနချုပ်ရှိရာ နယူးယောက်မြို့နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တို့တွင် ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအဖြစ် ကာဝန်ထမ်းဆောင်ခဲ့သည်။ လုပ်ငန်းတာဝန်များ ထမ်းဆောင်စဉ်ကာလအတွင်း မကြာခဏဆိုသလို အမှားအယွင်း အတိမ်းအစောင်းမခံသည့် အရေးပါလှသော အထူးတာဝန်များ ပေးအပ်ခြင်းခံရသည်။ ၁၉၉၀ ပြည့်နှစ်က ကူဝိတ်နိုင်ငံအတွင်း အီရတ်တို့ ကျူးကျော် ဝင်ရောက်ခဲ့ပြီးနောက် ကုလသမဂ္ဂဝန်ထမ်း ၉၀၀ နေရင်းဒေသပြန်နိုင်ရန် ကိစ္စ၊ အနောက်အုပ်စုစားစာခံများ

လွတ်ပေး:ရေး စေ့စပ်ညှိနှိုင်း:ရန်ကိစ္စနှင့် ကူဝိတ်နှင့် အီရတ် နိုင်ငံတွင်း:၌ နေထိုင်လျက်ရှိသော အာရှတိုက်သား: ၅၀၀,၀၀၀ ဒုက္ခဆင်း:ရဲ ကြေနေမှုများ ဖြေရှင်း:ပေး:နိုင်ရေး:ကိစ္စ စသည့် လုပ်ငန်း:တာဝန်များ:အတွက် ကိုဖီအာနန်ကို ကူဝိတ်နိုင်ငံသို့ တာဝန်ပေး: စေလွှတ်ခဲ့သည်။

၁၉၉၅ ခုနှစ်အတွင်း: ကုလသမဂ္ဂ ငြိမ်း:ချမ်း:ရေး: ထိန်း:သိမ်း:မှု မစ်ရှင်အဖွဲ့က မြောက်အတ္တလန္တိတ်စာချုပ် အဖွဲ့ (နေတိုး) ဦး:ဆောင်သည့် တပ်ဖွဲ့များ:အား: တာဝန်လွှဲပြောင်း:ချိန်တွင် အာနန်က ဦး:စီး:ဆောင်ရွက်ခဲ့သည်။ ၁၉၉၃ ခုနှစ်မှ အတွင်း:ရေး:မှူး:ချုပ် ဖြစ်လာသည့် ၁၉၉၆ ခုနှစ်အထိ ကုလသမဂ္ဂငြိမ်း:ချမ်း:ရေး: လုပ်ငန်း:များ:ဆိုင်ရာ လက်ထောက် အတွင်း:ရေး:မှူး:ချုပ်အဖြစ် တာဝန်ယူခဲ့ပြီး: ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလမှ ၁၉၉၆ ခုနှစ်၊ မတ်လအထိ ယူဂိုစလား:ဗီး:ယား: နိုင်ငံဟောင်း:တွင် ကုလသမဂ္ဂ အတွင်း:ရေး:မှူး:ချုပ်၏ အထူး: ကိုယ်စား:လှယ်အဖြစ် တာဝန်ယူလုပ်ကိုင်ခဲ့သည်။ ဤသို့ ကုလသမဂ္ဂ အဖွဲ့ကြီး:အတွင်း: ဗျူရိုကရေစီ ရုံး:လုပ်ငန်း:တာဝန်များ:ကို အံတိုအောင် တာဝန်ယူဆောင်ရွက်ခဲ့သည့်အတွက် ကိုဖီအာနန်သည် ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလတွင်ကုလသမဂ္ဂ အတွင်း:ရေး:မှူး:ချုပ် ဖြစ်လာသည်။ ကိုဖီအာနန်အား: ကုလသမဂ္ဂ အတွင်း:ရေး:မှူး:ချုပ် ရာထူး:နေရာ၌ တာဝန်ယူဆောင်ရွက်ရန် အဖွဲ့ဝင် ၁၈၅ ဦး: ပါဝင်သော အထွေထွေညီလာခံက ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အတည်ပြုထောက်ခံကာ ခန့်အပ်ခဲ့သည်။

ကိုဖီအာနန်မှာ အသွင်အပြင်ကို ကြည့်လိုက်ပါက ကောက်ကွေးနေသည့် ဆံပင်တိုတိုသက်သက်နှင့် မုတ်ဆိတ်ကျင်စွယ်များ:လည်း: ရှိသည့် လူမည်း:အမျိုး:သား:တစ်ဦး:သာ ဖြစ်သည်။ သို့သော် ထူး:ခြား:သည်မှာ သူ့မာတ်ပုံများ:တွင် အမြဲလိုပြို:နေခြင်း:ပင် ဖြစ်သည်။ ကုလသမဂ္ဂ အဖွဲ့ကြီး:တွင် တာဝန်ထမ်း:ဆောင်ခဲ့သည့် သက်တမ်း:မှာ နှစ်ပေါင်း ၃၀ ကျော် ရှိပြီဖြစ်ရာ ဝါရင့်သမ္ဘာရင့် နိုင်ငံတကာနှင့် ဆက်ဆံနေရသည့် ပြည်သူ့ဝန်ထမ်း:တစ်ဦး:လည်း: ဖြစ်သည်။ သူ့ကို ထောက်ခံသူများ:က အာနန်အား: ထိတ်လန့်စိုး:ရိမ်ဖွယ်ရာ အဲ့သြဖွယ်ရာများ: ကြုံရသည့်တိုင်အောင် မကြောက်မရွံ့ တည့်တည်ငြိမ်ငြိမ်ဖြင့် ဆောင်ရွက်တတ်သူ၊ ခေါင်း:အေး:အေး: ထား:၍ စဉ်း:စား:လုပ်ကိုင်တတ်သူဟု သိထား:ကြသည်။



ကုလသမဂ္ဂအတွင်း:ရေး:မှူး:ချုပ် ကိုဖီအာနန်

သူသည် ဟာသနှောရှေ့ ပျော်ပျော်ရွှင်ရွှင် ဖြစ်အောင်လည်း: ပြောဆိုတတ်သည်။ အင်္ဂလိပ် ဘာသာစကား:သာမက ပြင်သစ်ဘာသာစကား:ကိုလည်း: ကျွမ်း:ကျွမ်း:ကျင်ကျင် ပြောဆိုနိုင်သည်။

ကိုဖီအာနန်သည် ကုလသမဂ္ဂ အတွင်း:ရေး:မှူး:ချုပ် ဖြစ်လာပြီး:နောက် ကုလသမဂ္ဂအဖွဲ့ကြီး:အား: ပြုပြင်ပြောင်း: လဲမှု လုပ်ရန် လုပ်ငန်း:စဉ်ကို ပထမဆုံး:ရေး:ဆွဲ ဖြေရှင်း:ခဲ့ရသည်။ ရုံး:လုပ်ငန်း:တာဝန်များ: ထမ်း:ဆောင်စဉ်ကတည်း:က ကောင်း:သတင်း:များ: ထွက်ခဲ့ပြီး: ရှိ:သား:သူ၊ ဖြောင့်မတ်သူဟု ကင်ပွန်း:တပ်ခံခဲ့ရသည်။ သို့ရာတွင် တစ်ခါတစ်ရံ၌ ခေါင်း:မာသည့် အစိုး:ရများ:နှင့် ပြတ်ပြတ်သား:သား: ဆက်ဆံမှုမျိုး: လုပ်နိုင်ပါ့မလား: ဆိုသည့်အချက်ကို တချို့က တွေး:ပူခဲ့ကြသည်။ ယင်း:သို့ တွေး:တောပူပန်မှုများ: ရှိလင့်ကစား: အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်နှင့် ဆက်ဆံသည့်အခါတွင် ကိုဖီအာနန်၏ ချဉ်း:ကပ်ပုံမှာ သိမ်မွေ့သည့် ဗျူဟာဖြစ်ကြောင်း: တွေ့လာရသည်။ အလိမ္မာနှင့် ချဉ်း:ကပ်ညှိနှိုင်း: နိုင်ခဲ့သည်။ အနှစ်သာရအား:ဖြင့် ခိုင်မြဲပြီး: အသွင်သဏ္ဌာန်မှာ ပျော့ပျောင်း:သည့်ဗျူဟာကို လုပ်ဆောင်ရာတွင် ကိုဖီအာနန်မှာ အသင့်တော်ဆုံး: ပုဂ္ဂိုလ်တစ်ဦး: ဖြစ်သည်။ ကိုဖီအာနန်၏

မိခင် ကိုယ်တိုင်ကလည်း အာနန်မှာ ငယ်ငယ်က ကလေးတို့ သဘာဝဆိုးသော်လည်း ယင်းဆိုးသည့် အပေါ်တွင် အပြစ်ပေးမခံရအောင်၊ အမြဲလွတ်အောင် ကြံဆောင်တတ်ကြောင်း ပြောပြဖူးသည်။

အာနန်မှာ သူတစ်ပါးရယ်ရွှင်အောင် ကြံဆောင်ပြောတတ်သူ တစ်ဦးဖြစ်သည်။ သူသည် ကိုလိုနီစနစ်အပေါ် တစ်ချိန်လုံး ပြန်ပြောင်းအပြစ်တင်နေတတ်သူ မဟုတ်ပေ။ နိုင်ငံစွဲမထား ဘဲ ကမ္ဘာကြီးထဲက ကမ္ဘာသူကမ္ဘာသား တစ်ဦး အဖြစ် ရှုမြင်ထားသည်။ ထို့ကြောင့်ပင် အာဖရိကတိုက်သား ကိုဖီအာနန်သည် ဥရောပတိုက်က ဆွီဒင်နိုင်ငံသူ လူဖြူ အမျိုးသမီးတစ်ဦးနှင့် ပေါင်းသင်းနေနိုင်ခြင်း ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။

ပင်လယ်ကွေ့ ဒေသတွင် ကုလသမဂ္ဂ၏ လက်နက်စစ်ဆေးရေး လုပ်ငန်းကို အန်တုဖီဆန်နေသည့် အီရတ်နိုင်ငံ အပေါ် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံမျာ:က အင်အား သုံးပြီး တိုက်ခိုက်အရေးယူမည့်ဆဲဆဲ နောက်ဆုံး ကြိုးပမ်းသည့်အနေဖြင့် ကိုဖီအာနန်ကိုယ်တိုင် အီရတ်နိုင်ငံသို့ သွားရောက်ပြီး စေ့စပ်ညှိနှိုင်းခဲ့သည်။ အီရတ်အစိုးရနှင့် ကိုဖီအာနန် သဘောတူညှိကတိစရပ် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး အီရတ်နိုင်ငံ၊ ဘဂ္ဂဒက်မြို့တော်မှ အပြီးပန်းဝေဝေဆာဆာဖြင့် ပြန်လာနိုင်ခဲ့သည့်အတွက် ပင်လယ်ကွေ့ဒေသတွင် စစ်မီးတောက်မည့်အရေးကို ရှောင်လွဲနိုင်ခဲ့ပြီဟု သတင်းလောကတွင် ဖော်ပြကြသည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်ကိုလည်း ကယ်တင်ရှင်တစ်ဦး သဖွယ် ချီးမွမ်းခန်း ဖွင့်ကြသည်။ ကိုဖီအာနန်ကို မဲပေးရွေးချယ်စဉ်က အလုပ်နှင့် သင့်တော်ပါမည်လား ဆိုသည့်တွေးတောမှုမျာ: ရှိခဲ့ရာ ယခုအခါ မျှော်မှန်းထား သည့်အတိုင်းပင် သူနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူး ထိုက်တန်လွန်းနေကြောင်း အထင်အရှား တွေ့ခဲ့ပြီဖြစ်ရာ အရွေးမှန်သည်ဟုသာ ဆိုရပေမည်။

အီရတ်အရေးကို သဲတမန်နည်းဖြင့် အောင်အောင်မြင်မြင် ဖြေရှင်းလိုက်နိုင်ပြီး နယူးယောက်မြို့သို့ ပြန်လည်ရောက်ရှိသည့်အခါတွင် ကိုဖီအာနန်က အခက်အခဲ အကျပ်အတည်း ဖြစ်လာသည့်အခါ ကျွန်တော်တို့ စုစည်းညီညွတ်သည့်အတွက် အောင်မြင်ရကြောင်း၊ ပြည်သူအား လုံးသာလျှင် တကယ့်စွမ်းအား ဖြစ်ကြောင်း၊ ကမ္ဘာ့ပြည်သူအားလုံး စုစည်းဆောင်ရွက်ပါက အရာရာအား လုံးလိုလိုကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ပြောကြား ခဲ့သည်။

အင်ဒိန်းရှားနိုင်ငံ။ ။အင်ဒိုနီရှား သမ္မတ ဆူဟာတို သည် မိမိတို့အစိုးရကာလမည့် ၁၉၉၇ ခုနှစ်တွင်၊ ပွင့်လင်း မှုနှင့် ဒီမိုကရေစီကို တွန်းအားပေးမည်ဖြစ်ကြောင်း ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အင်ဒိုနီးရှား ပြည်သူသန်း ၂၀၀ ခန့်တို့အား နှစ်သစ်ကူးမိန့်ခွန်း ပြောကြားရာ၌ ထည့်သွင်းပြောကြား ခဲ့သည်။

လူမှုရေးကို မငြိမ်သက်အောင် ဖြစ်စေသော ဆင်းရဲနွမ်းပါးမှု လျော့ပါးသွားစေရန် တိုးမြှင့်သုံးစွဲလာသော ၁၉၉၇ ခုနှစ်၊ ရသုံးခန့်မှန်းချေ ငွေစာရင်း ဒေါ်လာ ၄၃ ဒသမ ၂ ဘီလီယံကို သမ္မတ ဆူဟာတိုက ၁၉၉၇ ခုနှစ်၊ ဧန်နဝါရီလ ၆ ရက်နေ့က ပါလီမန်တွင် တင်ပြခဲ့သည်။ မတ်လတွင် စတင်မည့် ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းချေ ငွေစာရင်းရှိပီးယား ၁၀၁ ဒသမ ၁ ထရီလီယံသည် ၁၉၉၆ ခုနှစ် ကထက် ၁၁ ဒသမ ၆ ရာခိုင်နှုန်း တိုးမြင့်လာသည်။ ပါလီမန်၌ ရသုံးခန့်မှန်းချေ ငွေစာရင်းဆိုင်ရာ မိန့်ခွန်းပြောကြား ရာ၌ သမ္မတဆူဟာတိုက လူတစ်ဦးချင်း ဝင်ငွေသည်

အင်ဒိုနီးရှားသမ္မတ ဆူဟာတို



၁၉၉၅ ခုနှစ်တွင် ဒေါ်လာ ၁၀၀၀ ကျော်ရှိပြီး ငွေကြေးဖောင်းပွမှုနှုန်းသည် ၁၉၉၃ ခုနှစ်တွင် ၉ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၉၆ ခုနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်း သို့လျော့ကျခဲ့ကြောင်း ပြောကြားခဲ့သည်။ အစိုးရအဖွဲ့သည် ဆင်းရဲမှုလျော့နည်းသက်သာစေရန် ရည်ရွယ်သော စီးပွားရေး၊ ဖွံ့ဖြိုးမှုအစီအစဉ်များအတွက် ရူပီးယား ငွေ ၃၈ ဒသမ ၉ ထရီလီယံ (ဒေါ်လာ ၁၉ ဘီလီယံ) အထိ ၁၂ ရာခိုင် နှုန်းတိုးမြှင့်သုံးစွဲသွားမည်ဟု သမ္မတဆူဟာတိုက ပြောကြားသည်။ လူဦးရေ ၂၆ သန်း သို့မဟုတ် အင်ဒိုနီးရှားလူဦးရေ သန်း ၂၀၀ ၏ ၁၃ ရာခိုင်နှုန်းသည် ဆင်းရဲနွမ်းပါးစွာ နေကြရသည်။ အစိုးရက တစ်နေ့လျှင် သုံးနပ်စာဝယ်စားရန် လုံလောက်သော ငွေကြေးကို ဆင်းရဲနွမ်းပါးမှု မျဉ်းကြောင်းအဖြစ် သတ်မှတ်အဓိပ္ပာယ် ဖွင့်ထား ရာ ကျေးလက်ဒေသများ၌ တစ်နေ့ရူပီးယား ငွေ ၆၀၀ (၂၅ ဆင့်) နှင့်မြို့ကြီးများ၌ ရူပီးယား ငွေ ၉၀၀ (၃၈ ဆင့်) ဖြစ်သည်။

အမျိုးသားလုံခြုံရေး ဥပဒေသစ်ကို ဇန်နဝါရီလ ၁၆ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံက ကြေညာခဲ့သည်။ လက်နက်ကိုင်တပ်ဖွဲ့က ခြိမ်းခြောက်မှုများကို နိုင်နင်းစွာ မကိုင်တွယ်နိုင်သောအခါ တိုင်းပြည်အန္တရာယ်နှင့်ကြုံတွေ့နေချိန်တွင် ပြည်သူများကို စည်းရုံးပြီး အရေးပေါ်လုပ်ဆောင်ခွင့်ကို ဥပဒေကြမ်းက သမ္မတအား အပ်နှင်းထား သည်။

ဤသို့ရှိနေခဲ့ရာမှ အင်ဒိုနီးရှားတွင် ကျင်းပမည့် ရွေးကောက်ပွဲအား သပိတ်မှောက်ရန် လှုံ့ဆော်သူများကို အရေးယူ အပြစ်ပေးမည်ဖြစ်ကြောင်း သမ္မတဆူဟာတိုက မတ်လ ၁၃ ရက်နေ့တွင် သတိပေးခဲ့သည်။ နိုင်ငံအရှေ့ပိုင်း ဆင်္ကာလိဒေသသို့ ရောက်ရှိနေသော သမ္မတဆူဟာတိုက နိုင်ငံသားအားလုံးသည် ရွေးကောက်ပွဲ၌ ပါဝင်မဲပေးခြင်း သို့မဟုတ် မဲမပေးဘဲနေခြင်းတို့အတွက် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိသော်လည်း မည်သည့်ပုဂ္ဂိုလ် တစ်ဦး တစ်ယောက်မျှ အခြားသူများအား သွေးထိုးလှုံ့ဆော်တားဆီးပိုင်ခွင့်မရှိ စသဖြင့် အမျိုးအမည်မသိသူများက အများ ပြည်သူတို့အား ရွေးကောက်ပွဲသပိတ်မှောက်ရန် ဆော်သြ နေကြကြောင်း သတင်းများထွက်ပေါ်လျက်ရှိစဉ် သတိပေး စကား ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ အောက်လွှတ်တော် တွင် အမတ်ဦးရေ ၅၀၀ ရှိသည့်အနက် လက်နက်ကိုင်တပ်များအတွက် ၇၅ နေရာ ချန်လှပ်ပြီး ကျန် ၄၂၅ နေရာအတွက် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ အာဏာရကိုလ်ကာပါတီ၊ ယူနိုက်တက်ဒဗလော့မန့်ပါတီ (ပီပီပီ) နှင့် အင်ဒိုနီးရှားဒီမိုကရက်တစ်ပါတီ (ပီဒီအိုင်) တို့ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ဤသို့ဖြင့် အင်ဒိုနီးရှား နိုင်ငံတွင် ဇွန်လ ၆ ရက်နေ့ကကျင်းပသော အထွေထွေရွေးကောက်ပွဲ၌ သမ္မတဆူဟာတို့၏ အာဏာရကိုလ်ကာပါတီက မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိသွားသည်။ မဲဆန္ဒပေး ပိုင်ခွင့်ရှိသူ ပြည်သူ ၁၂၄ ဒသမ ၇ သန်းတို့က အမတ်နေရာ ၄၂၅ နေရာရှိသော ပါလီမန်ကို ဆန္ဒမဲပေး၍ ရွေးချယ် တင်မြှောက်ကြရာ အာဏာရကိုလ်ကာပါတီက မဲဆန္ဒရှင် ၈၆ ဒသမ ၂၉ ရာခိုင်နှုန်း ထောက်ခံမဲရရှိသည်။ လူဦးရေသန်း ၂၀၀ ကျော်ရှိသော အင်ဒိုနီးရှားနိုင်ငံတွင် ၁၉၇၁ ခုနှစ်မှစ၍ ပါလီမန်ရွေးကောက်ပွဲများ ကျင်းပခဲ့ရာ သမ္မတဆူဟာတို့၏ ကိုလ်ကာပါတီက ဆက်တိုက်အနိုင်ရရှိခဲ့ သည်။

ရွေးကောက်ပွဲအပြီး နှစ်လခန့်အကြာ ဩဂုတ်လ ၈ ရက်နေ့တွင် ဂျကာတာမြို့တွင် ကျင်းပသော အာဆီယံနှစ် (၃၀) မြောက် နှစ်ပတ်လည်အခမ်းအနား၊တွင် သမ္မတဆူဟာတိုက အရေးပါသော မိန့်ခွန်းပြောကြားခဲ့သည်။ အာဆီယံသည် ဖွဲ့စည်းတည်ထောင်ခဲ့သော နှစ်ပေါင်း ၃၀ အတွင်း အခြေခံမူများကို လိုက်နာစောင့်စည်း အကောင်အထည်ဖော်ခဲ့သည်။ ထိုအခြေခံမူများမှာ ၁၉၆၇ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သော ဗန်ကောက် ကြေညာချက်တွင် ဖော်ပြပါရှိသော အခြေခံမူများဖြစ်သည်။ ထိုကြေညာချက်ပါ ဦးတည်ရည်မှန်းချက်များကို နည်းလမ်းအသွယ်သွယ်ဖြင့် အကောင်အထည်ဖော်ရန် ကြိုးပမ်းခဲ့ကြသည်။ အာဆီယံစီးပွားရေးနယ်ပယ်တွင် တိုးတက်ရန် ကြိုးပမ်းခဲ့ကြသည်။ အာဆီယံ လွတ်လပ်စွာ ကုန်သွယ်ရေးဒေသသည် သက္ကရာဇ် ၂၀၀၃ ခုနှစ်တွင် အကောင်အထည်ပေါ်လာမည်ဟု ယုံကြည်သည်။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အမျိုးသားရေးစွမ်းရည်ကို ခိုင်မာ တောင့်တင်းအောင် ဆက်လက်ဆောင်ရွက် သင့်သည်။ ယင်းသို့ဆောင်ရွက်မှသာ ဒေသဆိုင်ရာစွမ်းရည် ခိုင်မာတောင့်တင်းလာမည်စသဖြင့် သမ္မတဆူဟာတိုက ပြောကြားခဲ့သည်။




ကိုလ်ကာပါတီလူထုအစည်းအဝေးပွဲတစ်ခုတွင်တွေ့ရသည့် သမ္မတဆူဟာတိုအား ထောက်ခံကြသူများ

၎င်း ဒသမ ၈၈ သန်းကို လောင်ကျွမ်းခဲ့သော မီးအား မထိန်းချုပ်နိုင်၍ အရှေ့တောင်အာရှ အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းသူများက အင်ဒိုနီးရှားနိုင်ငံကို ဝေဖန်ပြစ် တင်ခဲ့ကြသည်။ ထူထပ်သိပ်သည်းသော မီးခိုးများသည် မလေးရှားနှင့် စင်ကာပူကို ဖုံးလွှမ်းခဲ့ပြီး မြောက်ဘက် ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံအထိပင် ပျံ့နှံ့ရောက်ရှိသဖြင့် ကျန်းမာရေးကို သတိပေး တပ်လှန့် ခဲ့ရသည်။

စီးပွားရေး – အင်ဒိုနီးရှားနိုင်ငံ၏နိုင်ငံခြားကြွေးမြီသည် ယခုနှစ်မတ်လတွင်အမေရိကန်ဒေါ်လာ ၁၀၉ ဒသမ ၃ ဘီလီယံဖိုးအထိမြင့်တက်သွားသဖြင့် ပုဂ္ဂလိကပိုင်းက ပြည်ပငွေချေးယူရာ၌ပိုမိုသတိထားဆောင်ရွက်ကြရန် အင်ဒိုနီးရှားဗဟိုဘဏ်ကတိုက်တွန်းလိုက်သည်။ ပြည်သူပိုင်ကဏ္ဍနှင့်ပုဂ္ဂလိကပိုင်ကဏ္ဍနှစ်ရပ်စလုံးတွင် ချေးငွေရယူခြင်းကို ပိုမိုဂရုစိုက်ဆောင်ရွက်ကြရန်နှင့် ပင်လယ်ရပ်ခြား ချေးငွေများကို ကုန်ထုတ်စွမ်းအားကောင်းသော ကဏ္ဍများတွင်သာ အသုံးပြုကြရန် အင်ဒိုနီးရှားဘဏ် အုပ်ချုပ်ရေးမှူးက ဇွန်လ ၁၈ ရက် နေ့တွင် တိုက်တွန်းပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသုံး ရူပီးယား ငွေကြေး ရုတ်တရက် အပြောင်းအလဲဖြစ်ပေါ်လာခဲ့သဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ တင်းကျပ်သောငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများကို ဆက်လက် ကျင့်သုံးသွားမည်ဖြစ်ကြောင်း သမ္မတဆူဟာတိုက သြဂုတ်လ ၁၅ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဈေးကွက်အခြေအနေပြန်လည် တည်ငြိမ်ပြီး ငွေလဲလှယ်နှုန်းအဆင့်သစ်ဖြင့် ညီမျှတည်ငြိမ် လာသည့် တိုင်အောင် တင်းကျပ်သော ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာမူဝါဒများကို ထိန်းချုပ်သွားရမည် ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ ၅၂ နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးအကြိုနေ့တွင် တိုင်းပြည်သို့ မိန့်ခွန်းပြောကြားရာ၌ သမ္မတဆူဟာတိုက ပြောကြားခဲ့သည်။ ရူပီးယားငွေကို နှုန်းရှင်ထား၍ နောက်တစ်ရက်တွင် ဒေါ်လာနှင့်ဖလှယ်ရာ၌ တစ်ဒေါ်လာလျှင် ရူပီးယား ၂၉၆၀ အထိ သမိုင်းတွင်အောင် နိမ့်ကျသွားခြင်းသည် ယာယီမျ



တောမီးလောင်ကျွမ်းမှုကြောင့် မီးခိုမြုံများဆိုင်းနေသည့် အင်ဒိန်းရှားနိုင်ငံ ဘန်ကျာမာဆင်မြို့မြင်ကွင်း

သာဖြစ်ကြောင်းလည်း သမ္မတဆူဟာတိုက ပြောကြားသည်။ ရှုပီးယားငွေသည် ယခုနှစ်ဦးပိုင်းမှစ၍ အထူးသဖြင့် မကြာမီသီတင်းပတ်များမှစ၍ ဒေါ်လာနှင့် လဲရာတွင် ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ရှုပီးယားငွေတန်ဖိုး ကျဆင်းမသွားရေး ကြိုးပမ်းချက် တစ်ရပ်အဖြစ် အတိုးနှုန်းများကို အင်ဒိန်းရှား ငွေကြေးအာဏာပိုင်များက ဩဂုတ်လ ၁၉ ရက်နေ့တွင် သိသိသာသာတိုးမြှင့်ပေးခဲ့သည်။ အင်ဒိန်းရှားဘဏ် ငွေချေးလက်မှတ်အပေါ် ရက်သတ္တပတ်အတိုးနှုန်းများကို ၁ ဒသမ ၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ခဲ့သည်။ နှစ်ပတ်အတိုးနှုန်းများကို ၁၁ ရာခိုင်နှုန်းမှ ၂၂ ရာခိုင်နှုန်း၊ တစ်လအတိုးနှုန်းကို ၁၁ ဒသမ ၆၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း၊ သုံးလအတိုးနှုန်းကို ၁၁ ဒသမ ၅ ရာခိုင်နှုန်း တိုးမြှင့်ခဲ့သည်။

အင်ဒိန်းရှားနိုင်ငံ၏ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများမှာ ငါးနှစ်အတွင်း သိသိသာသာကြီးထွားလာကြောင်း ရင်းနှီးမြှုပ်နှံမှု ညှိနှိုင်းရေးအဖွဲ့ အတွင်းရေးမှူး မိုဟာမက် ဆူကာက စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဂျာကာတာမြို့တွင် ထုတ်ဖော်ပြောကြားသည်။ ၁၉၉၃ ခုနှစ်တွင် အင်ဒိန်းရှား ပြည်တွင်းရင်းနှီးမြှုပ်နှံမှုမှာ စီမံကိန်း ၅၄၈ ခုတွင် ရှုပီးယားသန်း ၃၉,၄၀၀ ရှိ၍ ၁၉၉၈ ခုနှစ်တွင် စီမံကိန်း ၈၁၀ အထိ ခုန်ပျံတိုးတက်ပြီး စုစုပေါင်း ရင်းနှီး

မြို့ပြနှုန်းမှု ပမာဏ ရှုပ်ထွား သန်း ၁,၀၀,၇၀၀ ရှိသည်။ ၁၉၉၇ ခုနှစ် ပထမ နှစ်ဝက်တွင် ရှုပ်ထွား သန်း ၇၇,၈၀၀ ဖိုးရှိ စီမံကိန်း ၄၄၆ ခုကို အတည်ပြုခဲ့ပြီးဖြစ်သည်။ ထိုအတောအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများမှာ ၁၉၉၃ ခုနှစ် ဒေါ်လာသန်း ၈,၁၀၀ ရှိခဲ့ရာမှ ၁၉၉၆ ခုနှစ်တွင် ဒေါ်လာသန်း ၂၉,၉၀၀ အထိတိုးတက်လာခဲ့သည်။ ၁၉၉၇ ခုနှစ် ပထမနှစ်ဝက်တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာသန်း ၁၆,၄၀၀ အထိ များပြားလာပြီး ဆက်လက် တိုးတက်မည့် လက္ခာဏာရှိသည် စသဖြင့် မိုဟာမက် ဆူကာက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားစီးပွားရေးကို ပြန်လည်ယုံကြည်မှုရှိလာစေရေးအတွက် စင်ကာပူနိုင်ငံက အင်ဒိုနီးရှားသို့ အမေရိကန်ဒေါ်လာသန်း ၁၀၀၀၀ (ဆယ်ဘီလီယံ) ကူညီရန် ကမ်းလှမ်းထားကြောင်း သမ္မတဆူဟာတိုက အောက်တိုဘာလ ၂၈ ရက်နေ့က ပြောကြားသည်။ အရှေ့ဂျာဗားပြည်နယ် လူထုစည်းဝေးပွဲတွင် မိန့်ခွန်းပြောကြားရာ၌ အင်ဒိုနီးရှား နိုင်ငံအနေဖြင့် အချိန်မရွေး သုံးနိုင်သော ဒေါ်လာသန်း ၅၀၀၀ ကို ဖြည့်ထည့်ပေး၍ နိုင်ငံခြား သီးသန့်ရန်ပုံငွေ ခိုင်မာအောင် ပြုလုပ်ပေးမည်ဟု စင်ကာပူ နိုင်ငံက ပြောထားကြောင်း၊ ရှုပ်ထွားငွေကို ပြန်လည် ယုံကြည်မှု ရှိလာစေရေးအတွက် နောက်ထပ်သန်း ၅၀၀၀ ကို စင်ကာပူက ပေးမည် ဖြစ်ကြောင်း သမ္မတဆူဟာတိုက ပြောကြားသည်။ မလေးရှားနှင့် ဂျပန်နိုင်ငံတို့က ကူညီမည်ဟုကမ်းလှမ်းထားကြောင်း၊ ဂျပန်နိုင်ငံ၏အကူအညီမှာ နှစ်နိုင်ငံ ဆက်သွယ်၍ ပေးရုံမက နိုင်ငံတကာ ငွေကြေးအဖွဲ့မှတစ်ဆင့်ပေးမည့် အစီအစဉ်များရှိကြောင်း၊ ထို့ကြောင့် မိမိတို့မှာ စိုးရိမ်စရာ မလိုကြောင်း၊ မိမိတို့ လုပ်ရမည့်ကိစ္စမှာ ယုံကြည်မှုပြန်လည် ရရှိရေးပင် ဖြစ်ကြောင်း သမ္မတဆူဟာတိုက ဆက်လက် ပြောကြားသည်။

နိုင်ငံတကာဆက်ဆံရေး – သမ္မတဆူဟာတိုသည် ကမ္ဘောဒီးယား၊ လာအိုနှင့်မြန်မာနိုင်ငံတို့သို့ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ ၂၃ ရက်နေ့အထိ သွားရောက်လည်ပတ်ခဲ့သည်။ ထိုခရီးစဉ်အတွင်း အဆိုပါ သုံးနိုင်ငံတို့ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သို့ သင့်လျော်သောအချိန်တွင် ဝင်ရောက်ရေးကို မိမိလိုက်လံစွာ ကြိုဆိုလျက်ရှိကြောင်း သမ္မတဆူဟာတိုက ပြောကြားသည်။ အာဆီယံသို့ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့ဝင်ရောက်လာသောအခါ အာဆီယံ၏လူဦးရေမှာ သန်း ၅၀၀ ခန့်ရှိလာမည်ဖြစ်သည်။ အာဆီယံ၏ စွမ်းအားကြီးမားစေရန် ဒေသအတွင်း စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရန် လိုအပ်ကြောင်း သမ္မတဆူဟာတိုက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် အမေရိကန်အစိုးရထံမှ အက်ဖ် ၁၆ တိုက်လေယာဉ် ၉ စင်း ဝယ်ယူရေးအစီအစဉ်ကို ဖျက်သိမ်းရန် ဆုံးဖြတ်လိုက်ကြောင်း နိုင်ငံခြားရေးဝန်ကြီး အလီအလာတပ်စ်က ဇွန်လ ၆ ရက်နေ့တွင် ကြေညာခဲ့သည်။ အမေရိကန်အစိုးရက ကမ်းလှမ်းသောနိုင်ငံတကာ စစ်ပညာသင်ကြားရေးနှင့် လေ့ကျင့်ရေး အစီအစဉ်တွင်လည်း မပါဝင်ရန် အင်ဒိုနီးရှားက ဆုံးဖြတ်လိုက်သည်။ မေလ ၂၆ ရက်နေ့စွဲ တပ်ထားသော ပေးစာတွင် သမ္မတဆူဟာတိုက အင်ဒိုနီးရှားအစိုးရ၏ ဆုံးဖြတ်ချက်ကို အမေရိကန်သမ္မတ ဘီလ်ကလင်တန်ထံ အသိပေးအကြောင်းကြားခဲ့ပြီး အမေရိကန်ကွန်ဂရက်တွင် အင်ဒိုနီးရှားနိုင်ငံနှင့် ပတ်သက်၍ လုံးဝတရားမျှတမှု မရှိသော ဝေဖန်ရှုတ်ချမှုများကြောင့် အင်ဒိုနီးရှားက ယင်းကဲ့သို့ ဆုံးဖြတ်လိုက်ရခြင်းဖြစ်ကြောင်း အလေးထား ဖော်ပြခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် အမေရိကန်ထံမှ အက်ဖ်-၁၆ တိုက်လေယာဉ် ၁၂ စင်းဝယ်ယူထားရာ အင်ဒိုနီးရှားသို့ တင်ပို့ရန် ကျန်ရှိနေသေးသော လေယာဉ် ၉ စင်းမှာ အင်ဒိုနီးရှား၏ လူ့အခွင့်အရေးနှင့်ပတ်သက်၍ အမေရိကန်ကွန်ဂရက်အမတ်အချို့၏ ဝေဖန်မှုများကြောင့် လွန်ခဲ့သော ၂ နှစ်ခန့်မှစ၍ ကြန့်ကြာခဲ့ရသည်။ အမေရိကန်ကွန်ဂရက်အမတ်များ၏ ဝေဖန်ပြစ်တင်မှုများကို အင်ဒိုနီးရှားနိုင်ငံက မခံချိမခံသာဖြစ်၍ မိမိတို့၏ ပြည်တွင်းရေးတွင် ဝင်ရောက် စွက်ဖက်သည်ဟု ရှုမြင်သည်။ ထို့ကြောင့် အက်ဖ်- ၁၆ ဂျက်တိုက်လေယာဉ်များ ဝယ်ယူရေးအစီအစဉ်ကို အင်ဒိုနီးရှားအစိုးရက ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။

အကွဲရာစဉ်အညွှန်း

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၈)

ဤ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်း ဖတ်ရှုလေ့လာနိုင်သည့် အပြင် ရည်ညွှန်းကိုးကားဖွယ် အကြောင်းအရာတို့ လွယ်လင့်တကူ အလျင်အမြန် ရှာဖွေလိုပါကလည်း အကွဲရာစဉ်အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်း ကိုးကားဖွယ် အကြောင်းရပ်၏ အမည်ကို ဖတ်ရှုနိုင်သည့် ဆိုင်ရာ စာမျက်နှာအမှတ်နှင့် ယှဉ်တွဲဖော်ပြထားပါသည်။

က

ကနေဒါနိုင်ငံ ၁၄၈–၁၅၀။
ကရာချီ ၂၄၃။
ကလင်တန်, ဘီလ် ၇၊၁၃၊၂၈၊၁၅၀၊ ၃၀၃၊၃၀၆၊၃၀၇။
ကာဘီလာ,လောရင့် ၁၆၁၊၁၆၂၊၁၈၁၊ ၁၈၂။
ကာရဲလ်၊ ဒေါက်တာ ၁၁၈။
ကာလကတ္တား ၂၂၅၊၂၂၆၊၂၃၀။
ကား:ကာနီ,အဒီး:လ် ၁၈၈။
ကီး:ရပ်စ်,ရော့ဖ်အီ ၁၆၁။
ကုမာရတွန်း:ဂါး:, ချန်ဒရီကာ ၅၊ ၊၉၃–၂၉၅။
ကုလသမဂ္ဂ ၁၅၁–၁၆၅။
ကုလသမဂ္ဂ လက်နက် ဖျက်သိမ်းရေး ညီလာခံ ၂။
ကဲလာ:, ဟယ်လင် ၂၃၉၊၂၄၁။
ကောသလ္လ၊ ဆရာတော် ဘဒ္ဒန္တ ၁၈၄။
ကံညွန့်၊ ဦး (ပန်းချီဆရာကြီး) ၁၃၂။
ကိုရီးယား သမ္မတနိုင်ငံ ၁၆၅–၁၇၁။
ကင်မ်ဂျုံပီလ် ၁၆၇။
ကင်မ်ဒေးယုံ ၁၆၅–၁၇၀။
ကင်မ်ယောင်ဆမ် ၃၂၊၁၆၇–၁၇၀။
ကင်းတပ်ရေလွှဲတမံ ၂၈၂။
ကောကွာညာ၊ ဆရာတော် ဘဒ္ဒန္တ ၁၇၁ –၁၇၃၊၁၈၄။
ကမ္ဘာမြေထိပ်သီး:ညီလာခံ ၁၅၈။
ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ၂၄၉။
(ဒဗလျူတီအို)
ကမ္ဘောဇသာဒီနန်းတော် ၁၃၉။
ကမ္ဘောဒီး:ယား:နိုင်ငံ ၁၆၃၊၁၇၃–၁၇၉။
ကျူး:ဘား:နိုင်ငံ ၁၅၆။
ကျောရိုး:ရိုသတ္တဝါတို့၏ ၇၅၊၇၆၊၇၈–၈၂၊
ကျောက်ဖြစ်ရုပ်ကြွင်း:များ: ၈၄။
ကျောက်ကပ်ဆေး:ထိုး: ၁၂၀။
ဓာတ်မှန်ရိုက်ခြင်း:
ကျောက်ကပ်လှုပ်အား: ၁၂၅။
တိုင်း:တာခြင်း:
ကျောက်ကပ်အစား:ထိုး: ၁၁၄–၁၂၇။
ကုသခြင်း:
ကျောက်ကပ်၏လုပ်ငန်း: ၁၁၅။
များ:
ကျောက်ချောင်း:အိမ်ရာ ၁၀၇၊၁၀၈။
ကျန်ကျိုယင် ၃၀၅။
ကျန်ဇီမင်: ၉၊၂၈၊၂၀၅၊၂၁၅၊ ၂၁၆၊၂၂၃။
ကြီး:မောင်၊ ဦး:(စာရေး ဆရာ ငွေဥဒေါင်း:) ၁၇၉၊၁၈၀၊၁၈၇။
ကြည်အောင်၊ ဗိုလ်ချုပ် ၂၇၃။
ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ ၁၆၁၊၁၆၂၊၁၈၁– ၁၈၂။
ကွယ်လွန်သူ ထင်ရှား: ၁၈၄–၁၉၇။
သော ပုဂ္ဂိုလ်များ:

ခ

ခရက်ရှန်,ဂျင်: ၁၄၈–၁၅၀။
ခရစ်ယန်,ဂါဒါ ၁၈၈။
ခေမိန္ဒာလင်္ကာရ၊ ဆရာတော်ဘဒ္ဒန္တ ၁၈၄။
ခင်ညွန့်၊ ဒုတိယ ၁–၃၊၅၊၁၀–၁၃၊
ဗိုလ်ချုပ်ကြီး: ၁၅–၁၇၊၂၀၊၂၁၊ ၂၃၊၂၅၊၂၆၊၃၀– ၃၂၊ ၆၉၊ ၁၃၆၊ ၁၃၇၊၂၁၉၊၂၅၅၊ ၂၇၃၊၂၇၇၊၂၈၅၊ ၂၈၇၊၂၈၈၊၃၁၀။
ခင်မလေး၊ဒေါ် ၁၈၇။
ချီယန်ဝီဂို ၁၈၉။
ချူအင်လိုင်: ၂၂၃။
ချစ်မြ၊ ဦး: ၁၄၅။
ချစ်သန်း၊ဦး: (သခင်) ၁၈၇။
ချန်ဒူး:ဝမ် ၁၆၉။
ချမ်း:မြ၊ ဦး:(မြကေတု) ၁၈၇၊၁၉၇။
ခွန်စော၊ဦး: ၁၈၇။
ချမ်လံပိုင် ၂၉၊၃၀၊၂၃၃၊ ၂၃၄။

ဂ

ဂရက်ပ်ပဲလီ,စတာက်ဖိန်: ၁၈၉။
ဂိုချုပ်တောင် ၁၇၈၊၂၀၈–၂၁၀၊ ၂၁၂။
ဂုဏ်ထူး:ဆောင်ဘွဲ့မျာ:၊ ၁၉၈–၂၀၀။
ဂုဏ်ထူး:ဆောင်တံဆိပ် မျာ:(၁၉၉၇)
ဂိုး:လ်,မေရီ ၁၈၉။
ဂျပန်နိုင်ငံ ၂၀၀–၂၀၆။
ဂျေရူး:ဆလင်မြို့ ၃၁၃။
ဂျဲတီမာလာနိုင်ငံ ၁၆၃၊၁၆၄။

င

ငမိုး:ရိပ် (ပါရမီ) တံတား: ၂၈၀။

ငွေကိုင်ဦး (ပန်းချီဆရာကြီး) ၁၄၅။
ငွေလှိုင်ဦး ၁၈၇။

စ

စပိန် ၁၅၈။
စပင်ဆာ,ဒိုင်ယာနာ ၂၃၊၁၉၀၊၂၀၆–၂၀၈၊၂၉၂၊၂၉၃။
စာဆိုတော်နေ.နှင့် သက်ကြီး စာပေပညာရှင်များ: ကန်တော့ပွဲ ၃၂။
စီးပွား:ရေး:နှင့် လူမှုရေး: ကောင်စီ(အီကိုဆော့ခ်) ၁၅၂၊၁၅၄။
စောမောင်၊ဦး:(ပန်းချီဆရာကြီး) ၁၄၅။
စောမောင်၊ဦး:(အငြိမ်း: စာ: ဗိုလ်ချုပ်မှူးကြီး:) ၁၈၇။
စင်ကာပူနိုင်ငံ ၂၀၈–၂၁၃။
စန္ဒောဘာသ၊ဆရာတော် ဘဒ္ဒန္တ ၁၈၄။
စိန်ထွန်းသွင်၊ဦး: ၁၈၇။

ဆ

ဆရာချို(ပန်းချီတော်) ၁၃၉၊၁၄၅။
ဆရာဆောင် ၁၄၅။
ဆရာဆြ (ပန်းချီတော်) ၁၃၇။
ဆရီ,အီယန် ၁၇၉။
ဆရေဗတ်,နိုရိုဒွန် ၁၇၃။
ဆာတို,ကိုကို ၂၀၂၊၂၀၃။
ဆူဘန်ဂျာယာမြို့ ၂၆၂။
ဆူဟာတို ၄၊၃၁၈–၃၂၀၊ ၃၂၂။
ဆေဆေဆီကို,မိုဘူတူ ၁၆၁၊၁၈၁၊၁၈၂။
ဆိုကရေးတီးပြိုင်ပွဲ ၂၆။
ဆင်ယက်ဗ်စကီ, အန်ဒရေ ၁၉၀။
ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး: ၄၁၄၂။
ဆန်ဖန်,ခီယူး: ၁၇၅၊၁၇၆။

ဆွန်ဆန် ၁၇၅၊၁၇၉။
ဆွန်မာရွဂါ,ကော်နီလီယို ၁၅၆။

ဇ

ဇာတ်လိုလက္ခဏာများ: ၅၀၊၅၁၊၅၃၊၅၅၊ ၅၆။
ဇဝန၊ ဆရာတော် ဘဒ္ဒန္တ ၁၈၄။

ည

ညကဆဝံသ၊ ဆရာတော် ဘဒ္ဒန္တ ၁၈၅။
ညနိုက၊ ဆရာတော် ဘဒ္ဒန္တ(ကမ္ဘာ့သာသနာပြု မြောင်းမြဆရာတော်ကြီး:) ၁၈၅၊၂၁၃၊၂၁၄။

တ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၂၀၅၊၂၁၅–၂၁၆၊ ၂၂၂။
တလား:ဖုံး: ၁၃၈။
တာနာကာ,တိုမိုယူကီ ၁၉၀။
တာမွေလေး:အိမ်ရာ ၁၀၅။
တီခိုနော့ဗ်,နီကိုလိုင် ၁၉၁။
တုရင်တော် ၁၃၇။
တဲအိမ်မှတိုက်တာသို့စိမ်ကိန်း: ၁၁၀၊၁၁၁။
တိုကျို(ကြေညာစာတမ်း: ၂၀၅။
တိုတယ်ကုမ္ပဏီ ၈၇၊၈၈၊၉၀၊၉၂၊ ၉၈၊၉၉။
တက္ကသိုလ်နေဝင်း: (စာရေး:ဆရာ) ၂၁၇၊၂၁၈။
တင်မြင့်၊ဦး: ၁၈၇။
တင်ဦး၊ဒုတိယ ၁၂၊၁၈၊၂၀၊၂၂၊
ဗိုလ်ချုပ်ကြီး: ၂၃၊၂၇၊၂၈၊၂၅၅၊ ၂၇၃၊၂၈၅၊၂၈၆။
တိုင်ဆန်,မိုက် ၁၇။
တိုင်းကျိုးပြည်ပြုစာတော်ပုံ ၁၀၀၀ ပြပွဲ ၂၁၉–၂၂၂။

တိုင်း:ရင်း:သား: ၁၄၆။
ယဉ်ကျေး:မှုပြခန်း: တောင်သာရေလှောင်တမံ ၂၈၂။
တိန်.ရှောင်ဖိန် ၄၊ ၁၉၁၊ ၂၁၅၊ ၂၂၂၊ ၂၂၄။
တွန်ချီး:ဟွာ ၃၀၀၊ ၃၀၂၊၃၀၃၊ ၃၀၆။

ထ

ထရီဇာ ,မာသာ ၂၃၊ ၁၉၂၊ ၂၂၄–၂၃၀။
ထရန်ဒပ်လွန် ၂၄၉၊၂၅၀။
ထိုင်းနိုင်ငံ ၂၃၀–၂၃၆။
ထွန်းစိန်၊ဦး: ၁၃၂။
ထွန်းတင်၊ဦး: (စာရေး: ဆရာ မန်းတင်) ၁၈၈၊၂၃၆–၂၃၈။
ထွန်းလှ၊ ဗိုလ် (တက္ကသိုလ် နေဝင်း:) ၁၈၈။

ဒ

ဒါဂျီလင် ၂၂၅။
ဒေါတချ ရေလှောင်တမံ ၂၈၂။
ဒိုမွိုင်: ၁၂၊၂၄၉၊၂၅၀။

ဓ

ဓာတုဗေဒလက်နက်များ: ၁၅၆။
ဆိုင်ရာ ကွန်ဗင်းရှင်းစာချုပ်
ဓာတ်ဆား:များ: အခြေအနေ ၁၂၆။

န

နဝဒေး:တဲတာ: ၂၈၁။
နဝဒေး:အိမ်ရာ ၁၀၈။
နေတန်ယာဟု,ဘင်ကျမင် ၂၁၃၄၊၃၁၆။
နိုတေဝူး: ၁၆၉။
နိုမူရာ မသမာမှု ၂၀၄။
နိုင်ငံတကာ ကလေး: ပန်းချီပြိုင်ပွဲ ၂၃၈၊၂၃၉။

နိုင်ငံတကာကြက်ခြေနီ ၁၅၆။
ကော်မတီ
နိုင်ငံတကာ ငွေကြေး ၂၃၆။
ရန်ပုံငွေအဖွဲ့. (အိုင်အမ်
အက်ဖ်)
နိုင်ငံတကာ မျက်မမြင် ၂၃၉–၂၄၂။
လမ်းလျှောက်တုတ်နေ.
နှစ်၅၀ပြည့်ဗုဒ္ဓသာသနာ ၃၅–၄၇။
နုဂ္ဂဟအဖွဲ့.ချုပ်မဟာစည်
သာသနာ့ရိပ်သာ
နန္ဒဝံသ၊ဆရာတော် ၁၈၅။
ဘဒ္ဒန္တ
နန္ဒိယ၊ဆရာတော် ၁၈၅။
ဘဒ္ဒန္တ

ပ

ပခုက္ကူ၊ ဦး:အုံး:ဖေ ၁၈၅။
ပညာရည်ချွန်ဆု
ပညာဇောတ၊ ၁၈၅။
ဆရာတော်ဘဒ္ဒန္တ
ပညာသာမိ၊ ၁၈၅။
ဆရာတော်ဘဒ္ဒန္တ
ပညိန္ဒာဘိဝံသ၊ ၁၈၅။
ဆရာတော်ဘဒ္ဒန္တ
ပရိုင်းမိတ်များ: ၈၂–၈၅။
ပရိုင်းမိတ်ရုပ်ကြွင်: ၁၄၀။
ပါကစ္စတန်အစ္စလာမ္မစ် ၂၄၂–၂၄၈။
သမ္မတနိုင်ငံ
ပါရီဒီယော,ဂျက် ၁၄၈၊၁၄၉။
ပီလီ ၁၈။
ပဲ့တင်ဓာတ်မှန် ၁၂၁။
ပိုပေါ် ၁၅၊၁၇၄၊၁၇၅၊
၁၇၆၊၁၇၇။
ပက်စ်ကွာလီနီ,ဂျင်း ၁၉၂။
ပက်တင်,ခရစ် ၃၀၅။
ပင်လုံညီလာခံ ၂၁၇။
ပဏ္ဍိတာဘိဝံသ၊ ၁၈၆။
ဆရာတော်ဘဒ္ဒန္တ
ပန်းချီပန်းပုလက်ရာများ: ၁၂၉။
ပုံတောင်ကျောက်လွှာစု ၇၃၊၇၅။
ပုံတောင်ဂျီးယား: ၁၄၁။
ပုံတောင်ဒေသ ၁၂၁၃၊၆၉–၈၅။
ကျောက်ဖြစ်ရုပ်ကြွင်:
ရာဖွေလေ့လာခြင်:
ပြဒါးလင်းဂူ ၁၄၁။
ပြည်ထောင်စုကြံ့ခိုင် ၂၁၅၊၇၊၁၁၁၊၁၆၊၁၉၊
ရေးနှင့်ဖွံ့ဖြိုးရေးအသင်း: ၂၂၊၂၅၊၃၀၊၃၂။

ဖ

ဖလာ:ဝါ:,ဂျင်နီယာ ၃၀၇။
ဖာမီ,အစ်မေး:လ် ၁၉၂။
ဖယ်ရာပြတိုက် ၁၃၅။
ဖွန်အာဒင်နဲ, မန်ဖရက်ဒ် ၁၉၃။

ဗ

ဗမာ့ကာကွယ်ရေး ၂၃၆။
တပ်မတော်
ဗမာ့လွတ်လပ်ရေး ၂၃၆။
တပ်မတော်
ဗီယက်နမ်နိုင်ငံ ၂၄၈–၂၅၂။
ဗိုဗန်ကီယက် ၂၄၉။
ဗင်နီဇွဲလား: ၂၂၈။
ဗုဒ္ဓဆင်းတုတော်များ: ၁၄၆။
ပြခန်:
ဗုဒ္ဓမြတ်စွယ်တော် ၆။
ဗုဒ္ဓသာသနာတော် ၂၅၂–၂၅၅။
သန်.ရှင်းတည်တံ့
ပြန့်ပွားရေးဆောင်ရွက်
ချက်များ:
ဗိသနိုးမြို့.ဟောင်း: ၁၃၉။

ဘ

ဘကြည်၊ ဦး: ၁၃၃။
ဘဇော်၊ ဦး: ၁၄၅။
ဘဉာဏ်၊ ဦး: ၁၄၅။
ဘရင်ကြီး၊ ဦး: ၁၃၃။
ဘလဲယား:, တိုနီ ၂၈၉၊၂၉၁၊၂၀၇။
ဘလုံလေး၊ ဦး: ၁၃၃။
ဘာကို, ဗာဂီလီယို ၁၉၃။
ဘာလင်, အီဆိုင်ယာ ၁၉၃၊၁၉၄။
ဘုရင့်နောင်မြစ်ကူး: ၂၂၁။
တံတား:
ဘူတို, ဘီနဇာ ၂၄၂၊၂၄၃၊၂၄၈။
ဘူမိဘောအဒူလ္လာဒက် ၂၃၃၊၂၃၄။
ဘိုဒိုင်: ၂၄၈။
ဘိုလီ:ဗီ:ယား: ၁၅၁။
ဘိုး:ချက်, လူစီယန် ၁၄၈၊၁၄၉။
ဘင်္ဂလား:ဒေ့ရှ်သမ္မတ ၂၁၅၊၂၁၇။
နိုင်ငံ
ဘတ္တလာ, ရစ်ချဒ် ၁၆၁။
ဘန်ဒါ,ဟတ်စတင်: ၁၉၄။
ကာမူဇူ
ဘန်:ကုန်:ရေလှောင်တမံ ၂၈၁။
ဘွဲ့တံဆိပ်တော်ရ ၂၁၇–၂၆၁။
ဆရာတော်အရှင်သူမြတ်များ:

မ

မလေးရှား:နိုင်ငံ ၂၆၁–၂၆၅။
မသန်စွမ်းသူများအတွက် ၂၆၅–၂၆၆။
ပထမအကြိမ်အာဆီယံ
နိုင်ငံများ:ပန်းချီပြိုင်ပွဲ
မဟာစည်ဆရာတော်ဘုရား: ၄၀။
မာတင်, ပေါလ် ၁၅၀။
မာရေး၊ ဒေါက်တာ ၁၁၈။
မူးယစ်ဆေး:ဝါး:ကော်မရှင် ၁၅၃။
မူးယစ်ဆေး:ဝါး:နှင့်စိတ်ကို ၂၆၆–၂၇၂။
ပြောင်း:လဲစေသော
ဆေး:ဝါး:များ:အန္တရာယ်
တား:ဆီး:ကာကွယ်ရေး:
မေဂျာ, ဂျွန် ၂၈၉၊၂၉၁။
မိုဟာမက်, မဟာသီယာ ၂၆၁၊၂၆၂၊၂၆၃၊၂၆၅။
မင်ဒဲလား:, နယ်လ်ဆင် ၁၅၊၁၈၂။
မောင်အေး၊ဗိုလ်ချုပ်ကြီး: ၁၅၊၆၊၇၊၈၊၁၁၊၁၂၊
၁၄၊၁၆၊၁၇၊၂၁၊၂၂၊
၂၅၊၂၈၊၂၉၊၃၀၊၃၂၊
၂၅၅၊၂၈၅။

မစ်ချင်နာ, ဂျိမ်းစ်အေ ၁၉၄၊၁၉၅။
မစ်ချမ်း,ရောဘတ် ၁၉၅။
မာလ်ဂွန်နီ, ဘရီယန် ၁၄၈၊၁၄၉။
မြို့ပြဖွံ့ဖြိုးရေးအထူး ၁၀၀–၁၁၃။
စီမံကိန်းများ
မြန်မာနိုင်ငံစာပေဆုများ ၂၇၂–၂၇၅။
မြန်မာနိုင်ငံတော် ၂၇၅–၂၈၄။
ပြည်ထောင်စု
မြန်မာ့ကျောက်မျက် ၅။
ရတနာပြပွဲ
မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၃၊၂၈၈ –၂၈၉။
(၁၉၉၅)

ယ

ယူနိုက်တက်ကင်းဒမ်းနိုင်ငံ ၂၈၉ –၂၉၃။
ယိုကိုအီ, ရှိုအိချီ ၁၉၅၊၁၉၆။
ယောင်ချိုင်ယုဒ်, ချာဗာလစ် ၁၂၊၁၆၊၂၇၊၂၃၀၊
၂၃၁၊၂၃၃၊၂၃၄၊၂၃၅။
ယဲ့လ်ဆင်, ဘောရစ် ၇၊၁၃၃၊၂၉၊၂၀၅၊
၂၁၆။

ရ

ရတနာတတ်ငွေ့ရှာဖွေ ၈၇–၉၉။
တူးဖော်ထုတ်လုပ်ရေး
စီမံကိန်း
ရာနာရစ်ဒ်, နီရိုဒွန် ၁၈၊၂၂၊၃၂၂၊၁၆၃၊
၁၇၃–၁၇၉။
ရာမို့စ်, ဖီဒယ် ၅၊၂၇။
ရီဂင်, ရော်နယ်လ် ၆၁၊၆၃။
ရေပြာရေလွှဲဆည် ၂၈၂။
ရော်ဘင်ဆင်,မေရီ ၁၅၂။
ရော်ဘင်,ဟာရိုးလ် ၁၉၆။
ရိုးစ်ဆက်, ဒေးဗစ် ၁၉၆။
ရှာရစ်ဖ်, နာဝပ်ဇ် ၂၄၄၊၂၄၆၊၂၄၇။
ရှီရက်, ဂျက် ၁၃။
ရွှေတြိဂံဟိုတယ် ၁၂။

လ

လီကွမ်ယူ ၂၁၈၊၂၀၉၊၂၁၀၊၂၁၂။
လီဒတ်အန် ၂၄၉။
လီပင်: ၂၀၅၊၃၀၅။
လီဟောင်ကူး ၁၆၇။
လီဟ္ဝိုင်ချန်: ၁၆၈။
လီး, မာတင် ၃၀၁၊၃၀၃၊၃၀၆။
လော့ဟိဒ်မသမာမှု ၂၀၂။
လက်ဟာရီ, ဟာရူးအာမတ် ၂၄၂။
လိုက်ဗီးရီးယား:နိုင်ငံ ၁၆၃။
လစ်ဗျာ: ၁၅၁။

ဝ

ဝါရက်,ရှိတီဟာဆီနာ ၂၅၅၊၂၅၆။
ဝိစိတ္တသာရာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၃၅၊၃၆၊၄၂၊၁၈၆။
ဝိဇယ၊ဆရာတော်ဘဒ္ဒန္တ ၁၈၆။
ဝင်းမြင့်၊ ဗိုလ်ချုပ်ကြီး ၂၇၃။

သ

သရေခေတ္တရာမြို့ဟောင်း ၁၃၉။
သီရိလင်္ကာနိုင်ငံ ၂၉၃။
သီဟာန္တ, နိုရိုဒွန် ၁၇၇ – ၁၇၉။
သက်ကြီးရွယ်အိုကျန်းမာရေး ၄၉–၆၇။
သခ်ၤါ (စာရေးဆရာကြီး) ၂၉၆–၂၉၇။
သင်းလုံးကျော်မြန်မာ့ပန်းချီ ၁၂၈–၁၃၃။
ပန်းပုလက်ရာမွန်ပြပွဲကြီး သေဋ္ဌီလာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၁၈၆၊၂၉၇–၃၀၀။
သန်းရွှေ၊ ဗိုလ်ချုပ်ကြီး ၁–၁၆၊၁၉၊၂၀၊၂၂၊ ၂၆–၃၂၊၂၁၉၊၂၇၅၊ ၂၇၆။

ဟ

ဟူစိန်၊ ကျော်ဒန်ဘုရင် ၃၁၄။
ဟိုချီမင်: ၂၄၈။
ဟိုစိန်, ရှား:မိုရာဇမ် ၂၅၇။
ဟိုဆိုကာဝါ,မိုရိဟိရိ ၂၀၁။

ဟောင်ကောင်ကျွန်: ၃၀၀–၃၀၆။
အထူး:အုပ်ချုပ်ရေး:ဒေသ ဟွန်ဆန် ၂၊၂၀၊၁၆၃၊ ၁၇၃၊၁၇၄၊ ၁၇၆–၁၇၉။

အ

အညာသား:ယဉ်ကျေး:မှု ၁၄၁။
အကျဉ်မြူလက်နက်မဲ့ဒေသ ၁၅၇။
အပြည်ပြည်ဆိုင်ရာအကျဉ်မြူ ၁၆၁။
စွမ်းအင်အေဂျင်စီ
အမေရိကန်ပြည်ထောင်စု ၃၀၆–၃၀၈။
အမျိုး:သား:ပြတိုက် ၁၃၄–၁၄၆။
အမျိုး:သား:အား:ကစား:ပွဲတော် ၃၀၈–၃၁၀။
အရှေ့တောင်အာရှနိုင်ငံများ: ၉၊ ၁၄၊ ၁၅၊ အသင်း: (အာဆီယံ) ၁၇–၂၀၊၂၉၊ ၃၀၊၁၇၄၊ ၁၇၇၊ ၁၇၈၊ ၂၁၁။
အရှေ့တောင်အာရှ အား:ကစား:ပွဲတော် ၃၁၁–၃၁၃။
အရှေ့အလယ်ပိုင်း:ဒေသ အခြေအနေ ၃၁၃–၃၁၆။
အာနန်, ကိုဖီ ၁၊၁၅၂၊၁၅၃၊ ၁၅၅၊၁၅၈–၁၆၅၊၃၁၆–၃၁၈။
အာဖဂန်နစ္စတန်နိုင်ငံ ၁၆၂၊၁၆၃။
အာမက်, ကာဇီဇာဟ ၂၅၇။
အာရာဖတ်, ယာဆာ ၃၁၆။
အာရှတ်, မိုဟာမက် ၂၅၆။
အီရတ်နိုင်ငံ ၁၆၀၊၁၆၁။
အူးလဟတ်, ဧဟာ ၂၄၂၊၂၄၃။
အော:ကျော်၊ ဗိုလ်ချုပ် ၁၈၈။
အင်ဒိုနီ:ရှား:နိုင်ငံ ၃၁၈–၃၂၂။
အောင်ဆန်:– အက်တလီ စာချုပ် ၂၁၇။
အစ္စမေလ်, ရာ:ဇာလီ ၁၅၁၊ ၁၆၄။
အိန္ဒိယနိုင်ငံ ၂၂၄၊ ၂၂၅၊ ၂၂၈။
အယ်လ်ဓိန်:မာ:ရောဂါ ၅၉၊ ၆၁၊ ၆၃၊ ၆၅။

မြန်မာ့ ရည်ညွှန်းကျမ်း စီစဉ်ရေးအဖွဲ့

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်အပါအဝင် မြန်မာ့ရည်ညွှန်းကျမ်းစာအုပ်များ စီစဉ်ရေးအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနက ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။

(က) ဦးသော်ကောင်း — ဥက္ကဋ္ဌ
စာကြည့်တိုက်မှူး
တက္ကသိုလ်များမဟိုစာကြည့်တိုက်

(ခ) ဒေါ်ကြန် — အဖွဲ့ဝင်
အငြိမ်းစားအထက်တန်းသုတေသနမှူး
နိုင်ငံသမိုင်းသုတေသနဦးစီးဌာန

(ဂ) ဒေါက်တာတင်ဦး — အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေး ဦးစီးဌာန

(ဃ) ဒေါက်တာမောင်မောင်ညို — အဖွဲ့ဝင်
ပါမောက္ခ
ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)

(င) ဦးထွန်းတင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မြန်မာစာအဖွဲ့ဦးစီးဌာန

(စ) ဦးမောင်မောင်ကလေး(တက္ကသိုလ် ခင်လေးမောင်) — အဖွဲ့ဝင်
အငြိမ်းစားဌေစာရင်းအရာရှိချုပ်
မြန်မာ့မီးရထား

(ဆ) ဦးသိဟ — အဖွဲ့ဝင်
အငြိမ်းစားပါမောက္ခ
အင်္ဂလိပ်စာဌာန၊ ပညာရေးတက္ကသိုလ်

(ဇ) ဦးမင်းနိုင် — အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူး
ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန

(ဈ) ဦးမျိုးသန့် (မောင်ဆုရှင်) — အဖွဲ့ဝင်
အကြံပေးအရာရှိ၊ စာပေဗိမာန်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(ည) ဦးဝင်းဖေ (မုံရွာဝင်းဖေ) — အတွင်းရေးမှူး
စာတည်းမှူးချုပ်
စာပေဗိမာန်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၈)
စာတည်းအဖွဲ့

စာတည်း (တာဝန်ခံ) — ဒေါ်မြမြသန်း (မနှင်းဖွား)
စာတည်းများ — ဦးအုန်းလွင်၊ ဦးခင်မောင်လေး
စာပေလက်ထောက် — ဒေါ်မျိုးမျိုးကြည်